
The
GUYS FROM
MANDALAY
1950s
illustrated and designed by thae htein


NDSP
The
GUYS FROM
MANDALAY
1950s
ဘော်ဒီ
illustrated and designed by thae htein

THE GUYS FROM MANDALAY 1950s

အခန်း(၁)

"ဟွ်...အားလုံး နောက်ဆုတ်ကြစမ်း...ဒါ ဘာဖြစ်နေကြတာလဲ"
အရှေ့ဘက်သို့ မဲနေကြသော လူအုပ်ကြီး၏ အာရုံက အနောက်ဘက်မှ အသံရှင် ဆီ ရောက်သွားသည်။
ဦးပြည်းပြောင်ပြောင် ၊ သင်္ဘန်းဝတ်ဖြင့် ရဟန်းပျိုတစ်ပါး။
အသားညိုညို၊ အရပ် ၅ပေ ၅ လက်မ၊ ခန္ဒာကိုယ်က သေးသေးသွယ်သွယ်။
"ဟာ..ဦးပညာ"
အကြောင်းသိကြသော ချမ်းသာရ ထုံးကုန်းမှ လူများက ရဲခနဲဖြစ်သွားကြ၏။
မည်သည့်အရပ်ကလာမှန်းမသိပဲ တုတ်၊ ခါးများ ကိုင်ဆောင်ထားကြသော လူဆယ်ယောက် ခန့်ကသာ ရဟန်းပျိုကို ကြောင်ကြည့်နေကြသည်။
"ဒါ ဘာဖြစ်နေကြတာလဲလို့..မေးနေတယ်လေ..ဒကာတို့...ဒါနဲ့ ဒီအိမ်ရှင် ဒကာကြီး ဦးသန်းရော"
လူအုပ်ကြီး ဝိုင်းခံနေရသော အိမ်ထဲမှ အသက်(၅၀)ခန့် လူကြီးတစ်ဦး လက်အုပ်ချီလျက် ထွက်လာသည်။
သူ့နောက်တွင် အသက် (၂၀)ခန့် အပျိုမလေးတစ်ဦးက တုန်တုန်ရီရီဖြင့် ကပ် လိုက်လာသည်။
"တပည့်တော်တို့ ရှိပါတယ်..ဦးဇင်း...ကြောက်လွန်းလို့ ပုန်းနေကြတာပါ"
ဦးဇင်းလေး က တုတ်၊ခါးကိုင်ထားသော လူများဘက်သို့ လှည့်လိုက်သည်။
"ကဲ..ဒီက ဒကာတို့ ဘာဖြစ်လို့ လက်နက်တွေနဲ့ အိမ်ကို ဝိုင်းနေကြတာလဲ.ဒကာတို့က ဘယ်ကလဲ"
လူအုပ်ထဲမှ အင်္ကျီဖလာကျင်းနှင့် ရှမ်းဘောင်းဘီဝတ်ထားသော လူက ဦးဇင်း လေး၏ ရှေ့သို့ ရပ်လိုက်သည်။
သူလက်ထဲတွင်လည်း ခါးလွတ်ကို ကိုင်ထား၏။
" တပည့်တော်က စိန်ပန်းက ပေါက်ကျော်ကြီးပါဘုရား။ မန္တလေးက ဗမာတွေကို သတ်ဖို့ လှုံ့ဆော်မယ့် ရန်ကုန်က ကုလားတစ်ယောက် ဒီအိမ်မှာ ရောက်နေတယ် သတင်းရလို့..လာဝိုင်းကြတာပါ..ဦးဇင်းလေး"

စိန်ပန်းရပ်မှ ပေါက်ကျော်ကြီး ဆိုသည်နှင့်လာရောက်စပ်စုသော လူအုပ်က အလန့်တကြားဖြစ်သွားရပြန်သည်။

စိန်ပန်းပေါက်ကျော်ကြီး။

သာယာဝတီမင်းလက်ထက် ကြေးတိုက်တော်သူသတ်ကြီး မောင်လ၏ အဆက်အနွယ်။

ရှင်ဘုရင်လက်ထက် မျိုးရိုးစဉ်တက် ပါးကွက်အာဏာသားသူသတ် လုပ်ခဲ့သူများမှ ဆင်းသက်လာသူ။

ပထမကမ္ဘာစစ်ပြန်စစ်သားတစ်ဦး၊ ကိုယ်ခံပညာကျွမ်းကျင်ပြီး လက်ရဲဇက်ရဲ သတ်ရဲဖြတ်ရဲလူမိုက်ဟု နာမည်ကြီးသူ။

ဂဠုန်စော၏ မျိုးချစ်ပါတီဝင်ဖြစ်ပြီး မန္တလေး ဝါးရင်းတုတ်တပ်များ၏ ဗိုလ် ဟု ဘွဲ့ခံနေသူလည်းဖြစ်သည်။

လူအုပ်ကြီးက ပေါက်ကျော်ကြီး နာမည်ကြားသည်နှင့် အထိတ်တလန့်ဖြစ်နေသော်လည်း ဦးဇင်းလေး ကိုပညာ ကမူ ခပ်အေးအေးပင်။

"ဟော..ဒီမယ်ဒကာ..ဒီချမ်းသာရ ထုံးကုန်းနဲ့ ပလိုင်းရပ်မှာ ကျုပ်တို့ ဘုန်းကြီးကျောင်းတွေလည်း အများကြီးပါ..ဒီကိစ္စမျိုးတကယ်ဖြစ်တယ်ဆိုရင်တောင် ကျုပ်တို့ အရပ်က လူတွေ အရင်သိသင့်တာပေါ့။ အခုတော့ ဘာမှန်းသေချာမသိပဲ..ကျုပ်တို့ အရပ်သားတစ်ယောက်ရဲ့အိမ်ကို ဝိုင်းတာ ဝန်းတာမျိုးတော့ ဦးဇင်းတို့ လက်မခံဘူး..မောင်"

"ဦးဇင်းဘာသိလဲ.ဘုရား..ရန်ကုန်မှာ ကုလားတွေ သတ်လို့ ဗမာတွေသေကုန်ပြီ..ဒီရန်ကုန်က လာတဲ့ ကုလားကို ထုတ်ပေးရင် ပြီးပြီဘုရား...ကျန်တဲ့သူကို တပည့်တော်တို့ ဘာမှ မလုပ်ဘူး"

"ဒကာတို့ ဒီသတင်းကို ဘယ်ကကြားတာလဲ...ဒကာကြီးဦးသန်း ဆီမှာရောတကယ်ပဲ အဲ့ဒီကုလားလေး ရှိနေတာလား"

"တင့်ပ..ရှိတော့ရှိပါတယ်..ဘုရား..ဒါပေမယ့် သူတို့ ပြောသလို လာတာမဟုတ်ပါဘူး..ဘုရား..တပည့်တော် အောက်ပြည် တံတားဘက်မှာ လွှသမားဘဝတုန်းက တပည့်တော်ကို စောင့်ရှောက်ထားတဲ့ ကုလားရှေ့နေကြီး မစ္စတာဟာရမ်ဆန့်ရဲ့ သားကလေးပါဘုရား..အခု သူ့ဖအေကြီးလည်း တိမ်းပါး..ရန်ကုန်မှာကလည်း ဆူဆူပူပူ တွေ့ဖြစ်နေ၊ နေထိုင်စားသောက်ရေးကလည်း တယ်အဆင်မပြေတာနဲ့ တပည့်တော်လွှဝိုင်းမှာ အလုပ်ကလေး လုပ်ရအောင် တက်လာတာပါ..ဘုရား..သူတို့ ပြောသလိုတော့ မဟုတ်ပါဘူး.ယူနွတ်က လူကောင်ကြီးကသာထွားနေတာ..အသက်က (၁၄)နှစ်ပဲရှိပါသေးတယ်.ဘုရား"

"ဟော့..တွေ့ပြီလား..ဦးဇင်း..ယူန္ဒတ်တဲ့..သေချာပြီ..သေချာပြီ...အဲ့ဒီကုလားကို ထုတ်ပေး..ထုတ်ပေး"

ပေါက်ကျော်ကြီးက ဓါးရှည်ကို ဝင့်ကာ အိမ်ထဲကျော်ဝင်ရန် ပြင်လိုက်သည်။

ထိုအချိန်တွင် ဦဇင်းကိုပညာက ပေါက်ကျော်ကြီး၏ ဓါးရှည်ကိုင်ထားသော လက်ကို ဘယ်လက်ဖြင့် ရုတ်တရက်ပင်ထုတ်လိုက်ပြီး ညာလက်က လက်ဝါးဇောင်းဖြင့် ရိုက်ချလိုက်သဖြင့် ဓါးမှာ မြေပြင်ပေါ်သို့ လွတ်ကျသွားတော့သည်။

ပေါက်ကျော်ကြီးမှာ ရုတ်တရက်ခံလိုက်ရသဖြင့် အံ့သြသင့်သွား၏။

ဒေါသလည်းထွက်သွားပြီး မြေကြီးတွင် ကျသွားသော ဓါးရှည်ကို ကုန်းကောက်ကာ ဦးပဇင်းလေးကို လွှဲခုတ်ရန် ကြံစည်လိုက်သည်။

သို့သော် သူ့ရှေ့တွင် သင်္ကန်းပုံသာရှိပြီး ဦးဇင်းလေး မရှိတော့။

ပေါက်ကျော်ကြီး ပြူးကြောင်ကြောင်ဖြစ်သွားသည်။ ဦးဇင်းလေး ဘယ်ရောက်သွားသည်မသိ။

တကယ်တော့ ပေါက်ကျော်ကြီး ဓါးကုန်းကောက်နေစဉ်တွင် ဦးဇင်းလေးက သင်္ကန်းကို ပုံချကာ လူအုပ်ထဲ လှစ်ခနဲ ကိုယ်ယောင်ဖျောက်ဝင်သွားခြင်းပင်။

"ကျုပ် နောက်မှာ..ဒကာ"

ပေါက်ကျော်ကြီး နောက်သို့ လှည့်ကြည့်လိုက်သည့်အခါ ဦးဇင်းလေးက အပေါ်ပိုင်းဗလာကျင်းနှင့် သင်းပိုင်ကို ခပ်တုံတုံလုပ်စည်းကာ ခါးထောက် မတ်တပ်ရပ်နေသည်ကို တွေ့လိုက်ရသည်။

လူအုပ်ကြီးမှာ ပေါက်ကျော်ကြီးနှင့် ကိုပညာတို့ ပွဲကို မျက်တောင်မခတ်တမ်း ကြည့်နေကြ၏။

ပေါက်ကျော်ကြီးက ကိုပညာကို စိုက်ကြည့်ကာ

"ဦးပဇင်း..စကောက်လိုင်ခူးဟီး" ဟု မေးလိုက်သည်။

"ဟ..လိုင်ခေါက်" ဟု ကိုပညာက ဖြေလိုက်၏။

"လိုက်ခူးဟီး ချင်(မ်)ကောက်ခါ..လိုက်ခါ" ပေါက်ကျော်ကြီးက ဆက်မေးလိုက်သည်။

"ဟ..လိုက်ခါ.."

ကိုပညာက ပြန်ဖြေပြီးသည်နှင့် တပြိုင်နက် မြေတလင်းကို ဖနှောင့်ဖြင့် ပေါက်လိုက်၏။

မြေကြီးများ ဖွာခနဲ စင်ထွက်ကုန်သည်။

ထို့နောက် ဘယ်ခြေနှင့်ညာခြေကို တစ်ထောင့်ထွာခန့် ခွဲကာ ကိုယ်ကို ခြောက် ဆယ်ဒီဂရီယူကာ ရပ်လိုက်သည်။

ဘယ်လက်သီးအားဆုပ်ကာ လက်ဖျံကို နဖူးနှင့်တစ်ထွာအကွာတွင် ကိုးဆယ် ဒီဂရီထောင်ထားပြီး ညာဘက်လက်သီးကိုမူ ခါးတွင် ကပ်လျက်အသင့် အနေအထား နေလိုက်သည်။

"ရပါပြီ..ဦးဇင်း..အခု ဦးဇင်းနဲ့ မတို့က်ချင်သေးပါဘူး..အခုချိန် အရေးကြီးတာက အမျိုးဘာသာ သာသနာအတွက် ဒီရန်ကုန်က လာတဲ့ ကုလားကောင်ကို ကျုပ်တို့ လက်အပ်ဖို့ပဲ"

"ဒီမှာ ဒကာ..ဒါ ချမ်းသာရ ထုံးကုန်းအရပ်..ဒီမှာ ရှိနေတာ ကျုပ်တို့ အရပ်သူ အရပ်သားတွေချည်းပဲ..ကျုပ်ကလည်း ဒီ ချမ်းသာရကျောင်းကပဲ..ဘွဲ့အမည်က ဥူးပညာ တဲ့.. လွှဝိုင်းဆရာကြီးဦးသန်းဆိုတာ ကျုပ်တို့ အရပ်သားမို့ ကျုပ်တို့ စောင့်ရှောက်ရမှာပဲ..သူ့အိမ်လာတဲ့ ဧည့်သည်ဟာ ကျုပ်တို့ ဧည့်သည်ပဲ...သူ လည်းမဟုတ်တာလုပ်မယ့် ဧည့်သည်ကို လက်ခံမယ့်သူမဟုတ်ဘူး.ဒကာတို့ နိုင်ငံရေးတွေ ဘာတွေကို ကျုပ်တို့ သိပ်နားမလည်ပါဘူး..အခု ဒီဒကာကြီးလည်း ရှင်းပြပြီးပြီ...အသက်(၁၄)(၁၅)အရွယ် ကလေးတစ်ယောက်ပါတဲ့...ဒီတော့ ကောလဟလပယောဂတွေကြောင့် အပြစ်မရှိတဲ့ ဧည့်သည်တစ်ယောက် ဒုက္ခရောက်မယ့် အရေးကိုတော့ ဦးဇင်းတို့ ကာကွယ်ပေးရမှာပဲ..."

ဝိုင်းအုံကြည့်နေသော ချမ်းသာရ ထုံးကုန်းရပ်ကွက်ခံများနှင့် ပလိုင်းရပ်ကွက်ခံ များထံမှလည်း ထောက်ခံသော အသံများထွက်လာသည်။

ပေါက်ကျော်ကြီးက မေးရိုးကြီးများထောင်ထလာသည်အထိ အံကိုကြိတ်လိုက် ပြီး..

"ဟာ..ဒီဘုန်းကြီးကတော့ နားမလည်ပါးမလည်နဲ့ သူရဲကောင်းလာလုပ်နေ တယ်..သေတော့မှာပဲ"

ဦးပဇင်းလေးက ပြုံးလိုက်ပြီး သင်းပိုင်ကြားတွင် ထိုးထားသော ခါးမြှောင်ကို ဆက်ခနဲထုတ်ကာ ပေါက်ကျော်ကြီး၏ ခြေထောက်ရှေ့မြေပြင်သို့ ပေါက်ထည့် လိုက်သည်။

ပေါက်ကျော်ကြီးက ခြေတစ်ဖက်ကို မြှောက်ပြီး နောက်သို့ ခုန်ဆက်လိုက်၏။

ခါးမြှောင်က မြေကြီးတွင် ဒုတ်ခနဲ စိုက်ဝင်သွားသည်။

"တားမရရင်လည်း...အဲ့ဒီခါးမြှောင်ကို ကျော်ပြီး ဒကာ..ရှေ့တိုးခဲ့လေ... အေး..ရှေ့တိုးပြီးပြီဆိုရင်တော့ ဒကာလက်ထဲက ခါးနဲ့ ဦးဇင်းကို တချက်တည်း ပိုင်းရမှာနော်...အသေကို ပိုင်းရမှာ..ဦးဇင်း အခုတ်ခံရတယ်..တကယ်လို့ ဒကာ့ ခုတ်ချက်တစ်ချက်တည်းနဲ့ ဦးဇင်းမသေခဲ့ရင်တော့..."

ပေါက်ကျော်ကြီး တွေဝေသွားသည်။
ထိုအချိန်တွင် ပရိသတ်အုပ်ထဲသို့ ချမ်းသာရကျောင်းတိုက်၊ စိန်တောင်အရှေ့ကျောင်းတိုက်၊ စိန်တောင်အနောက်ကျောင်းတိုက်မှ ရဟန်းပျိုများလည်း ရောက်ရှိလာပြီဖြစ်သည်။
ပေါက်ကျော်ကြီးသည် လူစုထဲမှ အခြေအနေကို မျက်လုံးကစားလိုက်သည်။
သူတို့လူ ဆယ်ယောက်ခန့်ကို လူအုပ်ကြီးက ဝိုင်းထားသည့် အခြေအနေဖြစ်နေပေပြီ။
"ဂါတ်တဲက ပုလိပ်တွေလာပြီဟေ့"
ထိုစဉ် အသံတစ်သံထွက်လာသဖြင့် လူအုပ်ကြီးမှာလှုပ်လှုပ်ရှားရှားဖြစ်သွားသည်။
ပေါက်ကျော်ကြီးက ဦးဇင်းပညာကို လက်ညှိုးထိုးပြီး
"ဘုန်းကြီး..ခင်ဗျား..ခင်ဗျား...တွေ့မယ်....." ဟု ကြိမ်းဝါးကာ လူအုပ်ထဲသို့ လှည့်ထွက်သွားတော့၏။
သူနောက်တွင်ပါလာသော လက်နက်ကိုင်လူတစ်စုလည်း အလျှိုလျှိုပျောက်သွားတော့သည်။
ရပ်ကွက်ခံလူအုပ်ကြီးသာ ဥဩပညာကို ကြည့်ကာ တီးတိုးတီးတိုးပြောနေကြ၏။
ဥဩပညာက မြေကြီးတွင် ပုံထားခဲ့သော သင်္ဘန်းကို ပြန်ရုံနေစဉ် ၁၄ မှတ် ပုလိပ်ဌာနမှ ရာဇဝတ်အုပ်ဦးဘို နှင့် ပုလိပ်သားအချို့ ဝင်လာသည်။
"ကိုယ်တော် ဘာဖြစ်သွားသေးလဲ..ဘုရား..ပလိုင်းရပ်က လူငယ်တစ်ယောက်လာသတင်းပို့ပို့ချင်းပဲ တပည့်တော်တို့လည်း အမြန်ထွက်လာတာ"
"ဘာမှ မဖြစ်ပါဘူး..ဒကာ..ဒီအကောင်တွေ လူအုပ်နဲ့ပဲ သူများကို လုပ်ရဲတာပါ..တစ်ယောက်ချင်းဆို သွေးနည်းကြတယ်"
"ကိုယ်တော်လေး ကယ်ပေလို့သာပဲ...ဒီကာလမှာ ဂဠုန်တွေ နေရာတကာ လိုက်မီးမွှေးနေတာ..ဘုရား။ ရန်ကုန်မှာလည်း အကုန်သေကုန်ကြပြီ..တော်သေးပါရဲ့..ကိုယ်တော်တို့သာ ဝင်မထိန်းရင် ထိုးကုန်းတစ်ရပ်လုံး မီးတောက်ကုန်မှာ။ တပည့်တော်တို့ ဌာနာလည်း အလုပ်များရမယ်..ကျေးဇူးတင်ပါတယ်..ကိုယ်တော်ရေ"
"ရပါတယ်..ဒကာ..ကိုယ့်အရပ်သူ အရပ်သားတွေ မထိခိုက်အောင် ကူညီတာပဲ...တယ်အပန်းမကြီးပါဗျာ."
ထိုစဉ် အိမ်ရှင် ဦးသန်းနှင့် သမီးဖြစ်သူတို့ ရောက်လာကြသည်။

"ကဲ..ဒီကဝိုင်းဆရာကြီး ဦးသန်း..ခင်ဗျားဆီ ရန်ကုန်က ည့ီသည်ရောက်နေတယ်
ဆိုလည်း ကျုပ်တို့ ဂါတ်ကို နည်းနည်းတော့ အကြောင်းကြားလေ
ဗျာ..ခေတ်ကာလက ဆိုးနေချိန် လူဆိုးမှန်းမသိ လူကောင်းမှန်းမသိ..ခင်ဗျားတို့
က အဲ့ဒီလို ပေါ့ပေါ့တန်တန်လက်ခံထားတော့ ဒီလိုမျိုးဖြစ်လာရင် ကျုပ်တို့
ပုလိပ်ဌာနလည်း ရှင်းပေးရခက်တယ်ဗျ..ခက်တယ်"
"ဟုတ်ပါတယ်..ရာဇဝတ်အုပ်မင်းရယ်..ကျေးဇူးကြီးလှပါတယ်..နို့မဟုတ်..သူတို့
က ကောင်လေးကို ထုတ်မပေးရင် အိမ်ကို မီးရှို့မယ်လုပ်နေတာ..ဒီက ဦးပဇင်း
လေး ကျေးဇူးကိုလည်း တပည့်တော် မမေ့ပါဘူး..ဘုရား..ကဲ..အိမ်ထဲ ကြွပြီး
အခါးရည်လေးသောက်ကြပါဦးလား.. ခင်ဗျာ"
ဦးသိန်းက လက်အုပ်ကလေး တချီချီဖြင့် ကျေးဇူးတင်နေရှာ၏။
"ကျုပ်တော့ အိမ်ထဲမဝင်တော့ဘူး..ဒကာကြီး..ဒကာကြီးဆီ ရောက်နေတဲ့
ကုလားလေးရဲ့ ရာဇဝင်ကို ဒီက ပုလိပ်တွေကို သေချာသာ ရှင်းပြထားပေ
တော့.... ကျောင်းမှာ ကိစ္စတွေရှိသေးလို့ ကြွလိုက်ဦးမယ်"
လွှဝိုင်းဆရာကြီးဦးသိန်းနှင့် ပုလိပ်များ အိမ်တွင်းသို့ လှည့်ဝင်သွားစဉ် ဦးဇင်း
ပညာက အိမ်ဝိုင်းတွင်းမှ ခပ်သွက်သွက်လှမ်းထွက်လိုက်သည်။
"ရပ်တော်မူပါဦး..ဦးပဇင်းလေး"
အနောက်ဘက်မှ လိုက်ပါလာသော အသံသာသာလေးကြောင့် ဦးပဇင်းကိုပညာ
တုန့်ခန့်။
လှည့်ကြည့်လိုက်သောအခါ အစောပိုင်းက ဦးသိန်းနောက်တွင် တုန်တုန်ရီရီဖြင့်
ရပ်နေသော ဆံတောက်ဖားဖား၊ အသားညိုညိုစိုစို ၊ မျက်နှာဝိုင်းလေး။
"ဘာကိစ္စရှိသေးလို့လဲ..ဒကာမ"
"ဒီမှာ..ဦးဇင်းရဲ့ ခါးကြီး"
"ခါးကြီးမဟုတ်ပါဘူး..ဒကာမရဲ့..ခါးမြှောင်လေးပါ..ပေး..ပေး"
အပျိုမလေး လက်ထဲတွင် ဦးပဇင်းပညာ၏ ခါးမြှောင်။
မြေကြီးတွင် စိုက်ခဲ့ပြီး ပြန်နှုတ်ရန် မေ့ခဲ့သည်။
ကောင်မလေးက ခါးမြှောင်ကို မဝံ့မရဲကိုင်ပြီး ထိုးပေးသည့်အခါ ဦးပဇင်းကို
ပညာ ရယ်ချင်သွား၏။
ဦးဇင်းလေးက ခါးမြှောင်ကို လှမ်းယူလိုက်ရင်း
"ဒီက ဒကာမက ဒကာကြီးဦးသန်းနဲ့ ဘာတော်တာတုန်း"
"ဦးသန်းရဲ့ သမီး ပါ..ဘုရား...မြကြည်လို့ ခေါ်ပါတယ်"

"သြော်..အင်း..အင်း"
ဦးပဇင်းကိုပညာက ခါးမြောင်ကို သင်းပိုင်ကြားထိုးကာ လှည့်ထွက်လိုက်စဉ်
"ဦးပဇင်းလေး.."
"ဘာ ကျန်ခဲ့ပြန်ပြီတုန်း..ဒကာမ"
"မဟုတ်ပါဘူး..ဘုရား...မနက်ဖြန်ကစပြီး တပည့်တော်မတို့ အိမ်ကို ဆွမ်းစားကြွပါလို့"
ဦးပဇင်း ကိုပညာ က အင်းမလုပ်..အဲမလုပ်..ယောင်ပေပေဖြင့်။
မမြကြည် ကတော့ လက်အုပ်ကလေးချီလျက်။
.....
.....
၁၉၃၈ ခုနှစ်။ဧလိုင်လ။
ရွှေဘိုခရိုင်မြေဒူးမြို့မှ ဦးရွှေဖြ ဆိုသူရေးသားသည့် မော်လဝိန္ဒင့် ယောဂီ စာအုပ်ကို ဒုတိယအကြိမ်ပြန်ထုတ်ရာမှ ရန်ကုန်မြို့တွင် ဒုတိယ ကုလား - ဗမာ အဓိကရုဏ်းကြီးဖြစ်ပွားခဲ့သည်။
ရန်ကုန်မြို့တွင် လူပေါင်း ၁၀၈၄ ယောက်သေဆုံးခဲ့သော ထို အဓိကရုဏ်းသည် အထက်မြန်မာပြည် ရေနံချောင်း၊ စစ်ကိုင်းတို့မှ တဆင့် မန္တလေးသို့ ကူးစက်လာသည်။
ဂဠုန်ဦးစော၏ သူရိယသတင်းစာက သွေးထိုးလှုံ့ဆော်ပေးခဲ့ပြီး ဂဠုန်ဦးစော၏ မျိုးချစ်ပါတီဝင်များ၊ ဝါးရင်းတုတ်တပ်များက ထိုအဓိကရုဏ်းတွင် နောက်ကွယ်မှ ကြိုးကိုင်ပါဝင်နေခဲ့ကြသည်။
ရန်ကုန်မြို့တွင် ပြည်ပမှ အခြေချလာသော အိန္ဒိယနွယ်ဝင်များ များပြားသော်လည်း မန္တလေးက ထိုသို့ မဟုတ်။
ကုန်းဘောင်မင်းများလက်ထက်ကတည်းက ပသိမ်များ၊ အစ္စလာမ်ဘာသာဝင်များက မင်းမှုထမ်း၊ ကုန်သည်များဖြင့် လုပ်ကိုင်နေထိုင်ခဲ့သည်ဖြစ်ရာ မျိုးဆက်သုံးလေးဆက်ကျော်လာသဖြင့် ဒေသခံများနှင့် တသားတည်းဖြစ်နေကြသည်။
ထိုအခြေအနေတွင် ရန်ကုန်ကို အခြေပြုလာသော အဓိကရုဏ်းလှိုင်းကြီးက မန္တလေးသို့ ရိုက်ခတ်လာသော်လည်း စတိသဘောသာ ဖြစ်ပွားခဲ့သည်။
မန္တလေးရှိ စာသင်တိုက်ကြီးများမှ ရဟန်းတော်များနှင့် မြို့သူမြို့သားများက နိုင်ငံရေးပယောဂများ ပါဝင်သော ထိုအဓိကရုဏ်းရန်မှ တက်ညီလက်ညီကာ ကွယ်ပေးခဲ့ကြသည်။

ထိုသို့ ကာကွယ်ပေးမှုများကြောင့်ထဲမှ သြဂုတ်လ ၈ ရက်နေ့ မန္တလေးမြို့၊ ချမ်းသာရာထုံးကုန်းရပ်ကွက်ရှိ သစ်စက်ဝိုင်းဆရာကြီး ဦးသန်း၏ နေအိမ်ကို စိန်ပန်းပေါက်ကျော်ကြီးဦးဆောင်သည့် ဝါးရင်းတုတ်အဖွဲ့များက ဝိုင်းသည့် ပြဿနာဖြစ်ပွားခဲ့သည်။

ထိုပြဿနာတွင် နာမည်ကြီးသွားသည်ကား စိန်ဓါးမြောင်ဘုန်းကြီး ဟူ၏။

စိန်ပန်းရပ်လူမှိုက် ဝါးရင်းတုတ်ဗိုလ် ပေါက်ကျော်ကြီး ၏ ငှက်ကြီးတောင်ကို လက်ဖြင့် ပုတ်ချကာ ကိုယ်ပျောက်သွားပြီး ပေါက်ကျော်ကြီး၏ နောက်ဘက်မှ ပြန်ပေါ်လာသည်။

စိန်ဓါးမြောင်နှင့် ပေါက်ကျော်ကြီး တို့ နားမလည်သည့် ဘာသာစကားတွေပြောကြသည်။စိန်ဓါးမြောင်ဘုန်းကြီး၏ ဓါးမြောင်ကို စိန်ပန်းပေါက်ကျော်ကြီး မကျော်ဖြတ်ရဲ။

စိန်ဓါးမြောင်ဘုန်းကြီးသည် ပေါက်ကျော်ကြီးအား ဓါးဖြင့် ပေးခုတ်သည်။ ပေါက်ကျော်ကြီးက မခုတ်ရဲ။

ထို့ကြောင့် စိန်ဓါးမြောင်သည် ဓါးပြီး၊ တုတ်ပြီး၊ ရှိန်းဆာယာမောင်ပြီး ကိုယ်ပျောက်သည်။အစွမ်းထက်သည် ဟူသော စကားများက ချမ်းသာရထုံးကုန်းရပ်မှ တဆင့် ပလိုင်းကုန်း၊ ဒေးဝန်း၊ ပိုက်ကျုံး၊ မင်းတဲအီကင်း၊ စိန်ပန်းအရပ်များသို့ ပျံ့နှံ့သွားသည်။

မကြာမီ..ဇာတ်သမား၊ စာသမားများနေထိုင်ရာ ပလိုင်းကုန်းမှ တဆင့် မန္တလေးမြို့အနှံ့အပြား စစ်ကိုင်း၊ ရွှေဘိုအထိတိုင် စိန်ဓါးမြောင်ကိုယ်တော် ၏ သတင်းကား အဆင့်ဆင့် ပြန့်ပွားသွားလေတော့သည်။

.....
.....

ထိုသို့ စိန်ဓါးမြောင်ဘုန်းကြီးဟု တစိမ့်စိမ့် နာမည်ကျော်ကြားနေသည်ကို ချမ်းသာရထုံးကုန်းကျောင်းတိုက်မှ ဦးပဇင်း ပညာက တော့ မသိရှာ။

ဦးပဇင်းပညာ မှာ သူ့ဝေဒနာနှင့်သူမို့...ကျောင်းတွင်းအောင်းနေလေသည်။

ဝေဒနာကား အခြားမဟုတ်။

သစ်သားကျောင်းကြီး၏ ကြမ်းပြင်တွင် စိုက်ထားသော ဓါးမြောင်ကလေးကို ငေးကာ..."မြကြည်..မြကြည်" ဟု ပါးစပ်က တဖွဖွရွတ်ကာ ဆွမ်းခံမကြွနိုင်၊ စာဝါမလိုက်နိုင်၊ တရားမထိုင်နိုင်သည့် အချစ်တည်းဟူသော ရောဂါပေတည်း။

ကျောင်းကြမ်းပြင်ကို နှင်းလိုက်လေတိုင်း တကျိုကျို မြှော်သံမှာ မြကြည် မြကြည် ဟု အသံထွက်နေသဖြင့် ဦးပဇင်းမှာ လမ်းမလျှောက်ရဲ။

မြဲကြဲည်လက်ဖြင့် ကိုင်ခဲ့သော ဓါးမြောင်လေးကိုသာ ထိုင်လျက် ငေးနေရ၏။
တကယ်တော့
လွတ်ငိုးဆရာကြီး ဦးသန်း၏ အိမ်သို့ ဆွမ်းစားကြွပြီး မှ ရောဂါက ပိုသည်းလာခြင်းပင်။
ဦးသန်းနှင့် သမီး မကြည်တို့က ကိုယ်တော်လေးဦးပညာအတွက် ဝါဆိုသင်္ကန်းဟူဆိုကာ ကျောင်းသို့ လာကပ်လှူလိုက်ပြန်တော့လည်း ရောဂါက ကျွမ်းသည့် အဆင့်ဖြစ်လာသည်။
ကျောင်းပြင်ပတွင် ရှိန်းဆာယာပိုမောက် ကိုယ်ပျောက်ပြီး တုတ်ပြီး၊ ဓါးပြီးသည်ဟူသော စိန်ဓါးမြောင်ကိုယ်တော် သည် သာမဏေဘဝ (၅)ဝါ၊ ရဟန်းဘဝ (၈)ဝါ ဆိုပြီးသကာလ မြကြည် တည်းဟူသော ကိလေသာလက်နက်လေးကိုတော့ မပြီးနိုင်ရှာ။
ခုနှစ်နှစ် ခုနှစ်မိုးနီးပါး ရှမ်းပြည်နှင့် ယောနယ်တစ်ခွင် သူလေ့လာလိုက်စားခဲ့သည့် တိုင်းရင်းဆေးပညာ၊ သိုင်းပညာ၊ ပဉ္စလက်၊ အင်းအိုင်လက်ဖွဲ့ပညာများ ကလည်း မြကြည်ဟူသည့် ဆံတောက်ဖားဖား၊ မျက်နှာဝိုင်းလေးကို သူစိတ်ကူးထဲမှ ပျောက်စေခြင်းငှာ မတတ်နိုင်ခဲ့။
ဦးပဇင်းပညာသည် သက်ပြင်းကို နိုင်နိုင်ချသည်။
လက်ငါးချောင်းကို ချဲထားပြီး သူလက်စွဲတော် ဓါးမြောင်ကလေးကိုကိုင်ကာ လက်ချောင်းများကြား လိုက်စိုက်သည်။
အချိန်အတန်ကြာပြီးသည့်နောက် တန်းပေါ်တွင် လွှားထားသည့် သင်္ကန်းကို စနစ်တကျရုံသည်။
ထို့နောက်...ချမ်းသာရဆရာတော်ကြီး ဦးသုမန ရှိနေမည့် ကျောင်းမကြီးပေါ်သို့ တက်ချသွား၏။
ဆရာတော်ကြီးကား ပေစာတစ်ရွက်ကို ဖတ်ရင်း ပက်လက်ကုလားထိုင်တွင် ထိုင်နေသည်။
ဦးပဇင်းပညာက ဆရာတော်ကို ဦးကုန်းချလိုက်၏။
"ဘာများ အထွေအထူးလျှောက်စရာရှိလို့လဲ.ကိုယ်တော်"
"တပည့်တော် ဒီတစ်ဝါဆိုပြီးရင် လူဝတ်လဲချင်လို့..ဘုရား"
"ကိုယ်တော် မပျော်တော့ဘူးလား"
ဦးပဇင်းလေးက သက်ပြင်းချလိုက်သည်။

"အင်းလေ..ကိုယ်တိုင်မပျော်ဘဲနေတော့..ကိုယ်တိုင်အတွက်ရော..သာသနာတော်အတွက်ရော ဘာထူးမလဲ..ကိုယ်တော်..ထွက်မယ်ဆိုလည်း ထွက်ပေါ့"
ဆရာတော်ကြီးက ထိုသို့မိန့်ပြီး လက်ထဲမှ ပေစာကိုသာ ဆက်ဖတ်နေလေသည်။
ဦးပဇင်းပညာ က ဆရာတော်ကြီးကို ဦးကုန်းချပြီး ခပ်ဖြည်းဖြည်း ထထွက်သွား၏။
ဩဂုတ်လဆိုသော်ငြား မိုးရုန်တစက်မှ မပါသည့် လေပူတစ်ချက်က ကျောင်းပေါ်သို့ ဖြတ်အတိုက်။
ဦးပဇင်းပညာ၏ သင်္ကန်းအနားစများက တိုက်သောလေနှင့်အတူ တလှပ်လှပ် လှုပ်ခတ်ခါ ရွေ့လျား။
……
……
……

အခန်း(၂)

လွဝိုင်းပေါ်သို့ တင်နေသည့် သစ်လုံးများကို ဂရုတစိုက်ကြည့်ကာ ညွှန်ကြားနေသည့် ဦးသန်း၏ ရှေ့တွင် လူစိမ်းတစ်ယောက် လာရပ်သည်။
"ဘယ်သူများတုန်း..မောင်"
လူစိမ်းက ခေါင်းတွင် ပေါင်းထားသော တဘက်ကို ချွတ်ချပြလိုက်သည်။
"ဟာ..ဦးပဇင်းလေးပါလား..ဘယ်လိုဖြစ်တာလဲ"
"ကျုပ်လူထွက်လိုက်ပြီ..ဦးရီး"
"ဆိုင်းမဆင့်ဗုံမဆင့်ပါလား..ဦးပဇင်းလေး"
"ဦးပဇင်းလေး မဟုတ်တော့ပါဘူးဆိုနေဗျာ..ကျုပ် လူနာမည်က မောင်ကလေးတဲ့"
"အင်း..ငါ့တူရယ်..ဘယ့်နှယ့်ဖြစ်ရတာလဲ"
"ဘယ်နှယ့်ကြောင့်လဲဆိုတော့..ဦးရီးသမီး မြကြည်ကြောင့်လေ"
"ဟေ"
"ဟုတ်တယ်..ကျုပ်မြကြည်ကို မေတ္တာရှိလို့..လူထွက်လိုက်တာ"
"ဟာ"
ဦးသန်း မှ ရုတ်တရက်မို့ ကြောင်တောင်တောင်ဖြစ်နေသည်။
ဘယ့်နှယ့် သမီးကို ပြောရမယ့် ရည်းစားစကား အဖေကို လာပြောရတယ်လို့။
"အဲ့ဒါ..ဘယ့်နှယ့်သဘောရလဲ.ဦးရီး"
"ဟင် ဘာကိုလဲ.."
"ဦးရီးသမီး နဲ့ ကျုပ်ကို ပေးစားမလားမေးတာ"
ဦးသန်း၏ မျက်လုံးထဲတွင် ဓားမြှောင်တစ်ချောင်းကို မြင်ယောင်လာသည်။
ပေါက်ကျော်ကြီး ကို သိုင်းကွက်နင်းပြသွားသည့် မြင်ကွင်း က မျက်လုံးထဲတရေးရေးပေါ်လာ၏။
စိန်ခါးမြှောင်ဘုန်းကြီးလူထွက်က ပေါက်ကျော်ကြီးကိုတောင် စိန်ခေါ်လာတာ မတော် ငါထချလိုက်ရင်ဖြင့် ဟူသော အတွေးဖြင့် ဦးသန်းမှာ အကြောက်ကြောက်အလန့်လန့်ဖြစ်နေရှာသည်။

"ဒါကတော့..ဟို"
"ဦးရီး..သေချာစဉ်းစားပါ..ခေတ်ကာလက ကောင်းတာမဟုတ်ဘူး..ကျုပ်က ဘုန်းကြီးလူထွက်ဆိုပေမယ့် ဦးရီးသမီးကို လုပ်ကျွေးမှာပါ..ကဲ..ပြောဗျာ..ဘယ့်နှယ်လဲလို့"
"ဦးပဇင်းလေးနဲ့ဆို..အဲ..ဒီက မောင် မောင်ကလေးနဲ့ဆို ဦး အနေနဲ့ ပြောစရာမရှိပါဘူး...မြကြည်သဘောကသာ"
"မြကြည် ကို မပူပါနဲ့ ဦးရီး..မြကြည်က ကျုပ်ကို ကျနေတာဗျ.ကျုပ်သိတယ်..ကဲ..ဦးရီး..ကျုပ် အခု စလေကို သဘော်ဆိပ်အမှီပြန်ရမယ်ဗျ။ မိဘတွေဆီက မိန်းမယူဖို့ အမွေသွားတောင်းလိုက်ဦးမယ်..ပြန်လာရင် မြကြည်ကို လာတောင်းမယ်ဗျ..နော့"
ပြောချင်ရာ ပြောပြီး ထွက်သွားသော ဘုန်းကြီးလူထွက်ကို ကြည့်ကာ ဦးသန်းမှာ အံ့လည်လည်နှင့် ကျန်ရစ်တော့သည်။
ဘယ့်နှယ့်ကောင်ပါလိမ့်။

.....

သုံးလအကြာ။
၁၉၃၈ နိုဝင်ဘာလ ၁၁ ရက်။ နေ့လည် ၁ နာရီ။
ချမ်းသာရထုံးကုန်းရပ်ကွက်ရှိ လွှဝိုင်းဆရာကြီး ဦသန်း၏ အိမ်ရှေ့သို့ လေးဘီးတပ်မြင်းရထားတစ်စီး ဆိုက်လာသည်။
ဦးသန်း နှင့် သမီးဖြစ်သူ မြကြည်တို့မှ နေ့လည်စာစားသည့် ထမင်းဝိုင်းကို သိမ်းဆည်းနေခိုက်ဖြစ်၏။
"ဗျိုး..ဦးရီး..ကျုပ် ပြန်လာပြီဗျ"
မြကြည် မျက်လုံးကလေး အဝိုင်းသား။
စိန်ခါးမြောင်လူထွက် ပါကလား။
မြကြည်က လှစ်ခနဲ အိမ်ထဲသို့ ပြေးဝင်သွားသဖြင့် အိမ်ရှေ့ကွပ်ပျစ်တွင် ဦးသန်းသာ ကျန်ရစ်တော့သည်။
စိန်ခါးမြောင်ဘုန်းကြီးလူထွက် မောင်ကလေး က လှည်းပေါ်မှ ဆင်းချလာသည်။
သံဖြူပုံးနှစ်ပုံးကို တစ်ပုံးချင်းစီ ထမ်းကာ ခြံဝိုင်းထဲတွင် ချသည်။
ထို့နောက် ဦးသန်းဘေးတွင် ဝင်ထိုင်ရင်း ခေါင်းပေါင်းကို ချွတ်လိုက်သည်။

ဘုန်းကြီးလူထွက်တုန်းကလို မဟုတ်တော့ပဲ..ဆံပင်က အတော်ပင် ရှည်နေပြီ ဖြစ်၏။

"ဦးရီးရေ...တောင်းပန်ပါတယ်ဗျာ..ဦးရီးကို ပြောသွားသလို မြကြည်ကို အခု မတင်တောင်းနိုင်သေးဘူး။ ကျုပ်မိဘတွေလည်း ကျုပ်ဘုန်းကြီးဝတ်နေချိန်မှာ လယ်တွေ ချစ်တီးဆီပေါင်ပြီး စီးပွားပျက်သွားကြသတဲ့လေ။ အမွေဆိုလို့ ခုဝတ်လာတဲ့ ကျုပ်အဖေတိုက်ပုံနဲ့ ရွာမှာ ကြိတ်တဲ့ ပဲဆီဆယ်ပိသာနှစ်ပုံးပဲ ပါလာတယ်..ဟီး"

ဦးသန်းမှာ ခေါင်းကုပ်ရင်း မောင်ကလေးကို ဘာပြန်ပြောရမည်မသိ။

"ဘာပဲဖြစ်ဖြစ် အခဲ့ဒီ ပဲဆီပုံးလေးနှစ်ပုံး အရင်းပြုပြီး စရမှာပဲ။ လောလောဆယ်တော့ ကျုပ်မှာ တည်းစရာ ခိုစရာလည်းမရှိ။ ဘုန်းကြီးကျောင်းလည်း ပြန်မတည်းချင်ဘူး။ တော်ကြာ ဘုန်းကြီး ပြန်ဝတ်ဖို့ နားချတာ ခံနေရမှာ မို့..လောလောဆယ်တော့ ဦးရီးတို့ အိမ်မှာပဲ တည်းပါရစေဗျ"

"ဟင်..အင်း..အင်းပါ..မောင်ရင်ရယ်"

"စိတ်ချပါဗျ..မြကြည်ကို လည်း မယူရမချင်း ကျုပ်နှမလေးလိုပဲ သဘောထားမှာပါ။ မိန်းမလိုချင်လို့ လူထွက်လိုက်ပေမယ့် ကျုပ်မှာ ဘုန်းကြီးသမာဓိ တော့ နည်းနည်းကျန်ပါသေးတယ်"

"အင်းပါ..မောင်ရင်ရယ်..မောင်ရင့်သဘောပါ..ဦးဖြင့် ဘာမှ မပြောပါဘူး...မောင်ရည်ချည်းပြောချသွားတာမင့်ကို"

"ဟုတ်..ဟုတ်..ဦးလေး....ကျုပ် သဘော်ပေါ်ကနေ ဘာမှ မစားလာရဘူး.. ခု ဗိုက်ဆာလို့..ထမင်းကြမ်းလေး ဘာလေးကျန်ရင် ကျွေးပါလားဗျာ"

"မြကြည်ရေ..မြကြည်..ဒီမယ်..နင့်အကို ကို ထမင်းနဲ့ ဟင်းလေး ခူးလာခဲ့ပေးပါဟော့"

မြကြည် ပုန်းနေလို့ မရတော့။

ထမင်းပန်းကန်တွင် ငါးလေးကြော်နဲ့ မန်းကျည်းရွက်သုပ်ကို ပုံပြီး ယူလာပေးသည်။

မောင်ကလေးက မြကြည် ကို ငေးသည်။

ထူးထူးခြားခြား ဒီကနေ့မှ စံပယ်ပန်းကုံးကလေး ခေါင်းပေါ်တွင် သူကုံးထားသေး။

ထမင်းပန်းကန်ကို ချပေးရင်း မြကြည်က မောင်ကလေးကို ပြုံးပြသည်။

"အကို..နေ့လည်စာပဲ တောင်းစားမှာပါ မြကြည်...ညနေစာကျ ဘုန်းကြီးလူထွက်ဆိုတော့ ခံနိုင်ရည်ရှိပါတယ်."

မြဲကြဲည် ဘာပြဲန်ပြော်ရမှန်းမသိ။
"အင်း..ဟုတ်ကဲ့..ဦးပဇင်းလေး..အဲ.ဟုတ်..ဟုတ်"
မြကြည်က အိမ်ထဲသို့ ခပ်သွက်သွက်လေး ပြန်ဝင်သွားသည်။
မောင်ကလေး က ထမင်းကို ပြုံးပြုံးကြီး ငုံ့စားလိုက်တော့သည်။
……
…
၁၉၃၈ နိုဝင်ဘာလ ၁၂ ရက်။
မန္တလေး ဈေးချိုတော် ဒီရုံရှေ့တွင် ဆီပုံးကြီးတစ်ပုံးချကာ မောင်ကလေး ယောင်လည်လည်ဖြစ်နေသည်။
ထူးထူးခြားခြား ဈေးချိုကား တိတ်ဆိတ်နေ၏။ ယခင်က လက်ဖက်စို၊ လက်ဖက်ခြောက်၊ ဆီ၊ ဆား၊ ဖယောင်းတိုင်၊ ဆပ်ပြာ သည်တို့ဖြင့် ပြည့်နှက်နေသော နေရာက မည်သူမျှ မရှိ။
"ဥပုသ်နေ့လည်း မဟုတ်ဘူး..ဘာဖြစ်တာပါလိမ့်"
ဆီနမူနာကလေးပြပြီး ကုန်သည်ထံ စပ်မည်စိတ်ကူးပြီး လာခဲ့သည့် မောင်ကလေး တစ်ယောက် ဈေးချိုရှေ့တွင် ဘာလုပ်ရမည်မှန်းမသိ။
ထိုအချိန်တွင် အရပ်ထောင်ထောင်မောင်းမောင်း၊ အသားဖြူဖြူဖြင့် ခပ်ဝဝ လူတစ်ဦး ဈေးရုံရှေ့မှ ဖြတ်လျှောက်လာသည်။
မောင်ကလေးက ဆီပုံးကို ထားခဲ့ကာ ထိုလူရှိရာသို့ လျှောက်သွားလိုက်သည်။
"နောင်ကြီး..နောင်ကြီး"
ထိုသူက မောင်ကလေးကို ဘာပြောမလို့လဲဆိုသည့်သဘောဖြင့် မေးဆတ်ပြသည်။
"ဈေးချို့ ဒီနေ့ပိတ်တာလားဗျ..လူတစ်ယောက်မှလည်း မတွေ့ဘူး"
ထိုသူက ပြုံးသည်။
"ခင်ဗျား တောဘက်က ဒီနေ့မှ လာတာထင်တယ်..မသိသေးဘူးလား"
"ဘာဖြစ်လို့လဲဗျ..စလေက နေ မနေ့ကမှ ရောက်တာပါ"
"ဒီနေ့ကစပြီး ဈေးချိုက မြန်မာဈေးသည်တွေ အကုန်လုံး အစိုးရကို သပိတ်မှောက်တယ်ဗျ"
"မဗျာနဲ့ဆရာ..ရေနံမြေအလုပ်သမားသပိတ်က ချီတက်လာမယ့် အလုပ်သမားတွေကို ဈေးချိုသားတွေက ပန်းကုံးစွပ်ကြိုကြမယ်ဆိုလို့ အင်္ဂလိပ်အစိုးရက

ပုဒ်မ ၂၃(၇)ထုတ်လိုက်တယ်။ အဲ့ဒါကို မကျေနပ်လို့ ရဟန်းပျိုအဖွဲ့က စျေးချိုမှာ သပိတ်မှောက်ရမယ်လို့ ညွှန်ကြားလိုက်တာ"

"ဟာ..ဒုက္ခပါပဲ..ကျုပ်က ဒီက ဆီဆိုင်တွေမှာ ရွာကပါလာတဲ့ ပဲဆီလေး ပြပြီး ကုန်အဝယ်လေး စပ်ချင်လို့ဆိုမှဗျာ..ဒုက္ခပါပဲ"

"နို့..ဒါဆို ဟိုပုံးထဲက ပဲဆီတွေပေါ့"

"ဟုတ်ပဗျာ..ကျုပ်တို့ စလေက နေထွက်တဲ့ ပဲကို နွားနဲ့ ဆုံနဲ့ ကြိတ်တယ် ဆုံစီ စစ်စစ်ပါဗျာ"

"ကဲ..သိပ်လည်းစိတ်ညစ်မနေပါနဲ့..ဆရာ..ကျွန်တော်နဲ့ လိုက်ခဲ့...စျေးချိုကို သပိတ်မှောက်ပြီး အိမ်တော်ရာဘုရားဝန်းထဲမှ စျေးသွားဖွင့်ထားကြတယ်ဗျ..အဲ့ဒီမှာ ဆီဆိုင်တွေဖွင့်ထားတယ်..လိုက်ခဲ့.ဟိုရောက်မှ ခင်ဗျားကို ဆီသည်တွေနဲ့ တွေ့ပေးမယ်"

"ဟာ..ဒီလိုလား..ကျေးဇူးတင်လိုက်တာဗျာ...အခန့်သင့်ပဲပေါ့"

"ခင်ဗျားက ဆီလာပြီး ကုန်စပ်တယ်ဆိုတော့ ပိုပြီး အခန့်သင်တာပေါ့ဗျာ..ကျွန်တော်နာမည်လည်း မှတ်ထားဦး ဘသော်တဲ့.ဆီပွဲစားပေါ့ဗျာ...ဆီဘသော်လို့လည်း ခေါ် ကြသဗျာ"

၁၃၀၀ ပြည့်အရေးတော်ပုံကြီး၏ အထွဋ်ထိပ်ကာလသို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

၁၉၃၈ ဇန်နဝါရီလကတည်းက စတင်နေခဲ့သော ချောက်ရေနံမြေသပိတ်မှသည် လမ်းရွာ၊ ရေနံချပ်၊ ရေနံချောင်း၊ သန်လျင်ဘီအိုစီ ရေနံချက်စက်ရုံအထိ သပိတ်များ ကူးစက်လာသည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားခေါင်းဆောင်များကပါ ရေနံမြေသပိတ်အား ပူးပေါင်းပါဝင်လာသည့်အခါ ဒေါက်တာဘမော်အစိုးရမှာ အကြပ်အတည်းနှင့် ရင်ဆိုင်လာရတော့သည်။

၁၉၃၈ ကုလားဗမာအဓိကရုဏ်းပြဿနာတွင် ဒေါက်တာဘမော်အစိုးရအား ဦးစောမှ အယုံအကြည်မရှိ အဆိုတင်သွင်းခဲ့သော်လည်း ဦးစောပင် ရှုံးနိမ့်ခဲ့သည်။ ဒေါက်တာဘမော် အစိုးရ ကား ထိုကိစ္စတွင် တောင့်ခံနိုင်ခဲ့သော်လည်း ယခု အလုပ်သမား၊ ကျောင်းသားသပိတ်တွင်မူ ပြုတ်ကျရတော့မည့် အခြေအနေ ဖြစ်လာသည်။

ထိုအခြေအနေတွင် သပိတ်အားထောက်ခံသည့်အနေဖြင့် ချီတက်အင်အားပြကြ မည့် စျေးချိုတော်သူ စျေးချိုတော်သားများ ကို အင်္ဂလိပ်အစိုးရက ပုဒ်မ ၂၃(၇) ထုတ်ပြန်ကာ တားမြစ်လိုက်၏။

ဈေးချိုသားများမှလည်း ဈေးချိုရုံကြီး (၁၂)ရုံကို သပိတ်မှောက်လိုက်ပြီး ဈေးချို အနောက်ဘက်၊ သီရိဟေမာအရှေ့ရပ်ကွက်ရှိ အိမ်တော်ရာဘုရားဝန်းတွင် ဈေးသွားဖွင့်ခဲ့ကြသည်။

မောင်ကလေး ကား ကံကောင်းသည်ဟုပင် ပြောရပေမည်။

သပိတ်မှောက်ထားသော ဈေးချိုသို့ အခြေအနေလာကြည့်သော ဆီပွဲစား ဆီဘသော်နှင့် တိုက်တိုက်ဆိုင်ဆိုင် သွားဆုံကြသည်။

ဆီဘသော်က မောင်ကလေး၏ ပုံစံကို ကြည့်ကာ သနားသဖြင့် အိမ်တော်ရာဘုရားဝန်းရှိ ယာယီဈေးရှိသို့ ခေါ်လာခဲ့သည်။

ယနေ့မှ စတင်ဖွင့်သည့် ဆိုသော်ငြား အိမ်တော်ရာဘုရားဈေးသည် အလွန်ပင် စည်ကားနေသည်။

နိုင်ငံရေးစိတ်များ နိုးကြားနေသည့် မြန်မာဈေးသည်များက ပြည်တွင်းဖြစ် အထည်များ၊ ကုန်ပစ္စည်းများကို ဦးစားပေး ရောင်းချကြသည်။

မောင်ကလေးသည် ဆီပုံးကို ထမ်းကာ ဆီဘသော်၏ နောက်မှ လိုက်ရင်း ဘုရားဝန်းအတွင်းမှ ဈေးတန်းကြီးကို ငေးမောနေသည်။

အိမ်တော်ရာဘုရားဝန်း ရာဟူထောင့်ရှိ (၁၄)ခန်း ဇရပ်ကြီးရှေ့သို့ ရောက်သောအခါ ဆီဘသော် က ရပ်လိုက်သည်။

"ခဏစောင့်ဦးဗျ..ဇရပ်ပေါ်မှာ မနက်က ဈေးအုပ်ချုပ်ရေးကော်မတီဖွဲ့ဖို့ ဆရာတော်တွေနဲ့ လူကြီးတွေ စည်းဝေးနေတာကြားရတယ်..ကျွန်တော် နည်းနည်းသတင်းသွားမေးချင်လို့"

ဆီဘသော်က ဇရပ်ပေါ် တက်သွားသည့်အခါ မောင်ကလေးသည် ဆီပုံးကို ချလိုက်ပြီး ခေါင်းပေါင်းကို ဖြည်လျက် ခွေးသုတ်နေလိုက်၏။

"ဟေ့..မင်း...ချမ်းသာရက.မောင်ပညာ မဟုတ်လား"

ဇရပ်ပေါ်တွင်ထိုင်နေသော လူစုထဲမှ အသံကြောင့် မောင်ကလေး လှမ်းကြည့်လိုက်သည်။

သူစာသင်သားဘဝက စာချဆရာဖြစ်ခဲ့ဖူးသော မိုးကောင်းတိုက်မှ ဆရာတော်ဦးပဏ္ဍိ ကို သွားတွေ့သည်။

ဦးပဏ္ဍိဘေးတွင် ထိုင်နေသူက သူနှင့် စာဝါလိုက်ဖက် ဦးကောလသ။

"တင်ပ..ပညာပါ ဘုရား..အခုတော့ မောင်ကလေးဖြစ်နေပါပြီ"

"အေး..မင့်လည်း စိန်ခါးမြောင်ဘုန်းကြီး..စိန်ခါးမြောင်ဘုန်းကြီးဆိုပြီး နာမည်ကြီးပြီးကတည်းက ပျောက်သွားပါတယ်မှတ်တာ..လူထွက်သွားတာကိုးကွ..ကဲ..လာ

စမ်းပါဦး..ငါ့လူရ"

မောင်ကလေး က ဆီပုံးကို ထမ်းကာ ဇရပ်ပေါ်သို့ တက်သွားသည်။

စိန်ခါးမြောင်ဟူသော အသံကြားသည်နှင့် ဇရပ်ပေါ်တွင်ရှိသော လူအားလုံး၏ စိတ်ဝင်စားမှုက မောင်ကလေးထံ စုပြုံကုန်သည်။

ဆီဘသော် ပင် သူခေါ်လာသော မယောင်မလည် ဆီတစ်ပုံးနှင့် ထိုတောသားမှာ နာမည်ကျော် တုတ်ပြီး ခါးပြီး စိန်ခါးမြောင်ဘုန်းကြီး ဟု သိလိုက်ရသဖြင့် အံ့သြနေ၏။

ဇရပ်ပေါ်တွင် မန္တလေးမြို့မှ မျိုးချစ်လုပ်ငန်းရှင်များဖြစ်ကြသော ဆင်တံတားဦးသိန်း၊ ဟံဇာဦးအေး၊ ဒေါ်သန်း တို့နှင့်အတူ ဈေးစောင့်ရှောက်ရေးကော်မတီဝင် ဆရာတော်များဖြစ်သည့် မိုးကောင်းဦးပဏ္ဍိတ၊ ဦးကေလာသ၊ ဦးကုသလ၊ ဦးဝိမလ၊ ဦးနာရဒ တို့လည်းရှိကြသည်။

မောင်ကလေးက ဇရပ်ထောင့်တွင် ဆီပုံးကို ချကာ ရဟန်းများရှေ့သို့ သွားပြီး ဝတ်ချလိုက်သည်။

"ကဲ..ဆိုပါဦး..မောင်ပညာ..လူဝတ်ကြောင်ကိုလဲပြီး ဘယ်လို ဒုက္ခတွေများ များမြောင်နေရတာလဲကွာ"

ဦးပဏ္ဍိက ကွမ်းအစ်ကို လှမ်းယူရင်း မေးလိုက်သည်။

"ဈေးချိုရွှေ့မှာ ဆီပုံးကြီးချပြီး ယောင်လည်လည်ဖြစ်နေတာနဲ့ တပည့်တော် ခေါ်လာခဲ့တာပါ..ဘုရား"

ဆီဘသော်က ဝင်လျှောက်သည်။

"သြော်..ဆီသည်ကြီး ဖြစ်နေပြီပေါ့လေ"

"ဆီသည်ရယ်လို့ မဟုတ်သေးပါဘူး..ဘုရား..တပည့်တော် မိန်းမလိုချင်လို့ လူထွက်တာဘုရား..မိန်းမတောင်းစရိတ်ရဖို့ ရွာပြန်ပြီး မိဘတွေဆီက အမွေတောင်းတော့လည်း မိဘတွေတောင် ချစ်တီးလက်ချက်နဲ့ မွဲနေတာဘုရား..ဒါနဲ့ ရွာမှာ ကြိတ်တဲ့ ဆီနှစ်ပုံးဆွဲပြီး ဒီက ဆီကုန်သည်တွေကို ဒါလေး ပမာပြပြီး အခုမှဆီကုန်ကူးဖို့ စကြနေတာပါ..ဘုရား"

"ဟဲ့..ပညာရယ်...တို့မန္တလေးမှာ ဆီသိန်းတို့၊ ဆီကိုသူတော်တို့ ရဲ့ ဆီစက်တွေက တစ်နေ့ ဆီပေါင်းအများကြီး ထုတ်နေတာကွဲ့။ ကြားထဲ နင့်ခေါ်လာတဲ့ ဆီဘသော် ဆိုတာတောင် စာမဖွဲ့လောက်တဲ့ကုန်သည်ရယ်။ နင့်ခေါ်လာတဲ့ ဘသော်သာ နင် မေးကြည့်။ နင့် တော်က ဟယူလာတဲ့ ကြိတ်ဆီ ကို ဘယ့်နယ့်ရောင်းမတုန်း"

မောင်ကလေးက ဈေးတန်းဘက်ဆီသို့ ဝှေ့ကြည့်လိုက်ပြီး

"အရှင်ဘုရားတို့ ရော..ဟော့ဒီက စျေးသည်တွေပါ ဒီအိမ်တော်ရာဘုရားဝန်းကြီးထဲ ရောက်နေတာ အင်္ဂလိပ်အစိုးရကို မကြိုက်လို့၊ မျိုးချစ်စိတ်နဲ့ ရောက်နေတာ မဟုတ်လားဘုရား....ဒီဝန်းထဲ ရောက်ကတည်းက ဝံသာနုတွေ၊ မျိုးချစ်စိတ်တွေပဲ တပည့်တော်ကြားရပါတယ်။ ဝံသာနုစိတ်ဓာတ်အရ ပြည်တွင်းဖြစ်ကို အားပေးပါ ဆို ဘုရား။ တပည့်တော် ပါလာတဲ့ ဟော့ဒီဆီပုံးဟာ စလေဦးပုည ထွက်တဲ့ စလေအရပ်က ထွက်တဲ့ ပဲကို လယ်သမားတွေလယ်ထွန်တဲ့ နွားနဲ့ ဆီဆုံထဲ လှည့်ကြိတ်ပြီးမှ ရလာတဲ့ ပြည်တွင်းဖြစ် စစ်စစ်ပါ..ဘုရား။ အင်္ဂလိပ်လူမျိုးခြားတီထွင်တဲ့ စက်ကိုတောင်မသုံးပဲ နွားနဲ့ လူနဲ့ လှည့်ကြိတ်ပြီးမှရလာတဲ့ ဝံသာနုဆီလေဘုရား။ တပည့်တော် ဆီကိုလည်း ဝံသာနုစိတ်ရှိရင် အားပေးသင့်တာပေါ့..ဘုရား"

မောင်ကလေး စကားကြောင့် ဇရပ်ပေါ် ရှိ လူအားလုံး ပြုံးသွားကြသည်။

"ကဲ..ဒီလောက်အပြောကောင်းတဲ့လူ...မှန်း..ခင်ဗျားရဲ့ဝံသာနုဆီ ကျုပ်ကြည့်စမ်းပါရစေဗျာ"

ဆင်တံတားဦးသိန်း က ပြောပြောဆိုဆိုနှင့် ဆီပုံးကို သွားဖွင့်ကာ အနံ့ရှူကြည့်လိုက်သည်။

"အောင်မလေး..ပဲဆီနံ့လေးကတော့ မွှေးနေတာပဲ..ဒါနဲ့ ဒါ ဆယ်ပိသာပုံးထင်ရဲ့..ဘယ်စျေးနဲ့ ရောင်းမတုန်း ကိုရင်"

"သုံးကျပ်နဲ့ ပြားအစိတ်"

"အလိုလေး ဆယ်ပိသာဆီတစ်ပုံးမှ သုံးကျပ်ရှိတာပါ ကိုရင်..ဘယ့်နှယ့် ကိုရင့် ဟာက ၂၅ ပြား ပိုလာတာတုန်း"

"တကယ်က သုံးကျပ်ပါပဲ..ဦးရီး..အများကြီးယူမယ်ဆို နှစ်ကျပ်နဲ့တောင် စလေကနေ တင်လာပေးနိုင်ပါတယ်။ ဒါပေမယ့် ဒီပုံးကို တော့ စျေးတင်မှ ဖြစ်မယ်"

"ဘာဖြစ်လို့များတုန်း ကိုရင်"

"ကျုပ် ဆံပင်ကို ဘိုကေညှပ်မယ်၊ ပြီးတော့ မနေ့က ကျုပ်ယောက်ခမလောင်းအိမ်မှာ ထမင်းတစ်နပ်ကပ်စားခဲ့တယ်။ ဒီနေ့ အပြန်မှာ ကျုပ်သူတို့ကို ခေါက်ဆွဲကြော်ဝယ်သွားချင်လို့"

ဆရာတော်များနှင့် လူကြီးများက မောင်ကလေး၏ အပြောကို သဘောကျနေကြသည်။

"ကဲ..မောင်ဘသော်ရေ...တို့လူကို ဆီရောင်းရအောင် မင်းပဲ စပ်ပေးလိုက်ပါကွာ..အဆင်ပြေအောင် စောင့်ရှောက်လိုက်ပါ...ဒါတလောက နာမည်ကြီးနေတဲ့ စိန်ခါးမြောင်ကိုယ်တော်ဆိုတာပဲကွဲ့"

ဆီဘသော်ကို ဦးဏ္ဍိ က မိန့်လိုက်သည်။
ထို့နောက် ဆီဘသော် နှင့် မောင်ကလေး တို့ ဇရပ်ပေါ်မှ ဆင်းလာကြ၏။
"ခုန စိန်ခါးမြောင်ကိုယ်တော်မှန်းမသိလို့ တောင်းပန်ပါတယ်ဗျာ..နောင်ကြီး"
"ဟာ..ရပါတယ်..ကျုပ်လည်း ဘာမှ မဟုတ်တာပဲ"
"ဘာမဟုတ်ရမှာလဲ...ကိုယ့်ဆရာက တူတ်ပြီး ခါးပြီး နာမည်ကြီးဆို...ဟိုဂဠုန်ဗိုလ်.စိန်ပန်းပေါက်ကျော်ကြီးကိုတောင် ပညာပြခဲ့တာဆိုဗျ"
"နည်းနည်းပါးပါး ပါဗျာ"
"ကိုယ့်ဆရာကို ဆီကုန်ကူးတဲ့လောကထဲ ကျွန်တော် သွင်းပေးမယ့်ဗျာ။ ကိုယ့်ဆရာတို့ စလေမှာ ဒီလို ကြိတ်ဆီတွေ လိုသလောက်ရတယ်မဟုတ်လား"
"ရပါ့ဗျာ..ကျုပ်အရှိုးတွေ၊ ဒွေးလေးတွေက ဆီပဲ ကြိတ်ကြတာ..မန္တလေးတက်ရောင်းရကောင်းမှန်းသာမသိလို့ပေါ့ဗျာ.. လွတ်ပေါ"
"ဒါဆို ခု စစ်ကိုင်းဘက်မှာ ကျွန်တော်ချိတ်ထားတဲ့ ဆိုင်အသစ်တွေ ရှိတယ်။ ခင်ဗျား အဲ့ဒီပို့ပေးနိုင်ရင်တော့ အဆင်ပြေမဗျာ"
"ရပါ့ဗျာ"
"ကဲ..ဒါဆို လောလောဆယ်တော့ ဒီဘုရားဈေးဝန်းထဲက ဆီသည်တစ်ယောက်ဆီခင်ဗျားဆီကို ကျွန်တော်လိုက်ပြပေးမယ်..ခင်ဗျားတို့ချင်း ဈေးညှိပြီး ကိုက်ရင်လုပ်ကြပေါ့ဗျာ"
"ကျေးဇူးကြီးလှပါတယ်..နောင်ကြီးရာ"
"ကျေးဇူးတင်တယ်ဆိုရင်လည်း ကျွန်တော့်ကို တစ်ခုပြန်ကူညီဗျာ"
"ဘာကူညီရမလဲ..ပြောသာပြောပါဗျ"
"ခေတ်ကာလက ဘာဖြစ်မယ်မှန်းမသိဘူးဗျ။ ဥရောပမှာလည်း စစ်ကြီးဖြစ်မယ် ဘာညာသတင်းတွေထွက်နေတယ်။ ပြည်တွင်းမှာလည်း ခင်ဗျားသိတဲ့အတိုင်း ပြည်သူအုံကြွမှုက ပိုများလာဖို့ပဲရှိတယ်။ ကျွန်တော့်မှာက တူသားတွေ၊ တပည့်တွေ ရှိတယ်။ ဖြစ်နိုင်ရင် သူတို့ကို ခင်ဗျားတတ်ထားတဲ့ သိုင်းလေးဘာလေး သင်ပေးစေချင်တယ်ဗျာ"
မောင်ကလေးက ဆီပုံးကို ထမ်းလာလျက်မှ ခေတ္တရပ်တန့်သွားသည်။
"အင်း...သင်တော့ သင်ပေးချင်ပါတယ်..ကိုဘသော်"
"သင်ပေးချင် သင်ပေးပေါ့ဗျာ..ဘာဖြစ်လို့တုန်း"

"ဒါပေမယ့် ကျုပ် သိုင်းပညာသင်ခဲ့တဲ့ ဆရာအဆက်ဆက်မှာ အလကားသင်ပေးရိုးထုံးစံမရှိဘူးဗျ။ ပညာရဲ့တန်ဖိုးရှိတယ်။ ကျွန်တော် အခကြေးငွေယူပြီး သင်ပေးမှဖြစ်မှာမို့..ခင်ဗျား အားနာလို့"

"ဟာ..အားမနာပါနဲ့..သင်ပေးမယ်ဆို ရပါပြီ...ဘယ်လောက်ဖြစ်ဖြစ် ကျွန်တော် ပေးပါမယ်..ခင်ဗျားလည်း ဆီကုန်သည်လုပ်တာကလုပ် တစ်ဖက်က အခကြေးငွေနဲ့ သိုင်းသင်ပေးတော့ စီးပွားရေးအဆင်ပြေတာပေါ့"

"ကျုပ် စဉ်းစားပါဦးမယ်ဗျာ"

စျေးချိုသပိတ် တဖြစ်လဲ ဘုရားစျေးဝန်းကြီးကား တဖြည်းဖြည်း ပိုမိုစည်ကားလာ၏။

မကြာမီ မန္တလေးမြို့အတွက် အနီဌာရုံနေ့စွဲတစ်ခု ရောက်လာတော့မည်ကိုကား မည်သူမျှ ကြိုတင် မသိနိုင်ခဲ့ကြချေ။

……
……
……

အခန်း(၃)

၁၉၃၉ ဖေဖော်ဝါရီ (၁၀)ရက်၊ သောကြာနေ့။

မန္တလေး၏ ဆောင်းကား လမ်းဆုံမှာ ကမ်းကုန်အောင် အေးခဲ့သည့်ကာလ။

သို့သော် မန္တလေး၏ နိုင်ငံရေးအခြေအနေကား အပူလောင်ဆုံးအချိန်ဆီသို့ ဦးတည်နေသည်။

လွန်ခဲ့သော နှစ်ရက်ခန့်က ဗဟိုအမျိုးသားသပိတ်ဌာနချုပ်ဖြစ်သော ဆရာကြီးဦးရာဇတ်၏ အမျိုးသားကျောင်းမှ ကိုချန်ထွန်းပါ (၃)ဦးကို ဘားမားရိုင်ဖယ်တပ်နှင့် ဝိုင်းကာ ဖမ်းဆီးခဲ့သည်။

ရန်ကုန်တွင်လည်း ၁၉၃၈ ဒီဇင်ဘာလက ကျောင်းသားကိုအောင်ကျော် သေဆုံးသည့်ကိစ္စ အတွက် တစ်နိုင်ငံလုံးက သွေးဆူနေကြချိန်။

မန္တလေးမြို့တွင်လည်း ဓာတ်စက်ရုံ၊ ဓာတ်ရထားနှင့် အင်္ဂလိပ်အလုပ်တိုက်များကို ပိတ်ထားသည်။

ဘူတာရုံနှင့် ဂါတ်တဲများကို ဘားမားရိုင်ဖယ်စစ်တပ်များက လုံခြုံရေးယူထားပြီး နန်းတော်ကျုံးအတွင်းသို့ မြန်မာများ မဝင်ရ စီမံချက် ချမှတ်ထားသည်။

သို့သော်ငြား

၂၆ ဘီလမ်းမ၏ တောင်ဘက်တန်း အယ်ဖင်စတုန်းရုပ်ရှင်ရုံ တွင်တော့ အေဝမ်းရုပ်ရှင်၏ နာမည်ကျော် မြားနတ်မောင်ဇာတ်ကားပြသမဟုတ် ပြသနေသေး၏။

ဒဂုံမြို့တော်လေးနွယ်နှင့် ဒဂုံခင်ခင်လေးတို့ရေးသားပြီး ဒါရိုက်တာ၊ မင်းသားမောင်တင်မောင်၊ မေရှင်တို့ သရုပ်ဆောင်သော နာမည်ကျော် မမထား၊ အပါဇာတ်ကောင်များ၏ စွဲဆောင်မှုသည် ရုပ်ရှင်ကြိုက်လူငယ်ထုအကြား ရေပန်းစားနေသည်။

နိုင်ငံရေးနှင့်အတော်အတန်အလှမ်းဝေးသည့် ရုပ်ရှင်ကြည့်ပရိသတ်အချို့ကတော့ ဗိုလ်အောင်ကျော် ၊ ကိုချန်ထွန်းနှင့် အိမ်တော်ရာသပိတ်စခန်းကြီးတို့ထက် ညို့အားကောင်းသော မမထား နှင့် လူပျိုပေါက်အပါတို့၏ အချစ်ဇာတ်လမ်းကိုသာ စိတ်ဝင်စားကြသည်။

ညပွဲများကို ဆိုင်းငံ့ထားချိန်မို့ နေ့ပွဲတွင် လူပိုစည်နိုင်သည်ဟု ရုံပိုင်ရှင် မစ္စတာရီဂိုက မျှော်လင့်ထားခဲ့သည်။

မျော်လင့်သည့်အတိုင်း ဆိုင်ရာပိုင်ရာကို ပေးသင့်တာပေး ဝင်သင့်တာ ဝင်ထားခဲ့ပြီးပြီဖြစ်သည်။

သူမျော်လင့်သည့်အတိုင်း နေ့လည် ၁၂ နာရီပွဲ အတွက် ကြိုတင်လက်မှတ်သုံးပုံ နှစ်ပုံပင် ကုန်နေပေပြီ။

မောင်ကလေးသည် ထိုခေတ်က ရှားပါးသည့် ဘိုင်စကယ်ကို နင်းပြီး စျေးချိုမှ အယ်ဖင်စတုန်းရုပ်ရှင်ရုံရှိရာ ကြေးနန်းရုံဘက်သို့ ထွက်လာခဲ့သည်။

သူ့နောက်တွင်တော့ မြကြည်က ခါးကလေးကို မရဲတရဲဖက်လျက်။

မန္တလေး၏ မတည်မငြိမ်အခြေအနေများကြားတွင် စစ်ကိုင်းဘက်သို့ ဆီကုန်ကူးနိုင်သော ဆီကုန်သည် မောင်ကလေးမှာ သုံးလေးလအတွင်း ငွေကြေးများ စုမိဆောင်းမိဖြစ်လာခဲ့၏။

နောက်သုံးရက်အကြာတွင် မောင်ကလေးသည် မြကြည်ကို ရွှေနားကပ်တစ်ရံဖြင့် တင်တောင်းမည်ဖြစ်သည်။

ယနေ့တော့ ဓာတ်ရထားများပိတ်ထားသဖြင့် မောင်ကလေးသည် မိတ်ဆွေ ဆီဘာသော် ဆီမှ ဘိုင်စကယ်စက်ဘီးကို ငှားသည်။

ထို့နောက် မြကြည်ကို တင်ကာ မြကြည်အကြိုက် ရွှေနားကပ်ကလေးကို စျေးချိုးတွင် သွားလုပ်ပေးပြီး မြကြည်ကြိုက်သော မင်းသား မောင်တင်မောင်ပါသည့် ဓာတ်ရှင်ကို လိုက်ပြရန် ထွက်လာခြင်းပင်။

စျေးချိုမှ အထွက်တွင်ပင် အိမ်တော်ရာဘုရားဘက်မှ စီတန်းလျှောက်လာသော လူအုပ်ကြီးနှင့် မောင်ကလေးတို့ ဆုံကြတော့သည်။

ထိုလူအုပ်ကြီးကား အိမ်တော်ရာဘုရား (၁၄)ခန်းဇရပ်တွင် လူထုအစည်းအဝေးလုပ်ပြီး အင်္ဂလိပ်အစိုးရအား စီတန်းဆန္ဒပြရန် ထွက်ခွာလာသည့် နှစ်သိန်းကျော်သော လူအုပ်ကြီး။

ရှေ့ဆုံးမှ ရဟန်းပျိုတို့ ဦးဆောင်လာပြီး ကြွေးကြော်သံများ ကြွေးကြော်လာကြသည်။

“ဓနရှင်အစိုးရ – ပျက်စီးပါစေ”

“အလုပ်သမားအရေး ဖြေရှင်းပေး”

“သခင်မျိုးဟေ့ – တို့ဗမာ”

“ အရေးတော်ပုံ – အောင်ရမည်”

“ မီးတုတ် မီးတုတ်- ရှို့ရှို့”

“ သေမြေကြီး – ရှင်ရွှေထီး”

“ ဘေးနဲ့ကြံ့ – ရဲဂုဏ်ပြဲ”
“ မီးတုတ်ကြီးရဲ့အလင်းရောင် – ဗမာပြည်ဘောင် ထွန်းပြောင်စေသား”
“ မီးတုတ်ကြီးရောက်လေရာ – တိုင်းပြည်ကျေးရွာ အေးပါစေသား”
“အရေးတော်ပုံ အောင်ရမည်”

လူထုကြီးရွေ့ဆုံးမှ လက်သီးလက်မောင်းတန်းကာ ကြုံးဝါးနေသော ရဟန်းပျိုး (၃)ပါးကို မြင်လိုက်သောအခါ မောင်ကလေးမှာ စက်ဘီးကို တွန်းရင်း ငေးကြည့်နေမိသည်။
ထိုရဟန်းပျိုး (၃)ပါးမှာ သူနှင့် ကိုရင်ဘဝစာဝါလိုက်ဖော် လိုက်ဖက်များဖြစ်သော တောင်ထိပ်လင်းတိုက် ဦးပဏ္ဍိတ၊ အမပူရတူမောင်းတိုက်မှ မြစ်ကျိုးဝေပုလ္လ၊ လွန်ခဲ့သောလက အိမ်တော်ရာ(၁၄)ခန်းဇရပ်တွင် သူတွေ့ဆုံခဲ့သည့် သူငယ်ချင်းကေလာသ တို့ဖြစ်သည်။
"ကိုယ်တော်တွေရော၊ လူတွေရော အများကြီးပဲ..ဘာဖြစ်ကြတာလဲဟင်..ကို မောင်ကလေး"
"သပိတ်လူစုကြီးလေ..မြကြည်..ဟိုးရှေ့က အလံကိုင်လာတဲ့ ကိုယ်တော်တွေက အကို့ သူငယ်ချင်းတွေပေါ့..အင်း..ဘာများဖြစ်ကြဦးမှာပါလိမ့်"
"ဒုက္ခပါပဲ..ဒီလူအုပ်ကြီးကို တိုးပြီး ဘယ်လိုလုပ် ဓာတ်ရှင်ကို သွားရပါ့မလဲ"
"သူတို့ကြည့်ရတာ ၂၆ ဘီလမ်းအတိုင်းသွားမယ်ထင်ပါရဲ့..အကိုတို့ ၂၇ လမ်းအတိုင်းသွားပြီး လမ်း၈၀ အတိုင်းပြန်တက်လိုက်ရင်တော့ ဓာတ်ရှင်ရုံဆီ သွားလို့ရမယ်..အဲ့ဒီလိုသွားကြတာပေါ့"
မောင်ကလေး လူအုပ်ကြီးထဲ ဘိုင်စကယ်ကိုခေါင်းတည်ကာ တွန်းတိုးသည်။
မြကြည်က ကယ်ရီယာခုံကို လက်က ကိုင်ကာ နောက်မှ လိုက်သည်။
လူအုပ်ကြီးက တိုးမပေါက်။
ဟိုဘက်ဒီဘက် တစ်မိနစ်ပင်မကြာပဲ ကူးနိုင်သော ဘီလမ်းကို ချွေးသံတရွဲရွဲဖြင့် သူတို့ တိုးဝှေ့ကူးနေရသည်။
လူတန်းကြီးအဆုံးတွင် မောင်ကလေး က ချွေးဒီးဒီးကျပြီ။
မြကြည်လည်း ရင်ဘတ်ကလေးဖိရင်း။
"ကဲ..တက်..မြကြည်..တော်နေကြာ ဓာတ်ရှင်အချိန်မမီမယ် စိုးတယ်"
မောင်ကလေး က နင်းသည်။ မြကြည်က မောင်ကလေး ခါးကို မရဲတရဲကလေး ဖက်လျက်က

"ကိုမောင်ကလေး က ဘုန်းကြီးလူထွက်သာဆိုတယ်..ဘိုင်စကယ်လည်း မောင်းတတ်တယ်နော်"

"သြော်..မြကြည့်ရဲ့..ကိုရင်ဘဝ စလေမှာနေတုန်းက တို့များ ဆရာတော်ကြီး ကျောင်းနားမှာ ပို့စ်မန်းပန်ချာပီကြီးတစ်ယောက်ရှိတယ်။ သူက အကိုတို့ ကိုရင်တွေကို ချစ်တယ်။ ညနေစောင်းဆို သူ့စာပို့ ဘိုင်စကယ်ကို စီးဖို့ သင်ပေးတယ်။ အဲ့ကတည်းက ဘိုင်စကယ်စီးတတ်တာပဲ"

"ကိုမောင်ကလေး က သိပ်တော်တာပဲနော်...ဟိုတုန်းက မြကြည်တို့ အိမ်ရှေ့မှာ စိန်ပန်းပေါက်ကျော်ကြီးရှေ့ ဓါးနဲ့ပေါက်ပြီး လှစ်ခနဲပျောက်သွားတာများ..ကိုယ် ပျောက်အတတ်လား ထင်ရတယ်"

"ဘယ်ကသာ မြကြည်ရယ်..အကို့ကို သိုင်းသင်ပေးတဲ့ ဆရာက မှာထားတာတစ်ခုရှိတယ်..သိုင်းဘယ်လောက် တတ်တတ်..မင်း အခြေအနေမလှရင် ပြေးဖို့ အတွက် ထွက်ပေါက်တစ်ခုကိုတော့ မျက်စိလျင်လျင်ကြည့်ထားရမယ်တဲ့။ ကိုယ့် ရန်သူကို တစ်ခုခုအာရုံလွဲအောင်လုပ်ပြီး အဲ့ထွက်ပေါက်ကနေ ရအောင်ပြေးရ တယ်တဲ့လေ။ အဲ့ဒီတုန်းက ပေါက်ကျော်ကြီးနဲ့ သူ့လူတွေကို အကို တစ်ယောက်တည်း ဘယ်ရင်ဆိုင်နိုင်မလဲ။ ဒါကြောင့်..အဲ့ဒီကို လူတွေရော၊ ပေါက်ကျော်ကြီးပါ ဓားကို အာရုံစိုက်နေတုန်း အကို့က သက်နဲ်းကိုချတ် ချ..လှစ်ခနဲ လူအုပ်ထဲ ဝင်ပြေးပြီး အနောက်က ပြန်ထွက်လာတာပါ.. ပေါက်ပေါက်ရှာရှာ ဘယ့်နယ့် ကိုယ်ပျောက်ရမတုန်း"

"ခိခိ..မြကြည့်ဖြင့် အဲ့ဒီတုန်းက ဦးဇင်းကလေးက ကိုယ်များပျောက်သလားဆိုပြီး တကယ်ထင်မိတာတော့..ခိခိ..ဒါနဲ့ အဲဒီလူကြီးနဲ့ ကိုမောင်ကလေး ရော ဘာ စကားတွေ ပြောကြတာလဲဟင်..အဲ့ဒီနေ့က"

"ရှမ်းစကားတွေပါ..မြကြည့်..ရှမ်းဆရာတွေဆီမှာ သိုင်းသင်လာတဲ့သူအချင်းချင်း သူရိပ်မိလို့ မေးတာပါ။ သိုင်းတတ်လားမေးတော့။ အကို့က တတ်တယ်ပြန်ဖြေ တာပါ။ သူက ပညာစမ်းလို့ ရမလားဆိုတော့ အကို သိုင်းကွက်ခင်းပြလိုက်တာပါ"

"သြော်..ဒါဆို ပေါက်ကျော်ကြီးက အကို့ သိုင်းကွက်ကို ကြောက်သွားတယ်ထင်ရဲ့ နော်"

"ဟုတ်လောက်ပါတယ်ဗျ"

"ဒါဆို အကိုက တကယ်လည်းကိုယ်မပျောက်ဘူး။ တုတ်ပြီး ဓါးပြီးဆိုတာလည်း မဟုတ်ဘူးပေါ့"

"မဟုတ်ဘူးလေ"

"မဟုတ်ရင် ဘာလို့ နာမည်ကြီးနေတာလဲ"

"သြော်..သူတို့ဟာသူတို့ လျှောက်ပြောပြီး နာမည်ကြီးနေတာတော့ ဘယ်တတ်နိုင်မလဲ"

"အကို မဟုတ်ရင်လည်း မဟုတ်ကြောင်း ရှင်းပြလိုက်ပါ့"

"မရှင်းပြတာ အကို့အတွက်ပိုလုံခြုံတယ်မဟုတ်လား..ပြီးတော့ အကို့အိမ်သူဖြစ်လာမယ့် မြကြည့်အတွက်ပါ ပိုလုံခြုံတယ်မဟုတ်လား..မြကြည့်ရဲ့..သူတို့အဲ့ဒီလိုထင်နေတော့ အကိုတို့ကို ရန်မစရဲ မစော်ကားရဲဘူးပေါ့..နို့မဟုတ်ရင်လား"

မြကြည်အသံလေး တိတ်သွားသည်။

ပါးကလေးက ချွေးဖြင့်ကပ်နေသော ကိုမောင်ကလေး၏ အင်္ကျီအစကို ဖိကပ်ထားလိုက်သည်။

ဘိုင်စကယ်က လမ်း(၈၀)ဘက်သို့ ကွေ့ဝင်လိုက်သည်။

ထိုအချိန်တွင် ၂၆ ဘီလမ်းအတိုင်းချီတက်လာသော သပိတ်တပ်ဦးသည် ကြေးနန်းရုံးချေ့အရောက်တွင် အင်္ဂလိပ်အရေးပိုင် မစ္စတာ H.N Lett ၊ ရာဇဝတ်ဝန် မစ္စတာရိန်း၊ ခရိုင်စုံထောက်ဝန်မစ္စတာဒေးဗစ် တို့ ဦးဆောင်သော ပုလိပ်တပ်ဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင်မိကြတော့သည်။

အဖြူရောင်ရှပ်လက်တို၊ ကာကီဘောင်းဘီတို၊ ဂေါရာဦးထုတ်ကို ဆောင်းကာ ခြောက်လုံးပြူးကို ကိုင်ထားသော ခရိုင်စုံထောက်ဝန် မစ္စတာဒေးဗစ်က "Go Back Home, Go Back Home" ဟု အော်ပြောသည်။

ရှေ့ဆုံးတန်းမှ သံဃာတော်များက "We are Armless" ဟု ပြန်အော်ကာ အလံတော်ကို ကိုင်ထားကြ၏။

ထိုအခါ စုံထောက်ဝန်မစ္စတာဒေးဗစ် က နောက်သို့ ပြန်လှည့်ဝင်သွားသည်။

စက္ကန့်ပိုင်းအတွင်းတွင် မစ္စတာ H.N Lett က အမိန့်တစ်စုံတစ်ရာပေးလိုက်ရာ ပုလိပ်တပ်များမှာ နောက်သို့ ပြန်လှည့်ဝင်သွား၏။

ပုလိပ်တပ်များ ၏ နောက်တွင် ဒူးထောက်လျက် ရိုင်ဖယ်ကိုယ်စီဖြင့် ချိန်ထားကြသော ဘားမားရိုင်ဖယ်စစ်တပ်များကို တွေ့သောအခါ သပိတ်မှောက်အဖွဲ့ကြီးမှာ အံ့သြသင့်သွားကြသည်။

သို့သော် နောက်ကျသွားချေပြီ။

ရှိုး ရှိုး ဟူသော ခရာသံနှစ်ချက်ထွက်ပေါ် ပြီးနောက် စစ်သားများထံမှ သေနတ်သံများ ဆက်တိုက် ထွက်ပေါ်လာသည်။

ရှေ့ဆုံမှ ကိုယ်တော်နှစ်ပါးဖြစ်သော တောင်ပြင်ထီးလင်းတိုက် ဦးပဏ္ဍိတနှင့် ဦးေကလာသတို့ ခွေခနဲ လဲကျသွားသည်။

ထို့နောက် သူတို့ဘေးမှ ငွေတောင်တိုက် ဦးအာလောက မှာ နဖူးတည့်တည့်ပွင့်ထွက်ပြီး လန်ကျသွားသည်။
အလံကိုင်ထားသည့် စကုတိုက် ဦးဇနိတမှာ ဆီးခုံကို မှန်ကာ ဒူးထောက်ကျသွား၏။
ထိုအလံကို နောက်မှ တက်လာသည့် ဦးဝေပုလ္လက တက်လုသည်။ ဦးဝေပုလ္လကို ထပ်မှန်သည်။
ဦးဝေပုလ္လက အလံကို လက်ဆင့်ကမ်းကာ နောက်သို့ ပြန်ပေးလိုက်၏။
စစ်သားများကလည်း အလံလက်ဆင့်ကမ်းရာ ကို ဦးဆောင်သူဟူသော အသိဖြင့် ထပ်ပစ်သည်။
အလံကို လက်လွှဲယူကာ နောက်သို့ ပြန်ပြေးသူ အမျိုးသားအတတ်သင်ကျောင်း ခုနှစ်တန်းကျောင်းသား မောင်ယဉ်အောင် မှာ ကျောကုန်းကို သေနတ်မှန်သဖြင့် ဒူးထောက်ကျသွားပြန်သည်။
"ဒိုင်း..ဒိုင်း..ဒိုင်း"
ကုံးထပ် ကြေးနန်းရုံးပေါက်ဘက်ဆီမှ သေနတ်သံများ ဆက်တိုက်ထွက်ပေါ်လာသဖြင့်မောင်ကလေး က ဘိုင်စကယ်ကို ဘရိတ်ဆွဲပြီး ရပ်လိုက်သည်။
သေနတ်သံကို တစ်ခါမှ မကြားဖူးသော မြကြည်က ကြောက်လန့်တကြားဖြစ်နေ၏။
၂၆ ဘီလမ်းဘက်ဆီမှ လူအုပ်ကြီး၏ အော်သံများကိုလည်း ကြားနေရသည်။
မောင်ကလေးက ဘိုင်စကယ်ကို လမ်းဘေး သစ်ပင်ရိပ်တစ်ခုဆီ တွန်းသွားပြီး ဒေါက်ထောက်လိုက်သည်။
မောင်ကလေးက ပုဆိုးကို ခပ်တိုတိုဝတ်လိုက်သည်။
ဘုန်းကြီးလူထွက်သည်မှာ လပိုင်းသာရှိသေးသဖြင့် မောင်ကလေး ပုဆိုးဝတ်ပုံမှာ သင်းပိုင်ကို ကျစ်ကျစ်ဝတ်သည့် ပုံစံနှင့်သာ ပိုတူနေတော့သည်။
ထို့နောက် လွယ်အိတ်ထဲတွင် အသင့်ထည့်ထားသော ဓါးမြောင်ကို ထုတ်ကိုင်လိုက်ပြီး ဘီလမ်းဘက်ဆီသို့ သွားရန်ဟန်ပြင်လိုက်သည်။
"ကိုမောင်ကလေး..မြကြည် တစ်ယောက်တည်း မနေရဲဘူးတော့"
မောင်ကလေး၏ ခြေလှမ်းများ တန့်သွားသည်။
"မြကြည်..ဒီမှာ ခဏနေခဲ့နော်..အကို သွားကြည့်လိုက်ဦးမယ်..ပစ်ကုန်သတ်ကုန် ကြပြီထင်တယ်"

"ဟင်အင်း..မြဲကြဲညည်တစ်ယောက်တည်း မနေခဲ့ရဲဘူး..ကိုမောင်ကလေးသွားရင် မြကြည်ကိုပါ ခေါ်သွားပါ"

ထိုအချိန်တွင် ဘီလမ်းပေါ်တွင် စစ်တပ်မှ လိုက်လံပစ်ခတ်နေပြီး လမ်းကြို့ လမ်းကြားများထဲသို့ ဝင်ပြေးသူများကို ပိတ်ဆို့ဖမ်းဆီးရန်အတွက် လူခွဲ လွှတ်လိုက်သည့် ရာဇဝတ်အုပ်ကလေး ဦးလူဒုတ်နှင့် ပုလိပ်သားသုံးဦးမှာ ပုလိပ် ကားဖြင့် လမ်း(၈၀)ထဲသို့ ဝင်ရောက်လာသည်။

မြကြည်တစ်ဖက်၊ ခါးမြောင်တစ်ဖက်ဖြင့် ချီတုံချတုံဖြစ်နေသော မောင်ကလေး တို့အနီးတွင် ကားကို ထိုးရပ်လိုက်လေသည်။

ဦးလူဒုတ်က ခြောက်လုံးပြူးသေနတ်ကို ခါးမှ ထုတ်ကာ ဆင်းလာ၏။ သူ့ နောက်တွင် ပုလိပ်သားသုံးဦးက ရိုင်ဖယ်ကိုယ်စီဖြင့်။

လမ်း(၈၀)ပတ်ချာလည်တွင် အခြေအနေစောင့်ကြည့်နေသော လူများမှာ လမ်း ဘေးအသီးသီးရှိ အိမ်များထဲသို့ ဝင်သွားကြသည်။

မောင်ကလေးနှင့် မြကြည် သာ လမ်းပေါ်တွင်ရှိနေ၏။

"ဟေ့..လက်ထဲမှာလည်း..ခါးနဲ့ မင်းက ကျောင်းသားထဲကလား..သပိတ်ထဲက လား"

ဦးလူဒုတ် က သေနတ်ဖြင့် ချိန်ရင်း မေးလိုက်သည်။

"ကျွန်တော်မျိုး ဘယ်ကမှ မဟုတ်ပါဘူး။ ရည်းစားသည်နဲ့ ဓာတ်ရှင်လာကြည့်ကြ တာပါ"

"ဒါဆို..လက်ထဲက ခါးမြောင်က ဘာလဲကွ။ မင်း ဟိုအကြမ်းဖက်လူအုပ်ထဲက မဟုတ်လား။ လက်ထဲမှာ ခါးနဲ့ဆိုတော့ အန္တရာယ်ရှိတယ်။ မင်းကို ဖမ်းတယ်။ ဟေ့ ပုလိပ်သားတွေ..ဒီကောင့် လက်ထိပ်ခတ်ဟေ့"

"ဟ..နေပါဦးဗျာ..ဒီမှာ မယုံမေးကြည့်ပါ..ကျွန်တော့် ရည်းစားသည်ပါ..ခင်ဗျားတို့ အရေးအခင်းနဲ့ ကျုပ် ဘာမှ မဆိုင်ပါဘူး"

"ဟေ့..မလိုချင်ဘူး..ဒီလောက်စကားများတဲ့ကောင်..ကဲကွာ"

ဦးလူဒုတ်က သေနတ်ဒင်ဖြင့် မောင်ကလေး၏ ခေါင်းကို အလစ်ဝင်ထုလိုက် သည်။

သို့သော် မောင်ကလေး၏ ခါးကိုင်ထားသော ညာဘက်လက်ဖျံက အပေါ်မြောက် တက်သွားပြီး ဦးလူဒုတ်၏ အရှိန်ဖြင့်လာသော လက်ဖျံကို စည်းခံလိုက်သည်။

ဦးလူဒုတ်၏ အရှိန်ကပြင်းသဖြင့် လက်ကောက်ဝတ်အောက်ဖက်မှာ မောင် ကလေး၏ လက်ဖျံနှင့် ထိသည် ဖြောင်းခနဲအသံမြည်သွား၏။

လက်တွင်ကိုင်ထားသော ခြောက်လုံးပြူးမှာလည်း "ဒိုင်း"ခနဲ မိုးပေါ်သို့ ကျည်ထွက်ကာ လွတ်ကျသွား၏။
မောင်ကလေး၏ ဘယ်ဘက်လက်က ဦးလူဒုတ်၏တံတောင်ကို ကိုင်လိုက်ပြီး ညာလက်က လက်ကောက်ဝတ်ကို ကလပ်ကာအရှိန်ဖြင့် လှဲချလိုက်သောအခါ ဂျပ်ခနဲ အသံနှင့်အတူ ဦးလူဒုတ်၏ လက်ကျိုးထွက်သွားသည်။
ပုလိပ်သားသုံးယောက်မှာ ရိုင်ဖယ်များဖြင့် ချိန်ထားသော်လည်း နှစ်ဦးသား လုံးထွေးနေသည့် အခြေအနေမို့ ပစ်ခွင့်မသာခဲ့။
ထိုအချိန်တွင် ဘီလမ်းမှ လူအုပ်ကြီးထဲမှ လမ်း(၈၀)ဘက်သို့ ကျွံထွက်လာသူ လူအုပ်ကြီးနောက်သို့ လိုက်နေသော ဘားမားရိုင်ဖယ်တပ်သည် ဦးလူဒုတ်ထံမှ ကျည်ထွက်သွားသော အသံကြောင့် လမ်း ၈၀ ဘက်သို့ ရမ်းသမ်းပစ်ခတ်သဖြင့် ပုလိပ်သားများသည် မော်တော်ကားနောက်တွင် ဝင်ပုန်းကြရလေသည်။
မောင်ကလေးက လက်ကျိုးသဖြင့် လမ်းပေါ်တွင် လဲကာ ညည်းညူနေသော ဦးလူဒုတ် ၏ မျက်နှာကို ဖနှောင့်ဖြင့် တစ်ချက်ပေါက်လိုက်သည်။
ထို့နောက် ဘိုင်စကယ်ဘေးတွင် ရပ်လျက် တုန်ရီနေသော မြကြည်ကို ဘိုင်စကယ်ပေါ်တင်ကာ အနောက်ဖက်သို့ အားကုန် နင်းပြေးလေတော့သည်။
.....
.....
မြကြည် ဖျားပြီ။
သေနတ်သံကို လန့်ဖျား။
မောင်ကလေးနှင့် ပုလိပ်လူဒုတ် သတ်ပုတ်ခန်းကြောင့် ကြောက်ဖျား။
ကျည်ဆံများအကြား တဝှီဝှီနင်းလာသော စက်ဘီးနောက်မှ မျက်စိမှိတ်ကာလိုက်လာရဖြင့် ပန်းဖျား။
မောင်ကလေး မှာ ခြေမကိုင်မိ လက်မကိုင်မိ။
သတို့သမီးလောင်းကလေး အတွက် သူကိုယ်တိုင်တတ်မြောက်ထားသည့် ဗိန္ဓောပညာဖြင့် ဆေးစပ်သည်။
ယောနယ်တွင် သူသင်ကြားလာသည့် လောကျမ်းလာ ဆေးလက်ာများကို ပြန်ရွတ်ရသည်။
အပူနာ၊ အအေးနာခွဲခြားပြီး ဓာတ်စာ တွက်ချက် သတ်မှတ်သည်။
ထိုအချိန်တွင် အိမ်ရှေ့သို့ ရထားလုံးတစ်စီး ရောက်လာ၏။
"ကိုမောင်ကလေး..ကိုမောင်ကလေး"

ဝင်လာသူ ဆီဘသော်။
"ဘိုင်စကယ်လာယူတာလား..ကိုဘသော်"
ကိုဘသော် က အိမ်ထဲဝင်လာရင်း
"ကိုယ့်ဆရာကတော့ လုပ်လိုက်ပြန်ပြီနော်"
"ဘာဖြစ်လို့တုန်းဗျ"
"ဘာဖြစ်ရမှာလဲ ငါ့လူရ..နေ့လည်က လမ်း ၈၀ မှာ ပုလိပ်ကို တီးထည့်လိုက်တာ ခင်ဗျားမဟုတ်လား"
"ဟုတ်တယ်..ကိုဘသော်..သူက ကျုပ် သေနတ်နဲ့ လာထုတာကိုဗျ"
"အိမ်တွေထဲက ပုန်းကြည့်နေတဲ့ လူတွေ ထဲမှာ ခင်ဗျားကို သိတဲ့လူက သိတယ်ဗျ။ စိန်ခါးမြောင်လူထွက်ကို ပုလိပ်က သေနတ်နဲ့ပစ်တာ ကျည်က မမှန်ပဲ ပုလိပ်ပဲ လဲသွားတယ်တဲ့။ နောက် စစ်တပ်က လိုက်ပစ်တော့လည်း ခင်ဗျားကို ကျည်လွဲတယ်ဆို...ခု ခင်ဗျားက သေနတ်ပီးတယ်လို့ပါ ပြောနေကြပြီ"
"ဒုက္ခပဲ..ကျုပ်ကို ပုလိပ်တော့ လာဖမ်းမှာ သေချာတယ်ဗျ"
"စိတ်တော့ သိပ်မပူပါနဲ့ဗျာ..အခု ဒီကောင်တွေ အလုပ်ရှုပ်နေတယ်ဗျ..ခင်ဗျားတီးလိုက်တဲ့ ပုလိပ်ကလည်း ခင်ဗျားကို မသိပါဘူး..ဘေးက လူတချို့ကသာ သိတာ။ သီပေမယ့် ဒီပုလိပ်တွေကို စောက်မြင်ကပ်လို့ ဘယ်သူမှ ပြောမှာမဟုတ်ဘူး"
"အေးဗျာ..နောက်ကနေ သေနတ်တွေနဲ့လည်း လိုက်ပစ်ကြတာ..ကံကောင်းလို့မသေတာ"
ဆီဘသော်က သက်ပြင်းချလိုက်သည်။
"ငါ့လူကတော့ ကံကောင်းတယ်။ ကျွန်တော့် ကျောင်းသားကလေးတွေကတော့ ကံဆိုးကြတယ်ဗျာ။ မနက်က စစ်တပ်က ပစ်လို့ သေကုန်ကြတယ်"
"ဘယ်နှစ်ယောက်တောင် သေကုန်တာလဲ"
"ဘုန်းကြီးခုနှစ်ပါး၊ လူဆယ်ယောက်ဗျာ။ ဟိုတစ်လောက ခင်ဗျားနဲ့ ကျွန်တော် အိမ်တော်ရာဇရပ်မှ တွေ့ကြတဲ့ ဦးကေလာသ လည်း ပစ်ခံပြီး ပျံလွန်တဲ့အထဲ ပါသွားတယ်"
"ဟင်..ကေလာသ ပါသွားတယ်လား"
"ဆင်တဲတိုက်သစ်က ဦးကေတုလည်း ပါတယ်ဗျာ။ ကျွန်တော့်အသိ သတင်စာရောင်းတဲ့ မောင်ထွန်းအောင်လေးတောင် ပါသွားတယ်"
မောင်ကလေး က ဆေးဖော်ရန် ပြုတ်နေသည့် ဖာလာအိုးကို မွှေလိုက်ရင်း သက်ပြင်းချသည်။

"သြော်.ကောလာသ...ကျုပ်နဲ့ မြဲကြဲည် စျေးချိုက ထွက်တော့တောင် လူအုပ်ရှေ့မှာ သူ့ကို တွေ့လိုက်သေးတယ်"

"အင်း.ကျောင်းသားလေးတွေလည်း မသေသင့်ပဲ သေကုန်ရတယ်..ဒီအစိုးရကလည်း တယ်ရက်စက်တာပဲဗျာ..သူတို့ မို့ ပစ်ရက်တယ်"

"အေးဗျာ..သူတို့လက်ထဲ လက်နက်ရှိတော့လည်း ဘယ်တတ်နိုင်မလဲ"

"..ဒါကြောင့်မို့ ခင်ဗျားလို တကယ် ကျည်ပြီး တုတ်ပြီး ဓါးပြီးလူတွေ ဒီအင်္ဂလိပ်အစိုးရ ကို တော်လှန်စေချင်တာ"

"ကျည်ဆံတော့ ဘယ်သူက ပြီးမလဲဗျာ..ဒါပေမယ့် ကျုပ်က ကိုယ်လုံပညာတတ်တော့ ကိုယ့်ရန်မူလာရင် ပြန်ခုခံရှောင်တိမ်းလို့ရတာမျိုးပါ။ အင်္ဂလိပ်မှ မဟုတ် ဘူး ဘယ်ကောင့်ကိုမှတော့ မတော်လှန်ပါရစေနဲ့"

"ခင်ဗျား မျိုးချစ်စိတ်နည်းလှပါလား..ကိုမောင်ကလေးရဲ့"

"ဟော့လူရေ...ပြောလည်းခံရမှာပဲ...ကျုပ်မှာ များတာဆိုလို့ မြကြည်ကို ချစ်တဲ့စိတ်ပဲရှိတယ်။ အဲဒီ အင်္ဂလိပ်အစိုးရ ဆိုတဲ့ကောင်တွေက မြကြည်ကို လာလုရင်တော့ ခံချမှာပဲ။ မြကြည်ကို လိုချင်လို့ ရဟန်းခုနှစ်ဝါတောင် စွန့်လာတာဗျ.."

"ခင်ဗျားဟာ ခင်ဗျား မြှာမွှန်တာတော့ မွှန်တာပေါ့ဗျာ..ဒါပေမယ့်..ကိုမောင်ကလေး ရဲ့..ဒီနေ့ အပစ်ခံရလို့ သေတဲ့ကလေးတွေသာ ကျွန်တော်တို့ တူသားများဆို ဘယ့်နှယ့်လုပ်ကြမလဲ..ခင်ဗျားမှာ တတ်ထားတဲ့ ကိုယ်လုံပညာတွေ သူတို့ကိုလည်း သင်ပေးသင့်တာပေါ့"

"ဒီမယ် ကိုယ့်ဆရာ..ကျုပ်မှာ မြကြည်ကို လူလိုသူလို ထားနိုင်ဖို့ ရှာဖွေရဦးမယ်။ အချိန်မရှိဘူးဗျ။ ငွေရှာရဦးမယ်"

"ကဲ..ကျွန်တော် တစ်ခါ ပြောပြီးပါကော။ ခင်ဗျားကို အလကားမသင်ခိုင်းဘူး။ စိန်ခါးမြောင်ကြီး သိုင်းသင်တယ်ဟေ့ဆိုတာနဲ့ ဘယ်လောက်ပေးရပေးရ ပေးပြီး သိုင်းလာသင်ချင်တဲ့ လူငယ်တွေ တပုံကြီး။ အဲ့ဒါက စီးပွားရေးလည်း စီးပွားရေးဗျ"

မောင်ကလေး တွေဝေသွားသည်။

"ဒီမယ်..ငါ့လူ..ခင်ဗျား သိုင်းသင်မယ်ဆို..ရွှေတချောင်းမြောင်းပေါင်က ရတနာဒီပံပုန်ပတိုက်နားမှာ ကျွန်တော့် ဝိုင်း တစ်ခုရှိတယ်။ အဲ့ဒီမှာဆို ခင်ဗျား သိုင်းလည်းသင်ပေး။ စစ်ကိုင်းပို့မယ့် ဆိတွေကို လှောင်ထားမယ့် ပွဲရုံအသေးလေးလည်း ဖွင့်လို့ရတယ်။ အဲ့ဒီဝိုင်းကို ကျွန်တော် လျော့စျေးနဲ့ ရှောင်းပေးမယ်။ ပိုက်ဆံကိုတော့ ခင်ဗျားရတဲ့အထဲက ကျွန်တော့်ကို အရစ်ချပေးပေါ့ဗျာ။ ဘယ့်နှယ့်လည်း"

"ခင်ဗျား..တကယ်ပြောတာလား"

"ညာရမယ့် အစားလား ငါ့လူ"
"ဟုတ်ပြီလေ..ကျုပ် သိုင်းသင်ပေးမယ်..ခင်ဗျားသာ လူရအောင်စုပေး"
"ရတယ်..မနက်ဖန် ဆရာကြီးဦးရာဇတ်ရဲ့နေရှင်နယ်ကျောင်းထဲမှာ ထားထားတဲ့ ကျွဆုံးသူ (၁၇)ယောက်ကို စုဘုပနလုပ်မယ့်ကိစ္စ အိမ်တော်ရာဝန်းထဲမှာ စုဝေးတိုင်ပင်ကြမယ်တဲ့ဗျ...အဲ့ဒီကို ခင်ဗျားနဲ့ ကျွန်တော်သွားကြမယ်..မျိုးချစ်စိတ်ရှိတဲ့လူငယ်တွေကို စိန်ခါးမြောင်က သိုင်းပညာသင်ပေးမယ်ဆိုပြီး သွားအသိပေးကြတာပေါ့..သူတို့ကလည်း လိုအပ်တာရှိရင် ကူညီကြမှာပါ"
၁၉၃၉ ဖေဖော်ဝါရီ (၁၁)ရက်။
နေ့လည် (၁၁)နာရီတွင် စိန်ခါးမြောင်မောင်ကလေး နှင့် ဆီဘသော်တို့သည် အိမ်တော်ရာဘုရားဝန်းဘက်သို့ ဘိုင်စကယ်တစ်စီးဖြင့် ထွက်လာကြသည်။
အိမ်တော်ရာဘုရားဝန်းထိပ်အရောက်တွင် အသက် (၁၆)နှစ်ခန့် သူငယ်တစ်ဦးအား ကတုံးပြောင်ပြောင် လူနှစ်ဦးက အတင်းဖမ်းချုပ်နေသည်ကို တွေ့ရသည်။
လူငယ်က အော်ဟစ်ရုန်းကန်နေ၏။
နောက်တွင် ရဟန်းတစ်ပါးက သင်တုန်းခါးကို ကိုင်ကာ လာနေသည်ကိုလည်း တွေ့လိုက်ရသည်။
ရှေ့မှ နင်းလာသော ဆီဘသော်က ဘိုင်စကယ်ကို ရပ်လိုက်သည်။
မောင်ကလေး က နောက်ကယ်ရီယာခုံမှ ခုန်ဆင်းလိုက်၏။
"ဘာဖြစ်ကြတာတုန်းဗျ...အများနဲ့တစ်ယောက်ကို..အတင်းအဓမ္မဖြစ်နေကြတယ်"
ထိုအချိန်တွင် သင်တုန်းခါးကိုင်ထားသော ရဟန်းပျိုတစ်ပါး ရောက်လာသည်။
"ဘာဖြစ်ရမှာလဲ..ဒကာ..ဒီဘိုကေ ကို ကတုံးရိတ်ပစ်မလို့ပေါ့"
"မလုပ်နဲ့နော်..ကျုပ်ဆံပင်ကို မလုပ်ကြနဲ့..မလုပ်ကြနဲ့"
လူငယ် က ကန်ကျောက်ရုန်းကန်နေ၏။ သို့သော် သူ့ထက် အတော်အသင့်သန်မာသော လူကြီးနှစ်ဦးက တစ်ဖက်စီမှ ချုပ်ထားသဖြင့် အချည်းအနှီးပင်။
မောင်ကလေးက ရှေ့သို့ တိုးသွားလိုက်သည်။
"သူ မရိတ်ချင်တာကို မရိတ်ကြပါနဲ့ဗျ..ဘယ့်နယ့် ဇွတ်လုပ်နေကြပါလား..ဘယ်လိုဖြစ်တာတုန်း"
"ဒီမယ်..ဒကာ ကျုပ်တို့က ဒီအင်္ဂလိပ်အားပေး ဘိုကေတွေကို ဝံသာနုဆံပင်ဖြစ်အောင် ကတုံးလိုက်တုံးပေးနေတာ...ဒီအင်္ဂလိပ်တွေကြောင့် ကျုပ်တို့ လူတွေ မနေ့က အသက်ပေးခဲ့ပြီးပြီ..ဒီတော့ သပိတ်ဦးဆောင်အဖွဲ့အမိန့်နဲ့ ဓာတ်ရထား

တွေကို ဘယ်သူမှ မစီးဖို့ ဆုံးဖြတ်လိုက်ပြီး။ နောက်ပြီး အင်္ဂလိပ်တွေရဲ့ ဆံပင်ပုံစံ ဖြစ်တဲ့ ဘိုကေကိုလည်း ဘယ်ဗမာမှ မထားရဘူး..အိမ်တော်ရာဝန်းထဲမှာလည်း ဘိုကေမှန်သမျှ အကုန် ကတုံးရိုတ်ပစ်နေတာ..."

"မဟုတ်သေးပါဘူး..ဦးဇင်းရယ်...ဝံသာနုနဲ့ ဘိုကေ ဘာမှ မဆိုင်ပါဘူး..ဒီသူငယ် ဘိုကေကို ကတုံးရိပ်လိုက်လို့လည်း အင်္ဂလိပ်အစိုးရက ဘယ်နယ့်မှနေမှာမဟုတ်ဘူး..ဘိုကေ တစ်ခေါင်း ရဖို့ ဘယ်လောက် မွေးထားရတယ်ဆိုတာ တပည့်တော် အသိဆုံးပါ..မလုပ်ကြပါနဲ့ဗျ"

လူငယ်ကို ချုပ်ထားသော လူကြီးများအနက်မှ တစ်ဦးက မောင်ကလေးကို စိုက်ကြည့်လိုက်သည်။

"နေပါဦး..ကိုရင်က မလုပ်နဲ့ပြောရအောင် ဘာမို့လို့လဲ..မန္တလေးတစ်မြို့လုံး ကတုံးဖြစ်နေပြီ..နားလည်လား..ကိုရင်လည်း ဘိုကေနဲ့ဆိုတော့ ခဏနေ ဘုရားဝန်းထဲသွားရင် ဝိုင်းချုပ်ရိတ်ကြမှာ မပူနဲ့"

မောင်ကလေး မျက်နှာ တင်းခနဲဖြစ်သွားသည်ကို ဆီဘသော်ရိပ်မိလိုက်သည်။

မောင်ကလေး ၏ လက်မောင်းကို လှမ်းဆွဲလိုက်သည်။

ရဟန်းပျို၏ လက်ထဲမှ သင်တုန်းခါးက လူငယ်၏ ဘိုကေထက်တွင် တရမ်းရမ်း။

"ဒီမယ်.ဦးဇင်း..တပည့်တော်လည်း မနေ့တစ်နေ့ကမှ ရဟန်းဝတ်က ထွက်လာတာပါ..ချမ်းသာရကျောင်းက စိန်ဓားမြောင်ဦးပညာ ဆိုတာ..တပည့်တော်ပဲ...တပည့်တော် နိုင်ငံရေးလည်း နားမလည်ပါဘူး..ဒါပေမယ့်..ဦးပဇင်းတို့ အခုလို ဗမာဝံသာနု အော်ပြီး သူများဆံပင်ကို အတင်းလိုက်ဖြတ်တာ နည်းလမ်းမမှန်ဘူး လို့တပည့်တော်ထင်တယ်..တပည့်တော်က ဒီတိုင်းရပ်ကြည့်နေမှာမဟုတ်ဘူး..ဘုရား"

စိန်ဓါးမြောင်ဆိုသည့် အသံကြားသည်နှင့် လူနှစ်ဦး နောက်သို့ ရွံ့သွားကြသည်။

ရဟန်းပျိုကလည်း လက်ထဲမှ သင်တုန်းမားကို ပြန်သိမ်းလိုက်သည်။

"လာ..လာ..ဒကာတို့ အထဲပြန်ဝင်ကြမယ်..ဒီတစ်ကောင်တော့ ရှိပါစေတော့"

ရဟန်းပျိုနှင့် လူနှစ်ဦး သုတ်သုတ်သုတ်သုတ်ဖြင့် အိမ်တော်ရာဘုရားထဲ ဝင်သွားကြသည်။

အသားညိုညို၊ မျက်ခုံးထူထူ၊ ပိန်ပိန်ပါးပါးဖြင့် လူငယ်က မြေကြီးမှလူးလဲထကာ မောင်ကလေးတို့ကို ကျေးဇူးတင်ဟန်ဖြင့်ကြည့်သည်။

"ကဲ..ကိုဘသော် ကျုပ်လည်း အထဲမဝင်ချင်တော့ဘူး..ခင်ဗျားလည်း ဘိုကေ အဆုံးမခံနိုင်ဘူးမဟုတ်လား..ပြန်ကြမယ်..သိုင်းသင်မယ့် ကီစွ လည်း သင်ချင်တဲ့သူ လာသင်ပါစေတော့ဗျာ"

ဆီဘသော်က သူ့ခေါင်းမှ ဘိုကေလေးကို စမ်းကြဲည့်လိုက်သည်။
"စမ်းမနေနဲ့ ကိုယ့်လူ..ကျုပ်က မကြာခင် မင်္ဂလာဆောင်တော့မှာ..မင်္ဂလာဆောင်မှာ ခေါင်းပြောင်ကြီးနဲ့တော့ မနေချင်ဘူး..အသက်(၂၇)နှစ်အထိကတုံးနဲ့နေပြီးပြီ..ဘယ့်နှယ့် အခုဘိုကေလေး စရခါမှ ဝံသာနုဆိုပြီး ကတုံး တုံးရမယ်ဆို တယ်မနှပ်ဘူးဗျ..လာ..လာ တော်နေကြာ..နောက်ထပ်လူတွေ ထပ်ထွက်လာရင် ကျုပ်လည်း ဖြိမခြောက်နိုင်တော့ဘူး..ပြန်ကြမယ်..ဟိုကောင်လေး..မင်းလည်း ခေါင်းတုံးမဖြစ်ချင် မြန်မြန်သွားတော့"
လူငယ်လည်း လှစ်ခနဲ ပြေးထွက်သွား၏။
ဆီဘသော်နှင့် မောင်ကလေးလည်း စက်ဘီးဖြင့် လာရာလမ်းသို့ ပြန်လည် ဦးတည်လိုက်တော့သည်။
အိမ်တော်ရာဘုရားဝန်းအတွင်းတွင်ကား လာသမျှဘိုကေကို ဝိုင်းချုပ်ဖမ်းကာ ကတုံးရိပ်ပေးခြင်းဖြင့် ဆူညံနေတော့သည်။
စျေးချိုနှင့် မန္တလေးတစ်ရပ်လုံးမှ ဘိုကေမင်းသားအတော်များများမှာ အိမ်တော်ရာထွက် ဝံသာနုကတုံးများ ဘဝ ရောက်ရရှာလေသည်။
စိန်ခါးမြောင်မောင်ကလေး၊ ဆီဘသော်နှင့် ကံကောင်းသူလူငယ်တို့သာ အိမ်တော်ရာကတုံးအရေးတော်ပုံကြီး မှ လွတ်မြောက်ခဲ့ပေသည်။
……
……
……

အခန်း(၄)

သိုင်းဆရာစိန်ဓါးမြောင်။
ပွဲစားကိုမောင်ကလေး။
ရဟန်းဘဝမှ ထွက်လာပြီးနောက် ဘဝနှစ်မျိုးတွင် မောင်ကလေး ကျင်လည်ရသည်။
သိုင်းဆရာစိန်ဓါးမြောင်တွင် တပည့်တပန်းများသည်။
ပွဲစားကိုမောင်ကလေးတွင် အသိမိတ်ဆွေများသည်။
စိန်ဓါးမြောင်၏ သိုင်းသင်တန်းကလည်း မန္တလေးတင်မက စစ်ကိုင်း၊အမရပူရ၊ ရွှေဘိုတို့မှ လူငယ်ထုများအထိ ကျောင်ကြားလာ၏။
၁၉၃၉ ခုနှစ် မေလ၊ အဖိတ်နေ့တစ်ရက်တွင် စိန်ဓါးမြောင် ၏ သိုင်းသင်တန်းပေးနေရာသို့ လူငယ်နှစ်ဦး ဝင်လာသည်။
ဗန်ဒို (၆၃)မောင်း လေ့ကျင့်နေကြသော လူငယ်များကို ထိုင်လျက်ငေးမောကြသည်။
သူတို့ကို စိန်ဓါးမြောင်က မသိချင်ယောင်ဆောင်နေလိုက်သည်။
စိန်ဓါးမြောင်၏ သိုင်းသင်တန်းပေးသည့် အဖိတ်နေ့တိုင်း သူတို့နှစ်ဦးရောက်လာကာ ငေးမောသည်။ ထို့နောက် သင်တန်းမဖြုတ်ခင်တွင် ပြန်သွားကြသည်။
လေးကြိမ်မြောက် ရောက်လာအပြီးတွင်တော့ သူတို့နှစ်ဦးထိုင်နေရာသို့ စိန်ဓါးမြောင် က လမ်းလျှောက်သွားသည်။
သူတို့ဆီ တည့်တည့်လာနေသော စိန်ဓါးမြောင်ကို ကြည့်ကာ သူတို့နှစ်ဦးသားကြောင်နေကြသည်။
"မင်းတို့ ဘာလာလာလုပ်နေကြတာလဲ"
"ဆရာကြီး သိုင်းချတာတွေ လာကြည့်တာပါ"
"မင်းတို့အသက် ဘယ်လောက်ရှိပြီလဲ"
"၁၆ နှစ်လောက်တော့ ရှိမယ်ထင်ပါတယ်။ ကျွန်တော်တို့က ညီအစ်ကိုပါ။ မိဘမရှိတော့ မွေးသက္ကရာဇ် မသိပါဘူး"
"မင်းနာမည်က"
"ဘမောင်ပါ..ဆရာကြီး"

အသားညိုညို၊ ခန္ဓာကိုယ်တုတ်တုတ်ခိုင်ခိုင်၊ အရပ် ၅ ပေ ၈ လက်မ၊ ဂျစ်တိဂျစ် ကန်ရုပ်ဖြင့် လူငယ်က ဆိုသည်။

"မင်းကရော"

"လှမောင် ပါ.."

ထိုလူငယ်က ပထမလူငယ်နှင့် ရုပ်ချင်းဆင်သော်လည်း အသားကအနည်းငယ်ပို လတ်သည်။

"ဘမောင်နဲ့ လှမောင်..ညီအစ်ကိုသာ ပြောတယ် တစ်ကောင်က အဖြူ၊ တစ် ကောင်ကအမဲပဲ။ မင်းတို့ ဘယ်က လာကြတာလဲ"

"စစ်ကိုင်းဘက်ကပါ..ဆရာကြီး"

"သြော်..စစ်ကိုင်းကတောင် လာရတာလား"

လူငယ်နှစ်ဦးက ခေါင်းညိတ်ပြသည်။

"မင်းတို့ သိုင်းသင်ချင်တာလား"

"ကျွန်တော်တို့မှာ ရေစင်ဖိုးတောင်ပေးဖို့မရှိပါဘူး။ ကျွန်တော်တို့က မိဘမဲ့တွေ ပါ။ စစ်ကိုင်း ဌက်ဆိပ်မှာ လူခေါပေးကြပါတယ်။ ဆရာကြီးဒီမန်းလေးဘက်မှာ သိုင်းသင်ပေးတဲ့သတင်းကြားတော့ အဖိတ်နေ့မနက်ဆို အစောကြီးဌက်လှေနဲ့ လိုက်လာပြီး ဒီမှာလာကြည့် ပြီးရင် ပြန်ကြတာပါ"

"မင်းတို့ ဝါသနာကိုတော့ ငါကြိုက်သွားပြီ။ ဒါပေမယ့် ငါ့ပညာကို အလကားတော့ သင်ပေးလို့မရဘူး။ မင်းတို့ ဌက်ဆိပ်မှာ လူခေါပေးတာ တစ်ရက်ဘယ်လောက်ရ လဲ"

"တခါတလေတော့ နှစ်မူး၊သုံးမူး တစ်ခါတစ်လေတော့ ငါးမူးလောက် ရတတ်ပါ တယ်..ဆရာကြီး"

"အေး..နောက်တပတ် အဖိတ်နေ့ကျ တစ်ယောက် တစ်ကျပ်ရအောင်ရှာလာခဲ့..ငါ့ သင်တန်းကြေးက တစ်ဝိုင်းကို တစ်ဆယ်ယူတယ်ကွ။ မင်းတို့ကို တစ်ဝိုင်းတစ် ကျပ်နဲ့ သင်ပေးမယ်"

"ဟာ..ကျွန်တော်တို့ ရအောင်ရှာခဲ့ပါမယ်..ဆရာကြီး"

ညီအစ်ကိုနှစ်ယောက်၏ လေသံက တက်ကြွနေသည်။

.....
.....

၁၉၃၉ အောက်တိုဘာလတွင် အာဏာလက်လွတ်သွားပြီဖြစ်သော ဒေါက်တာဘ မော် သည် သခင်အောင်ဆန်း၊ သခင်မြ၊ သခင်နု၊ သခင်သန်းထွန်းတို့ တို့ဗမာ

အစည်းအရုံးဝင်များ၊ ဒေါက်တာသိန်းမောင်၊ မန္တလေးဦးဘရွှေ၊ ဦးစောဖေသာ၊ ဦးဘဦး တို့နှင့် ပူးပေါင်းကာ ဗမာထွက်ရပ်ဂိုဏ်းကို ဖွဲ့စည်းခဲ့သည်။
ဒေါက်တာဘမော် နှင့် ဗမာထွက်ရပ်ဂိုဏ်းမှ နိုင်ငံရေးသမားများသည် နိုင်ငံရေးအရ အရေးပါသော မန္တလေးသို့ တက်လာကြသည်။
နေရွှင်နယ်ကျောင်းတွင် တရားပွဲများ ကျင်းပရာ လူများ တိုးမပေါက်အောင် စည်ကားဏ်။
ဒေါက်တာဘမော်၊သခင်နု၊ ဗန္ဓုလဦးစိန်၊ ဦးဘဦးတို့ ဟောပြောကြသည်။
မန္တလေး၏ လေးရပ်လေးပြင်တွင် နိုင်ငံရေးတရားပွဲများသာ ကြီးစိုးနေသည်။
ထိုအချိန်တွင် စိန်ဓါးမြှောင်မောင်ကလေးကတော နိုင်ငံရေးကို စိတ်မဝင်စား။
သူ၏ တိုးတက်လျက်ရှိသော ဆီပွဲစားလုပ်ငန်းနှင့် ဝင်ငွေဖြောင့်သော သိုင်းသင်တန်းတို့ဖြင့် စီးပွားရေးမှာလည်း သောင်သာလျက်ရှိ၏။
သိုင်းသင်သည့် တပည့်တပန်းများဖြင့် စိန်ဓါးမြှောင်၏ အိမ်မှာလည်း အမြဲမပြတ် စည်ကားလျက်ရှိနေတော့သည်။
တဖြည်းဖြည်းနှင့် မောင်ကလေး ဟူသော နာမည်ပျောက်ကာ စိန်ဓါးမြှောင် နာမည်သည် အတည်ဖြစ်လာသည်။
.....
၁၉၄၁ အောက်တိုဘာလ (၄)ရက်။ သီတင်းကျွတ်လပြည့်နေ့။ စနေနေ့။ ညနေမှောင်ရီပျိုးချိန်။
မောင်ကလေးနှင့် မမြကြည် သည် ယောကျ်ားမဖြစ်သူ ဦးသန်းကို သွားရောက်ကန်တော့ကြသည်။
ထို့နောက် မကြာမီကမှ ဝယ်ယူထားသော Velosolex ဘိုင်စကယ်ဖြင့် ရွှေတချောင်းမြောင်းဘောင်ရှိ စိန်ဓါးမြှောင်ခြံသို့ ပြန်လာခဲ့ကြသည်။
ဘိုင်စကယ်အားသော့ခတ်ပြီး အိမ်ပေါ်သို့ တက်လိုက်သောအခါ အိမ်ရှေ့နှင်းတွင် အိမ်နေတပည့် ခါလေး နှင့်အတူ လူနှစ်ဦး ထိုင်နေသည်ကိုတွေ့လိုက်ရသည်။
"ဆရာကြီး..ဒီမှာ ကိုဘမောင်တို့ ညီအစ်ကို ရောက်နေတယ်..ဆရာကြီးကို ကန်တော့ချင်လို့တဲ့"
မောင်ကလေး က လူနှစ်ဦးအားသေချာကြည့်လိုက်သည်။
"ဟာ..မင်းတို့ညီအစ်ကိုကွာ..ပျောက်သွားလိုက်တာ..ငါ့ဆီ တစ်ခါတစ်လေလေးတောင် ပြန်မလာကြတော့ဘူး....တော်တော်နေနိုင်တဲ့ကောင်တွေ"

"ဟုတ်ပါတယ်..ဆရာရယ်..ကျွန်တော်တို့ ညီအစ်ကို ဆရာ့ဆီက သိုင်းသင်ပြီးတာနဲ့ အထက်ဘက်ကို ရွှေတူးထွက်သွားကြတာ..အခု ဒီသီတင်းကျွတ်တော့ ဆရာ စိန်ခါးမြောင်ကို မဖြစ်ဖြစ်အောင် သွားကန်တော့မယ် ဆိုပြီး လာခဲ့တာပဲ"

"မင်းတို့ အဆင်ပြေကြရဲ့မဟုတ်လား..ငါ့လူတွေ"

"ပြေပါတယ်..ဆရာ...ပြေလို့လည်း ဟော့ဒီမှာ ပစ္စည်းတွေနဲ့ လာကန်တော့တာပေါ့"

လှမောင် နှင့် ဘမောင် ညီအစ်ကိုက အောက်တွင် ကုံ့ကုံ့လေးထိုင်လိုက်သည်။

"မင်းတို့စားဖို့ အမ ထမင်းပွဲ၊ဟင်းပွဲ သွားပြင်လိုက်ဦးမယ်"

မမြကြည်က မနေတတ်သဖြင့် ထပြေးဖို့ ကြံသည်။

"နေပါဦး..ဆရာကတော်ရယ်..ဆရာကြီးရော..ဆရာကတော်ကို ပါ ကန်တော့ချင်တာပါ...ကျွန်တော်တို့ကို မဖြစ်စလောက်ငွေလေးနဲ့ သိုင်းပညာကုန်နီးပါးသင်ပေးခဲ့တဲ့ ဆရာကြီးကျေးဇူးရော..အိမ်မှာအမြဲ ကျွေးမွေးထားတဲ့ ဆရာကတော် ကျေးဇူးကပါ ကြီးလှပါတယ်"

မောင်ကလေးက မမြကြည်၏ လက်ကို ဆွဲကာ အသာပြန်ထိုင်ခိုင်းလိုက်သည်။

"ဒါက ဆရာကြီးအတွက် ရွှေဒင်္ဂါးတံဆိပ် လေးပင်လိမ်ဘန်ကောက်ပုဆိုးနဲ့ ယူနီကောင်းစီးကရက် တစ်ကာတွန်းပါ၊ ဒါက ဆရာကတော်အတွက်"

မမြကြည်က သူ့ထံ ကမ်းပေးသော ဘူးကလေးကို လှမ်းယူလိုက်သည်။

"ဘာတွေများလဲ မောင်ဘမောင်ရဲ့"

"ရွှေဒင်္ဂါးငါးပြားနဲ့ စိန်ရင်ထိုးလေးတစ်ခုပါ"

မောင်ကလေးရော၊ မမြကြည်တို့ပါ အံ့သြသွားကြသည်။

"ဟာ..ဟော့ကောင်တွေ..မင်းတို့ဟာက ဟုတ်ရဲ့လားကွ..ဒီလောက်တန်ဖိုးကြီးတာတွေ"

"ဟုတ်ပါတယ်..ဆရာရယ်..ကျွန်တော်တို့ ညီအစ်ကို ရွှေတူးပြီးရတဲ့ငွေကို စုပြီး ဝယ်ပေးတာပါ..ဆရာနဲ့ ဆရာကတော်ရဲ့ ကျေးဇူးထက်စာရင် ဒါက ဘာမှ မဟုတ်သေးပါဘူး..ကျွန်တော်တို့မှာ တတ်နိုင်တဲ့အချိန်လေး ဝယ်ပေးရတာ..လက်ခံပါ..ဆရာရယ်နော်"

"ဒီလောက် တန်ဖိုးများတာတွေကတော့ကွာ"

"ယူထားပါ..ဆရာရယ်..ခုန ခါလေးက ပြောတယ်..ဆရာကတော်မှာလည်း မပေါ်မပါးက နှစ်လရှိပြီဆို..ဘာပဲဖြစ်ဖြစ် ကလေးမွေးတဲ့အခါ ရွှေလေးဘာလေး ခမည်းလုပ်ပေးလို့ရတာပေါ့"

ဘမောင်က တောင်းတောင်းပန်ပန်ဖြင့်ပြောသဖြင့် မောင်ကလေးတို့ လင်မယားဘာမှ ထပ်မပြောတော့။
ထိုနေ့ညက ဆရာတပည့်များသိုက်သိုက်ဝန်းဝန်းဖြင့် ထမင်းစားကြသည်။
နောက်တစ်နေ့မိုးလင်းမှ ဘမောင်၊ လှမောင် ညီအကိုတို့ စစ်ကိုင်းကူတို့ဆိပ်သို့ ဆင်းသွားကြသည်။
.....
ဝ၉၄၁ ဒီဇင်ဘာလ ၁၅ ရက်။
ချမ်းအေးပါသည်ဆိုသည့်အပြင် အချိန်က ညကိုးနာရီမို့ လူသူအသွားအလာ ရှင်းလင်းနေ၏။
တချက်တချက် ပြည်ကြီးပျော်ဘွယ်အရပ်ဆီမှ အငြိမ့်ပွဲအသံကို ကြားနေရသည်။
"ကြည်လင်သောမျက်လုံးလေးက.... တစ်ဖက်လူ...အသက်ရှူမှားအောင် ပြုံးလို့ တုံမြူ....မူယာယဉ်ကျေး..မျက်နှာလေး..ဝေးကမြင်..မောင့်စိတ်ဘဝင် လှုပ်ဆူ..ဘုံကြိုးပြတ်မိုးနတ်တူ..မြင်ရသူ ရူမဝ..လှမဥ္ဇူ.."
မောင်ကလေးတို့အိမ် ထဲရှိ ခွေးတံဆိပ်ဓာတ်ပြားစက် အသစ်စက်စက်မှ သုခ၏ လှမဥ္ဇူ သီချင်းသံက ပျံ့လွင့်နေသည်။
နာမည်ကျော် မြို့မငြိမ်း၏အနုပညာလက်ရာမို့ စာသားများက အိစက်နေတော့သည်။
ထိုအချိန်တွင် ခြံရှေ့မှ လူသံများကြားလိုက်ရ၏။
"စိန်ခါးမြောင်..စိန်ခါးမြောင်"
မောင်ကလေး က ဓာတ်ပြားစက်ကို ပိတ်လိုက်သည်။
"ဟေ့..ခါလေး..ခြံရှေ့မှာ ဘယ်သူတွေလဲမသိဘူး..သွားကြည့်စမ်း"
ခါလေး က မီးအိမ်ကို ထွန်းကာ အိမ်ရှေ့သို့ ထွက်ကြည့်သည်။
"ဟေ့..ဒါ စိန်ခါးမြောင် အိမ်မဟုတ်လား"
"ဟုတ်ပါတယ်..ဘယ်သူတွေများလဲ"
ခါလေးက မီးအိမ်ကို မြှင့်ကာ ကြည့်လိုက်၏။
လက်နက်ကိုယ်စီဖြင့် ပုလိပ်များ။ သူတို့နောက်တွင် အသက်ကြီးကြီး အမျိုးသားနှင့် အမျိုးသမီးတစ်ဦး။
"ဟေ့..ခုချက်ချင်း တံခါးဖွင့်စမ်း...ခုခံမယ်..မကြံနဲ့နော်"

ရိုင်ဖယ်သေနတ်များဖြင့် ထိုးချိန်ထားသဖြင့် ခါလေးက တံခါးဖွင့်ပေးလိုက်သည်။
တံခါးဖွင့်ဖွင့်ခြင်းပင် ပုလိပ်သားနှစ်ဦးက ခါလေးကို ဖမ်းချုပ်လိုက်ကြသည်။
"ဟိတ်ကောင်..အထဲမှာ မင်းဆရာ စိန်ခါးမြှောင်ရှိလား"
ထိုအချိန်တွင် ခြံထဲမှ အသံများ ကြားသဖြင့် မောင်ကလေး ထလာသည်။
"ဘာဖြစ်ကြတာလဲဗျ..ကျွန်တော် စိန်ခါးမြှောင်ပါပဲ"
ပုလိပ်အရာရှိက သေနတ်ဖြင့် ထိုးချိန်လိုက်သည်။
"လက်မြှောက်ပြီး အောက်ဆင်းခဲ့စမ်း..အိမ်ပေါ်မှာ ဘယ်သူရှိသေးလဲ..အကုန်ဆင်းခဲ့"
မောင်ကလေးဆင်းလာသည်။ နောက်မှ မမြကြည်ပါ ပါလာသည်။
"သူတို့ကို ကြိုးတုတ်လိုက်စမ်း.."
မောင်ကလေးက နောက်သို့ တလှမ်းဆုတ်နင်းလိုက်သည်။
"ဟေ့..စိန်ခါးမြှောင် ခုခံမယ်မကြံနဲ့..မင်းကို ခါးပြမှုနဲ့ဖမ်းဖို့လာတာ..ဝရမ်းလည်းပါတယ်..ပစ်မိန့်ပါရထားတာနော်..အေးအေးဆေးဆေးနေ..လင်မယားနှစ်ယောက်လောင်း နှစ်လောင်းပြိုင်သွားမယ်"
"ကျုပ်တို့ကို ဘာကိစ္စ ဖမ်းတာလဲဗျ"
"မင်းနဲ့ မင်းတပည့် ဘမောင်၊ လှမောင်ညီအစ်ကို စစ်ကိုင်းက သူဌေးဦးကြင် အိမ်ကို ခါးပြတိုက်တဲ့အမှုပေါ့ကွ"
"ဟာ..ဘာတွေလဲ..ကျုပ် ဘာမှ မလုပ်ဘူးဗျ"
ထိုအချိန်တွင် ပုလိပ်သားနှစ်ဦးက မမြကြည်ကို ဖမ်းကာ ကြိုးတုတ်လိုက်ကြသည်။ မောင်ကလေးက ရွေ့တိုးရန်ပြင်လိုက်စဉ် ရိုင်ဖယ်သေနတ်နှစ်လက်က သူ့ရင်ဝကို စီးထောက်ထားခြင်းခံလိုက်ရ၏။
ထို့နောက် မောင်ကလေးကိုပါ လက်ပြန်ကြိုးတုတ်လိုက်ကြသည်။
"ကဲ..အိမ်ပေါ်တက်ရှာမယ်.သူတို့ပါ အိမ်ပေါ်ခေါ် ခဲ့ကွာ"
ပုလိပ်အရာရှိက အမိန့်ပေးပြီး အိမ်ပေါ် တက်လိုက်သည်။
ကြမ်းပြင်တွင် မောင်ကလေး၊ မမြကြည်နှင့် ခါလေး တို့ကို ကြိုးတုတ်လျက် ထိုင်ခိုင်းထား၏။
မီးအလင်းရောင်အောက်တွင် ရောက်သည့်အခါမှ ပုလိပ်အရာရှိက မောင်ကလေး၏ မျက်နှာကို သေချာကြည့်နေသည်။
ထို့နောက် မမြကြည့်ကို ကြည့်သည်။

"ချော်...ဘယ်သူတွေမျှားလဲလို့..စိန်ခါးမြောင်ဆိုတာ မင်းကိုက္ခ...ဟေ့..ဒီမယ်..မင်းငါ့ကို မှတ်မိလား..ကြည့်စမ်း"
ပုလိပ်အရာရှိက မောင်ကလေး၏ မေးကို နံပါတ်တုတ်ဖြင့် ထောက်က လှန်ရင်းမေးလိုက်သည်။
မောင်ကလေးက ပုလိပ်အရာရှိကို သေချာကြည့်နေသည်။
"ဟေ့..လမ်း(၈၀)မှာတုန်းက မင်းငါ့ကို နွားသွားတဲ့ ရာဇဝတ်အုပ်လူဒုတ်ဆိုတာ ငါပဲ.ဒီမှာကြည့်စမ်း..ငါ့လက် မင်းကြောင့်ကျိုးသွားတာ...ခွင့်သုံးလလောက်ယူလိုက်ရတယ်ကွ..သိလား..ခွေးမသားခါးပြ.."
ဦးလူဒုတ်က အံကိုကြိတ်ပြီး ဆဲရေးလိုက်သည်။
"ဒီမယ်..မင်းတပည့်နှစ်ကောင်တော့ ငါတို့ ဖမ်းမိထားပြီ..ပစ္စည်းတွေမင်းဆီအပ်ထားတယ်ဆိုတာလည်း သတင်းရထားပြီးပြီ..တွေ့လို့ကတော့ မင်းသေဖို့သာပြင်ထား..ဟေ့..တစ်အိမ်လုံး ရှာကြစမ်း"
ပုလိပ်များက တစ်အိမ်လုံးကို မွှေနှောက်ရှာဖွေကြသည်။
ဆာဂျင်အဆင့်ပုလိပ်တစ်ဦးက အိပ်ခန်းခေါင်းရင်းဘီဒိုထဲရှိ ယွန်းသေတ္တာတစ်လုံးကို ယူလာသည်။
ထို့နောက် မောင်ကလေးတို့ရှေ့တွင် ဖွင့်လိုက်သည်။
ထိုအထဲတွင် မမြကြည်စုဆောင်းထားသော ရွှေထည်ပစ္စည်းနှင့် ငွေများ။
ထိုအထဲမှ ဗူးကလေးနှင့်ထည့်ထားသော ကဒေါင်းပုံစိန်ရင်ထိုးကလေးနှင့် ရွှေဒင်္ဂါးငါးပြားကို တွေ့သည်နှင့် သူဌေးဦးကြင်၏ ကတော်ကြီးထံမှ အသံထွက်လာသည်။
"ဒါ ဒေါ်ဒေါ့်ပစ္စည်း...ဒေါ်ဒေါ့်ပစ္စည်းပါ..ရာဇဝတ်အုပ်မင်း..ခါးပြတွေလက်ထဲပါသွားတဲ့ စာရင်းမှာလည်းပါပါတယ်"
သူဌေးဦးကြင်က ရွှေဒင်္ဂါးပြားများကို ယူကြည့်လိုက်ပြီး
"ဒါ ဦးတို့ ခါးပြတိုက်ခံလိုက်ရတဲ့ ရွှေဒင်္ဂါးတွေပဲ..မောင်လူဒုတ်"
"မဟုတ်ဘူး..အဲ့ဒါ ကျွန်တော်တို့ ဘာမှ မသိဘူး..ကျွန်တော်တပည့်တွေ လာကန်တော့ထားတာ"
"မင်းမေလိုးကို လာကန်တော့တာလား...ခါးပြတိုက်လာတာတွေကွ..ခါးပြတွေဆရာ မင်းလည်း ခါးပြပဲ..ခွေးသူခိုး"
ဦးလူဒုတ်က ပြောပြောဆိုဆိုဖြင့် စိန်ခါးမြောင်၏ မျက်နှာကို စစ်ဖိနပ်ဖြင့် ဖြတ်ကန်လိုက်သည်။

မောင်ကလေးက ခေါင်းကို ငုံ့ရှောင်လိုက်သဖြင့် ဘေးတွင် ထိုင်နေသော မမြဲကြည်၏ နားထင်ကို ဖြောင်းခနဲ မြည်အောင်ထိပြီး မမြဲကြည် မှ ထိုင်နေရာမှ လဲကျသွား၏။

"မြကြည်..မြကြည်"

မောင်ကလေး ပြာယာခတ်သွားသည်။ သို့သော် လက်နှစ်ဖက်ကြိုးတုတ်ခံထားရသဖြင့် ကုန်းထရန် ကြိုးစားသည်။

ပုလိပ်များက သေနတ်ဒင်များဖြင့် မောင်ကလေး၏ ကျောကုန်းနှင့် နောက်စေ့များကို ထုနှက်လိုက်သဖြင့် ပြန်လဲကျသွား၏။

"နောက်ဖေး က ခါးသုံးချောင်းနဲ့၊ လှံရှည်နှစ်ချောင်းပါ တွေ့တယ်..အိုင်ပီ"

"အေး..အဲ့ဒါတွေပါ သိမ်းလာခဲ့"

"အဲ့ဒါ..ဆရာကြီး သိုင်းသင်ပေးရင် သုံးတဲ့ လက်နက်တွေပါဗျာ"

"ဟာ..ဒီခွေးသားစကားတယ်များတာပဲ"

ပုလိပ်တစ်ယောက်ကက ခါလေး ၏ ကျောကုန်းကို စောင့်ကန်လိုက်ရာ ခါလေးမှာ ရှေ့သို့ လဲကျသွား၏။

"အိမ်မှာ ရှိသမျှ ရွှေငွေအကုန်သိမ်းခဲ့ကွာ...အဲ့ဒါတွေလည်း ဒီကောင် ခါးပြတိုက်ရာပါတွေပဲနေမယ်"

ပုလိပ်များက မမြကြည်စုဆောင်းထားသော ရွှေငွေများကို ပါ သိမ်းဆည်းလိုက်သည်။

မမြကြည်ကား ခေါင်းကို စစ်ဖိနပ်ဖြင့် အကန်ခံထားရသဖြင့် ကြမ်းပြင်တွင် ညည်းညူနေ၏။

မောင်ကလေး ၏ ကိုယ်ပေါ်တွင် ပုလိပ်သားနှစ်ယောက်က သေနတ်ဖြင့်ထောက်ကာ ခြေထောက်များဖြင့် ဖိထားကြသည်။

"ဟိတ်ကောင်..စိန်ခါးမြှောင် မှန်မှန်ပြောစမ်း...မင်း ခါးပြဗိုလ်မဟုတ်လား..ဘ မောင်နဲ့လှမောင် ကို မင်းဦးဆောင်ပြီး တိုက်တာ..မှန်မှန်မဖြေရင် မင်းမယားရော၊ ဟော့ဒ်က ကောင်လေးကိုပါ ငါထောင်ထဲ ထည့်ပစ်မယ်"

"မလုပ်နဲ့...မလုပ်ပါနဲ့ဗျာ.မြကြည်မှာ ကိုယ်ဝန်ကြီးနဲ့..မလုပ်ပါနဲ့"

ဦးလူဒုတ်က မြကြည်ကို တစ်ချက်ကြည့်ပြီး ပြုံးလိုက်သည်။

"အေး..အဲ့ဒါဆို ဖြေလေ"

"ဟုတ်တယ်..ကျွန်တော်ခါးပြပါဗျာ။ ခါးပြ။ သူတို့နဲ့ မဆိုင်ဘူး။သူတို့ကို ချမ်းသာပေးပါ"

"အေး..အဲ့လိုမှပေါ့..ကဲ..ကောင်မလေးနဲ့ ဟိုကောင်ကို ကြိုးဖြဲည်ပေးလိုက်ကွာ"
ပုလိပ်သားနှစ်ဦးက မြကြည်နှင့် ခါလေးကို ကြိုးဖြည်ပေးလိုက်သည်။
မြကြည်ကို ကြိုးဖြည်နေချိန်တွင် ဦးလူဒုတ်က မြကြည်နားကပ်သွားသည်။
ထို့နောက် မြကြည်နားရွက်ကို ကိုင်ကြည့်လိုက်သည်။
"ဒေါ်ဒေါ် ဒါ ဒေါ်ဒေါ့်နားကပ်မဟုတ်လားဗျ"
ဦးကြင်ကတော် အဘွားကြီးက ကြောင်တောင်တောင်ဖြစ်နေသည်။
"မဟုတ်ရပါဘူးရှင်..ဒါ ကျွန်မယောက်ျား ကိုမောင်ကလေး ကျွန်မကို တင်တောင်းထားတဲ့ မဂ်လာဦးနားကပ်ကလေးပါ"
"အောင်မယ် လာလာချည်သေး...ခါးပြကို လင်လုပ်မှတော့ ခါးပြတိုက်ထားတဲ့ ဟာပဲရမှာပေါ့"
"မဟုတ်ပါဘူး..ဒီနားကပ်လေးကို ကျွန်မတို့နှစ်ယောက်အတူ ဈေးချိုမှာ သွားလုပ်ထားတာပါ..ဘုရားစူးပါစေရဲ့ရှင်"
"ဟုတ်တယ်..အဲ့ဒါက ဒေါ်ဒေါ့်နားကပ်"
သူဌေးကတော်ကြီးထံမှ ထွက်လာသောအသံ။
မောင်ကလေးက ခေါင်းမော့လာပြီး အဘွားကြီးကို စိုက်ကြည့်လိုက်သည်။
အဘွားကြီးက မျက်နှာလွဲသွားလိုက်၏။
"ကလိန်မ..တွေ့လား..အဲ့ဒါဒေါ်ဒေါ့်နားကပ်တဲ့..အခု ဖြုတ်ပေးစမ်း"
ဦးလူဒုတ်က အသံကျယ်ကျယ်ဖြင့် ပြောလိုက်သဖြင့် မြကြည်မှာ မျက်ရည်များပင် ဝိုင်းလာသည်။
မောင်ကလေးကို လှမ်းကြည့်သည်။
မောင်ကလေးက မြကြည်အဖြစ်ကို မကြည့်ရက်သဖြင့် အံကိုကြိတ်ကာ မျက်နှာလွှဲထား၏။
မြကြည်လက်ထဲမှ မဂ်လာဦးနားကပ်ကလေး က ဦးလူဒုတ်၏ လက်ထဲ ရောက်လာတော့သည်။
"ကဲ..ပစ္စည်းတွေ ရှာဖွေပုံစံနဲ့ သေချာသိမ်းနော်..ပြီးရင် ဒီကောင့်ကို ဌာနကို ခေါ်ဖို့..ဌက်ဆိပ်သွားဖို့လုပ်ကြမယ်ဟေ့"
ပုလိပ်သားများက ကြိုးအထပ်ထပ်တုတ်ထားသော မောင်ကလေးကို ဆွဲထူလိုက်သည်။

"ခါလေး..မင်းအမကို သူ့အဖေအိမ်ပို့ထားပေးလိုက်..မနက်လင်းတာနဲ့ မင်း ကိုဘသော်ဆီသွား အကျိုးအကြောင်း ပြောပြီး စစ်ကိုင်းဂါတ်ကို လိုက်လာကွာ"
မောင်ကလေးက ခါလေးကို မှာပြီး ပုလိပ်များ ခေါ်ရာနောက် လိုက်သွားတော့သည်။
လူအုပ်ကြီးထွက်သွားပြီးနောက် ရှုပ်ပွပျက်စီးကျန်ရစ်သော အိမ်ကလေးထဲ တိတ်ဆိတ်ကျန်ရစ်သည်။
အသက် (၁၄)နှစ်သာရှိသေးသော ခါလေးက မမြကြည်ကို တွဲထူလိုက်သည်။
.....
စစ်ကိုင်းမြို့မဂါတ်တဲ ရှိ အချုပ်ခန်းတွင်းမှ အချုပ်သားများ အံသြနေကြသည်။
လွန်ခဲ့သော သုံးရက်က အထဲဝင်သည့် ဘေမာင်၊ လှေမာင်ညီအစ်ကိုက ယနေ့ ညမှ အချုပ်ထဲဝင်လာသည့် ဘန်ကောက်ပုဆိုးဝတ်ပုဂ္ဂိုလ်ကြီးကို ကုန်းကန်တော့နေကြသဖြင့် ဖြစ်သည်။
ဘေမာင်၊လှမောင် ညီအစ်ကိုသည် ရောက်ခါစ ညတွင်ပင် အနိုင်ကျင့်နေသော အချုပ်တန်းစီးကို သွားနှစ်ချောင်း ကျွတ်သည်အထိ ပညာပေးခဲ့သူများဖြစ်သည်။
သူတို့နှစ်ယောက်ကို အချုပ်ခန်းအတွင်းရှိနေသော လူဆယ်ယောက်လုံး ကြောက်နေကြချိန်။
နောက်ဝင်လာသော အရပ်ခပ်ပြတ်ပြတ်၊ အသားညိုညို ၊ ဥပဓိရုပ် ကောင်းကောင်း ပုဂ္ဂိုလ်ကို ဆိုင်းမဆင့်ဗုံမဆင့်ဲ ဖင်ဗူးတောင်းထောင် ကန်တော့နေ၏။
"ဆရာကြီးရယ်...ကျွန်တော်တို့ကို ခွင့်လွှတ်ပါ...ဆင်းကလည်းဆင်းရဲ ချမ်းကလည်း ချမ်းသာချင်နဲ့ ကြံမိကြံရာ ကြီးကြတာပါ..ဒီကောင်လှေမာင်ကို မိန်းမတောင်းပေးဖို့လည်းပါပါတယ်...ပိုလျှံနေတာလေးနဲ့ ဆရာကြီးကိုလည်း ကျေးဇူးဆပ်ချင်လို့ အခုလိုဖြစ်သွားတာပါ"
စိန်ခါးမြောင်က သူ့ရှေ့တွင် လက်အုပ်ချီနေသော ညီအစ်ကိုနှစ်ယောက်ကို ခေါင်းတညိမ့်ညိမ့်ဖြင့်သာ ကြည့်နေသည်။
ဘာစကားတစ်ခွန်းမှမပြော။
ထိုသို့ဖြင့် တည ကုန်လွန်သွားခဲ့သည်။
.....
နောက်တစ်နေ့ နံနက်။

စစ်ကိုင်းမြို့မဂါတ်အချုပ်သို့ ဆီဘသော်ရောက်လာသည်။ နောက်ထပ် စိန်ခါးမြောင်၏ တပည့်ဖြစ်သော မောင်ဘို လည်း ပါလာသည်။

"ကိုဘသော်...ခါလေး မပါလာဘူးလား"

ဆီဘသော် မျက်နှာက မကောင်း။

"ငါ မင်းစားဖို့သောက်ဖို့ စာသင်ကြီးဆီမှာ ငွေအပ်ခဲ့ပေးမယ်ကွာ..မင်းရစရာရှိတဲ့ ကုန်ဖိုးတွေထဲကပေါ့"

"အဲ့ဒါအရေးမကြီးဘူး..ကိုဘသော်..ခင်ဗျား မျက်နှာလဲ မကောင်းပါလား...ခါလေး ဘယ်မှာလဲလို့..မြကြည်ရော မြကြည်အခြေအနေ"

ဘသော်နှင့် မောင်ဘို တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

"ကျုပ်သိတယ်နော်..မြကြည် တစ်ခုခုဖြစ်နေတယ်..ဟိုကောင် ခါလေး ဘာလုပ်လိုက်လဲပြော..ပြောစမ်းပါဗျာ"

"ခါလေး က ဘာမှ မလုပ်ပါဘူး..ညက မင်းကို ပုလိပ်တွေဖမ်းသွားပြီး..ခါလေးက မြကြည်ကို စက်ဘီးနဲ့ သူ့အဖေအိမ်လိုက်ပို့တယ်ကွ..လမ်းမှာ မြကြည် သွေးတွေ ဆင်းပြီး ကိုယ်ဝန်ပျက်ကျတယ်..အခု ဆေးရုံကြီးမှာ.. ခါလေးနဲ့ မင်းယောကျ်ားကြီးက လိုအပ်တာတွေ ဝယ်ဖို့စောင့်ပေးနေတယ်ကွ"

စိန်ခါးမြောင် ငြိမ်ကျသွားသည်။

"မြကြည် ဆေးရုံကြီး ဘယ်အဆောင်မှာလဲ"

"တစ်နေ့ နှစ်ကျပ်တန်းမှာ ထားထားတယ်"

"ကိုဘသော်..မြကြည်ကို အင်္ကလိပ်တွေတက်တဲ့ ကိုးကျပ်တန်းမှာ ထားပေးပါ။ ငွေလိုတယ်ဆိုရင်လည်း ကျုပ် ပြန်ထွက်လာရင် ရှင်းပေးမယ်..ကျုပ်ကတိပေးပါတယ်"

"ခင်ဗျားသဘောအတိုင်းဖြစ်စေပါ့မယ်..ကိုမောင်ကလေး"

"ကဲ..ခင်ဗျားတို့ ပြန်တော့..မြကြည်ကို ပြောလိုက်ပါ..ကျုပ်လာခဲ့မယ်လို့"

ထိုသို့ တခွန်းပြောပြီးနောက်..ဝတ်ထားသော အင်္ကျီကို ချွတ်လိုက်သည်။

ခန္ဓာကိုယ်အနှံ့အပြားထိုးထားသည့် ဆေးနီများ အင်းကွက်များ ပေါ်လာ၏။

ထို့နောက် ပုဆိုးကို ခါးတောင်းကျိုက်လိုက်သည်။

ပေါင်တွင် ထိုးကွင်းမှင်ကြောင်များအပြည့်။ ခြေသလုံးနှစ်ဖက်တွင်လည်း ခါးမြောင်နှစ်လက်ပိုကို စမ များဖြင့် ထိုးထားသည်။

စိန်ခါးမြောင်ရင်ဘတ်နှင့် ပေါင်မှ ဆေးများကို အားလုံးက အာရုံစိုက်နေကြသည်။
ထို့နောက် စိန်ခါးမြောင်က အချုပ်ခန်းထောင့်တွင် ထိုင်ကာ သူတို့စကားဝိုင်းကို ငေးနေသော လှမောင် ၏ မျက်နှာကို ပြေးကန်ထည့်လိုက်တော့သည်။
"ဖြောင်း" ခနဲ အသံနှင့်အတူ လှမောင် မှာ လည်ထွက်သွားပြီး နံရံဘေးတွင် ခွေခွေလေး လဲကျသွား၏။
"ဟေ့..တုတ်ပြီး..ခါးပြီး...သေနတ်ပြီးတဲ့.စိန်ခါးမြောင်က့..သတ္တိရှိတဲ့ကောင်..လာယှဉ်လှည့်..ဟေ့ကောင် ဘမောင်နဲ့ လှမောင် မင်းတို့ ငါ့အစွမ်းကို သိတယ်နော်"
စိန်ခါးမြောင်က လက်ခမောင်းခတ်ပြီး အသံကျယ်ကြီးဖြင့် အော်လိုက်သည်။
ရုတ်တရက်မို့ ဆီဘသော်တို့ရော..အချုပ်ခန်းအပြင်တွင်ရှိနေသော ပုလိပ်များပါ ကြောင်သွားကြသည်။
ထို့နောက် အခန်းထောင့်တွင် ရှုတည်တည်ဖြင့် သွားထိုင်နေလိုက်သည်။
ဘမောင်က သူညီကို သွားမထူပဲ..စိန်ခါးမြောင်၏ ရှေ့တွင် ကြုံကြုံလေးထိုင်ကာ လက်အုပ်ချီထား၏။
လှမောင်ကလည်း ထလာပြီး စိန်ခါးမြောင်ရှေ့တွင်ထိုင်ကာ ခေါင်းကလေးငုံ့ထားလိုက်သည်။
ပုလိပ်များမှာ ဘာမှ ဝင်မပြောဘဲ စိန်ခါးမြောင်နှင့်သူ့တပည့်နှစ်ဦးကိုသာ အံ့သြတကြီး ငေးကြည့်နေကြသည်။
ထိုသို့ငေးကြည့်နေသည့်ထဲတွင် ရာဇဝတ်အုပ် ဦးလူဒုတ်လည်း ပါသည်။
"ကိုဘသော်တို့ ပြန်တော့...နောက်ရက်လည်း ထပ်မလာနဲ့တော့..မြကြည်ကိုပဲ လိုအပ်တာလုပ်ပေးလိုက်ပါ"
"ဟုတ်..ဟုတ်ကဲ့"
ဆီဘသော်နှင့် မောင်ဘိုတို့ ပြန်သွားကြသည်။
စိန်ခါးမြောင်က သူ့အနားတွင် ထိုင်နေသာ ဘမောင်နှင့် လှမောင်ကို ခပ်တိုးတိုးပြောလိုက်၏။
"ငါ ဒီကနေ မရရအောင် ပြေးမယ်..မင်းတို့ လိုက်ကြမလား"
.....
.....
.....

အခန်း(၅)

၁၉၄၁ ဒီဇင်ဘာ ၂၉ ရက်နေ့။

စစ်ကိုင်းဂါတ်တွင် စိန်ခါးမြောင် အချုပ်ခံထားရသည်မှာ ၁၄ ရက်တိတိရှိပြီ ဖြစ်သည်။

ခါးပြမ္မ၏ ကွင်းဆက်တရားခံများကို ဆက်လက်စစ်ကြောရန်ရှိသည်ဆိုသည့် အကြောင်းပြချက်ဖြင့် စစ်ကိုင်းဌာနအုပ်ဦးလူဒုတ်က စိန်ခါးမြောင်အား ထောင်ကြီးချုပ်သို့ မပို့သေးပဲ ရမန်ထပ်ယူထား၏။

ဦးလူဒုတ်သည် မန္တလေးအရေးအခင်းတွင် စိန်ခါးမြောင်နှင့် တွေ့ရာမှ မလိုအပ်ပဲ ကျည်ထွက်မှုကြောင့် စစ်ကိုင်းဌာနသို့ ပြစ်ဒဏ်ခံရသည့်သဘော ပြောင်းရွှေ့ခဲ့ရသည်။

ယခုအခါ စစ်ကိုင်းသူဌေးဦးကြင် ခါးမြမ္မကို ဖော်ထုတ်နိုင်ခဲ့သဖြင့် မန္တလေး(၁၁)မှတ် ဂါတ်သို့ ပြန်ပြောင်းရွှေ့ရန် အမိန့်ကျလာပြီဖြစ်သည်။

ထိုနေ့က ဦးလူဒုတ် သည် မန္တလေးသို့ ပြန်လည်ပြောင်းရွှေ့ရတော့မည်ဖြစ်သဖြင့် ပျော်ရွှင်နေသည်။

စစ်ကိုင်းဂါတ်အချုပ်တွင် ရှိသော အချုပ်သား (၁၀)ယောက်ခန့်ကလည်း စိန်ခါးမြောင် ကို ဆရာတဆူသဖွယ် ရိုသေမှု ရှိနေကြပြီဖြစ်သည်။

"နောက်နှစ်ရက်နေရင် ပြာသိုလပြည့်နေ့ပဲ။ နက္ခတ်တွေစုံတယ်။ ဆေးအစီအရင်၊ ကိုယ်လုံပီယသိဒ္ဓိအစီအရင်တွေ လုပ်လို့အကောင်းဆုံးအချိန်ပဲ။ မင်းတို့နဲ့ ငါ ဒီအချုပ်ထဲမှာ ဆုံတယ်ဆိုတာ ရှေးက ရေစက်ရှိကြလို့ပဲ။ ဒီတော့ မင်းတို့ကို လပြည့်နေ့ညမှာ တုတ်ပြီး၊ခါးပြီး ပီယသိဒ္ဓိအစီအရင်ဆေးတွေ ငါထိုးပေးမယ်။ ထိုးကြမလားဟေ့"

စိန်ခါးမြောင် စကားကြောင့် အချုပ်သားများ၏ မျက်နှာများ ဝင်းလက်သွားကြသည်။

အချုပ်ခန်းကို အလှည့်ကျ ကင်းစောင့်နေသည့် ပုလိပ်သားနှစ်ယောက်ပင် စိတ်ဝင်စားသွားကြ၏။

"ဆရာကြီး ထိုးပေးမယ်ဆို..ကျွန်တော်တို့ ထိုးချင်ပါတယ်ဗျာ..ထိုးပေးပါ..ဆရာကြီး"

စိန်ခါးမြောင်က အချုပ်ခန်းထိပ်တွင် ထိုင်နေရာမှ မတ်တပ်ထရပ်လိုက်သည်။

"ထိုးပေးတာက ဟုတ်တယ်ကွ..ဒါပေမယ့်..ထိုးဖို့က ဆေးနဲ့ ကြေးစုတ် လိုတယ်"

"ဟာ..အဲ့ဒါတော့ မလွယ်ဘူးထင်တယ်..ဒီထဲသွင်းဖို့ခက်တယ်..ဆရာကြီး"
"အေးကွာ..ဒီလိုဆိုတော့လည်း ဘယ်တတ်နိုင်မလဲ..ဒီပြာသို့ လပြည့်ဟာ နက္ခတ်အသွားအလာရ အစီအရင်လုပ်လို့ အကောင်းဆုံးညပဲ။ ခါးပြီးတုတ်ပြီး တင်မကသေနတ်ပြီး၊ ကိုယ်ပျောက်ဆေးပါ ထိုးရင် စွမ်းသေးတယ်။ ဒီလို အခါကြုံတဲ့အခိုက်ကို လက်လွတ်လိုက်ရတာတော့ နှမြောပါဘိကွာ..တောက်"
စိန်ခါးမြောင်က တောက် ခေါက်ပြီး အချုပ်ခန်းရှေ့သို့ သွားကာ အစောင့်ကျပုလိပ်သားနှစ်ဦးကို စိုက်ကြည့်လိုက်သည်။
ပုလိပ်သားများက စိန်ခါးမြောင် ကို မသိယောင်ဆောင်ကာ သူတို့အချင်းချင်းစကားပြောနေကြ၏။
.....
နောက်နှစ်ရက်အကြာ။
ဒီဇင်ဘာလ (၃၁)ရက်နေ့ည၊ (၁၀)နာရီ။
ချမ်းချမ်းအေးအေးနှင့်မို့ အချုပ်ခန်းတစ်ခုလုံး အိပ်မောကျနေကြသည်။
ထိုအချိန်တွင် အချုပ်ခန်း၏ ခေါင်းရင်းထောင့်ဆုံးကျကျတွင် အိပ်နေသော စိန်ခါးမြောင် ၏ ခန္ဓာကိုယ်ကို တစ်စုံတစ်ခုနှင့် လာထိုးသည်ကို ခံလိုက်ရသည်။
စိန်ခါးမြောင်က ဆတ်ခနဲ မျက်လုံးကို ဖွင့်ကြည့်လိုက်သည့်အခါ အချုပ်ခန်းစောင့်ပုလိပ်သား မောင်သိန်း ဖြစ်နေသည်။
နံပါတ်တုတ်ဖြင့် စိန်ခါးမြောင်ကို ထိုးကာ နှိုးနေခြင်းဖြစ်သည်။
မောင်သိန်းက စိန်ခါးမြောင်ကို ရှူးတိုးတိုး ဆိုသည့် အမူအယာလုပ်ပြပြီး ထလာရန် ခေါသည်။
စိန်ခါးမြောင်က အချုပ်ခန်း သစ်သားတိုင်နားသို့ အသာကပ်သွား၏။
"ခင်ဗျား...ထိုးပေးတဲ့ဆေးက တကယ် တုတ်ပြီး၊ ခါးပြီး၊ သေနတ်ပြီးတာလား"
စိန်ခါးမြောင်က ပုလိပ်သားကို ရှုတည်တည်ဖြင့် ကြည့်လိုက်သည်။
"ငါ့ဆေးကို မယုံတဲ့ကောင်တွေအတွက်ဆို မစွမ်းဘူး..ယုံတဲ့ကောင်ပဲစွမ်းတယ်..မင်းက ဘာလုပ်မလို့လဲ..အိပ်ရေးပျက်တယ်ကွ"
ပုလိပ်သားလေးက ပြာပြာသလဲဖြစ်သွားသည်။
"မဟုတ်ပါဘူး..ဆရာကြီး..ကျွန်တော်ယုံပါတယ်..ကျွန်တော် နဲ့ ကျွန်တော့်သူငယ်ချင်း ကူးမာ က အဲ့ဒီဆေးထိုးချင်လို့ပါ..စုတ်နဲ့ ဆေးလည်း ရှာထားပါတယ်.ဆရာကြီး နှစ်နာရီအတွင်း ထိုးပေးလို့ရမလား"

"မင်း ဆရာတွေက ခွင့်ပြုပါ့မလားကွ"
"ဒီနေ့က ဆရာဦးလူဒုတ် က သူမန္တလေးပြန်ပြောင်းရတဲ့နှုတ်ဆက်ပွဲနဲ့ နယူးရီး ယားပါတီကို ဌာနဘေးချင်းကပ်က သူ့အိမ်မှာ လုပ်နေတယ်။ အဲ့ဒီကို ဌာနတစ်ခု လုံးနီးပါးသွားကြတယ်..ဆရာကြီး..ကျွန်တော်တို့ ကင်းမှူးဆာဂျင်ကြီးကိုလည်း အရက်မူးအောင် တိုက်ထားတယ်။ ဆရာကြီးသာ အလုပ်ဖြစ်အောင် ထိုးပေးပါ။ ကျန်တာ စိတ်ချပါ"
စိန်ခါးမြောင်က တစ်စုံတစ်ခုကို တွက်ချက်နေဟန်ဖြင့် မျက်လုံးကို စုံမှိတ်ထား လိုက်သည်။။ ထို့နောက်...မျက်လုံးပြန်ဖွင့်လိုက်၏။
"အယူတော်မင်္ဂလာအရှတော့ အခါကောင်းလို့ ပြနေတယ်။ ကဲ..ငါ မင်းတို့ကို ဆေးထိုးပေးမယ်။ ကျန်တဲ့လူတွေတော့ မနိုးစေနဲ့။ ငါ့ကို တံခါးဖွင့်ပေး"
"ဟို..ဆရာကြီး တစ်မျိုးတော့ မထင်ပါနဲ့..ဆရာကြီးဆေးထိုးနေတဲ့အချိန် ကျွန်တော်တို့ လက်ထိပ်ခတ်ထားလို့ရမလားဗျ..အားတော့နာပါတယ်"
စိန်ခါးမြောင်က ပြုံးလိုက်သည်။
"အေးလေ..ငါက အချုပ်သားတရားခံပဲ..မင်းကပုလိပ်ပဲ..မင်းသဘောပါ..ဒါပေ မယ့် မင်းနဲ့အတူ ဒီအချုပ်ခန်းကို ငါပြန်လာမှာပါလို့ ကတိပေးပါတယ်ကွာ..သိပ် လည်းမပူပါနဲ့"
"ဟုတ်ကဲ့..ဒါဆို အချိန်မရှိဘူး..ဆရာကြီး..ကျွန်တော်တို့ စလိုက်ကြရအောင်"
ပုလိပ်မောင်သိန်းက အချုပ်ခန်းသော့တွဲဖြင့် အချုပ်ခန်းကို ဖွင့်လိုက်သည်။
စိန်ခါးမြောင်ထွက်လာသည့်အခါ သူ့ဘေးတွင်ရပ်နေသော ကူးမား က လက်ထိပ် ခတ်လိုက်၏။
"စုတ်ပေါက်ရင်တော့ လက်ထိပ်ချွတ်ပေးမှရမယ်...စုတ်ပေါက်တဲ့အခါ အားမပါ ရင် ဆေးမစွမ်းမှာစိုးလို့"
"ဟုတ်ကဲ့"
စိန်ခါးမြောင်က လက်ထိပ်ခပ်လျော့လျော့ဖြင့် ပုလိပ်နှစ်ဦးခေါ်ဆောင်ရာ လိုက်ခဲ့ သည်။
အချုပ်ခန်း အဝင်အဝတွင် ဂါတ်စာရေးခန်းရှိ၏။
"နီးနီးနားနား ဒီထဲမှာပဲ ဆေးထိုးဖို့ နေရာပြင်ထားပါတယ်..ဆရာကြီး"
ဂါတ်စာရေးခန်းထဲ ဝင်လိုက်သည်နှင့် စားပွဲပေါ်တွင် မှင်ဆေးခွက်နှင့် ကြေးစုတ် ချွန်ချွန် တစ်ချောင်းကို အသင့်တွေ့ရသည်။
အခန်းထဲရောက်သည်နှင့် ကူးမားက တံခါးကို ပိတ်လိုက်သည်။

မောင်သိန်းက လွယ်လာသော ရိုင်ဖယ်သေနတ်ကို အသင့်မောင်းတင်လိုက်သံကို စိန်ခါးမြောင်ကြားလိုက်ရ၏။

"ကဲ..ဘယ်သူ့ကို အရင်ထိုးပေးရမလဲ"

"ကူးမားကို အရင်ထိုးပေးလိုက်ပါ..ဆရာကြီး"

"နေဦး..မင်းက ဘာနေ့သားလဲ...မောင်သိန်းက နာမည်အရင်းလား..သိန်းတစ်လုံးတည်းလား"

"မောင်သိန်းပါပဲ..ကြာသပတေးပါ"

"အင်း..ကြသာပတေး၊ ဂျတေး၊ ဂြိုလ်သက်က ၁၉ ....ဆိုတော့..အန္တော ဂဇ္ဘေ စရေ ဝံသေ..ဓာတ်မိတ်ဖြစ်တာပဲ..အခါအရ မင်းကို အရင်ထိုးပေးမယ်..ကူးမားကို နောက်မှ ထိုးပေးမယ်..ကဲ..အကျိုရော၊ ဘောင်းဘီပါ ချွတ်ပြီး ဒီအောက်မှာ လာထိုင်"

စိန်ခါးမြောင်က ကြမ်းပြင်တွင် တပလွင်ခွေထိုင်လိုက်ပြီး သူ့ရှေ့တွင် လာထိုင်ရန် ပြောလိုက်သည်။

မောင်သိန်းက မောင်းတင်ထားသော ရိုင်ဖယ်ကို ကူးမားထံ ထိုးပေးလိုက်၏။

"အင်္ကျီပဲ ချွတ်လို့ မရဘူးလား..ဆရာကြီး"

"မရဘူး..လောကီအစီအရင် စီရင်တဲ့အခါ မင်းခစားတွေရဲ့အထိမ်းအမှတ် သင်္ကေတဟာ မင်းတို့ရဲ့ အာဏာစက်ပင်ဖြစ်တဲ့အတွက် မင်းအာဏာစက်ကို ကျုရောက်နေသမျှ အစီအရင်မစွမ်းဖြစ်တတ်တယ်။ ဒီတော့ ယူနီဖောင်းအင်္ကျီချွတ်ပါ"

မောင်သိန်းက အတွင်းခံ ဘောင်းဘီလေးသာချန်ကာ ယူနီဖောင်းအားလုံးကို ချွတ်လိုက်သည်။

ထို့နောက် စိန်ခါးမြောင်၏ ရှေ့တွင် ကျောပေးကာ ထိုင်လိုက်သည်။

"ကဲ..အရင်ဆုံး ဘုရားကို အာရုံပြု..ကိုယ့်လူ...မင်းဘုရားကို အာရုံပြုချိန်မှာ ကျုပ်က စုတ်ပိုင် ဆေးပိုင် တွေဆီကို အရံမန္တာန်ဖြစ်တဲ့ ယက္ခိတဗ္ဗာခဏာသဝါ ရွတ်ပြီး ပင့်ဖိတ်မယ်။ ပြီးတာနဲ့ တစ်ခါတည်း အစုတ်မန္တာန်ကို ရွတ်ပြီး အစီအရင် ဆေးထိုးပါမယ်..ဒီဆေးထိုးပြီးတဲ့အခါ (၁) သူများသားမယားမပြစ်မှားရဘူး (၂) အမဲသားမစားရဘူး ဘယ့်နှယ့်လဲ..ဒီနှစ်ခုတော့ ကတိပေးနိုင်ရက်လား"

"ပေးနိုင်ပါတယ်..ဆရာကြီး"

အခန်းကား တိတ်ဆိတ်နေသည်။ စိန်ခါးမြောင်၏ နှုတ်မှ ခပ်တိုးတိုးရွတ်ဖတ်သော မန္တာန်သံကသာ ခပ်တိုးတိုး ထွက်ပေါ်နေ၏။

မောင်သိန်းနှင့် ကူးမားတို့ကား ရင်တဒိတ်ဒိတ်ခုန်နေကြဲသည်။
မကြာမီ သူတို့သည် တုတ်ပြီး၊ ခါးပြီး၊ သေနတ်ပြီး ပုလိပ်များ ဖြစ်ကြတော့မည် မဟုတ်လား။
"ဉုံ တန တန မဟာ တန တနအပေါင်း ရှစ်သောင်းဆရာ ခြေပါကုန်လှည့်"
စိန်ခါးမြှောင်က အအုပ်မန္တာန်ကို စတင်လိုက်ပြီး စုတ်ကို မှင်ခွက်ထဲ နှစ်ကာ မောင်သိန်း၏ ကျောကုန်းကို စပေါက်လေတော့သည်။
မောင်သိန်းကား အံကို ကြိတ်ထား၏။ ပြင်ပမှအအေးဒဏ်ကြောင့် ကိုယ်လုံးတီး မောင်သိန်းမှာ ချမ်းရသည့်ကြားထဲ အသည်းခိုက်သည့် နာကြင်ခြင်းကို ခံစားနေရသည်။
ထွက်လာသော သွေးများ၊ ဆေးများကို မောင်သိန်း၏ ယူနီဖောင်းနှင့်ပင် သုတ်ပစ်သည်။
လေးဆယ့်ငါးမိနစ်ခန့်အကြာတွင် စိန်ခါးမြှောင်က စုတ်ကို ရပ်ပစ်လိုက်၏။
"အစီအရင်တော့ ပြီးပြီ..ပိုင်ရာဆိုင်ရာပင့်ဖိတ်ထားတာတွေကို ပြန်ထွက်စေဖို့ အင်းဖယောင်းတိုင်ချဖို့လိုတယ်..ဖယောင်းတိုင် အသင့်ရှိပြီလား"
"ဟင်..ဖယောင်းတိုင်"
"ဟုတ်တယ်လေ..ဖယောင်းတိုင်လိုတယ်လေ"
"ဟာ..ယူမထားမိဘူးဗျ"
"ရော်..ခက်ပြီ..အင်းဖယောင်းတိုင်နဲ့ ပုဂ္ဂိုလ်ပြန်မပို့ရင် ဘီလူးနက္ခတ်နဲ့ မိနေမှာ..ဆေးက အဆိုးဘက်ကို ရောက်သွားမယ်..ကိုယ့်လူ"
မောင်သိန်း မှာ ကြံရာမရဖြစ်သွား၏။
ကိုယ်လုံးတီးဖြင့် ခိုက်ခိုက်တုန်အောင်ချမ်းရသည့်အထဲ နာကလည်းနာဖြင့် အမြန်ပြီးစေချင်လှပြီဖြစ်သည်။
"ဂါတ်ထဲမှာ ဖယောင်းတိုင်လေး၊ မီးခြစ်ဖာလေးတောင် မရှိဘူးလား"
"ကူးမား..ဂါတ်ရှေ့ကင်းတဲမှာ ဖယောင်းတိုင်နဲ့ မီးခြစ်ရှိလောက်တယ်..သွားရှာကြည့်ပြီး ယူပေးစမ်းပါကွာ.... ငါမြန်မြန်ပြီးမှ မင်းအလှည့်ရောက်မှာ"
ကူးမား က ရိုင်ဖယ်သေနတ်ကို မောင်သိန်းထံ ကမ်းပေးပြီး အပေါ်ထပ်သို့ တက်သွားလေသည်။
ဆယ့်မိနစ်ခန့်အကြာတွင် ကူးမား က ဖယောင်းတိုင်နှင့် မီးခြစ်ကိုင်ကာ ပြန်လာ၏။

ဂါတ်စာရေးအခန်းထဲသို့ ကူးမားရောက်သောအခါ ဘယ်သူ့ကိုမှမတွေ့။
ရိုင်ဖယ်သေနတ်လည်း မရှိတော့။
ကူးမား ပြူးပြူးပြာပြာဖြစ်ခါ အချုပ်ခန်းဘက် ထွက်လိုက်သည်။
အချုပ်ခန်းထဲတွင် ကိုယ်လုံးတီးဖြင့် ခွေခွေလေးလဲနေသော မောင်သိန်းကို တွေ့လိုက်ရသည်။
အချုပ်ခန်းထဲမှ လူများ တစ်ယောက်မှ မရှိတော့။
ကူးမားက ယူနီဖောင်းတွင်တပ်ထားသော ဝီစီကို အလန့်တကြားမှုတ်လိုက်သည်။
ရှေ့ကင်းတွင် ရှိနေသော ပုလိပ်သားများက သေနတ်ကိုယ်စီဖြင့် ဝင်လာကြသည်။
ထိုအချိန်တွင် ဂါတ်ထဲမှ ပြေးထွက်လာသော အချုပ်သားအချို့နှင့် ပက်ပင်းတိုးကုန်ကြသည်။
ပုလိပ်များက အမှောင်ထဲတွင် သေနတ်ဖြင့် ရမ်းသမ်းပစ်ခတ်သည်။
ဒိန်း ခနဲ သေနတ်သံကြောင့် မဲမဲအရိပ်တစ်ခု လဲကျသွားသည်။
တစ်ဖက်ခြံတွင် ပါတီပေးနေကြသော ပုလိပ်များလည်း သေနတ်သံကြောင့် အလန့်တကြားဖြစ်ကုန်၏။
ကင်းသံချောင်းခေါက်သံများဆူညံပြီး စစ်ကိုင်းပုလိပ်ဌာနတစ်ခုလုံး ဆူညံပွက်လောရိုက်သွားသည်။
ည ၁၂ နာရီကျော်ပြီး ၁၉၄၂ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် အကျဉ်းသားတစ်ယောက်ကျည်မှန်သေပြီး နှစ်ယောက်ဒဏ်ရာရသည်။ သုံးယောက်ကို ပြန်ဖမ်းမိသည်။
အကျဉ်းသားဆယ်ယောက်အနက် လေးယောက်လွတ်မြောက်သွား၏။
ထိုအထဲတွင် ခါးပြမှု အမှုတွဲဖြစ်သော စိန်ခါးမြှောင်နှင့် ဘမောင်၊ လှမောင် ညီအကို ပါသွားသည်။
ဌာနအုပ်ဦးလူဒုတ် ၏ ဘိုင်စကယ်ပင် အစစ်ပါသွား၏။
ဂါတ်တစ်ခုလုံး ပစ်သံခတ်သံများ ဆူညံရွှပ်ယှက်နေချိန်တွင် စိန်ခါးမြှောင်ကား ပုလိပ်မောင်သိန်း၏ ယူနီဖောင်းကိုဝတ်ကာ ရိုင်ဖယ်ကိုလွယ်လျက် ဌာနအုပ်ဦးလူဒုတ်၏ ဘိုင်စကယ်လေးစီးပြီး ဂါတ်ထဲမှ ခပ်အေးအေးပင် လွတ်မြောက်သွားခဲ့လေသည်။
ဦးလူဒုတ်က မောင်သိန်းနှင့် ကူးမာကို ညတွင်းချင်းပင် အချုပ်ထဲ ထည့်လိုက်သည်။

ထို့နောက် တစ်ယောက်ချင်းခေါ်ထုတ်ကာ ဖြဲစ်စဉ်ကို စစ်မေး၏။
"ဒါဆို မောင်သိန်း မင်းကို စိန်ခါးမြောင်က တုတ်ပြီး၊ ခါးပြီးဆေး ထိုးပေးသွားတယ်ပေါ့..ပြစမ်း...အဲ့ဒီဆေး"
စစ်ကိုင်းဂါတ်မှ ပုလိပ်အရာရှိများရှေ့တွင် မောင်သိန်းက ကျောကုန်းကို လှည့်ပြလိုက်သည်။
ကျောကုန်းက စာတမ်းကြောင့် ပုလိပ်များအားလုံး ငိုအားထက် ရယ်အားသန်ကုန်ကြ၏။
မောင်သိန်း၏ ကျောကုန်းတွင် စိန်ခါးမြောင်ထိုးပေးလိုက်သည့် တုတ်ပြီး ခါးပြီး သေနတ်ပြီးသည့် စာကား
"ဥုံ ဘယ်သူမှ မယုံနဲ့" ဟူ၏။
.....
.....
၁၉၄၂ ခုနှစ် ၏ ပထမဆုံးနေ့ရက်။
မန္တလေးဆေးရုံကြီးဝန်းအတွင်း ကိုးကျပ်တန်းဘန်ဂလိုများဆီသို့ ပုလိပ်တစ်ဦး ရောက်လာသည်။
ကိုးကျပ်တန်းဆိုသည်မှာ လူချမ်းသာများသာ တက်ရောက်နိုင်သော နေရာဖြစ်သည်။
သစ်သားဖြင့် လုပ်ထားသော ခြေတံရှည်တစ်ထပ်အိမ်ကလေးများဖြင့် သီးသန့်ဆေးရုံဘန်ဂလိုများဖြစ်သည်။
စပရင်တပ်သံခုတင်၊ မွေ့ယာဖြူဖြူ၊ ခေါင်းအုံးစွပ်ဖြူဖြူများနှင့် အင်မတန်မှစမတ်ကျသောနေရာဖြစ်သည်။
ရွှေဒင်္ဂါးတစ်ပြား ၂၆ ကျပ်ရှိသောခေတ်တွင် တစ်နေ့ ငွေကိုးကျပ်ဆိုသည်မှာ နည်းသည့် ပမာဏတော့မဟုတ်။
လုပ်ငန်းရှင်ဥရောပသားများ၊ ဘီအိုစီ၊ စတီးဘရားသားစသော ကုမ္ပဏီအရာရှိများသာ တက်နိုင်သည့် နေရာဖြစ်သည်။
ကိုးကျပ်တန်းဘန်ဂလိုတစ်ခုရှေ့တွင် ထိုင်နေသော ဂါဝန်ဝတ်စစ်တာများရှေ့ရောက်သောအခါ ပုလိပ်က တာဝန်ကျ သူနာပြုများကို မေးလိုက်သည်။
"ဆရာမကြီးတို့..ဒီကိုးကျပ်တန်းမှာ လာတက်နေတဲ့ မမြကြည် က ဘယ်နားမှာလဲ မသိဘူးဗျ"
ပုလိပ်က လာမေးသဖြင့် စစ်တာများမှာ အနည်းငယ်စိုးရွံ့သွားကြ၏။

"မြဲကြဲည်..မြဲကြဲည်..အဘောရှင်းဖြဲစ်တဲ့တစ်ယောက်လား..ဟိုးဘက်ထောင့်စွန်းခန်းမှာပါ"
မျက်နှာဖြူများသာ တက်လေ့ရှိသော အတန်းတွင် ထူးထူးခြားခြား မြန်မာမတစ်ယောက် က လာတက်နေသည့် အပြင် ပုလိပ်တစ်ယောက်ပါ ရောက်လာသဖြင့် စစ္စတာများမှာ အခြေအနေကို အကဲခတ်နေကြသည်။
သူ့အခန်းတံခါးဝတွင် ရပ်နေသော ပုလိပ်သားကို ကြည့်ပြီး မြကြည် တအံ့တသြ ဖြစ်သွားသည်။
"မမြကြည်နဲ့ ကျွန်တော် စကားပြောစရာရှိလို့..ဆရာမ တဆိတ်လောက်ခင်ဗျ"
မမြကြည်ကို ဆန်ပြုတ်တိုက်နေသော ဂါဝန်ဝတ်စစ္စတာက အပြင်သို့ ထွက်သွားပေးသည်။
"ကိုမောင်ကလေး..ကိုမောင်ကလေး.."
စိန်ခါးမြောင်က မြကြည့်ရှေ့က ခုံတွင် ဝင်ထိုင်လိုက်ပြီး မြကြည်၏ လက်ဖျားကို ဆုပ်ကိုင်ထားလိုက်သည်။
"အကို ရောက်အောင်လာတယ်နော်..မြကြည်..ဘာမှ စိတ်မပူနဲ့ သိလား"
"ဒီ ပုလိပ်ဝတ်စုံကြီးကရော"
"သြော်. ပုလိပ်တွေဆီက.ခဏငှားဝတ်လာတာပါ"
မြကြည်က မျက်လုံးလေး အပြူးသား။
"အခုက အချုပ်က လွတ်ပေးလိုက်တာလားဟင်"
"ဟုတ်တယ်..မြကြည်..ကိုယ့်ဟာကိုယ် လွတ်ပေးလိုက်တာ"
"ရှင်"
"မရှင်နဲ့ မြကြည်..မရှင်နဲ့..အရေးကြီးတာက..မြကြည်..မြကြည် နေကောင်းတယ် မဟုတ်လား..မြကြည် နေကောင်းဖို့ အရေးကြီးတယ်"
"ကောင်းပါတယ်..အကို..အခု..အကိုက အချုပ်ခန်းက ထွက်ပြေးလာတာပေါ့"
စိန်ခါးမြောင်က သက်ပြင်းချလိုက်သည်။
"ဟုတ်တယ်..အကို့ အချုပ်ခန်းဖောက်ပြေးလာတာ..အကိုက ဝရမ်းပြေးဖြစ်သွားပြီ..မြကြည်.. အကို့ ဒီအတိုင်းတော့ ထောင်ကျမခံနိုင်ဘူး..ဒါပေမယ့် မပူပါနဲ့..မြကြည် လိုအပ်တဲ့အချိန်တိုင်း အကို့ ရှိနေမှာပါ"
မြကြည်က စိန်ခါးမြောင်၏ လက်ကို တင်းတင်းဆုတ်ထားသည်။

"ကဲ..အကို လုပ်စရာတွေရှိသေးတယ်..မြဲကြဲည်..အချိန်သိပ်မရဘူး..အကို သွားရတော့မယ်..မကြာခင် ပြန်လာခဲ့ပါဦးမှ..အဲ့ဒီကျမှ ကလေးထပ်ယူကြတာပေါ့"
စိန်ခါးမြောင်က မြကြည်၏ နဖူးကို နမ်းက ဘန်ဂလိုအောက်သို့ ပြန်ဆင်းသွားလေသည်။
တစ်နာရီခန့်အကြာတွင် စစ်ကိုင်းပုလိပ်ဌာနမှ ဦးလူဒုတ်၊ ဆားပုလင်းဘဘ၊ (၁၁)မှတ်ပုလိပ်ဌာနမှ အေစီ မော်ဂန်နှင့် ပုလိပ်သားများပါသော ကားကြီးသည် မန္တလေးဆေးရုံဝန်း၊ ကိုးကျပ်တန်းဘန်ဂလိုများဆီသို့ ဆိုက်ရောက်လာလေတော့သည်။
ဦးလူဒုတ် နှင့် အဖွဲ့က မမြကြည်တက်နေသည့် ဘန်ဂလိုပေါ်သို့ သေနတ်များ အသင့်ကိုင်ကာ တက်လာကြသည်။
မမြကြည် ကား ကုတင်ပေါ်တွင် အိပ်မောကျလျက်။
"ပလိစ် ဆာ....ကျွန်မတို့ ဆေးရုံကို ဝရမ်းမပါပဲ လက်နက်တွေကိုင်ပြီး ဝင်ရောက်ခွင့်မရှိပါဘူးရှင့်..ဒါဆေးရုံပါ..လူနာတွေ စိတ်အနှောက်အယှက်ဖြစ်သွားနိုင်ပါတယ်..အခုချက်ချင်း ပြန်ထွက်သွားပေးကြပါ"
သူတို့အနောက်ဖက်မှ ဘိုကပြား စစ္စတာမကြီး၏ ပီပီသသ အင်္ဂလိပ်စကားသံထွက်လာသည်။
ဦးလူဒုတ်က ဗမာလို ခပ်တိုးတိုး ဆဲရေးလိုက်၏။
.....
ထိုအချိန်တွင် ပုလိပ်သားဝတ်စုံဝတ်ထားသော စိန်ခါးမြောင်သည် စစ်ကိုင်းဂါတ်တံတွင်ရှိ စဉ်ကတည်းက ကြိုတင်အချိန်းအချက် လုပ်ခဲ့သည့်အတိုင်း စစ်ကိုင်းဘက်ကူးသည့် ငှက်ဆိပ်သို့ ရောက်ရှိနေလေသည်။
ငှက်ဆိပ်၏ အနောက်ဘက် ခရီးသည်များနားနေရာ တဲကလေးထဲတွင် ဘမောင်နှင့် လှမောင် ညီအကို ထိုင်နေကြသည်။
စိန်ခါးမြောင် ဝင်လာသည်နှင့် သူတို့ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။
လှေဆိပ်က လူ လူရှုပ်ထွေးလှသည်။
ပုလိပ်တစ်ယောက်နှင့် လူနှစ်ယောက် စကားပြောနေသည်ကို မည်သူမျှ အရေးအရာမလုပ်ကြ။
"မင်းတို့ ခါလေး နဲ့ အဆက်အသွယ်ရပြီလား"
"ရပြီ..ဆရာကြီး..ဟိုဘက်ထိပ်မှာ ငှက်တစ်စီး အသင့်ဌားပြီး ခါလေး စောင့်နေပါတယ်"

"အေး..အဲ့ဒါဆို သွားကြဲမယ်"
"ဘယ်ကို သွားမှာလဲ..ဆရာ"
"စစ်ကိုင်းဘက်ကို"
"ဗျာ"
"မဗျာ နဲ့ ဘမောင်..မင်းတို့ လိုက်ရဲရင် လိုက်ခဲ့.. ခါလေး ဘယ်မှာလဲ"
လှမောင်က ဌက်ဆိပ် ၏ အစွန်ဆုံးတွင်ရှိသော ဌက်ကို လက်ညှိုးထိုးပြလိုက်သည်။
စိန်ဓါးမြှောင်က ထထွက်သွားသဖြင့် ဘမောင်နှင့် လှမောင်တို့ အနောက် လိုက်လာကြ၏။
"ကျွန်တော်တို့က ဆရာကြီး ပါရင် ဘယ်မဆိုလိုက်ရဲပါတယ်..ဒါပေမယ့် ညကမှ စစ်ကိုင်းဂါတ်က ကျွန်တော်တို့ ထွက်လာတာ..အခု သွားလို့ ဖြစ်ပါ့မလား..ဘာသွားပြန်လုပ်မလို့တုန်း"
"ခါးပြသွားတိုက်မှာကွ"
"ဗျာ"
"ဟုတ်တယ်..မြကြည်ကို ငါဝယ်ပေးထားတဲ့ နားကပ်ကို ဟိုကောင်မကြီး အသားလွတ်ယူသွားတယ်..အဲ့ဒါ ပြန်ယူမလို့"
"ဆရာကြီးရယ်..ကျွန်တော်တို့က ခါးပြပါ..ဆရာကြီးက လူကောင်းပါ..အခုတော့ ကျွန်တော်တို့ကြောင့် ဆရာကြီးပါ..ခါးပြလုပ်တော့မလို့လား"
"ဟိတ်ကောင်တွေ...ဒီအချိန်မှာတော့ စောက်ပိုတွေမပြောကြနဲ့တော့။ ခုချိန် ငါက ဘုန်းကြီးဖြစ်နေရင်တော့ နီဗွာန်ရောက်တဲ့အထိ အားထုတ်ရမှာငါ့အလုပ်ပဲ။ မိန်းမရတော့လည်း မိသားစုကို သောင်သောင်သာသာထားဖို့က ငါ့အလုပ်။ ဟော..အခုကျ ဝရမ်းပြေးဖြစ်သွားပြီ။ ဝရမ်းပြေးဖြစ်မှတော့ ငါ့အလုပ်က ခါးပြဗိုလ်ဖြစ်အောင် လုပ်ရတော့မှာပဲ..မတတ်နိုင်ဘူးကွ..ကိုယ့်အလုပ်တော့ ကိုယ် ဂီတ်ဆုံးဖြစ်အောင် လုပ်ရမှာပဲ"
ခါလေးက စိန်ဓါးမြှောင်ကို ဆင်းကြိုသည်။
စိန်ဓါးမြှောင်က ခါလေးကို ပုခုံးဖက်ပြီး ပြုံးပြ၏။
ထို့နောက် ဌက်လှေပေါ်တက်ထိုင်လိုက်သည်။ ခါလေး၊ ဘမောင်၊ လှမောင် ညီအစ်ကိုလည်း ဌက်လှေပေါ် တက်ထိုင်လိုက်ကြသည်။
.....
.....

.....

အခန်း(၆)

စစ်ကိုင်းဘက်ကမ်းသို့ ရောက်သည်နှင့် စိန်ခါးမြောင်တို့ အုပ်စု လှေပေါ်မှ ဆင်းလိုက်သည်။
လှေသမားက ပြန်လည်ထွက်ခွာသွား၏။
ကမ်းစပ်ရှိ စွန့်ပစ်ထားသော တဲတစ်ခုရှိရာသို့ စိန်ခါးမြောင် က လျှောက်သွားသည်။
တဲအောက်မှ ပုဆိုးစုတ်ဖြင့် ရစ်ပတ်ထားသော တစ်စုံတစ်ခုကို ထုတ်ယူလိုက်၏။
ပုဆိုးကို ဖြည်လိုက်သည်တွင် ရိုင်ဖယ်သေနတ်တစ်လက်။
စစ်ကိုင်းဂါတ်တဲမှ စိန်ခါးမြောင်လုလာခဲ့သော သေနတ်ဖြစ်သည်။
လွန်ခဲ့သည့်ညက ထိုတဲပျက်ကလေးတွင် စိန်ခါးမြောင်ခိုနေခဲ့သည်။ နံနက်လင်းအားကြိုးမှ ရိုင်ဖယ်သေနတ်ကို တိတွင်းတွေ့ရသော ပုဆိုးစုတ်ဖြင့် ရစ်ပတ်ကာ ဝှက်ခဲ့ပြီး မန္တလေးသို့ စစ်ကိုင်းတံတားရထားလမ်းအတိုင်း လမ်းလျှောက်ကာ ကူးလာခဲ့ခြင်းဖြစ်သည်။
ထို့ကြောင့် လှေဆိပ်တွင် စောင့်နေကြသော ပုလိပ်များ မျက်စိလည်ကုန်ကြခြင်းဖြစ်သည်။
"ကဲ..ဘမောင် နဲ့ လှမောင် မင်းတို့ သူဌေးဦးကြင် အိမ်ကို သိရဲ့မဟုတ်လား"
"သိတယ်..ဆရာကြီး..လေးကျွန်းမာရ်အောင်ဘုရားသွားတဲ့လမ်းက.. တိုက်နီကြီးပဲ"
"ဦးကြင် က ဗိန္ဓောဆေးကုန်တွေလုပ်တဲ့ ပွဲစားကြီးဆို"
"ဟုတ်တယ်..ဆရာကြီး..သူအဲ့ဒါနဲ့ချမ်းသာတာပဲ"
"ဒါဖြင့် တယ်ပြီး ဟန်ကျကွာ...ကဲ.. အခွျိန်မရှိဘူး..မင်းတို့မှာ စိတ်ချရတဲ့ မြင်းလှည်းဆရာ တစ်ယောက်လောက်ရှိမလား"
"ကျွန်တော်တို့သူငယ်ချင်း ဘရင်ဆို တာရှိပါတယ်..ခါးပြတိုက်ရင် လိုက်ပို့ပေးနေကြပါ..ဒီကောင့်ကို ဝေစုသာပေး စိတ်ချရတယ်..ဆရာကြီး"
"ဟုတ်ပြီ...အဲ့ဒါဆို ဘမောင်နဲ့ ခါလေးက အဲ့ဒီဘရင်ကို လိုက်ရှာပြီး နောက်က လိုက်ခဲ့...ဟိုရောက်ရင် မြင်းလှည်းကို ခြံတံခါးဝကပဲ အသင့်စောင့်...ငါနဲ့ လှမောင်က ဦးကြင်အိမ်ကို ဝင်ကြမယ်..ပုဆိုးနှစ်ကွင်းလည်း ရှာခဲ့ကွာ"

စိန်ခါးမြောင် စကားကြောင့် ဘမောင်နှင့် လှမောင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

"နေ့ဘက်ကြောင်တောင်ကြီး ခါးပြတ်ရတယ်လို့.မဟုတ်သေးဘူး နော်..ဆရာကြီး. ကျွန်တော်တို့ တစ်ခါမှ မတိုက်ဖူးဘူး..ပြီးတော့ သေနတ်ကြီးနဲ့ မြို့လယ်ခေါင်မှာ..ဖြစ်ပါ့မလား"

"ဟ နေ့ဘက်ခါးပြမတိုက်ရဘူးလို့ ဘယ်ဘုရားဟောထားလဲ..လင်းလင်း ထင်းထင်းမှာ တိုက်တော့ ပိုမြင်ရတာပေါ့..."

"အောင်မယ်လေး..ဆရာကြီးရယ်..ဒီလောက်နေ့လည်ကြောင်တောင်ထဲ သေနတ်ကြီးလွယ်ထားတော့ ပုလိပ်က ပိုမြင်ပြီး ဖမ်းတော့မှာပေါ့"

"ဘမောင်က တယ်စောက်စကားရှည်တာကိုးကွ..ငါဝတ်ထားတာလည်း ကြည့်အုံး..မင်းပုထွေး..ပုလိပ်တွေ..ဝတ်တဲ့ ဝတ်စုံဟ"

.....
.....

သူဌေးဦးကြင်။

စစ်ကိုင်းမြို့ ၏ ပရဆေးကုန်ကြမ်းရောင်းဝယ်ရေးလောကတွင် အထင်ကရ သူဌေးကြီး။

ဘုမ္မရာဇာ၊ ၊ တရုတ်စကား၊ သစ်ခွ၊ ကံကော်ဝတ်ဆံ ၊ ကွမ်းစားဂမုန်း၊ မာလာဥ၊ မာလာဥခေါင်း၊ နှန်းခေါင်း၊ နန်းတက်၊မှတ်ခါး၊ ချင်းခြောက်၊ ဆီးဆံ၊ကြောင်လျာစေ့တို့ ရောင်းဝယ်လုပ်ရာတွင် ဦးကြင်၏ စကားတစ်ခွန်းသည် ဈေးဖြစ်နေသည့်ကာလဖြစ်သည်။

ထိုနေ့က သူဌေးဦးကြင် သည် ကချင်ပြည်နယ်ဘက်မှ ခမ်းတောက်မြစ် ပါလာသည့် ကုန်သည်တစ်ဦး မန္တလေးသို့ ရောက်သည် ဆိုသဖြင် မန္တလေးဘက် တက်သွားချိန်ဖြစ်သည်။

အိမ်တွင် သူဌေးကတော် ဒေါ်သာဥ တစ်ဦးသာ ကျန်နေ၏။

ပရဆေးဒိုင်ဖြင့် တွဲဖွင့်ထားသော ဦးကြင်အိမ်ရှေ့သို့ သေနတ်လွယ်ထားသည့် ပုလိပ်တစ်ဦး ဝင်လာသည်။

နဂါးဒေါ် ဦးဆေးပေါ့လိပ်ကို ဖွာလျက် ကုန်အဝင်အထွက်များကို စိစစ်နေသော ဒေါ်သာဥ မှာ ရုတ်တရက် မှင်တက်မိသွား၏။

သို့သော် ဌာနအုပ် ဦးလူဒုတ်၏ ဌာနာမှ တာဝန်ဖြင့် လွှတ်လိုက်သည့် ပုလိပ်သားတစ်ဦး ဖြစ်မည်ဟု တွေးလိုက်သည်။

"ဘာကိစ္စများရှိသလဲကွယ်..လက်နက်တွေဘာတွေနဲ့ လာတော့.မထိတ်မလန့်သာ ရှိလိုက်တာ"
ပုလိပ်က ဒေါ်သာဥကို ပြုံးပြရင်း
"တခြား ဘာရယ်မဟုတ်ပါဘူး..ဒေါ်ဒေါ်ရယ်..ညက ဌာနာအချုပ်ကို ဖောက်ပြေးသွားတဲ့ ခါးပြတွေက ဒေါ်ဒေါ်အိမ် လာမယ် သတင်းကြားလို့ ဌာနအုပ်မင်းက စောင့်ရှောက်ဖို့ အလို့ လွှတ်လိုက်တာပါ"
"သြော်..ကိုလူဒုတ် လွှတ်လိုက်တာလား..လာပါကွယ်..လာပါ"
ပုလိပ် က ဒေါ်သာဥ ၏ စားပွဲရှေ့တွင် ရပ်လိုက်ပြီး ခြံအတွင်းမှ ပရဆေးလာရောက်ရောင်းဝယ်သည့် လူအများကို အကဲခတ်လိုက်သည်။
"ဒီလောက် လူအဝင်အထွက်ရှုပ်ထွေးနေတော့ ဒေါ်ဒေါ်တို့ အတွက် အန္တရာယ်ရှိတာ အမှန်ပဲ ဒေါ်ဒေါ်..ဖြစ်နိုင်ရင် ပွဲရှိကို ပိတ်လိုက်စေချင်တယ်..မသကာ ခါးမြတွေ ရောရက်ဝင်လာမှဖြင့် ခက်ကုန်မယ်"
ပုလိပ်စကားကြောင့် ဒေါ်သာဥ ပြူးပြူးပြာပြာဖြစ်သွားသည်။
"အင်း..ငါ့တူကြီးပြောမှ..ဒေါ်ဒေါ် သတိထားမိတယ်..ဟုတ်ပါ့ကွယ်..ဒေါ်ဒေါ် နဲ့ မင့် ဦးကြီး ပွဲစားကြီးတို့မှာ သာသနာပြုဖို့ ရှာရဖွေရမို့ ဒီသတင်းပလင်းတွေ သတိမထားမိဘူးဖြစ်သွားတယ်..ခုပဲ ပွဲရုံကို ပိတ်ပေးပါ့မယ်..ဟုတ်တယ်..ဟုတ်တယ်"
ဒေါ်သာဥက ထိုင်ခုံမှ ထပြီး အနီးတွင် ရှိသော လူငယ်တစ်ဦးအား စကားသွားပြောလိုက်သည်။
မကြာမီ ထိုလူငယ်က အခြားကုန်စည်လက်ခံနေသည့်သူများအား လိုက်လံပြောကြားပြီးနောက် ကုန်ပစ္စည်းလာသွင်းသူများ အလျှိုလျှိုပြန်ကုန်ကြ၏။
ခြံအတွင်းဝယ် ပရဆေးကုန်ကြမ်းလက်ခံဝယ်ယူသူ ယောကျ်ားပျို (၂)ဦးနှင့် မိန်းမပျို (၃)ဦးသာကျန်ရစ်တော့သည်။
"အခု ဒီဝန်းထဲ ကျန်တာ ဒေါ်ဒေါ်တို့ အိမ်သားချည်းပဲလား"
"ဟုတ်ပါ့ကွယ်...ဆွေမျိုးနီးစပ်..တူ တူမတွေပါပဲ..စိတ်ချရပါတယ်"
"ဒါဆိုလည်း..ဒီရွှေကို သူတို့ကို ခေါ်ပါဦး...ဒေါ်ဒေါ်တို့ မိသားစုလုံခြုံရေးအတွက် ဌာနအုပ်မင်း မှာလိုက်တာတွေ ပြောချင်လို့"
"ဟေ့..သာဂေါင်၊ မြထွန်း၊ သေးသွယ်၊ ဝက်မ တို့တွေ ဒီနား လာကြကွယ်"
ဒေါ်သာဥ က ခေါ်လိုက်ခြင်းကြောင့် အားလုံး ဘေးနားသို့ ရောက်လာကြသည်။
ထိုအခါ ပုလိပ်သားက ရိုင်ဖယ်သေနတ်ကို လွယ်ထားရာမှ အသင့်အနေအထားကိုင်လိုက်ပြီး

"ဒါနဲ့..ဒေါ်ဒေါ် ကျွန်တော့် မမှတ်မိဘူးလား"
ဒေါ်သာဥ က သေချာစွာကြည့်သည်။
"အင်း...တွေ့တော့ တွေ့ဖူးသလိုပဲကွဲ့"
"တွေ့ဖူးမှာပေါ့...ကျုပ် စိန်ခါးမြောင်ပဲလေ"
"ဟင်"
"တစ်ယောက်မှ မလှုပ်ကြနဲ့နော်..လှုပ်တာနဲ့ သေဖို့သာပြင်...ဟေ့..လှမောင်..ဝင်ခဲ့တော့..ဝင်းတံခါးကို အလုံပိတ်ခဲ့ကွာ"
အပြင်တွင်စောင့်နေသော လှမောင်က ဝင်လာပြီး ခြံဝင်းတံခါးကို ပိတ်လိုက်သည်။
ဒေါ်သာဥ ခိုင်းရန် ခေါ်ထားသော လူငယ်နှစ်ဦးနှင့် မိန်းမပျိုများမှာ ဆယ်ကျော်သက်သာသာအရွယ်များဖြစ်သဖြင့် ပုလိပ်ဝတ်စုံ၊ သေနတ် စသည်တို့၏ အရှိန်ဖြင့် ကြောက်ရွံ့လျက်ရှိကြသည်။
"လှမောင်..ဟို သေတ္တာထဲ က ငွေတွေစားပွဲပေါ် ပုံစမ်းကွာ"
လှမောင်က ဒေါ်သာဥ၏ ပွဲရုံဝင်ငွေသေတ္တာကို ယူကာ စားပွဲပေါ် ပုံလိုက်သည်။
"ဟေ့..သာခေါင်ဆိုလား..သာဂေါင်ဆိုလား..ဟေ့ကောင်"
ဒေါ်သာဥ ၏ တူဝမ်းကွဲတော်သူ သာဂေါင်မှ တုန်ခနဲဖြစ်သွားသည်။
"ရှိပါတယ်ခင်ဗျ"
"အေး..အဲ့ဒီငွေပုံထဲက ရှုပီးအတန်ကြီးတွေချည်း သက်သက်ရွေးထုတ်စမ်းကွာ..လှမောင် ပြီးရင် ဒီကောင့်ဆီက အဲ့ဟာတွေ အကုန်ယူစမ်း"
သာဂေါင်က ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အတန်ကြီးများအား ရွေးနေသည်။
ဒေါ်သာဥက တုန်တုန်ရီရီဖြင့် မော့ကြည့်ရင်း
"မလုပ်ပါနဲ့ကွယ်..ဒါ..ဒေါ်ဒေါ်တို့ ကောင်းရောင်းကောင်းဝယ်နဲ့ ရှာထားတဲ့..ပစ္စည်းလေးပါ"
"သြော်..အင်း..ဟုတ်ပါတယ်..ကျုပ် မိန်းမ နားကပ်လေးတုန်းက ကျုပ်က ဓါးပြတို့က် ယူထားတာဆိုတော့..ခင်ဗျားကြီးက မတရားယူလို့ရတယ်ပေါ့..ဟမ်..ကလိန်မကြီး..မှတ်မိလား..မှတ်မိလား"
"ဒေါ်ဒေါ် မှားမိပါတယ်.မောင်ရယ်..မှားမိပါတယ်ကွယ်..ဟိုပုလိပ် လူဒုတ်ကြောင့် မှားမိတာပါ..အဲ့ဒီနားကပ်လည်း သူ့ကို တစ်ဖက်ပေးလိုက်ရပါတယ်"

"အော်..ခင်ဗျားတို့က တိုက်ရာပါကို တစ်ယောက်တစ်ဝက်တောင်ခွဲယူလိုက်သေး ကိုးဗျ..ဘယ်မလဲ..အဲ့ဒီ ကျုပ်မိန်းမရဲ့နားကပ်တစ်ဖက်...အခုပေး"
"မ..မရှိတော့ပါဘူးကွယ်.စျေးချို အီးရုံ ရွှေဆိုင်တန်းမှာ ရောင်းလိုက်ပါပြီ"
"ဘယ်ကောင့်ကို ရောင်းတာလဲ"
"လောကနာသံ စိန်ဘာဘူဆိုင်ပါ"
ထိုအချိန်တွင် သာဂေါင်က ရူပီးအတန်ကြီးများချည်း ရွေးပြီးဖြစ်သဖြင့် လှမောင်က ပုဆိုးကို ပြင်ဝတ်ရင်း ခါးပုံစကို ခပ်ကြီးကြီး လုပ်ကာ ထည့်လိုက်သည်။
"ကဲ..အဘွားကြီး..ခင်ဗျား နားဒေါင်းကြီး ချွတ်စမ်းဗျာ"
စိန်ခါးမြောင်က ဒေါ်သာဥ ရင်ဘတ်ကို ရိုင်ဖက်သေနတ်ဦးဖြင့် ထိုးလိုက်သည်။
"ဒေါ်ဒေါ်တို့ မင်္ဂလာဦးပစ္စည်းလေးမို့..မလုပ်ပါနဲ့"
"အိမ်း..ကာလဝိဘတ်နောက်ပိုးတက်တဲ့..ကံ ကံ၏ အကျိုးများ တယ်လည်း ကြောက်စရာကောင်းသကိုး..ကျောင်းဒကာမကြီးရဲ့...ခင်ဗျားမတရားယူသွားတာလည်း..ကျုပ်မိန်းမကို ကျုပ်ပေးထားတဲ့ မင်္ဂလာဦးပစ္စည်းဗျ..ကဲ.ဖြုတ်မှာသာ ဖြုတ်စမ်းပါဗျာ...နို့မဟုတ်..သေနတ်က ကျည်ထွက်သွားလို့ သရဏဂုံတောင်မတည်လိုက်ရပဲ အပ္ပါယ်လားသွားမယ်"
စိန်ခါးမြောင်၏ တရားဓမ္မသံဖြင့် ဓါးမြလေအဆုံး ဒေါ်သာဥမှာ နားဒေါင်းကို ဖြုတ်ပေးလိုက်ရသည်။
"ကဲ..ဟိုကောင်လေး..သာဂေါင်..အိမ်ထဲသွားပြီး စောင်တစ်ထည်သွားယူပေးစမ်းပါဦး...ငါ တစ်ဆယ်အထိရေလို့ မင်းပြန်မထွက်လာရင် ဒီကောင်မလေးတွေထဲက တစ်ယောက်ကို ပစ်သတ်မယ်..မြန်မြန် ယူပြီး ထွက်လာခဲ့..တစ်..."
သာဂေါင်မှာ အိမ်ထဲသို့ အပြေးအလွှားဝင်သွားသည်။
နံပါတ်ခုနှစ်အရောက်တွင် သာဂေါင်က အညာစောင်ကြမ်းကြီးတစ်ထည် ကိုင်ကာ ပြန်ထွက်လာသည်။
စိန်ခါးမြောင်က ရိုင်ဖယ်သေနတ်ကို ဘေးချပြီး စောင်အား ယူလိုက်ပြီး
"ကဲ.ဒေါ်ဒေါ်ရော ကျန်တဲ့လူတွေပါ စုပြီး မှောက်အိပ်လိုက်ကြဗျာ..ပထမဆုံး ခေါင်းထောင်ကြည့်တဲ့လူ ကျုပ် ပစ်သတ်မလို့ဗျ"
ဒေါ်သာဥ ရော ကျန်သူများပါ မြေပြင်တွင် စုပြီး မှောက်လိုက်ကြသည်။
စိန်ခါးမြောင်က စောင်ကို သူတို့ ပေါ်သို့ လွှားခနဲ အုပ်လိုက်၏။
ထိုအချိန်တွင် လှမောင်က အလျင်စလို ရိုင်ဖယ်သေနတ်အနားတိုးကပ်သွားလိုက်သည်။

"ကဲ..လှမောင်"
စိန်ခါးမြောင်က မျက်ရိပ်ပြကာ အပြင်သို့ ထွက်သွား၏။
လှမောင်က ရိုင်ဖယ်သေနတ်ကို လွယ်ကာ နောက်မှ ကမန်းကတန်းလိုက်လာလေသည်။
ခြံတံခါးကို ဖွင့်လိုက်သောအခါ အသင့်စောင့်နေသော မြင်းလှည်းတစ်စီးကို တွေ့လေသည်။
မြင်းလှည်းပေါ်အနောက်ခန်းတွင် ဘမောင်နှင့် ခါလေး က စိုးရိမ်တကြီးမျက်လုံးများနှင့်။
စိန်ခါးမြောင်က မြင်းလှည်းပေါ် ခပ်သွက်သွက်တက်လိုက်သည်။
နောက်မှ ခါးပုံစကြိုးနှင့်ရိုင်ဖယ်သေနတ်ကို လွယ်ကာ ကိုယ့်ကားယားပြေးလာသော လှမောင်။
"လှမောင်..မင်းကလည်း နှေးလိုက်တာကွာ"
"ခါးပုံစထဲက ပို့က်ဆံတွေရော..ရိုင်ဖယ်သေနတ်ရောလွယ်လာရတာလေ..ဆရာကြီးရဲ့.."
ထိုအခါမှ စိန်ခါးမြောင်က လှမောင် လွယ်လာသော ရိုင်ဖယ်သေနတ်ကို သေချာကြည့်လေသည်။
"ဟေ..သေနတ်က မင်းယူလာတာလား"
"ဆရာကြီးက စောင်ရတာနဲ့ သေနတ်ကြီးထားခဲ့တာကို..ကျွန်တော်လည်း ဒီသေနတ်အားကိုးလေးရှိတာမို့ ရအောင် ပြန်ယူလာရတာပဲ"
စိန်ခါးမြောင်က သက်ပြင်းချသည်။
"အေး..တော်သေးတာပေါ့..လှမောင်ရာ.. ခါးပြ တစ်ခါမှ မတိုက်ဖူးတော့..ပြာပြီး..သေနတ်ကို မေ့သွားတာကွ..မေ့ဆို..ငါ့မလည်း ဒါကြီး ယူသာယူလာတာ ဘယ်လိုပစ်ရမှန်းမသိကိုးကွ"
လှမောင် ၊ ဘမောင်နှင့် ခါလေး တို့ ပြုံးစိစိဖြစ်ကုန်ကြသည်။
စိန်ခါးမြောင်က သူ့လက်ထဲတွင် ပါလာသော ဒေါသာဥ၏ စိန်နားကပ်တစ်ရံကို သေချာကြည့်လိုက်သည်။
ပြီးမှ တစ်စုံတစ်ခုကို သတိရသွားပြီး
"ဟေ့ကောင်..ဘမောင်..ဘယ်မတုန်း မြင်းလှည်းသမား..မောင်းတော့လေကွာ"
ဘမောင်က ရှေ့သို့ ကြည့်လိုက်ရာ မြင်းလှည်းဦးတွင် မြင်းလှည်းဆရာမရှိ။

"ဘရင်..ဘရင်..ဟေ့ကောင်..မင်းဘာလုပ်နေတာလဲ"
ဘမောင်က လှမ်းအော်လိုက်သောအခါမှ ခြံဝန်းဘေးဘက်မှ လူတစ်ယောက် ထွက်လာသည်။
"ခြံဘေးမှာ ငရုတ်သီးပင်ကြီးတွေ တွေ့လို့ ငရုတ်သီးခူးနေတာကွ"
"မင်းနှမလင်..ငါလချီး..ဒီအချိန် ငရုတ်သီးခူးစရာလားဟ..လာသွားမယ်..မြန်မြန်တက်"
မြင်းလှည်းဆရာ ဘရင်က ငရုတ်သီးလက်တစ်ဆုပ်ကို လွယ်အိတ်ထဲထည့်ကာ မြင်းလှည်းပေါ် ပြေးတက်လာသည်။
"ဖြည်းဖြည်းလုပ်ပါဟ..မအေဘေးရ...ပြော..ငါ ဘယ်ကို မောင်းရမလဲ
"မင်းကွန်း..မင်းကွန်းဘက်ကို မောင်းဟေ့..ဗိုလ်ငရုတ်သီးရ"
စိန်ခါးမြောင်၏ အသံဆုံးသည်နှင့် မြင်းလှည်းက အရှိန်ဖြင့် ထွက်သွား တော့သည်။

.....
ခိုတောင်ရွာထိပ်။
လူငါးယောက်ပါသော လှည်းကို ဆွဲလာသည့် မြင်းတို့ကား ပန်းလှပြီ။
မြည်းလှည်းဆရာဘရင်၏ လက်ထဲမှ ငရုတ်သီးစိမ်းများလည်း လွယ်အိတ်ထဲမှ ပြုတ်ကျကာ ကျန်နေရစ်ပြီ။
ခိုတောင်ရွာထိပ်ရှိ ညောင်ကြပ်ပင်ကြီးများဘေးတွင် ဇရပ်တစ်ဆောင်ရှိနေ၏။
စိန်ခါးမြောင်က မြင်းလှည်းပေါ်မှာ ဆင်းကာ ဇရပ်ပေါ်သို့ တက်သွားသည်။
"အားလုံး လာကြဟေ့"
ဘမောင်၊ လှမောင်နှင့် ခါလေး တို့ ဇရပ်ပေါ်သို့ တက်လာကြသည်။
"ဟေ့..မြင်းလှည်းဆရာဗိုလ်ငရုတ်သီး မင်းလည်း လာလေကွာ"
လွယ်အိတ်ထဲမှ ငရုတ်သီးများကို စစ်ဆေးနေသော ဘရင် က စိန်ခါးမြောင်ခေါ်သံကြောင့် ဇရပ်ပေါ်တက်လာသည်။
"ဝိုင်းထိုင်ကြဟေ့"
ဇရပ်ပေါ် အားလုံး ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။
"ဟေ့...ဘမောင်..မင်း ကို ငါ ပုဆိုး နှစ်ထည် ယူခိုင်းတာ ပါလားကွ"

"ပါပါတယ်..ဆရာကြီး"
ခါလေးက မြင်းလှည်းပေါ်မှ ပုဆိုးနှစ်ထည်ကို ပြေးယူသည်။
စိန်ခါးမြောင်က ပုဆိုးကို လဲဝတ်ကာ ပုလိပ်အဝတ်အစားများကို ချွတ်လိုက်၏။
အပေါ် ပိုင်းဗလာကျင်း ပုဆိုးဖြင့် ဖြစ်သွားလေသည်။ သို့သော် ဘမောင်တို့ ယူလာသော ပုဆိုးကလည်း အရောင်အဆင်းမရှိ ညစ်စုတ်ပေရေလှသောပုဆိုး။
"မင်းတို့ ပုဆိုးတွေကလည်း စောက်စုတ်ကွာ..နံကလည်းနံသေး..ခွီး"
"ကျွန်တော်တို့ ညီအစ်ကိုမှာ ဒီနှစ်ထည်က အကောင်းဆုံး..ဆရာကြီးရဲ့..ဒါတောင်..အိမ်ကို ပုလိပ်တွေ စောင့်ကြည့်နေတဲ့ကြားက ရအောင် ဝင်ပြီး ယူခဲ့ရတာ"
စိန်ခါးမြောင်က နောက်ပုဆိုးတစ်ထည်ကို ဝိုင်းထိုင်နေသော အလည်တွင် ဖြန့်ခင်းလိုက်သည်။
"လှမောင်..မင်းယူလာတဲ့ ပိုက်ဆံ အကုန်..ဒီပေါ် ပုံစမ်းကွာ"
လှမောင်က ခါးပုံစထဲမှ ရူပီးများကို ပုဆိုးပေါ်သို့ ပုံလိုက်လေသည်။
"ကဲ..ရော..ဒီမှာ စိန်နားကပ်တစ်ရံ"
စိန်ခါးမြောင်က သူ့လက်ထဲမှ စိန်နားကပ်ကိုပါ ပုဆိုးပေါ် ပုံချလိုက်သည်။
"ခါလေး ဒီထဲမှာ မင်းက အငယ်ဆုံး...ဒီတော့..အဲ့ဒီငွေတွေကို လေးပုံအညီအမျှ ပုံစမ်းကွာ"
ခါလေးက ငွေများကို ရေတွက်လိုက်သည်။ စုစုပေါင်း ထောင့်ခြောက်ရာဆယ့် တစ်ကျပ်။
တစ်ပုံလျှင် ငွေ လေးရာစီပုံပြီးသောအခါ ငွေဆယ့်တစ်ကျပ် ပိုနေ၏။
"ခါလေး..အဲ့ဒီပိုက်ဆံ အပို ထားလိုက်တော့..ကဲ...ဘမောင်၊ လှမောင်၊ ခါလေး နဲ့ ဟို မြင်းလှည်းဆရာဗိုလင်ရုတ်သီး..မင်းတို့ အဲ့ဒီလေးပုံ တစ်ယောက်တစ်ပုံယူကွာ"
"ဗျာ.."
စိန်ခါးမြောင့်စကားကြောင့် လေးဦးလုံး အံ့သြသင့်သွားကြသည်။
"ဆရာကြီးက ဆယ့်တစ်ကျပ်ပဲ ယူမှာလား"
လှမောင်က မေးလိုက်သည်။
"မဟုတ်ပါဘူးကွ....ဆယ့်တစ်ကျပ်က တခြားလုပ်စရာရှိတယ်...မင်းတို့ ဝေစုထဲက ငါ့ကို မင်းတို့ ပေးသင့်တယ်ထင်သလောက် ပြန်ခွဲပေးလေကွာ"

အားလုံးက စိန်ခါးမြောင်အား ကြောင်ကြည့်နေကြသည်။
"အော်..ဘာလဲ..ဟောဒီ စိန်နားကပ်နှစ်ဖက် ကို ငါယူမယ်ထင်တာလား..မယူပါဘူးကွ...ရောင်းပြီးချပြီးမှ ဒီလိုပဲ မင်းတို့ကို ငါအညီအမျှ ခွဲပေးမှာပါ"
မြင်းလှည်းဆရာဘရင်မှာ စိန်ခါးမြောင်ကို အံ့သြတကြီးဖြစ်နေ၏။
"ဒီမယ်..ဟေ့လူ.ကျုပ်ဝေစုကို ယူပါဗျ...ကျုပ်က မြင်းလှည်းပဲ မောင်းပေးတာ..အဲ့ဒီလောက်ကြီးမလိုဘူး..ခင်ဗျား ပေးချင်သလောက်ပေး"
စိန်ခါးမြောင်က မြင်းလှည်းဆရာ တွန်းပို့ပေးသော ငွေပုံကို ပြန်တွန်းပေးလိုက်သည်။
"မင်းက ငါတို့နဲ့အတူ အသက်စွန့်ခါးပြတိုက်ခဲ့တာ မင်းလည်း ငါ့အဖွဲ့ကပဲ ဗိုလ်ငရုတ်သီးလေးရဲ့...မင်းလည်း အညီအမျှရရမယ်...ဒါ ငါ့စည်းကမ်းပဲ..ရော့ရော့..ပြန်ယူ...ဟိုကောင်တွေက ငါ့ဖို့ဆိုပြီး သူတို့ ဂါရဝကြေး ဝေစုခွဲပေးမှ မင်းက ပြန်ခွဲပေး"
"နို့..ခင်ဗျား..က အဆန်းပဲဗျ"
ဘရင်က ငွေကို ပြန်ယူလိုက်သည်။
"ဆရာစိန်ခါးမြောင်အတွက် ကျွန်တော့်ဝေစုထဲက ငွေနှစ်ရာ..ကန်တော့ပါတယ်"
လှမောင် က သူ့ဝေစု ငွေလေးရာထဲမှ နှစ်ရာကို စိန်ခါးမြောင်ရှေ့သို့ လက်နှစ်ဖက်ဖြင့် တွန်းပေးလိုက်သည်။
ဘမောင်ရော၊ ခါလေးပါ နှစ်ရာစီ တွန်းပို့ပေး၏။
"ကျုပ်ကတော့ မြင်းလှည်းမောင်းပေးရတာ..ခါးပြလည်း ဝိုင်းတိုက်ပေးရတာ မဟုတ်ဘူး..ရော့..သုံးရာယူ..ဆရာစိန်ခါးမြောင်"
ဘရင်က ငွေသုံးရာ တွန်းပေးပြန်သည်။
"ဒီလိုဆို...မင်းတို့ ငါခေါင်းဆောင်တာကို ကျေနပ်ရဲ့လား"
အားလုံးက ပြိုင်တူ ခေါင်းငြိမ့်ကြသည်။
"ဗိုလ်ငရုတ်သီးရေ..နောက်တစ်ခါတော့ မင်းက မြင်းလှည်းမမောင်းပဲ..ခါးပြဝင်တိုက်ပြီး ဝေစုကို အပြည့်ယူရမယ်ကွ..နော်..ဒါမှ တို့အဖွဲ့ကြားထဲ မင်းလည်း လူရာဝင်မှာပေါ့"
စိန်ခါးမြောင်နာမည်ပေးထားသည့် ဗိုလ်ငရုတ်သီး တဖြစ်လဲ ဘရင်က ဘမောင်၊ လှမောင် ညီအကို ကို တစ်ချက်ကြည့်လိုက်ရင်း
"စိန်လိုက်လေ..ကိုယ့်ဆရာရဲ့..နောက်တပွဲကျ သေချာပါရမှာပေါ့...ဒါနဲ့ နောက်တပွဲ ဘယ်မှာစကြမတုန်း"

"အဝေးကြီးမဟုတ်ပါဘူး.ငါ့လူရ.ဈေးချို ရွှေဆိုင်တန်းတင်ပါ"
"ဟင်..ဘယ်မှာ..."
ငရုတ်သီးဘရင် ဆီမှသာ မဟုတ်..ကျန်သူများထံမှပါ အာမေဋိတ်သံများ ထွက်လာကြသည်။
……..……
…..……..……
……..……

အခန်း(၇)

၁၉၄၂ ခုနှစ် သည် မြန်မာပြည်သူတို့အဖို့ အလှူပ်ခတ်ဆုံးခုနှစ် တစ်ခုဖြစ်ခဲ့သည်။
ဒုတိယကမ္ဘာစစ်မီးကြီးသည် တောင်အာရှသို့ ကူးစက်လာခဲ့ပြီ။
၁၉၄၁ ဒီဇင်ဘာလကတည်းက ဂျပန်စစ်တပ်က ရန်ကုန်ကို အဆက်မပြတ်ဗုံးကြဲခဲ့သည်။
ဗြိတိသျှစစ်တပ်များကလည်း အောင်မြင့်စွာဆုတ်ခွာရေးမူဝါဒနှင့်အတူ အောက်မြန်မာပြည်တစ်ခုလုံးကို မြေလှန်ဖျက်ဆီးကာ အထက်မြန်မာပြည်ဆီသို့ စနစ်တကျ ဆုတ်ခွာနေကြသည်။
ရန်ကုန်ကား မြို့ပျက်ကြီးဖြစ်နေပေပြီ။
ရန်ကုန်မြို့ပေါ် ရှိ အစိုးရဝန်ထမ်းများ၊ လူမျိုးစုံစီးပွားရေးသမားကုန်သည်များ၊ ကူလီများ အားလုံးနီးပါးသည် စစ်ဘေးလွတ်ရာတောဘက်များသို့ မီးရထား၊ သင်္ဘော၊ မော်တော်ကားများဖြင့်လည်းကောင်း၊ ခြေလျင်ခရီးဖြင့်လည်းကောင်း အပြေးအလွှားရှောင်တိမ်းနေကြသည်။
ရန်ကုန် - မန္တလေးလမ်းမကြီးတစ်လျှောက် စစ်ရှောင်လူတန်းကြီးဖြင့် ပြည့်နှက်နေတော့သည်။
ဗြိတိသျှလူမျိုးများ၊ ဥရောပသားများသည် တမူး အင်ဖာလမ်းအတိုင်း အိန္ဒိယက်သို့လည်းကောင်း၊ တရုတ်လူမျိုးများသည် လားရှိး၊ နမ့်ခမ်း၊ မူဆယ် လီဒိုလမ်းမကြီးအတိုင်းတရုတ်ပြည်ဘက်သို့လည်းကောင်း၊ အောက်မြန်မာပြည်သူများမှ အထက်အညာဒေသသို့ လည်းကောင်း စစ်ရှောင်နေကြသည်။
မန္တလေးမြို့သည်လည်း တဖြည်းဖြည်း ရှုပ်ထွေးစပြုလာသည်။
၁၉၄၂ ဇန်နဝါရီလတွင် ကာနယ်စူဇူကီးနှင့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ရဲဘော်သုံးကျိပ်သည် ဂျပန် အမှတ်(၁၅)တပ်မတော်နှင့်အတူ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ဝင်လာကြသည်။
ထိုသို့ နိုင်ငံရေး၊ စစ်ရေးများ ရှုတ်ထွေးနေသည့် ဇန်နဝါရီလအတွင်းတွင်ပင် စစ်ကိုင်းမြို့၊ သူဌေးဦးကြင်အိမ် ခါးပြမှုဖြင့် စိန်ခါးမြောင်ခါးမြဂိုဏ်းကို စတင်မွေးဖွားခဲ့လေတော့သည်။
"စျေးချိုဆိုလို့ လန့်မသွားကြပါနဲ့ဦး..ကိုယ့်လူတို့ရဲ့"
စိန်ခါးမြောင် က သူ့ကို ဝေစုပေးသည့် ပိုက်ဆံများကို ရေတွက်လိုက်သည်။

အပေါ် ပိုင်းဗလာကျင်းတွင် ပုဆိုးဝတ်လိုက်သောအခါ သင်းပိုင်ဝတ်သည့်ပုံစံမ ပျောက်သဖြင့် ခါးပုံစက တိုနေသည်။

ထို့ကြောင့် ပိုက်ဆံများထည့်ရန် မဆန့်ဖြစ်နေ၏။

"ခါလေး..ရော့..ငါ့ပိုက်ဆံတွေ မင်းပဲ သိမ်းထားလိုက်ကွာ..ဒီစိန်နားကပ်ရော သိမ်းထား"

ခါလေးက စိန်ခါးမြှောင်ကမ်းပေးသော ငွေများကို ယူလိုက်သည်။

"ရှေ့လျောက် ခါးပြတိုက်တော့မယ်ဆို...သေနတ်တော့ ပစ်တော့ဖို့လိုတယ်..ခုနငါက ခါးပြသာတိုက်လာတာ သေနတ်က ဘယ်လိုပစ်ရမှန်းမသိဘူး..ဒီတော့ မင်းတို့ ထဲမှာ ဘယ်သူ သေနတ်ပစ်တတ်လဲ"

မည်သူ့ဆီကမှာ အသံထွက်မလာ။

"မင်းကွန်းအထက်ဘက်မှာတော့ ငန်းနှက် ဆိုတဲ့ ကျွန်တော့်အသိတစ်ယောက်ရှိတယ်။ အရင် ယိုးဒယားဘက်မှာနေခဲ့ပြီး ပင်လယ်ခါးပြလုပ်ခဲ့တော့ သေနတ်တွေ ဘာတွေ ပစ်တတ်တယ်ပြောတယ်"

ငရုတ်သီးဘရင် စကားကြောင့် စိန်ခါးမြှောင် မျက်ခုံးပင့်သွားသည်။

"နာမည်ကတော့ အလာသားဟ...ဒါနဲ့..သူက ငါတို့ကို သေနတ်ပစ်သင်ပေးပါ့မလား"

"ဒီကောင်လည်း စတင်းဂန်းတစ်လက်နဲ့ လစ်ရင် လစ်သလို မြစ်ထဲသွားနေတဲ့လှေတွေကို အနှောက်အယှက်ပေးစီး၊ ခါးပြတိုက်နေတာပဲ။ သူရယ် သူယောက်ဖ ဘချစ်ဆိုတာ ရယ်ရှိတယ်။ တိုက်လို့ရတာလေးတွေကို စစ်ကိုင်းဘက်တက်ပြီး သူခိုးစျေးနဲ့ ရောင်းချင်ရင် ကျွန်တော့်ဆီလာလာဆက်သွယ်ရာက ရင်းနှီးတာ"

"သူတို့နဲ့ တွေ့ချင်တယ်..ငရုတ်သီး..မင်းလိုက်ပို့မလား"

"ရတယ်..ဒီကောင်တွေက မြစ်ဘေးက စက်လှေပေါ်မှာပဲနေတာ..သူတို့ နေရာကို ကျွန်တော်သိတယ်"

"ကဲ..ဒါဆို မင်းတို့ထဲက ငါနဲ့အတူ စျေးချိုကို ခါးပြတိုက်ဖို့ ဆက်မလိုက်ချင်တဲ့သူ ရှိလား"

မည်သူ့ထံကမှ အသံထွက်မလာ။

"ဟုတ်ပြီ..ဒါဆို ဆက်မလိုက်ရမယ့်သူကို ငါဆုံးဖြတ်မယ်...ခါလေး..မင်းဆက်မလိုက်ခဲ့နဲ့တော့"

"ဘာဖြစ်လို့လဲ..ဆရာကြီး"

"မင်းကွန်းလေ့ဆိပ်မှာ မင်းကို ချပေးခဲ့မယ်..အဲ့ဒီကနေ မင်း မန်းလေးဘက်ကူးတော့..ငါဝေစုထဲက ငွေခြောက်ရာယူသွား...မင်းအမ မြကြည်ကို လေးရာပေးလိုက်..ပြီးရင်ကျွန်တဲ့နှစ်ရာနဲ့ စျေးချိုကို သွား...လေးပင်လိမ်ဘန်ကောက်ပုဆိုးရယ်..အခံအင်္ကျီရယ်..ကုပ်အင်္ကျီတစ်ထည်ရယ်..ကောလိပ်ကျောင်းသားတွေ စီးတဲ့ ပေတင်ရှူးတစ်ရံရယ်ဝယ်ခဲ့..တစ်ခါတည်း..ရွှေဆိုင်တန်းက လောကနာသံ ဘာဘူဆိုင် ဘယ်နားလဲစုံစမ်းခဲ့။ ပြီးရင် အိမ်ကိုပြန်။ မင်းအမကို ငါအဝတ်အစားနဲ့ ငါဇာတာ ကို ထည့်ခိုင်း။ မိုးချုပ်တာနဲ့ လေ့ဆိပ်ဆင်းပြီး မင်းကွန်းကို ပြန်လာခဲ့တော့"

စိန်ခါးမြောင် မှာသမျှကို ခါလေးက အသေအချာ လိုက်မှတ်နေသည်။

မင်းကွန်းလေ့ဆိပ်အရောက်တွင် ခါလေးက ငွေခြောက်ရာကို ချိန်ကာ ကျန်သည့် ငွေ စိန်ခါးမြောင်ကို ပေးခဲ့ပြီး မြင်းလှည်းပေါ်မှ ဆင်းသွား၏။

မြင်းလှည်းသည် မင်းကွန်းကိုကျော်ကာ အထက်ဘက်သို့ ဆက်မောင်းသွား၏။

မင်းကွန်းအကျော် သုံးမိုင်ခန့် ရှိ ရောဝတီမြစ်ကမ်းဘေး တောတန်းလေးသို့ ရောက်သောအခါ ငရုတ်သီးဘရင်က မြင်းလှည်းကို ရပ်လိုက်သည်။

"ကဲ..ဆရာစိန်ခါးမြောင်ပဲ လိုက်ခဲ့ပါ..ကျန်တဲ့သူတွေတော့ မြင်းလှည်းနားကပဲ စောင့်ကြဗျာ"

စိန်ခါးမြောင်က ရိုင်ဖယ်သေနတ်ကို လွယ်ကာ ငရုတ်သီးဘရင်နှင့်အတူ တောတန်းလေးထဲ သို့ ဝင်သွားသည်။

တောတန်းကို ဖြတ်ကျော်ပြီးသောအခါ မြေနုကျွန်းနှင့်အတူ သစ်သားဆိပ်ခံတံတားလေးတစ်ခုကို တွေ့ရ၏။

ဘောတံတားရှေ့တွင် စက်တပ်ထားသည့် ပဲ့ချိတ်လှေတစင်း။ လှေပေါ်တွင် စွပ်ကျယ်လက်စက် နှင့် ဘောလုံးကန်ဘောင်းဘီတို ဝတ်ထားသော လူတစ်ယောက်က ဆေးပေါ်လိပ်ခဲရင်း ထိုင်နေ၏။

သူတို့ နှစ်ယောက်ကို မြင်သည်နှင့် လှေဝမ်းထဲမှ စတင်းဂန်းသေနတ်ကို ထုတ်ကာ ချိန်လိုက်သည်။

"ဟေ့..ရပ်..ဘယ်ကောင်တွေလဲကွ"

ဘရင်က သူဆောင်းလာသည့် ဦးထုတ်ကို ခွာတ်ရင်း ဗွေ့ရမ်းလိုက်သည်။

"ကျွန်တော် ဘရင် ပါ...ကိုငန်းနက်"

"အော်..ဘရင်..ငါအခုပဲ မြစ်လယ်ကျွန်းဘက် ကူးတော့မလို့...လာ..လာ"

လှေပေါ်တွင် ထိုင်နေသော ငန်းနက်ဆိုသူကို မြင်လိုက်ရသည့်အခါ စိန်ခါးမြောင် အနည်းငယ်အံ့သြသွားရသည်။

အသက်က (၂၅)နှစ်လောက်သာ ရှိဦးမည်။
နာမည်က ငန်းနက်။ သို့သော် သူ့အသားက နက်မနေ။ နဂိုမူလအသား က ဝင်းပုံရသော်လည်း နေလောင်ဒဏ်ကြောင့် ခပ်ဝါဝါဖြစ်နေသည် ။ မကြာမီကမှ ရိတ်ထားပုံရသော မုတ်ဆိတ်ပါးသိုင်းတို့ကစိမ်းနေသည်။
ဆေးပေါ့လိပ်ခဲထားသော သူ့နှုတ်ခမ်းတို့ကမူ မျက်နှာအသားဝါဝါ၊ မုတ်ဆိတ်စိမ်းစိမ်းတို့ဖြင့် ဆန့်ကျင်လျက် အညိုရင့်ရင့်ဖြစ်နေ၏။
သူ့မျက်နှာကြည့်ရသည်မှာပင် အရောင်စုံနေသည်ဟု စိန်ခါးမြောင်ခံစားလိုက်ရသည်။
"အဲဒါ..ငန်းနက်ဆိုတာလား"
စိန်ခါးမြောင် က ဘရင်ကို ကပ်မေးလိုက်သည်။
ဘရင်က ခေါင်းညိတ်ပြလိုက်၏။
"ငန်းနက်ဆိုလို့..မင်းလူကို ငါက မဲမဲကြီး မှတ်တာရယ်"
စိန်ခါးမြောင် စကားကြောင့် ဘရင် ခွီ ခနဲ ရယ်မိသွားသည်။
လှေပေါ်တွင် ထိုင်နေသော ငန်းနက်က သူတို့ကို မျက်မှောင်ကြုံ့လျက် ကြည့်လိုက်သည်။
ဘရင်က မျက်နှာပိုးကို သတ်လိုက်ပြီး
"ကိုငန်းနက် ကို ဒီဆရာကြီးနဲ့ တွေ့ပေးချင်လို့လာတာ"
"ဒါဆိုလည်း..လှေပေါ်တက်..ခပ်မြန်မြန်ပြောကွယ်..ခဏနေ ဘချစ်လာရင် ငါတို့ သဖန်းဒေါက်ဘက် ကူးကြမလို့"
ဘရင်နှင့် စိန်ခါးမြောင်တို့က လှေပေါ်တက်ထိုင်လိုက်သည်။
"ကိုငန်းနက်..ဒါက ဆရာစိန်ခါးမြောင်တဲ့..ဟိုနေ့က စစ်ကိုင်းဂါတ်ကို ဖောက်ပြေးတာ သူခေါင်းဆောင်တာပေါ့"
"အင်း..ဟုတ်ပြီ..အဲ့ဒီတော့ ဘာဖြစ်တုန်း"
"အဲ့ဒါ အဲ့ဒီညက ဆရာစိန်ခါးမြောင်က ဟော့ဒီ ရိုင်ဖယ်တစ်လက်လာတယ်။ ဒီနေ့လည်း စစ်ကိုင်းက ပရဆေးသူဌေးအိမ် အဲ့ဒီရိုင်ဖယ်နဲ့ ခါးပြဝင်တိုက်လာတာ။ ခက်တာက ကျွန်တော်တို့က ခါးပြသာ တိုက်လာတာ ဒီသေနတ်ပစ်ဘာညာ တတ်တာမဟုတ်ဘူး..အဲ့ဒါ သေနတ်ပစ်သင်ချင်လို့"
ငန်းနက်က ဆေးပေါ့လိပ်ကို လှေဝမ်းဘေးတွင် ထိုးချေလိုက်သည်။

"အေး...သေနတ်ပစ်တာက မခက်ပါဘူးကွာ..တစ်ရက်နှစ်ရက်ဆို တတ်ပါတယ်။ လက်ဖြောင့်ဖို့သာ ခက်တာ။ ဒါပေမယ့်..ငါ ဒီရက်ပိုင်း မအားဘူးကွ..အခု ရန်ကုန်ကနေ စစ်ပြေးလာတဲ့ ခရီးသည်တင်သင်္ဘော၊ တုံကင်းတွေ၊ စက်လှေတွေ တွင် ဒီဘက်ကို ရောက်လာတော့မယ်သတင်းကြားတယ်...ငါနဲ့ ဘချစ် ခါးပြတိုက်မလို့ သဖန်းဆိပ်ဖက် လူသွားစုရဦးမယ်"

ငန်းနက် စကားကြောင့် စိန်ခါးမြောင် မျက်နှာဝင်းလက်သွားသည်။

"ဒီမယ် ငါလူ..လူအတွက်တော့ တသီးတသန့်မစုပါနဲ့..ရွှေမှာ ကျုပ်လူ နှစ်ယောက်ပါလာသေးတယ်။ တစ်ယောက်ကို မန္တလေးကို ခိုင်းထားတယ်။ ကျုပ်ရယ် ဟောဒီက ဘရင်ရယ်ဆို ငါးယောက်ရှိတယ်။ ရိုင်ဖယ်သေနတ်လည်းရှိတယ်။ ခင်ဗျားနဲ့ ကျုပ်တို့ ပူးပေါင်းပြီး ခါးပြတိုက်ကြလို့ရတာပဲကိုး"

ငန်းနက်က စိန်ခါးမြောင်ကို ကြည့်ပြီး ခေါင်းခါသည်။

"ငါးယောက်ပေါင်းလို့မှ ရိုင်ဖယ်တစ်လက်တောင် မပစ်တတ်တဲ့လူတွေနဲ့ ဘယ့်နှယ့်ပေါင်းရမလဲဗျာ'

စိန်ခါးမြောင် မျက်နှာက အနည်းငယ် တင်းမာသွားသည်။

"ဒီမယ် ကိုယ့်လူ..မေးကတည်းက တတ်တာ ဘာမှ ပါမလာဘူး။ ကျုပ်နှာမည် မန္တလေးမှာ မေးကြည့် စိန်ခါးမြောင်တဲ့ဗျ။ သေနတ်မပါလည်း လူသတ်နိုင်တယ်..သေနတ်ပါတဲ့ကောင်ကိုလည်း သတ်နိုင်တယ်..ယုံလား"

ငန်းနက်က စိန်ခါးမြောင်ကို မျက်နှာထားတင်းတင်းဖြင့် ကြည့်လိုက်သည်။

သူ့လက်က ပေါင်ပေါ်တွင် တင်ထားသော စတင်းဂန်းကို ကိုင်ထား၏။

စိန်ခါးမြောင်က ခန္ဓာကိုယ်နှင့် လက်ကို အသင့်အနေအထား ပြင်ပြီး ငန်းနက် အခြေအနေကို အကဲခတ်နေသည်။

စိန်ခါးမြောင်က အပေါ် ပိုင်း ဗလာကျင်းနှင့်မို့ လက်မောင်း၊ရင်ဘတ်တို့တွင် ထိုးထားသော အင်းကွက်နှင့်ဆေးများက အသက်ရှူလိုက်တိုင်း ကြွတတ်လာသကဲ့သို့ ပင် ထင်ရ၏။

ကြားထဲမှ ငရုတ်သီးဘရင်မှာ မျက်လုံးကလေး ကလည်ကလည်ဖြစ်နေရှာသည်။

ထို့နောက် ငန်းနက်မျက်နှာက တဖြည်းဖြည်း ပြုံးလာသည်။

"အင်း.. အညာသားတွေများ..လေလုံးကတော့ တယ်ထွားကြသကိုး...ဒါပေမယ့်..ခင်ဗျားက စိန်ခါးမြောင် ဆိုတော့ ထွားသင့်ပါတယ်လေ..ခင်ဗျားအကြောင်း ကျုပ်ယောက်ဖဘချစ်ပြောလို့ ကျုပ်ကြားဖူးပါတယ်...တွေ့ရတာ ဝမ်းသာပါတယ်..ဆရာကြီးစိန်ခါးမြောင်"

ငန်းနက်က စိန်ခါးမြောင် ရှေ့သို့ လက်ကမ်းလိုက်သည်။ စိန်ခါးမြောင်က ပြန်လည် လက်ဆွဲရန် ပြင်လိုက်စဉ် လေ့အနောက်ဘက်ဆီမှ အသံတစ်သံထွက်လာသည်။

"ကိုကြီးငန်းနက် ဘယ်သူတွေလဲဗျ"

စိန်ခါးမြောင်နှင့် ဘရင်တို့က အသံလာရာဆီလှည့်ကြည့်လိုက်သည်။ အသက် (၁၈)နှစ်ခန့်ရှိမည့် လူငယ်တစ်ဦး။

ထိုသူက ဘရင်ဘေးမှ စိန်ခါးမြောင်ကို သေချာကြည့်လိုက်သည်။ ထို့နောက်

"ဟာ..ဆရာကြီးစိန်ခါးမြောင်...ဟုတ်ပါတယ်နော်..စိန်ခါးမြောင်"

ငန်းနက်က ပြုံးလိုက်သည်။

"အေး..ဟုတ်တယ်..ဘချစ်..မင်းပြောပြောနေတဲ့ စိန်ခါးမြောင်ပဲ..ငါတို့နဲ့ အလုပ်တွဲလုပ်ဖို့လာတာ"

ဘချစ်က လေ့နားရောက်သည်နှင့် စိန်ခါးမြောင်ထံ ဝမ်းသာအားရ ကပ်လာ၏။

"ဆရာကြီး ကျွန်တော့်ကို မမှတ်မိတော့ဘူးလားဗျာ"

စိန်ခါးမြောင်က ဘချစ်ကို သေချာကြည့်သည်။

"တွေ့တော့ တွေ့ဖူးသလားလို့"

ဘချစ်က ခေါင်းပေါ်မှ ဝါးဦးထုတ်ကို ချွတ်လိုက်ပြီး

"ဒီဘိုကေလေ...ဒီဘိုကေကို ကို မမှတ်မိတော့ဘူးလား..ဆရာကြီး...လွန်ခဲ့တဲ့နှစ်နှစ်က အိမ်တော်ရာဘုရားဝန်း ရှေ့မှာ ဆရာကြီး ကယ်ခဲ့လို့ ဒီဘိုကေလေး ကတုံးမဖြစ်တာလေဗျာ"

"သြော်..မင်းကို..အေး..ငါမှတ်မိပြီ..ကောင်လေး"

"ဘချစ်က ကျုပ်ယောက်ဖလေ..။ ကျုပ်နှမ မိကွန် က စစ်ကိုင်းဘက်က ဆေးလိပ်ခုံမှာ ဆေးလိပ်လာလိပ်ရင်း မနှစ်က ဒီကောင်နဲ့ ညားတာ။ ဒီကောင်က လည်း ၁၀၉ ၁၁၀ ကောင်။ ကျုပ်ကလည်း အောက်ပြည်ဘက်မှာ ပုလိပ်က ခါးပြမှုနဲ့လိုက်ဖမ်းနေလို့ ဒီဘက်မှာ လာရှောင်နေတာ..ညီမဆေးလိပ်လိပ်တဲ့လုပ်စာနဲ့ ဒီကောင်ရော ကျုပ်ပါ ထိုင်စားနေတာ မလောက်ဘူးဗျ....ကြာတော့ ရှက်လည်း ရှက်လာတယ်.. ဒါနဲ့ အိမ်စရိတ်လေးကာမိအောင် သမီးယောက်ဖ နှစ်ယောက် ပေါင်းပြီး ရှိတာလေးနဲ့ ဒီပဲချိတ်လေးဝယ်..အဌားလိုက်သလို ဗန်းပြပြီး ခါးပြလေးဘာလေး ထွက်တိုက်ရတာပေါ့ဗျာ"

"ဟိုသေနတ်ကရော ဘယ်ကရတာလဲ"

"မိကွန်ကို ဆေးလိပ်ခုံပိုင်ရှင်ဆီက အတိုးနဲ့ ငွေယူခိုင်းပြီး ဝယ်ရတာပဲ...ရန်ကုန်ကနေ တရုတ်ပြည်က ချန်ကေရှိတ်တပ်တွေဆီ ပို့မယ် လက်နက်တွေ ဒီမြစ်ကြောင်းအတိုင်း တုံကင်တွေနဲ့ သယ်နေတာကြာပြီ..ဂေါဝိန်ဆိပ်မှာ ယာယီရုံးထိုင်ထားတဲ့ ဖြိုတီသူထောက်ပို့တပ်က အာဖရိကစစ်သားတစ်ယောက်နဲ့ ကျူပ် အချိတ်အဆက်ရှိတယ်..ဒီကောင်က တရုတ်ဆီပို့မယ့် လက်နက်တွေကို မှောင်ခိုထုတ်ရောင်းပေးနေတဲ့ပွဲစားပဲ..အင်္ဂလိပ်စစ်တပ်လည်း တဆုတ်တည်းဆုတ်နေရတော့ ဘာမှ ဂရုမထားနိုင်တော့ဘူး..ခင်ဗျားမှာ ငွေရှိရင် ဒီအချိန်က လက်နက် ဝယ်လို့အကောင်းဆုံးအချိန်ပဲ"

"မင်းနဲ့ငါတွေ့တာ ဟန်ကျတာပဲ ငန်းနက်....ငါဒီရက်ထဲ ဈေးချိုရွှေဆိုင်တန်းကို ဝင်တိုက်ဖို့ စီစဉ်ထားတယ်..အဲ့ဒီပွဲသာ ဖြစ်ရင်တော့ လက်နက်တွေ ထပ်ဝယ်ပြီး ကိုယ်ပိုင်တပ်တစ်ခုထောင်ပြီး ခါးပြတိုက်ကြမယ်"

စိန်ခါးမြှောင် စကားကြောင့် ငန်းနက်ရော၊ ငရုတ်သီးဘရင်တို့ပါ မျက်လုံးပြူးသွားသည်။

"ဘယ်လိုဗျ..ကိုယ်ပိုင်တပ်ထောင်ပြီး ခါးပြတိုက်မယ်..ဟုတ်လား"

"အေးလေ..အခု တိုင်းရေးပြည်ရေးကလည်း ဘယ်သူ့အဖေ ခေါ်ရမှန်းမသိဘူး..အင်္ဂလိပ်တွေက ပြေးနေပြီ..ဂျပန်က ဝင်လာနေပြီကြားတယ်..ဒီလိုအချိန်မှာ ခါးပြတိုက်မစားရင် ဘယ်အချိန် တိုက်စားမလဲ...တိုက်ရင်လည်း လူသုံးလေးယောက်နဲ့ ခြောက်တီးခြောက်ချက် တိုက်မနေဘူး..ကိုယ်ပိုင်တပ်ထောင်ပြီး စီးပွားဖြစ်ခါးပြတိုက်မှာပေါ့"

"တပ်ထောင်တာတော့ ဟုတ်ပါပြီ....ဒီလောက် စစ်ကြီးဖြစ်တော့မယ်ဆဲဆဲမှာ ဘယ်က လူတွေက ခင်ဗျား ခါးပြတပ်ထဲ ဝင်မှာတုန်း"

"ခက်ပ ကိုယ့်လူရာ....ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်ပါမည်ဆိုတဲ့ ဟိုနဂါးနီသီချင်းကြားဖူးတယ်မဟုတ်လား.ဆင်းရဲသားတွေမှာ တခေတ်လုံးလည်း ဆင်းရဲလာ..အခုစစ်ကြီးဖြစ်တော့လည်း သူဌေးတွေလို အဝေးကြီးမပြေးနိုင်..တံပုတ်ထဲ.ဗုံးစာမိပြီး သေမယ့်အတူတူ ခါးပြထွက်တိုက်တာမှ ထမင်းဝဝနဲ့ သေရဦးမယ်မဟုတ်လား..ဒီတော့..သူဌေးဝါဒ ဆင်းရဲသားဝါဒထက် ပိုလက်တွေ့ကြတဲ့ ခါးပြဝါဒနဲ့ ခါးပြအလောင်းအလျာဆင်းရဲသားတွေကို စိန်ခါးမြှောင်က လမ်းပြမှာပေါ့ဗျာ..ဟားဟား "

ငန်းနက် မှာ စိန်ခါးမြှောင့် စကားကို နားထောင်ရင်း သဘောကျနေသည်။

"ကဲ..ငါ့လူ..ဒီလောက်ဆို ကျူပ်တို့ကို သေနတ်ပစ်သင်ပေးမယ် မဟုတ်လား"

"အင်း..ကျူပ်လည်း ယိုးဒယားဘက်မှာ ဆယ့်လေးနှစ်သားလောက်ကတည်းက ခါးပြတိုက်လာတာပါ..ဒါပေမယ့် ခင်ဗျားလောက် ရည်မှန်းချက်ကြီးတဲ့ ခါးပြ

တော့်မတွေ့ဖူးဘူးဗျ.. သင်ပေးပါ့မယ်ဗျာ..သင်ပေးပါ့မယ်..ဟိုးမြဲစ်လယ်က မြေနုကျွန်းမှာ ကျုပ်တို့ ယာယီအောင်းနေတဲ့ တဲရှိပါတယ်..အဲ့ဒီမှာ စခန်းချပြီး သင်ကြတာပေါ့ဗျာ"

ထို့နောက် ငန်းနက်နှင့် ဘချစ်က စိန်ခါးမြောင်ကို လှေပေါ်တင်ကာ မြေနုကျွန်းဆီသို့ လှော်သွားကြသည်။

ငရုတ်သီးဘရင်ကာ မြင်းလှည်းပေါ်တွင် ကျန်ရစ်သူများကို သွားခေါ်၏။

ထိုနေ့က ငန်းနက်တို့ တဲတွင် ချက်ထားသော ကြက်သားဟင်းဖြင့် နေ့လည်စာစားပွဲကျင်းပကာ သေနတ်ပစ်သင်တန်းကို ရိုင်ဖယ်တစ်လက်၊ စတင်းဂန်းတစ်လက်ဖြင့် စဖွင့်လေသည်။

ညနေစောင်းသောအခါ ငရုတ်သီးဘရင်နှင့် ဘချစ်တို့က တစ်ဖက်ကမ်းပြန်ကူးကာ မြင်းလှည်းဖြင့် မင်းကွန်းသို့ ဆင်းသွားကြသည်။

မင်းကွန်းဆိပ်တွင် မန္တလေးမှ ပြန်လာမည့် ခါလေးကို စောင့်ခေါ်ရမည်ဖြစ်သည်။

.....
.....

လက မိုက်သည်။ ညက မှောင်၏။

စိန်ခါးမြောင်က မြစ်ပြင်အမှောင်ထုထဲသို့ ငေးနေသည်။

"ငါ မင်းကွန်းကို လိုက်သွားလို့ရလား..ငန်းနက်"

ငန်းနက် က ချက်အရက်ကို ငှဲ့ပြီး စိန်ခါးမြောင်ရှေ့တိုးပေးလိုက်သည်။

"အကို့လူ မလာသေးလို့ သူတို့ စောင့်နေကြတာ နေပါလိမ့်မယ်.ကျုပ်ယောက်ဖ ဘချစ်လည်း ပါသွားတာပဲ..သိပ်လည်းစိတ်မပူပါနဲ့..အကို.နည်းနည်းမော့လိုက်ပါလား"

"ငါမှ အရက်မသောက်တတ်တာကွာ"

ငန်းနက်က ရယ်သည်။

"မသောက်တတ်လည်း..နည်းနည်းတော့ ချလိုက်ပါ..အကို..သူတို့ကို စောင့်ရင်းနဲ့ အပျင်းပြေပေါ့"

ဘမောင်နှင့် လှမောင် က သူတို့ခွက်များထဲ ချက်အရက်ကို ထပ်ငှဲ့ပြီး မော့ချလိုက်သည်။

"ငါတပည့်နှစ်ကောင်ပဲ..သောက်ပါစေကွာ..ဘုန်းကြီးလူထွက်တွေအကြောင်း မင်းမသိပါဘူး..ငန်းနက်...ကြုံက်မိပြီဆိုရင်..ဒါချည်း ဒုံးပေကပ်သပ် တန်းတန်းစွဲတော့တာ"

"အင်းဗျာ..ကျုပ်ကတော့ ၁၄ နှစ်သား ဓါးပြဲစဖြစ်ကတည်းက ဒီနေ့အထိ ချလာတာမို့..ချလိုက်ဦးမယ်ဗျာ"

"ချပါ..ငါလူ..ဒါပေမယ့်..တစ်ခုတော့ ပြောထားမယ်...တကယ်လို ငါနဲ့ တစ်ဖွဲ့တည်း ဓါးပြတိုက်တော့မယ်ဆိုရင်တော့ စည်းကမ်းတွေရှိတယ်..ဓါးပြတိုက်ဖို့ သွားမယ့်အချိန် အရက်မသောက်ရဘူး။ သူများသားမယားမပြစ်မှားရဘူး။ အမဲသားမစားရဘူး။ ပြီးတော့ ဓါးပြထွက်တိုက်ခါနီး တောင်ချမ်းသာရှင်မကို နတ်တင်ပွဲပေးပြီးမှ တိုက်ရမယ်"

ငန်းနက်ထံမှ အသံတိတ်ဆိတ်သွားသည်။

"ကိုစိန်ခါးမြောင် နဲ့ ကျုပ်နဲ့ ပူးပေါင်းတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ရေရှည်တော့ ပူးပေါင်းလို့ ရမှာမဟုတ်ဘူး။ ကျုပ်က ပင်လယ်ဓါးပြ။ အဲ့ဒီ ဓလေ့တွေ၊ စည်းကမ်းတွေကို မကြိုက်ဘူး။ ဒီတော့ ခင်ဗျားနဲ့ပေါင်းပြီး အလုပ်လုပ်နေချိန်တော့ ခင်ဗျားစည်းကမ်းကို ကျုပ် လိုက်နာပေးပါ့မယ်။ လေးစားသမှုပေါ့။ အကျန်တဲ့ အချိန် ကျုပ် လွတ်လပ်မှုကိုတော့ ခင်ဗျား ထိပါးခွင့်မရှိဘူး...ဒီစည်းလေးတို့ ကျုပ်တို့ကြား ထားကြတာပေါ့ဗျာ"

"ငါကလည်း မင်းနဲ့ငါ အတူတူ အလုပ်လုပ်ကြမယ့် အချိန်အတွင်း စည်းကမ်းကလေးကိုပဲ ပြောတာပါ။ ဒါကလည်း ရှေးရှေးက မြန်မာ့ဓါးပြကြီးတွေ ထားကြတဲ့ ထုံးတမ်းမို့ပါပဲ"

"အေးပေါ့ဗျာ..ခင်ဗျားကတော့ ဓမ္မကထိက မဖြစ်ပဲ ဓါးပြကထိက ဖြစ်လာမယ့်လူပဲ..ကျုပ်တော့ ဒါတွေ နားမလည်ပါဘူး"

မြစ်ပြင်မှ လေတဟူးဟူး တိုက်ခတ်လာသည်။

ခပ်လှမ်းလှမ်းမှ တုံကင်းလှေတစ်စင်း စင်းလာသံကြားရ၏။

ငန်းနက်က မြစ်ပြင်အထက်ဆီမှ မီးမှိတ်တုတ်မှိတ်တုတ် တုံကင်းလေးကို လှမ်းငေးသည်။

"ရာသီဥတုလေးကလည်း သာယာပါဘိနဲ့ဗျာ..ဒီအချိန်မျိုး ဓါးပြလေးသား ထွက်တိုက်လိုက်ရလို့ကတော့ ဘယ်လောက် ဇီမိရှိလိမ့်မလဲ"

ငန်းနက်က မချိတင်ကဲ ရေရွတ်လိုက်သည်။

စိန်ခါးမြောင်ကတော့ မြစ်ပြင်ကို သာငေးနေ၏။

အာရုဏ်ပင် တက်လုပြီ။

ခါလေး ဘာဖြစ်နေပြီလဲ။ ဟိုကောင်တွေ ဘာဖြစ်နေပြီလဲ။

သူ ဘယ်သူ့ကိုမှ မယုံကြည်။

ထို့ကြောင့် တရေးမှမအိပ်။
သူနှဘေးမှ ငန်းနက်ကလည်း အရက်ကို တစ်ခွက်ပြီး တစ်ခွက် သောက်ရင်း မွန်ပြည်၊ ထားဝယ်၊ ကော့သောင်း ၊ ယိုးဒယားနယ်စပ်တစ်လျှောက် သူ ခါးပြတိုက်ခဲ့ဖူးသည့်လူတွေ အကြောင်း တသသ ပြောရင်း လွမ်းနေ၏။
ဘမောင်နှင့် လှမောင် ကတော့ ဟောက်သံပင် ထွက်နေကြပြီ။
.....
.....
ပဲ့ချိတ်သံသဲ့သဲ့ကြားသဖြင့် စိန်ခါးမြောင်က မြစ်ပြင်ဆီ မတ်တပ်ရပ် ကြည့်လိုက်သည်။
မိုးလင်းပေါက် သောက်နေသော ငန်းနက်ကလည်း ငိုက်မြည်းနေရာမှ ထလာ၏။
ပဲ့ချိတ်ပေါ်တွင် လူနှစ်ယောက်။
ငရုတ်သီးဘရင်နှင့် ဘချစ်။
ခါလေး ပါမလာ။
ပဲ့ချိတ်က ကမ်းသို့ ကပ်လာသည်။
ငရုတ်သီးဘရင်က ကမ်းပေါ်သို့ တက်လာရင်း
"ကျွန်တော်တို့ ညဉ့်နက်တဲ့အထိ စောင့်တာပဲ..ဆရာကြီးလူ လုံးဝပေါ်မလာဘူး"
စိန်ခါးမြောင် မျက်နှာပေါ် စိုးရိမ်သည့် အရိပ်အယောင်များ ဖြတ်ခနဲပေါ်သွား၏။
သို့သော် ခဏသာ။
"ခွေးမသား ခါလေး ငါ့ငွေတွေ ဘုန်းပြီး ပြေးများ ပြေးပြီလား ။ ဒါမှမဟုတ် မြကြည့်တို့များ တစ်ခုခုဖြစ်နေလို့လားမသိဘူးကွ။ ငါ မနက်ဖြန် မန်းလေးဘက် တက်ရှာမယ်"
"မတက်နဲ့ ဆရာကြီး...ဆရာကြီး တက်လို့မဖြစ်ဘူး..အခု မင်းကွန်းဆိပ်မှာတောင် ပုလိပ်တွေ ခြေချင်းလိမ်နေတာ..နောက် မန္တလေးမှာလည်း ဆရာကြီးနာမည်က ကြီးနေတယ်လို့ လှေဆိပ်မှာ ပြောနေသံကြားရတယ်..မြို့ပေါ်မှာလည်း ပုလိပ်ရော၊ ဆုတ်လာတဲ့ အင်္ဂလိပ်တပ်တွေရော ရှုပ်နေတယ်..ဒီအချိန်မှာ ကျွန်တော်တို့ ဘာမှလှုပ်ရှားလို့ မရလောက်ဘူး..ဆရာကြီး မန္တလေးရောက်တာသိတာနဲ့ ပုလိပ်က ဖမ်းမှာပဲ..စစ်တပ်တွေလည်းရှိနေတော့ ပြေးဖို့ မလွယ်လောက်ဘူး...ဒီရက်ပိုင်းတော့ အသာလေး စောင့်ကြည့်နေစေချင်တယ်..ဒုက္ခမရှာပါနဲ့..ဆရာကြီး"
ငရုတ်သီးဘရင်က ပြောလိုက်သည်။

"ငါ က အရေးမကြီးပါဘူး...အရေးကြီးတာ..မြဲကြဲည့်ကွ..မြဲကြဲည်..ပုလိပ်တွေ သူ့ဆီသေချာပေါက်ရောက်လာမှာပဲ..ခမြာ ငါ့ကြောင့် ကလေးကပျက်..သွေးနှုသားနှုန့်..ဒုက္ခများရှာပြီထင်ရဲ့"
ငန်းနက်က စိန်ခါးမြောင်ဘေးတွင် ရပ်ကာ ပုခုံးကို ဖက်လိုက်သည်။
"ခဏတော့ စောင့်ကြည့်လိုက်ပါအကို..အကိုတပည့် ရောက်လာမှာပါ...ဘရင်ကိုမင်းကွန်းဆိပ်မှာ သွားသွားစောင့်ခိုင်းထားလိုက်ပါ..ဒီရက်ထဲ အကိုတို့ကို ကျုပ်သေနတ်ပစ်လေ့ကျင့်ပေးပါမယ်..ကြားထဲ သဘော်လေးတွေ၊ စက်လှေလေးတွေလာရင်လည်း စီတိုပြေလက်ပျောက် ခါးပြတက်တိုက်ကြတာပေါ့"
စိန်ခါးမြောင်က ခေါင်းညိတ်ပြပြီး သက်ပြင်းချလိုက်သည်။
.....
.....
.....

အခန်း(၈)

၁၉၄၂ ဇန်နဝါရီလ ၂၀ ရက်။

နှစ်ဆယ်ရက်မြောက်နေ့တွင်တော့ ငရုတ်သီးဘရင်နှင့် ဘချစ်တို့၏ လှေပေါ်တွင် ခါလေး ပါလာသည်။

ခါလေးတစ်ယောက်တည်းမဟုတ်။

နောက်ထပ် သူနှင့်ရွယ်တူ တစ်ယောက်ပင် ပါလာခဲ့သည်။

ငန်းနက်က မန္တလေးဘက်တွင်ရှိသော သူအချိတ်အဆက်များထံမှ ရိုင်ဖယ်ကျည်ဆံနှင့် စတင်းကျည်များ ထပ်မံမှာယူပြီး စီန်ခါးမြောင်နှင့် ဘမောင်၊ လှမောင်တို့ကို သေနတ်ပစ်သင်ပေးနေသည်။

“ဆရာကြီးရေ..ခါလေး ရောက်လာပြီဗျို့”

ငရုတ်သီးဘရင် အသံကြောင့် ရိုင်ဖယ်သေနတ်ကို မောင်းတင်နေသော စိန်ခါးမြောင် လှည့်ကြည့်လိုက်သည်။

ထို့နောက် သေနတ်၏ လုံခြုံရေးခလုတ်ကို ချလိုက်ပြီး ခါလေးထံ လျှောက်သွားသည်။

“ခါလေး...မြကြည်..မြကြည်ရော...”

“မမကြည် ဘာမှမဖြစ်ဘူး..ဆရာကြီး..ဘာမှမဖြစ်ဘူး”

ထိုအခါမှ စိန်ခါးမြောင်က စိတ်အေးသွားဟန်ဖြင့် သက်ပြင်းချလိုက်သည်။

ခါလေး နောက်တွင် ပါသော လူငယ်ကို စိန်ခါးမြောင် သတိထားမိသွား၏။

“သူက ဘယ်သူလဲ..ခါလေး”

“ကျောက်ပန်းတောင်းက ကျွန်တော့်ငယ်သူငယ်ချင်းပါ..သူလည်း ဆရာကြီးဆီမှာ တပည့်ခံရင်း ကျွန်တော်တို့နဲ့အတူတူအလုပ်လုပ်ချင်လို့တဲ့..ထွန်းခင်လို့ ခေါ်ပါတယ်”

“ငါတို့ အလုပ်ကိုရော သူသိလား”

“သိပါတယ်..ဆရာကြီး. ကျွန်တော်ပြောပြထားပြီးသားပါ”

ခဏအကြာတွင် စတင်းဂန်းကိုင်ထားသော ငန်းနက်နှင့် ဘမောင်တို့ညီအစ်ကို ရောက်လာသဖြင့် တဲအိမ်ရှေ့မြေသလင်းတွင် ခင်းထားသော ဖျာပေါ်တွင် အားလုံးထိုင်လိုက်ကြသည်။

ခါလေးခေါ်လာသည့် ထွန်းခင်က ပုခုံးပေါ်တွင်ထမ်းထားသော လေထီးစဖြင့် ပတ်ထားသည့် အရာဝတ္ထုကို ချလိုက်သည်။

“ဒီမှာက ဆရာကြီး ဝယ်ခိုင်းလိုက်တဲ့ ပစ္စည်းတွေနဲ့ ဆရာကြီးရဲ့အဝတ်အစားတွေပါ”

ခါလေးက သူ့လွယ်ထားသော လွယ်အိတ်ကို ထိုးပေးလိုက်သည်။

“ဟိုလေထီးစ နဲ့ ပတ်ထားတာကရော ဘာလဲကွ”

“ကျွန်တော့်အဖေရှိတဲ့ ကျောက်ပန်းတောင်းဘက်ကို မမကြည်ကို သွားပို့ရင်း ကျွန်တော် ဟိုမှာ ခဏအောင်းနေတယ်ဆရာ။ အဲ့ဒီမှာ ချန်ကေရှိတ်ရဲ့ တရုတ်တပ်မဟာ ၁၁၃ ရောက်နေတယ်ဆရာ။ လက်နက်တွေရော၊ ဆီသွပ်ဗူးတွေရော ကားတွေပေါ် အပြည့်ပဲ။ အနီးအနားက ကျွန်တော့်သူငယ်ချင်းတွေက ညညဆို တရုတ်စစ်သားတွေကို ချက်အရက်သွားရောင်းတယ်။ သူတို့မူးလာရင် ကားပေါ်က ဆီသွပ်ဗူးတွေခိုးကြတာ။ တည မူးမူးနဲ့ လေထီးစနဲ့ ပတ်ထားတဲ့ ဒါကြီးကို ဆီသွပ်ဗူးသေတ္တာမှတ်လို့ ဒီကောင်တွေမချလာတာ အထဲမှာ ဒီသေနတ်ကြီးနဲ့ ကျည်ဆံတွေဖြစ်နေတယ်ဆရာကြီး။ အဲ့ဒါနဲ့ သူတို့လည်း ဘာလုပ်ရမှန်းမသိတာနဲ့ ကျွန်တော်လည်း ၃၅ ကျပ်ပေးပြီး ဝယ်လာခဲ့လိုက်တာ။ ကျွန်တော်တို့ အတွက်လုံအပ်မယ်ထင်လို့”

ခါလေးက လေထီးစကို ဖြင့် ပတ်ထားသည့်သေတ္တာကို ဖွင့်ပြလိုက်သည်။

“ဟာ ဘရင်းဂန်းပဲ”

ငန်းနက်က သေနတ်ကိုမြင်သည်နှင့် ဝမ်းသာအားရအော်ပြီး အနားကပ်သွားသည်။

“အထဲမှာ ကျည်တွေရောဟေ့...ပွတာပဲ”

စိန်ခါးမြောင်က ဘရင်းဂန်းသေနတ်ကို တစ်ချက်လှမ်းကြည့်ပြီးမှ

“နေပါဦး..မင်းက မြကြည်ကို ကျောက်ပန်းတောင်း သွားပို့တာလား..ဘာဖြစ်လို့လဲ”

“ကျွန်တော် အစအဆုံးပြောပြမယ်..ဆရာကြီး..အဲ့ဒီနေ့ ညနေက ကျွန်တော် မန်းလေးဆင်းသွားတော့ မြစ်ဆိပ်မှာ ပုလိပ်တွေ ခြေချင်းလိမ်နေတာပဲ။ ဒါနဲ့ ကျွန်တော်လည်း အရမ်းအရဲမကိုးရဲတော့ ညနက်မှ ဆရာကြီးယောကျမအိမ်ကို ဝင်မယ်လို့ စိတ်ကူးလိုက်တယ်။ ညဦးပိုင်းကျဆရာကြီးယောကျမအိမ်ကိုရောက်တယ်။ မမြကြည်ကို ဆရာကြီး ပေးလိုက်တဲ့ ငွေပေးရင်း ဆရာကြီးမှာတာတွေပြောတာပေါ့။ ညကျတော့ ကျွန်တော်တို့အိပ်နေကြတုန်း..အိမ်ရှေ့က အသံတွေကြားရတယ်။ ကျွန်တော်က အိမ်ရှေ့ခန်းအိပ်တာဆိုတော့ အသာချောင်းကြည့်တော့ ပုလိပ်တွေဆရာ။ ဒါနဲ့ ကျွန်တော်လည်း ထုတ်တန်းပေါ်မှာ အသာတက်ပြီး

ပုန်းနေလိုက်တယ်။ ပုလိပ်ဦးလူဒုတ်ကြီး တော်တော် ဒေါသထွက်နေတယ်ဆရာ။ ဆရာ့ယောကျ်ခမကိုလည်း ပါးတွေ နားတွေရိုက်ပြီး လက်ထိပ်ခတ်ခေါသွားတယ်။ ပြီးတော့..ပြီးတော့..ဒီလူ မကောင်းဘူးဆရာ”

“ဘာဖြစ်လို့လဲ..ခါလေး..ဒီကောင်..ဒီကောင် ဘာလုပ်လဲ”

“မမြကြည်ကို သူက ပြောတယ်။ မကြာခင် နင့်လင်ခါးပြ ကို ငါကိုယ်တိုင်ပစ်သတ်မယ်။ နင်ကိုတော့ သနားပါတယ်။ နင်က တစ်သားမွေးတစ်သွေးလှ..သွေးသားတွေဖြောင်းပြီး ပိုတောင်လှနေတော့ မုဆိုးမဖြစ်သွားမှာ နှမြောပါတယ် ဆိုပြီး ပါးကို လိမ်ဆွဲသွားတယ်..ဆရာကြီး”

“ဘာကွ..ဘာလုပ်သွားတယ်”

“ပါးကို လိမ်ဆွဲသွားတာဆရာ”

စိန်ခါးမြောင်က ဘာစကားမှမပြောပဲ ခါလေးကို စိမ်းစိမ်းကြီးစိုက်ကြည့်နေသဖြင့် ခါလေး မျက်နှာ သွေးမရှိသလိုဖြူလျော်သွားသည်။

“ပြီးတော့ဘာဆက်ဖြစ်လဲ..ဘာဆက်လုပ်လဲ..ပြော..ခါလေး”

“ဘာမှ ဆက်မဖြစ်ပါဘူး..ဆရာကြီး..ဦးလူဒုတ်ပြန်သွားပါတယ်..အဲ့ဒီတော့မှ ကျွန်တော်လည်း ထုတ်တန်းပေါကဆင်းပြီး မမကြည်ဆီသွားပါတယ်။ ဒီတုံးဆို ဦးလူဒုတ်တို့ မမကြည်ကို မကြာခဏ လာဒုက္ခပေးနေမှာစိုးတာနဲ့ ကျွန်တော့် အဖေရှိတဲ့ ကျောက်ပန်းတောင်းကို ပို့ထားဖို့ ပြောတာ့ မမကြည်က လက်ခံပါတယ်။ အဖမ်းခံနေရတဲ့ ဦးလေးသိန်းအတွက်တော့ ကိုဘသော်ဆီ မမကြည်နဲ့ ကျွန်တော်သွားပြီး လိုအပ်တာ စီစဉ်ပေးဖို့ ငွေနှစ်ရာပေးခဲ့ပါတယ်..ဆရာကြီး”

“အခု မြကြည်က ကျောက်ပန်းတောင်းက မင်းအိမ်မှာပေါ့”

“ဟုတ်ပါတယ်..ဆရာကြီး..ကျွန်တော့် အမအပျိုကြီးလည်းရှိပါတယ်”

“မြကြည်ကို ဟိုပုလိပ်က ပါးကို ဆွဲလိမ်တယ်ပေါ့..သေချာလား”

“ဟုတ်ပါတယ်..ဆရာကြီး..ပါးကို ဆွဲလိမ်ရုံပါပဲ..တခြားဘာမှ မလုပ်သွားပါဘူး”

စိန်ခါးမြောင် က ထိုင်နေရာမှ ထလိုက်သည်။

ထို့နောက် ဘရင်းဂန်းကို စိတ်ဝင်စားနေသော ငန်းနက်နှင့် ငရုတ်သီးဘရင် ရှိရာကို လျှောက်သွားလိုက်၏။

“ဒီတပို့တွဲလဆန်း ၁၃ ရက်နေ့ ဈေးချိုကို ဝင်တိုက်မယ်။ ညကျ အစီအစဉ်ဆွဲမယ်”

……
……

ရောဝတီမြစ်မြေနုကျွန်းကလေးပေါ်တွင် မီးပုံကလေး တစ်ပုံဖိုထားသည်။
မီးပုံပတ်ချာလည်တွင် လူရွှစ်ဦး ဝိုင်းဖွဲ့ထိုင်နေကြသည်။
စိန်ခါးမြောင်၊ ငန်းနက်၊ ဘချစ်၊ ငရုတ်သီးဘရင်၊ ဘမောင်၊ လှမောင်၊ ခါလေး နှင့် ထွန်းခင်။
“မနက်ဖန်မနက်စောစောမှာ ငါရယ်၊ ငန်းနက်ရယ် စျေးချိုကို သွားမယ်၊ ဘချစ်ကို ငရုတ်သီးက စစ်ကိုင်းမြို့ပြင်အထိလိုက်ပို့လိုက်၊ ပြီးရင် ဘချစ်က စစ်ကိုင်းဂါတ်အနီးအနားသွားပြီး ဦးလူဒုတ်အကြောင်း စုံစမ်းခဲ့။ သူ မန္တလေးကို ပြန်ပြောင်းရမှာသေချာလား။ ဘယ်ဂါတ်လဲဆိုတာ သိအောင်လုပ်။မသိမချင်း နေ့တိုင်းသွားစုံစမ်း”
“ကျွန်တော်တို့ကရော ဘာလုပ်ရမှာလဲ..ဆရာကြီး”
“ခါလေး မင်းနဲ့ ထွန်းခင် ကို လှမောင်နဲ့ဘမောင်က ရိုင်ဖယ်ပစ်တာ၊ စတင်းဂန်းပစ်တာ သင်ပေးလိမ့်မယ်..အခုချိန်မှာ မင်းတို့ လူလုံးပြလို့မဖြစ်သေးဘူး.”
“ကျွန်တော်က ဟိုဘရင်းဂန်းကြီး ပစ်ချင်တာ ဆရာကြီးရဲ့”
လူကောင်သေးသေးညက်ညက်၊ နှာခေါင်းချွန်ချွန်ဖြင့် ခါလေးက ပြောသဖြင့် ကျန်သူများက ရယ်လိုက်ကြသည်။
“အေး..ပစ်ရမယ်..ပစ်ရမယ်..စိတ်ချ”
နောက်တစ်နေ့ နံနက်တွင် စီစဉ်ထားသည့်အတိုင်း အသီးသီးထွက်ခွာကြသည်။
စိန်ခါးမြောင် ကား ခါလေးယူလာပေးသည့် လေးပင်လိမ်ဘန်ကောက်ပုဆိုးနှင့် ကုပ်အင်္ကျီ ဝတ်ကာ ဘိုကေကို ကျော့နေအောင်ဖိးထားလေသည်။
ငန်းနက် က ဘောင်ဘီရှည်အနက်နှင့် ဘလေဇာကုပ်ကို ဝတ်ထား၏။
ထိုနေ့ရက်များကား မန္တလေး၏ အစည်ကားဆုံးနှင့် အရှုပ်ထွေးဆုံးကာလများပင်။
ရန်ကုန်မှလူများသည် သယ်နိုင်သမျှပစ္စည်းများသယ်ကာ မန္တလေးသို့ ရောက်လာကြသည်။ မန္တလေးစျေးချို ၊ တရုတ်တန်းနှင့် ရပ်ကွက်အကြိုအကြားပါမကျန် ရန်ကုန်နှင့် အောက်ပြည်အောက်ရွာမှစစ်ပြေးများဖြင့် စည်ကားနေတော့သည်။
ရန်ကုန်မှ ကုန်တိုက်ကြီးများနှင့် အစိုးရရုံးများပါ မန္တလေးတွင် လာရောက်ပေါင်းစုံနေကြ၏။
ထိုသို့နှင့် ရှုပ်ရှုပ်ထွေးထွေးမန္တလေးသို့ စိန်ခါးမြောင် နှင့် ငန်းနက်သည် ရန်ကုန်မှစစ်ပြေးလာသော တက္ကသိုလ်ကျောင်းသားများစတိုင်လ်ဝတ်ဆင်လျက် အောင်မြင်စွာ ခြေချနိုင်ခဲ့ကြသည်။

စိန်ခါးမြောင်က မြဲစ်ဆိပ်အရောက်တွင် ရှမ်းစုဘက်သို့ မြင်းလှည်းငှားလိုက်သည်။
“ကျုပ်တို့ ဘယ်ကိုသွားမှာလဲ..အကို”
ငန်းနက်က စိန်ခါးမြောင်ကို မေးလိုက်သည်။
“နန်းတော်ရှေ့ ဆီ သွားမလို့ကွ”
“ဗျာ..နန်းတော်ရှေ့ဆရာတင်လား...အကိုက ဆရာတင်နဲ့ သိတာလား”
“ဟိုရောက်တော့ သိမှာပေါ့ကွာ”
ရှမ်းစုရပ်ကွက်အတွင်းရှိ ဆိုက်ကားဂိတ်တစ်ခုသို့ ရောက်သောအခါ မြင်းလှည်းကို ရပ်လိုက်သည်။
၁၃၀၀ ပြည့်အရေးတော်ပုံကာလများအပြီးတွင် မန္တလေးမြို့သားများမှာ အမျိုးသားရေးစိတ်ဓာတ်အတက်ကြွဆုံး ဖြစ်နေခဲ့ပြီး လူမျိုးခြားပိုင် ဓာတ်ရထားကို စီးသည်နည်းသည်ထက် နည်းလာပြီး ဆိုက်ကားများ ရေပန်းစားလာခဲ့သည်။
ဓာတ်ရထားများမှာ ၃ ပဲတန်လက်မှတ်များထုတ်ရောင်းပြီး တစ်နေကုန်စီးခွင့်ပေးခဲ့ခြင်းဖြင့် ခရီးသည်များကို ဆွဲဆောင်ခဲ့သည်။
၃ ပဲတန်လက်မှတ်တစ်စောင်ဝယ်ထားရုံဖြင့် မြစ်ဆိပ်သို့လည်းကောင်း၊ မင်္ဂလာဈေးရုံကြီးသို့လည်းကောင်း ခေါက်တုံ့ခေါက်ပြန်စီးနိုင်ရုံမက အချင်းချင်း လက်မှတ်တစောင်ကို လက်ပြောင်းလက်လွှဲလုပ်ကာ စီးနိုင်သေး၏။
သို့သော် ဓာတ်ရထားများကား အမျိုးသားရေးစိတ်ဓာတ်နှင့်အတူ အင်အားကောင်းလာသော ဆိုက်ကားများကို မယှဉ်နိုင်ခဲ့။
နောက်ဆုံးခါတ်ရထားများ မန္တလေးမြို့မှ ရုတ်သိမ်းလိုက်ရပြီး မနက်တစ်ခါ ညနေတစ်ခါ ဓာတ်ရထားလမ်းတစ်လျှောက် ရေဖြန်းထွက်ပေးသော ဓာတ်ရထားစိမ်းကြီးပါ ပျောက်ကွယ်သွားတော့သည်။
မန္တလေးတွင် အောင်ပွဲခံသွားသော ဆိုက်ကားများနှင့်အတူ ဆိုက်ကားဆရာလူတန်းစား အလုံးအရင်းနှင့် ပေါ်ပေါက်လာခဲ့သည်။
ဆိုက်ကားဆရာများနှင့်အတူ ဆိုက်ကားဂိတ်များ၊ အသင်းများလည်း အလျှိုလျှိုပေါ်လာကြသည်။
စိန်ခါးမြောင်က ရှမ်းစုရှေ့ဆီ ဆိုက်ကားဂိတ်တွင် ဆင်းလိုက်သည်။
“ဟေ့..နန်းတော်ရှေ့ ဘယ်မလဲကွ”
“ဂိတ်တဲအနောက်ဖက်မှာ ရှိပါတယ်...အကိုကြီး နဲ့.ချိန်းများထားလို့လား”
“အေး..မောင်ကလေး လာတယ်လို့ သွားပြောကွာ”

ငန်းနက်မှာ ပဟေဠိများဖြင့် သာ စိန်ခါးမြောင်နောက်လိုက်နေရ၏။
နာမည်ကျော် တေးရေးဆရာ နန်းတော်ရှေ့ဆရာတင်က ဆိုက်ကားဂိတ်မှာ
နေသည်တော့ မဟုတ်တန်ရာဟု တွေးသည်။
ခဏအကြာတွင် လူတစ်ယောက်ထွက်လာသည်။
အရပ်ထောင်ထောင်မောင်းမောင်း၊ ဗလတောင့်တောင့်ဖြင့် စွပ်ကျယ်လက်စက၊
ပုဆိုးခပ်တိုတိုဝတ်ထား၏။
စိန်ခါးမြောင် ကို အသေအချာကြည့်သည်။
“ဟာ..ကိုရင်ကြီး..လာ..လာ…အနောက်ကိုလာ”
ထိုသူကား မန္တလေး ဆိုက်ကားအသင်းများ၏ ခေါင်းဆောင် လူမိုက်အဖြစ်
ထင်ရှားသူ နန်းတော်ရှေ့သိန်းမောင် ပင်တည်း။
နန်းတော်ရှေ့သိန်းမောင် သည် စိန်ခါးမြောင် ကိုရင်ကြီးဘဝက ယောနယ်တွင်
ဆေးပညာသင်စဉ်က ရင်းနှီးခဲ့သူဖြစ်သည်။
ကိုယ်ခံပညာကျွမ်းကျင်ပြီး လက်ရဲဇက်ရဲရှိသဖြင့် စိန်ခါးမြောင် မန္တလေးသို့
အပြန် မန္တလေးပုလိပ်ထဲ ဝင်မည်ဟု ဆိုကာ မန္တလေးသို့ လိုက်လာခဲ့သည်။
စိန်ခါးမြောင် ရုဟန်းဝတ်သည့် ချမ်းသာရကျောင်းတွင် တည်းခိုရင်း ၁၉၃၆ ခုနှစ်
က မန္တလေးနန်းတော်ရှေ့တွင် ဓါးခုတ်မှုဖြစ်ခဲ့သည်။
နန်းတွင်းထောင်မှ ပန်ချာပီထောင်ကြပ်တစ်ဦးက သူဇနီးအား ရိုက်နှက်နေသည်
ကို အမြင်မတော်သဖြင့် ဝင်ပြောရာမှ စကားများကြပြီး သိန်းမောင်က
ထောင်ကြပ်ကို ဓါးဖြင့် လိုက်ခုတ်ခဲ့ခြင်းဖြစ်သည်။
နန်းတွင်းရှိ အင်္ဂလိပ်စစ်တပ်များရှိရာသို့ ဝင်ပြေးသော ထောင်ကြပ်ကို ကျုံးရှေ့
တွင် မှီသွားခဲ့ပြီး သိန်းမောင် ဓါးချက်ဖြင့် အပြင်းအထန်ဒဏ်ရာရသွားခဲ့သည်။
သိန်းမောင်လည်း နန်းတော်ရှေ့သိန်းမောင် ဟူသော ဘွဲ့ကိုရကာ ထောင်သုံးနှစ်ကျ
သွားခဲ့၏။
ယခုတော့ နန်းတော်ရှေ့သိန်းမောင်သည် ဆိုက်ကားဆရာလောကတွင် ဩဇာ
ကြီးသော လူမိုက်တစ်ယောက်ဖြစ်နေခဲ့ပေပြီ။
ဆိုက်ကားဂိတ်နောက်ဖက် မန်းကျည်းပင်အောက်တွင် ပက်လက်ကုလားထိုင်နှစ်
လုံးနှင့် ခုံတစ်လုံးချထားသည်။
“ကြင်အေးရေ….နောက် ခုံတစ်လုံးပေးစမ်းကွာ”
ကြင်အေး ဆိုသူက ခုံတစ်လုံးလာချပေးသည်။
စိန်ခါးမြောင်နှင့် ငန်းနက်တို့ ဝင်ထိုင်လိုက်ကြသည်။

“ကိုရင်ကြီး သံတင်းတွေ ကြာ်းပါတယ်။ ပြော.. အခု ကျွန်တော့်ဆီလာတာ ဘာကိစ္စများလဲ”
“ငါ မင်းနဲ့ ပူးပေါင်းပြီး လုပ်ရမယ့်ကိစ္စရှိလို့”
“ဘာများလဲ.ကိုရင်ကြီး”
“မင်း တသက်လုံး ဆိုက်ကားဆရာလုပ်နေမှာလား..မော်တော်ကားလေး ဘာလေး မစီးချင်ဘူးလား”
“ဟာ…ဘယ်လိုပြောလိုက်တာလဲ..ကိုရင်ကြီးရာ..ဒီမန်းလေးကို လာကတည်းက ကားစီးချင်လို့လာတာ.. သြော်..ငါပိုက်ဆံနဲ့ ငါမစီးနိုင်လည်း ပုလိပ်ဖြစ်ရင်တော့ အစိုးရကားစီးလို့ရတာပဲဆိုပြီး ခင်ဗျားကြီးအားကိုးနဲ့ လိုက်လာတာ..ထောင်ကားစီးလိုက်ရပါရောလား…ဟားဟား”
“အေးလေ.စီးရမှာပေါ့ကွ..ငါဖန်တီးပေးပါ့မယ်..ငါနဲ့သာ လက်တွဲလုပ်”
“အင်း..ကိုရင်ကြီး ကတော့ ကျွန်တော့်ကို ခါးပြဇာတ်သွင်းပြီထင်တယ်”
“အေး..ဟုတ်တယ်…ဈေးဦးပေါက် ဈေးချိုကို စီးမယ်”
“ဟင်”
“ဟင်..လုပ်မနေနဲ့…ငါစီစဉ်စရာရှိတာ စီစဉ်မယ်..မင်းဆီမှာ စိတ်ချရတဲ့လူရှိလား”
“ကိုရင်ကြီး အလုပ်နဲ့ ကိုက်မယ့်လူကတော့ ခုနကြင်အေး ဆိုတဲ့ကောင်ပဲ။ ဒီကောင်က ပဲခူးသား။ အင်္ဂလိပ်ဘားမားရိုင်ဖယ်တပ်က စစ်ပြေးပဲ။ ဒီမှာ ဇာတ်မြုပ်ပြီး ဆိုက်ကားလာနင်းနေတာ။ ဒီကောင်ဆို ပစ်တတ်ခတ်တတ်လည်းရှိတော့ စိတ်ချရတယ်”
“ဒီကောင်က ခါးပြတိုက်ချင်ပါ့မလား”
“ကျွန်တော့်လူတွေက ကျွန်တော်တခွန်းပဲ..ကိုရင်ကြီး..”
“အေး ခေါ်လိုက်ကွာ”
“ဟေ့..ကြင်အေး..လာဦးကွ”
ဆံပင်တိုတိုပါးပါး၊ အရပ်ရှည်ရှည်ဖြင့် ကြင်အေးက လက်ကလေးနောက်ပစ်ကာ လာရပ်သည်။
“မင်း ဘရင်းဂန်း ကောင်းကောင်းပစ်တတ်သလားကွဲ့”
စိန်ခါးမြောင်က မေးလိုက်သည်။
“ပစ်တတ်ပါတယ်”

“ကဲ..သိန်းမောင်..ဒါဆို ဒီကောင့်ကို ငါဆီ ခဏခေါ်သွားမယ်..ဘရင်းဂန်းတစ်လက် ရထားတာ ငါ့ကောင်တွေကို ပစ်နည်းသင်ပေးခိုင်းမလို့...မနက်ဖန်ကျ စျေးချိုအီးရုံထိပ်မှာ မင်းငါ့ကိုစောင့်နေ...သိန်းမောင်”
“ကိုရင်ကြီး အဆင်ပြေသလိုလုပ်ပါ...ကဲ ကြွင်အေး မင်းသူတို့နဲ့ လိုက်သွားလိုက်ကွာ..မင်းဆိုက်ကားကို ငါသိမ်းပေးထားမယ်”
စိန်ဓါးမြှောင်နှင့် ငန်းနက်တို့ ဆိုင်ကားဂိတ်ထဲမှ ပြန်ထွက်လာကြသည်။
အနောက်တွင် ကြွင်အေး ပါလာ၏။
“အကို..ခင်ဗျားက ဓါးပြတိုက်မယ့်အကြောင်း ဒီလိုပဲ လျှောက်ပြောပြနေတာလား ဗျ..ခင်ဗျား လူတွေက ယုံရပါ့မလား”
“ငါယုံပြီဆိုကတည်း ယုံလို့ရတဲ့လူမို့ ယုံတယ်လို့သာမှတ်..ငန်းနက်”
.....
နောက်ရက်များတွင် စိန်ဓါးမြှောင် နှင့် ငန်းနက်တို့သည် မန္တလေးသို့ ပုံမှန်တက်သွားသည်။
နန်းတော်ရှေ့သိန်းမောင်နှင့်အတူ စျေးချို၏ ဝင်လမ်းထွက်လမ်းများ၊ အနီးဆုံးပုလိပ်ဌာနများကို မှတ်သားကာ ပုံကြမ်းဆွဲကြသည်။
မြေနုကျွန်းပေါ်တွင် ကျန်ရစ်သူများကို ကြင်အေး က ဘရင်းဂန်းပစ်နည်း၊ တခြားသေနတ်ပစ်ခတ်နည်းများကို စနစ်တကျသင်ပေးနေ၏။
ဦးလူဒုတ်မှာ မန္တလေး (၁၆)မှတ်ဂါတ်သို့ ပြန်လည်ပြောင်းရွှေ့ရသော်လည်း စစ်ကိုင်းအချုပ်ဖော်က်ခံရမှုကြောင့် ရာထူးတဆင့်လျော့ခံလိုက်ရကြောင်း ဘချစ်ဆီမှ သတင်းပါလာသည်။
ထိုသတင်းသေချာသည်နှင့် စိန်ဓါးမြှောင်က နန်းတော်ရှေ့သိန်းမောင်၏ လူများကိုသုံးကာ ဦးလူဒုတ်၏ နေ့စဉ် လှုပ်ရှားသွားလာမှုများကို စောင့်ကြည့်နေစေတော့သည်။
စစ်ကိုင်းဘက်မှ သေနတ်များကို လှေဖြင့်သယ်ယူပြီး နန်းတော်ရှေ့သိန်းမောင်လူများက ဆိုက်ကားဖြင့် သယ်ကာ ဝှက်ပေးထားကြသည်။
အခါပေးသည့် ရက်ကား တရွေ့ရွေ့နီးလာခဲ့ပြီ။
တပို့တွဲလဆန်း ၁၂ ရက်နေ့ည။
စိန်ဓါးမြှောင်က မြေနုကျွန်းပေါ်တွင် လူစုကာအသေးစိတ်အစီအစဉ်များကို ရှင်းပြလိုက်သည်။

“အကို..အစီအစဉ်ကတော့ နေရာကျပါတယ်..ဒါပေမယ့် အကိုရယ်၊ ခါလေးရယ်၊ ကြင်အေးရယ်က ဘာလို့ စျေးချိုကို မလိုက်တာလဲ”

“တိုက်ပြီးတာနဲ့ မင်းတို့ ဘေးကင်းကင်းနဲ့ စနစ်တကျဆုတ်လို့ရအောင် ငါ စီစဉ်ပေးမှာမို့ မလိုက်တာပါ..ပြီးတော့..ငါ့မှာ ရှင်းစရာကိစ္စလေးပါ တစ်ခါတည်းရှင်းမလို့.. မနက်ဖန်ကျ မင်းနားလည်မှာပါ..ငန်းနက်”

.....

၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်။ နေ့လည် ၁၁ နာရီ။

မန္တလေးမြို့ (၁၆)မှတ် ရဲဌာနရှေ့ရှိ မန်းကျည်းပင်ကြီးအောက်တွင် အထမ်းနှင့် ရောင်းသော မြီးရှည်သည် တစ်ဦး ရောက်နေသည်။

စခန်းအတွင်း လူများ ရှုတ်ထွေးနေစဉ် ဦးလူဒုတ်က နေ့လည်စာစားရန် အပြင်သို့ ထွက်လာသည်။

သူ့စက်ဘီးကို နင်းရန်ပြင်လိုက်စဉ် ချိန်းကြိုးမှာ ကျနေသည်ကို တွေ့ရသည်။

ဦးလူဒုတ်က စခန်းရှေ့မှ စက်ဘီးကိုတွန်းလာကာ မန်းကျည်းပင်အောက်တွင် ဒေါက်ထောက်ပြီး ချိန်းကို လက်ဖြင့်တင်နေ၏။

ထိုအချိန်တွင် မြီးရှည်သည်က ဦးလူဒုတ် နှင့် အနည်းငယ်ဝေးရာသို့ အထမ်းကို ချွေ့လိုက်ပြီး ဖိနပ်ကို ဖင်ခုကာ ထိုင်လိုက်သည်။

ထို့နောက် လက်ခေါက်မှတ်လိုက်သောအခါ မန်းကျည်းပင် အနောက်ဖက်ဆီမှ ဆိုက်ကားတစ်စီးက အမြန်နင်းချလာသည်။

ဆိုက်ကားပေါ်တွင် စောင်နှင့် အုပ်ထားသော အရာတစ်ခု။ ဆိုက်ကားနောက်တွင် ပါလာသူက ခါလေး။

“ဟေ့..လူဒုတ်..မင်းနောက်ကို ကြည့်လိုက်စမ်း”

ဦးလူဒုတ်က ချိန်းတင်နေရာမှ နောက်သို့ လှည့်ကြည့်လိုက်သောအခါ။

ခါလေး က စောင်ကို လွှားခနဲဖယ်လိုက်သည်။

ဆိုက်ကားပေါ်တွင် ဘရင်းဂန်းတစ်လက်။

ဦးလူဒုတ်က မြင်ကွင်းကို ကြောင်ကြည့်နေစဉ် ခါလေးက ဘရင်းဂန်းလက်ကိုင်ကို ကိုင်ကာ မောင်းဆွဲချလိုက်သည်။

“ဒက်..ဒက်..ဒက်..ဒက်..ဒက်”

ဦးလူဒုတ်မှ အနောက်ဖက် သုံးလေးပေအကွာသို့ လွင့်ထွက်သွား၏။

“ဟာ..ပစ်တယ်ဟေ့”

တဆက်တည်းတွင်ပင် ဂါတ်တဲဘက်ဆီသို့ အတွဲလိုက်ပစ်လိုက်သဖြင့် ဂါတ်တဲထဲမှ ပုလိပ်များ၊ လူများမှာ ရရာနေရာသို့ တိုးဝင်ကာ ဝပ်နေကြရသည်။
ကြင်အေးက ဆိုင်ကားကို အရှိန်ဖြင့်နင်းထွက်သွားပြီး..ခါလေးက ယမ်းငွေ့များ ထောင်းထောင်းထနေသော ဘရင်းဂန်းကို ပိုက်ကာ ဆိုင်ကားပေါ် ပါသွားတော့သည်။
သံချောင်းခေါက်သံများ ဆူညံသွားသည်။
ဂါတ်တဲတွင်း ကြေးနန်းဌာနမှလ(၁၆)မှတ် ဂါတ်ရှေ့တွင် တိုက်ပွဲဖြစ်နေကြောင်း သတင်းပို့သတင်းဖြန့်လိုက်သဖြင့် မန္တလေးမြို့ပေါ် ရှိ ဂါတ်များအားလုံးမှ ပုလိပ်များ အားလုံး (၁၆)မှတ် ဂါတ်ရှိရာသို့ ထွက်လာကြသည်။
လူများရုတ်ရုတ်သဲသဲဖြစ်နေချိန်တွင် ဖြစ်စဉ်တစ်ခုလုံးအား အရသာခံကြည့်နေသော မြီးရှည်သည်က ထလာပြီး အသက်ငင်နေသော ဦးလူဒုတ်နားကပ်ကာ စကားတစ်ခွန်းမေးလိုက်သည်။
“မြကြည်ဆီက ဖြုတ်ယူသွားတဲ့ နားကပ်တစ်ဖက် ဘယ်မှာလဲ”
ဦးလူဒုတ်မှာ ဘာမှမဖြေနိုင်။
သူ့ရှေ့တွင် မြင်နေရသော စိန်ခါးမြှောင်ကို မျက်လုံးပြူးကြီးနှင့်ကြည့်နေရင်းမှ အသက်ထွက်သွားလေတော့သည်။
စိန်ခါးမြှောင်က ဦးလူဒုတ် ခါးမှ ခြောက်လုံးပြူးကို ဆွဲဖြုတ်ကာ ခါးကြားထိုးလိုက်သည်။
ထို့နောက် အထမ်းကို ထမ်းကာ ခပ်အေးအေးပင် ထွက်ခွာသွား၏။
အချိန်အားဖြင့် သုံးမိနစ်အတွင်းမှာပင် ဂါတ်တဲတစ်ခုလုံး အုတ်အော်သောင်းနင်းဖြစ်ကုန်သည်။
တမြို့လုံးမှ ပုလိပ်အင်အားများလည်း ဆယ့်ခြောက်မှတ်ဂါတ်သို့ အသီးသီး ရောက်လာကြသည်။
ထိုအချိန်တွင် စျေးချိုတော်၊ အီးရုံအတွင်းကို ငန်းနက်၊ လှမောင်၊ ဘမောင်၊ ငရုတ်သီးဘရင်၊ ဘချစ်၊ ထွန်းခင် တို့က စတင်းဂန်းတစ်လက်၊ ဒူးလေးနှစ်လက်၊ ခါးကိုယ်စီလွယ်ကာ စီးနင်းထား၏။
အပြင်ဘက်တွင် နန်းတော်ရှေ့သိန်းမောင်အဖွဲ့က ခြောက်လုံးပြူးတစ်လက်၊ ရိုင်ဖယ်သေနတ်တစ်လက်ဖြင့် နေရာယူထားပြီး ဂျစ်ကားတစ်စီးပါ အသင့်ထိုးထားလေသည်။
လောကနာသန်စိန်ဘာဘူဆိုင်အပါအဝင် ရွှေဆိုင်များမှ ရွှေထည် ခြောက်သောင်းငါးထောင်ဖိုးနှင့် ငွေသားတစ်သောင်းခွဲနီးပါး ပါသွားကြသည်။

ပုလိပ်အဖွဲ့များမှာ (၁၆)မှတ်ဂါတ်ဘက်တွင် စုပြုံရောက်နေကြပြီး သတင်းရသဖြင့် စျေးချိုသို့ ပြန်လာသောအခါ ခါးပြများကား မရှိတော့ပြီ။
မကြာမီ မင်းတဲအီကင်းဘက်မှစက်လှေတစ်စီးသည် ရောဝတီမြစ်အတိုင်း စစ်ကိုင်းဘက်သို့ မောင်းနှင်ထွက်သွားလေ၏။
ငန်းနွက်က လှေဦးတွင် ထိုင်ရင်း နဂါးဆေးပေါ့လိပ်ကို ဖွာနေသည့် စိန်ခါးမြောင်ဆီသို့ လျှောက်လာသည်။
“တကယ်ကို လေးစားပါတယ်..အကို...ကျွန်တော်တို့ဆီ အချိန်မီပုလိပ်တွေ မလာနိုင်အောင် .. ဟိုဘက်မှာ အကို သေချာစီစဉ်ထားတာပဲ”
စိန်ခါးမြောင်က သူ့လက်ဖဝါးပေါ်မှ နားကပ်လေးတစ်ဖက်ကို ကြည့်နေသည်။
“ဒီတစ်ဖက်က မြကြွည်ကို ငါတင်တောင်းဖို့ ဝယ်ပေးထားတဲ့ မင်္ဂလာဦးနားကပ်လေးတွေထဲက တစ်ဖက်ပေါ့ ။ လောကနာသံဆိုင် ကို တိုက်ရာပါထဲက ရှာတွေ့တာ။ နောက်တစ်ဖက်က ဘယ်မှာလဲဆိုတာ ဦးလူဒုတ်က မပြောသွားပဲ သေသွားတယ်ကွာ”
“အကိုရာ...ဘရင်းဂန်းနဲ့ ခြောက်ပစ်လည်းရတာကို ဦးလူဒုတ်ကို ဘာလို့ အသေပစ်သတ်ခိုင်းရတာလဲ”
“ဘယ်တတ်နိုင်မလဲကွာ။ သူက မြကြည် ပါးကို
လိမ်ဆွဲတာကိုကွ”
စိန်ခါးမြောင်ဖွာနေသော နဂါးဆေးပေါ့လိပ်မှ မီးစများက မြစ်ပြင်မှ လေတဖြူးဖြူးတွင်အနောက်ဖက်သို့ ဖွာခနဲ လွင့်စင်သွားကြသည်။
……
……
……

အခန်း(၉)

မြေနုကျွန်းပေါ် ရှိယာယီတဲရှေ့တွင် မိကွန်က စိန်ခါးမြောင်ခိုင်းခဲ့သည့်အတိုင်း စီစဉ်ထားသည်။

မြေတလင်းတွင် သင်ဖြူးတစ်ချပ်ခင်းပြီး အုန်းပွဲ၊ငှက်ပျောပွဲ၊ ထန်းရည်တစ်မြူ နှင့် ငါးကြော်တစ်ကောင် က အသင့်။

“ကဲ..တိုက်ရာပါပစ္စည်းအကုန် သင်ဖြူးပေါ် ပုံကြပေ့..တစ်ခုမှ မကျန်စေနဲ့နော်”

ပြောပြောဆိုဆိုနှင့် စိန်ခါးမြောင်က သူ့လက်ထဲမှ မြကြည်၏ နားကပ်တစ်ဖက်ကို ပါ သင်းဖြူပေါ် ပစ်ချလိုက်သည်။

ကျန်သူများက တိုက်ရာပါရွှေထည်များနှင့် ငွေများကို သင်ဖြူးပေါ် ပုံလိုက်ကြ သည်။

ထို့နောက် စိန်ခါးမြောင်က အုန်းပွဲရှေ့တွင် အသင့်ထားသော ဖယောင်းတိုင်ကို မီးခြစ်ဖာနှင့် ခြစ်ခါ ထွန်းညှိလိုက်သည်။

“အားလုံးထိုင်ကြ”

နန်းတော်ရှေ့သိန်းမောင် က စိန်ခါးမြောင် လုပ်သည်များကို တအံတသြကြည့် ရင်း ထိုင်လိုက်သည်။

“စောရဒေဝီ တောင်ချမ်းသာအရှင်မ..ကျေးတော်မျိုးကျွန်တော်မျိုး ခိုးသားခါးပြ များက တိုက်ရာပါများဖြင့် အဦးအဖျား ပူဇော်ပါတယ်..နွားဖြူကို နွားနက်ဖြစ် အောင် နွားနက်ကို နွားနီဖြစ်အောင် နွားနီကို နွားကျားဖြစ်အောင် လှည့်စား ဖန်ဆင်းပေးနိုင်သကဲ့သို့ တိုက်ရာပါများကိုလည်း လှည့်စားပေးပြီး မင်းပြစ်မင်းဒဏ်မှ ကွယ်ကာတော်မူပါ..စောရဒေဝီတောင်ချမ်းသာသခင်မ”

စိန်ခါးမြောင်က ဒူးထောက်လျက် တတွတ်တွတ်ရွတ်ဆိုလိုက်သည်။

“ကဲ..ခါလေး..မြကြည်နားကပ်လေးတော့ ငါ့ပေးကွာ..ကျန်တာက ငွေသားတွေ ကို နှစ်ပုံပုံကွယ်။ မိကွန်က ရွှေထည်တွေကို အညီအမျှဖြစ်အောင် ခန့်မှန်းပြီး နှစ် ပုံပုံချေ”

ခါလေးနှင့် မိကွန်က စိန်ခါးမြောင်ခိုင်းသည့်အတိုင်း နှစ်ပုံ ပုံနေသည်။

နန်းတော်ရှေ့သိန်းမောင်က စိန်ခါးမြောင်နား ကပ်သွားပြီး

“ကိုရင်ကြီး..ခုန ဘာလုပ်တာလဲဗျ..ဘယ်သူ့ကို ပသနေတာလဲ”

“အင်း..မင်းကတော့ ခုမှ ဒီလိုက်လာတော့ ဘယ်သိဦးမလဲ..ဒါ တောင်ချမ်းသာရှင်မကို ပသတာကွ .. ဟိုးရှေးခါးပြကြီးတွေ အဆက်ဆက် က အစဉ်အလာပဲ..တောင်ချမ်းသာရှင်မကို အခိုးအဝှက်ထွက်ခါနီး မှာ ကွမ်းယာ၊ ဆေးပေါ့လိပ်နဲ့ လက်နက်ပြပြီး ခွင့်တောင်းရတယ်။ ခိုးဝှက်တိုက်ပြီး အပြုန်ကျလည်း တိုက်ရာပါပစ္စည်းကို အဦးအဖျားပြသပြီး တင် မြောက်ကြရိုး ထုံးစံပေါ့ကွာ”
“အင်း ကိုရင်ကြီးနဲ့ တွေ့မှပဲ ခါးပြမှာလည်း သူနှတ်နဲ့ သူရှိတာကို သိရတော့တယ်..ကောင်းပါလေဗျာ”
ထိုအချိန်တွင် ခါလေးနှင့် မိကွန် က တိုက်ရာပါများကို နှစ်ပုံ ပုံပြီးလေပြီ။
“ကဲ..နန်းတော်ရှေ့ရေ….မင်းတို့က ဧည့်သည်ဆိုတော့ ငါတို့က ဦးစားပေးပါတယ်ကွာ… အဲဒီရှေ့ငွေပုံ နှစ်ပုံထဲက ကြိုက်တဲ့တစ်ပုံရယ်၊ ရွှေနှစ်ပုံထဲက ကြိုက်တဲ့တစ်ပုံရယ် အရင်ယူ
.ပြီးရင် မင်းအဖွဲ့ကို မင်းကြိုက်သလိုခွဲပေတော့”
နန်းတော်ရှေ့သိန်းမောင်က စိန်ခါးမြောင် စကားကြောင့် အံ့သြသွားသည်။
“မဟုတ်တာပဲ..ကိုရင်ကြီးရာ…ကျွန်တော်တို့က ဘေးက ဝိုင်းကူရုံပါ..အကုန်လုံးကိုရင်ကြီးလူတွေ လုပ်သွားတာပဲ မဟုတ်လား..သုံးပုံပုံပြီး ကိုရင်ကြီးတို့ နှစ်ပုံယူပါ”
“မင်းပဲ ကားစီးချင်တယ်ဆို့ကွ..မင်းလူတွေလည်း ဆင်းရဲလှပါတယ်..သူတို့ကိုလည်း ခွဲပေးလိုက်ပေါ့..ကဲ..ယူဆို ယူလိုက်ကွာ”
စိန်ခါးမြောင်၏ ခပ်မာမာအသံကြောင့် နန်းတော်ရှေ့သိန်းမောင်က ငွေပုံနှင့်ရွှေပုံတစ်ပုံစီ ယူလိုက်သည်။
“ကဲ..ငန်းနက်တို့၊ ဘမောင်တို့…မင်းတို့ကတော့ ငါ့အဖွဲ့က ဖြစ်လို့ ငါထုံးစံအတိုင်းပဲ…အငယ်ဆုံးဖြစ်တဲ့ ခါလေးက လူဦးရေအတိုင်း ဝေပုံကျခွဲကွာ…မိကွန် ကိုလည်း တစ်ပုံထည့်တွက်နော်..ဟေ့ကောင်”
ငန်းနက်၊ ဘမောင်၊ လှမောင်၊ ငရုတ်သီးဘရင်၊ ဘချစ်၊ ခါလေး၊ ထွန်းခင်၊ မိကွန် ရှစ်ပုံ အညီအမျှ ခွဲဝေလိုက်သည်။
“အကို..ခင်ဗျားက မယူဘူးလား”
ငန်းနက်က စိန်ခါးမြောင်ကို ဇဝေဇဝါဖြင့် မေးလိုက်သည်။
စိန်ခါးမြောင်က ခပ်ပြုံးပြုံးတုန့်ပြန်၏။
ထို့နောက် ဘမောင်၊ လှမောင်၊ ခါလေး၊ ငရုတ်သီးဘရင်၊ ထွန်းခင်တို့က သူတို့ဝေစုထဲမှ တစ်ပုံခွဲထုတ်ကာ သင်ဖြူးရှေ့တွင် ထိုးထားသည့် ပွဲထဲသို့ လာ

ထည့်၏။
“အဲ့ဒါ ဘာလုပျကွတာလဲ”
ငန်းနက်က ဘမောင်ကို မေးလိုက်သည်။
“ဆရာကြီးထုံးစံက ဝေစုတစ်ပုံမယူဘူး..ကျွန်တော်တို့ရတဲ့ ဝေစုထဲကနေ စေတနာရှိသလောက် သူ့ကိုပေးတာပဲ ယူတယ်ဗျ”
ငန်းနက်ရော၊ နန်းတော်ရှေ့သိန်းမောင် ပါ စိန်ခါးမြောင် ကို တအံတသြကြည့်လိုက်ကြသည်။
“ဟာ..ဟုတ်တာပေါ့..ဒီပစ္စည်းတွေအားလုံးက အကို့အစီအမံအောက်မှာ လုပ်လို့အောင်မြင်ကြတာပဲ..ဒါ..ပေးရမှာပေါ့”
ငန်းနက်က သူ့ဝေစုထဲမှ ရွှေထည်အချို့ကို ယူကာ ပွဲထဲသို့ သွားထည့်လိုက်သည်။ သူ့နောက်မှ ဘချစ်နှင့် မိကွန် တို့ကလည်း တစ်ပုံလိုက်ထည့်သည်။
နန်းတော်ရှေ့သိန်းမောင်ကလည်း သူရသည့်အပုံကြီးကို တဝက်ခွဲကာ သွားထည့်ပြန်သည်။
“ကဲ..အားလုံး ကျေနပ်ကြပြီလား”
“ကျေနပ်ပါတယ်..ဆရာကြီး”
“ကဲဒါဆို..ဘချစ်နဲ့ မိကွန် နင်တို့လင်မယား ငါ့ဝေစုထဲက ပိုက်ဆံ လိုသလောက် ယူသွား..မင်းကွန်းဘက် ဆင်းပြီး စားစရာသောက်စရာတွေနဲ့ အရက်ကောင်းကောင်းဝယ်ခဲ့ကြ..ဒီတည အားလုံး ဒီမှာပဲ ပျော်ပျော်ပါးပါး သောက်စားရင်း စုအိပ်ကြပါ..မနက်ကျရင်တော့ အကုန် လူစုခွဲဖို့ ငါ စီမံမယ်”
ထိုည က စျေးချိုတော်ခါးပြမှု ကျူးလွန်ခဲ့သူများ အားလုံး ပျော်ပျော်ပါးပါး သောက်စားကြသည်။
စိန်ခါးမြောင်က အရက်မသောက်ပဲ နတ်တင်ထားသည့် ထန်းရည်ခပ်ချဉ်ချဉ်ကို သာ နဂါးဆေးပေါ့လိပ်ဖွာရင်း သောက်သည်။
ငန်းနက်က စိန်ခါးမြောင်ဘေး ကပ်လာသည်။
“အကို..နတ်တင်တဲ့ ထန်းရည်တွေ သောက်တာလား..နတ်ကြိုက်ပါ့မလား”
“ဟ..တကယ်မရှိတဲ့ နတ်က သူ့ကို ဆက်လည်း ဘယ်သောက်နိုင်မလဲကွ..ဒီတော့ တကယ်သောက်နိုင်တဲ့ငါက သောက်တယ်လေကွာ..ဘာဖြစ်တုန်း”
“ဟင်..တကယ်မရှိဘူးလည်းဆိုသေး.အကိုက ဘာလို့ နတ်တင်တာလဲဗျ”
“ငန်းနက်..မင်းကိုတော့ ငါမြင်မြင်ချင်း ညီအစ်ကိုလို သဘောထားလို့ ပြောပြမယ်..မင်းက ငါ့ထက် ခါးပြလုပ်သက်စောပေမယ့် ရှေ့လျှောက်ခါးပြလုပ်မယ်ဆို

ငါပြောတာကို သေချာမှတ်ထား... လူဆိုတာ အလုပ်တစ်ခုလုပ်တော့မယ်ဆို ကိုယ့်စိတ်လုံခြုံမှုနဲ့ ကိုယ့်ကိုကိုယ်ယုံကြည်မှုက အရေးကြီးတယ်ကွ.. အထူးသဖြင့် ငါတို့က မကောင်းမှုလုပ်နေတဲ့လူတွေ..ပြီးတော့ မကောင်းမှုကို တောင် အဖွဲ့အစည်းနဲ့ လုပ်ရတဲ့အလုပ်... ဒီတော့ မကောင်းမှုလုပ်လုပ်၊ ကောင်းမှုလုပ်လုပ် ကိုအဖွဲ့သားတွေ စိတ်ထဲ ငါတို့ကို တစ်စုံတစ်ခုက စောင့်ရှောက်နေတယ်ဆိုတဲ့ အသိဝင်ထားရင် ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိနေရော.. ဒါကြောင့် ဓါးပြတိုက်ခါနီးဆို ငါက လက်နက်တွေကို နတ်ပြတယ်၊ နတ်တင်တယ်... ဒီတော့ တိုက်နေတဲ့အချိန်မှာ နတ်က ငါ့ကို စောင့်ရှောက်နေပါလားဆိုတဲ့ အသိနဲ့ခပ်ရဲရဲ လုပ်ဝံ့တာပေါ့ကွာ။ တိုက်ပြီး ပြန်လာတဲ့အခါကျ လူစုပြီး နတ်ကို တိုက်ရာပါပစ္စည်းပြ ပူဇော်တာလည်း အလကားမဟုတ်ဘူး။ လူဆိုတာ ဝေစုခွဲခါနီးကျ လောဘတက်တတ်တယ်ကွ။ အရင် နတ်တင်ပြီး နတ်နဲ့ ခြောက်ထားတော့ မတရားလိုချင်စိတ် နည်းသွားတယ်။ အဲ့ဒါကြောင့် နတ်တင်တယ်ဆိုတာ လူတွေရဲ့စိတ်ကို စိုးမိုးထိန်းချုပ်တဲ့ နည်းတစ်ခုပဲ” ငန်းနက်က စိန်ဓါးမြှောင် စကားများကို ခေါင်းတညိမ့်ညိမ့်ဖြင့် နားထောင်နေသည်။

.....

နောက်တစ်နေ့ နံနက်စောစော နေမထွက်မီတွင် စိန်ဓါးမြှောင်က အားလုံးကို နှိုးပြီး လူစုလိုက်သည်။

“ကဲ..အခု ငါတို့တွေ..နေမထွက်ခင်မှာ ဒီကနေ လူစုခွဲကြမယ် ဘရင်းဂန်းတွေ၊ ရိုင်ဖယ်တွေကိုတော့ ဒီပေါ်မှာပဲ ဝှက်ထားခဲ့မယ်...အတိုတွေကိုပဲ ယူသွားကြတာပေါ့ ...နန်းတော်ရှေ့ကြီးတို့က မန္တလေးဘက်ပြန်ပြီးဟန်မပျက်ဆိုက်ကားနင်းနေကြ၊ ဦးလှဒုတ်သတ်တဲ့အမှုမှာ ဆိုက်ကားဆရာတွေကို ပြဿနာတော့ရှာလာနိုင်တယ်။ ဒါပေမယ့် မန္တလေးမှာ ဆိုက်ကားစီးရေက ရာချီရှိတာမို့ ပုလိပ်ဘက်က လိုက်ရတော့ ခက်လိမ့်မယ်။ ငန်းနက်တို့လည်း ဒီပေါ်မှာ မနေနဲ့တော့ အင်းဝဘက်က ငါပြောတဲ့ ရွာမှာ သွားခိုနေကြ၊ ငါနဲ့ခါလေး၊ ထွန်းခင်တို့က ကျောက်ပန်းတောင်းကိုသွားမယ်။ လှမောင်နဲ့ ဘမောင်ကရော..ဘယ်မှာ အောင်းမလဲဟေ့”

“ဆရာကြီး..ကျောက်ပန်းတောင်းမသွားခင်..ကျွန်တော့်ကို ရှိန်းမကားမှာ မိန်းမလိုက်တောင်းပေးပါဦး”

လှမောင်က ရယ်ကြဲကြဲနှင့်။

“လှမောင်..မင်းကတော့ အရေးထဲမှကွာ”

“လုပ်ပေးလိုက်ပါဆရာကြီးရယ်..ဒီကောင်က အဲ့ဒီကောင်မလေးကို လိုချင်တာ..ပိုက်ဆံမရှိတာနဲ့ ကျွန်တော့်ကိုပူဆာလို့ ညီအစ်ကိုနှစ်ယောက် ခါးပြတ်ထွက်တိုက်မိတာပဲ...အခု မြိုးမြိုးမျက်မျက်လည်း ရနေပြီဆိုတော့ လိုက်တောင်းပေးလိုက်ပါဗျာ”

“မင်းတို့ဟာက ခက်တော့နေပြီကွာ။ ခါးပြကို မိန်းမလိုက်တောင်းခိုင်းရတယ်လို့”

“ဟာ..ဆရာကြီးကလည်း..ကျွန်တော်တို့က ခါးပြလေ..ဆရာကြီးက ခါးပြဗိုလ်လေ..ဆရာကြီးမှ မတောင်းပေးရင် ဘယ်သူတောင်းပေးမလဲ”

“ဟေ့..မိန်းကလေးရှင်ဘက်ကို ကျွန်တော် ခါးပြဗိုလ်ပါ..ကျွန်တော်တပည့်ခါးပြလေး က ခင်ဗျားသမီးကို မေတ္တာရှိလို့ လာတောင်းတာပါလို့ ပြောရမှာလား..တယ်လည်း ခက်ပါလား..လှမောင်ရာ”

“သြော်..အဲ့ဒီလိုတော့ ဘယ်ဟုတ်မလဲ..ဆရာကြီးရယ်..ဆရာကြီးက ဆေးလည်းကောင်းကောင်းကုတတ်တော့ မန္တလေးက ကျွန်တော်တို့ဦးလေးဆေးဆရာကြီး ပေါ့..လုပ်ပါ..ဆရာကြီးရယ်.ကျွန်တော်တို့က မိမရှိဖမရှိမို့အဖေလို အားကိုးနေရတာပါ”

“အေးပါကွာ..မင်းတို့နှစ်ကောင်ပေးတဲ့ ဒုက္ခနဲ့ ငါ ခါးပြဗိုလ်ဖြစ်ပြီးပြီ..ခုလည်း ဆေးဆရာဖြစ်ရတာပေါ့”

ထို့နောက် စိန်ခါးမြောင်က သူ့ဝေစုများထဲမှ ငွေတစ်သောင်းကို ထုတ်လိုက်၏။

“ငါတို့ ကိုယ်ယောင်ဖျောက်နေတဲ့အချိန်မှာ ငန်းနက် နဲ့ ကြင်အေး ကို ငါ ငွေငါးထောင်စီပေးလိုက်မယ်။

မင်းတို့ လက်နက်တွေ ရသမျှရှာပြီး ကျွန်းပေါ်လာလာဝုက်ထားကြ။ အားလုံးကိုယ့်နေရာမှာ ကိုယ် နေကြ.. အလုပ်လုပ်ဖို့ပေါ်တဲ့အခါ မင်းတို့ရှိရာကို ငါလှုံ့ကြွ်ုလွှတ်ပြီး ပြောခိုင်းမယ်။ ဦးလေးကြီးက ဘယ်မှာစုဖို့ ခေါ် ခိုင်းလိုက်ပါတယ်ဆိုတာနဲ့ ငါခေါ် ခိုင်းတယ်လို့သာမှတ်..ဟုတ်ပြီလား”

မကြာမီ သူတို့အားလုံး လူစုအသီးသီးခွဲလိုက်ကြသည်။

စိန်ခါးမြောင်က ခါလေးနှင့် ထွန်းခင်ကို ကျောက်ပန်းတောင်းသို့ အရင်လွှတ်လိုက်သည်။

ထို့နောက် စိန်ခါးမြောင်သည် လှမောင်၊ ဘမောင်တို့နှင့်အတူ ရှိန်းမကားဘက်သို့ မိန်းမတောင်းပေးရန် ထွက်ခဲ့လေသည်။

.....

.....

ရှိန်းမကား။

စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်အတွင်းမှ တောမကျ မြို့မကျ ဒေသကလေး။
ဆေးဆရာ ဆရာသိန်း ဟု အမည်ပြောင်းလိုက်သည့် စိန်ဓါးမြှောင်နှင့် ဘမောင်၊ လှမောင်တို့ ရှိန်းမကားသို့ ခရီးဆက်ခဲ့ကြသည်။
“အနှင်းက စစ်ကိုင်းမှာ ကျောင်းလာတက်ရင်း..ကျွန်တော်နဲ့ ချစ်မိကြတာပါပဲ..ဆရာကြီး”
“အနှင်း က သိပ်လှတာ ဆရာကြီး..သူ့ကျစ်ဆံမြီးကြီးက နက်မှောင်နေတာပဲ..ကျွန်တော်ဖြင့် အဲ့ဒီ ကျစ်ဆံမြီးလေးတွေကို အသဲတွေယားတာမှ လွန်ရော”
“အနှင်း မိဘတွေနဲ့တော့ ကျွန်တော်မတွေ့ဖူးပါ.. အနှင်းကတော့ ကျွန်တော့်ကို အရမ်းချစ်တယ်။ ဖြစ်နိုင်ရင် ရှိန်းမကားက သူမိဘများဆီမှာ သူ့ကို တင့်တောင်းတင့်တယ် လာတောင်းပေးပါလို့ အမြဲပြောတယ်ဆရာကြီး..ကျွန်တော်တို့မှာလည်း အဲ့ဒီ အချိန်က ညီအစ်ကိုနှစ်ယောက်ပေါင်းပြီး ငတ်တစ်လှည့်ပြတ်တစ်လှည့်ဖြစ်နေတာ..ဒါနဲ့ အနှင်းကို လိုချင်တဲ့စိတ်နဲ့ ဦးကြင်အိမ်ကို ခါးပြဝင်တိုက်မိတာပါ”
လှမောင်က တလမ်းလုံးနီးပါး အနှင်းဂါထာကို တဖွဖွရွတ်လာသည်။
စိန်ဓါးမြှောင်တို့ သုံးဦးသား ရှိန်းမကားရွာလယ်လမ်းအတိုင်း လမ်းလျှောက်လာကြရင်း ကြီးမားသော ဘုန်းကြီးကျောင်းကြီးကို တွေ့ရလေသည်။
ကျောင်းကြီးအတွင်းသို့ ဖိနပ်ချွတ်ကာ ဝင်ရောက်လိုက်သည်။
“မင်းတောင်းမယ့် မိန်းမအခြေအနေက ဘယ်လိုမှန်းသေချာမသိသေးဘူးဆိုတော့ ငါတို့ ဒီမှာ တည်းပြီးပဲ အခြေအနေ တီးခေါက်ကြတာပေါ့”
ဘုန်းကြီးလူထွက်စိန်ဓါးမြှောင်အတွက် ဘုန်းကြီးကျောင်းအတွင်း ဝင်ထွက်ရေးကစ်စမှာ အပန်းကြီးသည့် အရေးမဟုတ်။
မကြာမီပင် ကျောင်းထိုင်ဆရာတော်နှင့် လေပေးဖြောင့်ကာ စိန်ဓါးမြှောင်တို့ တည်းခိုရေး အဆင်ပြေသွားတော့သည်။
“သြော်..ဒကာကြီး တူတော်မောင်က မောင်ထိပ်သမီး မနှင်း နဲ့ မှ ကြိုက်ရသကိုး”
“တင့်ပ…မိဘများကိုတော့ မသိပါဘူး..ဘုရား…တူတော်မောင်က လိုချင်လွန်းတယ်ဆိုတာနဲ့ လာရတာကိုးဘုရား”
“သူ့ဖအေကြီး ဦးထိပ် အကြောင်းရော သေချာသိကြကဲ့လား”
“မသိပါဘူး..ဘုရား”
“အင်း..အင်မတန်မှ ငွေကြေးမက်မောတာကွယ့်..ချစ်တီးရှုံးမောင်ထိပ်လို့တောင် နာမည်ပေးထားကြတယ်.. ငွေကြေးဥစ္စာရှိသလောက်မောက်မာတယ်။

အတိုးပေးစားတဲ့နေရာမှာ ချစ်တီးရုံး တယ်။ သူ့မယ်လူဆိုးလူမိုက်တွေ တပည့်တပန်းတွေကလည်း ပေါကွယ်။ ဒီရွာသားတွေကတော့ ဖအေကြီး ရွံ့တာနဲ့ မနှင်းကို ထိတောင် မထိရဲဘူး။ ခု ဒကာကြီးတို့က မနှင်းအတွက် ရောက်လာတယ်ဆိုတော့ ကျုပ်က အံ့သြနေတာ”

“မတတ်နိုင်ဘူး..ဘုရား..တပည့်တော်တူကလည်း အနှင်း အနှင်းနဲ့ တော်တော်လေးကို ဖြစ်နေမှကိုး ဘုရား”

.....

နောက်တစ်နေ့ နံနက်တွင် ဘုန်းကြီးကျောင်းသားငယ်တစ်ဦးက
ဦးထိပ် ၏ နေအိမ်သို့ လမ်းညွှန်ပေးလေသည်။
အနှင်းတို့ အိမ်ကား အညာဒေသ လူကုံတန်တို့ ထုံးစံအတိုင်း နှစ်ဆောင်ပြုံအိမ်ကြီး ဖြစ်သည်။
စိန်ခါးမြောင်ဦးဆောင်ပြီး ဘမောင်နှင့် လှမောင်တို့ ခြံထဲသို့ ဝင်သွားသည်။
ခြံထဲတွင် မြင်းတပ်ထားသော မြင်းလှည်းတစ်စီးနှင့် မြင်းလှည်းပေါ်သို့ ထင်းများကို တင်နေသော လူတစ်ဦးကိုတွေ့ရသည်။
“ဟေ့..လူစိမ်းတွေပါလား..ဘာကိစ္စလဲဟေ့.ငထွန်း..မေးကြည့်ချေစမ်း”
အိမ်ကြီးပေါ်မှ အသံထွက်လာသည်။
မြင်းလှည်းဘေးတွင် ရပ်နေသာ လူတစ်ဦးက လှည်းပေါ်မှ ခါးမကို ယူကာ သူတို့ ရှေ့တွင် လာရပ်သည်။
“ဘာကိစ္စရှိကြလို့တုန်း”
“သြော်..ကျုပ်ကမန္တလေးက ဆေးဆရာဆရာသိန်းပါ..ဒါကတော့ ကျုပ်တူများပါပဲ..လှမောင်၊ ဘမောင်တဲ့။ မနှင်းရဲ့အသိအကျွမ်းများပါ။ ဦးထိပ် နဲ့ တွေ့ချင်လို့ လာတာပါ”
“မနှင်း အသိတွေလို့ ပြောတယ် ဦးရီး”
ငထွန်းက အိမ်ပေါ်သို့ လှမ်းအော်ပြောလိုက်သည်။
အိမ်ပေါ်တွင် ထိုင်ကာ အတိုးတောင်းထားသည့် ငွေများကို ရေတွက်ရင်း စာရင်းလုပ်နေသည့်
ဦးထိပ်က စိန်ခါးမြောင်တို့အား အကဲခတ်လိုက်သည်။
“မိနှင်း...ဒီမှာ လာကြည့်စမ်း..ညည်းအသိတွေဆို”
အိမ်တွင်းမှ အနှင်းနှင့် မိခင်ဖြစ်သူ ဒေါ်စောလှ ပါ ထွက်လာကြသည်။

အနှင်းက အိမ်ရှေ့မှ လူသုံးယောက်ကို ကြဲည့်ပြီး လှမောင်ကို မြဲင်သည်နှင့် အံ့ဩသွား၏
တဆက်တည်းတွင်ပင် မျက်နှာလေးပါ ဝင်းလက်သွားတော့သည်။
ထိုအခြေအနေကို ဦးထိပ် သတိထားမိသွားသည်။
“မိနှင်း..အထဲ ပြန်ဝင်စမ်း...”
အနှင်းက လှမောင်ကို တချက်ခိုးကြည့်ရင်း အိမ်ထဲ ပြန်ဝင်သွားသည်။
“ကဲ..လာ..အိမ်ပေါ်တက်ကြ..လာရင်းကိစ္စပြောကြ”
ဦးထိပ်၏ ဖိတ်ခေါ်မှုကြောင့် စိန်ဓါးမြောင်တို့ သုံးဦးသား အိမ်ပေါ်တက်လိုက်ကြသည်။
“ကဲ..ငါ့သမီး အသိမိတ်ဆွေတွေဆိုတော့ ဘာကိစ္စ ဒီကို လာရတာလဲ”
ပင်နီဖျင်ကြမ်းအင်္ကျီနှင့် ဘန်ကောက်ပုဆိုးကို ဝတ်ကာ လွယ်အိတ်ကြီးလွယ်ထားသော စိတ်ဓါးမြောင်က
“ဒီလိုပါ..ဦးရီး..ကျွန်တော်က မန္တလေးက ဆေးဆရာမောင်သိန်းပါ။ သူတို့ကတော့ ကျွန်တော့် တူလို တပည့်လိုများဖြစ်နေတဲ့ လှမောင်နဲ့ ဘမောင်ပါ”
“အေး..အဲ့ဒီတော့ ဘာဖြစ်လဲ”
“လာရင်းကတော့ မင်္ဂလာရှိတဲ့ကိစ္စပါပဲ။ ဟော့ဒီက လှမောင် နဲ့ ဦးရီးသမီး အနှင်းတို့က စစ်ကိုင်းမှာ ရှိစဉ်က..”
“ဟေ့ကောင်..တော်တော့..မိနှင်း..ဒီကို ထွက်လာစမ်း”
အိပ်ခန်းလိုက်ကာအကွယ်လေးမှ ချောင်းကြည့်နေသော အနှင်း တုန်တုန်ရီရီဖြင့် ထွက်လာသည်။
“ဒီကောင်တွေကို နင်သိလား”
အနှင်းက တုန်ရီနေသည်။
“ဟို ကိုလှမောင်နဲ့ ကိုဘမောင်ကိုတော့ သိ..သိပါတယ်..အဘ”
“အေး..ဟုတ်ပြီ..ငါ့သမီးကတော့ သိတယ်တဲ့..မင်းတို့က အခု ငါ့သမီးဆီ လိုက်လာတာ ဘာလုပ်ဖို့လဲ”
“ဒီလိုပါ..သူတို့လူငယ်ချင်း ကလည်း မေတ္တာမျှနေတာဆိုတော့ ဒီ ကိစ္စအတွက် တောင်းရမ်းပေးဖို့ ကျွန်တော်က...”
“ဘာကွ..ဘယ်က အလေ့ကျကောင်တွေမှန်းမသိ..ငါ့သမီးကိုလာတောင်းတယ်ပေါ့

ငါ့သမီးတော့မရဘူး..ဟော့..ဟိုနောက်နံရံမှာတွေ့လား..ဌက်ကြီးတောင်..သုံးကောင်လုံး ခေါင်းပြတ်သွားမယ်..ငထိပ်ကို ဘာမှတ်နေလဲ”

“ဘာမှ မမှတ်ပါဘူး။ ဒါပဲမှတ်ပါတယ်”

စိန်ခါးမြောင်က လွယ်အိတ်ထဲမှ ခြောက်လုံးပြူးကို ထုတ်ကာ ဦးထိပ် ၏ နဖူးကို တေ့ထားလိုက်သည်။

ဦးထိပ်မှာ အခြေအနေကို တအံ့တသြဖြစ်နေသည်။

အခြေအနေကို ရိပ်မိသွားသော ဘမောင်က အနောက်နံရံမှ ဌက်ကြီးတောင်ကို ဖြုတ်ပြီး ခါးလွတ်ကို အသင့်ကိုင်ထားလိုက်သည်။

လှမောင် တစ်ယောက်သာ ကြောင်တက်တက်ဖြစ်နေ၏။

မိန်းမတောင်းဖို့ ခေါ်လာသော သူဆရာက သူ့ယောကျ်ားမလောင်းကို သေနတ်ဖြင့် ထောက်ထားသည့် မြင့်ကွင်းကို ကြည့်ကာ ဘာလုပ်ရမှန်းမသိ။

“ဟော့..အောက်ကကောင် အပေါ်တက်လာစမ်း..မတက်လာရင် ပစ်သတ်မှာနော်..မနှင်းရော…အထဲက ဂျီးဒေါ်ပါ ဒီရှေ့ကို လာထိုင်ပါ”

အောက်ထပ်မှ ငထွန်းဆိုသူက တက်လာသည်။ မနှင်းနှင့် မိခင်ဖြစ်သူ ဒေါ်စောလှပါ တက်လာ၏။

စိန်ခါးမြောင်က ကုလားထိုင်ပေါ်တွင် ထိုင်နေပြီး ကျန်သူများက အောက်တွင် ထိုင်ကာ ခေါင်းငုံ့ထားကြသည်။

“ဟေ့ စိန်ခါးမြောင်တဲ့ကွ…ခေါင်းတွေအကုန်ငုံ့ထား..မော့မကြည့်နဲ့..မော့ကြည့်တဲ့သူပစ်မယ်.”

စိန်ခါးမြောင်ဟူသော အသံကြားသည်နှင့် ဦးထိပ်တို့လင်မယားရော၊ မနှင်းပါ တုန်ရီသွားကြသည်။

“ဘမောင် ဟိုအခန်းဝက လိုက်ကာကို ဖြုတ်ပြီး ခါးနဲ့ သုံးပိုင်းခွဲကွာ”

ဘမောင်က လိုက်ကာကို ဆွဲဖြတ်ပြီး သုံးပိုင်းခွဲလိုက်သည်။

ထိုအချိန်တွင် စိန်ခါးမြောင်က လက်တစ်ဖက်ဖြင့် ဦးထိပ် ၏ စားပွဲပေါ်တွင် တင်ထားသော ငွေထုတ်များကို လွယ်အိတ်ထဲသို့ ထည့်နေသည်။

“ကဲ..လှမောင်…မင်း မြင်းလှည်းကောင်းကောင်း မောင်းတတ်ကဲ့မဟုတ်လား”

“ဟုတ်..ဟုတ်..ဆရာကြီး”

“အေး..အဲ့ဒါဆို ဘာလုပ်နေတာလဲ..ကောင်မလေးကို..ခေါ် ပြီး ရွေ့ကမြင်းလှည်းပေါ်တက်နှင့်လေကွာ..ဟေ့ ကောင်မလေး..နင် လှမောင်ကို ကြိုက်တယ်မဟုတ်လား”

မနှင်း က စိန်ခါးမြောင်ကို ကြော်က်ကြော်က်လန့်လန့်ဖြင့် မော့ကြည့်သည်။
“ဟေ့..ဖြေလေ..နင် လှမောင်ကို မေတ္တာရှိတယ်မဟုတ်လား”
“ဟုတ်..ဟုတ်ကဲ့”
“အေး..ဟုတ်ပြီ..ဒါဆို လှမောင်နောက်လိုက်သွား..ဟေ့ကောင် ခေါ်သွားတော့”
“ဟို..ဟို..ကျွန်မ အဝတ်အစားတွေ ယူ...”
“ဟာ လုပ်မနေနဲ့..ဒီမှာ ညည်းအဖေ ဆီက ညည်းတို့အတွက် လက်ဖွဲ့ငွေ ငါယူလာပေးမယ်..အဲ့ဒါနဲ့ ဝယ်ဝတ်..သွား..အမြန်သွားကြ”
လှမောင်က မနှင်း၏ လက်ကို ဆွဲကာ အောက်သို့ ဆင်းသွားသည်။
“ဘမောင် ဒီသုံးယောက်လုံးကို လိုက်ကာစနဲ့ လက်ပြန်ကြိုးတုပ်ကွာ..ခိုင်ပါစေဟေ့နော်”

ဘမောင်က ငှက်ကြီးတောင်ခါးကို ခါးအိမ်ထဲ ထည့်ကာ လွယ်လိုက်ပြီး ဦးထိပ်၊ ဒေါ်စောလှနှင့် ငထွန်းတို့ကို လက်ပြန်ကြိုးတုပ်လိုက်သည်။
လက်ပြန်ကြိုးတုပ်ပြီးချိန်တွင် စိန်ခါးမြောင်က အိပ်ခန်းထဲသို့ ဝင်သွားပြီး အညာစောင်ကြီးတစ်ထည် ထုတ်ယူလာသည်။
ထို့နောက် သုံးဦးလုံးကို စောင်ဖြင့် အုပ်လိုက်သည်။
“ကဲ..စောင်ခြုံထဲက ထွက်ရင် ထွက်တဲ့နေရာကို ပစ်မယ်..ထွက်ရဲထွက်ကြည့်ကြ”
ထိုသို့ပြောပြီးနောက် စိန်ခါးမြောင်ရော၊ ဘမောင် ပါ အိမ်ပေါ်မှ ဆင်းကာ မြင်းလှည်းနောက်မှ တက်လိုက်ကြသည်။
လှမောင်က မြင်းကို ကျာပွတ်ဖြင့် တို့လိုက်သည်နှင့် မြင့်က တဟုန်ထိုး ခြံအတွင်းမှ ပြေးထွက်သွား၏။
မနှင်းက မြင်းလှည်းမောင်းနေသော လှမောင်၏ ကျောကုန်းကို မှီကာ ကြုံ့ကြုံ့ကလေး ထိုင်နေသည်။
“ဟေ့..ကလေးမ..ဒီမယ်..မင်းတို့ မင်္ဂလာဦးအတွက် မင်းမိဘများက လက်ဖွဲ့လိုက်တဲ့ ငွေတွေကွဲ့”
စိန်ခါးမြောင်က လွယ်အိတ်ထဲမှ ငွေများကို မနှင်းအား ပုတ်ပြလိုက်သည်။
“ဟေ့ကောင်.လှမောင်..မွတ်ထားကွ ကောင်းကောင်းတောင်းမရတော့ တိုက်ယူမှရတယ်..မင်းကတော့ ကိုယ့်ယောကျ်ားမကိုယ် စတွေ့တွေ့ချင်းနေ့တင် ခါးပြုတိုက်တဲ့ သမိုင်းဝင်သမက်ကလေးဖြစ်သွားပြီ...အဲ့ဒါ ငါ့ကို ကျေးဇူးတင်ကွ..ဟေ”

စိန်ခါးမြောင်စကားကြောင့် ဘမောင်က တဟားဟား အော်ရယ်လိုက်သည်။
မြင်းလှည်းလေးကား ရှိန်းမကား ကို အတော်ခပ်ဝေးဝေးတွင် ချန်ထားရစ်ခဲ့ပြီ။
“ကဲ..မင်းတို့ ကိစ္စပြီးပြီဆိုတော့..ငါလည်း မြကြည် ဆီ သွားရဦးမဟေ့..ဟိုမှာ လည်း မျှော်လောက်ရောပြီ”
စိန်ခါးမြောင့်အသံက ရွှင်မြူးနေ၏။
ထို့စဉ် ကောင်းကင်ယံမှ တိုက်လေယာဉ်ပျံ တစ်စီး၏ ဝေါခနဲ ပျံသန်းသွားသံကို ကြားလိုက်ရသည်။
စစ်သည် မြန်မာပြည် အထက်အရပ်သို့ နီးနီးကပ်ကပ် ရောက်လာပေပြီ။
……
……
……

အခန်း(၁၀)

၁၉၄၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် အင်္ဂလိပ်တို့၏ အရှေ့တောင်အာရှ ခံတပ်ကြီးဖြစ်သော စင်္ကာပူသည် ဂျပန်လက်သို့ ကျရောက်သွားသည်။

အမှတ် (၃၇) ဂျပန်တပ်မနှင့် အမှတ် (၅၅)ဂျပန်တပ်မတို့သည် စစ်တောင်းမြစ်ကို ကျော်ဖြတ်လာခဲ့ပြီဖြစ်သည်။

၁၉၄၂ ဖေဖော်ဝါရီ ၁၉ တွင် မန္တလေးမြို့ကို ဂျပန်လေတပ်က ပထမဆုံးအကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

အင်္ဂလိပ်စစ်တပ်တည်ရှိရာ နန်းတွင်းကို ကြဲသည့်ဗုံးမို့ အရပ်ဘက်ပစ်မှတ်များကို မကြဲဟု မန္တလေး ပြည်သူများက ထင်မှတ်ထားကြသည်။

ထို့ကြောင့် ရန်ကုန်မှ စစ်ပြေးဒုက္ခသည်များ၊ အစိုးရအဖွဲ့များ၊ ကုန်တိုက်များဖြင့် ပိမိုစည်ကားလာနေသော မန္တလေးသည် အရောင်းအဝယ်မပျက်ခပ်အေးအေးပင် ရှိနေ၏။

ထိုကာလများသည် စိန်ခါးမြောင် နှင့် မမြကြည်အတွက်လည်း မုန်တိုင်းပြီးစ အခြေအနေလိုဖြစ်နေသည်။

ခါးပြမှုများကြောင့် မန္တလေးသို့ ပြန်မတက်သေးပဲ ကျောက်ပန်းတောင်းတွင်ပင် ဇာတ်မြုပ်နေ၏။

စိန်ခါးမြောင်က ရတနာပုံဆရာသိန်းဟူသော နာမည်ဖြင့် တိုင်းရင်းဆေးဆရာ အဖြစ် အသွင်ပြောင်းထားပြီး မမြကြည် ကလည်း မမြသီ ဟူသော အမည်ဖြင့် ပြောင်းထားသည်။

မမြကြည်အတွက် သောကဖြစ်စရာမှာ ဖခင်ကြီး ဦးသန်း သတင်းဘာမျှ မရသေး ခြင်းပင်။

စိန်ခါးမြောင်ခါးပြမှုတွင် မသက်မှုဖြင့် ဖမ်းဆီးခံရထားရသည့် ဦးသန်းမှာ ပုလိပ် အရာရှိဦးလူဒုတ် အသတ်ခံရပြီးနောက် မည်သို့ အခြေအနေဖြစ်နေသည်ကို မသိရ။

ထို့ကြောင့် စိန်ခါးမြောင်နှင့် တပည့်ဖြစ်သူ ခါလေး၊ ထွန်းခင်တို့သည် မန္တလေးသို့ တက်ကာ ဦးသန်းအား ရှာဖွေရန် အခါအခွင့်ကို စောင့်နေကြသည်။

သူတို့လက်ထဲတွင်ရှိနေသော တိုက်ရာပါ ရတနာများကိုလည်း ထုခွဲရန် ရှိနေသေး၏။

ခါလေးနှင့် ထွန်းခင်က ဆရာသိန်းတစ်ဖြစ်လဲ စိန်ခါးမြောင် ဆေးကုသည့်အခါ တပည့်များအဖြစ် လိုက်ပါကြသည်။

စိန်ခါးမြောင်သည် ရဟန်းဘဝက ယောနယ်ဘက်တွင် ဗိန္ဒောဆေးပညာကိုလည်း လေ့လာသင်ယူထားသူဖြစ်သဖြင့် ကျောက်ပန်းတောင်းနယ်တဝိုက်တွင် ဆရာသိန်းဆေးလိုက်သည်ဟု နာမည်ကျော်လာသည်။

၁၉၄၂ မတ်လ ၈ ရက်နေ့တွင် ဂျပန်တို့၏ အမှတ် ၂၁၅ ခြေလျင်တပ်မကြီးသည် ရန်ကုန်မြို့သို့ ဝင်ရောက်သိမ်းပိုက်နိုင်ခဲ့သည်။

၁၉၄၂ ဧပြီလ ၃ ရက်နေ့ ၊ သောကြာနေ့။

နံနက် (၁၁)နာရီ အချိန်တွင် မန္တလေး၏ နေက ခြစ်ခြစ်တောက်အောင် ပူနေသည်။

ထိုကာလ မန္တလေး၏ အစည်ကားဆုံးဖြစ်သော မန္တလေးဘူတာကြီးနှင့် တရုတ်တန်းသည် တချိန်က ရန်ကုန်မြို့ထက်ပင် စည်ကားများပြားသော လူအုပ်ကြီးဖြင့် ပျားပန်းခတ်နေသည်။

ကောင်းကင်မှ ထူးဆန်းသောအသံများနှင့်အတူ အရိပ်မည်းကြီးများက နေရောင်ကို ရုတ်တရက်ဖုန်းလွှမ်းသွားသည်။

ကောင်းကင်သော မော့ကြည့်လိုက်သောအခါ အစင်း(၂၀)ခန့်ရှိသော ဂျပန်တိုက်လေယာဉ် အုပ်စု နှစ်စု က အနိမ့်ပျံသန်းလာသည်။

ထို့နောက် စက်သေနတ်များဖြင့် လူနေရပ်ကွက်များထဲသို့ တရကြမ်းပစ်ခတ်ကြတော့သည်။

လမ်းမပေါ်တွင် သွားလာနေသော လူများ၊ ဈေးသည်များမှာ စက်သေနတ်ဒဏ်ကြောင့် အတိုးအရိုးသေဆုံးကုန်ကြသည်။

ထိုလေယာဉ်အုပ်စုကြီး ပြန်လည်ထွက်ခွာသွားပြီးနောက် သုံးမိနစ်ခန့်အကြာတွင် နောက်ထပ် အစင်း(၄၀)ခန့်ရှိသော လေယာဉ်များ ပျံဝဲလာကာ ဗုံးများအတွဲလိုက် ကြဲချပြန်သည်။

မန္တလေးရွှေမြို့တော်ကြီးမှာ နိပွန်မာစတာတို့ စပရိုက်တိုက်လိုက်သော ဗုံးပဒေသာ၊ ကျည်ဆံပန်းကုံးလေးများ ကို နွေဦးလက်ဆောင်အဖြစ် ရရှိလိုက်သဖြင့် ငရဲတမျှ ဆူညံပွက်ကုန်သည်။

လူအများမှာ ပြေးမိပြေးရာပြေးရင်း စက်သေနတ်စာမိကာ အသက်ပျောက်ကုန်၏။

ဗုံးစာမိသူတစ်ချို့မှာ ခေါင်းက မန်းကျည်းပင်ပေါ် သွားကပ်နေပြီး ကိုယ်လုံးကြီးက ဆက်ပြေးနေပြီးမှ လဲကျသွားသည်မျိုး ဆိုးဆိုးရွားရွားအဖြစ်များပင် ကြုံနေရ

သည်။

မီးတောက်မီးလျံများက တစ်မြို့လုံးကို ဖုံးလွှမ်းသွားသည်။ တောင်ဘက်မြို့ရိုးပေါ် ရှိ ပြဿာဒ်ဆောင်များလည်း မီးလောင်ကျွမ်းကုန်သည်။

ရန်ကုန်မှ ပြောင်းရွှေ့လာသော မီးသတ်စက်မှာလည်း ဗုံးထိပြီး မီးထလောင်သဖြင့် မီးသတ်ရဲဘော်များမှာ မီးသတ်စက်ကို မီးပြန်သတ်နေရတော့သည်။

စျေးချိုတော် အက်ဖ်ရုံ၊ ဂျီရုံ၊ အိတ်ချ်ရုံ၊ ဂိုထောင်တိုက်တန်းများကို အင်္ဂလိပ်တပ်များက မြေလှန်စနစ်အရ မီးတင်ရှို့ကြပြန်သည်။

မန္တလေးကား မီးဟုန်းဟုန်းတိုက်ခဲ့ပြီ။

နေ့စဉ်ရက်ဆက်နီးပါး ဗုံးလာကြဲနေသဖြင့် မန္တလေးသူ မန္တလေးသားတို့သည် လည်း စစ်ပြေးဒုက္ခသည်များအဖြစ် နယ်ဘက်များသို့ ထပ်မံပြေးရပြန်တော့၏။

ဂျပန်တို့သည် မန္တလေးမြို့တွင်မကပဲ အနီးအနားမြို့များဖြစ်သော မေမြို့၊ မြင်းခြံ၊ မတ္ထိလာ၊ ရွှေဘို၊ ကျောက်ပန်းတောင်း ၊ မုံရွာ တို့ကိုပါ စေတနာသဒ္ဒါတရားဖြန့်ကျက်ကာ ဗုံးမိုးရွာတော့သည်။

ခါလေးတို့ အိမ်နောက်ဖေးကွက်လပ်တွင် စိန်ဓါးမြောင်တို့ ဗုံးခိုကျင်းများတူးကြသည်။

ဗုံးခိုကျင်းများမှာ အနက်လေးပေခန့် လူတစ်ကိုယ်သာသာလွတ်ရုံထားပြီး အဝင်ပေါက် အနံ ၃ ပေခန့်ရှိပြီး အတွင်းတွင် တဖြည်းဖြည်းကျယ်အောင် တူးထား၏။

အပေါ်တွင် သစ်သားတန်းများထိုးထားပြီး သဲအိတ်များဖြင့် ထပ်ကာ မြေဖို့ပြီး ဖုံးထားသည်။

အတွင်းတွင် အလျားခြောက်ပေ၊ အနံငါးပေ ထားသဖြင့် စိန်ဓါးမြောင်၊မမြကြည်၊ ခါလေး၊ ခါလေး၏ အဖေ ဦးဘိုထီ၊ ခါလေး၏ အစ်မရင်ရင်၊ ထွန်းခင်တို့ လူခုနှစ်ဦး ကောင်းကောင်းပုန်းနိုင်သည်။

လေယာဉ်ပျံသံများကြားသည်နှင့် ဗုံးခိုကျင်းထဲသို့ အရင်ဆုံးရောက်သွားကြသူမှာ ထွန်းခင်နှင့် ရင်ရင်တို့ဖြစ်ပြီး လေယာဉ်ပျံများ ပြန်သွားပြီးနောက် ဗုံးခိုကျင်းထဲမှ နောက်ဆုံးတက်လာသည်မှာလည်း ထွန်းခင်နှင့် ရင်ရင်ပင်။

ဂျပန်ဗုံးတည်းဟူသော မြားနတ်မောင်ကျေးဇူးဖြင့် ထွန်းခင်နှင့် ရင်ရင်တို့မှာ စစ်အတွင်းက ချစ်ခြင်း အဖြစ် မကြာမီ အိမ်ထောင်ကျသွားကြတော့၏။

ခါလေး ကား အစပိုင်းတွင် ဒေါသအိုးပေါက်ကွဲသော်လည်း စိန်ဓါးမြောင်နှင့် မြကြည်တို့က ဖြောင့်ဖျပေးသဖြင့် ပြန်ပြေလည်သွားကြသည်။

၁၉၄၂ ဧပြီလ ၃၀ ရက်နေ့တွင် ဗြိတိသျှတပ်များက စစ်ကိုင်းတံတားကို ဖောက်ခွဲဖျက်ဆီးကာ အထက်ဘက်သို့ ဆက်လက်ဆုတ်ခွာသွားသည်။

မေလ ၁ ရက်နေ့ည ၆ နာရီ ၂၀ မိနစ်တွင် အမှတ်(၁၈)ဂျပန်တပ်မဟာ သည် မြစ်ငယ်မြစ်ကို ဖြတ်ကူးကာ မန္တလေးမြို့ကို သိမ်းပိုက်လိုက်ကြတော့သည်။
အမှတ် ၁၅ ဂျပန်တပ်မတော် စစ်သေနာပတိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအီဒါး သည် မန္တလေးမြို့သို့ ရောက်ရှိလာပြီး ဂျပန်စစ်အုပ်ချုပ်ရေးရုံးဌာနခွဲကို ဖွင့်လှစ်သည်။
ဌာနခွဲမှူးမှာ ကြည်းတပ်ထောက်လှမ်းရေး ဗိုလ်မှူး နာဂဆာကီ ဖြစ်သည်။
၁၉၄၂ မေလ ၂၀ ရက်။ နေ့လည် ၁၁ နာရီ။
“ခါလေး...ဟိုကောင် ထွန်းခင်ရော”
“သူ့တဲမှာ နေမှာပေါ့”
“သွားခေါ်စမ်းကွာ”
ထွန်းခင်နှင့် ရီရီတို့မှာ ခါလေးတို့ အိမ်ဝန်းထဲတွင်ပင် တဲကလေးတစ်လုံး သီးသန့် ထိုးနေကြသည်။
ခါလေးထွက်သွားပြီး မကြာမီ ထွန်းခင်နှင့်အတူ ပြန်ရောက်လာသည်။
“ထွန်းခင်..မင်းဘာလုပ်နေတာလဲ”
“ကျွန်တော် အိပ်နေတာ ဆရာကြီး”
“ခွေးမသားထွန်းခင်..မင်းလည်း မိန်းမရပြီးကတည်းက အိပ်ရာကနိုးရင် အိပ်ဦး မယ်ဆိုတဲ့ သန္ဒိဌာန်များ ချထားသလားကွာ”
ထွန်းခင်က ရယ်ကျဲကျဲဖြင့်။ ခါလေး မျက်နှာက အိုးတို့အမ်းတမ်း။
“အခု မန္တလေးကို ဂျပန်ဝင်လာပြီ။ ဗုံးကြဲတာတွေလည်းမရှိတော့ဘူး။ ငါနဲ့ခါလေး အခြေအနေတက်စုံစမ်းမယ်။ ဦးဘိုထိရယ်၊ မြကြည်ရယ်၊ မင်းမိန်းမရယ်ကို မင်း ပဲ သေချာစောင့်ရှောက်နေခဲ့။ ငါတို့က ဦးသန်းကို ရှာမယ်၊ ငန်းနက်တို့ ဘမောင်တို့ နဲ့အဆက်အသွယ်လုပ်ရမယ်။ ပစ္စည်းတွေလည်းနည်းနည်းထုခွဲရဦးမှာမို့ ကြာချင်ကြာမယ်ကွ”
“စိတ်ချလက်ချသာသွားပါ..ဆရာကြီး”
“အေး..မိန်းမနဲ့ချည်း ဖက်အိပ်မနေနဲ့ဦး”
နေ့လည် တစ်နာရီခန့်တွင် စိန်ခါးမြောင်နှင့် ခါလေးတို့ မန္တလေးသို့ ထွက်ခွာသွားကြသည်။
ညနေမှောင်မှောင်တွင် စိန်ခါးမြောင်တို့ မန္တလေးသို့ ရောက်ရှိသွားကြ၏။
မန္တလေးကား မြို့ပျက်ကြီးဖြစ်နေပေပြီ။

ဂျပန်တို့သည် မန္တလေးမြို့သို့အဝင်တွင် ပြည်သူ့ဆေးရုံကြီး ၂ ရုံ၊ ဝေလမင်းသမီး မျက်စိဆေးရုံ၊ ဂါတ်တဲများ၊ ကြေးနန်းရုံ၊ ဘူတာကြီး၊ ရေပေးရေးဌာန၊ ဓာတ်အားပေးရုံ၊ ရိုးကုမ္ပဏီ၊ အင်ပီးရီးရယ်ဘဏ်အဆောက်အဦ၊ ဗဟိုအမျိုးသား အထက်တန်းကျောင်း၊ ဝက်စလီအထက်တန်းကျောင်းစသည့် အဆောက်အဦကြီးများကို ပစ်မှတ်ထားကာ ချေမှုန်းဖျက်ဆီးပစ်ခဲ့ကြသည်။

ကျောင်းကန်များ၊ ဇရပ်များ၊ လူနေရပ်ကွက်များကိုလည်း မီးတိုက်ဖျက်ဆီးလိုက်ကြသည်။

ထို့ကြောင့် မန္တလေးမှာ ပြာပုံအတိသာရှိတော့၏။ အချို့သော ရပ်ကွက်များမှာ လုံးဝနီးပါး ပျောက်ကွယ်သွားတော့သည်။

မီးလောင်ပြင်များပေါ်တွင် မီးလောင်သွပ်များ၊ သက်ကယ်များ၊ လေထီးစများဖြင့် ယာယီတဲအစုစုကိုလည်း တွေ့ရသည်။

စိန်ခါးမြောင်နှင့် မမြကြည်တို့နေထိုင်သော ရွှေတချောင်းမြောင်းဘောင်မှ အိမ်လေးမှာ ဗုံးဒဏ်ကြောင့် ပြာကျခဲ့ပြီဖြစ်သည်။

ချမ်းသာရထုံးကုန်းရှိ ယောကျ်ားမဖြစ်သူ ဦးသန်း၏ နေအိမ်ဘက်ဆီသို့ ရောက်သောအခါ မှောင်နှင့်မဲမဲ သာတွေ့ရ၏။

စိန်ခါးမြောင်သည် အိမ်ပေါ်သို့ တက်ကြည့်လိုက်သောအခါ တံခါးက ဟနေ၏။ အိမ်တွင်းတွင် မည်သူမျှ မရှိ။

ထိုအချိန်တွင် အိမ်ရှေ့မှ မီးရောင်တဝင်းဝင်းတွေ့ရသည်။

“ဟေ့..ဘယ်သူလဲကွ..အိမ်ပေါ်မှာ”

အိမ်ဝတွင် လူတစ်စု။

စိန်ခါးမြောင်က လွယ်အိတ်ထဲမှ ခြောက်လုံးပြူးကို လက်တင်ထားလိုက်ပြီး အသာလှမ်းကြည့်လိုက်သည်။

“ကျွန်တော်..မောင်ကလေးပါ..ဦးသန်းရဲ့သမက်ပါ”

လူစုက အိမ်ပေါ်သို့ တက်လာသည်။

“ဆရာကြီး…ပြန်ရောက်လာပြီပေါ့”

စိန်ခါးမြောင်က အမှောင်ထဲမှ လူကို သေချာကြည့်သည်။ အမှောင်ကကြီးစိုးထားသည့်အပြင် သူ့လက်ထဲမှ လက်နှိပ်မာတ်မီးရောင်ကြောင့် သဲကွဲစွာမမြင်ရ။

“ကျွန်တော် ကြင်အေးလေ..ဆရာကြီး..”

“ဟာ..ကြင်အေး”

ကြင်အေးနှင့် လူသုံးဦးက အိမ်ထဲ ဝင်လာကြသည်။

ထို့နောက် လူသုံးဦးထဲမှ တစ်ဦးက ပါလာသော မီးအိမ်ကို ထွန်းလိုက်၏။ ထိုအခါမှပင် လူများကို သဲသဲကွဲကွဲမြင်ရတော့သည်။

“ဆရာကြီးတို့ ဒီကို အပြီးပြန်လာတာလား”

“ဒီအိမ်မှာနေသွားတဲ့ ငါ့ယောကျ်ားကြီးကိုလာရှာရင်း မန္တလေးအခြေအနေ ဘယ့်နှယ့်လဲလို့ လာစုန်းနာကြည့်တာ”

“မန္တလေးကတော့ ဆရာကြီးမြင်တဲ့အတိုင်းပဲ..ဒီအိမ်က ဆရာကြီးယောကျ်ားအိမ်လား..မန္တလေးမှာက ဂျပန်ဗုံးဒဏ်မိပြီး လူအတော်များများသေကြတယ် ဆရာကြီး..နှန်းတော်ရှေ့ကြီးလည်း ဗုံးမှန်းသေပြီ...ဒီအိမ်က အဘိုးကြီးလည်း သေသွားပြီ”

“နေပါဦး..မင်းက ငါ့ယောကျ်ားသေတာကို ဘယ်လိုသိတာလဲ”

“ကျွန်တော်က ပျော်ဘွယ်ဘက်မှာရှောင်နေရင်း ဂျပန်စစ်တပ်က ကူလီဌားလို့ လိုက်လာတာ။ ဒီရောက်တော့ ကျွန်တော့်လူတစ်ချို့ကို စုရင်း လူမရှိတဲ့ အိမ်တွေက ပစ္စည်းတွေလိုက်မတယ်။ ပြီးရင် စိန်ပန်းဘက်မှာ တည်ထားတဲ့ ဂျပန်စစ်တပ်ကိုရောင်းပေါ့။ ဒီဘက်ရပ်ကွက်က အိမ်တွေကို ကျွန်တော်တို့ လိုက်ဖောက်ရင်း ဒီအိမ်ကိုလည်း ရောက်တယ်။ အဘိုးကြီးကတော့ အိမ်နောက်ဖေး ဗုံးခိုကျင်းပေါ် ဗုံးတည့်တည့်ကျပြီး သေပုံပဲ..အလောင်းတောင်ဗုံးခိုကျင်းထဲ ရှိဦးမယ်.အခုလည်း ဟိုနေ့က ပစ္စည်းတွေလာမတာ လွတ်ဝင်းစက်ကြီးတစ်ခု ကျန်နေလို့..ဂျပန်က စျေးကောင်းပေးမယ်ဆိုတာနဲ့ လာပြန်မတာ.ဆရာကြီးယောကျ်ားအိမ်မှန်းမသိလို့ ပါ”

“မင်း ကို ငါခိုင်းခဲ့တဲ့ ကိစ္စရော..ဘယ်နှယ့်ရှိလဲ”

“အင်္ဂလိပ်တပ်တွေ အဆုတ်မှာ ချန်ထားခဲ့တာတွေအတော်များများ ကျွန်တော် ရထားတယ်...စိန်ပြောင်းတစ်လက်ပါ ပါသေးတယ်”

“ငန်းနက်တို့ သတင်းရောဘာကြားသေးလဲ”

“ငရုတ်သီးဘရင် ကတော့ ဘုရားကြီးစျေးအနောက်ဖက်တန်းမှာ အရက်မှောင်ခိုရောင်းနေတယ်..ဂျပန်စစ်တပ်တွေ နဲ့ အဆင်ပြေနေပုံပဲ.ဆရာကြီး..သူနဲ့တော့ အဆက်အသွယ်ရှိတယ်”

“ဟုတ်ပြီကွ..ဒါနဲ့ မင်းလူတွေက အခြေအနေကရော..ဘယ့်နှယ့်လဲ”

“သူတို့က ဂျပန်ကူလီလိုက်တုန်းက ကျွန်တော့်စုထားတဲ့လူတွေပါ.. လက်စကတော့ မသေးဘူးဆရာ..ဒီကောင်က သူခိုးဝင်းမောင်တဲ့။ ဖောက်ထွင်းဝင်ခွာပေါ့ဆရာ။ သူက မောင်တင် တစ်ကိုယ်တော်ခါးပြတိုက်စားနေတာ”

“အေးဟုတ်ပြီ..ဒီညတော့ ငါတို့ ဒီမှာပဲ အိပ်လိုက်မယ်..မနက်ကျမှ ငါ့ကိုငရုတ်သီးဆီ လိုက်ပို့ပေး..မင်းရထားတဲ့ လက်နက်တွေလည်း ငါကြည့်ချင်သေးတယ်”

“ဟုတ်ကဲ့..ဆရာကြီး..လောလောဆယ် ဆရာကြီးတို့ စားဖို့ ကျွန်တော့်ကောင်တွေကို သွားဖန်တီးခိုင်းလိုက်မယ်”

ဝင်းမောင်နှင့် မောင်တင် ထွက်သွားပြီးနောက် နာရီဝက်ခန့်အကြာတွင် ဆီသွပ်ဗူးများ ပါလာကြသည်။

ထိုညက စိန်ဓါးမြှောင်တို့လူတစ်စုသည် ဦးသန်း၏ အိမ်တွင်ပင် စတည်းချလိုက်ကြသည်။

နောက်တစ်နေ့တွင် ကြင်အေး က ဦးဆောင်ပြီး ဘုရားကြီးဈေးသို့ ခေါ်ဆောင်သွားသည်။

ဂျပန်ဝင်လာပြီးနောက် ဘုရားကြီးဈေးမှာ အစည်ကားဆုံးဈေးတစ်ခုဖြစ်နေခဲ့၏။ မန္တလေးမြို့ရှိ ဈေးချို၊ ရွာဟိုင်းဈေး၊ မျက်ပါးရုပ်ဈေး၊ မီးပါဈေး၊ နန်းတော်ရှေ့ဈေး၊ ညွန့်ပေါင်းဈေး၊ ကမ်းနားဈေးတို့၊တရုတ်တန်းဈေးတို့မှာ ဗုံးဒဏ်၊ မီးဒဏ်ကြောင့် ပျက်စီးသွားခဲ့ပြီး ပုဏ္ဏားဈေး၊ ဂွမ်းရုံဈေး၊ ညောင်ပင်ဈေးနှင့် ဘုရားကြီးဈေးတို့သာ ကျန်ရစ်သည်။

စိန်ဓါးမြှောင်မှာ ဈေးထဲသို့ မဝင်ခင် မဟာမုနိဘုရားကြီးကို အလျင်ဦးခိုက်သည်။ ဘုရားကြီး၏ မြောက်ဘက်မုခ်နှင့် အနောက်ဘက်စောင်းတန်းများမှာ အင်္ဂလိပ်အပြေးတွင် မီးရှို့သွားခဲ့သဖြင့် အကျဉ်းတန်လှ၏။

ငရုတ်သီးဘရင်အရက်မှောင်ခိုရောင်းနေသည်ဟူသော ဈေးနောက်ဘက်တန်းသို့ ရောက်သောအခါ ဘရင် မရှိ။

အသက် (၁၄)နှစ်အရွယ် ကောင်လေးတစ်ဦးသာ တွေ့သည်။

“ဘာလိုချင်လဲ..ဆရာတို့ မီးတောက်လား၊ ချက်လား၊ ဂျပန်ဆာကေး လည်း ရတယ်နော်။ အင်္ဂလိပ်ဂိုထောင်ဖောက်ထားတဲ့ ရမ်လည်း ရမယ်။ ဈေးတော့ မြောက်မယ်”

“မင်းတို့ဆရာ ဘရင်ကိုတွေ့ချင်လို့လာတာကွ..ဘရင်ရော”

“ကိုကြီးဘရင် က သံတဲကျောင်းဘက်သွားတယ်ဗျ။ အဲ့ဒီမှာ ဒီနေ့ ဂျပန်ဟောပြောပွဲရှိတယ်တဲ့။ ခဏနေပြန်လာမယ်ပြောတယ်”

“အေးလေ..ဒါဆိုလည်း ငါတို့ ဈေးတန်းပတ်လျှောက်ပြီး ပြန်လာခဲ့မယ်..မင်းဆရာလာရင် ပြောလိုက်..ဦးလေးကြီး လာသွားတယ်..စောင့်နေပါလို့”

စိန်ခါးမြောင်တို့ နောက်တစ်ကြိမ်ပြန်ရောက်သောအခါ ငရုတ်သီးဘရင်က ဝမ်းသာအားရဆီးကြိုသည်။

“မသေလို့ တွေ့ကြရတာ ဆရာကြီးရေ”

“အေး..ငရုတ်သီး..ငါလည်း မင်းကိုတွေ့ချင်နေတာ..ငန်းနက်တို့ နဲ့ အဆက်အသွယ်ရှိလား”

“ရှိတယ်ဆရာရေ..တိုက်တိုက်ဆိုင်ဆိုင်.. မနေ့က ဘုရားကြီးစျေးမှာ မောင်ချစ်နဲ့ မိကွန်လာရင်း ကျွန်တော်နဲ့တွေ့တယ်။ သူတို့ မန္တလေးကို ရောက်နေပြီ။ အဲဒါ ကို ငန်းနက်က ဒီနေ့မနက် သံတဲကျောင်းက ဂျပန်ဟောပြောပွဲမှာ ရှိမယ်ဆိုလို့ ကျွန်တော်သွားတာ”

“ဒီကောင်တွေက ဂျပန်ဟောပြောပွဲမှာ ဘာလုပ်နေတာတုန်း”

“သူလည်း ဂျပန်အခြေအနေလာအကဲခတ်တာပဲ..ဆရာကြီး။ ဒါပေမယ့် တစ်ခု ကောင်းသွားတာက အဲဒီ အာရှတိုက်သားများစည်းလုံးရေးနှင့် ခေတ်သစ် ထူထောင်ရေးဟောပြောပွဲမှာ ဟောပြောတဲ့ ဂျပန်စစ်ဗိုလ် ဆာကူရိုင်းဆိုတာ ကို ငန်းနက် နဲ့ ယိုးဒယားမှာ ကတည်းက သိခဲ့တာတဲ့။ အဲ့ဒီတုန်းက ဆာကူရိုင်းက ဓာတ်ပုံဆရာအဖြစ်နဲ့သူလျှိုလုပ်နေတာတဲ့။ ဟိုဂျပန်က ကိုငန်းနက်နဲ့ ထိုင်းစကား တွေပြောပြီး အတော်အလုပ်ဖြစ်နေတာတွေ့တယ်..ဒီနေ့လည်တော့ သူတို့ စစ် ကိုင်းဘက်ပြန်ဆင်းမယ်ပြောတယ်”

“အေး..ငါတို့ ပြန်စစည်းမှုဖြစ်မယ်..လှမောင်နဲ့ဘမောင်က မတ္တရာမှာ...ခါလေး ကို မနက်ဖန် သူတို့ ဆီ ငါလွှတ်မယ်။ မင်းက ငန်းနက်ဆီသွား။ လာမည့် ၂၅ ရက် နေ့ သကျသီဟဘုရားပေါ်မှာ ဦးလေးကြီးက အားလုံးကိုတွေ့ချင်တယ်လို့ပြော ချေ”

“ဟုတ်ကဲ့..ဆရာကြီး...ရောက်တုန်းရောက်ခိုက် အရက်ကလေးနဲ့ ညှဉ့်ခံပါရစေ”

“ဒီကောင်တွေကို ညှဉ့်ခံလိုက်ကွာ...ကြင်အေး.. မင်းရထားတဲ့ လက်နက်တွေ ဘယ်မှာထားလဲ..ငါကြည့်ချင်တယ်”

“စိန်ပန်းထဲက ကျွန်တော်တို့နေတဲ့ ဂိုထောင်မှာ ဝှက်ထားပေးတယ်..ဆရာကြီး”

“အေး..အခု မင်းနဲ့ ငါသွားမယ်..ခါလေး က သောက်ပြီးစားပြီးရင် ငါပေးခဲ့တဲ့ လိပ်စာအတိုင်း မတ္တရာက ဘမောင်တို့ဆီသွားတော့။ ဘရင်က ငန်းနက်ဆီသွားဖို့ ပြင်။ ကဲ..ကြင်အေး ငါတို့ သွားကြမယ်ကွ”

.....

၁၉၄၂ မေ ၂၇ ရက်

မန္တလေးမြို့၊ မစ်းရိမ်ကျောင်းတိုက်တွင် မြဲန်မာစစ်ဗိုလ်များနှင့် ဂျပန်စစ်ဗိုလ်များ အား ကြိုဆိုပွဲကြီး ကျင်းပနေသည်။

လွန်ခဲ့သည့်နှစ်ရက်က သကျသီဟဘုရားတွင်လည်း စိန်ခါးမြောင်ဂိုဏ်း၏ ပြန်လည်ကြိုဆိုပွဲ က ပြီးသွားခဲ့ပြီဖြစ်သည်။

စိန်ခါးမြောင်က ဂျပန်ခေတ်တွင် သူနှယ်ပယ်ကို ဖြန့်ကျက်ရန် အစီအစဉ်များချသည်။

စိန်ခါးမြောင်၏ အစီအစဉ်အရ စိန်ခါးမြောင်သည် ဆရာသိန်းအမည်နှင့် မန္တလေးတွင် ပြန်လည်အခြေချပြီး ဓားပြမှုများကို အကွက်ချစီမံမည်။

လှမောင်၊ဘမောင်က မတ္တရာဘက်၊ ငန်းနက်၊ဘချစ်က မင်းကွန်းစစ်ကိုင်းဘက်၊ ကြင်အေးတို့က မြစ်ကမ်းနဖူးဖြစ်သော စီန်ပန်း၊ မရမ်းခြံ၊ မင်းတဲအီကင်းဘက်တဝိုက်တွင် အသီးသီးလူစုကာ အခြေပြုကြမည်။

ခါးပြတိုက်ရာတွင် အချို့ကို စိန်ခါးမြောင်စီစဉ်သည့်အတိုင်း ကိုယ့်နယ်အလိုက် ကိုယ့်အဖွဲ့နှင့်ကိုယ်တိုက်ကြမည်ဖြစ်ပြီး ၊ လုပ်ငန်းကြီးလျှင် ကြီးသလို အဖွဲ့များစုစည်းပြီး တိုက်ကြမည်ဟု စိန်ခါးမြောင်က စီမံသည်။

ခါလေးနှင့် ကြင်အေးတို့ က ခါးပြတိုက်ခါနီး အဝင်အထွက်လမ်းကြောင်းများ၊ ခါးပြတိုက်မည့်အိမ်၏ စုဆောင်းပစ္စည်းစာရင်းများကို ထောက်လှမ်းရမည်ဖြစ်သည်။

ငရုတ်သီးဘရင်က တိုက်ရာပါပစ္စည်းများကို ထုခွဲရာတွင် တာဝန်ယူရမည်။

ရသမျှ ဝေစုကို စိန်ခါးမြောင်ထံ စုဝေးပြီး ဝေစုခွဲကြမည်။

ထိုသို့နှင့် ဂျပန်ခေတ်အခါသမယတွင် စိန်ခါးမြောင်ခါးပြဂိုဏ်းသည် စီမံခန့်ခွဲမှုကောင်းကောင်း၊ စုဖွဲ့မှုကောင်းကောင်းဖြင့် စနစ်တကျ စတင်ပေါ်ပေါက်လာတော့၏။

……
……
……

အခန်း (၁၁)

"မြကြည် မလိုက်နိုင်ဘူး..အကို"
ထိုမျှ ခိုင်မာပြတ်သားသော မြကြည်၏ အသံကို မကြားရစဖူး။
ယခုတော့ မြကြည် ပြတ်ပြတ်သားသားငြင်းနေပြီ။
သူနှင့်အိမ်ထောင်ပြုပြီးကတည်းက သူ့အပေါ်တစ်ခါမှ မာမာထန်ထန်မငြင်းဆန်ဘူးသော မြကြည်ကို ကြည့်ကာ စိန်ဓါးမြောင် အံသြနေသည်။
"ဘာလို့ မလိုက်ရမှာလဲ..မြကြည်..ဒါက သူများအိမ်လေ..သူများအိမ်မှာ တသက်လုံးနေလို့မရဘူး"
"အကို ပြောတယ်လေ..ခါးပြဿဲလ်ဆက်လုပ်မယ်..ခါးပြတိုက်မယ်ဆို...အဲ့ဒီလို လုပ်နေမယ်ဆို ညီမ မလိုက်နိုင်ဘူး"
"....."
"အကို..စဉ်းစားကြည့်ပါ..ပထမတုန်းက အကိုဟာ ဘုန်းကြီးလူထွက် ကုန်သည်ပဲစားလေ၊ မထင်မှတ်ပဲ ခါးပြဖြစ်လာတာ..အခု ကိုယ့်မှာ ထိုက်သင့်သလောက် စုမီဆောင်းမိလည်းရှိလာပြီ..ဘာကိစ္စခါးပြတိုက်ဦးမှာလဲ"
"အင်း..မြကြည်..ညီမ...ယောကျ်ားတွေကို နားမလည်ပါဘူး..အကို ဒီအလုပ်ကို စခဲ့မိပြီလေ..ဆုံးအောင်တော့ လုပ်ရတော့မှာပဲ..အကို့ လူကောင်းအဖြစ် ပြန်နေတော့ရော..ပုလိပ်ဘက်မှာ မှတ်တမ်းတွေက ရှိနေမှာပဲ..ဒီတော့ ဝရမ်းပြေးဘဝနဲ့ ဘယ်မှာ ကောင်းရောင်းကောင်းဝယ်လုပ်စားမလဲ..အကို ခါးပြတိုက်တယ် ဆိုတာလည်း ဆင်းရဲသားကို လက်ဖျားနဲ့တောင် မတို့ပါဘူး..သုံးမကုန်အောင်ချမ်းသာပြီးသားလူတွေကိုပဲ တိုက်တာ..သူတို့ကိုလည်း ဘဝပျက်အောင်မတို့က်ဘူး..သူတို့ဆီက ပိုတာလျှံတာလေး နည်းနည်းပါးပါးကို မရှိဆင်းရဲတဲ့ ကိုယ့်တပည့်တွေနဲ့ သူတို့မိသားစုတွေအတွက် မျှဝေဖို့ အကိုက ခေါင်းဆောင်ပေးယုံပါ ....ကိုယ်တိုင်က ဝရမ်းပြေးဖြစ်နေတော့ မရှိဆင်းရဲသားကို မလှူနိုင်လို့ သူဌေးတွေကို ဓါးမိုးပြီး လှူခိုင်းတဲ့သဘောပါ."
"ဘုန်းကြီးလူထွက်ကြီးက ခါးပြတိုက်တာတောင် အလှူဖြစ်အောင်ဟောသွားသေးတယ်နော်..အခု စစ်ကြီး ထဲမှာ သူဌေးရော ဆင်းရဲသားရော အကုန် ဒုက္ခရောက်နေကြတာ..အကိုရယ်..လောလောလတ်လတ် အကိုခါးပြမှုကြောင့် ညီမအဖေမှာ အချုပ်ခံရတယ်။ တစ်ယောက်တည်းကျန်ရစ်ပြီး ဗုံးထိသေရတယ် မဟုတ်လား..ဒီကာလမှာ..ဘယ်သူဖြစ်ဖြစ် ဒုက္ခသည်တွေ ချည်းပါ..ဒုက္ခရောက်နေသူတွေကို ဒုက္ခပေးပြီး ရလာတာတွေလည်း ညီမ မလိုချင်ဘူး.အခု အကိုနဲ့

ညီမ ဒီမှာနေသလို အကိုက ဆရာသိန်း၊ ညီမက မြဲသီဆိုပြီး မန္တလေးမှာ ဇာတ်မြုပ်ပြီး ရထားတာလေး ထုခွဲအေးအေးဆေးဆေးရင်းနှီးစားလို့ရပါတယ်"
"အင်း..ခက်တယ်..မြကြည်ရယ်"
"မခက်နဲ့ အကို..အကို ဓါးပြဆက်တိုက်မယ်ဆို..မြကြည် အကို့နောက်မလိုက်ဘူး"
"....."
စိန်ဓါးမြောင် က မြကြည်ကို သေချာကြည့်နေသည်။
မြကြည်၏ မျက်လုံးဝိုင်းဝိုင်းလေးများက အရည်လဲ့နေ၏။ နှုတ်ခမ်းတို့ကို တင်းတင်းစေ့ထား၏။
အိမ်ရှေ့ခန်းတွင်ရှိသော ခါလေး၊ထွန်းခင် နှင့် ရင်ရင် တို့ က အတွင်းခန်းများ အသံများကို နားစွင့်နေကြသည်။
"ဟုတ်ပါပြီလေ..အကိုနဲ့သာလိုက်ခဲ့ပါ မြကြည်..အကို ဓါးပြမတိုက်တော့ပါဘူး"
အပြင်တွင်ရှိနေသော ခါလေးနှင့်ထွန်းခင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။
.....
"ဟာဗျာ...ခင်ဗျားကို ဓါးပြတိုက်တဲ့နေရာမှာ အစီအစဉ်ကောင်းတယ်၊ သမာသမတ်ရှိတာမို့ ဆရာတင်ထားတာလေဗျာ..ဟိုနေ့က ခင်ဗျား စုနစ်တက္ကအဖွဲ့တွေ ဖွဲ့ပေးနေတော့ ငါတို့တော့ သမိုင်းတွင်မယ့် ဓါးပြဖြစ်ပြီဆိုပြီး ကျုပ်က ပျော်နေတာ...အခုလို သူတော်ကောင်းလုပ်စားမယ်ဆိုရင်တော့..ကိုယ့်လမ်း ကိုယ်လျှောက်ကြယုံပေါ့"
ငန်းနက်၏ အသံက အားမလိုအားမရ။
ကုသိုလ်တော်ဘုရားဝန်းအတွင်း အုတ်ကျိုးအုတ်ပျက်များကြား စိန်ဓါးမြောင်နှင့် တပည့်များ ဒုတိယမြို့စည်းဝေးနေကြခြင်းဖြစ်သည်။
"တကယ်တော့ ဓါးပြဟာ ဓါးပြပါပဲ.အကိုကြီး...ကျုပ် ငယ်ငယ်ကတည်းက ဓါးပြတိုက်လာတာ..ခေါင်းဆောင်တွေအများကြီးတွေ့ဖူးတယ်.အဲ့ဒီထဲမှာမှ.ခင်ဗျားက တကယ့်ကို ဓါးပြပါရမီပါလာတဲ့သူဗျ... ကဲ...အဲ့ဒါတွေထားပါတော့.အကိုကြီး..ကျုပ်ကို တစ်မျိုးမထင်ပါနဲ့.. ကျုပ်ကတော့ ကောင်းရောင်းကောင်းဝယ် လုပ်စားရတာ ပျင်းလို့..ဓါးပြပဲဆက်တိုက်နေပါရစေ..ကဲ..ကျုပ်နဲ့ ဘယ်သူလိုက်မလဲ"

ငန်းနက်နှင့်အတူ ဘချစ်က ထရပ်သည်။ ငရုတ်သီးဘရင်က ငန်းနက်ကို တလှည့်၊ စိန်ဓါးမြှောင်ကို တလှည့်ကြည့်နေသည်။

"ငရုတ်သီး ငါ့ကို အားနာမနေနဲ့..မင်း ငန်းနက်နဲ့လိုက်သွားချင်တယ်ဆိုလိုက်သွား..ငါနဲ့နေရင် မင်းဆေးကြိတ်နေရမှာ"

ငရုတ်သီးဘရင်က စိန်ဓါးမြှောင် ဘက်သို့ လက်အုပ်ချီလိုက်ရင်း ငန်းနက်ဘေးတွင် သွားရပ်သည်။

"လှမောင်နဲ့ဘမောင်ကရော"

"ကျွန်တော်တို့က ဆရာကြီးနဲ့စျေးချိုပွဲလို့ တစ်ပွဲလောက် တီးချင်သေးတာဗျာ..အခုတော့..မတတ်နိုင်ဘူး..ဆရာကြီးရေ.. အခု ကျွန်တော့်မှာလည်း မယားကျွေးမွေးနဲ့ ဖြစ်နေပြီ ...ဒီကာလမှာ တခြားလည်း ဘာမှလုပ်မကျွေးတတ်ဘူး. မတ္တရာဘက်ပြန်ပြီး ခပ်ဖျောက်ဖျောက်ပဲ ဓါးပြတိုက်စားရမှာပေါ့"

လှမောင် က ပြောသည်။

ဘမောင်က လှမောင်၏ ပုခုံးကို ဖက်ပြီး

"ကျွန်တော့်ညီကို ကျွန်တော်စိတ်မချဘူးဆရာကြီး..လိုက်သွားပါရစေ"

ဘမောင်နှင့် လှမောင်က စိန်ဓါးမြှောင်ကို ဦးကုန်းချသည်။

"ကြင်အေး..မင်းကရော"

"လောလောဆယ်တော့ ဓါးပြလုပ်လို့ မချောင်သေးဘူးလို့ကျွန်တော်ထင်တယ်..ကျွန်တော်က အခု ဂျပန်တွေနဲ့ အနီးကပ်နေတာ..ဒီကောင်တွေက ရန်ကုန်ဘက်မှာ ဓားပြတွေကို ရေလည်သတ်ခဲ့တာနော်..သူတို့တင်မကဘူး ဘီအိုင်အေကလည်း ဓားပြဆို သတ်တာ..ကျွန်တော်တော့ မသေချင်သေးဘူး...စိန်ပန်းထဲမှာ ဂျပန်ကို ခိုးရာပါသွင်းနေတဲ့ လုပ်ငန်းလေးကလည်းဖြောင့်နေတော့..ဒီတိုင်းပဲ နေပါမယ်"

"ဟုတ်ပြီ..ခါလေးနဲ့ ထွန်းခင်..မင်းတို့ကရော"

"ကျွန်တော်တို့ကတော့ ဆရာကြီးနဲ့ မိသားစုလို ဝိုင်လုပ်ဝိုင်းစားနေခဲ့ပါ့မယ်"

"ကဲ..ဟုတ်ပြီ..ဒီလိုဆို..ငါတို့အားလုံးက အခုကိုယ့်လမ်းကိုယ်လျှောက်နေပေမယ့်..ညီအစ်ကိုဆိုတာ ဘယ်တော့မှ မမေ့နဲ့...တစ်ယောက်ဒုက္ခရောက်ရင် တစ်ယောက်ကူညီဖို့ မပျက်ကွက်စေနဲ့..ဟုတ်ပြီလား"

တစ်ဦးနှင့်တစ်ဦးနှုတ်ဆက်ပြီးနောက် စိန်ဓါးမြှောင်တို့အသီးသီး လူစုခွဲလိုက်ကြသည်။

.....
.....

၁၉၄၃ ဩဂုတ်လ ၁ ရက်။

ဂျပန်စစ်ဗဟိုဌာနချုပ် စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး ကဝါဘဲ က ဂျပန် စစ်အုပ်ချုပ်ရေးကိုဖျက်သိမ်းကြောင်းနှင့် လွတ်လပ်သောမြန်မာနိုင်ငံတော်ဖြစ်ပြီဟု ကြေညာခဲ့သည်။

ဂျပန်ခေတ် မြန်မာအစိုးရတွင် ဒေါက်တာဘမော် အဓိပတိဖြစ်လာပြီး နိုင်ငံခြားရေးဝန်ကြီးမှာ သခင်နုဖြစ်လာ၏။

စိန်ဓါးမြောင်သည် မန္တလေး၊ အလယ်ပေါင်ရပ်၊ ချမ်းသာကြီးမီးခြစ်စက်ရုံအနီး တွင် အိမ်ဝိုင်းတစ်ကွက် ဝယ်ယူကာ ဆရာသိန်းအမည် ဖြင့် ဗီန္ဓောဆေးကုသနေ လေသည်။

မဟာမိတ်လေယာဉ်ပျံများ ရံဖန်ရံခါဗုံးလာကြဲသည်မှအပ မန္တလေး၏ အခြေအနေမှာ တည်ငြိမ်လာသည်။

အင်္ဂလိပ်လက်ထက်က အုပ်ချုပ်ရေးဝန်ထမ်းအချို့၊ ပုလိပ်အချို့ ပြန်လည် ရောက်ရှိလာပြီး ဂျပန်ခေတ် အစိုးရသစ်တွင် ပြန်လည်လုပ်ကိုင်လာကြသည်။ ပုလိပ်တပ်ဖွဲ့ကို နေပြည်တော်ရဲ ဟု အမည်ပြောင်းပြီး ရဲမင်းကြီးမှာ ဦးဘရီ ဖြစ်လာသည်။

ဂျပန်စစ်ဘက်ဆိုင်ရာက ရန်ကုန်နှင့် မန္တလေးမြို့ ရပ်ကွက်အသီးသီးရှိ မြို့ရွာ ကာကွယ်ရေးအတွက် မြို့သူမြို့သားများ ပါဝင်သော ကာကွယ်ရေးအဖွဲ့များကို ကေဘိုတိုင်(Keibotai)အမည်ဖြင့် ဖွဲ့စည်းခဲ့သည်။

စိန်ဓါးမြောင်၏ တပည့် ကြင်အေး သည်လည်း ကေဘိုထိုင်အဖွဲ့တွင် စလွယ်နီ လွယ်ရသောဗိုလ်တစ်ဦးဖြစ်နေပြီ စိန်ပန်း မဘော်လီခြမှ ဂျပန်လက်နက်ရှိမှုး ဗိုလ်တာနာကာ ၏ လက်ရုံးဖြစ်လာသည်။

ငန်းနက်တို့အဖွဲ့မှာ မင်းကွန်းစစ်ကိုင်းတကြောတွင် ဓါးပြတိုက်နေကြဆဲပင်။ စိန်ဓါးမြောင်တို့နှင့်အတူ ခါလေးက နေထိုင်ပြီး ထွန်းခင်ကမူ ဇနီးဖြစ်သူ ရင်ရင် နှင့်အတူ ကျောက်ပန်းတောင်းတွင် သွားရောက်နေထိုင်သည်။

ဂျပန်ခေတ်တွင် အစားအသောက်၊ ဆေးဝါး၊ အဝတ်အထည် အစစအရာရာ ရှားပါးလှသည်။

ထို့ပြင် အင်္ဂလိပ်ခေတ်က အထူးအားကိုးခဲ့ရသော ပန်ချာပီဆရာဝန်များသည် လည်း စစ်ပြေးပြီး ပြန်မလာတော့သဖြင့် ကျန်းမာရေးအတွက် ဆရာဝန်အလွန် ရှားပါးခဲ့သည်။

ရွှေတချောင်းအနောက်ဘက်၊ ဒီလမ်းမြောက်ဘက်ရှိ ချစ်တီးဝင်းတွင် ဂျပန်စစ်တပ်၏ အုပ်ချုပ်မှုဖြင့် ဆေးရုံဖွင့်လှစ်ခဲ့သည်။
သို့သော် ဂျပန်ဆေးတပ်မှာလည်း ဆေးဝါးလုံလောက်မှုမရှိသဖြင့် မြို့လူထုအတွက် ထင်သလောက် အားကိုးရန် မဖြစ်နိုင်ပေ။
ထိုကာလတွင် စိန်ခါးမြောင်ဘဝကို ပြည်ဖုံးကားချထားသော တိုင်းရင်ဆေးဆရာ ဆရာသိန်း ထံတွင် လူနာမပျက်ခဲ့။
စိန်ခါးမြောင် ကား ဆရာသိန်းဘဝတွင် ပြန်လည်အခြေကျလျက်ရှိနေပြီဖြစ်သည်။
၁၉၄၄ စက်တင်ဘာလ။
အလယ်ပေါင်ရပ်ကွက်ရှိ ဆေးဆရာ ဆရာသိန်းအိမ်သို့ ကြင်အေးနှင့် လူတစ်ဦးရောက်လာသည်။
ခွေးတပ်စခန်းမှပြန်လာပြီး ငှက်ဖျားရောဂါထနေသော လူနာတစ်ဦးကို ဆရာသိန်း မှ ကုသပေးနေချိန်ဖြစ်သည်။
ခါလေးက ကြင်အေးတို့ကို ဧည့်ခံထား၏။
"ကြင်အေး..မင်းလူကို လွှတ်လိုက်တော့ကွယ်"
ဆေးကုသည့် ဘုရားခန်းထဲမှ ဆရာသိန်း၏ အသံထွက်လာသည်။
ကြင်အေးနှင့်အတူပါလာသော လူနာက အထဲသို့ ဝင်လာသည်။
"ဘာများဖြစ်သတုံး..မောင်ရင်"
"ခြေထောက်က သဲဝဲတွေက အခြေအနေအတော်ဆိုးလာလို့ပါ..ဆရာကြီး"
အပြန်အလှန်မေးခွန်းများမေးပြီးနောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ချိန်တွင် နှစ်ယောက်လုံး မှင်တက်မိသွားကြသည်။
သို့သော် လူနာက မျက်နှာလွှဲလိုက်ပြီး သူ့ခြေထောက်မှ ဝဲများကို ပြသသည်။
ဆရာသိန်း က အနာများကို သေချာစွာကြည့်ပြီး ကုသရမည့်ဆေးများနှင့် ဓာတ်စာများကို ညွှန်ကြားလိုက်သည်။
"ကျေးဇူးတင်ပါတယ်..ဆရာကြီး..ပူဇော်ခ ဘယ်လောက်များလဲ"
"ရပြီ..မပေးနဲ့တော့..ကြင်အေး မိတ်ဆွေမို့ မေတ္တာနဲ့ ကုပေးတာ..ပြန်လို့ရပြီ"
လူနာအိမ်ပေါ်မှ ပြန်အဆင်းတွင် ဆရာသိန်းက ကြင်အေး၏ လက်ကို အသာဆွဲထားလိုက်ပြီး
"သူ ဘယ်သူလဲ..ကြင်အေး"

"ကျွန်တော်တို့ အရင်ကဘိုထိုင်အဖွဲ့ထဲက ဗိုလ်တစ်ယောက်ပါ..ဘာများဖြစ်လို့လဲ..ဆရာကြီး"
"ဘာမှမဖြစ်ပါဘူး..ပြန်တော့..ပြန်တော့"
.....
နောက်တစ်နေ့ နံနက်တွင် ထိုလူနာသည် ဆရာသိန်း၏ အိမ်သို့ ထပ်မံရောက်လာသည်။
ယခုအကြိမ်တွင်တော့ ကြင်အေးပါမလာ။
"ကိုရင့်ကို ကျုပ် ထပ်မလာခိုင်းပါဘူး..ဘယ့်နယ့်ကြောင့်လာရတာလဲ"
"ဟား..ဟား..ဟား..မောင်ကလေး..မောင်ကလေး..မင်းက ဒီမှာ သူတော်ကောင်းလုပ်နေတာကိုးကွ..အခု မင်းကို ဖမ်းဖို့လာတာဟေ့"
စိန်ပန်းပေါက်ကျော်က ခြောက်လုံးပြူးကို ထုတ်ကာ ချိန်လိုက်သည်။
ထိုအချိန်တွင် နောက်ထပ် ဂျပန်ခေတ်ရဲတပ်ဖွဲ့ ဝတ်စုံဖြင့် လူခြောက်ဦးပါ ဝင်လာသည်။
ခေါင်းဆောင်ဖြစ်သူ စစ်ကိုင်းပုလိပ်ဌာနတွင် ဆားပုလင်းဘဝဖြင့် စိန်ခါးမြောင်တို့အား ဖမ်းဆီးခဲ့ဖူးသူ ကိုဘသာ။
စိန်ခါးမြောင်နှင့် စိန်ပန်းပေါက်ကျော်တို့၏ အကြောင်းကို မသိရှာသော ကြင်အေးသည် သူနှင့်လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ပေါက်ကျော်အား စိန်ခါးမြောင်ထံ ဆေးကုသရန် ခေါ်လာခဲ့သည်။
ယခုတော့ ပေါက်ကျော်က ခါးပြဗိုလ်စိန်ခါးမြောင် ကို တွေ့ထားပြီဟု စစ်ကိုင်းဂါတ်မှ စာသင်(ဆာဂျင်)ဘသာ ထံ သတင်းပို့ကာ ခေါ်ဆောင်လာခဲ့ခြင်းပင်။
စာသင်ဘသာ မှာ အင်္ဂလိပ်ခေတ်က ဆရာဖြစ်သူ ဦးလူဒုတ် ကို ပစ်သတ်ခဲ့သူမှာ စိန်ခါးမြောင်ဟု သာ တထစ်ချ ယူဆထားသဖြင့် စိန်ခါးမြောင်ကို လက်စားချေရန် လိုက်ရှာနေသူလည်းဖြစ်သည်။
ဂျပန်ခေတ်တွင် ဆာသင်(ဆာဂျင်)ရာထူးရပြီးသည့်နောက် လူဆိုးလူမိုက်များအားကိစ္စတုန်းစီရင်ဖြစ်သည်ဟုလည်း နာမည်ကြီးနေသူဖြစ်သည်။
ဆာသင်ဘသာက စိန်ခါးမြောင်ကို လက်ထိပ်ခတ်လိုက်ကြသည်။
"ကျုပ် စိန်ခါးမြောင် ပါ။ မလိမ်ပါဘူး။ အခု ကျုပ်ကို ဘယ်ခေါ်သွားကြမှာတုန်း"
"ခင်ဗျားအမှုတွဲက စစ်ကိုင်းဂါတ်မှာလေ..ဌာနေဟောင်း စစ်ကိုင်းကို ပြန်ကြတာပေါ့..ကိုယ့်လူ"

ဆာသင်ဘသာ နှင့်ပါလာသော ရဲသားက စိန်ခါးမြောင်၏ လက်ထိပ်နှင့် ချိတ်ထားသော သံကြိုးကို စောင့်ဆွဲလိုက်သည်။

စျေးမှ ပြန်လာသော မြကြည်မှာ နို့ဆီဗူးကလေးကို ကိုင်ကာ အိမ်အဝတွင် မတ်တပ်ရပ်လျက်။

မြင်ကွင်းကို ကြောင်ကြည့်နေသည်။

စိန်ခါးမြောင်က မြကြည်ကို ပြုံးပြလိုက်သည်။ ထို့နောက် ဘေးနားတွင် ရပ်နေသောခါလေးအား

"ခါလေး..ငါလိုက်သွားလိုက်ဦးမယ်...ငါ့တူတွေကို မင်းပဲသွားပြောပေးကွာ..သူတို့ဦးလေးကြီး စစ်ကိုင်းဂါတ်ကို ပါသွားပြီလို့"

မြကြည်၏ မျက်နှာက ငိုမဲ့မဲ့ဖြစ်လာသည်။

"မငိုရဘူးနော်..အကို မြကြည်စကားအတိုင်း လိမ္မာခဲ့တာပဲလေ..ဟုတ်ပြီလား"

ပုလိပ်သားများက ဆွဲခေါ်သွားစဉ် စိန်ခါးမြောင်က မြကြည်နံဘေးမှ ထိုသို့ ခပ်တိုးတိုးလေး ပြောသွားသည်။

.....
.....

ရဲစက်လှေသည် စစ်ကိုင်း ပတ္တမြားဆိပ်ကမ်းဆီသို့ ဦးတည်နေသည်။

"သိပ်လည်းစိတ်မပါနဲ့..စိန်ခါးမြောင်ကြီးရာ... အခု ဂျပန်ဥပဒေက ရှင်းတယ် ဗျ..ဌာနာမှာ ခင်ဗျားကို အမှုနည်းနည်းစစ်ပြီး ခါးပြုမှုတစ်ခုလောက်ဆွဲတင်ပြီး ကင်ပေတွေ့ လက်အပ်လိုက်ရင် သေဒဏ်ပဲ။ အဲ့ဒီကျမှ တုတ်ပြီး ခါးပြီး စိန်ခါးမြောင်ကြီးဟာ ဂျပန်သေနတ်ပြီးမပြီး ကိုယ့်ဟာကိုယ် စစ်ကြည့်ပေတော့ဗျို့"

ဆာသင်ဘသာက မြစ်ပြင်ပေါ်သို့ ကွမ်းတံတွေးကို ထွေးလိုက်ပြီး စိန်ခါးမြောင်အား ခပ်ပြုံးပြုံးပြောသည်။

စိန်ခါးမြောင်က လည်း လှေဦးကို ကျောပေးကာ သူ့ဘက်လှည့်ထိုင်ပြီး စကားနာထိုးနေသော ဆာသင်ဘသာကို ပြန်ပြုံးပြလိုက်သည်။

ပတ္တမြားဆိပ်ကမ်းသို့ ရဲစက်လှေက ဆိုက်ကပ်ပြီဖြစ်သည်။

ဘောတံတားနားသို့ ကပ်သည့်အခါ ကိုဘသာက စိန်ခါးမြောင်၏ လက်ထိပ် သံကြိုးကို ဆွဲသည်။ ရဲသားတစ်ဦးက အနောက်မှ ရိုင်ဖယ်သေနတ်ဘက်နက်ဖြင့် စိန်ခါးမြောင်၏ ကျောကို ထောက်ထား၏။

ကမ်းပေါ်အရောက်တွင် ကိုဘသာက လွှားခနဲ ခုန်တက်လိုက်သည်။

သို့သော် တူန့်ခနဲဖြစ်သွားပြီး ဘောတံတားပေါ်သို့ ကန့်လန့်ကြီး ပြုတ်ကျတော့သည်။

ကိုဘသာ ၏ ခါးတွင် သံကြိုးနှင့် တန်းလန်းဆွဲထားသော ခြောက်လုံးပြူးကို စိန်ခါးမြောင်က လှမ်းယူထားလိုက်သဖြင့် သံကြိုးနှင့် ပြတ်ကာ အရှိန်ဖြင့်ခုန်တက်လိုက်သော ကိုဘသာ ပြုတ်ကျသွားခြင်းသည်။

ကိုဘသာလက်မှ စိန်ခါးမြောင်၏ လက်ထိပ်သံကြိုးမှာလည်း လွတ်ကျသွား၏။

စိန်ခါးမြောင်က လက်ထိပ်တန်းလန်းဖြင့် ကိုဘသာ၏ ကျောကုန်းကို ခြောက်လုံးပြူးဖြင့် ပစ်ထည့်လိုက်ရာ ဆာသင်ဘသာ ရေထဲသို့ ပြုတ်ကျသွားတော့သည်။

နောက်မှ ပါလာသော ရဲသားက ဖြစ်စဉ်ကို ကြောင်ကြည့်နေပြီးမှ သတိဝင်လာသဖြင့် စိန်ခါးမြောင်၏ ကျောကုန်းကို ဘက်နက်ဖြင့် ထိုးလိုက်သည်။

သို့သော် ဟန်ချက်ပျက်သွားသဖြင့် ပုခုံးကို ဘက်နက်ဖြင့် ရှပ်ထိုးမိကာ သွေးများဖြာခနဲထွက်လာသည်။

စိန်ခါးမြောင်က နောက်ပြန်လှည့်ပြီး ကိုယ်ကို ယို့ကာ ရဲသား၏ သေနတ်ကိုင်လက်ကို ညာလက်ဖြင့် ပုတ်ထုတ်လိုက်၏။

ထို့နောက် လက်ထိပ်တန်းလန်းနှင့်ပင် ခြောက်လုံးပြူးကို ကိုင်ကာ ကမ်းပေါ်သို့ တက်ပြေးလေတော့သည်။

"စိန်ခါးမြောင်တဲ့ဟေ့.....မဆိုင်သူ မကပ်နဲ့ကွ"

ပုလိပ်သားအချို့မှာ စိန်ခါးမြောင်နောက်ပြေးလိုက်ရန်း...ရေထဲကျနေသော ကိုဘသာကို ဆယ်ရန်းဖြင့် ဝေခွဲမရဖြစ်နေစဉ် စိန်ခါးမြောင်မှာ ဆိပ်ကမ်းမှ လူအုပ်ကြားတွင် ပျောက်သွားတော့သည်။

မကြာမီ သေနတ်သံကြောင့် ဂျပန်မြို့စောင့်တပ်ကားများ ဆိပ်ကမ်းသို့ ရောက်ရှိလာကြသည်။

ဆာသင်ကိုဘသာအား ရေထဲမှ ဆယ်ယူပြီး ဂျပန်စစ်ဆေးရုံသို့ တင်ပို့ရန် စီစဉ်ကြ၏။

လူဆိုးဗိုလ် စိန်ခါးမြောင်သည် လက်ထိပ်ခတ်ထားသည့်ကြားမှ ပုလိပ်များထံမှ သေနတ်လုပစ်ခတ်ပြီး ကိုယ်ပျောက်သွားသည်ဆိုသည့် သတင်းက တဖြည်းဖြည်း ပျံ့နှံ့သွားသည်။

မန္တလေးရဲဌာနမှ လည်း သူတို့နယ်မြေထဲတွင် သူတို့မသိအောင် ဝင်ဖမ်းပြီး စစ်ကိုင်းသို့ ခေါသွားသည့် ဆာသင်ဘသာကို အရေးယူပေးရန် ရန်ကုန်ရဲမင်းကြီး ဦးဘရီ ထံ အစီရင်ခံစာတင်ကာ တိုင်ကြားသည်။

ကိုဘသာမှာ ကျောကုန်းမှ သေနတ်ဒဏ်ရာဖြင့် နောက်တစ်နေ့ နံနက်တွင် ကွယ်လွန်သွားခဲ့၏။
မန္တလေးရှိ မမြကြည် ၏ နေအိမ်တွင်လည်း ရဲတပ်ဖွဲ့များ ရောက်ရှိလာသည်။
ခါလေးနှင့် မမြကြည် ကား နောက်တစ်ကြိမ် ခြေရာဖျောက်သွားခဲ့ပြန်သည်။
ရဲတပ်ဖွဲ့များရှေ့မှောက်တွင် ဆရာသိန်းအမည်ဖြင့် ခပ်တည်တည်ဆေးကုနေသော ဆေးဆရာကား လူဆိုးဗိုလ်စိန်ခါးမြှောင်မှန်းသိရသည့်အခါ တောက်တခတ်ခတ်ဖြစ်ကုန်ကြ၏။

.....
.....

ငန်းနက် ပြုံးနေသည်။
သူ့ရှေ့တွင် ထိုင်နေသော စိန်ခါးမြှောင်လည်း ပြုံးနေသည်။
"နောက်ဆုံးတော့ ခင်ဗျား..ပြန်ရောက်လာရတာပါပဲ..အကိုကြီးရာ"
"အေး..မင်းပြောတာ..မှန်တယ်..ငန်းနက်... ငါကိုက ဝရမ်းပြေးဖြစ်ဖို့..ခါးပြဗိုလ်ဖြစ်ဖို့ ပါရမီပါလာတာပဲ"
"ခါလေး ဆီက သတင်းရကတည်းက စစ်ကိုင်းတစ်ဝိုက်မှာ ကျုပ်လူတွေ လွှတ်ထားတာ မှန်သွားတာပေါ့.. နို့မဟုတ်..လက်ထိပ်ကြီးတန်းလန်းနဲ့ ခင်ဗျားကို ခဏလေးနဲ့ ပြန်မိမှာ"
"အခုချိန်ဆို လှမောင်ကြီးတို့လည်း စစ်ကိုင်းနားတဝိုက် တက်လာရောတော့ မယ်..အင်း..ရဲရော..ဂျပန်ရောကတော့ ငါ့ကို မိရင်သတ်မှာပဲ"
"ဂျပန်အတွက်ကတော့ ကျုပ်မှာ အဆက်အသွယ်ရှိတယ်..အကိုကြီး..ဟိုတခေါက် မန္တလေး သံတဲကျောင်းမှာတုန်းက လာဟောပြောတဲ့ ဗိုလ်ကြီးဆာကူရိုင်းဆိုတာ ဂျပန်စစ်ဘက်ပြန်ကြားရေးကပဲ။ သူက ယိုးဒယားမှာ ဓာတ်ပုံဆရာအသွင်ယူနေကတည်းက ကျုပ်နဲ့ ရင်းနှီးတာ။ သူက အခု သူလျှိုဖမ်းဆီးမှုစစ်ဆင်ရေးဆိုတာမှာ အကြီးပိုင်းဖြစ်နေတယ်။ ကျုပ်နဲ့ နှစ်ကြိမ်တွေ့ပြီးပြီ။ သူလိုချင်တာက မဟာမိတ်လေထီးဆင်းစစ်သားတွေ ဒီရောဝတီမြစ်တဝိုက်က ရွာတွေမှာ သတင်းရရင် ကျုပ်အဖွဲ့က ပေးဖို့ နဲ့ အဲဒီအတွက် ကျုပ်တို့နဲ့ ဂျပန်စစ်တပ်ကြားက ဘယ်ပြဿနာမဆို သူတာဝန်ယူမယ်ဆိုပြီး နားလည်မှုယူထားကြတယ်။ ကျုပ် သူနဲ့ သွားတိုင်ပင်ပါဦးမယ်၊ ခင်ဗျားကို ဖမ်းတဲ့ ဆာသင်ကောင် သေသွားရင်တော့ ပိုကောင်းတယ်။ ခင်ဗျားဟာ ဆေးဆရာဆရာသိန်းဖြစ်ကြောင်း၊ ရဲဘက်က တမင် လူမှုရေးမကျေနပ်ချက်နဲ့အကောက်ကြံစွပ်စွဲတာဆိုပြီး ဂျပန်စစ်ဘက်ကို ပြောထားလို့ရကောင်းတယ်ဗျ"

"တောက်..တိုင်းပြဲည်အခြေအနေကလည်း ဘာတွေမှန်းကိုမသိဘူး။ လွတ်လပ်ရေးရပြီလည်းဆိုသေး..ဂျပန်တွေကိုလည်းကြောက်ရ..ဗမာပြည် အစိုးရဆိုတာကိုလည်း ကြောက်ရနဲ့...ငါဟာငါ အေးအေးဆေးဆေး ဆေးကုစား နေတော့လည်းကွာ.."

"ဒါကြောင့်ပြောတာပေါ့ဗျာ..ဆရာသိန်းတွေ ဘာတွေ လုပ်မနေနဲ့..ဒီခေတ်ကြီးထဲ စိန်ခါးမြောင်သာ လုပ်စမ်းပါ... ခင်ဗျားကို ဘယ်သူမှလာမထိရဘူး..အကိုကြီးရ...ဘယ်နှယ့်လဲ"

"အေးကွာ..အခုလောက်ဆို မြကြည်လည်း သဘောပေါက်လောက်ပါပြီ"

"ဒါဆို မနက်ဖြန် ကျုပ် မန္တလေးတက်မယ်။ ဂျပန်ဗိုလ်ဆာကူရိုင်းနဲ့ သွားတွေ့မယ်။ ပြီးရင် ခင်ဗျားတို့အိမ်နားမှာ မြကြည်တို့၊ ခါလေးတို့ အခြေအနေတီးခေါက်ခဲ့မယ်။ ခင်ဗျားကတော့ ဒီကျွန်းပေါ်မှာပဲ အေးအေးဆေးဆေးနေခဲ့ဗျာ"

"စိန်ပန်းဘက်ရောက်ရင် ဟို ကြင်အေး ဆိုတဲ့ နှမလိုးလေးကို ဝင်ပြောလိုက်စမ်းပါ။ သူဘုမသိ ဘမသိ ခေါလာတဲ့ ပေါက်ကျော်ဆိုတဲ့ကောင်ကြောင့် ငါအခုလို ဒုက္ခရောက်နေပြီလို့"

"မပူနဲ့ စိတ်ချ...အကိုကြီး.အချိန်ရရင်..အဲ့ဒီ ပေါက်ကျော်ဆိုတဲ့ကောင်ကိုပါ..ရှာပြီး ပစ်သတ်ခဲ့မယ်"

ငန်းနက်က တဲထဲဝင်သွားပြီး ချက်အရက်ပုလင်းတစ်လုံးကို ထုတ်လာသည်။

"ကဲ.အကိုကြီး..ဆရာသိန်းလုပ်မှာလား..စိန်ခါးမြောင်လုပ်မှာလား..စိန်ခါးမြောင်လုပ်မယ်ဆိုရင်တော့..ဒီတစ်ခါ အရက်ချဗျာ"

စိန်ခါးမြောင်က ပုခုံးမှ ဆေးထည့်ထားသော ဒဏ်ရာကို လက်နဲ့ဖိရင်း..

"ကဲ..တစ်ခွက်ငှဲ့ကွာ..သောက်ကြည့်တာပေါ့"

ပုလင်းထဲမှ ပယင်းရောင်ရေကြည်လေးများက ညနေ နေခြည်နှင့်အတူ တလက်လက်ထနေ၏။

"ဒီအချိန်ဆို...မြကြည်တစ်ယောက် ဘယ်နှယ့် နေရှာပါလိမ့်ကွာ"

"အင်း..ခင်ဗျားကြီး ရောဂါက ဆေမမှီတော့ဘူး..အကိုကြီး"

ထိုသို့ပြောပြီး ငန်းနက်က ခပ်တိုးတိုးရယ်လိုက်သည်။

.....

.....

.....

အခန်း(၁၂)

နောက်တစ်နေ့နံနက်တွင် ငန်းနက် နှင့် ဘချစ်တို့သည် ဂျပန်စစ်ဗိုလ်ဆာကူရိုင်း နှင့်တွေ့ဆုံရန် မန္တလေးသို့ တက်သွား၏။
ငန်းနက်တို့ ခို့အောင်းရာ မြေနုကျွန်းပေါ်တွင် စိန်ခါးမြောင် နှင့် မိကွန်သာ ကျန်ရစ်သည်။
ငရုတ်သီးဘရင် ကား ငန်းနက်ခို့င်းထားသဖြင့် ရွှေဘုံဘက်ရှိရွာများတွင် ခါး ပြတိုက်ရန် ကင်းထောက်နေချိန်လည်းဖြစ်သည်။
မိကွန်က စစ်ကိုင်းသို့ စျေးဝယ်ထွက်ရန် လှေကို ပြင်ဆင်နေ၏။
“မိကွန်..ညည်း ဘယ်သွားမလို့လဲ”
“စစ်ကိုင်းဘက်ကို ရိက္ခာအတွက် ဝယ်စရာရှိတာတွေ သွားဝယ်မလို့..ဆရာကြီး”
“ငါလိုက်ခဲ့လို့ရမလား”
“ဟာ..ဆရာကြီးရယ်..မနေ့ကမှ စစ်ကိုင်းက ရဲကို ပစ်လာခဲ့တယ်ဆို ဖြစ်ပါ့မ လား”
“အခုချိန်ဆို မြကြည်နဲ့ ခါလေး စစ်ကိုင်းကို ရောက်နေပြီး ငါ့ကို လာရှာချင် ရှာနေ မှာ...သူတို့အတွက် အန္တရာယ်ရှိတယ်..ငါ သူတို့ကို တွေ့ရင် ဒီကို ခေါ် ခဲ့မလို့..ဒီမှာ က ဘာပဲဖြစ်ဖြစ်လုံခြုံနေသေးတယ်”
“ဆရာကြီးရယ် စစ်ကိုင်းမှာ တွေ့ခဲ့ရင် ကျွန်မ ခေါ် ခဲ့ပါ့မယ်...ကျွန်မ ကိုခါလေး ကို သိတာပဲ..ဒီမှာပဲ အေးအေးနေခဲ့ပါ”
မိကွန် က လှေပေါ်သို့ တက်ကာ လှော်တက်ကို ပြင်လိုက်သည်။
ထိုအချိန်တွင် လှေက ရိပ်ခနဲလှုပ်ခါသွား၏။
“အံမယ်လေး”
မိကွန်က လန့်သွားသည်။ စိန်ခါးမြောင်က လှေပေါ် ခုန်တက်လိုက်ခြင်းဖြစ်သည်။
“ငါလိုက်မယ်..မိကွန်...မနေ့က ငါပစ်လိုက်တဲ့ ပုလိပ်သေမသေ လည်း သိချင် သေးတယ်”
“ဆရာကြီးနဲ့တော့..ခက်ပရှင်”
.....
၁၉၄၄ စက်တင်ဘာလ ၂၄ ရက်။

မြန်မာနိုင်ငံတော်အဓိပတိ ဒေါက်တာဘမော် က အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ကို ဖိလစ်ပိုင်နိုင်ငံက စစ်ကြေငြာခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည့်သတင်းမှာ သတင်းစာများတွင် ခေါင်းကြီးအဖြစ်ပါလာသည်။

စစ်ကိုင်းမြို့လူထုအတွက်တော့ ထိုသတင်းထက် စိတ်ဝင်စားစရာ သတင်းကား ရှိနေသည်။

အခြားမဟုတ်။

လွန်ခဲ့သောနေ့က ပတ္တမြားစေတီဆိပ်ကမ်းတွင် သေနတ်ကိုင်ပုလိပ်များ စောင့်ကြပ်လျက် လက်ထိပ်ခတ်ဖမ်းခေါ်လာသည့် လူဆိုးဗိုလ်စိန်ခါးမြောင် ပုလိပ်တစ်ဦးကို ပစ်သတ်ကာ လွတ်မြောက်သွားသော သတင်းဖြစ်သည်။

စစ်ကိုင်းသူဌေးဦးကြင်အိမ်ကို နေ့ခင်းကြောင်တောင်ခါးပြဝင်တိုက်ခဲ့သော စိန်ခါးမြောင် သည် သေနတ်ပြီး၊ခါးပြီးသည့်အပြင် လက်ထိပ်အထပ်ထပ်ခတ်ထားသည်များလည်း ပွင့်ထွက်သွားကြောင်း၊ စိန်ခါးမြောင်သည် မော်အောင်ထားသူဖြစ်ပြီး တိုက်သည့်အခါတိုင်းလည်း နေ့ခင်းဘက် လူစည်ကားသည့်နေရာများကိုသာတိုက်လေ့ရှိကြောင်း၊ အင်္ဂလိပ်မပြေးမီက မန္တလေး ရုံတော်ကြီးကိုပင် နေ့ခင်းကြောင်တောင်ခါးပြဝင်တိုက်ခဲ့ကြောင်း သတင်းများသာ စစ်ကိုင်း ဆိပ်ကမ်းများနှင့် စျေးများတွင် ကြီးစိုးထားလေသည်။

စိန်ခါးမြောင်သည် မိကွန်၏ နောက်မှ တောင်းတစ်လုံးကို ထမ်းကာ အစျေးအတွင်း ပတ်ရင်း မြကြည်နှင့် ခါလေးတို့ကို တွေ့လိုတွေ့ငြားလိုက်ကြည့်ရင်း သတင်းစကားများကို နားစွင့်နေ၏။

ရိက္ခာအချို့ဝယ်ပြီးနောက် စစ်ကိုင်းစျေးမှထွက်ခါနီးတွင် စျေးအတွင်း ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြသည်။

စစ်ကိုင်းရဲဌာန၊ ဝက်လက်ရဲဌာန၊ မင်းကွန်းရဲဌာန၊ ရှိန်းမကားရဲဌာနတို့မှ ပူးပေါင်းထားသော ရဲသားများနှင့် စျေးကို ဝိုင်းထားလိုက်ကြခြင်းကြောင့်ဖြစ်သည်။

စစ်ကိုင်းသူဌေး ဦးကြင်အိမ်သို့ ခါးပြတိုက်စဉ်က စိန်ခါးမြောင်ကို မြင်ဖူးခဲ့သော ပဲရုံအလုပ်သမား သာဂေါင်ဆိုသူက စျေးအတွင်း စိန်ခါးမြောင်အား တွေ့သွားကာ သတင်းပို့ရာမှာ စစ်ကိုင်းရဲဌာနက ခြေရာခံမိသွားခြင်းဖြစ်သည်။

စိန်ခါးမြောင်အနေဖြင့် ကျိုမှု ရဲရဲတင်းတင်းစျေးထဲ ဝင်လာခြင်းမှာ တစ်ယောက်တည်းမဖြစ်နိုင်ဘဲ အဖွဲ့များပါမည် ဟု တွက်ဆကာ စာသင်ကိုဘသာနာရေးသို့ရောက်နေကြသော အနီးအနားရဲဌာနများမှ ရဲသားများကိုပါ စုစည်းကာ လာဝိုင်းကြခြင်းဖြစ်သည်။

“စိန်ခါးမြောင် စျေးထဲ ရောက်နေတယ်တဲ့ဟေ့..စျေးပြင်ကို ဘယ်သူမှ ပေးမထွက်တော့ဘူး”

စျေးကား လူပ်လူပ်ရှားရှားဖြစ်နေပေပြီ။ ပွဲရုံများနှင့် ဆိုင်ကြီးအချို့မှာ အထိတ်ထိတ်အလန့်လန့်ဖြင့် ပိတ်သိမ်းကုန်ကြသည်။
ထိုအချိန်တွင် စိန်ခါးမြောင်နှင့် မိကွန်မှာ စျေးထဲမှ ခိုတောင်မုန့်တီဆိုင်ကလေးတွင် နေ့လည်စာမုန့်တီဝင်စားနေချိန်။
“မိကွန် နင် မုန့်တီဖိုးရှင်းပြီး အသာထွက်သွားတော့”
စိန်ခါးမြောင်က မိကွန်ကို လေသံဖြင့် ခပ်တိုးတိုးပြောသည်။
မိကွန်က စိတ်လှုပ်ရှားလွန်းသဖြင့် ကြောင်တောင်တောင်ဖြစ်နေရှာသည်။
“ဟဲ့..ညည်းကို ဒီကနေ သွားတော့လို့ ငါပြောနေတယ်လေ..ပိုက်ဆံရှင်းခဲ့ပြီးသွားတော့”
သူတို့ နှစ်ဦးအခြေအနေကို မုန့်တီသည်က အကဲခတ်ပြီး ပြုံးလိုက်၏။
“ဖြည်းဖြည်းစားပါ..ငါ့လူတို့ရာ...ကျုပ်ဆိုင်က မပိတ်ပါဘူးဗျ..စိန်ခါးမြောင်ဆိုလို့ သပ်လည်းမကြောက်ပါနဲ့.. သူက ကျုပ်တို့လို ဆင်းရဲသားတွေဆီက ခါးပြဘယ်တော့မှမတိုက်ဘူးတဲ့ဗျ...တို့ကချင်းတို့က် ဟိုးရှေ့က သူဌေးပွဲရုံတွေ ချည်းတိုက်မှာ..ကဲ..ငါ့နှမလည်း မစိုးရိမ်နဲ့..ဖြည်းဖြည်းစား ဟုတ်ပြီလား”
မုန့်တီသည်စကားကို စိန်ခါးမြောင်က ပြုံးလိုက်သည်။
“ကဲ..မိကွန်..သွားတော့ သွားတော့”
မိကွန်က မုန့်တီဖိုး ငွေအကြွေစေ့လေးများပေးကာ တောင်းကို ရွက်လျက် ထထွက်သွား၏။
စိန်ခါးမြောင်က လက်ကျန်မုန့်တီကို ငုံ့ကာ ပြန်စားနေသည်။
“ခင်ဗျားနှယ့်..စျေးထဲ ခါးပြရောက်နေပါတယ်ဆိုမှ ကိုယ့်နှမလေးကို အတင်းနှင်လွှတ်နေတာပဲ..ဘယ့်နှယ့်လူတုန်းဗျ”
“ဘယ်နှယ့်လူမှ မဟုတ်ရပါဘူးဗျာ..ကဲ...တမျိုးတော့မထင်နဲ့ဗျ..ငါ့လူ..စျေးကိုဝိုင်းထားတဲ့ ပုလိပ်တွေကို သွားပြောပေးစမ်းပါ..ခင်ဗျာ့ဆိုင်မှာ စိန်ခါးမြောင်က အဖမ်းခံဖို့ စောင့်နေတယ်လို့”
စိန်ခါးမြောင်စကားကြောင့် မုန့်တီသည်မှာ ကြောင်သွားသည်။
“ဘာဗျ..ခင်ဗျား ဘာတွေပြောနေတာလဲ”
“သြော်.ခက်ပ..ကိုရင့်ရယ်..စိန်ခါးမြောင်ဆိုတာ ကျွန်တော်ပဲဗျ..သွား..သွား..ပုလိပ်ကို သွားပြောချေ”
မုန့်တီသည်မှာ ပါးစပ်အဟောင်းသားဖြင့် ထထွက်ရန်ပြင်သည်။

“ခဏလေး..ခဏလေး..ဟင်းခါးလေးတော့ အစစ်နည်းနည်းထည့်သွားပေးဦးဗျ.”
မုန့်တီသည်က စိန်ခါးမြောင်ထိုးပေးသော ဟင်းရည်ခွက်ကို ယူကာ ယောက်ချို့ဇွန်းဖြင့် ဟင်းရည်ထည့်ပေးလိုက်၏။
မုန်တီသည်၏ လက်တို့မှာ သိသိသာသာတုန်ရီနေသည်။
“ကဲ..သွားပြောမှာသာ ပြောပေးပါဗျာ..ကျွန်တော် ဒီမှာ ဟင်းခါးလေးသောက်ရင်းစောင့်ပါ့မယ်..ကဲ..သွားသွား”
မုန့်တီသည်မှာ စိန်ခါးမြောင်အား လှည့်ကြည့် လှည့်ကြည့်ဖြင့် ထွက်သွားသည်။
မကြာမီ ဟင်းခါးရည်ကို ဇိမ်ဆွဲသောက်နေသော စိန်ခါးမြောင်ကို စတင်းဂန်းနှင့် ရိုင်ဖယ်ကိုယ်စီကိုင်ထားသော ရဲသားများက ဝိုင်းလိုက်ကြသည်။
စိန်ခါးမြောင်က မတ်တပ်ထရပ်လိုက်သည်။
ရဲသားများထံမှ သေနတ်မောင်းတင်သံများ တဖြောင်းဖြောင်းထွက်လာသည်။
“မပစ်တော့ မပစ်ကြပါနဲ့ဟ..လိုက်ဆိုလိုက်ခဲ့ပါ့မယ်..ပါးစပ်လေး တော့ သုတ်ပါရစေဦးရယ်”
မုန့်တီအထမ်းတွင် ချိန်ထားသော လက်သုတ်ပုဝါစဖြင့် စိန်ခါးမြောင်က ပါးစပ်သုတ်လိုက်သည်။
ထို့နောက်..လက်နှစ်ဖက်အား ရှေ့ထိုးပေးပြီး
“ကဲ..အကြီးဆုံးက ဘယ်သူလဲဗျ..လက်ထိပ်ခတ်လို့ရပါပြီ”
စစ်ကိုင်းတိုက်နယ် ၊ တိုက်ပိုင်ပူလိပ်ဝန်ထောင် ဦးဘအေး ထွက်လာပြီး စိန်ခါးမြောင်ကို လက်ထိပ်ခတ်လိုက်သည်။
ထို့နောက် ရှိန်းမကားဌာနအုပ် ဦးခင်သန်းကလည်း နောက်ထပ် လက်ထိပ်တစ်စုံခတ်လိုက်၏။
“နှစ်ကွင်းတောင်ပါလားဗျ..ကျွန်တော်က ခင်ဗျားတို့ ထင်သလောက်လည်း မစွမ်းပါဘူးဗျာ”
စိန်ခါးမြောင်စကားပင်မဆုံးလိုက်။ နောက်ထပ် ရဲသားတစ်ဦးက ကြိုးတစ်ချောင်းယူလာကာ စိန်ခါးမြောင်၏ ခန္ဓာကိုယ်ကို တုတ်နှောင်လိုက်ပြန်သည်။
.....
.....
အင်္ဂလိပ်ခေတ် စစ်ကိုင်းပုလိပ်ဌာနမှသည် ဂျပန်ခေတ် စစ်ကိုင်းရဲဌာနခေတ်အထိ အချုပ်ခန်းအတွင်း ထိပ်တုံးခတ်ထားရသည့် တရားခံမှာ စိန်ခါးမြောင်သာရှိခဲ့သည်။

နာမည်ကျော်ဓါးပြဲဂိုဏ်းခေါင်းဆောင်စိန်ဓါးမြောင် အား လာရောက်တွေ့မည့်သူ ပင်မရှိ။

စိန်ဓါးမြောင်ကား ခပ်အေးအေးပင်။

သူနှင့်အတူရှိသည့် အချုပ်သားများကို ထိပ်တုံးကြီးတန်းလန်းနှင့် အချုပ်အနှောင် လွတ်စေမည့် ဥဒေါင်းမင်းပရိတ် နှုတ်တိုက်သင်ပေးနေသည်။

စစ်ကိုင်းရဲဌာနတွင် စိန်ဓါးမြောင်ကို ဦးကြင်အိမ်ဓါးပြမှု၊ ဆာသင်ကိုဘသာသတ်မှု တို့အတွက် စစ်ချက်များ ရယူကြသည်။

ဈေးချိုတော် ဓါးပြမှုအတွက်လည်း မန္တလေးခရိုင်ရဲဌာနက စိန်ဓါးမြောင်ကို လွှဲပေးရန် တောင်းဆိုထားသည်။

သုံးရက်မြောက်နေ့တွင်တော့ ရှိန်းမကားရဲဌာန၊ဌာနအုပ်ဦးခင်သန်း သည် စစ်ကိုင်းရဲဌာနသို့ ရောက်ရှိလာ၏။

ရှိန်းမကားမှ သူဌေးဦးထိပ် အိမ် ဓါးပြမှုနှင့် ဦးထိပ်သမီး မနှင်းကို ပြန်ပေးဆွဲမှုများတွင် ပါဝင်ခဲ့သည့် တရားခံတစ်ဦးဖြစ်သူ ဘမောင်က ရှိန်းမကားရဲစခန်းတွင် လာရောက်အဖမ်းခံထားသည့် ကိစ္စဖြစ်သည်။

ထို့ဓါးပြမှုကို စိန်ဓါးမြောင်က ဦးဆောင်တိုက်ခြင်းဖြစ်ပြီး တိုက်ရာပါငွေများကို ရှိန်းမကား၊ တောရကြီးကျောင်းအနီး တောအုပ်တွင် စိန်ဓါးမြောင်က မြုပ်နှံထားကြောင်း၊ ထိုနေရာကို စိန်ဓါးမြောင်တစ်ယောက်တည်းသာ သိကြောင်း အစစ်ခံခဲ့သည်။

တိုက်ရာပါပစ္စည်းများ ပြသဖော်ထုတ်နိုင်ရေးနှင့် ရှိန်းမကားဓါးပြမှုအတွက် စစ်ချက်ယူရန် စိန်ဓါးမြောင်ကို ရှိန်းမကား ရဲဌာနသို့ ခတ္တာလွှဲပြောင်းခေါ်ဆောင်ရန် ရောက်လာခြင်းဖြစ်သည်။

စစ်ကိုင်းခရိုင်ရဲဝန်ထမ်းတင်ပြရာ ခွင့်ပြုချက်ရသဖြင့် စိန်ဓါးမြောင်အား ရှိန်းမကား စခန်းသို့ ခေါ်ဆောင်တော့မည်ဖြစ်သည်။

“တယ်လည်း ကျတဲ့ကောင်တွေကွယ်...မင်းတို့ ကို အချုပ်အနှောင်လွတ်အောင် ဘုရားစာသင်ပေးတဲ့သူကိုယ်တိုင်က မင်းတို့ထက် ဘဝပိုဆိုးတယ်ဟ..ထိပ်တုံးကြီးနဲ့...မကြာခင် လူသတ်မှုနဲ့ တရားစွဲတင်ရင် ကြိုးပေးခံရမလား..ပစ်သတ်ခံရမလားမသိဘူး”

အချုပ်ခန်းထဲတွင် ဥဒေါင်းမင်းပရိတ်သင်ပေးနေသော စိန်ဓါးမြောင်ကို အချုပ်ထဲမှ လာထုတ်သည့် ရှိန်းမကာဌာန ရဲဒုဗိုလ် ဦးချစ်ပုံက စိန်ဓါးမြောင်ကို လှောင်ရယ်လိုက်သည်။

လုပ်ထုံးလုပ်နည်းအရ ဌာနအချင်းချင်း အလွဲအပြောင်းများပြုလုပ်ပြီး သည့်နောက် ရှိန်းမကားဌာနမှ အင်အား ဆယ်ဦးပါသော ကားဖြင့် စိန်ခါးမြောင်အား ရှိန်းမကားသို့ ခေါဆောင်လာခဲ့သည်။

စိန်ခါးမြောင် ကား လက်ထိပ်နှစ်ထပ်ခတ်ခံထားရသည့်အပြင် ကြိုးများဖြင့်လည်း အတုပ်ခံထားရသေး၏။

ရှိန်းမကာဌာနအုပ် ဦးခင်သန်း နှင့် ရဲဒုတိယဗိုလ်ဦးချစ်ပုံတို့ က စစ်သုံးလော်ရီကားကို ရှေ့ခန်းမှ စီးပြီး စိန်ခါးမြောင်မှာ ပုလိပ်သားခုနှစ်ယောက်အစောင့်ဖြင့် နောက်ခန်းမှ ပါလာလေသည်။

ရှိန်းမကားမှာ စစ်ကိုင်းမြို့နယ်မှ မိုင်သုံးဆယ်နီးပါးသာကွာဝေးသော်လည်း လမ်းမှာ ကြမ်းတမ်းလွန်းလှသည်။

မနက်အစောကတည်းက ထွက်လာသောခရီးမှာ နေ့လည်နာရီပြန် တစ်ချက်ကျော်သည့်အခါမှ ရှိန်းမကားအနီး တမာကန်သို့ သာ ရောက်ရှိသေး၏။

ရာသီဥတုက ပူလောင်သည့်ကြားတွင် လမ်းမှာလည်း ကြွမ်းလွန်းသည်။ နေ့လည်စာစားချိန်ကို ကျော်လွန်နေပြီဖြစ်သည့်အတွက် ကားပေါ်ပါလာသူအားလုံးမှာ ဆာလောင်နေကြ၏။

တမာကန်ကျေးရွာအလွန်တွင် တောင်းကိုရွက်ထားသော အမျိုးသမီးတစ်ဦးက ကားကို တားနေသည်ကို တွေ့လိုက်ရသည်။

ကားကို အရှိန်ရွေ့ပေးလိုက်ပြီးနောက် ရဲဒုဗိုလ် ချစ်ပုံက ပြတင်းပေါက်မှ ခေါင်းထွက်ကာ မေးလိုက်သည်။

“ဟေ့..ဘာလဲဟေ့”

“ဩော်..ပုလိပ်မင်းတို့...ရှိန်းမကားသွားကြမှာထင်တယ်...ထမင်းထုပ်လေးများဝယ်သွားကြပါဦးလား”

“ချစ်ပုံ ငါလည်း ဗိုက်ဆာနေပြီကွာ..နောက်ကကောင်တွေလည်း ဆာနေကြမှာပဲ..ရောက်တော့မှာပဲကို...သူ့ဆီက ထမင်းထုပ်ဝယ်စားပြီး အစာဖြေကြတာပေါ့”

တိုက်ပိုင်ဦးခင်သန်းက ရဲဗိုလ်ချစ်ပုံကို ပြောလိုက်သည်။

ချစ်ပုံက

“ဟေ့..ငါ့မှ..ထမင်ထုတ်က များများပါရဲ့လား..တို့နောက်မှာလည်း ရဲဘော်တွေပါသေးလို့”

“ပါပါတော်..ဂနေ့ စစ်ကိုင်းဘက်တက်တဲ့သူနည်းတယ်ထင်..ရောင်းကို မရောင်းရဘူး..ပုလိပ်မင်းတို့ ကား တစ်စီးလား ကောင်းကောင်းတွေ့ရသေးတာရယ်”

“ကဲ..ဒါဆိုလည်း အားပေးရတာပ..ကဲနောက်ကကောင်တွေလည်း ကားပေါ်မှာ တရားခံနဲ့ အစောင့်နှစ်ယောက်နေခဲ့ပြီး ထမင်းထုပ်လာစားကြဟော့..”
ထမင်းထုတ်သည်က ထမင်းတောင်းကို ချလိုက်သည်။
ထမင်းတောင်းရှေ့တွင် ဦးခင်သန်းနှင့် ချစ်ပုံတို့ ဆောင့်ကြောင့်ထိုင်လိုက်ကြ၏။
“ငါ့နမကို တွေ့ဖူးသလိုရှိသား”
“သြော်..ဒီလမ်း ဒီခရီး ဈေးရောင်းနေတာပဲ.တွေ့ဖူးမှာပေါ့”
“ဟုတ်ပါပြီ..ဒါနဲ့ ဘာဟင်းတွေများပါတုံး..ငါ့နမ”
“ငါးကြော်၊ ပဲနှပ်၊ ပုတက်သား ပါမယ်။ စားမြိန်အောင် အထုပ်တိုင်း နှမ်းဖတ်ချဉ်ကလေး ထည့်ထားပေးပါတယ်”
“ကဲ..ငါးကြော်လေးနဲ့ တစ်ထုပ်လုပ်ဟော့”
ထမင်းထုတ်သည်က ထမင်းတောင်းကို အုပ်ထားသော ပုဆိုးကို ဆွဲဖယ်ကာ နှိုက်ယူလိုက်သည်။
သို့သော် ထမင်းထုတ်သည်မလေး၏ လက်ထဲတွင် ပါလာသည်က ထမင်းထုတ်မဟုတ်။
ခြောက်လုံးပြူးသေနတ်တစ်လက်သာ။
“မလှုပ်နဲ့နော်..ကျွန်မကို မပစ်တတ်ဘူးထင်သလား..လှုပ်တာနဲ့ပစ်မှာ...ဟိုဘက်က လူရော လက်ကိုမြှောက်ထား”
သေနတ်က တိုက်ပိုင်ဦးခင်သန်း၏ နဖူးတည့်တည့်တွင်။
ရဲဗိုလ်ချစ်ပုံမှာလည်း လက်နှစ်ဖက်ကို မြှောက်ထားပြီး မလှုပ်ရဲ။
မကြာမီ ကားပေါ်မှ ဆင်းလာနေကြသည့် ရဲသားများပင် လက်ကိုယ်စီမြှောက်ကာ သူတို့ရွှေ့ မြေတလင်းတွင် လက်နှစ်ဖက် ခေါင်းပေါ်တင်ကာ ငုတ်တုတ်လာထိုင်ကြသည်။
သူတို့အား လူတစ်စုက စတင်းဂန်း၊ ဘရင်းဂန်း၊ ရိုင်ဖယ်များကိုယ်စီဖြင့် ဝိုင်းထားသည်ကို ဦးခင်သန်းတွေ့လိုက်ရသည်။
စတင်းဂန်းလွယ်ထားသည့် လူတစ်ဦး က ထမင်းထုတ်သည်ဘေးရောက်လာ၏။
“ရပြီ..အနှင်း..သွားတော့..အကို ဆက်လုပ်လိုက်မယ်”
ထမင်းထုတ်သည်အမျိုးသမီးက ခြောက်လုံးပြူးကို တောင်းထဲ ထည့်ကာ ထထွက်သွားသည်။
“လက်ထိပ်သော့တွေ ဘယ်မလဲပေးစမ်း”

စတင်းဂန်းလွယ်ထားသည့် လှမောင်က ဦးခင်သန်းကို မေးလိုက်သည်။
ဦးခင်သန်းက အင်တင်တင်လုပ်နေသည်။
“ကဲ..ဘရင်းဂန်းခါလေးရေ....တစ်နှစ်သုံးရေလို့မှ သော့ထုတ်မပေးရင်..မင့်ဘရင်းဂန်းနဲ့အကုန်ဆွဲစမ်းကွာ”
သူတို့ရှေ့တည့်တည့်သို့ ဘရင်းဂန်းစက်သေနတ်ကိုထမ်းလာသော လူကောင်သေးသေး လူငယ်တစ်ယောက် လျှောက်လာသည်။
ထိုလူငယ်က ဘရင်းဂန်းကို မြေကြီးတွင် အသေချာဒေါက်ထောက်လိုက်ပြီး အကျအနထိုင်ကာ ဦးခင်သန်းကို ပြုံးပြလိုက်သည်။
“ချစ်ပုံရေ..သော့ထုတ်ပေးလိုက်တော့ကွာ..ဒီကောင်ပုံက စပ်ဖြီးဖြီးနဲ့ တကယ်နွာမယ့်ရုပ်ဟ”
ရဲဗိုလ်ချစ်ပုံက ဘောင်းဘီအိတ်ထဲမှ သော့တွဲနှစ်ခုကို ထုတ်ပေးလိုက်သည်။
လှမောင်က သော့တွဲရသည်နှင့် လောရီကားပေါ်ပြေးတက်သွားသည်။
လော်ရီကားပေါ် ရှိ လဲနေသော ရဲသားတစ်ဦးဘေးတွင် ရိုင်ဖယ်သေနတ်ကိုင်လျက် ရပ်နေသူနှစ်ဦးထံ သော့တွဲကို ပစ်ပေးလိုက်သည်။
“
”
ခဏအကြာတွင် ကားပေါ်မှ စိန်ခါးမြောင် ဆင်းလာ၏။
“ကဲ..အကုန်လုံးကို ကြိုးတုတ်ကြဟော့”
လှမောင် က အမိန့်ပေးသဖြင့် ပါလာသော လူများက ရဲများကို ကြိုးတုတ်ကြသည်။
“ဆရာကြီး..လော်ရီကားရှေ့ခန်းကို တက်ပါဗျ...ကျွန်တော်တို့လိုက်ခဲ့မယ်”
“ခဏနေဦး..လှမောင်ရ”
စိန်ခါးမြောင်က ရဲဗိုလ်ချစ်ပုံရှိရာသို့လျှောက်သွားပြီး
“ဒေါင်းမင်းပရိတ်ကို ပေါ့သေးသေးမမှတ်နဲ့...ဆရာကြီးရေ...ကျွန်တော်တော့ လွတ်ပြီ..အခု ခင်ဗျား ရွတ်အလှည့်ပဲ..နာနာသာရွတ်ဗျ..အကျိုးထူးတာမျက်မြင်ပဲမဟုတ်လား”
စိန်ခါးမြောင်က ပုလိပ်ကားရှေ့ခန်းသို့ ကြည့်လိုက်သောအခါ ကြင်အေးက ဒရိုင်ဘာနေရာတွင် အသင့်နေရာယူထားသည်ကိုတွေ့လိုက်သည်။
“ခွေးမသားကြင်အေး..မင်းလည်းပါလာသကိုးကွ”

“ပါရမ္မာပေါ့..ဆရာကြီးရယ်..ကျွန်တော့်အပြစ်တွေလည်းပါတာကိုးဗျ...ကဲ..ဟို ဘက်က တက်ပါဦး”
စိန်ခါးမြောင် ကားတံခါးကို ဆွဲဖွင့်ရန်ပြင်လိုက်စဉ် ကားတံခါးက အလိုလိုပွင့်လာ၏။
ကားအတွင်းမှ ညိုသော စိုသော အသာအရည်ပိုင်ရှင် လက်ကလေးတစ်ဖက် ထွက်လာသည်။
“ဟာ..မြကြည်”
“လာ..အကိုတက်”
ကျစ်ဆံမြီးညို့ညို့မှောင်မှောင်ကြီးကို ဆံထုံးထုံးထားသော မြကြည်။
အနက်ရောင်ရင်ဖုံးအင်္ကျီနှင့် ထမီကို ခပ်တိုတိုဝတ်ထားသော မြကြည်။
“ဘယ်ကနေ ဘယ်လို ပါလာတာလဲ မြကြည်ရယ်...ဒါမျိုးက ညီမ လိုက်လာလို့ ကောင်းတဲ့ အလုပ်မဟုတ်ဘူး”
“အောင်မယ်လေး..ဆရာကြီးရယ်..ဆရာ့ကိုကယ်ဖို့ ဒီအစီအစဉ်တွေအားလုံးကို ဆရာကတော်မမ က ဆွဲခဲ့တာဗျ.. သူမပါလို့ဖြစ်မလား”
“ဟင်..တကယ်လား..မြကြည်”
“အကိုက လိမ္မာခဲ့တုန်းက မြကြည်လည်း တူတူလေ..အခု အကို မိုက်ဖို့ အလှည့်ကျမှ မြကြည် မပါလို့ဖြစ်မလား..အကို”
စိန်ခါးမြောင်က မြကြည်၏ ပါးလေးကို နမ်းလိုက်သည်။
ထိုအချိန်တွင် လှမောင်တို့လူစုက ရဲသားများထံမှ လက်နက်များကို ကားပေါ်တင်နေကြသည်။
ခဏအကြာတွင် လှမောင်နှင့် ထမင်းထုတ်သည်အယောင်ဆောင်ခဲ့သော အနှင်းတို့ ကားရှေ့သို့ လာရပ် ကာ စိန်ခါးမြောင်နှင့် မြကြည်ကို နှုတ်ဆက်ကြ၏။
“လက်နက်တွေလည်း ကားပေါ်တင်ပြီးပါပြီ..သွားရတော့မလား မမကြည်”
“အေး..သွားကြတာပေါ့..လှမောင်”
လှမောင် ၊ အနှင်း တို့လူစုက ကားနောက်ခန်းပေါ်တက်ပြီးသည်နှင့် ကြင်အေးက ကားကို မောင်းထွက်သွားသည်။
“အခု ဘယ်ကို သွားတာလဲ..မြကြည်”
“တမာကန်ရွာပြင်ကိုသွားမယ်လေ..အကို..အဲဒီမှာ ကိုငန်းနက် နဲ့ ဘမောင်တို့ စောင့်နေလိမ့်မယ်..ဟောဒီပုလိပ်ကားကို အဲဒီရွာမှာပဲ ထားခဲ့ပြီး လူစုခွဲမယ်။ ညီမ

နဲ့အကို က လှမောင်တို့ညီအကိုငှားထားတဲ့ကားနဲ့ ဝက်လက်ဘက်ကိုတက်မယ်။ အဲဒီမှာ ငရုတ်သီးဘရင်စောင့်နေတယ်။ ရွှေဘိုနားမှာ ညီမတို့ အောင်းဖို့ အိမ်တစ်အိမ် သူစီစဉ်ပေးထားတယ်အကို”

“နေပါဦး..ဘမောင်က ရှိန်းမကားဂါတ်မှာ အဖမ်းခံထားရတယ်ဆို”

“ဟုတ်တယ်အကို..ညီမ တမင် အဖမ်းခံခိုင်းလိုက်တာ..ပြီးတော့ တိုက်ရာပါတွေ မြုပ်ထားတယ်ဆိုတာလဲ ညီမပဲ ထွက်ဆိုခိုင်းလိုက်တာ။ အကိုကို့ ညီမတို့လမ်းက ဖြတ်လှချိန်မှာ ကိုငန်းနက်တို့ကလည်း ရှိန်းမကားဌာနကို ဝင်စီးပြီး ခေါ်ထုတ်လာမှာအကို့။ အကိုကို စစ်ကိုင်းက သွားခေါ်ရမှာမို့ ရှိန်းမကားက ရဲအင်အား တဝက်လောက်ပါသွားတော့ ဟိုမှ အားနည်းနေတယ်လေ”

“ဟာ...မြကြည်..ဘုရား..ဘုရား....ညီမ က ဓါးပြဗိုလ်လား..အကိုက ဓါးပြဗိုလ်လား”

“အောင်မယ်လေး...မမြကြည်တင်လား ဆရာရယ်..ခုန လှမောင်ကြီး မိန်းမလေး မနှင်း ထမင်းထုတ်သည်ပုံလုပ်ပြီး ဌာနအုပ် နဖူးကို ခြောက်လုံးပြူးနဲ့ချိန်ထားပုံ မြင်စေချင်တယ်.....ခင်ဗျားတို့ တကယ့်မိန်းမတွေကို ရထားတာပဲဗျ”

ကြင်အေး က သူ့စကားသူသဘောကျပြီး ရယ်နေသည်။

တမာကန်ရွာပြင်ရှိ ဧရပ်ရှေ့တွင် ဂျစ်ကားတစ်စီးရပ်ထားသည်ကို တွေ့ရသည်။ ဂျစ်ကားပေါ်တွင် ငန်းနက်၊ ထွန်းခင် နှင့် ဘမောင်က ဆေးလိပ်သောက်ရင်း စကားပြောနေ၏။

လော်ရီကားရပ်သွားသောအခါ စိန်ဓါးမြှောင်နှင့် မြကြည်က ကားပေါ်မှ ဆင်းလိုက်သည်။

“ဆရာကြီး ဘာမှမဖြစ်ဘူးနော်”

“အေး..ဘမောင်..ငန်းနက် မင်းတို့ရော အဆင်ပြေရဲ့မဟုတ်လား”

“ပြေပါတယ်..အကိုကြီး..အင်း..အကိုကြီး ရဲ့အားနည်းချက်ကလေး မမြကြည်ကတော့ အခု အကိုကြီးရဲ့အားသာချက်ပြန်ဖြစ်နေပြန်ရောလားဗျ”

ငန်းနက်က မြကြည်ကို ကြည့်ကာ ပြောလိုက်သည်။

“ထွန်းခင်..ရင်ရင်ရောက္ခ”

“ကိုငန်းနက်တို့ မြေနုကျွန်းပေါ်မှာ မိကွန်နဲ့အဖော် ထားခဲ့တယ်အကိုကြီး”

ထိုအချိန်တွင် ခါလေးက ဘရင်းဂန်းကြီးကို ထမ်းကာ စိန်ဓါးမြှောင်ရှေ့လာရပ်သည်။

လှမောင်နှင့် အနှင်းလည်း ပါလာ၏။

လှမောင် နောက်မှ ပါလာသော ရုပ်ရည်အလွန်တူသည့် လူငယ်နှစ်ယောက်ကို စိန်ခါးမြောင်က အကဲခတ်လိုက်သည်။
“သူတို့က မင်းလူတွေလား လှမောင်”
“ကျွန်တော့်လူတွေဆိုတာထက် သူတို့က ဆရာကြီးလူတွေပါ”
“ဟေ..ငါလည်း သူတို့ကို မသိပါလားကွ”
“သူတို့က ဝါဆိုနဲ့ဝါပို တဲ့ ရှိန်းမကားက ဆရာကြီးရဲ့ပရိသတ်တွေပေါ့”
“ဘယ်လို..ဘယ်လို”

“ကျွန်တော်တို့လည်း ရှိန်းမကားနား ရှင်လှသားတွေပါ။ ခါးပြလေးဘာလေး တို့က်စားပါတယ်။ ဆရာကြီးတို့ ရှိန်းမကားသူဌေးထိပ်အိမ်ကို ခါးပြဝင် တို့က်တာကို ကြားကတည်းက တပည့်အဖြစ် ခံယူချင်နေတာပါ။ အဲဒါနဲ့ ဟောဒီက ကိုလှမောင်တို့ညီအစ်ကိုနဲ့ချိတ်ဆက်ပြီး ဆရာကြီးကို ကယ်မယ့်အစီအစဉ်မှာ လိုက်လာတာပါ။ ရှင်လှ၊ သဲကျွန်းတစ်ကြောမှာ ကျွန်တော်တို့လူတွေ စုပြီးသားရှိပါတယ်။ ဆရာကြီး လက်အောက်မှာ ခိုလှုံပါရစေခင်ဗျ”
“အေးကွာ...ကောင်းတာပေါ့..ငါတို့လည်း ရှေ့ဆက်သွားစရာတွေရှိသေးတယ်..လူအင်အားလိုတယ်.. အခုလောလောဆယ်တော့ မင်းတို့ ရှင်လှဘက်ကို လူစုခွဲပြီးပြန်ချေ...ရှိန်းမကားပုလိပ်က မင်းတို့ကို သက််မကင်းဖြစ်မှာ အသေအချာပဲ..မင်းတို့ ရွာမှာပဲ မှင်မပျက်ပြန်နေကြ....အလုပ်ကိစ္စမယ်ဆို လူတစ်ယောက်မင်းတို့ဆီ လွှတ်လိုက်မယ်..ဦးလေးကြီးက လွှတ်လိုက်တာဆို ငါခေါ် ခိုင်းလိုက်တယ်လို့သာမှတ်.သွားတော့ကွဲ့”

“ကဲ..အားလုံးကို ကျေးဇူးတင်ပါတယ်။ အနှင်းကိုလည်းကျေးဇူးတင်ပါတယ်”
“ရပါတယ်ဆရာကြီး..ဆရာကြီးကျေးဇူးက ကျွန်မနဲ့ ကိုလှမောင် အပေါ်မှာ ရှိတာပဲ”
“အင်း ဂွတော့ကျသဟော့.ညည်းကို သူဌေးသမီးဘဝကနေ အခု ဌာနအုပ်နဖူးသေနတ်နဲ့တော့တဲ့ ခါးပြမ ဘဝ ရောက်အောင် ငါလုပ်ခဲ့တာကို ငါ့ကို ကျေးဇူးတင်တယ်ဆိုတော့..ခက်သား”

“အို..ဆရာကြီးရယ်..သူငယ်းသမီးဘဝက ပျင်းစရာပါ.ဒီလိုမျိုး ကိုလှမောင် နဲ့ ပြေး လိုက်လွှားလိုက်ကမှ ပျော်ဖို့ကောင်းသေးတော့”
စိန်ခါးမြောင် ရော၊ မြကြည်ပါ ရယ်လိုက်ကြသည်။
“ ကဲ..ခုန မြကြည်စီစဉ်ထားတာကို အရေးပေါ် ပြန်ပြောင်းမယ်..ငန်းနက်၊ ဘချစ် နဲ့ ထွန်းရင်က ရေကြောင်းအတိုင်းဆင်းပြီး ကျွန်းကိုပြန်...လှမောင်တို့လင်မယားရယ်၊ ဘမောင်ရယ်ပဒဲကျစ်ကားနဲ့ ရွှေဘိုကို လိုက်သွားတော့...ငါရယ်မြကြည်ရယ် ခါလေးရယ်က ဘူးပုဂံဘက်ကို လှည်းတစ်စီးငှားပြီး ထွက်မယ်...ဒါဆို ပုလိပ်လည်း လူစုအကွဲကွဲဆိုတော့ ခြေရာခံရခက်မယ်..မီရင်လည်း တစ်စုတစ်စည်းထဲ မဟုတ်တော့..တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ကူရလွယ်မယ်”
“ဖြစ်ပါ့မလား..ဆရာကြီး”
“ဖြစ်တယ်..လှမောင်..မင်းသာ အနှင်းကို ဂရုစိုက်သွား”
“အကိုကြီး ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါလားဗျာ”
“မလိုက်တော့ဘူး..ငန်းနက်...လာမည့် လပြည့်နေကျ ငါတို့အားလုံး မင်းရဲ့မြေနှုကျွန်းမှာ ပြန်ဆုံကြမယ်..အားလုံး ဟုတ်ပြီလား..လှမောင် လော်ရီကားပေါ်က လက်နက်တွေကို မင်းလူတွေနဲ့ ရေဆိပ်ကိုချ..ငန်းနက်တို့ မြေနှုကျွန်းဆီ အမြန်ပို့ခိုင်း....ပြီးမှ မင်းတို့ထွက်...ငါတို့ ကိုလှည်းတစ်စီးစီစဉ်ပေး..ချက်ချင်းထွက်မယ်”
မြကြည်က စိန်ခါးမြောင်လက်ဖဝါးကို ဆုပ်ကိုင်ထားသည်။
သူလူများအား ထပ်မံညွှန်ကြားနေသည့် လှမောင်ဘေးတွင် အနှင်းက မတ်တပ်ရပ်လျက် လှမောင်ကို ပြုံးကာ စိုက်ကြည့်နေ၏။
ခါလေးက တော့ ငန်းနက်တို့နှင့် ထည့်ပေးလိုက်ရမည့် သူ့ဘရင်းဂန်းကို ဖက်ကာ တသသ။
ငန်းနက် က စတင်းဂန်းကို တစ်ဖက်ကလွယ်ကာ ဂျစ်ကားပေါ်တွင် ဝှက်ထားသော အရက်ပုလင်းကို ယူကာ ခါးကြားထိုးလိုက်သည်။
သူတို့ ပြန်လည်စုစည်းမိကြလေပြီ။
……
……
……

အခန်း(၁၃)

၁၉၄၄ ခုနှစ်၏ နောက်ဆုံးလများ။

မဟာမိတ်တို့၏ လေယာဉ်များက မြန်မာြပည်ကောင်းကင်တွင် ပြန်လည်စိုးမိုးလာကြပြီ။

စိန်ခါးမြောင်၏ အဖွဲ့သားများက စိန်ခါးမြောင်ကို လမ်းမှဖြတ်လူခြင်း၊ ရိုန်းမကားဂါတ်တဲကို ဝင်စီးခြင်းများ ပြုလုပ်ခဲ့သော်လည်း ဂျပန်ခေတ် မြန်မာအစိုးရလက်အောက်ခံ ရဲတပ်ဖွဲ့များ မှာ လိုက်လံဖမ်းဆီးရန် လက်လှမ်းမမှီကြပေ။

အဘယ်ကြောင့်ဆိုသော် စစ်ပွဲကား မြန်မာမြေအထက်ပိုင်းဆီသို့ ဒုတိယံမိဝင်ရောက်လာသောကြောင့်ဖြစ်သည်။

အမေရိကန် ဗြိတိန်လေယာဉ်တို့က မြန်မာပြည်ရှိ ဂျပန်တပ်များအခြေစိုက်ရာမြို့ကြီးတိုင်းသို့ ဗုံးမိုးရွာချသည်။

မီးလောင်ဗုံး၊ မြေရှပ်ဗုံးစသည့် ခေတ်မီဗုံးတို့ကြောင့် မ

၁၉၄၄ ဒီဇင်ဘာ ၂၈ ရက်နေ့တွင် အမှတ် ၁၁ ဗြိတိသျှအရှေ့အာဖရိကတပ်မသည် ကလေးဝမြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။

ထိုကာလအတွင်း စိန်ခါးမြောင်အဖွဲ့သည် နှစ်ကြိမ်တိုင်တိုင်စုစည်းကာ ခါးပြတိုက်ခဲ့ကြသည်။

ရွှေဘိုမြို့၊ ဂျပန်စစ်တပ်အဝယ်တော်ပွဲစားကြီးအိမ်ခါးပြမှုတွင် စိန်ခါးမြောင်က အစီအစဉ်ဆွဲပေးပြီး ဘမောင်၊ လှမောင်၊မနှင်းတို့ ခေါင်းဆောင်ကာ ရှင်လှမှဝါဆို၊ဝါပို၊ သဲကျွန်းမှ ခင်မောင်၊ သီဟ တို့ ပါဝင်ခဲ့သည်။

ဂျပန်ငွေ တစ်သိန်းကျော်နှင့် အင်္ကလိပ်ရူပီးငွေ ခြောက်ထောင်၊ ရွှေနှစ်ကျပ်သား၊ နှစ်လုံးပြူးသေနတ်တစ်လက် ရရှိခဲ့၏။

ငါန်းဇွန်းမှ လယ်ပိုင်ရှင်ဦးသာအိမ် ခါးပြမှုတွင် ငန်းနက် နှင့် ခါလေး က ခေါင်းဆောင်ပြီး ဘချစ်၊ ထွန်းတင်၊ ကြင်အေး၊ ဝင်းမောင်၊ မောင်တင် တို့ ပါဝင်ခဲ့သည်။

ထိုခါးပြမှုမှ အပြန်လမ်းတွင် အင်ဖာတိုက်ပွဲမှ ပြန်လည်ဆုတ်ခွာကာ စခန်းချနေသော ဂျပန်လက်နက်ခဲယမ်းတပ်ရင်းဆီ မှ လက်ပစ်ဗုံးတစ်သေတ္တာကို ဝင်းမောင်က ဝင်ရောက်ခိုးယူလာနိုင်ခဲ့၏။

တိုက်ရာပါများကို ရောဝတီမြစ်လယ်မြေနုကျွန်းပေါ်တွင် စခန်းချထားသော စိန်ခါးမြောင်၏ ဌာနချုပ်သို့ အားလုံး ယူလာရသည်။

မြေနုကျွန်းပေါ် ရှိ သစ်ပင်ကြီးများ၊ ခြံပုပ်များအောက်တွင် စိန်ခါးမြောင်၏ အခြေစိုက်စခန်းကား စစ်နှင့်အတူ တဖြည်းဖြည်း ကြီးထွားလာခဲ့သည်။

စိန်ခါးမြောင်က ခါးပြအဖွဲ့ ဗဟိုဦးစီးစနစ်ကို ချမှတ်ပြီး လက်အောက်တွင် နယ်မြေအလိုက် ခေါင်းဆောင်များကို ဒေသမှူးရာထူးအခေါ် ဖြင့် ခန့်အပ်တာဝန် ပေးသည်။

မန္တလေးတွင် ကြင်အေး၊ စစ်ကိုင်းတွင် ငရုတ်သီးဘရင်၊ မင်းကွန်းဘက်တစ်ကြော တွင် ငန်းနက်၊ မတ္တရာတွင် ဘမောင်၊ ရွှေဘိုတွင် လှမောင်၊ ရိုန်းမကား-ဝက် လက်တွင် ဝါဆိုဝါပိုညီအကို တို့က အသီးသီးခေါင်းဆောင်ပြီး အင်အားအသစ် များလည်း စုစည်းထားကြသည်။

လိုအပ်လျှင် လူအင်အား ရာနှင့်ချီ စုစည်းနိုင်သည့်အနေအထားပင် ဖြစ်လာ၏။

စိန်ခါးမြောင်က ခါးပြတိုက်မည့်နေရာ၊ အချိန်၊ အစီအစဉ်ကို ရေးဆွဲပြီး ညွှန်ကြားသည်။

တိုက်ခိုက်ရေးအဖွဲ့များတွင်ပါဝင်မည့် လူအင်အားနှင့် လက်နက်များကို ငန်းနက် က စီမံခန့်ခွဲသည်။

ခါလေး က ဖြန့်ကျက်ထားသောအဖွဲ့များကို စုစည်းရေး၊ဆက်သွယ်ရေးနှင့် တိုက် ရာပါများဝေစုခွဲခြမ်းရေးတွင် တာဝန်ယူသည်။

ခါးပြတို့ ဘန်းစကားဖြင့် စီးသည် ဟု ခေါ်သည့် တိုက်မည့်နေရာ အဝင်အထွက်၊ ပတ်ဝန်းကျင်အနေအထားတို့ကို လေ့လာခြင်းနှင့် တိုက်ရာပါပစ္စည်းများထုခွဲ ရာတွင် မြကြည်၊အနှင်း၊ငရုတ်သီးဘရင်တို့က ချိတ်ဆက်ဆောင်ရွက်ကြ၏။

အချို့ အကြီးစားခါးပြမှုများတွင် စိန်ခါးမြောင်ကိုယ်တိုင်ဦးဆောင်သည်။

လက်နက်များမှာလည်း စတင်းဂန်း ဆယ့်တစ်လက်၊ ဘရင်းဂန်းစက်သေနတ် ငါး လက်၊ တော်မီဂန်း လေးလက်၊ ရိုင်ဖယ် ဆယ်ငါးလက်၊ နှစ်လုံးပြူးနှစ်လက်၊ ခြောက်လုံးပြူးလေးလက်၊ လက်ပစ်ဗုံးအလုံး (၃၀၀) နှင့် ကျည်ဆံများစွာကို မြေနုကျွန်းပေါ်နှင့် နယ်အဖွဲ့ခွဲများထံတွင် ဖြန့်ကျက်စုဆောင်းထားနိုင်ခဲ့သည်။

၁၉၄၅ ခုနှစ်အတွင်း အင်္ဂလိပ်နှင့် ဂျပန် စစ်ပွဲများကြား ပလူပျံနေသော လက်နက် များ၊ စစ်ပွဲကာလ ဦးတည်ရာမဲ့နေသော လူငယ်အချို့တို့ဖြင့် စိန်ခါးမြောင်ဂိုဏ်း မှာ စစ်တပ်ငယ်တစ်ခုကဲ့သို့ အင်အားကြီးထွားလာပြီဖြစ်သည်။

အထက်မြန်မာပြည်စစ်မျက်နှာ၊ မန္တလေးတိုင်းမှူးကြီး ဗိုလ်မှူးကြီးဗထူးသည် ၁၉၄၅ မတ်လတွင် ဖက်ဆစ်တော်လှန်ရေးကို အောက်မြန်မာနိုင်ငံထက် စောပြီး စတင်လိုက်သဖြင့်လည်း အခြေအနေမှာ ပိုမိုရှုပ်ထွေးနေသည်။

ထိုအချိန်တွင် အောက်မြန်မာနိုင်ငံရှိ ဘီအိုင်အေတပ်များမှာ ဂျပန်တော်လှန်ရေး စတင်ရန် စီစဉ်ဆဲဖြစ်သဖြင့် ထိုအစီအစဉ်ကို မထိခိုက်စေရန် ဗိုလ်မှူးကြီးဗထူးက ဘီအိုင်အေခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းနှင့် အဓိပတိဒေါက်တာဘမော်တို့ကိုပါ ဂျပန်နှင့်အတူ တော်လှန်ကြောင်း ဟန်ပြကြေညာရသည်။

မတ်လ ၉ ရက်နေ့တွင် ဗိုလ်မှူးဗထူး အခြေပြုနေသော ရန်ကင်းတောင်ကို ဂျပန်တပ်များဝိုင်းထားသည့်ကြားမှာ ထိုးဖောက်ထွက်ခဲ့သည်။

အထက်မြန်မာပြည်တစ်ခွင်တွင် အင်္ဂလိပ်တပ်၊ အမေရိကန်တပ်၊ဂျပန်တပ်၊ ချင်းကေရှိန်၏ အမှတ်(၁၁)တရုတ်တပ်မတော်စု၊ ဗိုလ်မှူးဗထူး၏ တောင်လှန်သောဘီအိုင်အေ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မတော်လှန်ချင်ယောင်ဆောင်ထားသေးသော အောက်မြန်မာပြည်ဘီအိုင်အေ စသည်တို့ဖြင့် ရှုပ်ထွေးနေ တော့သည်။

၁၉၄၅ မတ်လ ၆ ရက်နေ့ တွင် ဖြူတိသျှ အမှတ်(၁၉)အိန္ဒိယတပ်မက ချောင်းမကြီးတောင်ဘက်ရှိ ဂျပန်ခံတပ်ကို ချေမှုန်းပြီး မတ္တရာမြို့ကို သိမ်းပိုက်လိုက်သည်။

စိန်ဓါးမြောင် ကား တပည့်အချို့နှင့်အတူ မြေနုကျွန်းပေါ်တွင် ရွာငယ်တစ်ရွာကဲ့သို့ ဖန်တီးကာနေထိုင်ရင်း တိုင်းရေးပြည်ရေးကို စောင့်ကြည့်နေသည်။

၁၉၄၅ မတ်လ ၉ ရက်နေ့တွင် အမှတ်(၆၄)၊ အမှတ်(၉၈) ဘရီဂိတ်ဖြူတိသျှတပ်တို့သည် မန္တလေးသို့ ဝင်ရောက်လာသည်။

ဂျပန်တပ်များကား မန္တလေးတောင်ပေါ်နှင့် နန်းတွင်းတွင် အခိုင်အမာတပ်စွဲထားပြီး မန္တလေးပတ်ဝန်းကျင်တွင် အဖွဲ့ငယ်လေးများအဖြစ် လှည့်လည်ခုခံနေသည်။

မန္တလေးတောင်ပေါ် ရှိ ဘုရားတန်ဆောင်းများတွင်လည်း ဂျပန်စစ်တပ်က စက်သေနတ်များ တပ်ဆင်ကာ တောင်ပေါ်တက်လာသည့် ဂေါရခါးစစ်တပ်များအား ကျည်ဆံစတုဒိသာများပေးဝေလျက်ရှိသည်။

ဂေါရခါးတပ်များကလည်း တောင်းခန်းပန်းများကို ဗုံးချခြင်း၊ တော်မီဂန်းများဖြင့် ပစ်ခြင်းတို့ဖြင့် ဂျပန်တို့၏ စတုဒိသာအလှူကို ဝမ်းမြောက်ဝမ်းသာ သာဓု ပြန်ခေါ်ကြသည်။

နိပ္ပန်မာစတာတို့ ခေတ္တနန်းစံနေကြသည့် မန္တလေးနန်းတော်ကြီးကိုလည်း အင်္ဂလိပ်-အမေရိကန် မဟာမိတ် ဘီ (၂၅) မစ်ချယ်ဗုံးကြဲလေယာဉ်များက ပေါက်ခွဲရဝဿ ပေါင် (၂၀၀၀)ဗုံးမိုးကြီးများ သွန်းဖြိုးကြဲကြသည်။

မြေပြင်မှလည်း ပေါင်(၅၀၀)အမြောက်ကြီးများဖြင့် ခြိမ့်ခြိမ့်သဲဝန်းရံကြသည်။

မတ်လ ၂၁ ရက်နေ့ နံနက်တွင် အင်္ဂလိပ် ၊ ဂျပန်တို့၏ ကောင်းမှုအစုစုကြောင့် မီးလောင်ပြင်ဝှတ်တို့နှင့် ပြာပုံသာ ကျန်ရှာသော ရတနာပုံရွှေနန်းတော်ကြီးဆီမှ အလံဖြူများနှင့် ယူနီယံဂျက်အလံများ တက်လာကြတော့သည်။

မန္တလေးမှ ဂျပန်တပ်များ လုံးဝဆုတ်ခွာသွားပြီဖြစ်ကြောင်း ကြေငြာသည်။
ထိုသတင်းကြားသည်နှင့် စိန်ခါးမြောင်က သူ့လက်အောက်ရှိ သက်ဆိုင်ရာ နယ်မြေခါးပြခေါင်းဆောင်များကို မြေနုကျွန်းဌာနချုပ်ပေါ်သို့ ဆင့်ခေါ်လိုက်သည်။
ရောဝတီမြစ်ပေါ်တွင် မဟာမိတ်လေယာဉ်များ ဝဲပျံနေသည့်ကြားမှ စိန်ခါးမြောင် အဖွဲ့သားများမှာ မြစ်လယ် မြေနုကျွန်းဆီသို့ ရောက်လာကြသည်။
မြေနုကျွန်းစခန်းတွင် စစ်ပွဲအရှိန်စတင်ပြင်းထန်ကတည်းက စိန်ခါးမြောင်နှင့် တပည့်အချို့မှာ ရွာငယ်လေးအသွင်ယူကာ ဝါးတဲများဆောက်ပြီး နေထိုင်ကြသည်။
လက်နက်များကိုလည်း ထိုနေရာတွင်ပင် သိုလှောင်ထားကြ၏၊
အစည်းအဝေး စလေပြီ။
“ဂျပန်တော့ မန္တလေးက ထွက်သွားပြီ၊ စစ်ကြီးကလည်း မကြာခင်ပြီးဖို့ သေချာနေပြီ။ ဗိုလ်ချုပ်အောင်ဆန်းတို့ကတော့ အောက်ဘက်မှာ အင်္ဂလိပ်နဲ့ပေါင်းပြီး ဂျပန်ကို တိုက်နေပြီကြားတယ်။ ခါးပြဆိုတာ နိုင်ငံရေးကိုလည်း တီးမိခေါက်မိထားမှ သက်ဆိုးရှည်မှာ။ဒါကြောင့် အားလုံးနားတွေ စွင့်ထား။ လွတ်လပ်ရေးပေးလို့ ဗမာတွေပဲ အစိုးရဖြစ်ဖြစ်၊ အင်္ဂလိပ်ပဲပြန်လာလာ စစ်အတွင်းကလိုမဟုတ်ပဲ အုပ်ချုပ်ရေးတည်တည်ငြိမ်ငြိမ် ဖြစ်လာတော့မှာတော့ အသေအချာပဲ၊ အခု ငါတို့ ဂျပန်ခေတ်က ရလာတဲ့ ဂျပန်ပိုက်ဆံတွေကလည်း သုံးစားမရတော့မှာ သေချာတယ်။ ငွေကြေးစနစ် မတည်ငြိမ်ချိန်မှာ ခါးပြတိုက်ခဲ့သမျှ အလကားပဲ ဆိုတာမင်းတို့ သင်ခန်းစာယူကွ၊ ဒီတော့ အစိုးရတစ်ရပ်နဲ့ တည်တည်ငြိမ်ငြိမ်ဖြစ်လာတဲ့အထိ စောင့်ရမယ်။ နိုင်ငံရေးအခြေအနေတွေကို စောင့်ကြည့်ရင်း အလုပ်တွေ ခဏနားကြမယ်။ ငွေကြေးအာမခံချက်ပေးနိုင်တဲ့ အစိုးရမျိုး အတည်ဖြစ်ပြီဆိုမှ ခါးပြတိုက်ဖို့ စကြတာပေါ့။ ဒီတော့ ငါတို့ မန္တလေးမှာ ပြန်အခြေချဖို့ ပြင်ဆင်ရမယ်”
“ကျွန်မတို့ကရော ဘယ်လိုလုပ်ရမလဲ..ဆရာကြီး”
အနှင်းက မေးလိုက်သည်။
“ဟဲ့ ကောင်မလေး...နင်လည်း လင်ပေါင်းမှားပြီး ခါးပြပတ်တိုက်နေရတာကို ပျော်မနေနဲ့.. မန္တလေးကို လိုက်ခဲ့..လှမောင် နဲ့ ဘမောင် လည်း ငါနဲ့လိုက်ခဲ့...မင်းတို့ကို ငါလိုတယ်”
“ကျွန်တော်တို့ကရော ဘာလုပ်ရမလဲ..အကိုကြီး”
"ငန်းနက်ကတော့ အရင်လိုပဲ ဒီကျွန်းပေါ်မှာလက်နက်တွေကို စောင့်ရင်း ဘချစ်တို့၊ မိကွန်တို့နဲ့နေခဲ့။ လိုအပ်ရင်လူစုလိုက်မယ်။ ငရုတ်သီးဘရင် က စစ်ကိုင်း

ဘက်မှာ အိမ်တစ်လုံးဝယ်ပြီး ဟန်ပြဲစီးပွားရေးတစ်ခုလုပ်နေ။ ဝါဆိုဝါပိုက ရှိန်းမကားဘက်က လူသစ်တွေကို အုပ်စီးထား၊ ထွန်းခင်၊ ခါလေး၊ ကြင်အေးတို့အုပ်စုနဲ့ ငါနဲ့ မန္တလေးမှာ ရှိနေမယ်။ မန္တလေးခေတ်ကောင်းပြီး ပြန်စည်ကားရင် အဲ့ဒီမှာ ပွဲကြီးတွေချမယ်။ ခေတ်ပျက်မှ တိုက်တဲ့ခါးပြဆိုတာသိက္ခာကျတယ်ကွ”

.....

၁၉၄၅ ဇူလိုင်လ။

သုံးနှစ်တာကာလ စစ်ဘေးကြားမှ မန္တလေးသည် ပြန်လည်စည်ကားလာခဲ့ပြီဖြစ်သည်။

စစ်ကာလအတွင်းက မန္တလေးတွင် အိမ်ခြေပေါင်း ၂၂,၀၀၀ ရှိခဲ့ရာမှ စစ်အတွင်းတွင် အိမ်ပေါင်း ၂၀၀၀၀ ခန့်ပျက်စီးသွားခဲ့သည်။

မန္တလေးမြို့အတွင်း ပြန်လည်ဝင်ရောက်လာကြသော လူပေါင်း တစ်သိန်းခန့်မှာ နေစရာအိမ်များမရှိတော့သဖြင့် ဘုန်းကြီးကျောင်းနှင့် ဘုရားစေတီများသာလျှင် မှီခိုနေစရာရှိတော့၏။

မဟာမုနိဘုရားကြီး၏ စောင်းတန်းနှစ်သွယ်၊ တောင်ပြင်ငါးစို့ကျောင်း၊ ရွှေရေးဆောင်တိုက်ကျောင်း၊ မြတောင်ရွေကျောင်း၊ တောင်ခွင်ကျောင်း၊ အကောက်ဝန်ကျောင်း၊ သဃ်ဇာကျောင်း၊ ယောအတွင်းဝန်ကျောင်း၊ စလင်းကျောင်း၊ မိုးထိကျောင်း၊ စံကျောင်းတိုက်ကျောင်း၊ တောင်ပြင်မှန်ကျောင်း၊ပဇွန်းဇရပ်တော်ကြီး၊ သုဓမ္မာဇရပ်တော်ကြီး တို့မှာ ဗုဒ္ဓဘာအမြောက်ဒဏ်တို့ကြောင့် ပျက်စီးကုန်ကြသဖြင့် ပြည်သူတို့၏ နေရေးမှာ ပိုမိုခက်ခဲနေသည်။

မြို့တွင်းသို့ ပြန်လည်ဝင်ရောက်ကာ အိမ်ဆောက်လုပ်ရန်လည်း ငွေကြေးအခြေအနေ၊ ဆောက်လုပ်ပေးမည့် လုပ်သားရှားပါးသည့်အခြေအနေကြောင့် မည်သူမျှ မဆောက်လုပ်နိုင်ကြ။

မြို့တွင်းရှိ မပျက်စီးသည့် အိမ်များ၏ ပိုင်ရှင်များကလည်း အိမ်ငှားခများကို အဆမတန်တောင်းဆိုနေကြသည်။

မတ်လ ၂၁ ရက်နေ့ကတည်းက စတင်ခဲ့သည့် မဟာမိတ်တို့၏ စစ်အုပ်ချုပ်ရေးဌာနကလည်း စားသောက်ကုန်ဈေးနှုန်းများကို ကန့်သတ်လိုက်သဖြင့် ကုန်စည်ရောင်းဝယ်မှုမှာလည်း မဖွံဖြိုးပဲ ရှိနေ၏။

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် အရှေ့တောင်အာရှတောင်ပိုင်းစစ်သေနာပတိချုပ်ကြီး လော့ဒ်လူဝီမောင့်ဘက်တန်က မြန်မာပြည်စစ်အုပ်ချုပ်ရေးရပ်စဲသည့်အကြောင်းကို ကြေငြာသည်။

အောက်တိုဘာ ၁၁ ရက်နေ့တွင် စစ်နိုင်သည့် အင်္ဂလိပ်အစိုးရက မန္တလေးမြို့တွင် မြို့ပြအုပ်ချုပ်ရေးကို စတင်တည်ထောင်သည်။

လွတ်လပ်သောမြန်မာပြည်၏အစိုးရသစ်ဖြစ်လာရန် အားကောင်းနေသည့် ဖဆပလအဖွဲ့က မြန်မာနိုင်ငံသစ် စီမံဖန်တီးရေးအဖွဲ့ကိုဖွဲ့စည်းခဲ့ပြီး မန္တလေးနှင့် ပြည်မြို့ကို စတင်ထူထောင်ရန် ကြံရွယ်ခဲ့သည်။

၁၉၄၅ ဒီဇင်ဘာတွင် မြန်မာနိုင်ငံသစ်စီမံဖန်တီးရေးအဖွဲ့ကိုယ်စားလှယ်အဖြစ် မေဂျာမာရှယ်နှင့် မေဂျာဘရောင်း တို့ နှင့် မန္တလေးမြို့မှ မြို့မိမြို့ဖ၊ ရဟန်းသံဃာများ၊ အမျိုးသမီးများ၊ ကျောင်းသားများသည် မန္တလေးနေသူရိန်ရုံကြီးတွင် ခေတ်မီမန္တလေးမြို့တည်ထောင်ရေးဆုံးဖြတ်ချက်များ ချမှတ်ကြသည်။

အစည်းအဝေးတွင် အစိုးရဗိသုကာကြီးများဖြစ်သော မစ္စတာဘွတ်ရှ်နှင့် ဦးအုန်းသန်းတို့လည်း မန္တလေးသို့ ရောက်လာကြပြီး ဒီဇင်ဘာ ၂၆ ရက်နေ့တွင် မန္တလေးမြို့တော်သစ်ဖန်တီးရေးအတွက် ယာယီစီမံကိန်းများ ကို ရှင်းပြခဲ့သည်။

ဗြိတိသျှတို့၏ မြို့ပြအုပ်ချုပ်ရေးနှင့်အတူ ယခင် ပုလိပ်အမှုထမ်းများသည်လည်း မန္တလေးတွင် ပြန်လည်တာဝန် ထမ်းဆောင်ကြပြီဖြစ်သည်။

စစ်၏သားကောင် မန္တလေးကား ပြာပုံထဲမှ ရုန်းကန်ရှင်သန်လာမည့် ဖီးနစ်ဋ္ဌက် အဖြစ် အားယူနေပြီဖြစ်သည်။

သို့သော်ငြား.....

မြန်မာပြည်သို့ ပြန်ဝင်လာသည့် ဗြိတိသျှအစိုးရ၏ ဘုရင်ခံ ဆာဒေါ်မန်စမစ်၏ စက္ကူဖြူစီမံကိန်း၊ ပြည်ထဲရေးဝန်ကြီးဆာပေါထွန်း၏ တော်လှန်ရေးခေါင်းဆောင်များကို နှိပ်ကွပ်သတ်ဖြတ်မှုများကြောင့် ၁၉၄၆ ဧန်နဝါရီလတွင် နိုင်ငံရေးမတည်မငြိမ်မှုများပေါပေါက်လာခဲ့သည်။

ခေတ်မီမန္တလေးစီမံကိန်းသည်လည်း ရွှေပြည်တော် မျှော်တိုင်းဝေး အဖြစ်နှင့် ဆိုင်းငံ့လိုက်ရတော့၏။

.....

၁၉၄၆ မလေ။

စိန်ခါးမြောင်၊ဘမောင်၊လှမောင်၊ ခါလေး တို့သည် မန္တလေးသို့ ရောက်လာကြသည်။

ဂေါဝိန္ဒဆိပ်မှ အထွက် အေလမ်း တွင် လမ်းဗိုလ် ကပြားအရာရှိတစ်ဦး ကကြီးကြပ်လျက် မြန်မာကူလီများက ကတ္တရားစေးပြားများကို လိုက်ကပ်ကာ လမ်းများကို ပြင်ဆင်နေသည်။

“ဆရာကြီးရေ...အင်္ဂလိပ်ကတော့လမ်းတွေပြင်နေပြန်ပြီဗျို့”

“အေး..နောက်တစ်ခါ ဗုံးကြဲလို့ကောင်းအောင်နေမှာပေါ့ကွာ”

စိန်ခါးမြောင် ပြန်ဖြေလိုက်သောအဖြေကြောင့် မေးခွန်းရှင် ဘမောင် က တဟား ဟားအော်ရယ်သည်။
လမ်းပြင်နေသဖြင့် စိန်ခါးမြောင်တို့က လမ်းဘေးမှ ကပ်လျှောက်သွားသည်။
ထိုအချိန်တွင် ဆူဆူညံညံအသံများကြားရသည့်အတွက် စိန်ခါးမြောင်၊ဘမောင်၊ လှမောင်၊ ခါလေးတို့က က အသံကြားရာဆီလှည့်ကြည့်လိုက်သည်။
ကားတစ်စီးဆိုက်လာြခင်းဖြစ်ပြီး ထိုကားထဲသို့ လမ်းဗိုလ်ကပြားအပါအဝင် ကျန်သူများ အပြေးအလွှားပြေးသွားကြသည်ကို တွေ့ရသည်။
စိန်ခါးမြောင်က အခြေအနေကို စူးစမ်းသည်။
ကားပေါ်မှ ဆင်းလာသူကား ခမ်းနားလှသည်။
စစ်ဘေးစစ်ဒဏ်ကြောင့် နွမ်းပါးလှသည့်သူများအကြား သူကား တခမ်းတနား။
အဖြူရောင်ဥရောပဝတ်စုံ နှင့်။ ရွှေရောင်ကိုင်းတပ်စီးကရက်ကို ဟန်ပါပါခဲထား၏။
လမ်းဗိုလ်ကိုယ်တိုင်က အပြေးအလွှားခယနေသဖြင့် ကျန်အလုပ်သမားများကလည်း နေပူကြဲတဲတွင် လမ်းခင်းနေရာမှ ကြောက်လန့်တကြားဖြစ်ကုန်ကြသည်။
ထိုသူက အလုပ်သမားများနှင့် လမ်းအခြေအနေကိုကြည့်ကာ လမ်းဗိုလ်အား ဆူပူအော်ဟစ်နေသည်။
“အဲ့ဒါက ဘယ်သူလဲဗျ..ဝေလမင်းသားများလား”
စိန်ခါးမြောင်က လမ်းဘေးတွင် ကျောက်သယ်နေသော မြန်မာအလုပ်သမားတစ်ဦးကို မေးလိုက်သည်။
“ဘယ်ကသာဗျာ....လမ်းကန်ထရိုက်ရထားတဲ့ ကပြားကောင်လေ..မန္တလေးက လမ်းအတော်များများကို အစိုးရဆီက ကန်ထရိုက်ရထားတာ..မစ္စတာစတက်ဖင်တဲ့ဗျ...စစ်ကြီးပြီးလို့ သူများတွေ ငတ်နေချိန်မှာ သူက အစိုးရနဲ့ အဆင်ပြေအလုပ်တွေ အများကြီးရနေတဲ့ ကန်ထရိုက်ပေါ့.ကျုပ်တို့ လမ်းလုပ်သားတွေ အတွက်တော့ ခင်ဗျားပြောသလို ဝေလမင်းသားပေါ့ဗျာ..အဟက်”
“..နို့ ..သူက ကန်ထရိုက်ဆိုတော့ သူ့အလုပ်သူလုပ်မှာပေါ့ဗျ..ခင်ဗျားတို့က သူ့ကြည့်မရဘူးလား”
“အင်း..အဲ့လိုလည်းတော့မဟုတ်ပါဘူး..ကျွန်တော်တို့က နေပူထဲ ဒီလို ပူပူလောင်လောင်ဆင်းဆင်းရဲရဲလုပ်နေရတော့..အေးအေးဆေးဆေးစတိုင်ကျကျနဲ့ ငွေရတဲ့သူကို မနာလိုမိတာပါလေ”
“မနာလိုရအောင် သူက အတော်ချမ်းသာသလားဗျ”

“အာ..စစ်ပြီးခါစ မန္တလေးမှာ ဒီလူအချမ်းသာဆုံးဖြစ်လိမ့်မယ်။ မစိုးရိမ်ဒါယကာဦးသက်ရှည်တို့၊ဦးကျော်တို့ ချမ်းသာတာလောက်တော့ သူက ဒီအချိန်အပျော့ပြောမှာပဲ”

“နို့.သူက ဂလောက်ချမ်းသာတာလား..ကိုယ့်လူရဲ့”

“ခက်ပ..ငါ့လူနှယ့်...ပုလိပ်ဘက်ကများလား..သူချမ်းသာတော့ရော..ဘာလုပ်ဖို့တုန်း”

“အော်..ဘာရယ်..မဟုတ်ပါဘူး..အဲ့ဒီဝေလမင်းသားကို ဓါးပြတိုက်ရကောင်းမလားလို့ပါ”

“ဘာရယ်”

ရုတ်တရက် အံ့သြသွားသည့် လမ်းလုပ်သား၏ အမေးကို စိန်ဓါးမြှောင်က ပြန်မဖြေပဲ ခပ်ပြုံးပြုံးဖြင့် လှည့်ထွက်သွားသည်။

ထို့နောက် ကြင်အေးနှင့် ချိန်းဆိုထားသော အရှေ့ပြင်နန်းဦးကျောင်းသို့သွားရန် ဖြတ်လာသော မြင်းရထားကို ငှားလိုက်သည်။

ကြင်အေးသည် စိန်ဓါးမြှောင်၏ ညွှန်ကြားချက်အရ အရှေ့ပြင်နန်းဦးဘုန်းကြီးကျောင်းတွင် ရဟန်းတစ်ပါးအဖြစ် ဝတ်ဆင်ကာ အာဂန္တုအဖြစ် ကြိုတင်ရောက်နှင့်နေသည်။

စစ်ပြီးကာလဖြစ်သည့်အတွက် ကျောင်းတိုက်သံဃာများမှာ စုစည်းမရသည့်အပြင် မြန်မာပြည်အရပ်ရပ်မှ သံဃာများမှာ ပြန့်ကျဲနေသည်ကြောင့် ဆရာတော်မှာ ကြင်အေးကို တကယ့်ရဟန်းအစစ်ဟုသာ မှတ်ယူကာ ကျောင်းတွင်နေခွင့်ပြုထားလေသည်။

စိန်ဓါးမြှောင်၊ လှမောင်၊ ဘမောင်၊ ခါလေးတို့သည် ပခုက္ကူနယ်မှ အလုပ်ရှာလာကြသူများအဖြစ် ဆရာတော်ကို ဝင်ရောက်လျှောက်ထားကာ အရှေ့ပြင်နန်းဦးဘုန်းကြီးကျောင်းတွင် တည်းခိုနေကြသည်။

ကျောင်းတိုက်အတွင်း ရှိနှင့်ပြီးဖြစ်သော ဦးကိတ္တိ တဖြစ်လဲ ကြင်အေးက တည်ခိုသောကျောင်းဆောင်သို့ ရောက်လာကာ ညနေချမ်းအခါတွင် ဆရာဒကာများတရားဓမ္မရေးရာကို တိုင်ပင်ဆွေးနွေးကြသည်။

အမှန်တကယ်ကား မန္တလေးတွင် စိန်ဓါးမြှောင်ဓါးပြဂိုဏ်းအခြေချရန် ကြိုတင်စည်းဝေးနေကြခြင်းပင်ဖြစ်၏။

အစည်းအဝေးတွင် လူစုံတက်စုံပါဝင်ပြီး ခါလေးတစ်ယောက်သာ ညစာသွားရှာဝယ်နေသည်။

“ဒကာကြီး မဂ္ဂင်လမ်း ဖောက်ဖို့ရာ ဘယ့်နှယ့်တွေးထားတုန်း”

“တင်ပ.ပထမဆုံး.အနီးဆုံးစခန်းက သွားရမယ်တဲ့ဘုရား.မေမြို့နားက ဟာပေါ့..ကပြားကောင်ပါ..စတက်ဖင် လို့ ခေါ်တဲ့..လမ်းကန်ထရိုက်ပေါ့..မဂ္ဂင်လမ်းကတော့ အဲ့ဒီ စတက်ဖင်ပါပဲ.. အရှင်ဘုရားအလုပ်က. ဘယ်လိုနေနေ အတ္တာဟိ အတ္တာနောနဲ့ ဖောက်ရမှာပါပဲ.. ”

“စတက်ဖင်နော်..ဒကာကြီး...ဦးဇင်းရအောင် ဖောက်ပေးပါ့မယ်”

“တင်ပ.နောက်ထပ်က ဦးဇင်းကို လျှောက်ထားဖူးတဲ့ မြစ်လယ်က စကြာလက်နက်တွေ ရွေ့ဖို့ ကိစ္စပါ”

“အင်း..ဒကာကြီးအလို ကို ဦးဇင်း က ဖြစ်အောင် လုပ်ပေးရမှာပါပဲ...အဲ့ဒီး အတွက်မြောက်အိုးဘိုးကျောင်းမှာ ဦးဇင်းလူတွေထည့်ထားပြီးပြီ...ဒီထက် ပိုပြီး လုံခြုံပါတယ်”

သင်္ကန်းခြုံထားသော ကြင်အေးက ပြန်လည်ထွက်ခွာသွားသည်။

စိန်ခါးမြောင်နှင့် လှမောင်၊ ဘမောင်တို့သာ ကျန်ရစ်ပြီး ကျောင်းဆောင်တွင်းလှဲလျောင်းကာ စကားပြောနေကြ၏။

ထိုအချိန်တွင် မန္တလေးငါးမှတ်ဌာနမှ ပုလိပ်စာသင် ကိုတိုး နှင့် ပုလိပ်သားငါးယောက်သည် ကျောင်းတိုက်ပေါ်သို့ ရုတ်တရက် တက်ရောက်လာကြသည်။

လက်ထဲတွင် ရိုင်ဖယ်သေနတ်များကိုယ်စီနှင့်မို့ စိန်ခါးမြောင်တို့မှာ ရုတ်တရက် အံ့သြသင့်သွားကြသည်။

“ဟေ့ မင်းတို့ကို ဖမ်းတယ်”

“ဘာဖြစ်လို့များလဲဗျာ”

“ဟေ့..စကားမရှည်နဲ့...လက်ကိုမြှောက်ထား..အကုန်လက်ထိပ်ခတ်ဟေ့”

စိန်ခါးမြောင်က ရုတ်တရက် မတ်တပ်ထရပ်လိုက်သည်။

ကိုတိုးကိုင်ထားသော ခြောက်လုံးပြူးသေနတ်နှင့် လက်တကမ်းတွင် အသင့်အနေအထား နေရာယူလိုက်၏။

“ခဏနေပါဦးဗျ..ကျွန်တော်တို့ကို ဘာကိစ္စဖမ်းတာလဲ”

“ဟေ့..မင်းတို့...ဒီကျောင်းမှာနေတဲ့ ဦးကိတ္တိနဲ့တွေ့ကြတယ်မဟုတ်လား..ဦးကတ္တိခေါ်ကြင်အေး ဆိုတာ အစိုးရလမ်းတွေကနေ ကတ္တရာစေးပြားတွေခိုးရောင်းတဲ့ကောင်တွေကို ပွဲစားလုပ်ပေးနေတဲ့ကောင်ပဲ..မင်းတို့ ကတ္တရာစေးခိုးတဲ့ကောင်တွေမဟုတ်လား..ဟေ့..ဒီကောင်တွေကို ရှာစမ်း”

“တောက်”

စိန်ခါးမြောင်၏ တောက်ခေါက်သံက ကျယ်လောင်သွားသဖြင့် ပုလိပ်စာသင်ကို တိုးပင် မျက်မှောင်ကြုံ့သွား၏။

“ဘာလဲကွ.ကတ္တရာသူခိုးက...မာလှချည်လား..ငါ့ဘာမှတ်လဲ”

“ဟေ့ကောင်..ငါ့ရော..ဘာမှတ်လဲ..ကတ္တရာစေးသူခိုးမဟုတ်ဘူးကွ..ဒီမှာကြည့်”

စိန်ခါးမြောင်က ခါးတောင်းကောက်မြောင်လိုက်သောအခါ ပေါင်မှ ထိုးကွင်းဆေးနီများပေါလာသဖြင့် လက်ထိပ်ခပ်ရန်လာသော ပုလိပ်သားများမှာ နောက်သို့ တွန့်သွားကြသည်။

လှမောင်က ခြောက်လုံးပြူးသေနတ်ကို ထုတ်ကာ ကိုတိုးအား ချိန်ထားလိုက်သည်။

ပုလိပ်များ အကုန်လုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

“ဟေ့..လှမောင်..ယှဉ်ပစ်မနေနဲ့..ဒီကောင်တွေ ခေတ်သစ်အချုပ်ခန်း ဘယ့်နှယ့်လောက် လုံမလဲသွားကြည့်ကြမယ်..ဟေ့...ငါကတ္တရာပြားသူခိုးအဆင့်မဟုတ်ဘူးကွ...ငါ စိန်ခါးမြောင်ပဲကွ..လာဖမ်းချည်”

ပုလိပ်စာသင် ကိုတိုးသည် ခြောက်လုံးပြူးကို ကိုင်လျက် ပါးစပ်အဟောင်းသားဖြင့် စိန်ခါးမြောင်တို့ လူသိုက်ကို ကြည့်နေလေတော့သည်။

ဘုန်းကြီးအယောင်ဆောင် ကြင်အေးကား ပုလိပ်အခြေအနေကို အကဲခတ်ကာ ရှောင်ပြေးလေပြီ။

.....

(၅)မှတ်ပုလိပ်ဌာနသည် အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်တို့တစ်လျှောက် မန္တလေးတခွင် နာမည်ကျော်ခဲ့သော ခါးပြဗိုလ် စိန်ခါးမြောင်ကို မထင်မှတ်ပဲ ဖမ်းမိခဲ့လေသည်။

စိန်ခါးမြောင်အမှုတွဲများ ကျန်ရှိနေသော (၁၃)မှတ်ပုလိပ်ဌာနသို့ စိန်ခါးမြောင်ပါ (၂)ဦးကို လွှဲပြောင်းလိုက်သည်။

၁၃ မှတ် ပုလိပ်ဌာန၏ ဌာနအုပ်ကား အခြားမဟုတ်။

စိန်ခါးမြောင်အား စစ်ကိုင်းမှ ရှိန်းမကားသို့ ခေါ်ဆောင်ရာတွင် ပါဝင်ခဲ့သူ ဦးချစ်ပုံပင်။

ဂျပန်ခေတ် ဒုရဲဗိုလ်ဘဝတွင် စိန်ခါးမြောင်အဖွဲ့၏ နှပ်ချမှုကို ခံခဲ့ရသည့်အတွက် ဦးချစ်ပုံမှာ စိန်ခါးမြောင်ကို အထင်မသေးရဲတော့။

“ဘယ့်နှယ့်လဲ...အကိုကြီး..ဆုံကြပြန်ပြီနော့..ကျွန်တော်တို့ တယ်ရေစက်ဆုံတာပဲ..ဘယ်လိုလဲ ရှိန်းမကားတုန်းက ဥဒေါင်းမင်း ပရိတ်ရော..အလွတ်ရပြီလားဗျ”

အချုပ်ခန်းသို့ အဝင် ကိုယ်ရေးမှတ်တမ်းများစိစစ်နေစဉ် စိန်ဓါးမြှောင်၏ အပြောကြောင့် ဦးချစ်ပုံမှာ မျက်စိမျက်နှာပျက်သွား၏။
ဌာနရှိ ပုလိပ်သားများမှာ နာမည်ကျော် ဓါးပြဗိုလ် စိန်ဓါးမြှောင်အား ဖမ်းမိသည့်အတွက် ကျေနပ်နေကြသော်လည်း ဦးချစ်ပုံမှာ ရင်တထိတ်ထိတ်နှင့်။
နောက်ဆုံးတွင် ဌာနအုပ် ဦးချစ်ပုံ က ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။
မန္တလေးတိုက်ပိုင်ရဲရာဇဝတ်ဝန်ဦးဘအေး ထံကြေးနန်းပို့လိုက်ခြင်းပင်။
ဂျပန်ခေတ်ရဲဌာနလက်ထက်က စစ်ကိုင်းတွင် စိန်ဓါးမြှောင်အား ဖမ်းခဲ့ဖူးသူ ဦးဘအေးကလည်း စိန်ဓါးမြှောင်ဆိုသည်နှင့် အခြေအနေကို နားလည်လိုက်သည်။
ဦးချစ်ပုံ တောင်းဆိုသည့်အတိုင်း စိန်ဓါးမြှောင်အား ၁၃ မှတ်ရဲစခန်းတွင် ရုမန်ယူကာ မန္တလေးထောင်ကြီးချုပ်သို့ လွှဲပြောင်းချုပ်နှောင်ရန် အမိန့်စာကို ချက်ချင်းဆက်သားဖြင့် ပို့ပေးလိုက်၏။
စိန်ဓါးမြှောင် တို့ လူစုကား နာမည်ကျော် မန္တလေးနန်းတွင်းထောင်ကြီးဖြင့် စတင်မိတ်ဆက်ရပေပြီ။

.....

ဇွန်လတိုင်ခဲ့ပြီ။
“စိန်ဓါးမြှောင်ခေါ် မောင်ကလေး ဧည့်တွေ့လာတယ်”
ထောင်ကြီးချုပ် အိပ်ဆောင်အတွင်း လှဲလျောင်းနေသည့် စိန်ဓါးမြှောင် ဆတ်ခနဲဖြစ်သွားသည်။
စိန်ဓါးမြှောင်၊ ဘမောင်၊ လှမောင်တို့မှာ ထောင်ကြီးချုပ်အတွင်း တစ်လကြာနေခဲ့ရပြီး အပြင်လောကနှင့် အဆက်အသွယ်ပြတ်နေခဲ့သည်။
တရားရုံးမှ မတ္တရာဓါးပြမှုတရားခံကွင်းဆက်အဖြစ် လှမောင်ကို ထောင် (၇)နှစ် ချက်လိုက်ပြီဖြစ်သည်။
သို့သော်ငြား ထောင်ကြီးအတွင်း ဂျပန်စစ်သုံ့ပန်းများပြည့်နေသဖြင့် လှမောင်ကို ထောင်ကြီးချုပ်တွင်သာ ထားရှိနေသေး၏။
စိန်ဓါးမြှောင်နှင့် ဘမောင်တို့ကား သက်သေမရှိသဖြင့် ဓါးပြမှုများကို ဆက်လက်စစ်ဆေးနေဆဲပင်။
ထိုအချိန်တွင် ထူးထူးခြားခြား စိန်ဓါးမြှောင်ကို ဧည့်တွေ့ရောက်လာသည်။
ထောင်ဝင်စာအခန်းရှေ့သစ်သားချောင်းများကြားတွင် အမျိုးသမီးအရိပ်တစ်ခု တွေ့သည်နှင့် စိန်ဓါးမြှောင် ၏ ရင်ဘတ်တစ်ခုလုံး ဒိန်းဒလိန်းနတ်ဖမ်းစားသလို လှုပ်ခါသွားရသည်။

သို့သော်...နီးကပ်လာသည့်အခါ..
“ဆရာကြီး”
စိန်ခါးမြောင်က အမျိုးသမီးကို သေချာကြည့်လိုက်သည်။
မြကြည်မှ မဟုတ်တာပဲ။
“အနှင်း..မြကြည်ရော..”
“မမကြည် ရှိပါတယ်..ဆရာကြီး”
“မှားနေပြီ..နင်လာတွေ့ရမှာ..လှမောင်ကြီးကိုလေဟာ”
“ကျွန်မကို မမြကြည်လွှတ်လိုက်တာ”
“အင်း..တော်ပါသေးရဲ့.ကိုယ်တိုင်လာမတွေ့တာပဲ..ငါတော့ သူမျက်နှာမြင်ရရင်..စိတ်ကောင်းမယ်မထင်ဘူးဟ”
“မမကြည်ကလည်း ဆရာကြီးကို တသသပြောနေတာပါပဲ”
“နင်က ဘယ့်နှယ့်လုပ် လာတွေ့လို့ရတာလဲ”
“ဆရာကြီးရဲ့ညီမဆိုပြီးလာတွေ့တာ..ထောင်ကအရာရှိတွေကို ကိုခါလေးက ငွေလည်း တော်တော်ပေးလိုက်ရတယ်”
“ခါလေး..အင်း..ဒီကောင်လည်ပေလို့သာပဲ..ဒါနဲ့ ဟိုကောင်ကြင်အေးရော”
“ကိုကြင်အေးလည်း မမကြည်ကို စောင့်ရှောက်ပါတယ်..သူလည်း လည်သလိုလုပ်စားတာမိတာ.မထင်မှတ်ပဲ ဆရာကြီးတို့ ယုန်ထောင်ကြောင်မိဖြစ်သွားတော့ အတော်စိတ်မကောင်းဖြစ်နေတယ်”
“အင်း..ခွေးမသားငြိုလ်ဆိုးလေး.ငါ့ကိုတော့ အတော်မွှေသဟော့"
“အခု ဆရာကြီးတို့အတွက် ကောက်ညှင်းကျည်တောက်လေး လာပေးတာပါ..မမြကြည်ကိုယ်တိုင်လုပ်ထားတဲ့ ကောက်ညှင်းကျည်တောက်...”
“ဘာ..မြကြည်လုပ်တဲ့ ကောက်ညှင်းကျည်တောက်..”
အမေးကို မနှင်းက မဖြေပဲ စိန်ခါးမြောင်၏ မျက်လုံးကို စိုက်ကြည့်ပြီး ပြုံးလိုက်သည်။
“ဆရာကြီးရဲ့တဖွဲ့လုံးက ဂျပန်ခေတ်မှာ ရသမျှတွေ စုပုံအော်ပြီး ကျွန်မ ဒီကိုလာလို့ရအောင်၊ ဆရာကြီးအတွက် ကောက်ညှင်းကျည်တောက်စားလို့ရအောင် ကြိုးစားခဲ့ကြတာပါ.....ဆရာကြီး ကျန်းကျန်းမာမာရှိတာကို မမကြည်ကလည်း မြင်ချင်လှပါပြီတဲ့”
စိန်ခါးမြောင် ငိုင်ဆင်းသွားသည်။

သို့သော် ချက်ချင်းပင် ခေါင်းမော့ပြီး ပြုံးလိုက်၏။
“အင်း..ငါ ကောက်ညှင်းကျည်တောက်ကြိုက်တတ်တာ..သူ သိသားပဲ..ဒါနဲ့ ဘယ်မှာလဲ ကောက်ညှင်းကျည်ထောက်က”
“ကျွန်မတို့ သေချာစီစဉ်ထားပါတယ်.ဆရာကြီး ထမင်းစားချိန်အမီ အဆောင်ကို ရောက်နေပါလိမ့်မယ်”
ထိုအချိန်တွင် အစောင့်ဖြစ်သူ ပန်ချာပီထောင်ဝါဒါက အချိန်စေ့ကြောင်း အော်ဟစ်လိုက်သည်။
“ကဲ..အနှင်း..ပြန်တော့...တကယ်ကျေးဇူးတင်တယ်”
မနှင်း ၏ မျက်ဝန်းများက ရုတ်တရက် ရီဝေသွားသည်။
“ဆရာကြီး...ခဏာ”
ပြန်လှည့်ထွက်ခါနီး စိန်ခါးမြောင်က မနှင်း ကို ကြည့်လိုက်သည်။
“ဘာများလဲ..အနှင်း”
“ကိုလှမောင်ကို ကျွန်မ သတိရတယ်လို့ ပြောပေးပါ”
ပြောပြီးသည်နှင့် ချာခနဲလှည့်ထွက်သွားသော မနှင်း၏ ပါးပြင်တွင် မျက်ရည်စတို့ ကျနေသည်လား စိန်ခါးမြောင် မမြင်နိုင်တော့။
.....
ကောက်ညှင်းကျည်တောက်။
ဧည့်တွေ့မှ ပြန်လာသော စိန်ခါးမြောင်ကို ထောင်ကြီးချုပ်အဆောင်တွင် ဘမောင်၊ လှမောင်တို့နှင့်အတူ ထောင်ဝါဒါတစ်ဦးလာပေးသော ကောက်ညှင်းကျည်တောက်က စောင့်လျက်ကြိုနေ၏။
“ဆရာကြီး မမကြည် လာတွေ့တာလား..ကျွန်တော့် အနှင်းရော..ဆရာကြီး”
“မင်း..အနှင်းလာတာ..လှမောင်”
“ဗျာ.....အနှင်း....လာတာ”
“အေး..ကောက်ညှင်းကျည်တောက် က သူပဲ သွင်းပေးတာ”
“ကောက်ညှင်းကျည်တောက်ကြီး ဘာြဖစ်လို့ လာပို့ရတာလဲ”
ဘမောင် ၏ အမေးကို စိန်ခါးမြောင်က ပြုံးလိုက်သည်။
စိန်ခါးမြောင်က ဘမောင်ပုခုံးကို ဖက်ကာ ခပ်တိုးတိုး ပြောလိုက်၏။
“အဲ့ဒါ..ငါတို့ကို လွတ်မိန့်ပေးလိုက်တာကွ”

“ဗျာ.ဘယ်သူကလဲ..”
“မြကြည်ကလေ”
"ဟင်"
"မဟင်နဲ့..ဟေ့ကောင်.ငါတို့ ထောင်ဖောက်ကြမယ်"
ကောက်ညှင်းကျည်တောက်နှင့် ထောင်ဖောက်မည်ဆိုသဖြင့် ဘမောင်မှာ အံအားသင့်သွားသည်။
လှမောင် ကတော့ သူတို့နှစ်ဦး၏ ပဟေဠိဝှက်တမ်းကို မသိသလို ငေါင်ငေါင်ကြီး ရပ်နေ၏။
အနှင်းလာပါလျက်နှင့်.....သူ့ကို လာမတွေ့.....အဘယ်ကြောင့်..အနှင်း နှင့် တွေ့ရသူမှာ..သူမဟုတ်ရလေသနည်း။
……
……
……

အခန်း(၁၄)

“မကြာခင် ဝါဝင်တော့မှာမို့....ကျွန်တော်တို့ အဆောင်ထဲမှာ ညတိုင်းပရိတ်ကြီး ဆယ့်တစ်သုတ်ရွတ်ပါရစေ”

မန္တလေးထောင်၏ ထောင်မှူးကြီး ဦးစံတင်သည် အပတ်စဉ်သောကြာနေ့တိုင်း ထောင်ကျများ၊အချုပ်သားများကို လိုက်လံစစ်ဆေးစဉ် စိန်ဓါးမြှောင်က တင်ပြခြင်းဖြစ်သည်။

“အိပ်ဆောင်ကလူတွေ သဘောတူရင် ရွတ်ပေါ့..ဘာသာရေးပဲ”

“ကျွန်တော်အဆောင်ကလူတွေတချို့ပါ ရွတ်ကြမှာပါ..ထောင်မှူးကြီး”

“ဘယ်အချိန်ရွတ်မှာလဲ”

“ညနေတန်းပိတ်ပြီး အိပ်ခါနီးရင် ရွတ်မှာပါ”

“ဟုတ်ပြီ..အရမ်းဆူဆူညံညံတော့မရဘူးနော်”

“ပရိတ်က ဘေးကင်းစေပါတယ်...ကြားရသူတိုင်းလည်း သာဓုခေါ်ဆိုလို့ရရုံ ရွတ်မှာပါဗျ”

ထောင်မှူးကြီးဦးစံတင်က ခေါင်းညိတ်လျက် ရှေ့သို့ ဆက်သွားသည်။

အိပ်ဆောင်တွင် ခေါင်းဆောင်ဖြစ်နေသော စိန်ဓါးမြှောင်ကို အဆောင်သားများက ဝိုင်းကြည့်နေကြ၏။

“ကဲ..မင်းတို့အားလုံး ပရိတ်ရွတ်ရမယ်..မရွတ်ချင်တဲ့ကောင်ရှိလား”

“ရွတ်ပါ့မယ်..ဆရာကြီး”

အိပ်ဆောင်အတွင်းသာမက မန္တလေးထောင်တစ်ခုလုံးတွင် စိန်ဓါးမြှောင်၏ ဩဇာကို လွန်ဆန်ဝံ့သူအကျဉ်းသား မရှိချေ။

ဘမောင်၊ လှမောင်ညီအစ်ကိုအပြင် ရွှေဘိုနယ်မှ နာမည်ကြီးခါးပြများဖြစ်ကြသော လှပို၊ မောင်ဘို၊ဘသန်းတို့ ကလည်း ထောင်ထဲတွင်ပင် စိန်ဓါးမြှောင်၏ တပည့်အဖြစ်ခံယူကြသည်။

ထိုနေ့ည မှ စကာ မန္တလေးထောင်တွင်းရှိ စိန်ဓါးမြှောင်တို့ နေထိုင်သော သစ်သားဆောင်တွင် ပရိတ်တရားသံများ၊ မေတ္တာပို့သံများ ကြားရတော့၏။

စစ်ပြီးစ မန္တလေးထောင်သည် စစ်အတွင်းက ပျက်စီးခဲ့မှုများကို ဖြစ်သလို ပြန်လည်ပြင်ဆင်ကာ ဖွင့်လှစ်ထားသည့် ထောင်ဖြစ်သည်။

ခေတ္တဘုရင်ခံဆာဟင်နရီနိုက်က စစ်သုံ့ပန်းအများစုရှိသော ရန်ကုန်ထောင်ကြီးကို သာ အစိုးရဘတ်ဂျက်ထဲမှ အကုန်ကြခံ ပြင်ပြင်စေပြီး အထက်မြန်မာပြည်ရှိ ထောင်များမှာမူ အစိုးရအထောက်အပံ့အပြည့်အစုံမရရှိသေး သဖြင့် ဒေသ ဆိုင်ရာအရာရှိများက တတ်နိုင်သမျှနှင့်သာ ပြုပြင်ထိန်းသိမ်းနေရချိန်ဖြစ်သည်။
စိန်ခါးမြောင်တို့ရှိနေသော မန္တလေးထောင်ရှိ အကျဉ်းသားအိပ်ဆောင်များမှာ တစ်ဖက်ပိတ်သစ်သားတန်းလျားကြီးများ ဖြစ်သည်။
တန်းလျားများအပေါ်ဘက် ခေါင်မိုးအနားတွင် လေဝင်လေထွက်ရစေရန် လေးနှစ်သစ်သားများကို တစ်တိုင်စီခြားကာ ကာရံပေးထား၏။
၁၉၄၆ ဇွန်လ ၂၄ ရက်။
စိန်ခါးမြောင်အဖွဲ့ ပရိတ်စရွတ်သည်မှာ လေးရက်မြောက်သောနေ့။
မိုးနည်းလှသော မန္တလေးတွင် ထိုညနေက မိုးက သဲသဲမဲမဲရွာချလိုက်သည်။
မိုးသဲသဲကို ကြောက်တတ်သော မန္တလေးသားတို့ အကျင့်အတိုင်း ထောင်အမှုထမ်းတို့မှာလည်း ထောင်ပိတ်ပြီးသည့်နှင့် တာဝန်ကျရာအဆောင် အသီးသီးတွင် စောင်ခြုံလျက် ငိုက်နေကြတော့သည်။
စိန်ခါးမြောင်တို့ နေထိုင်ရာ အဆောင်(၁)မှ ပရိတ်ကြီး(၁၁)သုတ်သံကား မိုးသံနှင့် အတူ ညီညီညာညာစတင်ထွက်ပေါ်လာ၏။
စိန်ခါးမြောင်က ရှေ့ဆုံးမှ ဦးဆောင်ကာ ရွတ်ဆိုသည်။
စိန်ခါးမြောင်က ရွတ်ဆိုနေရင်း...နောက်သို့ ရုတ်တရက်လှည့်ကာ တပည့်များကို မျက်ရိပ်ပြလိုက်သည်။
လုပိန္နင့် မောင်ဘိုက အဆောင်နံရံနားသို့ ကပ်သွားကာ ယှဉ်လျက် ငုတ်တုတ်ထိုင်လိုက်၏။
သူတို့နှစ်ဦး၏ ပုခုံးပေါ်သို့ ဘမောင်က တက်လိုက်သည်။
ဘမောင်၏ ပခုံးပေါ်သို့ လှမောင်က တက်လိုက်သည်နှင့် အောက်မှ နှစ်ယောက်က ဖြည်းဖြည်းချင်း မတ်တပ်ရပ်လိုက်ကြသည်။
၁၂ ပေခန့်မြင့်သော အဆောင်ကြီး၏ ခေါင်မိုးနားမှ လေးနှစ်ချောင်းများ ကာထားသည့်နေရာကို မှီသည်နှင့် လှမောင်က တွယ်တက်ကာ ယက်မပေါ်တွင် နေရာယူလိုက်သည်။
ထို့နောက် ခါးကြားတွင် ထိုးထားသော ဒိုင်းလွှငယ်ကို ထုတ်လိုက်၏။
ထိုဒိုင်းလွှသည် လွန်ခဲ့သောရက်က မနှင်း က ကောက်ညှင်းကျည်တောက်ထဲတွင် ဝှက်ကာ ခိုးသွင်းလာခြင်းဖြစ်သည်။

လူမောင် အပေါ်ရောက်သွားသည်နှင့် ကျန်သူများက ကိုယ့်နေရာကိုယ်ပြန်နေကာ ပရိတ်ဆက်ရွတ်နေကြသည်။
လူမောင် က လေးနှစ်သစ်သားကို ဒိုင်းလွှဖြင့် ဖြတ်နေသော အသံကို မိုးသံနှင့် ပရိတ်ရွတ်သံများက ဖုန်းလွှမ်းထားလေ၏။
လွန်ခဲ့သော ရက်များကတည်းက သစ်သားတန်းသုံးချောင်းကို ထိုနည်းအတိုင်း ဖြတ်ကာ ဖြုတ်ယူရရုံ တည်းတည်းထားခဲ့ခြင်းဖြစ်သည်။
ပရိတ်ကြီးဆယ့်တစ်သုတ်ပြီးချိန်တွင်တော့ နောက်ဆုံးသစ်သားတန်းကို လူမောင် က လွှနှင့်တိုက်ပြီးသွားပြီဖြစ်သည်။
တည်းထားသော သစ်သားများ ဖြုတ်လိုက်ပါက လူတစ်ယောက်ဝင်ထွက်နိုင်ပြီ ဖြစ်သည်။
အိပ်ချိန်သံချောင်း ခေါက်ပြီးသည်မှာ အတော်ပင်ကြာခဲ့ပြီ။
မိုးက ပိုမိုသဲလာ၏။ ည ၁ နာရီမို့ တစ်ထောင်လုံးနီးပါးမှာ မိုးသံအောက်တွင် အိပ်မောကျနေကြသည်။
အဆောင်အသီးသီးရှိ ညအိပ်ဆောင်ဘာရာတာဝန်ကျ အကျဉ်းသားတို့၏ တစ်နာရီခြား သတင်းပို့အော်သံကား မိုးသံအောက်တွင် ကြားတစ်ချက်မကြားတစ်ချက်။
ထိုအချိန်တွင် အိပ်ဆောင်(၁)အပြင်ဘက်နံရံမှ မဲမဲအရိပ် ခြောက်ခု တွယ်ဆင်းလာကြသည်။
စစ်အတွင်းက ဗုံးထိသဖြင့် အနည်းငယ်ပြိုပျက်နေသော ထောင်အနောက်ဘက် အုတ်ရိုးဆီ မိုးရေထဲ ပြေးသွားကြသည်။
မကြာမီ ထောင်သံချောင်းခေါက်သံများ ဆူညံလာတော့၏။
ထောင်ဝါဒါများက မီအုပ်ဆောင်းများကိုင်ဆောင်ကာ မိုးသဲသဲထဲ လိုက်ဖမ်းကြသော်လည်း ပြေးသွားသူများကို မမီလိုက်ချေ။
ထွက်ပြေးသူများမှာ ပြင်ဆင်နေဆဲ အုတ်ရိုးပေါ်သို့ ရေစိုပုဆိုးများဆက်ထားသည့် ကြိုးဖြင့် ကျော်တက်လွတ်မြောက်သွားကြပြီဖြစ်သည်။
ထောင်အရာရှိတို့က ချက်ချင်းထောင်လှန်လိုက်ကြပြီး တန်းစီလူစစ်တော့သည်။
မကြာမီ ထောင်မှူးကြီးဦးစံတင် က အထက်အရာရှိအဆင့်ဆင့်နှင့် ရဲခရိုင်ဝန်ရုံးထံ ကြေးနန်းရိုက်လိုက်လေသည်။
“ထောက်ဖောက်ပြေးသည့် အကျဉ်းသားများစာရင်း”

(၁) စိန်ခါးမြှောင် (ခ) မောင်လေး(ခ)ဆရာသိန်း (အချုပ်၊ ခါးပြဲမှုများဖြင့်စစ်ဆေးဆဲ)

(၂) ဘမောင် (အချုပ်၊ ခါးပြမှုများဖြင့်စစ်ဆေးဆဲ)

(၃) လှပို (အချုပ်၊လုယက်မှုဖြင့် စစ်ဆေးဆဲ)

(၄) မောင်ဘို (အချုပ်၊ ခါးပြမှုဖြင့် စစ်ဆေးဆဲ)

(၅) လှမောင် (ထောင်ကျ၊အကျဉ်းသားနံပါတ် ၃၀၄၊ ငါန်းဇွန်းဌာန ခါးပြမှုပုဒ်မ ၃၉၅၊ ထောင်ခုနှစ်နှစ်၊ ကျန်အမှုများစစ်ဆေးဆဲ)

(၆)ဘသန်း (ထောင်ကျ၊အကျဉ်းသားနံပါတ် ၄၈၉၊ ရွှေဘိုဌာန ခါးပြမှုပုဒ်မ ၃၉၅၊ ထောင်ခုနှစ်နှစ်

.....

မန္တလေးထောင်ကြီးမှ ထွက်ပြေးလွတ်မြောက်သွားသော လူဆိုးဗိုလ်စိန်ခါးမြှောင်ခေါင်းဆောင်သည့် အဖွဲ့များကို မန္တလေးမြို့ပေါ် ရှိ ပုလိပ်ဌာနအသီးသီးမှ ပုလိပ်များက တပ်လှန့်ပြီး လိုက်လံရှာဖွေတော့သည်။

သို့သော် စိန်ခါးမြှောင်တို့ကိုကား အစအနမျှပင်မတွေ့။

နံနက် (၄)နာရီခန့်တွင် မန္တလေး (၁၉)မှတ်ဌာနမှ ပုလိပ် တပ်ကြပ်မောင်ဖေသည် စိန်ခါးမြှောင်ရှာဖွေရေးတာဝန်မှ တန်းဖြုတ်ပေးလိုက်သဖြင့် အလယ်ဘောင်ရပ်ရွာမိမိ၏ နေအိမ်သို့ ပြန်စဉ် ယခင်က လူမရှိသော အိမ်တစ်လုံးတွင် မီးအိမ်ကလေးလင်းနေသည်ကို သတိထားမိသွားသည်။

မောင်ဖေ သည် ဂျပန်ခေတ်ကတည်းက ပုလိပ်လုပ်ခဲ့သူဖြစ်ပြီး ဆာသင်ဘသာ၊ စိန်ပန်းပေါက်ကျော်တို့နှင့်အတူ စိန်ခါးမြှောင်ကို ဖမ်းရာတွင် ပါဝင်ခဲ့ဖူးသူဖြစ်သည်။

မောင်ဖေ က စက်ဘီးကို ချက်ချင်း ပြန်လှည့်ကာ (၁၉)မှတ်ဌာနသို့ သွားပြီး ဌာနအုပ် မစ္စတာဟူကွန်မဆင်ထံ သတင်းသွားပို့လေတော့သည်။

အိမ်ဝိုင်းလေးပေါ်တွင် ရှိနေသော စိန်ခါးမြှောင်၊ မြကြည်နှင့် တပည့်များကတော့ သူတို့ အချိန်းအချက်ပြု ခိုအောင်းရာအိမ်ရှေ့သို့ ပုလိပ်သားတစ်ဦး ရောက်လာသည်ကို မသိကြ။

အိမ်ရှေ့လှေကားတွင် ကင်းစောင့်ထားထားသူက လှမောင်။

သို့သော် အနှင်းက လှမောင်၏ ရင်ခွင်ထဲသို့ဝင်ကာ ခြောက်လုံးပြူးတစ်လက်ဖြင့် လှမောင်၏ ပေါင်ကြားနေရာအနှံ့သို့ လိုက်ထောက်ကာ ကျိစားနေသဖြင့် လှမောင်ကြီးမှာ ဖရဏပတီဂွမ်းဆီထိလျက် တလောကလုံးကို မေ့လျော့နေသည်။

အိမ်ထဲတွင်တော့ ဘမောင်၊လှပို၊မောင်ဘို၊ဘသန်းတို့ သည် မမြဲကြဲည်က ဇလုံးကြီးဖြင့် နယ်ပေးထားသော ပုန်းရည်ကြီးနှင့် ထမင်းကို ဇွန်းတစ်ချောင်းဖြင့် အလုအယက်စားနေကြသည်။

ခါလေးက ငန်းနက်တို့ထံမှ သွားရောက်သယ်ယူထားသည့် သေနတ်ငါးလက်ကို မည်သူ မည်သည့်လက်နက်ပေးရမည်ဆိုသည်ကို ခွဲတမ်းချပေးနေ၏။

အိပ်ခန်းအတွင်းတွင်တော့ ထောင်နံရံမှ ခုန်ချလာစဉ် ထိရှခဲ့သည့် စိန်ခါးမြှောင်၏ ရင်ဘတ်မှ ဒဏ်ရာများကို စိန်ခါးမြှောင်ဖော်စပ်ထားသည့်ဆေးဖြစ်သည့် ကုက္ကို မြစ်ခေါက်အမှုန့်ဖြင့် လိမ်းပေးနေ၏။

ထိုစဉ် အိမ်ကလေးသို့ ပုလိပ်အင်အား ငါးဆယ်ခန့်က တဖြည်းဖြည်း ဝိုင်းလာလေတော့သည်။

“ဒိန်း” ခနဲ အသံနှင့်အတူ ခြံဝသို့ ပုန်းလျှိုးကာဝင်လာသည့် ပုလိပ်အရာရှိမှာ ခွေခနဲ လဲကျသွား၏။

လှမောင်ရင်ဘတ်ထဲတွင် ခိုဝင်နေသော အနှင်း ၏ ခြောက်လုံးပြူးမှ ထွက်လာသော ကျည်ဆံဖြစ်သည်။

လှမောင်မှာ သူ့အနားမှ ရုတ်တရက်ထွက်လာသော သေနတ်သံကြောင့် လန့်ဖြန့်သွားသည်။

“ကိုလှမောင်..အထဲဝင်..အထဲဝင်”

လှမောင်က ဘာလုပ်ရမှန်းမသိသဖြင့် ကြောင်တက်တက်ဖြင့် အထဲဝင်ပြေးသည်။

အနှင်းက ခြောက်လုံးပြူးကို ကိုင်ပြီး နောက်တစ်ချက် မှောင်ရိပ်ထဲမှ လူစုစုထံ နောက်တစ်ချက် ထပ်ပစ်ချလိုက်၏။

ထောင်ပြေးများကိုလာဖမ်းသော ပုလိပ်များမှာ သူတို့အား ခြောက်လုံးပြူးနှင့် မတ်တပ်ရပ်ကာ တစ်ချက်ချင်း ပစ်နေသော အမျိုးသမီးကို ကြောင်ကြည့်နေကြသည်။

အိမ်ထဲတွင်တော့ စိန်ခါးမြှောင်တို့သည် လက်နက်ကိုယ်စီဆွဲကာ အသင့်နေရာယူနေကြပြီဖြစ်သည်။

ပြေးဝင်လာသော လှမောင်ကို စတင်းဂန်းကိုင်ထားသော ဘမောင် က လှမ်းအော်လိုက်၏။

“ဟေ့ကောင်..လှမောင်...အနှင်းလေးရော..အနှင်းလေး”

ထိုအချိန်မှ လှမောင်မှာ အနှင်းကို သတိရသွား၏။

“ဟာ…ဒီကောင်ကတော့ကွာ”
ဘမောင်က စတင်းဂန်းကို ကိုင်လျက် ရှေ့သို့ ပြေးထွက်သွားသည်။
အနှင်းက ခြောက်လုံးပြူးနှင့် နောက်တစ်ချက်ပစ်ခတ်ချိန်တွင် ဘမောင်က အိမ်ရှေ့သို့ ရောက်လာသည်။
ဘမောင်ကို မြင်မှ ပုလိပ်အရာရှိက ပစ်မိန့်ပေးလိုက်သဖြင့် သေနတ်သံများ ဆူညံသွားသည်။
ဘမောင်က မနှင်းကို ခုန်အုပ်လိုက်သဖြင့် ကြမ်းပြင်ပေါ် လဲကျသွားသည်။
ကျည်ဆံများက အိမ်ကလေးထဲ ပလူပျံကုန်သည်။
“လှမောင်..ဘမောင်နဲ့အနှင်းကို သွားဆွဲ..ခါလေး ဘရင်းဂန်း ထုတ်ခဲ့”
မောင်ဘို ၊ လှပို၊ ဘသန်းတို့ မှာ သေနတ်များ ကိုင်ပြီး ယောင်နနဖြစ်နေကြသည်။
ရွှေဘိုဘက်တွင် လက်နက်မဲ့သူများကိုသာ ခါးပြတိုက်ခဲ့သူများဖြစ်သဖြင့် ပုလိပ်များ လက်နက်အစုံနှင့် လာဝိုင်းခံရသည့်အခါ မည်သို့ ခုခံရမည်မသိ။
စိန်ခါးမြောင်က ပြတင်းပေါက်မှ ထွက်ကာ ခြောက်လုံးပြူးနှင့် ထပစ်သည့်အခါမှ သူတို့လည်း နေရာယူကာ ပြန်ပစ်ကြသည်။
“ညီလေး..ငါကာပစ်မယ်…အနှင်းကို လွတ်အောင်ခေါ်စမ်း”
လှမောင်ထံတွင် သေနတ်မပါ။
ကျည်ဆံများက သူတို့ခေါင်းပေါ်တွင် ပလူပျံနေ၏။
ဘမောင်က တစ်ဖက်သို့ လှိမ့်ထွက်လိုက်ပြီး စတင်းဂန်းဖြင့် ပုလိပ်အုပ်ထဲ ဆွဲထည့်သည်။
ပုလိပ်များက ဘမောင်ကို မဲပစ်နေချိန် လှမောင်က အနှင်းကို ဆွဲကာ အိမ်ထဲဝင်ပြေး၏။
“ဘမောင်..ပြန်ဆုတ်တော့”
စိန်ခါးမြောင်၏ အော်သံ ထွက်လာသည်။
ဘမောင် ကား ကျည်ဆံတို့ထိမှန်ထားသည့်ကြားမှ လှေကားလက်ရမ်းတွင် ဒူးထောက်လျက် စတင်းဖြင့် ခံပစ်နေသည်။
ခါလေးက ဘရင်းဂန်းကို မ လာကာ အိမ်ရှေ့သို့ မွှေရမ်းပစ်လိုက်သည်။
ပုလိပ်အဖွဲ့ကား စက်သေနတ်ပါမှန်းသိသဖြင့်အနောက်သို့ ပြန်ဆုတ်ကြ၏။
“လှမောင်…မြကြည်နဲ့အနှင်းကိုခေါ် ပြီး ပြေး…ကျန်တဲ့သူတွေလူစုခဲ့ကြ..ငါနဲ့ ခါလေး ခံပစ်ထားမယ်. မနက်ဖန်ည့နေ စစ်ကိုင်း ကောင်းမွတောဘုရားမှာ အားလုံး

စုံမယ်”

လှမောင်တို့ လူစုထွက်သွားပြီး အိမ်ထဲတွင် ခါလေးနှင့် စိန်ခါးမြောင်သာကျန်ရစ်တော့သည်။

ပုလိပ်ဘက်မှ အရေးအတန်ငယ်နှိမ့်နေပြီးနောက် ခဏအကြာတွင် စက်သေနတ်စစ်ကူရောက်လာသည်။

စက်သေနတ်နှစ်လက်ပါလာသည့်အခါမှ ပုလိပ်များက အရဲကိုးကာ အိမ်ထဲ ဝင်လာကြ၏။

အိမ်ထဲက ဘရင်းဂန်းသံကတော့ စဲမသွား။

ပုလိပ်အချို့သည် ကျည်ဆံများကြားမှ အိမ်အတွင်းသို့ ဝင်လိုက်သောအခါ ပစ်သည့်ခလုတ်ကို ကြိုးပူးချည်ကာ ထောင်ထားခဲ့သည့် ဘရင်းဂန်းတစ်လက်ကိုသာ တွေ့လိုက်ရတော့သည်။

စိန်ခါးမြောင် ကား ကိုယ်ပျောက်သွားခဲ့ပြန်ပြီ။

လွန်ခဲ့သည်နှစ်အနည်းငယ်က မိဘမဲ့ညီအစ်ကိုနှစ်ယောက်သည် သူတို့အား အခကြေးအနည်းငယ်ဖြင့် သိုင်းပညာသင်ပေးခဲ့သည့် ဆရာကြီးကို ခါးပြတ်ရာပါ ပစ္စည်းများနှင့် လာကန်တော့ရာမှာ ဤဇာတ်လမ်း ကို စတင်ခဲ့သည်။

ထိုစတင်ခဲ့သူ ညီအစ်ကိုနှစ်ယောက်ထဲမှ စိန်ခါးမြောင်၏ ချစ်လှစွာသောတပည့်ကြီး ဘမောင် သည် ယခုတော့

ကျည်ဆံအချက်ပေါင်းများစွာြဖင့် လဲကျသွားခဲ့ပြီ။

ဆရာဖြစ်သူ စိန်ခါးမြောင်အတွက်၊ တစ်ဦးတည်းသောညီကလေး လှမောင်အတွက်၊ လှမောင် ချစ်သော အနှင်းအတွက်..ထိုလှေကားရင်းကလေးတွင်..ဘမောင်.... နေရစ်ခဲ့သည်။

တွယ်တာရာမဲ့သော လူဆိုးလူမိုက်တစ်ယောက်၏ အဆုံးသတ်သည် စတင်းဂန်းသေနတ်ကိုသာ တင်းတင်းဆုတ်လျက်..သွေးအိုင်ထဲ ငြိမ်သက်။

.....

အထက်မြန်မာပြည်တစ်ကြောရှိ ခါးပြလူဆိုးများလောကတွင် စိန်ခါးမြောင်ဆိုသည့် နာမည်ကား ပြောစမှတ်ဖြစ်ကုန်ကြသည်။

စိန်ခါးမြောင်သည်။မန္တလေးထောင်ဖောက်ပြေးပြီး ပုလိပ်နှင့်တိုက်ပွဲဖြစ်ကာ လွတ်မြောက်သွားခြင်းသည်။

နောက် ငါးရက်အကြာတွင် စိန်ခါးမြောင်၏ လက်ရုံး လှမောင် အနှင်းတို့ စုံတွဲဦးဆောင်သောအဖွဲ့က အာဇာဝီရပ်တွင်နေထိုင်သော လမ်းကန်ထရိုက် မစ္စတာစ

တက်ဖင်၏ အိမ် ကို ခါးပြဝင်တိုက်ကာ မစ္စတာစတက်ဖင်ကို ပစ်သတ်သွားခဲ့သည်။

ထိုနေ့ ထိုအချိန်တွင်ပင် မေမြို့အနီးစခန်း ရှိ မစ္စတာစတက်ဖင်၏ အပန်းဖြေနေအိမ်ကိုလည်း စီနဝါးမြောင်အဖွဲ့မှ ခါလေး၊ထွန်းခင်တို့အဖွဲ့မှ တပြိုင်နက်ဝင်ရောက်စီးနင်းကာ မစ္စတာစတက်ဖင်၏ ဒုတိယမယားထံမှ အိမ်စီရွှေဆွဲကြိုးတစ်ကုံးနှင့် ငွေတစ်သိန်းကျော် ယူသွားခဲ့သည်။

တချိန်တည်းမှာပဲ ငန်းနက်၊ဘချစ် ဦးစီးသောအဖွဲ့ကလည်း တံတားဦးရှိ သူဌေးဦးပေါများအိမ်ကို ဝင်တိုက်ကာ ရွှေငွေများ ယူသွားကြပြန်သည်။

ပုလိပ်အဖွဲ့ကား ထောင်ပြေးပြီးရက်ပိုင်းအတွင်း စီနဝါးမြောင်အဖွဲ့ဟု ကြွေးကြော်ကာ နေ့ခင်းကြောင်တောင် တပြိုင်တည်းနေရာသုံးခုခွဲကာ ခါးပြတိုက်သွားသည့်အတွက် ခံပြင်းမဆုံးရှိကြသည်။

စီနဝါးမြောင် ခါးပြဂိုဏ်းမှာ မြန်မာပြည်အလယ်ပိုင်းတင်မက ရှမ်းပြည် လားရှိုးနှင့် တောင်ကြီးမြို့တို့အထိ တိုက်ခိုက်မှုများကျူးလွန်ခဲ့သော်လည်း ပုလိပ်အဖွဲ့သည် စီနဝါးမြောင်ကို မည်သို့မျှ ခြေရာခံမရကြချေ။

ရန်ကုန်မြို့လယ်ကောင် ရှန်ဟဲဘဏ်အား အနုကြမ်းစီးမှုတွင်လည်း စီနဝါးမြောင်တပည့် ကြင်အေးနှင့် ဝင်းမောင်တို့ ခေါင်းဆောင်ခဲ့သဖြင့် နယ်ကျော်သောမန္တလေးခါးပြများကို ရန်ကုန်ပုလိပ်ကလည်း အသဲအသန် အလိုရှိနေသည်။

သို့သော် လပေါင်းများစွာကြာသည့်တိုင်အောင် စီနဝါးမြောင်ကို လုံးဝရှာမတွေ့ခဲ့။

စီနဝါးမြောင် ခါးပြဂိုဏ်းကြောင့် ပုလိပ်များ ဗျာများနေချိန်တွင် စီနဝါးမြောင်ကား တံတားဦးဘက်တွင် ခြံတစ်ခြံဝယ်ကာ ကျွန်းအိမ်ကြီးဖြင့် နေနေ၏။

ကိုယ်တိုင်ခါးပြထွက်တိုက်တော့ပဲ သတင်းစာများ၊ စာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာကာ မြန်မာပြည်၏ နိုင်ငံရေးအခြေအနေများကို အထူးလေ့လာတော့သည်။

ထိုအခြေအနေများက စီနဝါးမြောင်၏ မိုက်ဂုဏ်သတင်းကို အမြင့်ဆုံးအဆင့်သို့ တွန်းပို့ခဲ့လေပြီ။

အထက်မြန်မာပြည်တဝိုက်ရှိ ခါးပြပျောင်းများစွာသည် စီနဝါးမြောင်ကို သာ တိုက်ရာပါထဲမှာ ဝေစုများ ဆက်သလျှင် ကြိမ်းသေပေါက်လွတ်မြောက်စေရမည်ဟုဆိုသည့်အစွဲမျိုးပါ ထားရှိလာကြတော့၏။

၁၉၄၆ ခုနှစ် သြဂုတ်လတွင် စီနဝါးမြောင်ဂိုဏ်း၏ ဗဟိုဦးစီးအဖွဲ့ဝင် အမာခံ(၉)ဦးကို ဖွဲ့စည်းသည်။

စိန်ခါးမြောင်၊ ငန်းနက်၊ မမြဲကြဲည်၊ ခါလေး ၊ လှမောင်၊ ထွန်းခင်၊ ကြင်အေး၊ ဝင်းမောင် နှင့် ရှေ့နေတစ်ဦးဖြစ်သူ တင့်ဆွေ (ခေါ်)တင်ညွန့် တို့ ပါဝင်လာ၏။

တင်ဆွေမှာ အင်္ဂလိပ်ခေတ်က တတိယတန်းရှေ့နေစာမေးပွဲအောင်မြင်ခဲ့သူတစ်ဦးဖြစ်ပြီး ရေတပ်သီးဘရင်မှ စည်းရုံးထားသူတစ်ဦးဖြစ်သည်။

ရေတပ်သီးဘရင်ကား စိန်ခါးမြောင်၏ ညွှန်ကြားချက်အတိုင်း ထိုစဉ်က စစ်ကိုင်းမြို့တွင် အင်အားကောင်းနေသည့် သခင်စိုး၏ အလံနီကွန်မြူနစ်ပါတီသို့ ဝင်ရောက်ထားသည်။

နောက်ပိုင်းတွင် စိန်ခါးမြောင်က တင့်ဆွေအား မန္တလေး ပြည်သူ့ရဲဘော်အဖွဲ့သို့ ဝင်ရောက်စေပြီး ပြည်သူ့ရဲဘော်အဖွဲ့တွင် အရေးပါသောလူတစ်ဦးဖြစ်လာပြန်သည်။

စိန်ခါးမြောင်အဖွဲ့သည် ငွေကြေးချမ်းသာကြွယ်ဝလာသည်နှင့်အညီ သီးခြားအဖွဲ့ငယ်များဖွဲ့ကာ တာဝန်ပေးခဲ့သည်။

အမျိုးသမီးအဖွဲ့တွင် အနှင်းက ခေါင်းဆောင်ပြီး ထွန်းခင်၏ ဇနီး ရင်ရင်၊ ဘချစ်၏ ဇနီး မိကွန်၊ ဝင်းမောင်ဇနီး မစိန်ရီ၊ တင့်ဆွေ၏ ဇနီး ကြင်ကြင်၊ ဝါဆိုဝါပို တို့၏ ညီမ မြနှစ် တို့ပါဝင်ကြသည်။

စိန်ခါးမြောင်သည် မန္တလေး၊ စစ်ကိုင်း၊ ရွှေဘိုနှင့် မေမြို့တို့၌ အဖွဲ့ပိုင်အိမ်ပိုင်များကို ထိုအမျိုးသမီးများ အား ဝယ်ယူနေထိုင်ခိုင်းထားပြီး ခါးပြမှုကျူးလွန်ရာတွင် ကြိုတင်စုံစမ်းသတင်းစုဆောင်းခြင်း၊ တိုက်ရာပါပစ္စည်းများ ထုခွဲရာတွင် ရေတပ်သီးဘရင်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ပေးကြရသည်။

စိန်ခါးမြောင်က ရေတပ်သီးဘရင် နှင့် တင့်ဆွေတို့အား အလံနီကွန်မြူနစ် ရဲနီတပ်၏ ယူနီဖောင်းများနှင့် ပြည်သူ့ရဲဘော်ယူနီဖောင်းများကို ဝယ်ယူစုဆောင်းခိုင်းထား၏။

ထိုအချိန်တွင် နိုင်ငံရေးအခြေအနေများလည်း အပြောင်းအလဲဆီသို့ တာဆူနေချိန်ဖြစ်သည်။

တချိန်က နန်းရင်ဝန်ဆာပေါ်ထွန်း ကို ပြန်လည်စင်တင်ပွဲထုတ်လာသူ ဘုရင်ခံဆာဒေါမန်စမစ် သည် ဖဆပလအဖွဲ့ဦးဆောင်သည့် အထွေထွေသပိတ်ကြီးနှင့် ဆန့်ကျင်မှုကြောင့် ဗြိတိန်သို့ ပြန်ခေါ် ခြင်းခံခဲ့ရသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီကတည်းက ဗြိတိသျှအစိုးရက ယူဂန္ဒာတွင် ဖမ်းဆီးအကျဉ်းချထားသော ဂဠုန်ဦးစောကို မြန်မာပြည်သို့ ပြန်ပို့ပေးလိုက်သည်။

ဘုရင်ခံသစ်ဆာဟူးဘက်ရန် သည် ဗိုလ်ချုပ်အောင်ဆန်းအား ဖိတ်ခေါ်ကာ ဘုရင်ခံ၏အမှုဆောင်ကောင်စီ (Governo’s Executive Council) ကို ဖွဲ့စည်းခဲ့သည်။

ဖဆပလအတွင်းတွင်လည်း ဆိုရှယ်လစ်များနှင့် ကွန်မြူနစ်များကြား တိုက်ပွဲက ပြင်းထန်နေသည်။

သခင်စိုး၏ အလံနီကွန်မြူနစ်ပါတီမှ အဖွဲ့များခေါင်းဆောင်ပြီး စစ်ပြေးရာမှ ပြန်လာပြီး နေစရာမရှိသော လူအုပ်ကြီးများသည် ဖဆပလကွက်သစ်ဖြစ်လာမည်နေရာကို ဝင်ရောက်ကာ တဲထိုးနေကြသည်။

သခင်စိုးခေါင်းဆောင်သည့် အလံနီကွန်မြူနစ်များသည် ဘတ်စ်ကားအစီးသုံးဆယ်ဖြင့် အတွင်းဝန်များရုံးသို့ရောက်လာပြီး ရုံးအတွင်းသို့ အကြမ်းဖက်ကျူးကျော်ဝင်ရောက်ကြသည်။

သို့သော် အတွင်းဝန်ရုံးကို လုံခြုံရေးရယူထားသော ပုလိပ်အဖွဲ့နှင့်ရင်ဆိုင်တိုးပြီး နောက်ဆုံးတွင် အလံနီများ ဆုတ်ခွာသွားကြသည်။

မကြာမီတွင် လွတ်လပ်ရေးကို တောင်းယူမရ တိုက်ယူမှရသည်ဟူသော ကြွေးကျော်သံဖြင့် အလံနီများမှာ တောခိုသွားတော့သည်။

ငရုတ်သီးဘရင်သည်လည်း စိန်ဓါးမြောင်ထဲမှ ခွင့်ပြုချက်ရယူကာ အလံနီ ရဲနီဗိုလ်အဖြစ် တောထဲသို့ လိုက်ပါသွားတော့၏။

၁၉၄၆ အောက်တိုဘာ ၂၁ တွင် စိန်ဓါးမြောင်သည် တံတားဦးခြံအတွင်း ဗဟိုဦးစီး(၉)ဦးနှင့်
စိန်ဓါးမြောင် က ဗဟိုဦးစီးအဖွဲ့ (၉)ဦး ၊ အမျိုးသမီးအဖွဲ့နှင့် နယ်မြေဒေသမှူးဓါးပြဗိုလ်များကို ဆင့်ခေါ်ကာ စည်းဝေးလိုက်သည်။

“အခု နိုင်ငံရေးအခြေအနေအရတော့ လွတ်လပ်ရေးကမရသေးဘူး။ နိုင်ငံရေးသမားတွေကတော့ ဗိုလ်လှနေကြပြီ။ နိုင်ငံရေးခါးပိုက်ဆောင်တပ်တွေကိုယ်စီနဲ့ ဆက်ပြီးရှုပ်ထွေးလာဖို့ပဲရှိတယ်။ဒီအခြေအနေကို အခွင့်ကောင်းယူပြီး ငါတို့ မြို့ကြီးတွေပေါ် ပြန်တက်ကြမယ်။အားလုံးကို အလံနီယူနီဖောင်း၊ ပြည်သူ့ရဲဘော်ယူနီဖောင်း၊ ပြည်ထောင်စုစစ်ရဲတပ်ယူနီဖောင်းတွေ ပေးမယ်။ မြကြည်နဲ့ ရင်ရင်တို့က မန္တလေးအလယ်ပေါင်က အိမ်မှာ သွားပြန်နေကြ။ မန္တလေးသူဌေးတွေသတင်းကို မပျက်နားစွင့်ထား။ အဖွဲ့သားတွေအားလုံး နိုင်ငံရေးအဖွဲ့တွေထဲ ဝင်ထားကြရမယ်။ ငရုတ်သီးကတော့ သခင်စိုးရဲ့အလံနီထဲပါသွားပြီ။ ရှေ့နေလေးကလည်း ပြည်သူ့ရဲဘော်ထဲ နေရာရနေပြီ။ ကျန်တဲ့ သခင်သန်းထွန်း သခင်သိန်းဖေတို့ရဲ့ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ သခင်မြဦးကျော်ငြိမ်းတို့ရဲ့ဆိုရှယ်လစ်ပါတီတွေထဲ ဝင်ရမယ့်လူတွေကို မကြာခင် ငါရွေးချယ်မယ်။ ငါ က မကြာခင်က ရွှေဘိုကို တက်ပြီး ဖဆပလထဲ ဝင်မယ်”

“ကျွန်တော်တို့က ဓါးပြတွေလေ..ဘာဖြစ်လို့ နိုင်ငံရေးအရှုပ်တွေထဲ ပါရမှာလဲ..အကိုကြီး..ကျွန်တော်နားမလည်ဘူး”

“အေး..ငန်းနက်..မင်းပဲ ဒီလိုမေးလိမ့်မယ်ဆိုတာ ငါသိတယ်..ဒီအတော်အတွင်း ငါ စာတွေဖတ်ပြီး နိုင်ငံရေးအခြေအနေကို လေ့လာရသလောက်..နိုင်ငံရေးသမား တွေအားလုံးလက်ထဲမှာ လက်နက်ကိုယ်စီ.ခါးပိုက်ဆောင်တပ်တွေနဲ့ ကု..နိုင်ငံရေးသမားလက်ထဲက လက်နက်ဟာ ခါးပြတ်လက်ထဲက လက်နက်ထက် တိုင်းပြည်အတွက် ပိုအန္တရာယ်ကြီးတယ်... စစ်တပ်ကြည့်ရတာလည်း တယ်မ ဟန်လှဘူး..စစ်ဗိုလ်တွေက နိုင်ငံရေးသမားဂိုက်ဖမ်းပြီး သူတို့အချင်းချင်း ဝါဒ ဂိုဏ်းတွေကွဲနေကြပြီတဲ့... မကြာခင် တိုင်းပြည်မီးဟုန်းဟုန်းတောက်တော့မယ် လို့ ငါမြင်နေတယ်...ဘယ်အဖွဲ့က ဘယ်နယ်မှာ အသာစီးရမလဲဆိုတာတော့ ငါမ ခန့်မှန်းနိုင်ဘူး..ဒီးတော့.အဲ့ဒီလိုအချိန်မှာ ငါတို့လူတွေကို အဖွဲ့အားလုံးထဲ စိမ့်ဝင် ခိုင်းထားတာ အကျိုးမယုတ်ဘူးကွ....ငါတို့အတွက် အကျိုးရှိလာနိုင်တယ်..ငါ့ကို ယုံပါငန်းနက်..ငါခိုင်းတာလုပ်ပါ”

“အကိုကြီးကို ကျွန်တော်ယုံပါတယ်..ကျွန်တော် သိချင်လို့မေးတာပါ”

“ဆရာကြီး လူတွေစုံညီတုန်းမှာ ကျွန်တော် တစ်ခု တင်ပြစရာရှိလို့ပါ”

“အေး..ပြော..လှမောင်”

“အခု အနှင်းမှာ ကိုယ်ဝန်ရှိနေပါပြီ”

“အောင်မယ်..မင်းတို့မောင်နှံက နယ်လှည့်ခါးပြတိုက်နေတာတောင်..အလုပ် တော့ဖြစ်ကြသားဟ”

အားလုံး ဝိုင်းရယ်လိုက်ကြသည်။

လှမောင်က ရယ်ကြဲကြဲလုပ်နေ၏။ အနှင်းက ရှက်သဖြင့် မျက်နှာနီရဲနေသည်။

“အဲ့ဒါ..ကျွန်တော့်ကလေးမွေးပြီးရင် ဒီအလုပ် ဆက်မလုပ်ချင်တော့ ဘူး..ဆရာကြီး..ကျွန်တော် ခါးပြ အလုပ်ကို စွန့်ပြီးကောင်းရောင်းကောင်းဝယ်ပဲ လုပ်တော့မယ်”

စိန်ခါးမြောင်က လှမောင်ကို ပြုံးပြီးကြည့်သည်။

“အင်း...လှမောင်..လှမောင်..မင်းတို့ညီအကိုက ငါ့ကို ခါးပြဖြစ်အောင် တွန်းပို့ခဲ့ တယ်..အခု မင်းကအရင် ခါးပြဘဝကို စွန့်တော့မယ်ပေါ့...မင်းကို ဘမောင် ကို တောင် သတိရတယ်ကွာ...အင်းလေ...မင်းမှမလုပ်ချင်တော့တာပဲ...”

“အခုချက်ချင်းကြီးတော့ မဟုတ်ပါဘူး..ဆရာကြီး...ကလေးမွေးပြီးမှပါ”

“ဟုတ်ပြီ..မင်းအကို ဘမောင် က ငါတို့လွတ်ဖို့အတွက် အသေခံသွားခဲ့တာ..မင်း ကလည်း ငါ့ရဲ့ညာလက်ရုံးဆို မမှားဘူး...အနှင်းကလည်း ငါ့ညီမလေးပါပဲ... ငါ တို့ အလုပ်ကြီးကြီးတစ်ခု မန္တလေးမှာ လုပ်ကြမယ်။ ပြီးရင် မင်းတို့ မိသားစု

အပြဲင်မှာ အေးအေးချမ်းချမ်းလုပ်ကိုင်စားနိုင်ဖို့ အဲ့ဒီကရတဲ့ ဝေစုတဝက်တိတိ မင်းကိုပေးလိုက်မယ်။ ကျန်သူတွေရော သဘောတူကြလားဟေ့”

“ဆရာကြီး သဘောပါပဲ”

“သြော်.နောက်တစ်ခုရှိသေးတယ်..လှမောင်..မင်းအပြင်မှာ လုပ်စားလို့ အရမ်းချမ်းသာသွားရင်တော့..ငါတို့ ခါးပြလာတိုက်မှာနော်..ဟေ့ကောင်...ဟားဟား”

စိန်ခါးမြောင်စကားကို အားလုံးပွဲကျသွားကြသည်။

ထိုနေ့က စိန်ခါးမြောင်အဖွဲ့ စည်းဝေးပွဲကို နေ့လည်စာ ကြွက်သားဖူးသီး ကာလသားချက်ဖြင့် အတူစားကာ အခြားကိစ္စရပ်များကို တိုင်ပင်ကြပြီးနောက် ညနေပိုင်းတွင် အားလုံးလမ်းခွဲလိုက်ကြသည်။

ရက်အနည်းငယ်အကြာတွင် မြကြည်၊ ရီရီ တို့သည် မန္တလေးသို့ တက်သွားကြ၏။

ကြင်အေးနှင့် ခါလေးတို့လည်း သိပ်မကြာမီ မန္တလေး ဘက်သို့ အသီးသီးတက်သွားကြသည်။

သိပ်မကြာမီ အတွင်း မန္တလေးမြို့ပေါ်တွင် ကာကီယူနီဖောင်းဝတ်ထားသော စိန်ခါးမြောင်အဖွဲ့များမှာ ဂျစ်ကားတဝီဝီဖြင့် လက်နက်များကိုင်ဆောင်ကာ ခါးပြမှုများကျူးလွန်ကြသည်။

ပြည်သူ့ရဲဘော်ယူနီဖောင်း၊ တပ်ယူနီဖောင်း၊ စစ်ရဲယူနီဖောင်းအမျိုးမျိုးဖြစ်နေသဖြင့် ပုလိပ်များမှာ မည်သို့ လိုက်ရမည်မသိပဲ..ထိုအဖွဲ့အချင်းချင်းလည်း အပြန်အလှန်စွပ်စွဲလာကြသည်။

နိုဝင်ဘာလကုန်တွင် စိန်ခါးမြောင်သည် လှမောင်၊ အနှင်း လင်မယားကို တံတားဦးတွင် ထားခဲ့ကာ တစ်ယောက်တည်း ရွှေဘိုသို့ တက်သွားသည်။

စိန်ခါးမြောင်၏ အသက်မှာ ၃၅ နှစ် ထဲသို့ ချဉ်းနင်းဝင်ရောက်လာပြီဖြစ်ပြီး ယခင်လို ခန္ဓာကိုယ်မဟုတ်တော့ပဲ ဝဝဖြိုးဖြိုးဖြစ်လာ၏။

စိန်ခါးမြောင်၏ ခါးပြဗိုလ်သက်တမ်းမှာလည်း (၆)နှစ်အတွင်းသို့ ဝင်လာခဲ့ပေပြီ။

၁၉၄၆ ဒီဇင်ဘာလ။

ရွှေဘိုမြို့၊ ဖဆပလအဖွဲ့ချုပ်တွင် ကျောင်းဆရာကိုညွန့် ဟူသော အမည်ဖြင့် ပါတီဝင်သစ်တစ်ဦး မှာ အလွန်မျက်နှာပွင့်လှသည်။

ကျောင်းဆရာကိုညွန့်မှာ ရှမ်းပြည်ဘက်မှလာသူတစ်ဦးဖြစ်ပြီး မိဘများမှာ ကျောက်ကုန်သည်လူချမ်းသာများဟု ဆိုသည်။

ကိုညွန့်က ဖဆပလအဖွဲ့ချုပ်အတွက် ငွေ တစ်သောင်းကျပ်လှူဒါန်းခဲ့သဖြင့် ရွှေဘို ဖဆပလအတွင်း ချက်ချင်း နာမည်ကျော်သွားတော့၏။

ကွမ်းတဝါးဝါး၊ အသားဖြူဖြူ ဥပဓိရုပ်ကောင်းကောင်းကာ စကားပြောလျှင် ဗဟုသုတပြည့်စုံသော ကိုညွန့်ကို ရန်ကုန် ဖဆပလအဖွဲ့ချုပ်မှ ခေတ္တရောက်နေသော ဆိုရှယ်လစ်ပါတီဝင် သခင်သိန်းနှင့် သခင်စံမြင့်တို့ က နောင် ရွှေဘိုနယ်၏ ဖဆပလအမတ်လောင်းနေရာတွင် လျာထားရန်ပင် မျက်စိကျခဲ့ကြသည်။

ဒီဇင်ဘာလ ၃၀ ရက်၊ ညနက်အချိန်တွင် ကိုညွန့် ငှားရမ်းနေထိုင်သော ရွှေဘိုရှိ နေအိမ်ရှေ့သို့ လူတစ်ဦး တံခါးလာခေါက်သည်။

ကိုညွန့်က တံခါးဖွင့်ပေးလိုက်သောအခါ ထိုလူက အိမ်တွင်းသို့ အသာဝင်လိုက်၏။

“ဘာကိစ္စလဲ..ခါလေး”

“မမကြည်က လွှတ်လိုက်လို့..ဆရာကြီး...ရသေ့ကြီးဦးခန္တီရဲ့ အလှူခံငွေတွေ သိမ်းထားတဲ့ အိမ်ကို သိပြီတဲ့”

“အင်း..ဒါဆိုလည်း မနွှေလေး ဘုရားဖူးသွားရင်း လှူရတန်းရသေးတာပေါ့လေ..ဟဲ ဟဲ”

စိန်ခါးမြောင်ရော၊ ခါလေးပါ ပြုံးလိုက်ကြသည်။

……
……
……

အခန်း(၁၅)

“ဦးလေးကြီး....
တနေ့က ကျုံးထောင့်ကုန်ရုံပေါက်မှာ ကျွန်တော်တို့လူ လယ်ဝေးသား ကို အတိုနဲ့ မိသွားပြီ။
မန္တလေးမှာ ဖြစ်နေတာတွေက ဦးလေးကြီး ခေါင်းဆောင်နေတာကို သူတို့သိသွားပြီ။
မမကြည်အိမ်ကိုလည်း စောင့်ကြည့်နေကြတယ်။ ဦးလေးကြီးဝင်လာတာနဲ့ တန်းဖမ်းမှာပဲ။
ဖြစ်နိုင်ရင် ဦးလေးကြီးကို တကမ္ဘလာစေချင်သေးဘူး။
ကြင်အေး”
ရွှေဘိုအိမ်မှ စိန်ဓါးမြှောင်နှင့် ခါလေးတို့ ထွက်ခါနီးတွင် ကြင်အေးလွတ်လိုက်သော လူက စာတစ်စောင်နှင့်အတူ ရောက်လာသည်။
စိန်ဓါးမြှောင်က စာကို ဖွင့်ဖတ်ပြီး မျက်မှောင်ကြုံ့လိုက်သည်။
“ဟေ့..မင်းက ကြင်အေးလူလား”
“ဟုတ်ပါတယ်..ဦးလေးကြီး..ဂျစ်ကီးလို့ ခေါ်ပါတယ်”
“အေး..မန္တလေးသားလားကွ”
“မန္တလေးသားပါပဲ၊ ဟင်္သာပြဒါးဝင်းမှာနေပါတယ်”
“ဒါဆို မန္တလေးက ဘုန်းကြီးကျောင်းတွေထဲမှာ နိုင်ငံရေးဘာညာကို မတောက်တခေါက်ဝါသနာပါတဲ့ ဆရာတော်ငယ်ငယ်ထဲက ကျောင်းထိုင်တာ ဘယ်သူရှိမလဲသိမလား”
ဂျစ်ကီးက အတန်ငယ်စဉ်းစားနေသည်။
“အင်း..တော်လှန်ရေးတရားဟောဟောနေတဲ့ ဦးကွန္ဒေါဘာသဆိုတဲ့ ဘုန်းကြီးတော့ရှိတယ်..အိုးဘိုမြောက်တိုက်က ကျောင်းတိုင်ပဲ.. ကျွန်တော်ဦးရီး ဦးခေပိန္ဒက အဲ့ဒီကျောင်းမှာနေဖူးတော့ ကျွန်တော် မကြာမကြာသွားလည်ရင်း သိတာပဲ”
“ဟုတ်ပြီကွ..ဒါဆို ငါတို့ မန္တလေးဆင်းမယ်..ခါလေးမင်းက မန္တလေးရောက်တာနဲ့ ငါတို့လူတွေ အကုန်လုံး မန္တလေးမှာ စုလိုက်တော့..ဝါဆိုဝါပို့ နဲ့ သူ့လူတွေကိုတော့ မတ္တရာဘက်မှာ အခြေချနေခိုင်းထား..ဒီက ကိစ္စတွေပြီးရင် မတ္တရာဘက်မှာ ငါတို့ဝပ်ကျင်းလုပ်မယ်..”

“မန္တလေး ပြဲန်ဆင်းလို့ ဖြစ်ပါ့မလား..ဆရာကြီး”
“ဆင်းရမယ်ကွ...ကိုကျော်သိန်းအိမ်ကို ခါးပြတိုက်ကို တိုက်ရမယ်”
“ဦးကျော်သိန်း ဆိုတာ ရသေ့ကြီးဦးခန္တီရဲ့ ငွေထိန်းဆိုတော့..ဘုရားကျောင်းကန် ဆောက်မယ့်ငွေတွေ.. ကောင်းပါ့မလား..ဆရာကြီးရယ်”
“ခါလေးနှယ့်. တရားလမ်းပေါ်လျှောက်ရင် နိဗ္ဗာန်အထိရောက်အောင်သွားမယ်၊ မတရားတဲ့လမ်းပေါ်လျှောက်ရင်လည်း ငရဲအိုးကို ဖောက်ဆင်းမယ်ကွ..ဘာမဆို အဆုံးထိအောင်လုပ်ရတယ်..လူဆိုးမို့ လူဆိုးအလုပ်လုပ်တာ ဘာဆန်းသလဲကွာ၊ မင်းက..ခါးပြလုပ်နေပြီး..ဟိုလူ့ငွေတော့ မတိုက်ရ...ဒီလူ့ငွေမို့မတိုက်ရ..လူတန်းစားခွဲခြားချင်နေသေးတယ်.. ငါတို့ အရင်တိုက်ခဲ့တဲ့ လူတွေမှာရော လူမယ့်တန်းမယ့်ငွေတွေမပါလို့လား...ဟေ့..ဒီမယ်...စိန်ခါးမြောင်ဟာ တန်းတူညီမျှလူတန်းစားမခွဲ အားလုံးကို ခါးပြတိုက်တယ်ကွ”
ခါလေးရော ဂျစ်ကီးပါ ငြိမ်သွားကြသည်။
“ကဲ.သွားကြမယ်ဟေ့”
.....
မန္တလေး မြို့လယ် ၁၆ မှတ်ရဲဌာနအပိုင်၊ အနောက်ပိုင်း ၁၃ မှတ်၊ မြောက်ပိုင်း ၁၉ မှတ်ဌာနအပိုင်များတွင် ခါးပြမှုများက နေ့စဉ်ရက်ဆက်ဖြစ်ပွားနေသည်။
ခါးပြများသည် မြို့လယ်ခေါင်တွင် ဘရင်းဂန်းသေနတ်များ၊ စတင်းဂန်းများကိုင်ကာ နေ့ခင်းကြောင်တောင် ခါးပြမှုများ ကျူးလွန်ကြသည်။
ခါးပြမှုတိုင်းလိုလို အောင်မြင်သွားကြပြီး ပုလိပ်များမရောက်လာခင်တွင်ပင် ခါးပြများမှာ ခြေရာဖျောက်သွားနိုင်ခဲ့သည်ချည်း။
ပြစ်မှုကျူးလွန်ရာတွင်လည်း ဝင်စီးပုံ၊ ဆုတ်ခွာပုံ အစီအစဉ်များမှာ စနစ်ကျလွန်းသဖြင့် ပုလိပ်အဖွဲ့မှာ တအံတသြဖြစ်ရသည်အထိ ဖြစ်သည်။
ပုလိပ်အဖွဲ့မှာ နေ့စဉ်ရက်ဆက် လုံခြုံရေးယူကာ စစ်ဆေးမှုများ လုပ်နေသော်လည်း ခါးပြအဖွဲ့ကို ခြေရာမခံမိကြ။
၁၉၄၆ ဒီဇင်ဘာလကုန်တွင် ကျုံးထောင်ကုန်ရုံပေါက်အနီး တရုတ်ပုံစံဝတ်စားထားသော မသက်ာဖွယ်လူတစ်ဦးကို ခြောက်လုံးပြူးသေနတ်ဖြင့် ဖမ်းမိခဲ့သည်။
ထိုသူအား စစ်ဆေးရာ စိန်ခါးမြောင်ဂိုဏ်းသား ညီလေး ဆိုသူဟု သိရပြီး မန္တလေးတဝိုက်ရှိ ခါးပြမှုများကို ဦးလေးကြီး ဟု အမည်ဝှက်ပေးထားသော စိန်ခါးမြောင်က ညွှန်ကြားနေခြင်းဖြစ်ကြောင်း၊ စိန်ခါးမြောင်သည် မည်သည့်နေရာတွင် နေသည်ကို ဗဟိုဦးစီးအဖွဲ့ဝင်များမှလွဲပြီး မည်သူမျှ သိခွင့်မရှိကြောင်း၊

သို့သော် မကြာခင်တွင် စိန်ခါးမြောင်သည် မန္တလေးသို့ ဝင်လာပြီး အဖွဲ့ဝင်သစ်များနှင့် စုစည်းတွေ့ဆုံမည်ဖြစ်ကြောင်း သိရှိလိုက်ရသည်။
ထိုအခါမှ စတင်ပြီး မန္တလေးပုလိပ်ဌာနမှ မြို့တွင်း လူအဝင်အထွက်ကို တင်းကြပ်စွာ စီစစ်ကြသည်။
သို့သော် စိန်ခါးမြောင် ကား မန္တလေးသို့ မည်သို့မျှ ရုပ်မဖျက်ပဲ ဝင်လာနိုင်ခဲ့သည်။
ပုလိပ်တို့ထံတွင် ရှိသော စိန်ခါးမြောင်၏ ဓာတ်ပုံမှာ စစ်ကြီးအတွင်းက ပုံဖြစ်ပြီး ယခု စိန်ခါးမြောင်ကား ခပ်ဖိုင်ဖိုင် ဝဝ ဖြစ်နေသည့်အပြင် အသားများလည်း ဖြူလာသဖြင့် ပုလိပ်တို့မှာ သူတို့မျက်စိရှေ့မှ သွားသော စိန်ခါးမြောင်ကို မမှတ်မိတော့။
ထိုပြင် စိန်ခါးမြောင်အိပ်ကပ်ထဲတွင်ပါသော ရှေဘိုခရိုင် ဖဆပလ အဖွဲ့ဝင် ကိုညွန့် ဟူသည့် ကဒ်ပြားကလည်း စိန်ခါးမြောင်ကို အကာအကွယ်ပေးထား၏။
စိန်ခါးမြောင်သည် မန္တလေးသို့ ရောက်သည်နှင့် မြကြည်ရှိရာသို့ တန်းမသွား။
စိန်ခါးမြောင် ဦးတည်သည်ကား အိုးဘိုမြောက်ကျောင်းတိုက်သို့။
“တပည့်တော် ကျောင်းဆရာမောင်ညွန့်ပါ..ဘုရား..ဦးခေမိန္ဒရဲ့ မိတ်ဆွေပါ”
“ငြော်..မောင်ခေ မိတ်ဆွေကိုး....ဘာကိစ္စများတုန်းကွဲ့”
“အရှင်ဘုရားမှာ နိုင်ငံရေးစိတ်အပြည့်ရှိတယ်လို့ တပည့်တော်တို့ အဖွဲ့ချုပ်ကြီးက သိထားပါတယ်ဘုရား”
“ဟွဲ့..ဘယ်အဖွဲ့ချုပ်ကြီးတုန်း”
“ဘယ်အဖွဲ့ချုပ်ကြီးဆိုတာ မသိချင်ပါနဲ့..ဘုရား...လျှို့ဝှက်ထားရမယ့်ကိစ္စမို့ပါ”
စိန်ခါးမြောင် က ခပ်တိုးတိုးပြောလိုက်သဖြင့် ဦးကွန္ဒေါဘာသ မျက်ခုံးပင့်သွားသည်။
“တပည့်တော်မှာ အရေးကြီးတာဝန်တွေပါလာပါတယ်ဘုရား။ လူသိခံမလို့မဖြစ်တဲ့ တာဝန်တွေပေါ့။ ဒီတာဝန်တွေ ထမ်းဆောင်တဲ့အခါမှာလည်း အရှင်ဘုရားလို နိုင်ငံရေးစိတ်အပြည့်ရှိတဲ့ ဆရာတော်ရဲ့ ကျောင်းမှာ အခြေချပြီးလုပ်မှ စိတ်ချရမယ်လို့ အဖွဲ့ချုပ်ကြီးက ညွှန်ကြားလိုက်လို့ပါ။ တချို့န် အရှင်ဘုရားကို အဖွဲ့ချုပ်ရဲ့ နာယကဆရာတော် အဖြစ် လျာထားတယ်လို့ လူကြီးတွေက ပြောကြပါတယ်..ဘုရား”
“ဟေ..မင့် အဖွဲ့ချုပ်ကြီးက ငါ့သိသတဲ့လား”
“အရှင်ဘုရားက နိုင်ငံရေးတရားတွေမှာ နာမည်ကျော်ကိုး ဘုရား..လူကြီးများက အရှင်ဘုရားကို အားလည်းကိုးရတယ်ဘုရား”

“အိမ်း..မင်းမပြော်လည်းငါသိပြီ..မင်းတို့ အဖွဲ့ချုပ်ဆိုတာ ဖဆပလမဟုတ်လား”
စိန်ခါးမြောင်က ဘေးဘီသို့ ကြည့်လိုက်ပြီး
“တိုးတိုး ပြောပါ..ဘုရား”
“အောင်မယ်..ဖဆပလက အစိုးရပဲ ဖြစ်တော့မှာ ငါက ဘာတိုးတိုးပြောရမှာတုန်း”
“လွတ်လပ်ရေးက အခုထိ မသေချာသေးဘူးဘုရား..တပည့်တော်က မြေအောက်တာဝန်နဲ့လာတာဆိုတော့.. လျှို့လျှို့ဝှက်ဝှက်ပဲရှိစေချင်တယ်လို့ လူကြီးတွေက မှာလိုက်တယ်ဘုရား.ဒီလိုမှ မဟုတ်ရင်တော့..တပည့်တော် တခြားကျောင်းပြောင်း အခြေချရမှာပဲ”
“ဟေ..ဟေ့..ငါဘုန်းကြီးပါကွ..နှုတ်လုံပါတယ်..မင်းဒီမှာ လုပ်စရာရှိတာလုပ်...ဘယ်သူ့ကိုမှ ဘာမှ မသိစေရဘူး..ဟုတ်ပြီလား”
“တင့်ပါ..ဘုရား..အရှင်ဘုရားကျေးဇူးကို တပည့်တော်တို့ မမေ့ပါဘူး”
“အိမ်း..ရပါတယ်ကွယ်..နိုင်ငံအရေးပေပဲ..ငါတို့မှာလည်း တာဝန်ရှိတယ်မဟုတ်လား ဒကာ”
ထိုသို့နှင့် စိန်ခါးမြောင် သည် အိုးဘိုမြောက်ကျောင်းတိုက်တွင် အခန်းတစ်ဆောင်ကို အပိုင်စားရလိုက်ပြီး တံခါးမရှိ ခါးမရှိ တည်းခိုနေထိုင်ခွင့်ရလာခဲ့သည်။
ပုလိပ်တပ်ဖွဲ့ကား စိန်ခါးမြောင်ကို သူတို့မျက်စိအောက်တွင်ပင် မျက်စိမှောက်နေကြသည်။
စိန်ခါးမြောင် သည် ညဘက်တွင် မမြကြည်အိမ်သို့ ခိုးသွားပြီး နေ့ခင်းဘက်တွင် အိုးဘိုမြောက်ကျောင်းတွင် ပြန်လည်အခြေချသည်။
တခါတရံ မန္တလေးတောင်ပေါ်တက်ကာ ပုတီးစိပ်သည်။ တောင်ခြေရှိ ရသေ့ကြီးဦးခန္ဓီ၏ ကိုယ်စားလှယ် ဦးကျော်သိန်းအိမ်သို့ ဘုရားဖူးများနှင့်အတူ ဝင်ရောက်ကာ ငွေကြေးပင် လှူဒါန်းသေး၏။
မန္နင်းခေါင်းဆောင်သော အမျိုးသမီးအဖွဲ့ကလည်း ရသေ့ကြီးအား အလွန်ကြည်ညိုသော ဒကာမများအသွင်ဖြင့် ဦးကျော်သိန်းအိမ်သို့ လှူဒါန်းဝင်ထွက်ကာ အိမ်၏ ဝင်လမ်း၊ ထွက်လမ်းများ၊ တယ်လီဖုန်းကြိုးနေရာများကို မှတ်သားကြလေသည်။
အိုးဘိုမြောက်ကျောင်းသို့ စိန်ခါးမြောင်နှင့် တင့်ဆွေတို့သည် “လျှို့ဝှက်စည်းရုံးရေးနှင့် စစ်ဆင်ရေးစနစ်ဖွင့်လှစ်ရန်” ဟူသော စာအုပ်တစ်စောင်ကိုယူကာ ဆရာတော်ထံ ဝင်ကြသည်။

လွတ်လပ်ရေးမပေးလျှင် အင်္ဂလိပ်အား တော်လှန်နိုင်ရန် လက်နက်များစုဆောင်းထားမည့် ခြေကုပ်စခန်း အဖြစ် ခတ္တသုံးပါမည့် အကြောင်း လျှောက်တင်ကြသည်။

ဆရာတော်ကား နိုင်ငံရေးတက်ကြွသူဖြစ်သည့်အတွက် လိုလိုလားလားပင် ခွင့်ပြုသည်။

သို့သော် ယခုအချိန်အထိ သူ့ထံလာတည်းနေကြသော ကိုညွန့်နှင့် လူများမှာ မည်သည့်အဖွဲ့ချုပ်ကမှန်း ဆရာတော်မှာ သေသေချာချာမသိရှာ။

သူ့ကျောင်းတွင် အဖွဲ့ချုပ်မှ ရဲဘော်များ လျှို့ဝှက်ကိစ္စဖြင့် ဝင်ထွက်နေသည်ဆိုသည်ကို ပင် တိုးတိုးတိတ်တိတ် ဂုဏ်ယူရှုပင် နေသေး၏။

ငန်းနက်၏ မြေနှကျွန်းပေါ်တွင် ဝှက်ထားသော လက်နက်များကို အိုးဘို့မြောက်ကျောင်းတွင်းရှိ စိန်ဓါးမြှောင်နေသော ကျောင်းဆောင်အတွင်းသို့ သယ်ယူပေးရေးကို ကြင်အေးက တာဝန်ယူသည်။

တင့်ဆွေနှင့် ငရုတ်သီးဘရင်က ကောလဟလနှင့် သတင်းအမှားများကို နိုင်ငံရေးရပ်ဝန်းနှင့် ပုလိပ်တို့ထံသို့ ဖြန့်ချီရန် တာဝန်ယူသည်။

ခါလေး ကား ဓါးပြတိုက်ရာတွင် ပါဝင်မည့်လူများကို စုစည်းသည်။

ထွန်းခင်နှင့် မောင်ချစ် က မန္တလေးမြို့မှ ဘတ်စ်ကားပိုင်ရှင် ဦးရာလှ၏ သားသန်းမောင်ကို စည်းရုံးထားသည်။

သန်းမောင် ကား ဇာတ်လိုက်ခင်မောင်ရင်ပါဝင်သော ဗိုလ်အောင်ဒင်ဇာတ်ကားကြည့်ပြီးကတည်းက လူဆိုးရူးရူးနေသည့် သူငေးသားဖြစ်သဖြင့် ထိုနေ့တွင် ဖခင်ထံမှ ဘတ်စ်ကားတစ်စီးကို အော်ဒါလိုက်ရန်ရှိသည်ဟု လိမ်ကာ ယူလာခဲ့မည်ဖြစ်ကြောင်း အာမခံသည်။

.....

၁၉၄၇ ခုနှစ် မတ်လ ၉ ရက် ဗုဒ္ဓဟူးနေ့သည် မန္တလေးတောင်ခြေဦး စိုက်ပျိုးရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော လက်မှုပညာပြပွဲကြီး၏ နောက်ဆုံးနေ့ဖြစ်သည်။

ပြပွဲတွင် ဆုရရှိသူများကို ဆုပေးမည့်နေ့ဖြစ်သည့်အတွက် မန္တလေးခရိုင်မင်းကြီးနှင့်တကွ အရာရှိကြီးငယ်များ၊ နိုင်ငံရေးသမားများအားလုံးသည် ဆုပေးမဏ္ဍပ်အတွင်းစုံညီနေကြသည်။

ပုလိပ်အဖွဲ့မှာလည်း မန္တလေးခရိုင်မင်းကြီးကို လုပ်ကြံမည်ဟူသော သတင်းကြောင့် ပွဲအတွင်း တစ်မြို့လုံးမှ လုံခြုံရေးများ ထူထပ်စွာချထား၏။

ညနေ ၃ နာရီတွင် လှည်းပြိုင်ပဲရှိသဖြင့် အားပေးမည့် ပရိသတ်များကလည်း မန္တလေးတောင်ခြေတွင် ကြိတ်ကြိတ်တိုးမျှ စည်ကားနေသည်။

ရသေ့ကြီးဦးခန္ဓိသည် ဒုတိယကမ္ဘာစစ်အပြီး စစ်ဒဏ်ကြောင့် ပျက်စီးသွားသော မန္တလေးတောင်ရှိ မိမိ၏ကောင်းမှုများကို အသစ်ပြန်လည်မွမ်းမံနေချိန်ဖြစ်သည်။

ထိုအချိန်တွင် ရသေ့ကြီးမှာ အသက်(၈၁)နှစ်အရွယ်ရှိနေပြီး လေငန်းရောဂါကြောင့် အသည်းအသန်မကျန်းမမာဖြစ်နေချိန်ဖြစ်သည်။

အခြားနယ်မှ ဘုရားဖူးများ၊ အလှူငွေလာထည့်သောသူများမှာ ဦးခန္ဓိ၏ ကိုယ်စားလှယ် ဦးကျော်သိန်း၏ အိမ်တွင်း စည်ကားနေသည်။

တချိန်တည်းတွင်ပင် အိုးဘိုမြောက်ကျောင်းတိုက်အတွင်းရှိ အဆောင်တွင် စိန်ခါးမြောင် က ပွဆိုးအဝါရောင်၊ တိုက်ပုံအညိုဖြင့် ခေါင်းပေါင်းကို ပေါင်းလျက် တပွလင်ချိတ်ထိုင်နေသည်။

သူ့ရှေ့တွင် ကန်တော့ပွဲများပေးထားပြီး အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိထား၏။

ကန်တော့ပွဲများရှေ့တွင် ခါးမြောင်တစ်လက်၊ ဘရင်းဂန်းသေနတ်(၃)လက်၊ စတင်းဂန်း (၅)လက်၊ ခြောက်လုံးပြူး(၅)လက် နှင့် ဘရင်းဂန်းကျည်ဆံတစ်သေတ္တာ၊ လက်ပစ်ဗုံးတစ်သေတ္တာနှင့် စစ်လွယ်အိတ်ဖြင့်ထည့်ထားသော စတင်းကျည်ဆံများကို ချထားသည်။

စိန်ခါးမြောင်၏ နောက်တွင် ငန်းနက်၊ တင့်ဆွေ၊ ခါလေး၊ ကြင်အေး၊ ထွန်းခင်၊ မောင်ချစ် ၊ လှမောင် ၊ ဝင်းမောင် တို့ နေရာယူသည်။

ထို့နောက်တွင်မှ စိန်ခါးမြောင်ဂိုဏ်း၏ ဒုတိယတန်းအဖွဲ့ဝင်အဖြစ် သတ်မှတ်ထားသော ဂျစ်တီး၊ ချစ်ဘာဏ်၊ ခင်မောင် အပါအဝင် လူငယ်ဆယ်ဦးခန့် ထိုင်နေကြသည်။

ဘတ်စ်ကားယူလာပေးသည့် သန်းမောင်ကလည်း စိန်ခါးမြောင်တို့ လုပ်သမျှကို ငေးမောနေ၏။

မကြာမီ သူဖြစ်ချင်သော ဗိုလ်အောင်ဒင် ဖြစ်တော့မည်ဟုလည်း စိတ်ကူးယဉ်နေသည်။

“စောရဒေဝီ တောင်ချမ်းသာအရှင်မ..ကျေးတော်မျိုးကျွန်တော်မျိုး ခိုးသားခါးပြများက ခါး၊လှံ၊ မီးပေါက်သေနတ်များကို အရေးကောင်းအတွက် အပ်နှံပါတယ်... ကျည်တန်ခိုး မီးတန်ခိုးတို့ကို ပွင့်အောင်ထွက်အောင် စောင့်ရှောက်ပါ..ယမ်းထုံယမ်းထိုင်းယမ်းအတို့ကို ဖယ်ရှားပါ...ရန်သူလက်နက်မှန်သမျှ ဆံခြည်မခရအောင် ကာကွယ်ပါ..နှားဖြူကို နှားနက်ဖြစ်အောင် နှားနက်ကို နှားနီဖြစ်အောင် နွားနီကို နွားကျားဖြစ်အောင် လှည့်စားဖန်ဆင်းပေးနိုင်သကဲ့သို့ တိုက်ရာပါများကို

လည်း လှည့်စားပေးပြီး မင်းပြဲစ်မင်းဒဏ်မှ ကွယ်ကာတော်မူပါ..စောရဒေဝီ တောင်ချမ်းသာသခင်မ”
နတ်တင်ပြီးနောက် စိန်ခါးမြောင်က လူစုဘက်သို့ လှည့်လိုက်သည်။
“ငါခုန စီစဉ်ထားတဲ့အတိုင်းပဲ..အားလုံး စနစ်တကျလုပ်ကြမယ်..မဟုတ်လား”
“လုပ်ကြပါမယ်...ဦးလေးကြီး”
ခါလေးနှင့် ဘချစ်က သားရည်အိတ်ရှည်ကြီးထဲသို့ ဘရင်းဂန်းနှစ်လက်၊ စတင်းဂန်းသုံးလက်ကို ထည့်သည်။
စိန်ခါးမြောင်က ခါးမြောင်ကို ခါးကြားထိုးလိုက်ပြီး လွယ်အိတ်ထဲသို့ ခြောက်လုံးပြူးတစ်လက်ကို ထည့်လိုက်သည်။
လှမောင် ၊ ကြင်အေး၊ ဘချစ်တို့က ခြောက်လုံးပြူးတစ်လက်ဆီ ခါးကြားထိုးသည်။
ကျောင်းရှေ့တွင် သန်းမောင်က ဘတ်စ်ကားကို အသင့်စက်နှိုးထား၏။
ဘတ်စ်ကားပေါ်သို့ ခါလေးနှင့် ဘချစ်က သားရည်အိတ်ရှည်ကို မပြီး တင်သည်။
ကားမောင်းမည့်သန်းမောင်ဘေးတွင် စိန်ခါးမြောင်က ဝင်ထိုင်လိုက်သည်။ ကားမောင်းတတ်သည့် ခင်မောင်ကိုလည်းရှေ့ခန်းတွင် ထိုင်စေသည်။
ဘတ်စ်ကားနောက်ဖက်မှ လှမောင်၊ခါလေး၊ထွန်းခင်၊ ကြင်အေး၊ဘချစ်၊ဂျစ်တီး၊ချစ်ဘဏ်တို့ တက်လိုက်ကြသည်။
ခါးပြတိုက်ပြီးနောက်ကားကို အိုးဘိုမြောက်တိုက်အတွင်းသို့ သာ မောင်းလာမည် ဖြစ်ပြီး တိုက်ရာပါများကို မြေနုကျွန်းပေါ်သို့ မော်တော်ဖြင့်သယ်ယူရန် ရွှေ့ပြောင်းရန် နောက်ထပ် ဂျစ်ကားတစ်စီးဖြင့် ငန်းနက်၊ ဝင်းမောင်တို့နှင့် လူငယ် (၁၀)ဦးက အိုးဘိုးတိုက်အတွင်းမှ စောင့်နေမည်ဖြစ်သည်။
ရှေ့နေ တင့်ဆွေ က မြို့ထဲရှိ ပြည်သူ့ရဲဘော်ရုံးတွင် သွားထိုင်ကာ ပုလိပ်တို့ အခြေအနေကို နားစွင့်နေမည်ဖြစ်သည်။
နွားလှည်းပွဲထဲတွင် အနှင်းနှင့် မြနှစ်တို့က ခြောက်လုံးပြူးကိုယ်စီဝှက်ကာ ရောနှောနေမည်ဖြစ်ပြီး ပုလိပ်များ၏ အခြေအနေကို စောင့်ကြည့်ပေးထားမည်။
မြစ်ဆိပ်တွင် မြကြည်၊ ရင်ရင်၊ ကြင်ကြင်၊ မစိန်ရီတို့က မော်တော်တစ်စီးအသင့်ငှားထားမည်ဖြစ်သည်။
မကြာမီ လူဆယ်ယောက်ကို တင်ဆောင်လာသော ဘတ်စ်ကားသည် ထင်းဝင်း၊ အိုးဘိုးမြောက်တိုက်မှ မန္တလေးတောင်ခြေသို့ ဦးတည်မောင်းနှင်သွားသည်။

ကျောင်းတိုက်ပေါ်မှ ဆရာတော်က စိန်ခါးမြောင်တို့ လူစုကိုငေးကြည့်ရင်း ကျန်ရစ်သည်။
ဘုရားလူကြီးအိမ် ခါးပြတိုက္ခည့်အဖွဲ့ကြီး သူ့ကျောင်းတွင် အခြေပြုထားသည်ကို မသိရှာ။
ငါ့ကျောင်းကြီးက တော်လှန်ရေးအမြုတေကျောင်းတိုက်ကြီးဖြစ်လာလေပြီ ဟူသော အတွေးဖြင့် ပီတိဖြာလျက်။
ဦးကျော်သိန်းအိမ်အနီး မိုးထိ တိုက်နားအရောက်တွင် စိန်ခါးမြောင် က အချက်ပြသဖြင့် ကားကို ရပ်လိုက်သည်။
စိန်ခါးမြောင်က သားရည်အိတ်ရှည်ကို ကားနောက်သို့ ပို့ပေးလိုက်သည်။
ထို့နောက်
“ကြင်အေး ငါနဲ့လိုက်ခဲ့ပြီး..ခြံဝကစောင့်..ငါက ဝင်ခဲ့ကြ ဆိုတာနဲ့ ကြင်အေးက ဘတ်စ်ကားကို အချက်ပြပြီး အိမ်ရှေ့ထိမောင်းလာခဲ့ငိုး။ ပြီးရင် လှမောင်၊ ဘချစ်၊ ဂျစ်တီး၊ ချစ်ဉာဏ်၊ ခင်မောင် တို့က ဝင်လာခဲ့ကြ၊ ငါနဲ့ ကောင်လေးတွေက အိမ်က လူတွေကို တာဝန်ယူမယ်၊ ကြင်အေးနှင့် ဘချစ်က ပစ္စည်းတွေ ငွေတွေရသလောက်ယူဖို့လုပ်၊ မီးခံသေတ္တာသော့က အဖွားကြီးဆီမှာရှိလိမ့်မယ်၊ အဲ့ဒါကို လှမောင် က တာဝန်ယူ၊ ထွန်းခင်နဲ့ ခါလေး အပြင်မှာစောင့်၊ ငါတို့ အထဲမှာ အလုပ်လုပ်နေတုန်း ခါလေးက ဟော့ဟိုက တယ်လီဖုန်းကြိုးကို သစ်ပင်ပေါ်တက်ဖြတ်...ဟိုကောင်လေးသန်းမောင်က စက်နှိုးပြီး ကြင်အေး အချက်ပြတာစောင့်နေ.. .ပြီးတာနဲ့ အားလုံး ဘတ်စ်ကားပေါ်တက်မယ်နော်..ညီစေနော်..ငါ့လူတို့”
“ညီစေ့မယ်..ဦးလေးကြီး”
ညွှန်ကြားပြီးသည်နှင့် စိန်ခါးမြောင်က ဦးကျော်သိန်းအိမ်ဝိုင်းရှေ့သို့ လျှောက်သွားသည်။
ညနေ (၃)နာရီထိုးပြီ။
တောင်ခြေရှိ နွားလှည်းပြိုင်ပွဲက စတင်ပြီဖြစ်ကြောင်း တာထွက်သေနတ်ဖောက်သံထွက်လာသည်။ လက်ခုပ်သံများ ၊ အော်ဟစ်သံများလည်း ဆူညံနေ၏။
ဦးကျော်သိန်း နှင့် သမကြွစ်သူတို့မှာ အလုပ်သမားများကို ငွေရှင်းပေးနေချိန်ဖြစ်သည့်အတွက် လူဝင်လူထွက် ရှုပ်ယှက်နေသည်။
ထိုအချိန်တွင် အညိုရောင်
တိုက်ပုံ၊ အဝါရောင်ပုဆိုးကို ဝတ်လျက် ခေါင်းပေါင်းပေါင်းကာ ထူးထူးခြားခြား နေကာမျက်မှန်တပ်ထားသူတစ်ဦး အိမ်ထဲ ဝင်လာသည်။
ထိုသူက အိမ်ထဲရှိ ပက်လက်ကုလားထိုင်တွင် ခပ်အေးအေးဝင်ထိုင်နေ၏။

ဦးကျော်သိန်းမှာ ထိုလူကို သတိထားမိသော်လည်း လာနေကျ ဘုရားဖူးများ အလှူငွေလာထည့်သူများပင် ဖြစ်မည်ဟု ထင်လိုက်သည်။
အလုပ်သမားများရှင်းသွားချိန်တွင် ဦးကျော်သိန်း နှင့် သားမက်ဖြစ်သူ၏ စားပွဲရှေ့တွင် ဝင်ထိုင်လိုက်သည်။
“ရသေ့ကြီးကို ဖူးချင်လို့လား..မောင်..ရသေ့ကြီးကတော့ သူ့ကျောင်းမှာ နေမကောင်းရှာလို့ ဘယ်သူမှ အတွေ့မခံဘူးကွဲ့..လူချင်တယ်ဆိုရင်တော့ ဦးဆီ လှူသွားလို့ရပါတယ်..ဦးက ရသေ့ကြီး ကိုယ်စားလှယ်ပါပဲ”
“လှူဖို့မဟုတ်ပါဘူးခင်ဗျ..ကျွန်တော်က.အလှူခံဖို့ လာတာပါ”
လူစိမ်းစကားကြောင့် ဦးကျော်သိန်း က မျက်မှောင်ကြုံ့သွားသည်။
လူစိမ်းက ခါးကြားမှ ခါးမြှောင်တစ်ချောင်းကို စားပွဲပေါ်ပစ်တင်လိုက်၏။
ထို့နောက် လွယ်အိတ်ထဲမှ ခြောက်လုံးပြူးကို ထုတ်ကာ စားပွဲပေါ်တင်လိုက်ပြန်သည်။
“ကျွန်တော် စိန်ခါးမြှောင်ပါ”
ဦးကျော်သိန်းရော သမက္ကြစ်သူပါ လန့်ဖြန့်သွားကြသည်။
“ကဲ.ငါ့ညီ..ရှေ့မှာ ကိုကြင်အေး ဆိုတဲ့လူတစ်ယောက်ရှိတယ်..သူ့ကို သွားပြောချေကွာ..ဦးလေးကြီးက ဝင်ခဲ့လို့ရပြီလို့..ပြောပြီး ပြန်လာနော်..မဟုတ်ရင် မင်းတို့ ဘုရားဒကာကို ခါးမြှောင်နဲ့ ခြောက်လုံးပြူး ကြိုက်တာ ရွေးခိုင်းလိုက်မှာ”
ဦးကျော်သိန်း သမက််က ပြူးပြူးပြာပြာဖြင့် ခြံဝန်းရှေ့သို့ ထွက်သွားပြီး ပြန်လာသည်။
ခဏအကြာတွင် ဘတ်စ်ကားတစ်စီးအိမ်ရှေ့သို့ မောင်းနှင်လာပြီး ရပ်လိုက်၏။
စိန်ခါးမြှောင်၏ တပည့်များသည် အိမ်အတွင်းသို့ ဝင်လာကြသည်။
လှမောင်က ဦးကျော်သိန်းကို စတင်းဂန်းဖြင့်ထောက်ကာ အိမ်တွင်းသို့ ခေါ်သွား၏။
မကြာမီ အိမ်ရှေ့တွင် အိမ်သားများ စုံပြီဖြစ်သဖြင့် စိန်ခါးမြှောင်က အားလုံးကို မျှောက်အိပ်ခိုင်းလိုက်သည်။
လှမောင်သည် ဦးကျော်သိန်းကတော် ဒေါ် ခြံထဲမှ မီးခံသေတ္တာသော့ကို ရလာသည့်အတွက် အိတ်အနက်ဖြင့် ငွေများ၊ ရွှေထည်များ၊ စိန်များကို ထည့်နေသည်။
ကိစ္စအားလုံးပြီးသည့်အခါ စိန်ခါးမြှောင်က ခြောက်လုံးပြူးကို ခါးထိုးလိုက်ပြီး
“ကဲ..အိမ်သားတွေ..စိတ်တော့မရှိပါနဲ့...ဒီက ဦးနဲ့ ဒေါ်ဒေါ်ကို ခဏခေါ်သွားပါမယ်...နောက်တစ်နာရီအတွင်း ပုလိပ်ကို အကြောင်းမကြားပါနဲ့..အကြောင်းကြား

ပြီဆိုတာနဲ့...နှစ်ယောက်လုံးကို တုသိတာနတ်ပြည်ကို ပို့ပေးလိုက်ပါ့
မယ်..ကဲ..ထွက်ကြမယ်ဟေ့”
အပြင်ဘက်တွင် ခါလေးနှင့် ထွန်းခင်က ဘရင်းဂန်းနှစ်လက်ကို ကိုင်လျက် စောင့်
နေကြသည်။
“ခါလေး..တယ်လီဖုန်းကြိုးဖြတ်ပြီးပလားဟေ့”
“ပြီးပြီ..ဦးလေးကြီး”
“ကဲ..တက်ကြ”
စိန်ခါးမြောင်အဖွဲ့သည် ဘတ်စ်ကားကို မြောက်ကျုံးလမ်းအတိုင်းမောင်းနှင်သွား
သည်။
ထိုအချိန်တွင် အိမ်တွင်း ကျန်ရစ်ခဲ့သည့် ဦးကျော်သိန်း၏ သမက်မှာ အိမ်ရှိ
တယ်လီဖုန်းဖြင့် ပုလိပ်ကို ခေါ်သော်လည်း ဖုန်းကြိုးများ ဖြတ်ခံထားရသဖြင့် ခေါ်
မရချေ။
ထို့ကြောင့် မန္တလေးတောင်ခြေသို့ ပြေးသွားပြီး စက်ဘီးအပ်ဌာနတွင်ရှိနေသည့်
ပုလိပ်အစောင့်များကို ဓါးပြတိုက်ခံရကြောင်းအကြောင်းကြားသည်။
ပုလိပ်များက သံချောင်းများ ခေါက်ကြသော်လည်း ပြိုင်ပွဲအတွင်း ဆူညံနေ
သဖြင့် မည်သူမျှ အရေးမစိုက်မိကြ။
အနီးအနားတွင်ရှိနေသော ရဲအုပ်ဦးအေး က အသံကြားသဖြင့် အခြေအနေကို
လာမေးသည်။
ဓါးပြတိုက်ခံရသည်မှန်းသိသည်နှင့် ဖြိတိသျှစစ်ဘက်အရာရှိတစ်ဦး ကို လိုက်ပို့
ပြီး စောင့်နေသည့် စစ်ဘက်မှ ဂျစ်ကားတစ်စီးကို အကူအညီတောင်းလိုက်သည်။
ကားပေါ်တွင် ထိုင်နေသော ဒရိုင်ဘာနှင့် ပန်ချာပီစစ်သားမှာ ဦးအေးနှ င့် ဦးကျော်
သိန်း၏ သမက်၊ ပုလိပ်ငယ်နှစ်ဦး ကို တင်ဆောင်ကာ မြောက်ကျုံးလမ်းအတိုင်း
လိုက်ကြသည်။
အခြေအနေကို အကဲခတ်နေသော မနှင်းနှင့် မြနှစ်တို့သည် စိန်ခါးမြောင်အဖွဲ့မှ
မောင်လှအောင် အသင့်စောင့်ပေးနေသည့် ဂျစ် ကားဖြင့် ဦးအေးတို့ကား
နောက်သို့ လိုက်ကြသည်။
စိန်ခါးမြောင်တို့ ဘတ်စ်ကားသည် ဆပ်ပါးမိုင်းနားတပ် ရေချိုးဆိပ်အနီးတွင် ရုတ်
တရပ်ထိုးရပ်သွား၏။
သန်းမောင်က စက်ပြင်နေစဉ် ဦးအေးတို့ ဂျစ်ကား သည် ဘတ်စ်ကားအနီးသို့ မှီ
လာလေသည်။

ထိုအချိန်တွင် စိန်ခါးမြောင်က ခြောက်လုံးပြူးကို ကိုင်ကာ ကားပေါ်မှ ဆင်းသွား၏။

သူတို့ထံလာနေသော ဝတ်ကောင်းစားလှနှင့် လူပုံခန့်ခန့်လူမှာ မည်သူမှန်းမသိသဖြင့် ဦးအေးမှာ အခြေအနေကို အကဲခတ်နေစဉ် ဦးကျော်သိန်း၏ သမက်က ထအော်လိုက်သည်။

“အဲ့ဒါ ခါးပွ..ခါးပွ”

ဦးအေးက ခြောက်လုံးပြူးဖြင့် ချိန်လိုက်စဉ် စိန်ခါးမြောင်က ဦးအောင် ပစ်ချလိုက်သည်။

ကျည်ဆံက ဂျစ်ကားမှန်ကို ထိပြီး ခွမ်းခနဲကွဲထွက်သွား၏။

ဂျစ်ကားဒရိုင်ဘာမှ ဆင်းပြေးပြီး ပန်ချာပီစစ်ဗိုလ်မှာ ခေါင်းကိုဝပ်လျက် ခါးကြားမှ သေနတ်ကို ဆွဲထုတ်နေသည်။

အနောက်မှ ပုလိပ်သားများကား ရိုင်ဖယ်ကိုယ်စီဖြင့် ပစ်ရန်ပြင်လိုက်သည်။

ထိုအချိန်တွင် ဂျစ်ကားအနောက်ဖက် မှ ကားတစ်စီးထိုးရပ်လာပြီး ကားပေါ်မှ မနှင်းက ခြောက်လုံးပြူးဖြင့် ပစ်လိုက်သည်။

ကျည်ဆံမှ ဦးအေး ၏ ခေါင်းပေါ်မှ ရှပ်ဖြတ်သွားသဖြင့် ဦးလေးမှာ ခေါင်းကို ဝပ်ထားလိုက်ရ၏။

တချိန်တည်းတွင် စိန်ခါးမြောင်၏ နောက်မှ ခါလေးနှင့် ထွန်းခင်တို့သည် ဘရင်ဂန်းကိုယ်စီကို ဘတ်စ်ကားစက်ဖုံးပေါ် ထောက်ကာ ဂျစ်ကားကို ဝိုင်းပစ်ကြတော့သည်။

လူမောင်နှင့် ကြင်အေးကလည်း စတင်းဂန်းများဖြင့် စိန်ခါးမြောင်ထံသို့ ပြေးလာကြ၏။

အင်အားမမျှသဖြင့် ပန်ချာပီစစ်ဗိုလ်မှာ ကားပေါ်မှ ဆင်းပြေးသွားပြီးနောက် ရဲအုပ်ဦးအေးနှင့် ပုလိပ်များပါ ဆင်းပြေးကြတော့သည်။

“ဟေ့..ခင်မောင်..ဂျစ်ကားကို သွားမောင်းခဲ့ကွာ”

ခင်မောင်က ဂျစ်ကားရှိရာ ပြေးသွားသည်။

အနှင်းတို့ကားက ဘတ်စ်ကားဘေးထိုးရပ်လိုက်သည်။

“ကားပေါ်က ပိုက်ဆံတွေနဲ့ ရွှေတွေ အနှင်းတို့ ကားပေါ်သယ်ဟေ့”

ကားပေါ်မှ လူများက တိုက်ရာပါများကို အနှင်းတို့ ကားထဲ လွှဲပြောင်းကြသည်။

“ကဲ..အနှင်း..မြစ်ဆိပ်မှာ မြကြည်တို့ စောင့်နေတယ်...ပစ္စည်းတွေ မော်တော်ပေါ်တင်ပြီး မြေနုကျွန်းကို သွားကြပေတော့”

စိန်ခါးမြောင်က အနှင်းကို လေသံဖြင့် ကပ်ပြောလိုက်သည်။
ခင်မောင်က စစ်တပ်တံဆိပ်ပါ ဂျစ်ကားကို မောင်းယူလာသဖြင့် အားလုံးကား ပေါ်တက်လိုက်ကြသည်။
သန်းမောင်က ကားပေါ်တက်ရန် ပြင်လိုက်စဉ်..
“မင်းနေခဲ့..ကောင်လေး... တို့က..ပစ်ကြခတ်ကြဦးမှာ...မင်းက ငယ်သေး တယ်..တော်ကြာ သေနေမယ်...အခုချက်ချင်း ဌာနကိုသွား... နေ့လည်က မင်း ကားကို လူတစ်စုက သေနတ်နဲ့ချိန်ပြီး လုသွားတယ်လို့ အမှုဖွင့် ဟုတ်ပြီလား...ငါ ပြောတာနားမထောင်ရင်တော့..မင်းကို လာသတ်မှာ..”
ဂျစ်ကားက မောင်းထွက်သွားသည်။
ဘတ်စ်ကားအပျက်ကြီးနှင့်အတူ သန်းမောင်၊ ဦးကျော်သိန်း၊ ဒေါ် ခြံတို့သာ ကျန်ရစ်၏။
သန်းမောင်လည်း ကားကို ထားခဲ့ကာ အနီးဆုံးဖြစ်သည့် ၁၁ မှတ် ပုလိပ်ဌာနသို့ အမှုဖွင့်ရန် ပြေးတော့သည်။
မကြာမီတွင် မန္တလေးခရိုင်ရဲဝန်ကလေးနှင့် ၁၆ မှတ်ဌာနအုပ်တို့ ဦးဆောင်သော အဖွဲ့သည် ပျက်နေသော ဘတ်စ်ကားရှိရာ ရောက်ရှိလာကြသည်။
ဘတ်စ်ကားပေါ်တွင် ဦးကျော်သိန်းတို့လင်မယားနှင့် သက္ကလပ်ဦးထုပ်အစိမ်း ရောင်တစ်လုံး၊ ဘရင်းဂန်းကျည်ဘောက်အလွတ်တစ်ခု၊ ဝါယာဖြတ်သည့်ကပ် ကြေးတစ်လက်ကိုသာ တွေ့ရတော့သည်။
မကြာမီပင် ထိုသတင်းက ပြည်ထဲရေးဝန်ကြီးဌာနအထိ ပေါက်သွားပြီး မန္တလေး မြို့ပေါ်တွင် ပုလိပ်များ၊ စစ်ရဲများ၊ ပြည်သူ့ရဲဘော်များဖြင့် ရှုပ်ယှက်ကုန်၏။
မြစ်ဆိပ်များ၊ မြို့အဝင်များကို ပုလိပ်ဘက်က ပိတ်ဆို့ထားလိုက်ကြပြီး မြို့တွင်း နေရာအနှံ့တွင် စစ်ရဲနှင့် ပြည်သူ့ရဲဘော်များက လက်နက်အပြည့်အစုံဖြင့် ရှာဖွေ ကြတော့သည်။
စိန်ခါးမြောင်အဖွဲ့ လုယူစီးနင်းသွားသော ဂျစ်ကားကိုသာ မြို့ထဲတစ်နေရာတွင် ပြည်သူ့ရဲဘော်အဖွဲ့က သိမ်းဆည်းမိခဲ့ကြသည်။
မမြကြည်တို့၏ မော်တော်ကား သီသီလေးပင် လွတ်မြောက်သွားခဲ့ပြီဖြစ်သည်။
စိန်ခါးမြောင်အဖွဲ့မှာ အိုးဘိုကျောင်းအတွင်း ခိုအောင်းနေကြ၏။
ကျောင်းတိုင်ဆရာတော် ဦးကွန္ဒောဘာသမှာလည်း တော်လှန်ရေးအမြွှေတ အခြေတည်ရာဖြစ်လာမည်ဟု မှတ်ယူခဲ့သည့် သူ့ကျောင်းကြီးမှာ ဓါးပြမှု အခြေတည်ရာဖြစ်သည်ကို သိသွားချေပြီ။

သူကို နာယကဆရာတော်ခန့်မည်ဆိုသည့် ဌာနချုပ်ကြီးဆိုသည်မှာလည်း စိန်ခါးမြောင်ခါးပြဌာနချုပ်ကြီးမှန်း သိသွားလေပြီ။

သို့သော် ဦက္ကန္ဒောဘာသ ကား ဘာမျှ မတတ်နိုင်။

အဘယ်ကြောင့်ဆိုသော် သူတင်သာမက နယ်မှရောက်နေသော မယ်တော်ကြီး ဒေါ်ပု၊ တူမမဝင်းတို့ ပါ စိန်ခါးမြောင်အဖွဲ့၏ သေနတ်ပြောင်းအောက်တွင် ထိန်းသိမ်းခံလိုက်ရပြီဖြစ်သည်။

.....

မတ်လ ၁၀ ရက်နေ့။

ဘတ်စ်ကားအလုယူခံရမှုနှင့် ပတ်သတ်ပြီး အမှုလာဖွင့်ထားသူ သန်းမောင်ကို (၁၆)မှတ် ပုလိပ်ဌာနက မသက်သာမှုဖြင့် ဖမ်းဆီးလိုက်သည်။

ထိုသတင်းကို ပြည်သူ့ရဲဘော်အဖွဲ့နှင့်အတူ ရှိနေသည့် တင့်ဆွေက ပေးပို့ခြင်းဖြစ်သည်။

သန်းမောင်ကို အာမခံရအောင်လုပ်ရန်အတွက် ငွေလေးထောင်လို ကြောင်းကိုလည်း သတင်းပါးလိုက်သည်။

အစိုးရလက်အောက်ခံ လက်နက်ကိုင်အဖွဲ့များအားလုံးနီးပါးက မန္တလေးမြို့ကို ပိတ်ဆို့ထားကြသည်။

စိန်ခါးမြောင်လူစုကား ဘုန်းကြီးကျောင်းတိုက်အတွင်း ပိတ်မိနေချေပြီ။

“ဘုန်းကြီးကျောင်းကြီးကို ဒီတိုင်းတံခါးပိတ်ပြီး ကြာကြာနေရင်တော့..အရပ်ထဲက လူတွေ ရိပ်မိပြီး သိကုန်ကြမယ်။ ပုလိပ်ကလည်း ငါတို့ကိုမတွေ့မချင်း မြို့ကို ပိတ်ထားမှာပဲ။ ငါတို့ မဖြစ်မနေ ဖောက်ထွက် ဖြစ်တော့မယ်။ ခါလေး..မင်းက မတ္တရာဘက်ကို တစ်ယောက်တည်းရောက်ဖူးသား၊ မတ်လ ၁၂ ရက်နေ့မှာ ဝါဆိုဝါပို့ နဲ့အဖွဲ့ကို ခေါ်ပြီး မြို့ပြင်က ဂါတ်တစ်ခုခုကို လက်ပစ်ဗုံးနဲ့ ဝင်ထုကွာ...အဲ့ဒီဘက်ကို ပုလိပ်တွေအာရုံရောက်နေချိန် ငါတို့နည်းနဲ့ ငါတို့ ဖောက်ထွက်မယ်”

ခါလေးက ရုပ်ဖျက်ကာ ကျောင်းထဲမှ ထွက်သွား၏။

“ထွန်းခင် မင်းက တင့်ဆွေဆီကို သွား..ငါရှစ်ထောင်ပေးလိုက်မယ်..ဟိုကောင်လေးကို မနက်ဖန်မှာ အာမခံရအောင် လုပ်ပေးလို့..ပြီးရင် ပြည်သူ့ရဲဘော်ယူနီဖောင်းတွေနဲ့ လူဆယ်ယောက်စာ ကားတစ်စီး ရအောင်စီစဉ်ခိုင်းပြီး ဒီခေါ်လာ..ဟိုကောင်လေးကိုပါ ခေါ်လာခဲ့..၁၂ ရက်နေ့ကျငါတို့ ပြည်သူ့ရဲဘော်ယူနီဖောင်းတွေဝတ်ပြီး မြို့ထဲက ဖောက်ထွက်မယ်”

ထွန်းခင် က ငွေရှစ်ထောင်ကို ယူကာ ထွက်ခွာသွား၏။

သို့သော်.....ထိုနေ့ညတွင်ပင်.....

အထူးရဲအဖွဲ့၏ စစ်မေးမှုဒဏ်ကို မခံနိုင်သော သန်းမောင်သည် စိန်ခါးမြောင်အဖွဲ့ခိုအောင်းရာမှာ အိုးဘိုမြောက် ဘုန်းကြီးကျောင်းအတွင်းဖြစ်ကြောင်း ထွက်ဆိုခဲ့တော့သည်။

ညတွင်းချင်းပင် မြန်မာပြည်ပုလိပ်မင်းကြီးရုံးအထူးအမိန့်အရ ရာဇဝတ်ဝန်ထောက် ဦးကောက်၊ အေအက်စ်ပီ မစ္စတာပင့်ချ်တို့အုပ်ချုပ်သည့် ပုလိပ်အင်အား (၃၀)၊ ဗိုလ်ဌေးမောင်အုပ်ချုပ်သည့် စစ်ရဲအဖွဲ့ (၁၅)ယောက်ပါသော အိုးဘိုကျောင်းဝင်ရောက်စီးနင်းရေးအဖွဲ့ကို မည်သူကိုမျှသတင်းမပေါက်ကြားစေပဲ အသင့်အနေအထားဖြင့် လျှို့ဝှက်စုစည်းလိုက်သည်။

……
……
……

အခန်း(၁၆)

မတ်လ (၁၁)ရက်။

အိုးဘိုမြောက်ကျောင်းအတွင်းတွင်တော့ အခြေအနေက တည်ငြိမ်နေသည်။ စိန်ခါးမြောင်၊ ငန်းနက် ၊ လှမောင်၊ ကြင်အေးတို့သည့် ဘုန်းကြီးကျောင်းအတွင်း စုစည်းထားခဲ့သော လက်နက်များအနက်မှ စိန်ပြောင်းတစ်လက်နှင့် ဘရင်းဂန်း၊ တော်မီဂန်းများကို သက်နှံအဟောင်းများနှင့်ပတ်ကာ သိမ်းဆည်းနေကြ၏။

ခါလေး ကားခေါ်လာသည့်အခါ အသင့်ထွက်နိုင်ရန် ပြင်ဆင်နေကြခြင်းဖြစ်သည်။

သို့သော် ထိုနေ့ တစ်နေ့လုံး ခါလေး ရောက်မလာ။

ခါလေးသည် ဝါဆိုဝါပိုညီအစ်ကိုနှင့် ချိတ်ဆက်ရန် မတ္တရာသို့ ရောက်သွားခဲ့သော်လည်း မတ္တရာအထွက်တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့နှင့် ဝါဆိုဝါပိုညီအကိုအဖွဲ့တို့ တိုက်ပွဲအကြိုးအကျယ်ဖြစ်နေသဖြင့် မန္တလေးသို့သာ လှည့်ပြန်ခဲ့ရသည်။

အိုးဘိုမြောက်ကျောင်းတိုက်သို့ ရောက်သောအခါ အရပ်ဝတ်နှင့် ပုလိပ်များက ပတ်လည်ဝိုင်းထားသည်ကိုတွေ့သဖြင့် ခါလေးမှာ မည်သို့မျှ မတတ်နိုင်တော့ပဲ ရွှေတချောင်းမြောင်းတစ်ဖက်ရှိ ချမ်းသာရထုံးကုန်းဘုန်းကြီးကျောင်းတွင် ဝင်ခိုနေရသည်။

အပြင်တွင်ရှိနေသော တင့်ဆွေနှင့် ထွန်းခင်မှာလည်း သန်းမောင်ကို အာမခံရအောင်ကြိုးစားသော်လည်း အချည်းအနှီးဖြစ်ခဲ့ရသည်။

ထွန်းခင်ကိုပင် ပုလိပ်ဘက်မှ မသက်သာဖြင့် လိုက်လံဖမ်းဆီးသောကြောင့် ထွန်းခင်မှာ မန္တလေးတောင်ပေါ်တွင် သွားရောက်ပုန်းအောင်နေရသည်။

ထိုသို့နှင့် အိုးဘိုးမြောက်ကျောင်းတွင် စိန်ခါးမြောင်အဖွဲ့မှာ တညကုန်လွန်ခဲ့တော့သည်။

.....

မတ်လ ၁၂ ရက်နေ့။ နေ့လည် ၂ နာရီ။

ဘုန်းကြီးကျောင်းအတွင်းမှ ရှိသည့် ရိက္ခာများကို ချက်ပြုတ်စားသောက်ပြီးနောက် ကျောင်းပေါ်တွင် စိန်ခါးမြောင်နှင့် ငန်းနက်တို့ လှလျောင်းကာ စကားပြောနေကြသည်။

ကျောင်းဝန်းအလယ်ရှိ ဇရပ်တွင် ကြင်အေးနှင့် လူငယ်(၁၀)ဦး ဝိုင်းဖွဲ့စကားပြောနေကြ၏။

လှမောင်ကား လက်နက်များထားသည့် ကျောင်းတိုက်တွင် အိပ်ပျော်နေသည်။
ထိုအချိန်တွင် ကျောင်းတိုက်အပြင်မှ ကားသံကြားရသဖြင့် စိန်ခါးမြောင်က မတ်တပ်ထရပ်လိုက်သည်။
“ခါလေး လာပြီထင်တယ်..ငန်းနက်”
စိန်ခါးမြောင်၏ စကားပင်မဆုံးလိုက်...ပုလိပ်လော်ရီကားက ကျောင်းတံခါးကို ဝုန်းခနဲ တိုက်ဖွင့်ဝင်လာသည်ကို တွေ့လိုက်ရသည်။
နောက်ထပ် လော်ရီကားသုံးစင်း လည်း ဝင်လာပြီး ပုလိပ်နှင့် စစ်ရဲများဆင်းလာကြသည်။
“ကျောင်းပေါ်တက် နေရာယူဟေ့”
ကြင်အေးက လက်ထဲမှ စတင်းဂန်းဖြင့် တစ်ချက်မွှေလိုက်ပြီး အမိန့်ပေးလိုက်သည်။
လူငယ်အုပ်စုက ထောင်ထားသော လက်နက်များကိုယ်စီ ကိုင်ဆောင်ကာ ကျောင်းတိုက်များပေါ် တက်ပြေးကြသည်။
ပုလိပ်အဖွဲ့က ကားများကို အကာအကွယ်ယူကာ ရိုင်ဖယ်သေနတ်များဖြင့် ကျောင်းပေါ်သို့ ပစ်ခတ်ကြသည်။
ဂျစ်ကားပေါ်မှ ဆင်းလာသော ရာဇဝတ်အုပ်ဦးချစ်ပုံ နှင့် ပုလိပ်သားမောင်ကို တို့သည် သေနတ်ကိုယ်စီဖြင့် ကျောင်းပေါ်ပြေးတက်သွားကြသည်။
သူတို့နောက်မှ ပုလိပ်အိတ်စပတ်တော်ဦးကောက်နှင့် မစ္စတာပင့်ချ်နှင့် ဌာနအုပ်ဦးတုတ်ကလေးတို့ က ခြောက်လုံးပြူးကိုယ်စီဖြင့် လိုက်တက်သွားသည်။
ကြင်အေး က ကျောင်းခေါင်မိုးပေါ်သို့ ကျော်တက်ကာ အပေါ် စီးမှ ကျောင်းလှေကားသို့ တက်လာနေသော ပုလိပ်များကို စတင်းဖြင့်ပစ်သည်။
စိန်ခါးမြောင်နှင့် ငန်းနက်သည် လက်နက်များထားရာအခန်းသို့ ပြေးသွားကြ၏။
အခန်းဝတွင် လှမောင်က ဘရင်းဂန်းကိုင်ကာ ပြေးထွက်လာသည်။
“လှမောင်...ကျောင်းပေါ်ကနေ ဒေါက်ထောက်ပြီး နောက်ကောင်တွေ တက်မလာရဲအောင် ပစ်ဟေ့”
လှမောင်က ကျောင်းလက်ရမ်းတွင် ဘရင်းဂန်းကို ဒေါက်ထောက်ကာ အတွဲလိုက် ပစ်ခတ်လိုက်သည်။
ငန်းနက်ကလည်း နောက်ထပ် ဘရင်းဂန်းတစ်လက်ဖြင့် ပစ်သည်။
စိန်ခါးမြောင်က တော်မီဂန်းကို လွယ်ကာ အော်ဟစ်အမိန့်ပေးနေသည်။

ကျောင်းပေါ်သို့ စီးမိထားသော ဦးချစ်ပုံအဖွဲ့လက်ချက်ဖြင့် မြဲခြံသား ကံလှ၊ ချစ်ဉာဏ် တို့ သေနတ်မှန်ကာ လဲကျသွားသည်။

ပုလိပ်ဘက်မှလည်း တစ်ယောက်ကျသွား၏။

စိန်ခါးမြောင်အဖွဲ့မှ ၂၅ ယောက်ခန့် အင်အားရှိပြီး ပုလိပ်အဖွဲ့ အင်အား ၃၀ နှင့် ကျောင်းရှေ့တွင် ရင်ဆိုင်ပစ်ခတ်နေသည်။

ထိုအချိန်တွင် ဗိုလ်ဌေးမောင်ဦးဆောင်သော စစ်ရဲ အင်အား ၁၅ ဦးက ကျောင်း အနောက်ဘက်မှ ပတ်ဝင်ကာ ပစ်ခတ်ကြပြန်သည်။

ကျောင်းအနောက်ဘက်ကို ကျောပေးလျက် ပစ်ခတ်နေသူ လှအောင် သေနတ်မှန်ကာ ကျသွား၏။

“အနောက်မှာ တဖွဲ့ဟော့..ဂျစ်ကီး၊ ခင်မောင် လက်ပစ်ဗုံးသေတ္တာတွေသွားသယ်ဟော့”

စိန်ခါးမြောင် အမိန့်ပေးသံကြောင် ဂျစ်ကီးနှင့် ခင်မောင် သည် ကျည်ဆံများကြားမှ လက်ပစ်ဗုံးသေတ္တာကို သွားသယ်ကာ စိန်ခါးမြောင်တို့ လူစုဆီ ပြန်ယူလာသည်။

စိန်ခါးမြောင်တို့မှ ကျောင်းဆောင်များပေါ်တွင် ပစောက်ပုံနေရာယူထားပြီး အလယ်တွင် ဦးချစ်ပုံ၊ မစ္စတာပင့်တို့ အဖွဲ့က စီးနင်းထားသည်။

ကျောင်းဝန်းအတွင်းတွင် ရဲဝန်ထောက်မစ္စတာကရောစဘီ၊ ရာဇဝတ်အုပ်ဦးသာချစ်တို့ ပုလိပ်အဖွဲ့က ကျောင်းပေါ် တက်နိုင်ရေး ကြိုးစားပစ်ခတ်နေကြ၏။

မကြာမီ စိန်ခါးမြောင်အဖွဲ့ထံမှ လက်ပစ်ဗုံးများ ထွက်လာပြီး ကျောင်းဝင်း အတွင်း ပေါက်ကွဲတော့သည်။

အလယ်ကျောင်းကို စီးနင်းထားသည့်အဖွဲ့မှ ရာဇဝတ်အုပ် ဦးပုကလေးမှာ လက်ပစ်ဗုံးမှန်သဖြင့် ဒဏ်ရာရသွားသည်။

လက်ပစ်ဗုံးများဖြင့် တအုံးအုံး ထုနေသဖြင့် မစ္စတာကရောစဘီက ကျောင်း ပေါ်ရောက်နေသော ပုလိပ်များကို ဆုတ်ခွာရန် အမိန့်ပေးသည်။

အနောက်ဖက်ခြမ်းတွင်မူ ဘချစ်နှင့် အဖွဲ့က ဘရင်းဂန်းနှင့် လက်ပစ်ဗုံးများကို အသုံးပြုကာ ပစ်ခတ်နေသဖြင့် ဗိုလ်ဌေးမောင် ၏ စစ်ရဲတပ်မှာ ကျောင်းစည်းရိုး အထိ ပြန်ဆုတ်သွားကြသည်။

ထိုအချိန်အထိ စိန်ခါးမြောင်အဖွဲ့မှ လေးဦးကျသွားပြီး ပုလိပ်အဖွဲ့မှ တစ်ယောက်ကျကာ အရာရှိဦးပုကလေး ဒဏ်ရာရသွားသည်။

အခြေအနေမှာ နှစ်ဖက်စလုံး ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်နေကြ၏။

ညနေ (၃)နာရီတွင် အထက္ကြဲန်မာပြည်ရာဇဝတ်ဝန်ကြီး မစ္စတာအက်ဒဝပ်နှင့် စုံထောက်မင်းကြီး ဦးပြူး တို့ဦးစီးသော နောက်ထပ် ပုလိပ်အင်အား (၃၀)ခန့် စစ်ကူရောက်လာကြသည်။

အင်အားတောင့်လာပြီဖြစ်သဖြင့် ပစ်အားသုံးပြီး ကျောင်းပေါ်သို့ တက်ရန် ကြိုးစားကြသည်။

ထိုအချိန်တွင် ငန်းနက်က ကျောင်းအတွင်း သက်နှံးဖြင့် ပတ်ထားသော စိန်ပြောင်းကို ထုတ်လာကာ.. ကျောင်းလသာဆောင်ပေါ်မှ ထောင်လိုက်သည်။

ထို့နောက် ကျောင်းပြင်ဘက်မှ ပစ်နေသော ပုလိပ်အဖွဲ့ကို စိန်ပြောင်းဖြင့် ပစ်သဖြင့် စစ်ကူပုလိပ်အဖွဲ့မှ ဖရိုဖရဲ ပြန်ဆုတ်သွားရပြန်သည်။

ကျောင်းပြင်စစ်ကူအဖွဲ့ ပစ်အားကို ယူကာ တက်လာသော အဖွဲ့များမှာလည်း လက်ပစ်ဗုံးများ ဖိပစ်ခံရသဖြင့် ရှေ့ဆက်မတိုးနိုင်ပဲဝပ်သာ နေကြရသည်။

တိုက်ပွဲကား နှစ်နာရီတိုင်ကြာခဲ့ပြီ။ ပုလိပ်တို့ကား ကျောင်းကို မသိမ်းနိုင်သေး သကဲ့သို့ စိန်ခါးမြောင်အဖွဲ့မှလည်း မဖောက်ထွက်နိုင်သေး။

ညနေ ၄ နာရီတွင် ကျောင်းနောက်မှ တိုက်နေသော စစ်ရဲ ဗိုလ်ဌေးမောင်အဖွဲ့မှ ရုတ်တရက် ဆုတ်ခွာသွားသည်။

“အနောက်ဘက်မှာ ရှင်းသွားပြီ...ဦးလေးကြီး”

ဘချစ်က လှမ်းအော်သည်။

“ငန်းနက်..ကြင်အေး..လှမောင်...မင်းတို့လူတွေကို ပြော..နောက်ဖက်ကနေ ငါတို့ ခွာဆုတ်ဆုတ်မယ်”

စိန်ခါးမြောင်က အမိန့်ပေးလိုက်ပြီး တော်မီဂန်းကို ပစ်ချကာ..ခြောက်လုံးပြူးကို ကိုင်ရင်း နောက်ဖက်သို့ ထွက်သည်။

ကြင်အေးက ကျောင်းခေါင်မိုးပေါ်မှ ခုန်ဆင်းပြီး နောက်ပေါက်သို့ ထွက်လိုက်ချိန်တွင် ကျည်ဆံတစ်ခု ခေါင်းကို ဖောက်ဝင်ကာ လဲကျသွား၏။

ကျောင်းနောက်ဖေးသို့ စိန်ခါးမြောင်ကြည့်လိုက်သည့်အခါ လက်နက်ကိုယ်စီဖြင့် စနစ်တကျ နေရာယူထားသော အင်္ဂလိပ်စစ်တပ်ကို တွေ့လိုက်ရသည်။

ပြည်ထဲရေးဝန်ကြီးဦးနု၏ အကူအညီတောင်းမှုကြောင့် နန်းတွင်းတွင် တပ်ဆွဲထားသော ဗြိတိသျှတပ်မတော်၊ ကြောင်နက်အထူးတပ်မှ စစ်သားများ စစ်ကူရောက်ရှိလာကြခြင်းဖြစ်သည်။

လက်မောင်းတွင် ကြောင်နက်ဘက်တံဆိပ်များတပ်ထားကြသည့် ဒုတိယကမ္ဘာစစ်၏ နာမည်ကျော် ကြောင်နက်ကွန်မန်ဒိုများသည် ကျောင်းကို စနစ်တကျ ဝင်စီးရန် ပြင်ဆင်နေကြပြီဖြစ်သည်။

စစ်ပွဲအတွေ့အကြုံကြွယ်ဝသည့် ကြောင်နက်စစ်တပ်ဝင်လာပြီးသည့်နောက် တိုက်ပွဲအခြေအနေမှာ တစ်မျိုးတစ်ဖုံပြောင်းလဲသွားသည်။
စိန်ခါးမြောင်အဖွဲ့မှ အားကိုးရသော စစ်သားလူထွက် ကြင်အေးအပါအဝင် နှစ်ဦးထပ်ကျသွားပြီဖြစ်သည်။
“ဆရာကြီး တို့ ရွှေတချောင်းဘက်ရောက်အောင်ပြေး..ကျွန်တော်ကာပစ်ထားမယ်”
“ငန်းနက်.နဲ့ ဘချစ်.မင်းတို့ မြကြည်တို့ဆီ ရောက်အောင်သွား...ငါတို့ နောက်ကလိုက်ခဲ့မယ်”
စိန်ခါးမြောင်က လက်ပစ်ဗုံးကို စနက်တံကိုက်ဖြုတ်ကာ တစ်ချက်ပစ်လိုက်သည်။
ကျောင်းအရှေ့နှင့်အနောက်မှ တက်လာကြသော ကြောင်နက်စစ်တပ်မှ ခေတ္တမျှတန့်သွား၏။
ငန်းနက်နှင့် ဘချစ်တို့မှာ ကျောင်းဘေးဘက် စည်းရိုးကို ကျော်တက်ကာ ထွက်ပြေးသွားကြသည်။
သို့သော် အပြင်ဘက်မှ ပုလိပ်အဖွဲ့မှတွေ့ရှိသဖြင့် နောက်မှ လိုက်လံပစ်ခတ်ရာ ဘချစ်၏ ကျောကုန်းကို ကျည်မှန်ကာ ဘချစ် ဖမ်းဆီးခံလိုက်ရသည်။
ငန်းနက်ကား လွတ်မြောက်သွားလေပြီ။
ကျောင်းထဲမှ စိန်ခါးမြောင်အဖွဲ့သားများမှာ လက်နက်ချသူချ..ခြေဦးတည့်ရာပြေးသူပြေး ဖြစ်နေကြစဉ် ကျောင်းနောက်ရေတွင်းအနီးတွင် စိန်ခါးမြောင်၊ လှမောင်တို့ နှင့် ကြောင်နက်စစ်တပ်တို့ ပစ်ခတ်နေကြဆဲပင်။
“လှမောင်..မင်းပြေးတော့..ဟေ့ကောင်..အနှင်းကလေးမှာ ကိုယ်ဝန်နဲ့ဟ..ငါခံချထားမယ်..ပြေးပြေး”
စိန်ခါးမြောင် စကားမဆုံးခင်မှာပင် ကြောင်နက်စစ်တပ်မှ လက်ပစ်ဗုံးတစ်လုံးကသူတို့ အနီးလာကျတော့သည်။
ဝုန်းခနဲ အသံကြီးအောက်ဝယ် လှမောင် မြောက်တက်သွားသည်။
ပုလိပ်အဖွဲ့က ကျောင်းကို သိမ်းပိုက်မိပြီဖြစ်သည်။
ကြောင်နက်အဖွဲ့က လက်နက်ချသူများကို စုစည်းပြီး လက်နက်များကို လိုက်လံရှာဖွေနေသည်။
စိန်ခါးမြောင်ကို ရှာမတွေ့။
“စိန်ခါးမြောင်ကို ရအောင်ရှာဟေ့...လွတ်သွားပြီလားမသိဘူး”

ပုလိပ်အဖွဲ့မှာ ကျောင်းအတွင်း စိန်ခါးမြှောင်ကို လိုက်ရှာကြံသော်လည်း အရိပ်အယောင်မျှပင်မတွေ့ရ။

“အထဲမှာလူ..လူရှိတယ်ဟေ့..”

ရာဇဝတ်ဝန်ကလေး ဦးစောထွန်းဦး အသံကြောင့် ပုလိပ်အဖွဲ့များအားလုံး ရေတွင်းကို ဝိုင်းလိုက်ကြသည်။

လက်ပစ်ဗုံးဒဏ်ကြောင့် ရေတွင်းအမိုးမှာ ပြိုကျပျက်စီးပြီး ရေတွင်းကို ဖုံးသွားခြင်းဖြစ်သည်။

ရေတွင်းဘေးတွင် သွေးတလူးလူးဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော လှမောင်၏ အလောင်းနှင့် ဘရင်းဂန်းတစ်လက်။

ရေတွင်းပေါ် ဖုံးနေသော သစ်သားများ၊ သွပ်ချပ်များကို ဖယ်လိုက်သောအခါ ရေတွင်းထဲတွင် ခြောက်လုံးပြူးတစ်လက်၊ ခါးမြှောင်တစ်ချောင်းဖြင့် ပုန်းနေသော စိန်ခါးမြှောင်ကို တွေ့လိုက်ရလေတော့သည်။

အိုးဘိုကျောင်းတိုက်ပွဲမှာ ၁၉၄၇ ခုနှစ် မတ်လ ၁၂ ရက်နေ့ နေ့လည် ၂ နာရီမှ ညနေ ၅ နာရီခွဲအထိ သုံးနာရီခွဲခန့်ကြာမြင့်ခဲ့သည်။

စိန်ခါးမြှောင်အဖွဲ့ကို ပုလိပ်အင်အား (၆၀)၊ စစ်ရဲတပ် (၁၅)ဦး၊ ဖြိုတိသျှ တပ်မတော် ကြောင်နက်အထူးတပ်သား (၂၀)တို့ဖြင့် ခက်ခက်ခဲခဲ တိုက်ခိုက်ခဲ့ရသည်။

စိန်ခါးမြှောင်အဖွဲ့ မှ ကြင်အေး (ပဲခူးသား၊စစ်သားဟောင်း)၊ လှမောင်(စစ်ကိုင်း)၊ ကံလှ(မြင်းခြံသား)၊ ခင်မောင်၊ ချစ်ဘဏ် (ရွှေပြည်ရပ်)၊ ဂျစ်ကီး(ဟင်္သာပြဒါးဝင်း) ၊ လှအောင် ၊ စိုးရှိန် (သာစည်သား) တို့ (၈)ဦးကို အသေဖမ်းမိပြီး၊ လူဆိုးဗိုလ်စိန်ခါးမြှောင် (ခ) ကိုညွန့် (ခ) ဆရာသိန်း နှင့် ဘချစ် (ခ)မောင်ချစ် တို့ကို အရှင်ဖမ်းဆီးရမိသည်။

ရန်ကုန်ရှန်ဟဲဘဏ် ခါးပြမှုတရားခံပြေး ဝင်းမောင်၊ ကော့သောင်းလူသတ်ခါးပြမှုတရားခံပြေး ငန်းနက်နှင့် ကျန်အမည်မသိသူများမှာ လွတ်မြောက်သွားကြသည်။

စိန်ခါးမြှောင်ခေါင်းဆောင်သည့် အဖွဲ့ထံမှ ရရှိသောလက်နက်များမှာ စိန်ပြောင်း (၁)လက်၊ ဘရင်းဂန်း(၃)လက်၊ စတင်းဂန်း(၄)လက်၊ တော်မီဂန်း (၂)လက်၊ ရိုင်ဖယ်(၆)လက်၊ နှစ်လုံးပြူး (၂)လက်၊ ခြောက်လုံးပြူး (၄)လက်၊ လက်ပစ်ဗုံးများ၊ ကျည်ဆံသေတ္တာ ခြောက်ခု တို့ဖြစ်သည်။

တိုက်ရာပါပစ္စည်းဟယူဆရသည့် ရွှေငွေလက်ဝတ်လက်စား (၁)သိန်းဖိုးနှင့် စိန်ခါးမြှောင်ထံမှ ပတ္တမြားတစ်လုံး သိမ်းဆည်းမိခဲ့သည်။

စိန်ခါးမြောင်အမှုတွင် ရွပ်ရွပ်ခွံခွံတိုက်ခိုက်ခဲ့ကြသော ရဲဝန်ထောက် မစ္စတာပင့်ချ်၊ စိန့်ပန်းရဲဌာနပိုင် ဦးချစ်ပို တို့အား ဗမာပြည်ပုလိပ်တံဆိပ်၊ ဦးတုတ်ကလေး၊ ဌာနပိုင်ဦးအေး၊ စစ်ရဲတပ်မှ ဗိုလ်ဌေးမောင်တို့အား ရဲဗိုလ်ချုပ်၏ ဂုဏ်ပြုလွှာနှင့် နှစ်လုံးပြူးတစ်လက်စီ ကို ၁၉၄၇ မေလ ၁၂ ရက်နေ့တွင် မြန်မာပြည်ဘုရင်ခံနှင့် ရဲဗိုလ်ချုပ်တို့က ဆုချီးမြှင့်ခဲ့ကြသည်။

အမှန်တကယ်တမ်း ဦးကျော်သိန်းတို့ ထံမှ တိုက်ခဲ့သော ပစ္စည်းအများစုမှာ အနှင်းနှင့်အတူ မြေနုကျွန်းပေါ်သို့ ပါသွားခဲ့ပြီဖြစ်သည်။

ပုလိပ်အဖွဲ့သိမ်းဆည်းလိုက်သည်မှာ မယ်တော်ကြီးဒေါ်ပု၊ တူမ မဝင်း တို့ထံမှ လက်ဝတ်လက်စားများ အများစုသာဖြစ်နေတော့သည်။

မတ်လ ၁၂ ရက်နေ့ ညတွင်းချင်းပင် စိန်ခါးမြောင်အား အစောင့်အကြပ်များစွာဖြင့် မန္တလေးထောင်သို့ ပို့လိုက်သည်။

မန္တလေးထောင်သို့ရောက်သည့်အခါတွင်လည်း တိုက်အတွင်းထည့်ထားပြီး ထိပ်တုံးခတ်ကာ ထားခဲ့သည်။

မန္တလေးထောင်ရာဇဝင်တွင် တိုက်တွင်းထည့်ပြီး ထိပ်တုံးခတ်ထားရသည့် တရားခံမှာ စိန်ခါးမြောင်တစ်ဦးသာ ရှိခဲ့သည်။

ကျည်ဆံထိသူ ဘချစ်ကို ဆေးရုံတွင်အချုပ်နှင့်ထားရှိသည်။

နောက်တပတ်အကြာတွင် စိန်ခါးမြောင်အမှုမှ ကွင်းဆက်တရားခံ ခါလေး(ခ) မောင်လှ၊ ထွန်းခင်တို့ကို မန္တလေးမှ စစ်ကိုင်းသို့ အကူး လှေဆိပ်တွင် ပုလိပ်အဖွဲ့က ဖမ်းဆီးမိလိုက်သည်။

စိန်ခါးမြောင် ပါ (၄)ဦးအား ဦးကျော်သိန်းအိမ် ဓားပြတိုက်မှု ဖြင့် (၁၃)မှတ်ရဲဌာနမှ (ပ) ၉/၄၇ ၊ ရာဇသတ်ကြီးပုဒ်မ ၃၉၅/၄၁၂ ဖြင့် အမှုဖွင့်အရေးယူတရားစွဲခဲ့သည်။

အမှုကို အမှတ်(၂)ရာဘက်တရားသူကြီး ဦးမောင်ကလေးက စစ်ဆေးပြီး စစ်ဆေးနေစဉ်အတွင်း စိန်ခါးမြောင်ကို လက်ထိပ်နှစ်ထပ်ခပ်ကာ ခြေကျင်းအထပ်ထပ်၊ လုံခြုံရေးအထပ်ထပ်ဖြင့် ရုံးထုတ်ခဲ့ရသည်။

စိန်ခါးမြောင်အား နောက်ထပ်အမှုပေါင်းများစွာဖြင့် စစ်ဆေးခဲ့ပြီး ရှေးဦးစွာ မန္တလေးထောင်ဖောက်ပြေးမှုအတွက် ပုဒ်မ ၂၂၄ ဖြင့် ထောင်ဒဏ် တစ်နှစ်ခွဲ ချမှတ်ခဲ့သည်။

ဂျပန်ခေတ်တွင် ရဲတပ်ကြပ်ကြီး ကိုဘသာကို သတ်မှုအတွက် ပုဒ်မ ၃၀၇ ဖြင့် ထောင်ဒဏ် လေးနှစ်၊ အာဏာဝိဓါးပြမှုတွင် စိန်ခါးမြောင်မှ စီစဉ်ကြောင်း ပေါ်လွင်သဖြင့် ထောင်ဒဏ် နှစ် (၂၀) ချမှတ်ခဲ့သည်။

ခါလေးမှာ ပုလိပ်အရာရှိဦးလူဒုတ်အား သတ်မှုအတွက် ထောင်ဒဏ်ဆယ်လေး နှစ်ကျခဲ့သည်။
ထွန်းခင် မှာ ခါးပြမှုခြောက်မှုအတွက် ထောင်ဒဏ်ဆယ်နှစ်၊ ဘချစ် ခေါ်မောင်ချစ်မှာ ဆေးရုံပေါ်တွင် ဆေးကုသနေဆဲတွင်ပင် ကွယ်လွန်သွားခဲ့သည်။
စိန်ခါးမြောင်အား ဦးကျော်သိန်းခါးပြမှုများအတွက်မူ ဆက်လက်စစ်ဆေးဆဲ အခြေအနေပင်ရှိသေးသည်။
၁၉၄၈ ခုနှစ်၊ မေလ (၆)ရက်နေ့။ နံနက် (၄)နာရီ။
မန္တလေးထောင်ပိုင်ကြီး ဦးဆောင်သော ထောင်အရာရှိများ၊ ထောင်ဝန်ထမ်းများ၊ ဦးထုပ်ရအကျဉ်းသားအရာရှိများ အင်အား (၂၀)ခန့်က လက်နက်အပြည့်အစုံဖြင့် စိန်ခါးမြောင် အား ချုပ်နှောင်ထားသည့် သီးသန့်တိုက် တံခါးကို လာဖွင့်ကြသည်။
စိန်ခါးမြောင်ကား အိပ်နေရာမှ အလင်းရောင်ကြောင့် နိုးလာ၏။
“ဘာဖြစ်လို့လဲဗျ”
“ခင်ဗျားကို ပြည်ထဲရေးဝန်ကြီးအမိန့်နဲ့ ရန်ကုန်ထောင်ကြီးကို ပြောင်းရွှေ့ဖို့ လာထုတ်တာ”
“ရန်ကုန်ကို သွားရမယ်..ဟုတ်လား..ဒီမှာ အမှုစစ်နေတာမဟုတ်ဘူးလား..ဘာလို့”
“အဲ့ဒါတော့ ကျွန်တော်တို့လည်း မသိဘူး....အင်း..ခင်ဗျားက ထောင်ဖောက်ဝိဇ္ဇာလေ...မန္တလေးထောင်လည်း ဖောက်ဖူးတယ်မဟုတ်လား...ဒီတော့ ရန်ကုန်ထောင်ကြီးကို ဖောက်ကြည့်ခိုင်းမလို့ ဝန်ကြီးဦးနု က လှမ်းခေါ်တာနေမှာပေါ့”
ထောင်ပိုင်ကြီးစကားကြောင့် ထိပ်တုံးဖြုတ်ပေးနေသော ထောင်အရာရှိများပင် ရယ်လိုက်ကြသည်။
.....
ရန်ကုန်ထောင်ကြီး။
စစ်ပြီးခါစ ရန်ကုန်ထောင်ကြီးကား အကျဉ်းသားများဖြင့် ပြည့်ကြပ်နေသည်။
ပြည်ပမှတင်သွင်းလာသော ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားသော်လည်း အားမရနိုင်သော မြန်မာ့နိုင်ငံရေး အင်အားစုတို့သည် ပြည်တွင်းဖြစ်စစ်ပွဲကြီးတစ်ခုကို စတင်ပျိုးထောင်နေချိန်လည်းဖြစ်သည်။
၁၉၄၇ ဇန်နဝါရီ ၂၇ တွင် လန်ဒန်မြို့၊ အမှတ်(၁၀)ဒေါင်းနင်းလမ်းတွင် ဗြိတိန်ဝန်ကြီးချုပ် အက်တလီနှင့် မြန်မာပြည်ဘုရင်ခံအလုပ်အမှုဆောင်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းတို့ အောင်ဆန်းအက်တလီစာချုပ်ကို လက်မှတ်ထိုးကာ ကြားဖြတ်အစိုးရတစ်ရပ်ဖွဲ့စည်းခဲ့သည်။

မြန်မာပြည်အနှံ့တွင်လည်း လက်နက်ပုန်းများပုံနှံ့နေပြီး လူဆိုးခါးပြဲများမှာ နေရာအနှံ့တွင် ယူနီဖောင်းမျိုးစုံ၊ ပုံစံမျိုးစုံဖြင့် ဆိုးသွမ်းတိုက်ခိုက်နေကြသည်။

ရန်ကုန်မြို့သို့ စစ်ပြေးပြန်ဝင်လာသော မြူနီစပယ်အဖွဲ့မှာလည်း စစ်အတွင်းက ဆင်းမလားတွင် မြူနီစပယ်ရုံးပုံငွေများကို စစ်စရိတ်အဖြစ်သုံးလိုက်ရသဖြင့် မွဲပြာကျနေသည်။

မြို့ပေါ်တွင် စစ်အုပ်ချုပ်ရေးမှ အရပ်ဘက်အုပ်ချုပ်ရေးအပြောင်းလဲ၊ ထိုမှတဆင့် အင်္ဂလိပ်အစိုးရမှ ဗမာကြားဖြတ်အစိုးရအပြောင်းအလဲကြားတွင် စစ်ပြီးစ ရန်ကုန်မြို့သည် ရာဇဝတ်မှုများ ထူပြောလာသည်။

ဂျပန်ခေတ်က မျိုးတုန်းပျောက်ကွယ်သွားခဲ့သော နယ်မြေပိုင် လူဆိုးလူမိုက်များသည် ရန်ကုန်တွင် ပြန်လည် မင်းမူလာကြသည်။

ရန်ကုန်ထောင်ကြီးသည် နိုင်ငံရေးသမားများဝင်ချည်ထွက်ချည်ဖြစ်နေသကဲ့သို့ လူဆိုးလူမိုက်များ၊ အနယ်နယ်အရပ်ရပ်မှ ခါးပြလူဆိုးခေါင်းဆောင်များ ကို စုဝေးချုပ်နှောင်ထားရာ ဆုံရပ်ကြီးလည်း ဖြစ်နေပေသည်။

ထိုသို့သောကာလ ၁၉၄၈ မေလ ၇ ရက်နေ့ ညနေပိုင်းတွင် စိန်ခါးမြောင်သည် ရန်ကုန်ထောင်ကြီးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ထိုကာလက ထောင်ကျများကို အေကလပ်၊ ဘီကလပ် ၊ စီကလပ် နှင့် ရိုးရိုးတန်းများခွဲခြားထားရာ အေကလပ်တွင် နာမည်ကျော်နိုင်ငံရေးအကျဉ်းသားများနှင့် မျက်နှာဖြူရာဇဝတ်သားများ၊ ဘီကလပ်တွင် တော်လှန်ရေးသမားဟောင်းများ၊ နိုင်ငံရေးသမားများဖြစ်နေပြီး၊ စီကလပ်တွင် နိုင်ငံရေးသမားများ၊ မလွဲပြောင်းရသေးသည့်ဂျပန်စစ်သုံပန်းအချို့ဖြင့် ပြည့်နှက်နေသည်။

စိန်ခါးမြောင်ကား မန္တလေးမှ နာမည်ကျော်ခါးပြတစ်ဦးဖြစ်သော်လည်း ရန်ကုန်ထောင်ပိုင်ကြီး မစ္စတာမက်ကော နှင့် ထောင်ပိုင်လေး ဦးဘိုကြည်တို့သည် စိန်ခါးမြောင်၏ အကြောင်းကို မသိကြ။

ထို့ပြင် ရန်ကုန်ထောင်ကြီးသည် မန္တလေးထောင်ထက် အဆများစွာ ပိုမိုလုံခြုံသဖြင့် စိန်ခါးမြောင်အား သီးသန့်တိုက်ဖြင့် မထားပဲ အဆောင်တွင်းတွင်ပင် ထားရန် ဆုံးဖြတ်လိုက်ကြသည်။

စိန်ခါးမြောင်သည် အကျဆောင် (၂)တွင် နေရာချရန် ဆုံးဖြတ်လိုက်ကြသည်။

အကျဆောင်၏ ဦးထုပ်ဆောင်း (၈)မှတ်ရ အကျဉ်းသားဘာရာ ကား နာဂျစ်အာရတ်။

စစ်မဖြစ်မီ က အာသံအမှတ်(၂)ရိုင်ဖယ်တပ်ရင်းမှ စစ်ပြေးမှုဖြင့် ထောင်ကျလာခဲ့သူ ။ မြန်မာပြည်တွင်းသို့ ဗြိတိသျှတပ်များနှင့်အတူ ပြန်အဝင်တွင် လူသတ်မှု (၃)မှုအတွက်လည်း ရုံးတင်ခံထားရ၏။

နာဂျစ်အာရတ်သည် ရန်ကုန်မြို့လယ် ဖရေဇာတွင် မွေးဖွားခဲ့သူဖြစ်ပြီး အိန္ဒိယသို့ ထွက်ခွာကာ ဗြိတိသျှစစ်တပ်ထဲဝင်ခဲ့သူဖြစ်သည့်အတွက် ဘာသာစကားသုံးမျိုးလုံးကို ကျွမ်းကျင်သည်။

သတ်ရဲ၊ဖြတ်ရဲသည့်အပြင် ဘာသာစကားအားသာချက်ကြောင့် ထောင်တွင်းနေရာရသူဖြစ်၏။

နယ်မှ ထောင်ပြောင်းလာသော လူဆိုး၊ ခါးပြများကို နာဂျစ်အာရတ် ရှိရာအဆောင်သို့ ဦးချိုးသည့် အနေဖြင့် ပို့ထားလေ့ရှိသည်။

မန္တလေးထောင်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပို့ထားခံထားရသူမှာ စိန်ခါးမြောင်တစ်ဦးတည်းသာမဟုတ်။

စာရေးဆရာသိပ္ပံမောင်ဝ အား ခါးပြတိုက်ကာ သတ်ပစ်ခဲ့သည် ခါးပြဗိုလ် ဗိုလ်တက်ထွန်း ဆိုသူပါ ပါလာသည်။

“မန္တလေးက ကောင်မတွေ လာပြီဟေ့”

အဆောင်ထဲတွင် ထိုင်နေသူ ဗလတောင့်တောင့်အကျဉ်းသားတစ်ဦးက အော်လိုက်သဖြင့် စိန်ခါးမြောင် တင်းခနဲဖြစ်သွားသည်။

“ဟိတ်ကောင်တွေ...တုတ်စာမိချင်ပြီလား”

ထောင်မှူးက အော်လိုက်သဖြင့် အားလုံးငြိမ်ကျသွားသည်။

“နာဂျစ် ဒီမှာ မန္တလေးက ထောင်ပြောင်း နှစ်ယောက်၊ မင်းပုံစံ နည်းနည်းပြလိုက်ကွာ”

ထောင်မှူးကက ထားခဲ့ပြီး ပြန်သွား၏။

စိန်ခါးမြောင်နှင့် ဗိုလ်တက်ထွန်း မှာ အိပ်ရာလိပ်ကိုယ်စီကိုယ်ကာ အဆောင်အလယ်မှာ ရပ်နေကြသည်။

“ဟိတ် ဖြူဖြူဝဝ နဲ့ ချစ်စရာလေးက ဘယ်သူလေးများလဲ”

ဝင်လာခါစတွင် အော်ဟစ်လိုက်သော အကျဉ်းသား မြောင်းမြလူသတ်မှုဒဏ်နှစ်မူတရားခံ ငမြင့်က စိန်ခါးမြောင်ရှေ့တွင် မတ်တပ်လာရပ်ပြီး ပါးကို ဆွဲလိမ်လိုက်သည်။

စိန်ခါးမြောင်က ငမြင့်၏ လက်ကို ပုတ်ထုတ်လိုက်ပြီး အရှိုက်ကို အားအပြည့်ဖြင့် ကန်လိုက်ရာ ငမြင့်မှာ အဆောင်နောက်သို့ လွင့်စင်သွား၏။

“ဟာ..ကိုယ့်ထက် အရင်ရောက်တဲ့ စိနီယာကို ဒီလိုမိုက်ရိုင်းရလား..အညာသားဗမာကောင်”

နာဂျစ်အာရတ် ထလာပြီ။

ငမြဲင့်မှာ နာဂျစ်အာရတ်၏ ဂျိုမွေးခြဲင်းခံထားရသော အချစ်တော်လေး။
အုံပုံးအငုံစိတ်ရှိနေသော ငမြင့်မှာ အကျဉ်းသားသစ်များကို သူလိင်တူဆက်ဆံခံခဲ့ရသကဲ့သို့ သူကလည်း တဖန်ပြန်ဆက်ဆံရန် အမြဲကြိုးစားနေသူဖြစ်သည်။
“မင်းတို့ အညာသားတွေ ရောက်တာနဲ့..ဒီစောက်ချိုးပဲ...အကုန်ဖင်ချပစ်မယ်”
လူဆယ်ယောက်ခန့်က စိန်ခါးမြောင့်နှင့် ဗိုလ်တက်ထွန်းကို ဝိုင်းလာသည်။
“ဟေ့ကောင်တွေ.....အားလုံး ရပ်စမ်း”
ထိုစဉ်နောက်ကြောဘက်မှ အသံတစ်ခု ထွက်လာသဖြင့် အားလုံး လှည့်ကြည့်လိုက်ကြသည်။
နာဂျစ်အာရတ်က မျက်မှောင်ကြုံ့လိုက်ပြီး
“ဟာ..ကိုကြီးအုံးဖေ”
“အေး....အခု လာတဲ့ လူနှစ်ယောက်ကို စားဖိုဘုတ်ကို တွဲဖို့ ငါလာခေါ်တာ”
"ထောင်မှူးက ဘာမှ မပြောသွားပါလား"
"မင်းပါးစပ်ပိတ်ထား နာဂျစ်.....ဂန္ဓမာသောင်းရီက ခေါ်ခိုင်းလိုက်တာ..မင်း ဘာပြောချင်လဲ..ဟေ့ကောင်"
ဂန္ဓမာသောင်းရီဆိုသည့် အသံကြားသည်နှင့် နာဂျစ်အာရတ်တို့လူစုမှာ နောက်သို့ဆုတ်သွားကြသည်။
……
……
……

အခန်း(၁၇)

အုန်းဖေ ဆိုသူ၏ ခေါ်ဆောင်ရာသို့ စိန်ခါးမြောင်နှင့် ဗိုလ်တက်ထွန်းတို့ လိုက်သွားကြသည်။
ရန်ကုန်ထောင်ကြီး၏ ဘယ်ဘက်အစွန်းတွင်ရှိသော စားဖိုဆောင်သည် သစ်သားယက်မကြီးများဖြင့် တည်ဆောက်ထားသော အဆောက်အဦကြီးဖြစ်သည်။
“ကိုဂန္ဓမာကြီး ဘယ်မှာလဲ..ထွန်းရင်”
စားဖိုးဆောင်ရှေ့တွင် ထိုင်လျက် ဆေးပေါ့လိပ်ဖွာနေသည့် လူလတ်ပိုင်းတစ်ယောက်ကို အုန်းဖေ က မေးလိုက်သည်။
“ရိက္ခာေဆာင်အနောက်က သူ့အခန်းကို ခုနပဲ ပြန်သွားတယ်.... စိန်ခါးမလား စိန်ခီးမြောင်လား အဲ့ဒီတစ်ယောက်ကိုပဲ သူဆီ ခေါ် ခဲ့ပါတဲ့..ကျန်တဲ့တစ်ယောက်ကိုတော့ စားဖိုမှာ တာဝန်ချထားဖို့ ကျွန်တော့်ကို ..ခုန မှာသွားတယ်”
“ကဲ..စိန်ခါးမြောင်ကိုပဲ ဂန္ဓမာကြီးက တွေ့လိမ့်မယ်..ကျန်တဲ့တစ်ယောက်က ထွန်းရင်နဲ့ လိုက်သွားတော့”
အုန်းဖေက စိန်ခါးမြောင်ကို ဦးဆောင်ကာ ဂန္ဓမာသောင်းရင် ရှိရာ ရိက္ခာတိုက်ဘေးရှိ အခန်းသို့ ထွက်လာလေသည်။
“ကိုဂန္ဓမာ...ဒီမှာ ခင်ဗျားခေါ် ခိုင်းတဲ့လူ ရောက်ပြီ”
“အေး..ဝင်ခဲ့ကွ”
အသက် (၅၀)ခန့် လူတစ်ယောက်ခုတင်ပေါ်တွင် ခြေချိတ်လျက်ထိုင်နေသည်။
ငွေရောင်သန်းနေသော ဆံပင်တို့ကို နောက်လှန်ဖီးထားပြီး ရှပ်အင်္ကျီလက်တိုနှင့် ဘောင်းဘီရှည်ကို ဝတ်ထား၏။
ထိုသူက အငွေ့မသေသေးသော စီးကရက်ကို လက်ကြားညှပ်လျက် စိန်ခါးမြောင်ကို ပြုံးပြသည်။
“ကဲ..ထိုင်ပါ..ကိုယ့်လူ.ကျုပ်နာမည် သောင်းရီပါ”
ထောင်အဆောင်ထဲရှိ ကုလားအုပ်စုက သူနာမည်ကြားသည်နှင့် ရှိန်သွားပုံ၊ ယခုလို ကိုယ့်အခန်းနှင့်ကိုယ် သက်တောင့်သက်သာနေနေပုံများကို ကြည့်ကာ သောင်းရီဆိုသူသည် ထောင်အရာရှိ တစ်ဦးဖြစ်လိမ့်မည်ဟု စိန်ခါးမြောင် ယူဆလိုက်သည်။

“ခင်ဗျားနာမည်ကိုတော့ သတင်းစာတွေထဲ ကျုပ် ဖတ်ဖူးနေတာပဲ.တကယ့်အာဂ လူပဲဗျ.. မန္တလေးထောင်ကို ဖောက်ပြေးသေးတာဆို..တုတ်ပြီးခါးပြီးသေနတ်ပြီး တယ်ဆိုတာက ပါသေးဗျာ..အခု ခင်ဗျားအကြောင်းကို ဖြတ်သျှဘားမားက ရုပ်ရှင်တောင်ရိုက်ဦးမလို့ဆိုပဲ”

“လူတွေက ချဲ့ကားပြောကြတာပါ..ထောင်မှူးရယ်..ဟင်းဟင်း”

စိန်ခါးမြောင်က ရယ်သံလေးတဝက်ဖြင့် ပြောလိုက်သည်။

ဂန္ဓမာသောင်းရီက အသံထွက်အောင် ရယ်မောလိုက်ရင်း..

“ခုန ကျုပ်ကို ဘယ်လို ခေါ်လိုက်တယ်..ထောင်မှူး..ဟုတ်လား..ကျုပ်လည်း ခင်ဗျားလို ထောင်ကျနေတဲ့အကျဉ်းသားပါပဲဗျာ..ဟားဟား”

စိန်ခါးမြောင် အံသြသွား၏။

အကျဉ်းသားဆိုသော်လည်း ထောင်ကျအင်္ကျီဝတ်မထား၊ ထောင်ကျပုံစံဆံပင် ညှပ်မထားပဲ ကိုယ်ပိုင်အခန်းနှင့် နေနေသူ သည် မည်သူဖြစ်မည်နည်း။

“ဒါဆို..ခင်ဗျားက ဘာလဲ”

“ဂန္ဓမာသောင်းရီလေ”

“ဟုတ်ပြီ...အခု ဒီကိုခေါ်လာတာ ဘာကိစ္စလဲ..ဘာလုပ်ချင်လို့လဲ”

“ကိုယ့်လူက စိတ်ကြီးပဲကိုး... ခင်ဗျားတို့ရောက်လာကတည်းက နာဂျစ်တို့ အဆောင်ကို ပို့လိုက်မယ်ဆိုတာ သိပြီးသားပါ...ကျုပ်ကိုလည်း အထက်ကလူက တာဝန်ပေးလို့ ခင်ဗျားတို့ကို သူတို့လက်ထဲက ပြန်ထုတ်ခိုင်းလိုက်တာ”

“ခင်ဗျားပြောတာတွေ ကျွန်တော်နားမလည်ဘူး..အကိုကြီး..ခင်ဗျားက ဘာလဲလို့”

“ဘာမှမဟုတ်ပါဘူးဆို...ခင်ဗျားကို အထက်ကလူတစ်ယောက်က ကျုပ်ဆီ ခေါ်ထားပေးဖို့ ပြောလာလို့..ခေါ်ထားပေးတာ..အဆောင်ထဲမှာဆို ခင်ဗျားဟာခင်ဗျား ဘယ်လောက် တုတ်ပြီးခါးပြီး ကိုယ်ပျောက်ပျောက် နာဂျစ်နဲ့ မတည့်လို့ကတော့ ခင်ဗျားအိပ်နေချိန်မှာ လည်ပင်းလှီးချင်လှီးသွားမှာပဲ.. ဒါကြောင့် ခင်ဗျားကို ကျုပ်ဆီခေါ် ပြီး အကာအကွယ်ပေးလိုက်တာ”

ဂန္ဓမာ၏ စကားသံများကို စိန်ခါးမြောင်က သတိထားနားထောင်ကာ အကဲဖမ်းနေသည်။

“အထက်လူ ဆိုတာ ဘယ်သူလဲ”

“အချိန်တန်ရင်တော့ ခင်ဗျား သူနဲ့တွေ့ရမှာပါ..လောလောဆယ်တော့ ခင်ဗျား အနေနဲ့ ဒီစားဖိုဆောင်ရေယာမှာ နေတာ ပိုဘေးကင်းမှာပါ..အဲ့ဒီအပြင်ဘက်ဆို

ရင်တော့ နာဂျစ်အာရတ်ရဲ့ နေရာဖြစ်သွားပြီ...ကျုပ်လည်း အာမမခံနိုင်ဘူး....ခင်ဗျား ဖိုကြီးမှာ တာဝန်ကျပြီဆို အဆောင်မှာ နေဖို့မလိုအပ်ဘူး.. ဒီမှာနေဖို့နဲ့အလုပ်လုပ်ဖို့ကို အုန်းဖေက စီစဉ်ပေးပါလိမ့်မယ်.."

စိန်ခါးမြောင်က ဂန္ဓမာသောင်းရီ ဆိုသူကို သေချာစိုက်ကြည့်နေသည်။

ဂန္ဓမာကလည်း စိန်ခါးမြောင်ကို ပြုံးလျက် ပြန်ကြည့်နေ၏။

"ဒီတော့..ခင်ဗျားက ကျွန်တော့်ကို ကာကွယ်ပေးလိုက်တယ်ပေါ့လေ..အကိုကြီး..ကျွန်တော်က ခင်ဗျားကို ကျေးဇူးတင်ရမှာလား"

ဂန္ဓမာက ပြုံးနေလိုက်သည်။

"စိန်ခါးမြောင်က ဘယ်သူ့ကိုမှလည်း ဆရာ တင်မှာ မဟုတ်ဘူးနော်"

"ဟေ့ကောင်..ငါလိုးမ မန္တလေးသား...မင်းကိုဘယ်ကောင်က ဆရာတင်ခိုင်းနေလို့လဲ..ဒီမအေလိုးကတော့"

အုန်းဖေက အသံကျယ်ကျယ်ဖြင့်အော်ပြီး ရှေ့သို့ တိုးလာသည်။

စိန်ခါးမြောင်က ခြေတစ်လှမ်းနောက်ဆုတ်ပြီး အုန်းဖေကို အသင့်အနေအထားရင်ဆိုင်လိုက်၏။

အုန်းဖေ က စိန်ခါးမြောင်၏ မျက်နှာကို လက်ဝါးစောင်းနှင့် ဖြတ်ရိုက်လိုက်သည်။

စိန်ခါးမြောင်က အလိုက်သင့်ရှောင်လိုက်ပြီး အုန်းဖေ၏ ခြေဖျားကို နင်းကာလည်ပင်းကို တံတောင်ဖြင့် ခတ်လိုက်သည်။

အုန်းဖေ က စိန်ခါးမြောင်၏ ခါးကို ဖက်ကာ လုံးချလိုက်သဖြင့် နှစ်ယောက်လုံးမြေကြီးပေါ် လဲကျသွားသည်။

စိန်ခါးမြောင်က သိုင်းပြောင်းပြန်သမားမို့ သိုင်းကွက်နင်းပြီး တိုက်ခိုက်ရန်ပြင်သော်လည်း သတ်ပုတ်ရာတွင် အရေထူနေသူ အုန်းဖေက သန်မာသောလက်မျှားဖြင့် အပိုင်ချုပ်ထားသဖြင့် မြေကြီးပေါ် နှစ်ဦးသား လူးလှိမ့်နေကြသည်။

ဂန္ဓမာသောင်းရီ က ခုတင်ပေါ်တွင် ထိုင်လျက် စီးကရက်ဖွာကာ သူတို့နှစ်ဦးကိုကြည့်နေ၏။

ထိုအချိန်တွင် ရုတ်တရက် အုန်းဖေ၏ လက္မ စိန်ခါးမြောင်က လွတ်ထွက်သွားသည်။

အုန်းဖေက အနီးမှ ရိက္ခာဆန်အိတ်အထပ်များအောက်တွင် သပ်ရိုက်ထားသောတုတ်ချောင်းကို ဖြုတ်ယူလိုက်၏။

စိန်ခါးမြောင်ကလည်း ခူးခါချန့်အကွက်ကို နင်းကာ အခြေအနေကို စောင့်နေသည်။

“ကဲ...မန္တလေးကလာတဲ့ သိုင်းဆရာခါးပြဲဗိုလ်ကြီးရော..ရန်ကုန် လူမိုက်ကြီး အုန်းဖေရော တော်ကြတော့ကွာ..ဟိုမှာ တန်းပိတ်ဖို့ ထောင်မှူးတွေ့ လာနေကြပြီ..တော်ကြာ နှစ်ကောင်လုံး ကြိုးတိုက်ထဲ အပိတ်ခံနေရမယ်ဟေ့”

နှစ်ယောက်လုံး တန့်သွားကြသည်။

စိန်ခါးမြောင်တို့ကို လိုက်ပို့သော ထောင်မှူးနှင့် နောက်ထပ်ထောင်ဝန်ထမ်းများက ဂန္ဓမာသောင်းရီ ၏ အခန်းရှေ့သို့ ရောက်လာသည်။

“ကိုဂန္ဓမာကြီး..ဘယ့်နယ့်လဲ..အားလုံး အဆင်ပြေရဲ့လား”

“ပြေပါတယ်..ကိုမောင်မောင်တင်...ဒီမှာ မန္တလေးကရောက်လာတဲ့နှစ်ယောက်ကို ကျွန်တော့်ဆီ လူလိုလို့ ခေါ်သွင်းထားလိုက်တယ်နော်”

“ခုန နာဂျစ်ပြောပြီးပါပြီ..ဟိုကောင်က သူ့လူကို လုသွားလို့ သိပ်တော့ကြည်ပုံမရဘူး..ခင်ဗျားမို့သာ”

“အေးဗျာ...ကျွန်တော်လည်း လူလိုလို့ပါ”

“ရပါတယ်ဗျာ..ဒါနဲ့..သတိထားဦးနော်..အဲ့ဒီထဲက စိန်ခါးမြောင်ဆိုတာ မန္တလေးထောင်ကို ဖောက်ဖျက်တယ်တဲ့ဗျ.. မတော် ထောင်ဖောက်ပြေးသွားလို့ ခင်ဗျားတာဝန်ဖြစ်နေမယ်”

“ဖောက်ပါစေဗျာ..ရန်ကုန်ထောင်ကြီး ပတ်ချာလည်မှာ ဂါတ်တဲတွေရော..စစ်တပ်တွေရောအများကြီးပဲ..ကျုပ် သူ့ကို ပြောပြထားပါ့မယ်”

“ဟုတ်ပြီဗျာ..သွားလိုက်ဦးမယ်ဗျို့..ထောင်ပိုင်ကြီးကို ဘာမှာဦးမလဲ”

“မန္တလေးက လူအတွက် နဂါးဆေးပေါ့လိပ်လေးရရင် သုံးလေးစည်းလိုချင်တယ်လို့...ပြောပေးပါ”

“ပြောလိုက်ပါ့မယ်ဗျာ..စိတ်ချ”

ထောင်မှူးနှင့်အဖွဲ့ ပြန်ထွက်သွားသည်။

စိန်ခါးမြောင်က အခြေအနေကို နားလည်သဘောပေါက်လိုက်သည်။

ရန်ကုန်ထောင်ကြီးတွင် ဂန္ဓမာသောင်းရီဆိုသောသူသည် အခြေအနေတစ်ခုသို့ ပေါက်ရောက်နေသူဖြစ်ကြောင်း နားလည်လိုက်သည်။

ယခုအချိန်တွင် ဂန္ဓမာသောင်းရီနှင့် အတူရှိနေသည်က သူ့အတွက် အကျိုးမယုတ်နိုင်ကြောင်း တွေးမိလိုက်သည်။

“ကဲ..ဟိုလူတွေတော့ သွားကြပြီ.. မင်းတို့ ဆက်ချကြဦးမလား”

ဂန္ဓမာသောင်းရီ က အုန်းဖေ နှင့် စိန်ခါးမြောင် ဘက်လှည့်ကာ မေးလိုက်သည်။

နှစ်ယောက်လုံးက ရယ်ကြဲကြဲနှင့်။
“ကဲ...မချတော့ဘူးဆိုလည်း အရက်အတူသောက်ကြမလား”
အုန်းဖေက ခေါင်းညိမ့်လိုက်သည်။
စိန်ခါးမြောင်က ကျောကုန်းက ဖုန်များကို ခါလိုက်ရင်း
“အရက်က ရှိလို့လား”
“ဂန္ဓမာသောင်းရီ အတွက် ရန်ကုန်ထောင်ဆိုတာ ဟိုတယ်ပဲ”
ဂန္ဓမာက ကုတင်ခေါင်းရင်းတွင် ချထားသော Riondo တံဆိပ်ရမ်ပုလင်းကို ထုတ်လိုက်သည်။
“အုန်းဖေ....ထွန်းရင် ကို ပါ သွားခေါ်ကွာ...အေကလပ် ဆေးရုံသမားတွေ အတွက် လုပ်ထားတဲ့ ကြက်စွပ်ပြုတ်ရယ်၊ အသားခဲထားတဲ့ ရေခဲထဲက နည်း နည်းရယ်ပါယူခဲ့..ရမ်က ပထမခွက်မှာ ရေခဲလေးနဲ့မှ ဇိမ်ကျတာ”
အုန်းဖေ ထထွက်သွား၏။
စိန်ခါးမြောင်က ဂန္ဓမာသောင်းရီ၏ ရှေ့ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။
“အကိုကြီး..ခင်ဗျားနာမည်ရှေ့မှာ ဂန္ဓမာက ဘာလို့ ထည့်ထားတာလဲ”
“ဘာရယ်မဟုတ်ပါဘူး..ငယ်ငယ်က ဂန္ဓမာပန်းရောင်းဖူးလို့ ခေါ်ကြတာပါ”
“သြော်..ဒါနဲ့ ခင်ဗျားက ဘာလဲဗျ..တယ်ပိုင်ပါလား..ထောင်ပိုင်ကတော်ကို ဂန္ဓမာပန်း ပို့ပေးတဲ့သူတော့မဟုတ်လောက်ပါဘူး”
“ကဲ..ဘာကောင်မှ မဟုတ်ပါဘူးဆို့ကွာ..ကိုယ့်အကြောင်းကိုယ်ပြောရတာ ပျင်း တယ်ကွ..နောက်တော့ သိလာလိမ့်မယ်”
ဂန္ဓမာစိတ်မရှည်တော့။
ထိုအချိန်တွင် အုန်းဖေ နှင့် ထွန်းရင် တို့ ပြန်ရောက်လာကြသည်။
ထွန်းရင်လက်ထဲတွင် ဟန်းကောချိုင့်ဖြင့်ထည့်လာသော ကြက်စွပ်ပြုတ် ပါလာ၏။
အုန်းဖေက ထမင်းစားပုံစံခွက်ထဲတွင် ရေခဲများ ထည့်လာသည်။
ဂန္ဓမာသောင်းရီ က ကုတင်အောက် ကြိမ်ခြင်းထဲမှ ဖန်ခွက်ငါးလုံးကို ထုတ်ယူ လိုက်သည်။
အုန်းဖေက ဖန်ခွက်ငါးခွက်ထဲသို့ ရမ်အရက်ကို ငှဲ့လိုက်သည်။
“ဒီတစ်ခွက်က ဘယ်သူ့အတွက်လဲ”

စိန်ခါးမြောင်က မေးလိုက်သည်။
“လမ်းမတော်ဖိုးတုတ်အတွက်လေ”
ထိုအခါမှ စိန်ခါးမြောင် မျက်လုံးပြူးသွားသည်။
သူရဟန်းဘဝကတည်းက ရန်ကုန်တွင် ကျော်ကြားခဲ့သော လူမိုက်ကြီး လမ်းမတော်ဖိုးတုတ် ၏ နာမည်ကို ကြားဖူးခဲ့သည်။
ကုလား - ဗမာအရေးအခင်းများတွင်လည်း လမ်းမတော်ဖိုးတုတ်၏ နာမည်ကို သတင်းစာများတွင် ဖတ်ခဲ့ရဖူး၏။
“သူ က ဒီဝိုင်းကို လာမှာလား”
ဂန္ဓမာသောင်းရီက သူ့ရှေ့တွင် ရှိသော အရက်ခွက်ကို ကောက်ကိုင်လိုက်သည်။
“သူ သေသွားပြီ..ဒါပေမယ့်..ငါတို့ အရက်သောက်နေသမျှ သူငါတို့နဲ့ ရှိနေပါသေးတယ်”
ထိုည က စိန်ခါးမြောင်သည် မသောက်စဖူး အရက်ကို မူးအောင် သောက်ဖြစ်ခဲ့သည်။
ချစ်သော မြကြည် အတွက်။
သေဆုံးခဲ့ပြီဖြစ်သော ဘမောင်၊ လှမောင်၊ ကြင်အေး၊ မောင်ချစ်တို့အတွက်။
နောက်....လမ်းမတော်ဖိုးတုတ်၏ အဖွဲ့ဝင်များဆိုသော ဂန္ဓမာသောင်းရီ ဦးဆောင်သည့် ရန်ကုန်ထောင်ထဲမှ သူ့မိတ်ဆွေအသစ်များအတွက်။
.....
.....
၁၉၄၈ ဇွန်လ ၃၀ ရက်။
စိန်ခါးမြောင်အား ရန်ကုန်ထောင်သို့ ပို့ပြီး တစ်လအကြာတွင် ခါလေးနှင့် ထွန်းတင်တို့သည် မန္တလေးထောင်ကို ဖောက်ကာ ထွက်ပြေးလွတ်မြောက်သွားကြပြန်သည်။
၁၉၄၈ ခုနှစ်သည် မြန်မာပြည် လွတ်လပ်ရေး သည့် ခုနှစ်ဖြစ်သကဲ့သို့ ပြည်တွင်းစစ်ကြီးစတင်ရာ နှစ်လည်း ဖြစ်ခဲ့သည်။
၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလတွင် သခင်သန်းထွန်းခေါင်းဆောင်သည့် ဗမာပြည် ကွန်မြူနစ်ပါတီမှ နောက်ခံထားသော ဗမာနိုင်ငံလုံးဆိုင်ရာအလုပ်သမားများ သမဂ္ဂကွန်ဂရက်က စတင်သော လူ ၇၅၀၀၀ ပါ ဆန္ဒပြပွဲကြီးပေါ်ပေါက်ခဲ့သည်။
ထိုပွဲကို အခြေပြုကာ ၁၉၄၈ မတ်လ ၂၈ ရက်နေ့တွင် မြန်မာပြည်၏ အသစ်စက်စက်အစိုးရဖြစ်သော ဖဆပလအစိုးရမှ ဗားကရာလမ်းရှိ ကွန်မြူနစ်

ပါတီရုံးချုပ်ကို ဝင်ရောက်ဖမ်းဆီးရာ မည်သည့်ခေါင်းဆောင်ကိုမျှ ဖမ်းမမိခဲ့ချေ။

လွတ်လပ်ရေးရပြီး ၈၃ ရက်အကြာ သခင်သန်းထွန်း ဦးဆောင်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ သည် လူလက်နက်စုဆောင်းအခြေပြုပြီးဖြစ်သော ပဲခူး၊ တောင်ငူ၊ပျဉ်းမနား၊မြင်းခြံ၊ စစ်ကိုင်း စသော ဒေသများကို အခြေပြုကာ လက်နက်ကိုင်တော်လှန်ရေးစတင်ဆင်နွှဲတော့သည်။

သခင်စိုး၏ အလံနီကွန်မြူနစ်များ၊ ရခိုင်ပြည်ရှိ မူဂျာဟစ်သူပုန်များက လွတ်လပ်ရေးမရမီကတည်းက လာလတ္တံ့သောအစိုးရအား ကြိုတင် ပုန်ကန်နေပြီဖြစ်သည်။

၁၉၄၈ မေလတွင် အရံတပ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းမှ ဖွဲ့စည်းခဲ့သော ပြည်သူ့ရဲဘော်အဖွဲ့အတွင်း တွင်လည်း ဦးနု၏ လက်ဝဲညီညွတ်ရေးမှုကို လက်ခံသူ လက်မခံသူများ အုပ်စုကွဲပြီး ဗိုလ်လရောင်ဦးဆောင်သည့် ရဲဘော်ြဖူ များ က တောခိုသွားခဲ့သည်။

၁၉၄၈ ဩဂုတ် ၁၀ ရက်နေ့တွင် ဗိုလ်စိန်တင်ခေါင်းဆောင်သည့် ဗမာတပ်မတော် တပ်ရင်း(၁)၊ ဗိုလ်ရဲထွဋ်ခေါင်းဆောင် သော တပ်ရင်း(၃)၊ ဗိုလ်အောင်မြင့် ခေါင်းဆောင်သော စစ်ရဲတပ်ရင်း (၂၁)၊ ဗိုလ်ရဲမောင်ခေါင်းဆောင်သော တပ်ရင်း(၆) တို့သည် ဗမာပြည်တော်လှန်သောတပ်မတော်ကို ဖွဲ့စည်းကာ ဗကပ၊ ပြည်သူ့ရဲဘော်တို့နှင့် တပ်ပေါင်းစုဖွဲ့သွားခဲ့၏။

၁၉၄၈ စက်တင်ဘာတွင် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ (KNDO) က ဗမာ့တပ်မတော်အတွင်းရှိ ကရင်လက်နက်ကိုင်တပ်ရင်းများနှင့် ပူးပေါင်းကာ တောခိုသွားတော့သည်။

၁၉၄၉ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် KNDO က ရန်ကုန်အင်းစိန်မြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။

ထိုအချိန်တွင် မန္တလေးတွင် ကျန်ရစ်ကြသော စိန်ဓါးမြှောင် အဖွဲ့သာများ၏ အခြေအနေများကလည်း ပြောင်းလဲနေသည်။

ထွန်းခင်သည် ငရုတ်သီးဘရင်နှင့်အတူ ယောနယ်ဘက်သို့ ရောက်ရှိပြီး အလံနီကွန်မြူနစ်ပါတီဗိုလ်ဖြစ်လာသည်။

တင့်ဆွေမှာ ရဲဘော်ြဖူတို့ တောခိုရာတွင် ပါဝင်သွားပြီး ရဲဘော်ြဖူအဖွဲ့တွင် တောတွင်းတရားသူကြီးအဖြစ် နေရာရနေ၏။

ခါလေးသည် စိန်ဓါးမြှောင်၏ ဇနီးမမြကြည်၊ အနှင်း တို့ကိုခေါ်ကာ ဝင်းမောင် နှင့် အတူ ရန်ကုန်သို့ ဆင်းလာရင်း KNDO များ သိမ်းပိုက်ထားသော ဖြူးမြို့တွင် ပိတ်မိနေလေသည်။

၁၉၄၉ မတ်လ။

မန္တလေးမြို့သို့ KNDO တပ်များ ဝင်ရောက်သိမ်းပိုက်ပြီး (၃)ရက်အကြာ။
အင်စိန်စစ်မျက်နှာတွင် KNDO များနှင့် အစိုးရဘက်မှ ချင်းသေနတ်ကိုင် တပ်ရင်း(၁)၊ ဘားမားရိုင်ဖယ်တပ်ရင်း (၅)၊ UMP တပ်များ၊ တက္ကသိုလ်အရံ တပ်ရင်းများ ဖြင့် တိုက်ခိုက်နေချိန်။
ကြက်၊ဝက်မွေးမြူရေးနှင့် စိုက်ပျိုးရေးများမှာ မြို့ပြင်တွင်သာရှိသဖြင့် မြို့ထဲတွင် ပိတ်မိနေသော ရန်ကုန်မြို့သူ မြို့သားများအတွက် အသားငါးမှာ ရှားပါးလာနေသည်။
ထို့ကြောင့် မိတ္ထီလာမှ လေယာဉ်ဖြင့် သယ်ယူကာ လာချပေးသော ဆိတ်သားများကို အားကိုးနေရချိန်ဖြစ်သဖြင့် ရန်ကုန်သားတို့ မိုးပျံဆိတ်သားစားရသည့် ကာလပင်။
ရန်ကုန်ထောင်ကြီးအတွင်းတွင်လည်း တပတ်တစ်ကြိမ်ရသည့် မိုးပျံဆိတ်သားအတွက် ထောင်တွင်းစစ်ဖြစ်မည့် အနေအထားသို့ဦးတည်နေသည်။
နာဂျစ်အာရတ်ဦးဆောင်သောအုပ်စုသည် အသားရှားသည့်ကာလတွင် အသားဝေစုအများစုကို အုန်းဖေတို့ စားဖိုဘုတ်အုပ်စုနှင့်နောက်လိုက်များက ဗိုလ်ကျထားကြသည်ဟု စွပ်စွဲကာ ရန်ပွဲဆီ ဦးတည်နေကြ၏။
ဂန္ဓမာသောင်းရီနှင့် စိန်ဓါးမြောင်တို့က အခြေအနေကို စောင့်ကြည့်နေကြသည်။
စိန်ဓါးမြောင်သည် ရန်ကုန်ထောင်တွင် တစ်နှစ်နီးပါးရှိပြီဖြစ်ပြီး ဂန္ဓမာသောင်းရီ၊ အုန်းဖေ တို့နှင့် ရင်းနှီးနေပြီလည်းဖြစ်သည်။
“အကျဉ်းသားနံပါတ်.(၂၁၆၆)စီ .. MI ခန်းကို လာခဲ့ပါ”
မိန်းကျေးမှု ထောင်ဝါဒါ၏ အသံကို ကြားသဖြင့် စားဖိုဆောင်အတွင်း ကန်စွန်းရွက်များကို ဓါးဖြင့် စင်းနေသည့် စိန်ဓါးမြောင် ထ လိုက်လာခဲ့သည်။
MI ခန်းဆိုသည်မှာ ထောက်လှမ်းရေးအဖွဲများအတွက် သီးသန့်ထားပေးသော အခန်းဖြစ်ပြီး ထိုအခန်းတွင် အထူးသီးသန့် အကျဉ်းသားများကို ထောင်ဝင် စာတွေ့ဆုံခွင့်ပေးလေ့ရှိသည်။
တစ်ခုခုထူးခြားပြီဆိုသည်ကို စိန်ဓါးမြောင်အတွေ့အကြုံအရ သိလိုက်သည်။
အခန်းတွင်း ဝင်လိုက်သည်နှင့် ကြိုရောက်နှင့်နေသော ဂန္ဓမာသောင်းရီ ကို တွေ့လိုက်ရသည်။
ဂန္ဓမာသောင်းရီ နှင့် စကားပြောနေသူ က ရုတ်တရက် စကားကို ရပ်လိုက်ပြီး စိန်ဓါးမြောင်ဘက်သို့ လှည့်လိုက်သည်။
“ကိုညွန့်...ကျွန်တော့်ကို မှတ်မိလားဗျ”

စိန်ခါးမြောင်က ထိုသူကို သေချာကြည့်လိုက်သည်။
“ကျုပ်သခင်သိန်း ဗျာ....ရွှေဘို မှာ သခင်စံမြင့်နဲ့ အတူလာတဲ့သူလေ”
ထိုအခါမှ စိန်ခါမြောင်က သခင်သိန်းကို မှတ်မိတော့သည်။
သခင်သိန်း က ဖဆပလအစိုးရ၏ ပြည်ထဲရေးဝန်ကြီး ဆိုရှယ်လစ်ခေါင်းဆောင် ဦးကျော်ငြိမ်း ၏ လက်ရုံးလည်း ဖြစ်သည်။
“ကျွန်တော့်ကို ဘာကိစ္စများရှိလို့ လာတွေ့ရတာလဲ..သခင်သိန်း”
“ခင်ဗျားနဲ့ ကိုသောင်းရီ ကို ဖဆပလအနေနဲ့ အကူအညီတောင်းစရာရှိလို့ လာခဲ့တာပဲ”
“မနောက်ပါနဲ့ဗျာ...ကျွန်တော်တို့က ထောင်နှစ်ရှည်ကျနေကြတာ..ခင်ဗျားတို့ကို ဘာများကူနိုင်မှာလဲ"
"ကူနိုင်တဲ့ကိစ္စမို့ လာတာပေါ့ ကိုယ့်လူ...ထောင်နှစ်ရှည်ကိစ္စက မပူပါနဲ့...မကြာခင်မှာ အဆင်ပြေသွားပါလိမ့်မယ်... ဒီကိစ္စကို ဦးကျော်ငြိမ်းကလည်း သဘောတူပြီးပါပြီ"
"ဟင်...ဦးကျော်ငြိမ်းက"
……
……
……

အခန်း(၁၈)

“ဦးကျော်ငြိမ်းကိုယ်တိုင် လွှတ်လိုက်လို့ ကျုပ်လာရတာပဲ”
စိန်ခါးမြောင်က ဂန္ဓမာသောင်းရီ ကို တစ်ချက်ကြည့်လိုက်သည်။
“ခင်ဗျားကို ခေါ်ထားခိုင်းတဲ့ အထက်ကလူဆိုတာ ဒီက သခင်သိန်းပဲ...စိန်ခါးမြောင်..သခင်သိန်းက အင်္ဂလိပ်ပြန်အဝင်မှာ ထောင်ထဲ ခဏရောက်ခဲ့တယ်..အဲ့ဒီတုန်းကတည်းက ကျုပ်နဲ့ ရင်းနှီးနေတာပဲ”
“ကဲ...ကျွန်တော်ဘာကူညီပေးရမလဲ”
စိန်ခါးမြောင်ထိုသို့ မေးနေစဉ် လွတ်လပ်ရေးရပြီးနောက် ရာထူးတိုးသွားသော ထောင်ပိုင်ကြီးဦးဘိုကြည် ဝင်လာသည်။
ထောင်ပိုင်ကြီးဝင်လာသဖြင့် ဂန္ဓမာသောင်းရီ နှင့် စိန်ခါးမြောင်က မတ်တပ်ထရပ်လိုက်ကြသည်။
“ထိုင်ကြပါ..ထိုင်ကြပါ”
ထောင်ပိုင်ကြီးက ထိုသို့ပြောပြီး သခင်သိန်း ဘေးတွင် ဝင်ထိုင်လိုက်သည်။
သခင်သိန်းက ရေနွေးကြမ်းအိုးထဲမှာ ရေနွေးတစ်ခွက်ကိုငဲ့သောက်လိုက်ပြီး
“ဒီလိုဗျ..အခုတိုင်းပြည်အခြေအနေကတော့ ခင်ဗျားတို့ အသိတဲ့အတိုင်းပဲ...သခင်သန်းထွန်းတို့ ကွန်မြူနစ်တွေက အလံနီလမ်းစဉ်လိုက်ပြီး တောခိုသွားပြီ....ရဲဘော်ြဖူ ရော၊ ကရင်ရောက တောခိုပြီး အခုဆို အင်းစိန်နားထိရောက်နေပြီ..ဒီကြားထဲ စစ်တပ်က တချို့တပ်ရင်းတွေက တောခိုသွားပြန်တယ်ဗျာ”
“အင်း..တောခိုစရာဆိုလို့ ခင်ဗျားတို့ ဖဆပလအစိုးရပဲ ကျန်တော့တာပေါ့”
စိန်ခါးမြောင် စကားကြောင့် ဂန္ဓမာသောင်းရီ က အသံထွက်အောင် ရယ်လိုက်သည်။
သခင်သိန်းမှာ မျက်နှာမကောင်းလှ။ ထောင်ပိုင်ကြီးက အားနာနေသည်။
“အေးဗျာ..ပြောလည်း ခံရမှာပဲ..ဝန်ကြီးချုပ်ရော၊ ဗိုလ်ချုပ်နေဝင်းရော က ရန်ကုန်မကျအောင်နောက်ဆုံးအထိ ခံတို့ကမ္ဘယ်ဆုံးဖြတ်ထားတယ်။ အခု ရန်ကုန်ပတ်လည်ကို သူပုန်ပေါင်းစုံက ဝိုင်းပိတ်ဆို့ထားပြီ။ မိတ္ထီလာ ဟာဂျီအာမဏ္ဍိကနေ ဆိတ်သားကို လေယာဉ်နဲ့သယ်ပြီး စားနေရတာပဲကြည့်။ ခု ချင်းတပ်ရင်းတစ်ရင်း၊ ဗမာ့သေနတ်ကိုင်တပ်ရင်း(၅) ၊ စစ်ရဲတပ်တွေနဲ့ တက္ကသိုလ်ကကျောင်းသားတွေပါ ရန်ကုန်ကို ခံတိုက်နေကြတယ်။ ပြဿနာက ပြည်ဘက်ကနေ ကရင်တပ်

နဲ့ကွန်မြူနစ်တပ်တွေပေါင်းပြီး ရန်ကုန်ကိုဆင်းလာနေကြပြီ။ ကျွန်းကလေးက နေ စီးခဲဖို့ ဗိုလ်စိန်မှန်တပ်ကို တာဝန်ပေးထားတယ်။ ခက်တာက ဗိုလ်စိန်မှန်တပ်မှာလည်း တပ်သားအင်အားက နည်းနေတယ်။ ဟိုဘက်က နှစ်ဖွဲ့ပေါင်းတပ်လာတာဆိုတော့ ဒီဘက်က လူအား၊ ပစ်အားလိုတယ်”

သခင်သိန်း၏ စကားအသွားအလာကို စိန်ခါးမြောင်က သဘောပေါက်လိုက်ပြီဖြစ်သည်။

“ဒီတော့ ကျွန်တော်က ကျွန်းကလေးကို သွားရမယ်ပေါ့”

“ဒီလိုဗျ.. ထောင်ကဝန်ထမ်းတစ်ချို့ ဒီတိုက်ပွဲမှာ ဝင်ကူမယ်။ ဒါပေမယ့် အကုန်သွားလို့မရဘူး။ ဒီထောင်မှာလည်း ရှိသင့်တဲ့ အင်အားရှိရဦးမယ်။ ဒီတော့ ထောင်ထဲမှာ သေနတ်လည်းပစ်တတ်တဲ့ အကျဉ်းသားတွေကိုစု၊ ဂန္ဓမာသောင်းရီ နဲ့ စိန်ခါးမြောင်က ဦးဆောင်ပြီး ဗိုလ်စိန်မှန်တပ်ကို လိုက်ကူစေချင်တယ်... ကိုဂန္ဓမာက ဒီထောင်မှာ သြဇာအညောင်းဆုံးဖြစ်တယ်..ပြီးတော့ နာဂစ်အာရုတ်ထက်စာရင် ထောင်ပိုင်ကြီးက သူ့ကိုယုံကြည်တယ်..ဒီလူက ကတိပေးပြီးရင် ထွက်ပြေးမယ့် သူမဟုတ်ဘူး...နောက် ခင်ဗျား...ခင်ဗျားက မန္တလေးဘက်မှာ ကိုယ်ပိုင်တပ်နီးပါးထောင်ပြီး ဓါးပြတိုက်လာတာ...ကြောင်နက်တပ်တွေနဲ့ပါ ချဖျးတယ်.ဆိုေတာ.ခင်ဗျားရဲ့ဦးဆောင်မှုကိုလည်း လိုတယ်... ဝန်ကြီးချုပ်ဦးနုရယ်..ဦးကျော်ငြိမ်းရယ်..ပြည်ထဲရေးအတွင်းဝန်ဦးဝင်းဖေရယ်...ဗိုလ်စိန်မှန်ရယ်..ဒီကထောင်ပိုင်ကြီးရယ် ဒီကိစ္စကို အသေးစိတ်ညှိနှိုင်းပြီးကြပြီ...ထောင်သားတွေထုတ်ပြီး တိုက်တယ်ဆိုတာကို အထူးလျှို့ဝှက်ထားကြရမယ်..ဒီတိုက်ပွဲပြီးရင် တိုက်ပွဲမှာ ကူပေးခဲ့တဲ့ ထောင်သားအားလုံးကို ကျွန်တော်တို့ အစိုးရ လုပ်နိုင်တဲ့ ဘောင်ထဲကနေ နှစ်တွေလျော့အောင် လုပ်ပေးမယ်လို့ ကတိပေးတယ်”

“ကျွန်တော်တို့ မတော်လို့ သေသွားရင်ရောဗျာ”

“ဒီလောက် ဇာတ်လမ်းတွေရှုပ်နေတဲ့ တိုင်းပြည်မှာ သေသွားတော့လည်း အေးတာပေါ့..စိန်ခါးမြောင်ရာ..ကျုပ်လည်း..အပြင်လေ မရှုရတာအတော်ကြာပြီ.. သွားကြတာပေါ့”

“ကဲ..စိန်ခါးမြောင်သဘောကရော”

“ကျွန်တော်သိချင်တာက ခင်ဗျားတို့ဘက်က ကျွန်တော့်ကို ထောင်ကျနှစ်တွေလျော့အောင်လုပ်ပေးမယ်ဆိုတာ ဘယ်လိုလုပ်ပေးမှာလဲ..ဘယ်နှစ်နှစ်အထိလျော့အောင် လုပ်ပေးမှာလဲ..အဲ့ဒီသိချင်တာ”

ထောင်ပိုင်ကြီး က ဖိုင်တွဲကို လှန်လိုက်သည်။

“ဂန္ဓမာသောင်းရီက ဘဘိုးကို သတ်မှုနဲ့ ထောင်ဆယ်နှစ်ကျနေတာ၊ အယူခံတော့တက်ခွင့်မရတော့ဘူး၊ ဒါပေမယ့် နိုင်ငံတော်သမ္မတအထူးအမိန့်နဲ့ ပြစ်ဒဏ်

တစ်ဝက်လျော့ပေးလိုက်ရင် နောက်နှစ်နှစ်အတွင်း လွတ်ပေးလို့ရတယ်၊ စိန်ခါးမြောင်က ပုလိပ်ကိုသတ်မှုနဲ့ ထောင်လေးနှစ်၊ ထောင်ဖောက်မှုက တစ်နှစ်ခွဲ၊ အာဏာဝိ ဓားပြလူသတ်မှုမှာ နှစ်နှစ်ဆယ် စုစုပေါင်း ထောင်ဒဏ်နှစ်ဆယ့်ငါးနှစ်။ နောက် ဦးကျော်သိန်းအိမ်အမှုကလည်း တန်းလန်းကြီးရပ်ထားရတယ်။ တကယ် လုပ်လို့ရတာက အာဏာဝိခါးပြမှုကို အယူခံထက်တက်လို့ ရမယ်။ အဲဒီ အယူခံကို အစိုးရက လွတ်အောင်လုပ်ပေးနိုင်ရင် ကျန်တဲ့အမှုနဲ့ တွေနဲ့က ထောင်သုံးနှစ် လောက်ပဲကျတော့မယ်”

ထောင်ပိုင်ကြီးက ဖိုင်တွဲကို ပြန်ပိတ်လိုက်သည်။

“ကျုပ်တို့ဘက် က ဒီလောက်တော့ လုပ်ပေးလို့ရပါတယ်”

သခင်သိန်းက စိန်ခါးမြောင်နှင့် ဂန္ဓမာသောင်းရီကို ကြည့်ရင်းပြောလိုက်၏။

စိန်ခါးမြောင်က ခေါင်းညိမ့်ပြလိုက်သည်။

ဂန္ဓမာက ထောင်ပိုင်ကြီး ရှေ့တွင် ချထားသော စီးကရက်ဗူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ကာ နှုတ်ခမ်းတွင် တေ့လိုက်ရင်း ပြုံးပြလိုက်သည်။

“ကျုပ်တို့ ဘယ်တော့ သွားရမှာလဲ”

“အထဲမှာ သေနတ်ပစ်တတ်တဲ့လူ၊ ပစ်နိုင်တဲ့လူ အင်အား (၅၀)ကို မိုးမချုပ်ခင် ကို ဂန္ဓမာနဲ့ ထောင်ပိုင်ကြီးက ရွေးထားလိုက်ပါ၊ လမ်းပြင်ဖို့ ခေါ်တယ်ဆိုပြီး လူစုထားလိုက်ပါ၊ ည ၈ နာရီမှာ ထောင်ပိုင်လေးဦးစီးတဲ့ ထောင်ဝန်ထမ်းတပ်စိတ်နဲ့ ဂန္ဓမာသောင်းရီ၊စိန်ခါးမြောင်တို့ ဦးစီးတဲ့ အကျဉ်းသားအဖွဲ့ အတွက် တပ်ကကားနှစ်စီးထောင်ရှေ့မှာ အသင့်ထိုးပေးထားမယ်။ ကျွန်းကလေးကို မိုးမလင်းခင် အရောက်သွားပြီး ဗိုလ်စိန်မှန်အဖွဲ့ကို ကူရမယ်”

.....

တပေါင်းလေရူးက ညပူပူထဲ တစ်ချက်တစ်ချက် တိုက်ခတ်လာ၏။

သေနတ်သံ၊ ဗုံးသံမျှားသာ မရှိပါက ထိုနွေညဏ်၊ သရုပ်သကန်မှာ လွမ်းစရာပင် ကောင်းနေရော့မည်။

ထောင်ဝန်ထမ်းတပ်နှင့် အကျဉ်းသားလက်ရွေးစင်တပ်များ ကျွန်းကလေးသို့ ရောက်ကြပြီ။

ဗိုလ်စိန်မှန်သည် ကိုယ်လုံးတီးချွတ်ပြီး ခါးတောင်းကိုမြောင်နေအောင်ကျိုက်ထားသည်။

တဖက်က စတင်းဂန်းကိုလွယ်ကာ၊ တဖက်တွင် ဌက်ကြီးတောင်ခါးကိုကိုင်ထား၏။

ဗိုလ်စိန်မှန်တပ်နှင့်အတူ အကျဉ်းထောင်မှ လာသော စစ်ကူများလည်း တန်းစီကြဲသည်။

ထောင်ပိုင်လေး၊ ဂန္ဓမာသောင်းရီနှင့် စိန်ခါးမြောင်တို့ကို တိုက်ပွဲအခြေအနေနှင့် တစ်ဖက်အင်အားကို ဗိုလ်စိန်မှန်က အသေးစိတ်ရှင်းပြသည်။

ထို့နောက် အကျဉ်းထောင်စစ်ကူများကို ဗိုလ်စိန်မှန်တပ်မှ ရဲဘော်များနှင့်အတူ တန်းစီစေသည်။

ချက်အရက်အပြည့်ထည့်ထားသော ရေနံဆီပုံးများထဲမှ အရက်ကို မတ်ခွက်ကြီးဖြင့် တစ်ယောက်တစ်ခွက် သောက်ရသည်။

လူစုံသောက်ပြီးသောအခါ အသီးသီး နေရာယူကြတော့သည်။

ဗိုလ်စိန်မှန်တပ်က ကန်သင်းများတွင် ဝမ်းလျားမှောက်ပြီး ဘရင်းဂန်းများ ၊ ရိုင်ဖယ်များဖြင့် အသင့်နေကြသည်။

တပ်မတော်မှ ဗိုလ်မြသင်း၊ စိန်ခါးမြောင်နှင့် ထွန်းရင်တို့ ဦးဆောင်သော တက္ကသိုလ်ကျောင်းသားများနှင့် အကျဉ်းသားများပူးပေါင်းတပ်က တပ်၏ ဘေးပတ်လည် တောတန်းများတွင် နေရာယူကြသည်။

ဂန္ဓမာသောင်းရီ နှင့် ထောင်ပိုင်လေးတို့အကျဉ်းသားဝန်ထမ်းအဖွဲ့က လက်ပစ်ဗုံး သေတ္တာများ၊ စိန်ပြောင်းကိုင်တပ်များနှင့်အတူ ကုန်းမြင့်တွင် ဝပ်နေကြ၏။

ရောင်နီပျိုချိန်တွင် ကရင်အသေခံတပ်များက ရှေ့ဆုံးမှ တပ်လာသည်။

လူရိပ်ရိပ်မြင်သည်နှင့် ရဲဘော်များသည် ကန်သင်းတွင် ခေါင်းကိုစိုက်ကာ သေနတ်ကို အတွဲလိုက်ပစ်ကြသည်။

နောက်ဘက်မှ ကွန်မြူနစ်တပ်များ က ဂဏန်းလက်မပုံ ပန်းပြီးတက်လာစဉ် ဗိုလ်မြသင်း၊ စိန်ခါးမြောင် ဦးဆောင်သည့် အကျဉ်းသားတပ်က ဘေးပတ်လည်တောတန်းများထဲမှ ပစ်သဖြင့် ကွန်မြူနစ်တပ်များ လန်ကျသွားကြပြန်သည်။

ဗိုလ်စိန်မှန်တပ်များနှင့် အကျဉ်းသားတပ်များထံသို့ ချက်အရက်စစ်ကူတစ်ခွက်ဆီ နှစ်ကြောပြန် အရှိန်တင်ပြီးသောအခါ တိုက်ပွဲကား ပိုမိုပြင်းထန်လာသည်။

ကောင်းသူထိပ် မကောင်းသူထိပ် ရမ်းသမ်းပစ်ကြတော့သည်။

အစိုးရတပ်ဘက မှ စစ်သား၊ တက္ကသိုလ်ကျောင်းသား၊ ထောင်ဝန်ထမ်း၊ အကျဉ်းသားတပ်ပေါင်းစုံ၏ ချိန်ပစ် ရမ်းပစ် မှန်းပစ် မူးပစ် အတည့်ပစ် သေချာပစ် ပစ်အားပေါင်းစုံကြောင့် ညနေလေးနာရီတွင် KNDO နှင့် ကွန်မြူနစ်တပ်များ ဆုတ်ခွာသွားကြ၏။

ကျွန်းကလေးကို အစိုးရတပ်များ ပိုင်ပိုင်နိုင်နိုင် စီးမိသွားကြသည်။

.....
ရှေ့တန်းပြန် ထောင်သားများ ရန်ကုန်ထောင်ကြီးသို့ ပြန်ရောက်ကြပြီ။
ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းတို့က်လာရသည့်တို့က်ပွဲ အောင်မြင်သဖြင့် စိန်ခါး မြောင်တို့ ပျော်ရွှင်နေကြသော်လည်း သူတို့ကို ကြိုနေသည့် ထောင်ပိုင်ကြီး မျက်နှာက မကောင်း။
ထောင်သားများကို လူစုခွဲပြီးနောက် ဂန္ဓမာသောင်းရီ၊ စိန်ခါးမြောင်နှင့် ထွန်းရင် တို့ကို ထောင်ပိုင်ကြီးက သူ့ရုံးခန်းသို့ သီးသန့်ခေါ်ထုတ်သွားသည်။
လွတ်ရကျွားရတော့မည့်ဖြစ်သဖြင့် အားလုံးပျော်ရွှင်နေကြ၏။
“ကဲ..သုံးယောက်လုံး ထိုင်ကြပါဦး”
စိန်ခါးမြောင်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ဝင်လိုက်ကြသည်။
“ဂန္ဓမာကြီး..စိတ်အေးအေးထားကွာ”
ဂန္ဓမာသောင်းရီ က ထောင်ပိုင်ကြီးကို မျက်ခုံးပင့်ကြည့်လိုက်၏။
“အုန်းဖေ ဆုံးသွားပြီ”
“ဟမ်..ဘာ”
“အေး..အုန်းဖေ ဆုံးသွားပြီ”
သူတို့ သုံးယောက်လုံး ကြောင်သွားကြ၏။
“ကိုအုန်း..ဘာဖြစ်တာလဲ..ကိုအုန်း ဘယ်လိုဖြစ်တာလဲ”
ထွန်းရင်က ဝုန်းခနဲ မတ်တပ်ထရပ်လိုက်သည်။
“မိန်းဂျေးအနောက်ဖက် ဂျပန်ခေတ်က ရေတွင်းပျက်ထဲ ပြုတ်ကျနေတာ...မင်းတို့ ပြန်မလာသေးခင်ကမှ အလောင်းကို ဆယ်လို့ရတာ”
ဂန္ဓမာသောင်းရီ က မျက်လုံးနှစ်ဖက်ကို စုံမှိတ်ထားပြီး အသက်ကို ခပ်ပြင်းပြင်း ရှူနေသည်။
“အဲ့ဒီရေတွင်းတွေက မသုံးတော့တာကြာပြီမဟုတ်လား..ကိုအုန်းဖေ က ဘယ်လိုလုပ် ကျသွားတာလဲ”
ထောင်ပိုင်ကြီးကို စိန်ခါးမြောင်က မေးလိုက်သည်။
“စစ်ကူအဖွဲ့ထဲကို စားဖိုဘုတ်က ချည်း ဆယ်ယောက်လောက်ပါသွားတော့ အေကလပ်တွေဆီ အုန်းဖေကိုယ်တိုင် ထမင်းသွားပို့တယ်။ အေကလပ်က မစ္စတာသွန်မဆင်က သူ့ဆီ နောက်ဆုံး အုန်းဖေ ထမင်းဟင်းလာပို့ပြီး ပြန်သွားတယ်လို

ပြော်တယ်။ ကြားထဲမှာ သုံးနှာရီလောက် ပျောက်နေတော့ စားဖိုဘုတ်ထောင်မှူးက လာပြောမှ တန်းစီလူစစ်ပြီး လိုက်ရှာကြတာ...ရေတွင်းထဲမှာ တွေ့တာပဲ”

“အလောင်းက အခုဘယ်မှာလဲ”

“ထောင်ဆေးရုံမှာ...”

“ဆရာဝန်က ဘာပြောလဲဗျ”

“ဆေးစစ်ချက် မထွက်လာသေးဘူး..နာရီပိုင်းပဲရှိသေးတယ်”

စိန်ခါးမြောင်က သက်ပြင်းချလိုက်သည်။

“အုန်းဖေ အသတ်ခံလိုက်ရတာဗျ..အသတ်ခံလိုက်ရတာ”

ဂန္ဓမာက အံကိုကြိတ်လျက် ပြောလိုက်သည်။

“မဖြစ်နိုင်ဘူး..ဂန္ဓမာ..အုန်းဖေက မင်းထက်တောင် ထောင်သက်ရင့်သေးတယ်...ဂျပန်ခေတ်ကတည်းက ဒီထောင်မှာ ဗိုလ်လုပ်လာတာ...သူ့ကို ဘယ်သူက သတ်ရဲမှာလဲ”

“အဲ့ဒါကြောင့် ပြောတာပေါ့ဗျ..ဂျပန်ခေတ်ထဲက ဒီထောင်ကို အိမ်လို နေလာတဲ့ကောင် က ဒီရေတွင်းပျက်ထဲ ခြေချော်ကျစရာဘာအကြောင်းမှမရှိဘူး။ အားအားယားယားခုန်ချသေစရာလည်းအကြောင်းမရှိဘူး။ ဘာကိစ္စရေတွင်းထဲ ပြုတ်ကျရမှာလဲ”

“အရက်တွေဘာတွေ မူးနေရင်ရော ဘယ့်နှယ့်လုပ်မလဲကွ..မင်းတို့ ငါမသိအောင် အရက်တွေ ခိုးသွင်းထားတာပဲ မဟုတ်လား”

“ဒီမယ် ထောင်ပိုင်ကြီးရဲ့...အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်တစ်လျှောက်လုံး အဲ့ဒီကောင်အုန်းဖေနဲ့ ကျုပ်တို့လူတွေ အရက်တွေမူးပြီး ခုတ်ခဲ့ ထစ်ခဲ့ကြ၊ လူတွေသတ်ခဲ့ကြတာဗျ။ အခုကျမှ အရက်မူးပြီး ရေတွင်းထဲ ကျစရာလား”

အားလုံး တိတ်ဆိတ်သွားသည်။

“ဘာပဲဖြစ်ဖြစ်ပါ..ဂန္ဓမာ..မကြာခင် အစိုးရက မင်းတို့ကို နှစ်တွေလျှော့ပြီး လွှတ်ပေးတော့မှာပဲ..သေတဲ့လူလည်း သေပြီကွာ...ပြဿနာ ထပ်မရှာပါနဲ့တော့”

ဂန္ဓမာသောင်းရီ က ပြုံးလိုက်သည်။

“အင်းလေ..သေတဲ့လူလည်းသေပြီပဲ...ရှင်တဲ့လူက ရှင်နေတော့ လုပ်စရာရှိတာ လုပ်ကြရုံပေါ့”

ဂန္ဓမာ ထထွက်သွားသည်။ ထွန်းရင် က လက်သီးဆုပ်လျက် နောက်လိုက်သွား၏။

ထောင်မှူးက စိန်ခါးမြောင် ကို ကြည့်လိုက်သည်။

“စိန်ဓါးမြှောင်..မင်းပဲ.ဂန္ဓမာကြီးနဲ့ ထွန်းရင်ကို ကြည့်ထိန်းပေးပါ..ဒီကောင်တွေက မလွယ်ဘူး. သူတို့လူကို ထိရင် စိမ်ပြေနပြေလူသတ်တဲ့ကောင်တွေ..ဘဘိုးတုန်းကလည်း ရိက္ခာဆောင်ထဲမှာ လေးနာရီလောက် မသေမချင်နှိပ်စက်ပြီး သတ်ပစ်ကြတာ...အခုလည်း အုန်းဖေကြီးသေပြီဆိုတော့ တွေ့ကရာလူ ရမ်းသမ်းစွတ်စွဲပြီး လိုက်သတ်မှာစိုးရတယ်...နာဂျစ်အာရတ်တို့ လူစုကလည်း အင်အားကတောင်တောင်က့..ဒီကောင်တွေ နှစ်ဖွဲ့ရှိနေသမျှ ထောင်က ဘယ်နေ့ လူသတ်ပွဲကြီးဖြစ်မလဲပံစိုးရိမ်နေရတယ်...ဟူး..စိတ်ညစ်ပါတယ်ကွာ”

“ဒါများ...ကျွန်တော့် လာထိန်းခိုင်းရလားဗျာ...ထောင်ပိုင်ကြီးလုပ်နိုင်တဲ့နည်းလမ်းတွေရှိပါတယ်.”

“ဟေ..ဘယ်လို”

.....

စိန်ဓါးမြှောင်၏ အကြံပေးချက်ကား ထိရောက်ပါသည်။

မကြာမီ ထောင်ပိုင်ကြီး အမိန့်ဖြင့် ဂန္ဓမာသောင်းရီနှင့် ထွန်းရင်ကို သီးသန့်တိုက်ဆောင်သို့ ရွှေ့ထားလိုက်ကြသည်။

စားဖိုဘုတ်၏ ခေါင်းဆောင်နေရာအား စိန်ဓါးမြှောင်ကို လွှဲပေးလိုက်ရ၏။

ဂန္ဓမာသောင်းရီ နေခဲ့သည့်အခန်းတွင် စိန်ဓါးမြှောင် ပြောင်းရွှေ့နေလေသည်။

နောက်မှရောက်လာသော စိန်ဓါးမြှောင်က ထောင်ပိုင်ကြီးနှင့် ပေါင်းကာ ဂန္ဓမာသောင်းရီ နေရာကို လုယူလိုက်ပြီဟူသော သတင်းများလည်း ထောင်တွင်း ထွက်ပေါ်လာသည်။

တိုက်ပိတ်ခံထားရသော ဂန္ဓမာသောင်းရီနှင့် ထွန်းရင်တို့လည်း ထိုသတင်းကို ထမင်းလာပို့ပေးသူများမှ တဆင့်ကြားကြရသည်။

၁၉၄၉ ဧပရယ်လ (၁၇)ရက်။

တလတိတိပြည့်သည့်နေ့တွင် ဂန္ဓမာသောင်းရီနှင့် ထွန်းရင်ကို တိုက္မ ထုတ်ကာ စားဖိုဘုတ်သို့ ပြန်ပို့လိုက်သည်။

ရိက္ခာဆောင်အနောက်ရှိ သူအခန်းသို့ ဂန္ဓမာသောင်းရီ ဝင်လိုက်သောအခါ မြင်လိုက်ရသော မင်ကွင်းကြောင့် မျက်မှောင်ကြုံ့သွား၏။

စိန်ဓါးမြှောင်ကား ကုတင်ပေါ်တွင် ထိုင်လျက် ရမ်အရက်ပုလင်းနှင့် ဖန်ခွက်ငါးခွက်နှင့်။

“ဘယ်နှယ့်လဲ..မန္တလေးက ဓါးပြဗိုလ်ကြီး...ကျုပ်ကို နောက်ကျောက ဓါးနဲ့ထိုးပြီး.အတော်မှ ဇီဝိကျနေတယ်ပေါ့”

ဂန္ဓမာသောင်းရီ က စိန်ခါးမြှောင်ကို မဲ့ပြုံးပြုံးရင်းမေးလိုက်သည်။
“ကဲ..စိတ်မဆိုးပါနဲ့..ကိုဂန္ဓမာ..တချို့ကိစ္စတွေက အကြောင်းရှိလို့ အကျိုးဖြစ်လာတာ...စိတ်အေးအေးထားပြီး အရက်အတူသောက်ရအောင်”
ဂန္ဓမာနှင့် ထွန်းရင်က စိန်ခါးမြှောင်ကို ခပ်တည်တည်ပင် စိုက်ကြည့်နေကြသည်။
“ကဲ..လာပါ...ဒီနေရာကလည်း ကျွန်တော်ဖယ်ပေးမှာပါ..အရက်တစ်ခွက်သောက်ပြီးရင် ကျွန်တော် ဘာလို့ဒီလိုလုပ်ရလဲ ခင်ဗျားတို့ကို ရှင်းပြမယ်..လာပါ..ကျွန်တော့်မှာ ခင်ဗျားတို့သိချင်မယ့် သတင်းတွေလည်း ရှိပါသေးတယ်..လာပါဗျ..လာပါ..တိုက်ထဲမှာ ရမ်နဲ့ဝေးနေမှာပေါ့”
ဂန္ဓမာသောင်းရီနှင့် ထွန်းရင်တို့က ဝင်ထိုင်လိုက်ကြသည်။
စိန်ခါးမြှောင်က အရက်ကို ငါးခွက်ငှဲ့လိုက်သည်။
“ကဲ..ခင်ဗျားတို့ရဲ့ လမ်းမတော်ဖိုးတုတ်နဲ့ ကိုအုန်းဖေအတွက် ရောပေါ့ဗျာနော့”
အုန်းဖေဆိုသည့်အသံကြားသည်နှင့် ထွန်းရင်က ဆတ်ခနဲဖြစ်သွားပြီး စိန်ခါးမြှောင်ကို စိုက်ကြည့်နေသည်။
“ကဲ....ခင်ဗျား တို့ မိုက်တာ၊ လူသတ်ရဲတာတွေ ကျွန်တော်သိပါတယ်..ဒါပေမယ့်..တစ်ခါတစ်လေမှာ အခြေအနေနဲ့ အချိန်အခါကို စောင့်ပြီး လုပ်ရတာတွေရှိတယ်ဗျ..ကိုယ် လုပ်ချင်တာကို စိတ်ရှည်ရှည်စောင့်ပြီး သေချာပြီဆိုမှ လုပ်တော့ အမှားအယွင်းနည်းတာပေါ့ဗျာ”
“မင်း ဘာပြောချင်တာလဲ..မြန်မြန်ပြော”
ဂန္ဓမာထံမှ အေးစက်စက်အသံထွက်လာသည်။
“အုန်းဖေ သေတဲ့နေ့က ခင်ဗျားတို့ နှစ်ယောက် ဝုန်းဝုန်းဒိုင်းဒိုင်းလုပ်ကြတော့မယ်ဆိုတာ ကျွန်တော်သိတယ်။ ဒါကြောင့် ခင်ဗျားတို့ကို တိုက်ထဲ ထည့်ဖို့ ထောင်ပိုင်ကို ကျုပ်အကြံပေးလိုက်တာပဲ”
“အေး..မင်းလက်ချက်မှန်း ငါတို့သိပါတယ်”
“ကျွန်တော် အဲ့ဒီလို အကြောင်းမဲ့လုပ်တာမဟုတ်ဘူး..ကိုဂန္ဓမာ...ကိုအုန်းဖေက တကယ်အသတ်ခံရတာ မသေချာသေးဘူး၊ သေချာသည်ထားဦး ဘယ်သူသတ်တယ်ဆိုတာ ရှာရဦးမယ်..ခင်ဗျားတို့က နာဂျစ် လုပ်တယ်ဆိုပြီး သွားရမ်းတယ်ထား..မဟုတ်ရင် အလကားနှစ်ဖက်လုံး နာကုန်မယ်..ဟိုကောင်တွေကလည်း သူတို့လုပ်ထားတယ်ဆို သေချာပြင်ဆင်ထားမှာပဲ...အခု တလလောက် ခင်ဗျားတို့ တိုက်ထဲရောက်နေချိန်မှာ ကျွန်တော်လူတွေမွေးပြီး အိပ်ဆောင်က သတင်းတွေနှိုက်ထားတယ်...ကိုအုန်းဖေကို ဘယ်သူသတ်လဲသိပြီ”
“ဘယ်သူသတ်တာလဲ”

“နာဂျစ်မယား ငမြဲင့်နဲ့ သူခိုးမောင်အေး သတ်တာ”

“ဘာ”

“ဟုတ်တယ်..အုန်းဖေ နဲ့ နာဂျစ် ဆိတ်သားကိစ္စ ငြိနေကြတာကြာပြီမဟုတ်လား။ တလောက အကျဉ်းသားသစ် ဖြူထွန်းကို ပုံစံပြမောင်အေး က ငွေမပေးလို့ ရိုက်တဲ့ကိစ္စ အုန်းဖေကြီးက ဝင်ပါထားတယ်။ အုန်းဖေကြီး ထိုးလို့ မောင်အေး တော်တော်ထိသွားတယ်။ ခင်ဗျားတို့ကျုပ်တို့ မရှိတုန်း၊ အကျဉ်းထောင်ဝန်ထမ်းတွေ လည်း အင်အားနည်းနေတုန်းမှာ ကိုအုန်းဖေ ကိုယ်တိုင် အေကလပ်ဘက် ထမင်းထွက်ပို့တာမြင်လို့ တောင်ယာဘုတ်ဆင်းနေတဲ့ဒီကောင်တွေ အကွက်တွေ့သွားတာ။ တကယ်က ဟိုကောင်နှစ်ကောင်က ထမင်းပို့ပြန်လာတဲ့ အုန်းဖေကို ဝိုင်းရိုက်ပြီးချုပ်ထားချိန် နာဂျစ်က လာပြီး သံချွန် နဲ့ထိုးသတ်မယ်လို့ စီစဉ်တာ။ တကယ်တမ်းကျ အုန်းဖေ နဲ့ မောင်အေး ၊ ငမြင့်တို့ နှစ်ယောက်တစ်ယောက် ချနေကြတုန်း နာဂျစ်က ပေါ်မလာဘူး။ တမင်လှူလည်ကျလိုက်တာ။ ဟိုနှစ်ကောင်က အုန်းဖေကြီးကို ကြောက်ကြောက်နဲ့ ဝင်လုံးရင်း မောင်အေးနဲ့ အုန်းဖေ ရေတွင်းပျက်ထဲ ကျသွားတာ။ အုန်းဖေ ဇက်ကြိုးပြီး သေတာပဲ။ မောင်အေး က အပေါ်ကကျတာဆိုတော့ဘာမှ သိပ်မဖြစ်ဘူး။ ငမြင့်က သူ့ကို ရေတွင်းထဲကနေ ဝါးလုံးနဲ့ ပြန်ဆွဲတင်ပြီး အဆောင်မှာ ဟန်မပျက်ပြန်နေခဲ့ကြတာ...”

“ဟာ..ကွာ”

“ကဲ...အခုဆို ခင်ဗျားတို့ တရားခံအစစ်ကို သေချာသိပြီမဟုတ်လား...ဘာလုပ်ချင်ကြလဲ”

ဂန္ဓမာသောင်းရီ က စိန်ခါးမြောင်မေးသည်ကိုမဖြေ။

အခန်း၏ ထုတ်တန်းပေါ်သို့ လက်ကို လျှိုနှိုက်လိုက်ပြီး အဝတ်စဖြင့် ပတ်ထားသည့်အရာတစ်ခုကို ထုတ်လိုက်၏။

အဝတ်စကို ဖြည်လိုက်သောအခါ ခွေထားသည့် ချိန်းကြိုးတစ်ချောင်း ကို စိန်ခါးမြောင်တွေ့လိုက်ရသည်။

.....

“ထမင်းပို့ လာပြီဟေ့”

ထမင်းတောင်းလာပို့သည့် နေရာသို့ မောင်အေး က အပြေးအလွှား ရောက်လာသည်။

“ဒီနေ့ အသားဟင်းနဲ့နော်...မိုးပုံဆိတ်အရွတ်တွေ..ပဲလားဟေ့”

မောင်အေးက ပြောပြောဆိုဆိုနှင့် ထိုင်ချလိုက်စဉ် ထမင်းပို့သည့် လူက လက်ထဲတွင်ပါသော သံစူးခွန်ဖြင့် မောင်အေး ၏ လည်ပင်းကို စောင့်ထိုးထည့်လိုက်

သည်။
မောင်အေးမှာ အသံမထွက်နိုင်ပဲ လည်ပင်းမှ သွေးများပန်းထွက်ကာ လဲကျသွားသည်။
“ဟေ့ကောင်..နာဂျစ်”
ထွန်းရင်က ထမင်းတောင်းထမ်းလာသည့် တံပိုး ကို ဖြုတ်ကာ အော်ခေါ်လိုက်သည်။
ထိုအခါမှ သွေးအိုင်ထဲတွင် လဲကျကာ အသက်ငင်နေသော မောင်အေး နှင့် ထွန်းရင်ကို အားလုံး သတိထားမိသွားသည်။
နာဂျစ်အာရတ် တစ်ဖက်သို့ လှည့်ပြေးလိုက်စဉ် သူ့မျက်နှာအား တစ်စုံတစ်ခုက အရှိန်ဖြင့် ဖြတ်ရိုက်ခြင်းခံလိုက်ရ၏။
ဂန္ဓမာသောင်းရီ ၏ ချိန်းကြိုးရိုက်ချက်ကြောင့် နာဂျစ်မျက်နှာတစ်ခုလုံး ထူပူထွက်သွားသည်။
ထွန်းရင်က ပြေးလာပြီး နာဂျစ်၏ နောက်စေ့ကို တံပိုးဖြင့် ရိုက်ချလိုက်သည်။ သို့သော် နာဂျစ်အာရတ်၏ ပုခုံးကို သာ ထိမှန်သွား၏။
ထိုအချိန်တွင် ငမြင့်က ပေါက်တူးဖြင့် ဂန္ဓမာသောင်းရီ အား ဝင်ခုတ်တော့သည်။
ဂန္ဓမာက ငမြင့် ကို ဝင်လုံးလိုက်ပြီး လည်ပင်ကို ချိန်းကြိုးနှင့်ပတ်ကာ ဆွဲလှဲချလိုက်၏။
ထွန်းရင်က နာဂျစ်အာရတ်ကို တံပိုးဖြင့် လိုက်ရိုက်သည်။ နာဂျစ်က သွေးရူးသွေးတန်းဖြင့် ထောင်ကျဆောင်များဘက်သို့ ထွက်ပြေးသည်။
“ရှိုး”
“ဒိုင်း..ဒိုင်း”
“ဟေ့ကောင်တွေ..အကုန်.လက်ေမြှာက်ထား”
ထိုအချိန်တွင် ထောင်မှူးများနှင့် လက်နက်ကိုင်ထောင်ဝန်ထမ်းများရောက်လာပြီး သေနတ်များပစ်ဖောက်ကြသည်။
ထွန်းရင်က တံပိုးကို ချကာ လက္ကြောက်ထားလိုက်သည်။
ဂန္ဓမာက ချိန်းကြိုးကို ညာဘက် လက်တွင် ပတ်ကာ မတ်တပ်ရပ် လက္ကြောက်ထားလိုက်၏။
သို့သော် ဂန္ဓမာသောင်းရီ ၏ ညာဘက်ခြေထောက်က မြေပြင်တွင်လဲနေသော မောင်မြင့်၏ လည်မြိုကို အားကုန် နင်းထားသည်။

ထောင်ဝန်ထမ်းများ သူတို့ထံ လာနေစဉ် စက္ကန့်ပိုင်းတွင်ပင် မောင်မြဲင့်မှာ အသက်ထွက်သွားတော့သည်။

.....

ထောင်တွင်း နှစ်လောင်းပြုင်လူသတ်မှု ထပ်မံဖြစ်ပွားခဲ့သဖြင့် တစ်ထောင်လုံး တပ်လှန့်ထားသည်။

ဂန္ဓမာသောင်းရီနှင့် ထွန်းရင်တို့ကို ကြိုးတိုက်သို့ ပို့ပြီး တိုက်ပိတ်ထားလိုက်ကြသည်။

နာဂျစ်အာရတ်ကိုလည်း သီးသန့်တိုက်တွင် ချုပ်နှောင်ထားလိုက်၏။

နာဂျစ်အာရတ်အားစစ်ဆေးရာ အုန်းဖေကို သတ်ရန်ကြံစည်ခဲ့ကြောင်းထွက်ဆိုသည်။

လူသတ်မှုများအား ထောင်တွင်းတရားရုံးဖွဲ့စစ်ဆေးပြီး နာဂျစ်အာရတ်အား နှစ်တိုးထောင်ဒဏ် (၅)နှစ်။ ဂန္ဓမာသောင်းရီအား (၇)နှစ်၊ ထွန်းရင် အား (၁၀)နှစ် နောက်ထပ် အသီးသီး ပြစ်ဒဏ်များချလိုက်တော့သည်။

ထို့ပြင် ဂန္ဓမာသောင်းရီ နှင့် ထွန်းရင်တို့အား ထောင်ကျကာလတစ်လျှောက်လုံး ကြိုးတိုက်တွင်ပင် နေထိုင်ရန်နှင့် သေဒဏ်သမားများကို ကြိုးပေးရာတွင် အရုပ်ပေတိုင်းခြင်း၊ ကြိုးကျစ်ခြင်း၊ ဒေါက်ဖြုတ်ခြင်း၊ အလောင်းထုတ်ခြင်း လုပ်ငန်းများ လုပ်ရန် တာဝန်ပေးလိုက်သည်။

နာဂျစ်အာရတ် ကိုမူ ထောင်ကျကာလတစ်လျှောက်လုံး သီးသန့်တိုက်တွင်သာ ထားရှိလေသည်။

ထောင်တွင်းအဓိကအုပ်စုနှစ်စု၏ ခေါင်းဆောင်များဖြစ်သော ဂန္ဓမာသောင်းရီ နှင့် နာဂျစ်အာရတ်တို့မှာ နောက်ထပ်ထောင်ဒဏ်အသီးသီးနှင့်အတူ တိုက်ထဲတွင်သာ နေရတော့မည်ဖြစ်သည်။

ထောင်တွင်းနှစ်လောင်းပြုင်လူသတ်မှု အပြီးသတ်စီရင်ချက်များချပြီးသည့် ၁၉၄၉ ဩဂုတ်လ ၂၀ရက်နေ့။

ရန်ကုန်မိုးက တသဲသဲရွာနေသည်။

ထောင်တွင်းတရားရုံးမှ စီရင်ချက်ပြီးသဖြင့် ထောင်ပိုင်ကြီး သည် ရုံးခန်းသို့ ပြန်လာကာ ကော်ဖီတစ်ခွက်သောက်နေလေသည်။

ထိုအချိန်တွင် စစ်သုံးမိုးကာကို ခြုံထားသော လူတစ်ဦး က ထောင်ပိုင်ကြီး ဦးဘိုကြည် အခန်းတွင်းသို့ ဝင်လာသည်။

ထိုသူကို ထောင်ပိုင်ကြီးက ပြုံးပြလိုက်၏။

“ကဲ...ထောင်ပိုင်ကြီး....နောက်ဆို ကော်ဖီအေးအေးဆေးဆေးသောက်လို့ရပြီ ပေါ့...ရန်ကုန်ထောင်ကြီးထဲ ဘာပြဿနာမှ စိုးရိမ်စရာမလိုတော့ဘူး..ထောင်ကြီးထဲက ပြဿနာခဲတွေကို သူ့နည်း သူ့ဟန်နဲ့ ကျွန်တော်ရှင်းပေးလိုက်ပြီ... အခု ကျွန်တော့်ကိုပေးထားတဲ့ကတိတည်စေမယ်မဟုတ်လား”

ထောင်ပိုင်ကြီးက ကော်ဖီကို ဖြည်းဖြည်းချင်း သောက်လိုက်ရင်း...

“ငါ ကတိတည်ပါတယ်ကွာ...ရန်ကုန်ထောင်ကြီးရဲ့ တန်စီးချုပ်နေရာဟာ မင်းက လွဲပြီး ဘယ်သူ့အတွက် ရှိဦးမှာလဲ..စိန်ခါးမြောင်ရ...ရန်ကုန်ထောင်ကြီးရဲ့ မန္တလေးသားတန်းစီးချုပ်ပေါ့ကွာ”

စိန်ခါးမြောင်က ပြုံးလိုက်သည်။

“အင်း..ရန်ကုန်သားတွေ... တယ်အ ကြတာပဲကိုး..ထောင်ပိုင်ကြီးရ”

……..……

……..……

……..……

အခန်း(၁၉)

“ကိုသောင်းရီ ကို ဘာလို့တွေ့ခွင့်မရတာလဲ”
“အထဲမှာ လူသတ်မှုထပ်ဖြစ်လို့..လောလောဆယ် ကြိုးတိုက်ထဲ ထည့်အပြစ်ပေးထားတယ်..ဒီကာလ ထောင်ဝင်စာ မရသေးပါဘူး..အမ”
“ဘယ်လို ဘယ်သူ့ကို သတ်လိုက်တာလဲ”
“ကိုအုန်းဖေ ကို သတ်တဲ့လူတွေကို ပြန်သတ်လိုက်လို့”
“ဘာ...ကိုအုန်းလည်း သေပြီလား”
“သေပြီ”
ထောင်ဝန်ထမ်းလေး၏ စကားကြောင့် မသောင်းနှင့် စံဘတို့ တစ်ယောကျ်ားနှာတစ်ယောက်ကြည့်လိုက်ကြသည်။
“ဒါဆို ကိုကြီးထွန်းရင်ရော”
ချောရင်က ဝင်မေးလိုက်သည်။
“ကိုထွန်းရင်လည်း လူသတ်မှုမှာပါတယ်လေ..အတူတူပဲ”
“ဟူး တော်ပါသေးရဲ့”
“ဘာ တော်ပါသေးရဲ့လဲ..ချောရင်”
“ညော် ကိုစံဘရယ်.. သေတာထက်စာရင် သတ်တာက ပိုစိတ်အေးရတာပေါ့..မဟုတ်ဘူးလား”
ချိုက်ဟုန်ကွယ်လွန်ပြီးသည့်နောက် မသောင်းသည် စံဘ၊ချောရင်တို့ လင်မယားနှင့်အတူ စဉ့်အိုးတန်းလမ်းရှိ ဂန္ဓမာသောင်းရီ၏ အိမ်တွင် နေကြသည်။
ရန်ကုန်မြို့ပတ်ပတ်လည်တွင် လက်နက်ကိုင်တပ်များက ပိတ်ဆို့ထားချိန်ဖြစ်သဖြင့် ထင်းရှားပါးနေချိန်တွင် စံဘ သည် ဒလဘက်မှ ထင်းများကို လှေဖြင့် သယ်ယူပြီး ရန်ကုန်သို့ ပို့သည့်အလုပ်လုပ်ကိုင်သည်။
ထိုအချိန်က မြစ်ဝကျွန်းပေါ်မှ ကနစိုထင်းများ ရန်ကုန်မြို့သို့ လုံးဝမဝင်တော့သဖြင့် ခုဖိနပ်ကိုပင် ထင်းစိုက်နေရသည့် ကာလဖြစ်သောကြောင့် စံဘ၏ လုပ်ငန်းမှာ အဆင်ပြေနေသည်။
မသောင်း၊ စံဘနှင့် ချောရင် တို့ သည် ဂန္ဓမာသောင်းရီ နှင့် ထွန်းရင်တို့အား ထောင်ဝင်စာလာတွေ့ကြခြင်းဖြစ်သည်။

ယခု ဂန္ဓမာသောင်းရီတို့အား ထောင်ဝင်စာလာတွေ့ကြဲခြိန်တွင် တွေ့ခွင့်မရသဖြင့် သူတို့အားလုံး စိတ်ပျက်သွားကြသည်။
“ခင်ဗျားတို့ကို တွေ့ချင်နေတဲ့သူတစ်ယောက်တော့ရှိတယ်”
“ဟင်..ဘယ်သူလဲ”
“စိန်ခါးမြောင်တဲ့..မန္တလေးထောင်က ပြောင်းလာတဲ့ ခါးပြဗိုလ်ပဲ”
“သူက ဘာလို့တွေ့ချင်တာလဲ”
“သူက ကိုဂန္ဓမာကြီးတို့နဲ့ စားဖိုမှာ အတူတူနေခဲ့တာပဲဗျ...ခုတော့ တန်းစီးချုပ်ဖြစ်နေပြီ..သူက ဂန္ဓမာသောင်းရီ ကို ထောင်ဝင်စာလာတွေ့တဲ့သူဆို သူတွေ့ချင်တယ်လို့ပြောတယ်ဗျ”
“ကျွန်မ သူ့ကို တွေ့ချင်တယ်”
မသောင်းက ဝင်ပြောလိုက်သည်။
ခဏအကြာတွင် စိန်ခါးမြောင်က ထောင်ဝင်စာပေါက်သို့ ရောက်လာသည်။
“ဂန္ဓမာသောင်းရီ နဲ့ ဘာတော်ကြတာလဲ”
“ငါနာမည်စံဘ...လမ်းမတော်ဖိုးတုတ်ရဲ့ညီပဲ..ဒါက မမသောင်း။ ကိုဂန္ဓမာကြီးရဲ့မိန်းမ။ သူက ငါ့မိန်းမချောရင်၊ ထွန်းရင်ရဲ့ညီမ ပဲ... မင်း ငါတို့ကို ဘာလို့တွေ့ချင်တာလဲ”
“အေး...ဂန္ဓမာသောင်းရီ နဲ့ ထွန်းရင် ဆိုတဲ့ နာမည်နဲ့ မင်းတို့ နောက်ကိုထောင်ဝင်စာလာမတွေ့ဖို့ လာပြောတာ”
“ဘာကွ..ဟေ့ကောင်.”
စံဘအသံက ကျယ်သွားသည်။
ဘေးမှ ထောင်ဝင်ထမ်းက သူတို့ကို အကဲခတ်နေ၏။
“ဟုတ်တယ်..နောက်ကို ဘယ်တော့မှ ထောင်ဝင်စာလာမတွေ့ဖို့ပဲ”
“မင်းက ငါ့ကို အမိန့်လာပေးနေရအောင် ဘာကောင်မို့လို့လဲ”
“ငါက ဒီထောင်ရဲ့ တန်းစီးချုပ်ပဲ...မင်းလူတွေ ကြိုးတိုက်ထဲရောက်အောင်လုပ်တာလည်း ငါပဲလုပ်တာ..မင်းတို့အခုပြန်တော့..ငါစေတနာနဲ့ ပြောတာ.”
“နေပါဦး..မင်းပြောနေတာတွေ ငါနားမလည်ဘူး..မင်းက ဘာဖြစ်ချင်တာလဲ..ဟေ့ကောင်..မင်းဟာမင်း တန်းစီးချုပ်မကလို့ ဘာနေနေ..ငါ့အကိုတွေ၊ ငါ့ယောက်ဖတွေကို တစ်ခုခုထိလို့ကတော့ ရရာအမှုနဲ့ ထောင်ထဲဝင်ပြီး မင်းကို လာသတ်မယ်”

စိန်ခါးမြောင်က သက်ပြင်းချကာ စံဘကို ပြုံးပြီးကြည့်လိုက်သည်။
“မင်းတို့ကောင်တွေက ဒီလိုချည်းပဲ...မင်းလူတွေ အဆင်ပြေသွားလိမ့်မယ်..ဘာမှ စိတ်မပူနဲ့..အခု မင်းဘေးမှာ မိန်းကလေးတွေလည်းပါလာလို့.. ငါပြောနေရတာ.....ပြန်တော့...နောက်လည်းမလာနဲ့တော့”
စိန်ခါးမြောင်က ထိုသို့ပြောပြီး လှည့်ထွက်သွားသည်။
“ဟေ့ကောင်..ဟေ့ကောင်..ခွေးသူတောင်းစား..ပြန်လာခဲ့စမ်း..ဟေ့ကောင်”
စံဘက ဒေါသတကြီး ဆဲဆိုကာ ထောင်ဝင်စာတွေ့သည့် သံပန်းတံခါးကို ရိုက်ထည့်လိုက်၏။
ထောင်ဝန်ထမ်းတပ်သားနှစ်ဦးရောက်လာပြီး သူတို့အား ပြန်ရန် သတိပေးလိုက်သည်။
ဂန္ဓမာသောင်းရီကို မတွေ့ရသဖြင့် မသောင်းက တရှုံ့ရှုံ့ငိုနေ၏။
စံဘ၏ မျက်နှာက ဒေါသစိတ်ကြောင့် နီမြန်းနေသည်။
“ကိုအုန်း သေပြီတဲ့ကွာ..နောက်ပြီး..ဒီကောင် က ဘာကောင်လဲ..ဒီကောင်က ငါ့ကို ဘာလို့ အမိန့်တွေလာပေးနေတာလဲ”
ချောရင်က စံဘ၏ လက်ကို ကိုင်လိုက်သည်။
“ကိုစံဘ...သူ အကြောင်းမဲ့ပြောတာတော့မဟုတ်နိုင်ဘူး..တစ်ခုခုတော့ရှိရမယ်..သူ့လေသံထဲမှာ ကျွန်မတို့ကို တစ်ခုခုသတိပေးချင်တဲ့ ပုံစံကို ကျွန်မ ရိပ်ဖမ်းမိတယ်... ကိုကြီးထွန်းရင်တို့ကို တွေ့ခွင့်ရဖို့..ကျွန်မတို့ စိတ်အေးအေးထားပြီး စဉ်းစားကြတာပေါ့”
စံဘတို့ ရန်ကုန်ထောင်ကြီး ထိပ်သို့ထွက်လာပြီး ကမ်းနားဘက်သို့ပြန်ရန် ဆိုက်ကားငှားကြသည်။
ကားတစီးထဲတွင် သူတို့သုံးဦး ထောင်ကြီးအတွင်းမှ ထွက်အလာကို စောင့်ကြည့်နေသော သူနှစ်ယောက်ရှိနေ၏။
ခဏအကြာတွင် ထောင်အရာရှိတစ်ဦးက အဆိုပါကားအနီးသို့ အပြေးရောက်လာပြီး ကားအတွင်းသို့ ခါးညွတ်ရင်း တစ်စုံတစ်ခု ပြောလိုက်သည်။
.....
၁၉၄၉ ဒီဇင်ဘာ ၁၈ တွင် အစိုးရတပ်မှူးက စာဗူးတောင်းကို သိမ်းပိုက်လိုက်နိုင်သဖြင့် ရန်ကုန် - မန္တလေးလမ်းပွင့်သွားပြီး ဖြူး၊ တောင်ငူ တို့ကိုပါ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

ဖြဲ့ူးရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ပိတ်မိနေသော ခါလေး၊ မမြဲကြဲည်နှင့် အနှင်းတို့သည် ရန်ကုန်သို့ အစိုးရယာဉ်တန်းနှင့်အတူ စစ်ပြေးဒုက္ခသည်အဖြစ် ဆင်းလာကြသည်။

မမြကြည်နှင့် အနှင်းတို့သည့် ရွှေထည် ပစ္စည်းများကို အတွင်းခံဘော်လီများနှင့် ထမီအထက်ဆင်များထဲတွင် လိပ်ပြီး ချုပ်ကာ သယ်ဆောင်လာကြ၏။

စိန်ခါးမြောင် သည် ရန်ကုန်ထောင်ကြီးသို့ ရောက်ရှိနေသည်ဟု သတင်းရသည်နှင့် ရန်ကုန်သို့ မရောက်ရောက်အောင်လာခဲ့ကြခြင်းဖြစ်သည်။

ဒီဇင်ဘာ ၂၂ ရက်နေ့ နေ့လည်ပိုင်းတွင် ခါလေး၊မမြကြည်နှင့် အနှင်းတို့ ရန်ကုန်သို့ ရောက်ရှိလာကြသည်။

ထိုအချိန်တွင် ကရင်တပ်များကအင်းစိန်ကို အခိုင်အမာစခန်းလုပ်ကာနေ၏။

ကရင်တပ်များသည် ဒီဇင်ဘာ ၂၅ ရက်နေ့ ညနတွင် ဘတ်စ်ကားအစီးနှစ်ဆယ် ဖြင့် အင်းစိန်မှ ထွက်လာပြီး ရန်ကုန်မြို့ထဲနှင့် အတွင်းဝန်များရုံးကို ဝင်တိုက်ကြ မည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လာသည်။

တပ်ယာဉ်တန်းနှင့်အတူ လိုက်လာသော ခါလေးတို့ကို စစ်ရဲတပ်ရင်းက စစ်မေး ပြီး ခါလေး၊ မနှင်းတို့က သေနတ်ပစ်တတ်သည်ဆိုသဖြင့် ဗားကရာကိုးထပ်ကြီး တိုက်ပေါ်တွင် အရေးပေါ်စုစည်းနေသော ပြည်သူ့အရံတပ်တွင် ပါဝင်ရန် ပြောဆို ကြသည်။

ရန်ကုန်သို့ ရောက်ရောက်ချင်းနေစရာမရှိဖြစ်နေသောအခြေအနေတွင် ဗားဂရား ပေါ်သို့ လိုက်သွားရန် မမြကြည်က ဆုံးဖြတ်သည်။

ဒီဇင်ဘာ ၂၅ ရက်။ခရစ္စမတ်နေ့။

တပ်ရင်း(၄)၊ စစ်ရဲတပ်ရင်းများနှင့် တက္ကသိုလ်ကျောင်းသားတိုလီမိုလီထွန်းတင် တီထွင်ထားသော သံချပ်ကာ ကား နှစ်စီးက ကမာရွတ်ဂါတ်တံတွင် ခံတပ်လုပ် ကာ အသင့်စောင့်နေသည်။

စစ်ရဲတပ်နှင့် တက္ကသိုလ်အရံတပ်ရင်း၊ ပြည်သူ့အရံတပ်တို့ပူးပေါင်းသောအဖွဲ့ သည် တိုလီမိုလီသံချပ်ကား တစ်စီးနှင့်အတူ ဟာသာဝတီအဝိုင်းတွင် နေရာ ယူထားသည်။

ကရင်တပ်များသည် အင်းစိန်မှ ရန်ကုန်မြို့တွင်းသို့ ချီတက်လာပြီး ကမာရွတ် တံတားဖြူအနီးအရောက်တွင် မည်သည့်တပ်မျှအစိုးရတပ်မှမတွေ့သဖြင့် အစိုးရ တပ်များ အင်အားဖြည့်တင်းပြီး မြို့တွင်းရောက်မှချောင်ပိတ် ပစ်မည်ကို စိုး သဖြင့် ပြန်လှည့်သွားကြသည်။

ကရင်တပ်များ ပြုန်လည့်သွားသည့် သတင်းရသည်နှင့် အရံပြုည်သူ့စစ်တပ်များသည် ကိုးထပ်ကြီးဘုရားဘက်သို့ ပြန်လာကြသည်။

“အချိန်က ကိုးလိုကန့်လန့်နဲ့ ဒီတိုင်းအိပ်မရမဲ့အတူ...အရက်လေးသွားသောက်ပြီးမှ အိပ်ကြတာပေါ့ကွာ”

ခါလေးနှင့် အရံပြည်သူ့စစ်နှစ်ဦးသည် ကားပေါ်မှ ဆင်းပြီးနောက် အရက်ပုန်းရောင်းသော ကြည်မြင့်တိုင်ဘူတာဘက်ဆီသို့ ဗားကရာချောက်နံဘေးမှ လမ်းလျှောက်လာကြသည်။

အလင်းရောင်ကားအရှေ့ဘက်တွင်မထွက်သေး။

ဒီဇင်ဘာမို့ မြောက်ပြန်လေက စိမ့်နေအောင် တိုက်ခတ်နေ၏။

ဗားဂရာချောက်သည် ဂျပန်ဆုတ်ခွာခါနီးတွင် လက်ကျန်လူမိုက်အုပ်စုများ အုပ်စုဖွဲ့ သတ်ပွဲများ၊ စစ်ပြီးစတွင် နှိုင်ငံရေးအုပ်စုများအကြား သတ်ပွဲများကြောင့် နာမည်ကျော်နေသည့်နေရာဖြစ်သည်။

ချောက်အပေါ်ဘက်ရှိ မြူမှုန်မှုန်တွင် မီးထိုးထားသော ကားတစ်စီးကို တွေ့လိုက်ရသဖြင့် ခါလေးတို့ သုံးဦး အသာဝပ်လိုက်ကြသည်။

“ကရင်တပ်တွေ ဒီဘက်ကများ ပတ်ဝင်လာတာလား...မသိဘူး”

ခါလေးက စတင်းဂန်းကို အသာဆုတ်ကိုင်လိုက်သည်။

ကားပေါ်မှ ဆင်းလာသော လူသုံးဦးက ကြိုးတုပ်ထားသော လူတစ်ဦးကို မြေကြီးပေါ်ဆွဲချလာသည်ကိုတွေ့ရသည်။

ထို့နောက် တုတ်များဖြင့် ဝိုင်းရိုက်ကြ၏။

ခါလေးနှင့် နှစ်ဦးက မြင်ကွင်းကို ကြည်ကာ ဇဝေဇဝါဖြစ်နေကြသည်။

“စစ်တပ်က သေဒဏ်လာပေးတာများလား”

“မဖြစ်နိုင်ဘူး..ဒီအချိန်ကြီးကို”

ထိုအချိန်တွင် ကြိုးတုတ်ထားသည့်လူကို ဒူးထောင်ထိုင်ခိုင်းပြီး နောက်စေ့ကို သေနတ်နှင့် ပစ်ရန် မောင်းတင်လိုက်သည်။

“ဟေ့..ဘယ်သူတွေလဲကွ”

ခါလေး က စတင်းဂန်းဖြင့် ချိန်ရင်း လှမ်းအော်လိုက်သည်။

တစ်ဖက်က ခါလေးရှိရာ သေနတ်ဖြင့် လှမ်းပစ်သည်။

ခါလေးက စတင်းဂန်းဖြင့် ဆွဲပြီး ရဲဘော်နှစ်ယောက်က ရိုင်ဖယ်များဖြင့် တက်ပစ်ကြသည်။

“ဟေ့..တို့တပ်မတော်ကကွ...မင်းတို့လက်နက်ချ”
ခါလေးက လှမ်းအော်လိုက်သည်။
လူသုံးယောကျ်ား စစ်တပ်ရောက်လာသည် အထင်နှင့် ကားပေါ်သို့ တက်ကာ မောင်းပြေးသွားကြတော့၏။
အနီးသို့ ရောက်သောအခါ လဲကျနေသော လူတစ်ယောက်။
ကံကောင်းထောက်မစွာဖြင့် ထိုသူကို ပစ်မသတ်သွားနိုင်ခဲ့။
“ကိုခါလေး..ခင်ဗျား လုပ်တာနဲ့ အရက်သောက်မယ့်အစီအစဉ်တော့ ပျက်ပါပြီဗျာ..ဘယ်က အရှုပ်တွေ့မှန်းမသိဘူး”
“ငါလည်း သူတို့ထွက်ပြေးရင် ကားပေါ်က ပါလာတာလေးများ ရမလားလို့ လုပ်ကြည့်တာပေါ့ကွာ..ဘာပဲဖြစ်ဖြစ်..အခုတော့ အသက်တစ်ချောင်းကယ်လိုက်ရတာပေါ့ဟ..”
ခါလေးက လဲကျနေသူအနားသို့ ကပ်သွားလိုက်သည်။
မျက်နှာက သွေးအလူးလူးဖြင့် ညိုမဲနေ၏။
“ဟေ့လူ..ခင်ဗျားဘယ်သူလဲ..ဘယ်ကလဲ”
ထိုသူထံမှ အသံယဲ့ယဲ့ထွက်လာသည်။
“ကျွန်တော်စံဘပါ။ စဉ့်အိုးတန်းလမ်း မှာနေပါတယ်”
.....
ချောရင် က စံဘမျက်နှာမှ သွေးစများကို ဂွမ်းစဖြင့် သုတ်ပေးနေသည်။
မသောင်းက ခါလေးကို ကော်ဖီဖြင့် ဧည့်ခံရင်း ကျေးဇူးတင်စကားဆိုသည်။
“ကျေးဇူးတင်ပါတယ်..အစ်မမောင်လေးမှာ ဒီက ရဲဘော်လေး ပေးတဲ့အသက်ပဲရှိပါတော့တယ်”
“ဟုတ်..ရပါတယ်..အမ..ကျွန်တော်တို့လည်း အရက်သောက်ဖို့ ထွက်လာလိုက်တာ သူ့အဖို့ ကံကောင်းတာပဲ”
ခါလေးက စံဘရှိရာသို့ ထသွားလိုက်သည်။
“ခင်ဗျားကို သတ်ဖို့ လုပ်တာ ဘယ်သူတွေလဲဗျ..ခင်ဗျား မသိဘူးလား”
“မနက် ၃ နာရီ ဟိုဘက်ကမ်းက ထင်းလှေဆိုက်ချိန် အလုပ်သမားတွေနဲ့ အတင်အချလုပ်နေတုန်း လူနှစ်ယောက်လာတယ်ဗျ. စစ်တပ်က ထင်းကန်ထရိုက်သွင်းမလို့ ကိစ္စ ညှိချင်လို့ပါလို့ပြောတယ်..ဗိုလ်မှူးပါလို့ ကားပေါ်မှာ စကားပြောကြမယ်ဆိုပြီး ခေါ်လာတာ.. ကားပေါ်ရောက်တော့ သေနတ်နဲ့ထောက်ပြီး ဝိုင်းရိုက်ကြ

တော့တာပဲ..ကျွန်တော် သတိရတော့ ခုန ဗားဂရာချောက်ပေါ် ရောက်နေတာပါပဲဗျာ”
“စစ်တပ်ကတော့မဖြစ်နိုင်ဘူးဗျ...ဒီနေ့ ကရင်ဝင်မယ်သတင်းရလို့ တစ်ညလုံး ရှိသမျှတပ်တွေ အလုပ်များနေတာ”
“အင်း..မပြောတတ်တော့ပါဘူးဗျာ”
“ဟုတ်ပြီ..ကိုစံဘ..ဒါဆို ကျွန်တော်သွားတော့မယ်...နောက်ရက်တွေ သတိထားသွားလာပေါ့ဗျာ..ခေတ်ကာလက ကောင်းတာမဟုတ်ဘူး..”
“ကျေးဇူးတင်ပါတယ်..ကိုခါလေး..ကျွန်တော် ကိုးထပ်ကြီးကို သက်သက်လာခဲ့ပါဦးမယ်”
ခါလေးပြန်ထွက်သွားပြီးနောက် ချောရင်က ဆေးဗူးအဖုံးကို ပိတ်နေရင်း တစ်စုံတစ်ခု စဉ်းစားမိဟန်ဖြင့်
“ကျွန်မထင်တာတော့ ဒီကိစ္စဟာ...ဟိုရက်က ထောင်ကြီးမှာ တွေ့ခဲ့တဲ့ တန်းစီးချုပ်ဆိုတဲ့လူ ပြောတဲ့စကားတွေနဲ့ ပတ်သက်နေလိမ့်မယ်ထင်တယ်”
ချောရင် ပြောစကားကြောင့် စံဘက မသောင်းကို လှမ်းကြည့်လိုက်သည်။
“ဟာ..ဒါဆို...ဂန္ဓမာကြီး နဲ့ ထွန်းရင်..ရော”
မသောင်း လက်ထဲမှ သိမ်းလက်စ ကော်ဖီခွက်မှာ တုန်ရီသွား၏။
တိုင်ကပ်နာရီမှ နံနက်ခြောက်နာရီ တိတိထိုးပြီဖြစ်ကြောင်း သံစုံတီလုံးမြည်လာသည်။
.....
နံနက်ခြောက်နာရီတိတိ။
ရန်ကုန်ထောင်ကြီး။
ကြိုးတိုက်တံခါးများကို ခေတ္တဖွင့်ပေးချိန်။
ဂန္ဓမာသောင်းရီနှင့် ထွန်းရင်တို့သည်လှုပ်နေကြ ဝတ္တရားအတိုင်း ကြိုးကျအကျဉ်းသားများကို ခုနှစ်နာရီတွင် ရေချိုးထုတ်ရန် ပြင်ဆင်နေကြသည်။
ထိုအချိန်တွင် အမြဲဆင်းဟုခေါ်သော တာဝန်ကျအကျဉ်းသားများလည်း အိပ်ဆောင်ကြီးဘက္မ ကြိုးတိုက်သို့ စတင်ရောက်ရှိချိန်ဖြစ်သည်။
ဂန္ဓမာသောင်းရီ က ရေချိုးကန်ငယ်များအတွင်း ရေဖြည့်ရန် အမြဲဆင်းအကျဉ်းသားလေးဦးကို ညွှန်ကြားနေသည်။

ထွန်းရင်က ကြိုးတိုက်သန့်ရှင်းရေးအတွက် အမြဲဆင်းအကျဉ်းသားနှစ်ဦးနှင့် တိမြက်စည်းများ ထုတ်နေကြ၏။

ဂန္ဓမာက ရေကန်ရှေ့သို့ ပြန်အထွက်တွင် အနောက်ဖက်ဆီ မှ အော်သံတစ်ခု ကြားသဖြင့် လှည့်ကြည့်လိုက်ရာ ထွန်းသိန်း ဆိုသည့် အကျဉ်းသားက ရေကန်တွင် ပဲ့ထွက်နေသော အင်တေပြားတစ်ချပ်နှင့် ဂန္ဓမာသောင်းရီ ၏ မျက်နှာကို ထုထည့်လိုက်သည်။

ရုတ်တရက်မို့ ဂန္ဓမာသောင်းရီ လဲကျသွားသည်။

ထွန်းသိန်းက ဂန္ဓမာသောင်းရီ အပေါ်မှ တက်ခွသည်။

အင်တေဖြင့် ထပ်ထုရန် ကြိုးစားသည်။ ဂန္ဓမာသောင်းရီ ကရော်တိမ်းလိုက်သဖြင့် အင်တေက အောက်ကြမ်းခင်းကို အရှိန်ဖြင့် ထိမှန်ပြီး ဖွာထွက်သွားသည်။

ဟန်ချက်ပျက်သွားသော ထွန်းသိန်းကို ဂန္ဓမာက အားဖြင့် စောင့်တွန်းရာ ထွန်းသိန်းလဲကျသွား၏။

ထိုအချိန်တွင် အနောက်တွင်ရပ်နေသော အကျဉ်းသားခင်မောင်လှ က ရေစိုပုဆိုးဖြင့် ဂန္ဓမာသောင်းရီ၏ လက်ပင်းကို သိုင်းပက်ကာ နောက်သို့ ဆွဲလှန်လိုက်သည်။

ခင်မောင်လှက ဂန္ဓမာသောင်းရီ၏ လည်ပင်းကို အားကုန်ဆွဲညှစ်ထား၏။

ဂန္ဓမာ နဖူးဒဏ်ရာမှ သွေးများထွက်နေသည်။ ဂန္ဓမာက ခင်မောင်လှလက်တွင်းမှ ပုဆိုးကို အားဖြင့် တင်းခံကာ ခင်မောင်လှ၏ ပါးပြင်ကို သွားဖြင့် အသားကုန် ကိုက်ထားသည်။

ခင်မောင်လှထံမှ နာကြင်လွန်းသဖြင့် အသံနက်ကြီးထွက်လာသည်။

လဲကျနေသော ထွန်းသိန်းက ထလာပြီးရေချိုးကန်အတွင်းမှ အင်တေပဲ့တစ်ချက်ကို ဖဲ့ခွာကာ ဂန္ဓမာဆီသို့ ဦးတည်လာနေ၏၊

ထိုအချိန်တွင် “ဒိန်း” ဆိုသော သေနတ်သံတစ်ချက်ထွက်ပေါ်လာသည်။ ထောင်မှူးများ၊ ထောင်ဝါဒါများ ကြိုးတိုက်အတွင်း အချိန်မှီရောက်လာကြခြင်းပင်။

ခင်မောင်လှကို ထောင်ဝါဒါများက သေနတ်ဒင်များဖြင့် ဝိုင်းထုကြသည်။ ထွန်းသိန်း ကိုလည်း ဝိုင်းဝန်းဖမ်းဆီးလိုက်ကြသည်။

ကြိုးတိုက်အတွင်းတွင်လည်း အမြဲဆင်းအကျဉ်းသားအဖြစ် ကြိုးတိုက်သို့ ဝင်လာသူ ကျော်စိုးနှင့် မြင့်သိန်း က ထွန်းရင်ကို သံချွန်ဖြင့် ဝိုင်းထိုးခဲ့ကြသည်။

သို့သော် ထွန်းရင်မှာ လူငယ်ဖြစ်သည့်အတွက် ဗိုက်ကိုသာ ရှုပ်ထိုးမိပြီး ပြန်လည်ခုခံနေစဉ် ထောင်ဝါဒါများ အချိန်မီ ရောက်လာခြင်းဖြစ်သည်။

ဂန္ဓမာသောင်းရီ ကား သွေးသံရဲရဲကြဲားမှ ထွန်းသိန်းကို စိုက်ကြဲည့်နေသည်။
ထွန်းသိန်းမှာ တုန်ရီနေ၏။
“မင်းတို့ကငါ့ကိုတောင်လုပ်ရဲပြီပေါ့..ဘယ်သူအားကိုးနဲ့..ဒီလောက်မိုက်လာကြ တာလဲ..မအေလိုးလေးတွေ..ပြောစမ်း.. ပြောစမ်း”
“ခင်ဗျားခေါင်းက သွေးတွေ အရမ်းထွက်နေပြီး ကိုဂန္ဓမာကြီး..ထောင်ဆေးရုံသွား မှရမယ်..လာလာ”
ကြိုးတိုက်တာဝန်ခံ ထောင်မှူးလေးမြင့်သိန်း က ဂန္ဓမာကို ဆွဲခေါ်သွားသည်။
.....
ရန်ကုန်ထောင်ကြီး နှင့် မလှမ်းမကမ်းတွင် အနက်ရောင်ကားတစ်စီးရပ်ထား၏။
ထောင်မှူးလေးမြင့်သိန်း သည် ကားအနားသို့ ရောက်လာသည်။
“အောင်မြင်ခဲ့ရဲ့လား..ထောင်မှူး”
ကားပေါ်မှ ရွှေရောင်ဦးထုပ်နှင့် လူက မေးလိုက်သည်။
ထောင်မှူးမြင့်သိန်း မျက်နှာမကောင်း။
“ထောင်ပိုင်ကြီးက ကြိုသတင်းရထားပုံပဲ။ ကိစ္စပြတ်ခါနီးမှ မိန်းဂျေးက ထောင်မှူး တွေ၊ဝါဒါတွေ ကြိုးတိုက်ထဲရုတ်တရက်ကြီး ရောက်လာကြတယ်..”
မိဘအမွေ ရွှေရောင်ဦးထုပ်ကို ဆောင်းထားသော လူက တောက် တစ်ချက် ခေါက်လိုက်ပြီး သူ့ဘေးနားတွင် ထိုင်နေသူကို ပြောလိုက်သည်။
“ကဲ...ဦးမြကျင်.ခင်ဗျား အစီအစဉ်တွေက ဘာမှလည်းမအောင်မြင်ပါ လား....မနက်က ဗားကရာချောက်ကကိစ္စလည်း အပြီးမသတ်နိုင်လိုက်ဘူး မဟုတ်လား..ဘယ်နှယ့်လုပ်ကြမတုန်း”
“တစ်ခုခုတော့ မှားနေပြီ...မဂျစ်ခန်း”
ဦးမြကျင် က အံကို ကြိတ်ရင်း ဆိုသည်။
ထောင်ကြီးဘက်ဆီမှ သံချောင်းခေါက်သံများ ထွက်လာကြသည်။
ထောင်မှူးလေးမြင့်သိန်းက သုတ်သုတ်ပြာပြာဖြင့် ထောင်ဘက်ပြန်ပြေးသွား၏။
မဂျစ်ခန်း။
ဖခင်ဖြစ်သူ မက်စတီးခန်း၏ တချိန်က ရွှေရောင်တောက်ပခဲ့သည့် ကာလများကို အမြဲအမှတ်ရနေခဲ့သူ။
အိန္ဒိယသို့ သူ ပြည်နှင်ဒဏ်ခံနေရစဉ်အတွင်း ဖခင်ဖြစ်သူ၏ သရဖူကို လုယူသွား ခဲ့သည့် လမ်းမတော်ဖိုးတုတ်အဖွဲ့ကို လက်စားချေကာ ခန်းမျိုးဆက်၏

ဂုဏ်သိက္ခာကို ရန်ကုန်တွင် ပြန်လည်ထူထောင်လိုသူ။
မဂျစ်ခန်း သည် စစ်ပွဲများအပြီး ထူထောင်မည့်ရန်ကုန်မြို့တွင် လူမိုက်ဘုရင်ဘွဲ့ကို ခံယူရန် အရာရာကို ကြိုတင်ပြင်ဆင်နေပြီဖြစ်သည်။
အကြပ်အတည်းတွေ့နေသော အစိုးရအဖွဲ့သို့ ငွေများပုံအောလှူဒါန်းထားသည်။
အစိုးရအဖွဲ့အတွင်းမှ ဝန်ကြီးအချို့နှင့် ရင်းနှီးမှုရယူထားခဲ့သူ။
လမ်းမတော်ဖိုးတုတ် မရှိတော့သော်လည်း သူ့အဓိကလက်ရုံးများကို အပြတ်ရှင်းပြီးမှ တကြော့ပြန် လူမိုက်ခေတ်ကို ထူထောင်ရေး တက်ကြွလှုပ်ရှားသူ။
သူနဘေးနားက ဦးမြကျင်။
တချိန်က ဒေါက်တာဘမော်၏ ကိုယ်ရံတော်ဖြစ်ခဲ့ဖူးသူ။
ယခုတော့ လက်စရှိလူမိုက္ခများကို လိုက်စုနေသူ မဂျစ်ခန်း ၏ အနီးကပ်လူယုံ။
.....
ထောင်မှူးလေးမြင့်သိန်းက မိန်းဂျေးပေါက္ခ ပြူးပြူးပြာပြာဖြင့် ပြေးဝင်လာသည်။
ထိုမြင်ကွင်းကို ထောင်ပိုင်ကြီး အခန်းအပေါ်ထပ်မှ ထောင်ပိုင်ကြီး ဦးဘိုကြည်က ကြည့်ရင်း ပြုံးလိုက်သည်။
“ကျွန်တော် မပြောလား...ဒီလူ ပါနေပါတယ်ဆို”
ဘေးနားတွင်ရှိနေသော စိန်ခါးမြောင်၏ စကားကို ဦးဘိုကြည်က ခေါင်းညိတ်လိုက်သည်။
.....
.....
.....

အခန်း(၂၀)

“စိန်ခါးမြောင်....မင်းက ဒါတွေကိုဘယ်လိုသိတာလဲ.. နောက်ထပ် ဘာတွေသိထားသေးလဲ..”

“အုန်းဖေ အသတ်ခံလိုက်ရကတည်းက ကျွန်တော်စဉ်းစားတယ်...အသားဟင်းအဝေမတည့်တဲ့ကိစ္စလေးနဲ့တော့ နာဂျစ်လိုကောင်က အုန်းဖေကို သတ်ရဲမှာမဟုတ်ဘူးလို့..ဘာလို့လဲဆိုတော့ ကျွန်တော် ရန်ကုန်ထောင်ထဲ စရောက်တဲ့နေ့က အုန်းဖေ တို့ ဂန္ဓမာကြီးတို့ နာမည်ကြားတာနဲ့ နာဂျစ်က မျက်စိမျက်နှာပျက်နေတာ။ အခုလို သတ်ရတာဟာ နောက်ကွယ်မှာ တစ်ခုခုရှိမယ်လို့တွေးမိတယ်..ဒါကြောင့် ဒီကောင်တွေ နှစ်ဖက်လုံးကို တိုက်ထဲ ပိတ်ခိုင်းထားလိုက်တာ..သူတို့မရှိတော့မှ သူတို့ထဲက သတင်းတွေ ကို ကျွန်တော့်လူကို အကျဉ်းသားတွေကြား ဒလံ အသာထည့်ပြီး စုံစမ်း ခိုင်းတာပါပဲ”

“ဟင်...ဒီထောင်ထဲမှာ မင်းဒလံ ရှိသေးတာလား”

“သန်းအောင် ကို ထောင်ပိုင်ကြီးသိလား..ပုလိပ်ထဲကနေ အလံနီနဲ့ဆက်သွယ်မှုနဲ့ စီဆောင်မှာကျနေတဲ့ တံတားက ကောင်လေ”

“သန်းအောင် ခေါ်ယူနွတ်လား”

“ဟုတ်တယ်...အင်္ဂလိပ်ခေတ်တုန်းက ကုလား-ဗမာအရေးအခင်း မန္တလေးမှာဖြစ်တော့ ဒီကောင်က ကျွန်တော့် ယောကျ္ဘမအိမ်မှာရှိနေတာ။ ဒီကောင့်ကို သတ်မယ့်လူတွေလက်က ကျွန်တော်ဘုန်းကြီးဘဝနဲ့ကယ်ခဲ့ဖူးတယ်။ ဒီကောင့်ကို ကယ်မိတာနဲ့ပဲ ကျွန်တော်လည်း မိန်းမရခဲ့တာပေါ့ဗျာ။ ဒီကောင်က အစက နာဂျစ်အုပ်စုထဲကပဲ။ ဒါပေမယ့် ဒီကောင်က ကျွန်တော့်ကို မှတ်မိတယ်။ ကျွန်တော့်လူဖြစ်သွားပြီပေါ့”

“စိန်ခါးမြောင် မင်းက မလွယ်တဲ့ကောင်ပဲကွ”

“ထောင်ပိုင်ကြီးသိအောင် ပြောရဦးမယ်..အလံနီထဲမှာရော၊ ရဲဘော်ဖြူထဲမှာရော၊ ဗကပထဲမှာရော နေရာတစ်နေရာ ရနေတဲ့ ကျွန်တော့်လူတွေရှိတယ်..တချိန်မှာ ကျွန်တော်သူတို့ကို ပြန်စုစည်းဖို့စဉ်းစားထားတယ်”

“အင်း..ဟုတ်ပါပြီ..ဒါနဲ့..မင်းအယူခံကို ဟိုက်ကုတ်က မနေ့က လက်ခံလိုက်ပြီလို့ သခင်သိန်းက လူကြုံနဲ့ပြောခိုင်း လိုက်တယ်”

“ဟာ..ဟုတ်လားဗျ”

“အေး..မင်းအခြေအနေ ကောင်းမှာပါ”

“ဂန္ဓမာသောင်းရီတို့နှစ်ယောက်ကိုရော ဘာပြောသွားသေးလဲ”
“သူတို့က လူသတ်မှုထပ်ဖြစ်ထားတော့ ပြဿနာကွ။ ထောင်အနေနဲ့လည်း ဘာမှ ထောက်ခံပေးလို့မရဘူးဖြစ်နေတယ်”
“အင်း..အဲ့ဒါဆိုရင်တော့ ရန်ကုန်ထောင်ထဲ နောက်ထပ်ဆူဆူညံညံဘာမှ ထပ်မ ဖြစ်ဖို့ ကျွန်တော်တစ်ခုအကြံပေးပါရစေ..ထောင်ပိုင်ကြီး”
“ပြော”
“ဂန္ဓမာကြီးနဲ့ သူ့ကောင်ထွန်းရင် ကို အချိန်တစ်ခုအထိ တိုက်ထဲမှာ သီးသန့်ပိတ် ထားမှဖြစ်တော့မယ်....ထောင်ပိုင်ကြီး”
“ဘယ်လိုဖြစ်လို့လဲ”
“ကျွန်တော့်ကိုယုံပါ..ထောင်ပိုင်ကြီး...အဲ့ဒါ အားလုံးအတွက် အကောင်းဆုံးပါ ပဲ..နောက် ထောင်မှူးလေး မြင့်သိန်းကိုလည်း ဒီကောင်တွေနဲ့ ဝေးဝေးကို ပို့ပစ်မှ ဖြစ်မယ်”
“အေးပေါ့ကွာ..လောလောဆယ်တော့ မင်းပြောတဲ့အတိုင်း လုပ်တာပေါ့”
.....
၁၉၅၀ ဇန်နဝါရီလ ၂၀ ရက်။
ခါလေး၊ မြကြည်တို့ စိန်ခါးမြောင်ထံ ပထမဆုံးအကြိမ် ထောင်ဝင်စာလာ တွေ့သည်။
“မြကြည်”
မြကြည်က စိန်ခါးမြောင်ကို ပြုံးပြသည်။
စိန်ခါးမြောင်က မြကြည်ကို အကြာကြီး စိုက်ကြည့်နေ၏။
“မြကြည် အကို့ကို လာတွေ့တယ်နော်”
မြကြည်က ခေါင်းညိတ်ပြသည်။
“အကို နှစ်နှစ်ဆယ်အမှုကို အယူခံတင်ထားတယ်။ မကြာခင်လွတ်ဖို့ရှိတယ်။ အကိုတို့ မကြာခင် အတူပြန်နေကြမယ်နော့”
မကြည်မျက်နှာလေး ဝင်းပသွားသည်။
ထို့နောက် စိန်ခါးမြောင်က ခါလေးဘက် လှည့်လိုက်သည်။
“အခု မင်းတို့ ဘယ်လိုနေကြလဲ”
“လောလောဆယ်တော့..စဉ့်အိုးတန်းက မိတ်ဆွေတစ်ယောက်က သူတို့အိမ်မှာ လိုက်နေဆိုလို့ အဲ့ဒီမှာ အတူနေကြပါတယ်”

“ငါတို့ ဘယ်သူဆိုတာ သူတို့ သိလား”
“မသိဘူး..ဆရာကြီး..ကျွန်တော်တို့ စစ်ပြေးတွေလို့ပဲ ပြောထားတယ်”
“အနှင်းရော”
“အနှင်း ကျွန်တော်တို့နဲ့ ပါလာပါတယ်”
“အနှင်းရော ကလေးမွေးပြီလား”
“မွေးပြီ..သားလေးမွေးတယ်ဆရာကြီး...ထွန်းခင်တို့လင်မယားက ကျွန်တော့် အဖေအိမ်မှာပဲ နေတယ်၊ သူတို့လည်း သမီးလေးမွေးထားတယ်။ထွန်းခင်က ဟိုဘက်မှာ အလံနီဗိုလ်ဖြစ်နေပြီ။ အနှင်း သားလေးကို သူတို့ ဆီမှာပဲ ထားခဲ့တယ်..အနှင်းက ဒီကို အတင်းလိုက်မယ်ဆိုလို့ ခေါ်လာရတယ်”
“ဟူး..လှမောင်တို့ ဘမောင်တို့ ရှိရင်ကောင်းမယ်ကွာ”
စိန်ဓါးမြှောင်စကားကြောင့် ခါလေး မျက်နှာညိုးသွားသည်။
“ကဲ...ငါပြောမယ်..မြကြည်ပါ နားထောင်...အခု တို့ပစ္စည်းတွေ ပါလာလား”
“တချို့ကိုတော့ ငန်းနက်နဲ့ ကိုဝင်းမောင်တို့ကို ခွဲပေးလိုက်ပြီ ဆရာကြီး...အနှင်းကိုလည်း ဝေစုပေးထားပါတယ်.တချို့တဝက်တော့ ကျန်သေးပါတယ်”
“ကြင်အေးနဲ့တခြားလူတွေ ဝေစုတွေကို မင်းသေချာခွဲပြီး မြကြည်ဆီသမီးထား..ခါလေး..ငါတို့ ရမယ့်အပိုထက ရန်ကုန် မြို့လယ်နဲ့ နီးတဲ့နေရာမှာ အိမ်တစ်လုံးဝယ်ဖို့ မင်းစီစဉ်ထား ခါလေး”
“မန္တလေးမပြန်တော့ဘူးလား..ဆရာကြီး”
“မပြန်တော့ဘူး....ဒီအယူခံနိုင်ရင် ငါလွတ်ဖို့များတယ်.ရန်ကုန်မှာပဲ..ငါတို့အခြေချမယ်”
“ဟုတ်ကဲ့..ဆရာကြီး”
“နောက်ပြီး...ငန်းနက် သတင်းဘာကြားလဲ”
“ကိုငန်းနက်နဲ့ ဂရုတ်သီးဘရင် နှစ်ယောက်ပေါင်းပြီး ဓါးပြဂိုဏ်းကြီးဖြစ်နေပြီ..ဟိုတစ်ရက်က သတင်းစာမှာ သူတို့နှစ်ယောက်သတင်းဖတ်လိုက်ရတယ်၊ ပဲခူးဘက်မှာ ဓါးပြတိုက်ပြီး ရွာလုံးကျွတ်ပြန်ပေးဆွဲတယ်ဆိုလား သေချာဖတ်လိုက်ရတယ်”
“ဒီကောင်တွေတောင် တော်တော်တိုးတက်နေပြီပဲ..သူတို့ကို မင်းရအောင် ဆက်သွယ်...နောက်ပြီး ရန်ကုန်မှာ အခြေချမယ်ဆို ဝင်းမောင်ကို ငါတို့ လိုမယ်..ဝင်းမောင်နဲ့အဆက်အသွယ်မပြတ်စေနဲ့..ကိုတင့်ဆွေ သတင်းရော ဘာကြားသေးလဲ”

“ကိုတင့်ဆွေက ရဲဘော်ဖြူအဖွဲ့မှာ တောတွင်းတရားသူကြီးရာထူးရထားတယ်...ရန်ကုန်ကိုလာတော့ ဖြူးကို ရဲဘော်ဖြူက သိမ်းထားတာ...ကျွန်တော်တို့ကို သူပဲ စောင့်ရှောက်ပေးထားလို့ မသေတာ..ဆရာကြီး”

“အေး..ကောင်းတာပေါ့ကွာ..ငါ့လူတွေ..အဖွဲ့တွေထဲမှာ နေရာရနေပြီပဲ...သူတို့အားလုံးနဲ့ မင်းအချိတ်အဆက် မပြတ်အောင် လုပ်ထား ခါလေး”

.....

ရန်ကုန်ထောင်ကြီးထဲတွင် အင်အားကြီးခဲ့သော အုပ်စုနှစ်စု၏ ခေါင်းဆောင်များမှာ တိုက်ထဲတွင် အပိတ်ခံထားရပြီဖြစ်သည်။

ထို့ကြောင့် နောက်ထပ် ခေါင်းဆောင်အသစ်ဖြစ်သော စိန်ဓါးမြောင်အုပ်စု ထပ်မံပေါပေါက်လာသည်။

တန်းစီးချုပ်ဖြစ်သော စိန်ဓါးမြောင်၏ ဩဇာက အကျဉ်းသားများအပေါ်တွင်သာမက ထောင်အရာရှိများပေါ်တွင်ပါ သက်ရောက်လာ၏။

အစိုးရပိုင်းနှင့်ပါ အဆက်အသွယ်ရှိနေသည့်အတွက် နာဂျစ်အာရတ်အုပ်စုမှ အကျဉ်းသားအများစုမှာ စိန်ဓါးမြောင်အဖွဲ့ထံ ကူးပြောင်းလာကြသည်။

ဂန္ဓမာသောင်းရီ နှင့် ထွန်းရင်တို့ ထံ သစ္စာခံသော အကျဉ်းသားများမှာမူ စိန်ဓါးမြောင်အုပ်စုနှင့် မပူးပေါင်းပဲ သီးသန့်ရပ်တည်နေကြ၏။

စိန်ဓါးမြောင်ကိုလည်း သစ္စာဖောက်တစ်ယောက်ဟု သတ်မှတ်ကြသည်။

ဂန္ဓမာသောင်းရီနှင့် ထွန်းရင်တို့ကို အထူးတိုက်ထဲတွင် ပိတ်ထားသဖြင့် မဂျစ်ခန်းနှင့် ဦးမြကျင်မှာ မည်သို့မျှ မတတ်နိုင်ပဲ ရှိနေသည်။

အပြင်ဘက်တွင်လည်း မသောင်း၏ ခွင့်ပြုချက်ဖြင့် စဉ့်အိုးတန်းနေအိမ်တွင် ခါလေး ၊မမြကြည်နှင့် အနှင်းတို့ ပူးပေါင်းနေထိုင်ကြသည်။

မကြာမီ ခါလေး က စံဘ၏ အကူအညီဖြင့် ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းလမ်း၊ အိမ်အမှတ် (၃၈)ကို ဝယ်ယူလိုက်သည်။

အင်းစိန်ကို အစိုးရမှ ပြန်လည်သိမ်းပိုက်နိုင်ပြီး ကရင်တပ်များ ဆုတ်ခွာသွားပြီဖြစ်သဖြင့် မဂျစ်ခန်းသည် လမ်းမတော်ဖိုးတုတ်လူများကို အမြစ်ဖြုတ်ရေးအစီအစဉ်ကို ခေတ္တရပ်ထားပြီး အခြေအနေ ပြန်တည်ငြိမ်လာသော ရန်ကုန်မြို့ကို လူမိုက်ကွန်ယက်ဖြန့်ကာ နေရာယူရေး ကြိုးပမ်းနေသည်။

ဦးမြကျင်သည် လမ်းမတော်ဖိုးတုတ်မရှိတော့သော ရန်ကုန်အနောက်ပိုင်းကို နေရာယူစိုးမိုးရန် စတင်ပြင်ဆင်လာနေသည်။

ထိုအချိန်တွင် ကြည့်မြင်တိုင်ကလားလေးသည် ရန်ကုန်အနောက်ပိုင်းတွင် ဆက်ကြေးယူနေသည့် လူမိုက်အဖြစ် ကြီးစိုးနေ၏။

မဂျစ်ခန်းနောက်ခံရှိသော ဦးမြဲကျင်အုပ်စုနှင့် ကုလားအုပ်စုတို့ လမ်းမတော်၊အလုံ၊ကြည်မြင့်တိုင်တကြောတွင် ဗိုလ်လုပွဲများ ဆင်နွှဲနေကြသည်။
လမ်းမတော်ဖိုးတုတ်၊ ဂန္ဓမာသောင်းရီ အစရှိသော အနောက်ပိုင်းလူမှုက်ကြီးများ၏ နာမည်သည်လည်း အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်များတွင် တဖြည်းဖြည်း ကျန်ရစ်ခဲ့ပြီဖြစ်သည်။
စိန်ခါးမြောင် ကား ရန်ကုန်ထောင်ကြီးထဲတွင် အစုအဖွဲ့တစ်ခု စုဖွဲ့နိုင်ခဲ့လေပြီ။
.....
၁၉၅၁ မတ်လ ၁၈ ရက်။
ရန်ကုန်ထောင်ကြီး၏ ထောင်ပိုင်ကြီးရုံးခန်းတွင် ဖဆပလမှာ သခင်သိန်း ရောက်ရှိနေသည်။
စိန်ခါးမြောင်က သခင်သိန်း၏ ရှေ့တွင်ထိုင်နေ၏။
“ခင်ဗျားရဲ့အယူခံဒီဂရီကို မနက်ဖြန်မှာ အမိန့်ချဖို့ရှိတယ်..စိန်ခါးမြောင်”
“ကျွန်တော် သိပြီးသားပါ”
“ခင်ဗျား မသိသေးတာက ဘယ်လိုအမိန့်ချမယ်ဆိုတာပဲ”
“ဘာကို ဆိုလာတာလဲ..သခင်သိန်း..ခင်ဗျားတို့ပြောထားတုန်းက...ကျွန်တော် လွတ်စေရပါ့မယ်ဆို”
“ဒါပေါ့..ဒါပေါ့..ဒါပေမယ့်..အပြင်ရောက်ရင် ဖဆပလ အတွက် ခင်ဗျား လုပ်ပေးစရာတွေ နည်းနည်းကျန်သေးတယ်။ အဲ့ဒါတွေလုပ်ပေး မပေးပေါ်မူတည်ပြီး ခင်ဗျား အနာဂတ်ကို ကျုပ်တို့က ဆုံးဖြတ်သွားမှာ”
စိန်ခါးမြောင် မျက်နှာက တင်းမာသွားသည်။
“ခင်ဗျားတို့ နိုင်ငံရေးသမားတွေက ဘယ့်နယ့်ဟာတုန်းဗျ... ရသလောက် ညစ်နေကြတာပဲ”
“ဟဲ..ဟဲ..စိတ်မဆိုးပါနဲ့ဗျာ..ခင်ဗျားကို ဝန်ကြီးချုပ်ရော၊ ဒုတိယဝန်ကြီးချုပ်က ပါအားကိုးလို့ပါ”
“ကဲ..အပြင်ရောက်ရင် ကျွန်တော် ဘာလုပ်ပေးရမှာလဲ”
“ထောင်ပိုင်ကြီးဆီက ကျုပ်ပြန်ကြားထားတာက..အပြင်က လက်နက်ကိုင်တွေထဲမှာလည်း ခင်ဗျားလူတွေရှိတယ်ဆို”
“အင်း..ဟုတ်တယ်”
“ခင်ဗျားလူတွေကို ရန်ကုန်မှာ ပြန်စုဖို့ လွယ်နိုင်မလား”

“လွယ်ပါတယ်..ကျွန်တော်တို့ချင်း အချိတ်အဆက်တွေ ရှိပြီးသားပါ”

“ဟုတ်ပြီ..ဒါဆို သေချာနားထောင်...လွန်ခဲ့တဲ့ သုံးရက်က တိုင်းပြုပြည်ပြု လွတ်တော်မှာ နောက်လေးလအတွင်း ရွေးကောက်ပွဲကျင်းပဖို့ အတည်ပြုလိုက်ပြီ..ကျုပ်တို့ ဖဆပလ လက်ထဲ မှာ အာဏာရှိနေမှ လွတ်လပ်စ ဒီနိုင်ငံကြီးက ပိုပြီးတိုးတက်မှာ..ကျုပ်တို့အဖွဲ့ချုပ်ကြီးဟာ လွတ်လပ်ရေးကို ရယူပေးခဲ့တဲ့..”

“ကဲ..သခင်သိန်း..ခင်ဗျားတရားလောက်တော့ ကျွန်တော်လည်း ဟောတတ်တယ်..ပြောစရာရှိတာ ဒဲ့ပဲပြောဗျာ..ကျွန်တော်.ဘာလုပ်ပေးရမှာလဲ”

စိန်ဓါးမြှောင်က ဖြတ်ပြောလိုက်သဖြင့် သခင်သိန်းမှာ ပြောလက်စမှ ရပ်သွားသည်။

“အေး..ဟုတ်ပြီ..ဒီလိုဗျာ..ဒီရွေးကောက်ပွဲဟာ လွတ်လပ်ရေးရပြီး ပထမဆုံးအကြိမ်ရွေးကောက်ပွဲပဲ။ ကျုပ်တို့ ခေါင်းဆောင်တွေက ဖဆပလ နှစ်လေးဆယ် အာဏာတည်မြဲရေးမှု ဆိုတာချမှတ်ထားတယ်။ အခု ရွေးကောက်ပွဲမှာ ပြည်သူ့ရဲဘော်အဝါနဲ့ ဆိုရှယ်နီတွေ၊ တခြားအဖွဲ့တွေတပ်ပေါင်းစုဖွဲ့ပြီး ကျုပ်တို့ ဖဆပလနဲ့ ပြိုင်လိမ့်မယ်။ ရွေးကောက်ပွဲလုပ်နိုင်မယ့် အဓိကနေရာတွေမှာ ဘယ်လိုပဲဖြစ်ဖြစ် ဖဆပလ ပဲ နိုင်ရမယ်ဗျာ၊ အဲ့ဒီအတွက် အကြမ်းနည်းရော၊ အနုနည်းပါ ကျုပ်တို့ သုံးရလိမ့်မယ်။ ဒီအတွက် ခင်ဗျား အကူအညီလိုတယ် .. စိန်ဓါးမြှောင်”

သခင်သိန်းစကားကြောင့် စိန်ဓါးမြှောင်က ရယ်လိုက်သည်။

“ကျွန်တော်တို့လို လူဆိုးဓါးပြတွေပဲ ကိုယ့်နေရာတည်မြဲရေးအတွက် ဘာမဆိုလုပ်မယ်လို့ ထင်တာ....ခင်ဗျားတို့ နိုင်ငံခေါင်းဆောင်ကြီးတွေ လည်း အတူတူပဲကိုးဗျ...အဟက်..ရယ်တော့ရယ်ရတယ်နော့”

စိန်ဓါးမြှောင် က လှောင်ရယ်လိုက်သဖြင့် သခင်သိန်းမှာ နေထိုင်ရခက်သွားသည်။

“ခင်ဗျား လုပ်မှာလား မလုပ်ဘူးလာသာပြော”

“သြော်ဗျာ..ကျွန်တော်က အခုနေခါ ခင်ဗျားတို့ လက်ခုပ်ထဲရောက်နေမှပဲ...ထားရင်လည်းနေ..သတ်ရင်လည်းသေရမှာပေါ့..လုပ်ပါ့မယ်ဗျာ”

“ကဲ..ကောင်းပြီ..ဒါဆိုလည်း ခင်ဗျား အယူခံနိုင်ပြီသာမှတ်....အဲ..အပြင်ရောက်ပြီးမှ ကတိကိုမမေ့ပစ်နဲ့နော်.. ခင်ဗျားမန္တလေးတောင်ခြေက ဦးကျော်သိန်း ဓါးပြမှုကို ကရင်ဝင်တုန်းက အမှုတွဲပျောက်သွားတယ်ဆိုပြီး ကျုပ်တို့ ဖျောက်ဖျက်ပေးထားတယ်..မဟုတ်လို့ကတော့..အဲ့ဒီအမှုတွဲကိုင်ပြီး အချိန်မရွေး ပြန်ဖမ်းပစ်မှာ”

စိန်ဓါးမြှောင်က သခင်သိန်းကို လှောင်ပြုံးပြုံးကာကြည့်နေလိုက်တော့၏။

.....

မြန်မာနိုင်ငံတွင် ပြည်တွင်းသောင်းကျန်းမှုများ လျော့ပါးလာပြီး အစိုးရတပ်များမှ ပြန်လည်သိမ်းပိုက်စိုးမိုးလာနိုင် သည်နှင့်အမျှ ရွှေဆိုင်းခဲ့ရသော ပါလီမန် အထွေထွေရွေးကောက်ပွဲများကို ကျင်းပရန် အခြေအနေပြန်ပေး လာပြီ ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၄၉ မတ်လတွင် ရွေးကောက်ပွဲများ ကျင်းပရန် အစီအစဉ်ပြုလုပ်နေချိန်တွင် လက်နက်ကိုင်ပုန်ကန်မှုများကြောင့် ရွေးကောက်ပွဲ ရက်ကို ရွှေ့ဆိုင်းခဲ့ရသည်။

၁၉၅၀ပြည့်နှစ်တွင်လည်း နိုင်ငံ၏ အခြေအနေမှာ တရားမျှတသော ရွေးကောက်ပွဲဖြစ်သည်အထိ မကောင်းမွန်သေးသဖြင့် အကူးအပြောင်းကာလ ကို ၂၈ လ ထပ်တိုးရန် တိုင်းပြုပြည်ပြုလွှတ်တော်တွင် အတည်ပြုခဲ့သည်။

ရွေးကောက်ပွဲကျင်းပရန် နှစ်လအလို ၁၉၅၁ ဧပြီ ၁၃ ရက်နေ့တွင် စိန်ဓါးမြှောင် ထောင်မှ ပြန်လွတ်လာခဲ့သည်။

နိုင်ငံတော်တရားရုံးချုပ်က စိန်ဓါးမြှောင်အား ပြစ်ဒဏ်ချမှတ်ထားသော အာဥဝီ ဓါးပြမှုတွင် စိန်ဓါးမြှောင် ပါဝင်သည်ဟုမျက်မြင်သက်သေများမရှိခြင်း၊ မစ္စတာစ တက်ဖင်အား လက်ရောက်သတ်သူမှာ ကွယ်လွန်သူ လှမောင်သာ ဖြစ်ပြီး စိန်ဓါး မြှောင် ခိုင်းစေသည်ဟူသော ယူဆချက်မှာ မခိုင်လုံသဖြင့် ပြစ်ဒဏ်မှ တရားသေ လွှတ်ပေးခဲ့သည်။

ထို့ကြောင့် စိန်ဓါးမြှောင်မှာ အခြားအမှုနှစ်ခုအတွက် သာ ပြစ်ဒဏ်ကျခံရန်ရှိ တော့ရာ နှစ်စေ့သဖြင့် ပြန်လွတ်လာခြင်း ဖြစ်သည်။

စိန်ဓါးမြှောင် ထောင်မှ လွတ်သည့်နေ့တွင် မြကြည်၊ ခါလေး၊ ဝင်းမောင် တို့လာ ကြိုနေကြသည်။

အနှင်းက သူမ၏ သားလေးကို ခေါ်ရန် ကျောက်ပန်းတောင်သို့ ပြန်သွားသဖြင့် ပါ မလာခဲ့။

စိန်ဓါးမြှောင်သည် ဝင်းမောင် ဌားရမ်းလာသော မော်တော်ကားဖြင့် ပုဇွန်တောင်၊ ညောင်တန်းလမ်း သို့ ပြန်လာခဲ့သည်။

အိမ်အောက်တွင် ဝင်းမောင် ၏ ဇနီး မစိန်ရီနှင့် ရှန်ဟဲဘဏ်ဓါးပြမှုမှ မောင်တင် တို့ က အသင့်စောင့်နေကြသည်။

“ငန်းနက်တို့ အခြေအနေရောဟေ့..ခါလေး”

“ကိုငန်းနက်နဲ့ ငရုတ်သီး..ဒီတစ်ရက်နှစ်ရက်အတွင်း တက်လာလိမ့်မယ်...ဆရာကြီးလူနှစ်ယောက်က တော့ ရဲတွေကို ဘယ်လိုမျက်လှည့်ပြလာဦး

မယ်မသိဘူး...သူတို့သတင်းကသတင်းစာတွေမှာတော့ ဟိုးဟိုးကျော်ပဲ”
“အေး..ဒီကောင်တွေမတွေ့တာတောင်ကြာပေါ့ကွာ..တင့်ဆွေကြီးရော”
“ကိုတင့်ဆွေကြီး ကတော့ သရက်ဘက်မှာ လို့ သတင်းရတယ်”
“ကဲ..အားလုံး နေကောင်းကြရဲ့မဟုတ်လား...အခုတော့ ပြန်ကြဦး.ငါတို့လူတွေ စုံပြီဆိုရင် အားလုံး ငါ့ဆီကို လာဖို့ ငါပြောမယ်..မကြာခင်မှာ ဗဟိုအစည်းအဝေး ပြန်ထိုင်ကြမယ်....”
“ဟုတ်ကဲ့ပါ..ဆရာကြီး”
အားလုံးပြန်သွားကြသည့်အခါ စိန်ဓါးမြှောင်၊ မြကြည်နှင့် ခါလေးတို့သာ ကျန်ရစ်တော့သည်။
“ဆရာတို့လင်မယားအတွက် အပေါ်ထပ်မှာ အခန်းပါ။ အရင်ကတော့ အနှင်းနဲ့ မမြကြည် က အဲ့ဒီခန်းမှာ အတူအိပ်တာ။ အခု အနှင်းက သူသားကို သွားခေါ်တယ်။ ထွန်းခင်နဲ့ ကျွန်တော့်အမ ရင်ရင်လည်း လိုက်လာလိမ့်မယ်”
“အေး..ခါလေး...ဒါဆို ငါတို့ အိမ်ပေါ်မှာ ခဏနားလိုက်ဦးမယ်ကွာ... ဒီနားမှာ မန္တလေးမုန့်တီကောင်းကောင်း ရရင် ရှာဝယ်ခဲ့ပေးကွာ..ငါစားချင်လို့”
ခါလေးက မုန့်တီရှာဝယ်ရန် ထွက်သွားသည်။
စိန်ဓါးမြှောင်က မြကြည် ကို ခေါ်ကာ အခန်းတွင်း ဝင်လိုက်၏။
ထို့နောက် မြကြည်၏ ပါးပြင်ကို နမ်းလိုက်ရင်း
“မြကြည်...မငိုနဲ့နော်”
“မငိုပါဘူး..ကိုမောင်ကလေးရယ်..ကိုမောင်ကလေး ပြန်ရောက်လာပြီပဲ”
“အင်း..မြကြည်..လုံးဝမငိုနဲ့..”
စိန်ဓါးမြှောင်က မြကြည်၏ ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်ကာ ရှိုက်ကြီးတငင်တငင် ငိုတော့သည်။
“အကို့ အတွက် လူမောင်ကြီးတို့ တာဝန်ကျေသွားကြတယ်။ ကြင်အေးဘမောင် အားလုံးပဲ တာဝန်ကျေကြတယ်။ အကို သူတို့ကို မကာကွယ်နိုင်လိုက်ဘူး..အီး..ဟီး..ဟီး”
မြကြည်က စိန်ဓါးမြှောင်၏ ခေါင်းမှ ဆံပင်များကို ပွတ်သပ်ပေးနေ၏။
“ဒီနှစ်တွေမှာ ရန်ကုန်ထောင်ကြီးထဲ အကို့တစ်ယောက်တည်း ရုပ်တည်နိုင်ဖို့ နည်းပေါင်းစုံနဲ့ သတိထားပြီး ရှင်သန်ခဲ့ရတယ်....အကို ဘယ်သူ့ကိုမှမယုံကြည်ခဲ့ဘူး...အကိုဘယ်သူ့ကိုမှလည်း မိတ်ဆွေလို့ မသတ်မှတ်ခဲ့ဘူး..အကို မြကြည်

အနား ပြန်ရောက်ဖို့ အကိုဘာမဆိုလုပ်ခဲ့တယ်...အကို ငိုပါရစေ.မြဲကြည်..အီး..ဟီး..ဟီး"
မြကြည်က စိန်ခါးမြောင်၏ ပါးမှ မျက်ရည်များကို သုတ်ပေးလိုက်သည်။
"အကို..ငိုပါ..ဒါပေမယ့်..အဲ့ဒီလို ငိုတာဟာ လူဆိုးခါးပြဗို့လ် စိန်ခါးမြောင် အဖြစ် ငိုခြင်းလို့ပဲ မြကြည် ယူဆပါတယ်.. မြကြည်ရဲ့ ကိုမောင်ကလေး ကတော့ ဘယ်တော့မှ မငိုဘူးဆိုတာ မြကြည်ယုံတယ်"

.....

သုံးရက်အကြာတွင် စိန်ခါးမြောင်အဖွဲ့မှ လူစုံတက်စုံနီးပါး ရှိလာပြီဖြစ်သည်။
ကျောက်ပန်းတောင်းမှ အနှင်းတို့ သားအမိ ပြန်ရောက်လာကြပြီဖြစ်သည်။
ငန်းနက်နှင့် ငရုတ်သီးဘရင် တို့မှ ရန်ကုန်သို့ ရောက်ရှိပုန်းအောင်းနေကြကြောင်းကို ခါလေးမှ တဆင့် သိထားပြီးဖြစ်သည်။
ထိုနေ့ည ၇ နာရီ ၌ စိန်ခါးမြောင်အဖွဲ့၏ ဗဟိုအစည်းအဝေးကို သုံးနှစ်အကြာတွင် ပြန်လည်စတင်နိုင်ခဲ့သည်။
ည ၇နာရီအတိတွင် စစ်ဝန်ထမ်းတပ် ဝတ်စုံဝတ်ထားသော လူနှစ်ဦး စိန်ခါးမြောင် အိမ်ပေါသို့ တက်လာသည်။
အစည်းအဝေးစတင်ခါနီးဖြစ်သဖြင့် အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။
"ငန်းနက်.နဲ့ ငရုတ်သီး...ထင်တယ်"
စိန်ခါးမြောင်အသံကြားမှ စစ်ဝန်ထမ်းတပ်မှ လူက ဦးထုတ်ကို ချွတ်လိုက်သည်။
"အကိုကြီး.....ထောင်ထဲမှာမှပိုဝပြီး ပိုခန့်လာပါလား"
ငန်းနက် ကို စိန်ခါးမြောင်က ထလာပြီး ဖက်လိုက်သည်။
"ဟေ့ကောင်..မင်းက အလံနီကနေ ထွက်ပြီး ငရုတ်သီးလိုက်ခူးနေတာလားကွ"
ငရုတ်သီးဘရင် ကို စိန်ခါးမြောင်က လှမ်းစလိုက်၏။
"ဆရာကြီး နေကောင်းရဲ့နော်"
"အေး..ကောင်းပါတယ်ကွာ"
မကြာမီ အစည်းအဝေး အား စတင်ကြသည်။
"အခု ငါပြန်ထွက်လာတာက ဖဆပလအစိုးရနဲ့ အပေးအယူလုပ်ပြီးထွက်လာတာဆိုတာ မင်းတို့ကို ပထမဆုံးပြောပြ ထားမယ်။ အဲ့ဒီအတွက် ဖဆပလက ခွင့်းတာကို ငါလုပ်ပေးစရာတွေရှိနေတယ်။ မင်းတို့အထဲက နိုင်ငံရေးနဲ့တွဲမလုပ်ချင်ပါဘူးဆိုတဲ့လူတွေ လက်ထောင်ပါ၊ ပြီးရင် အခုကတည်းက ငါနဲ့ လမ်းခွဲနိုင်တယ်"

မည်သူမျှလက္မထောင်။

“လာမည့်ရွေးကောက်ပွဲမှာပဲ ဖဆပလက ခိုင်းတာကို ငါလုပ်ပေးမှာ..အဲ့ဒါပြီးရင်တော့ ငါတို့ မူလ အလုပ်တွေကို ရန်ကုန်မှာ အခြေစိုက်ပြီး ငါတို့ ပြန်လုပ်မယ်..အဲဒီကျ အစိုးရအဆက်အသွယ်တွေရှိနေတာလည်း ငါတို့အတွက် အကျိုးမယုတ်နိုင်ပါဘူး..နောက်ပြီး မန္တလေးသူဌေးတွေထက်၊ ရန်ကုန်သူဌေးတွေက ပိုချမ်းသာကြတာပဲ။ မင်းတို့ လည်းအဆင်ပြေမှာပါ”

“ကျွန်တော်တို့ကတော့ ပဲခူးနဲ့မော်လမြိုင်ဘက်မှာ လူတစ်ရာလောက်စုမိနေပြီ..အကိုကြီး..အဲ့ဒီဘက်မှာပဲ ဆက်လုပ်ပါရစေ”

“ကောင်းတယ်..ငန်းနက်..ေလာလောဆယ် ငါ မင်းဆီက လက်နက်ေတွ လိုချင်တယ်...ငါနဲ့တော့ မင်းအမြဲဆက်သွယ်ပေးထားပါ...ရွေးကောက်ပွဲမှာ မော်လမြိုင်နဲ့ ပဲခူးဘက်က ရွာတွေမှာ မင်းအကူအညီလည်း လိုကောင်းလိုမှာပါ”

“ကိုထွန်းခင်လည်း အလံနီပါတီထဲမှာ လူစုပြီး မကြာခင် အစိုးရဆီ အလင်းဝင်မယ်တဲ့..ဆရာကြီး”

အနှင်းက ဝင်ပြောသည်။

“ကောင်းတယ်..အနှင်း...ထွန်းခင်ကို အမြဲအဆက်အသွယ်မပြတ်ဖို့ပြောပေးပါ...အခု ငါက မနက်ဖန်ကစပြီး ဆေးဆရာဆရာသိန်းအဖြစ် ပြန်နေမယ်....အောက်ထပ်မှာ ဆေးတိုက်ဖွင့်ဖို့လည်း အားလုံးစီစဉ်ပြီးသွားပြီ.. ဒီနေ့ကစပြီး မင်းတို့အားလုံးလည်း ငါ့ဆီမှာ ဗီန္ဓောဆေးပညာလာသင်တဲ့တပည့်တွေအနေနဲ့ပဲ ဝင်ထွက်ပါ”

.....

သင်္ကြန်ကာလ ပြီးဆုံးသွားခဲ့ပြီမို့ မေလ နေ့ရက်များဆီသို့ရောက်လာခဲ့ပြီ။

စိန်ခါးမြောင် ဆိုသည့် အမည်ကား မန္တလေးတွင် ပျောက်ကွယ်သွားခဲ့သည်မှာ ကြာခဲ့ပြီ။

ရန်ကုန်မြို့ ပုဇွန်တောင် ညောင်တန်းလမ်း တွင် တော့ “ရတနာပုံ ဆေးတိုက်”ဆိုသော အမည်တစ်ခုနှင့်အတူ ဆရာသိန်း ဟူသော မြန်မာဆေးသမားတော်ကြီးတစ်ဦး ပေါ်ပေါက်လာခဲ့သည်။

ယောနယ်မှ လာသော ဆရာကြီးဟု ရန်ကုန်တိုင်းဆေးလောကတွင် ခဏချင်း လူသိများလာ၏။

ဆရာကြီး၏ တပည့်တပန်းများကလည်း ပေါများလှသည်။

ရန်ကုန်မြို့စွန်ဖြစ်သော အင်းစိန်၊ လှည်းကူးတဝိုက် လက်သည်မပေါ်ပိရိသော ခါးပြမှု သုံးမှုပေါပေါက်ခဲ့သည်။

၁၉၅၁ ဇွန်လ ၁၂ ရက်။
မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ်ရွေးကောက်ပွဲကြီးကို စတင်ကျင်းပသည်။ နယ်ဒေသများတွင် လက်နက်ကိုင်သူပုန်များက ရွေးကောက်ပွဲကို သပိတ်မှောက်ကြသဖြင့် အစိုးရအာဏာစက်တည်ရာ မြို့များတွင်သာ ကျင်းပကြရသည်။
တိုင်းပြည်အခြေအနေရ ပါလီမန်အထွေထွေရွေးကောက်ပွဲကို နေရာအားလုံးတချိန်တည်း မကျင်းပပဲ မဲဆန္ဒနယ်များကို ပိုင်းခြားပြီး အသုတ်(၃)သုတ်ခွဲကာ ကျင်းပခဲ့သည်။
၁၉၅၁ ဇွန်လ (၁၅) ရက်နေ့တွင် ပုဇွန်တောင်ရှိ ဆရာသိန်း၏ အိမ်ရှေ့သို့ မော်တော်ကားတစ်စီး ဆိုက်ရောက်လာသည်။
ကားပေါ်မှ တိုက်ပုံအင်္ကျီ နှင့် ခေါင်းပေါင်းကို ဝတ်ဆင်ထားသော လူနှစ်ဦးဆင်းလာ၏။
“ဆရာသိန်းများ ရှိပါသလားခင်ဗျာ”
စိန်ဓါးမြှောင်သည် အိမ်အောက်ထပ်တွင် တပည့်များအား တိုင်းရင်းဆေးပညာသင်ကြားပေးနေသည်။
“ဝင်ခဲ့ပါ..ခင်ဗျာ”
“ဗျိုး...ဆရာသိန်းရေ..ကျုပ်ကို မှတ်ရော မှတ်မိရဲ့လားဗျ..အရင်က ရောဂါဟောင်းလေးကိစ္စ လာပြတာပါ”
အိမ်တွင်းသို့ ဝင်လာသူက ဖဆပလအဖွဲ့မှ သခင်သိန်း။
“သြော်..မိတ်ဆွေဟောင်းတွေပဲ..အိမ်ပေါ်ထပ် ကွကြပါခင်ဗျာ..ဒီမှာ တပည့်တွေကို ပြန်လွှတ်ပြီး တက်လာခဲ့ပါ့မယ်..ခါလေး..ဒီကလူကြီးတွေကို အပေါ်ထပ်ခေါ်သွားကွ”
ခါလေးက သခင်သိန်းတို့ကို အိမ်ပေါ်ထပ်သို့ ဦးဆောင်ခေါ်သွားသည်။
စိန်ဓါးမြှောင် က အောက်ထပ်တွင် တပည့်အမည်ခံ ဓါးပြလက်သစ်များကို ပြန်လွှတ်လိုက်ပြီးနောက် အိမ်ပေါ်သို့ တက်လာသည်။
“ဘယ်လိုလဲ..ကိုယ့်ဆရာ တယ်လည်း အလုပ်ဖြစ်နေပါလား”
သခင်သိန်း၏ စကားကို စိန်ဓါးမြှောင်က မဲ့ပြုံးပြုံးပြလိုက်သည်။
“ဆရာသိန်းဘဝကို ပြောင်းသွားပေမယ့်..ဘဝဟောင်းက ကတိတွေကိုတော့ မမေ့လောက်သေးဘူးထင်ရဲ့”
“ကဲ..ဘာလုပ်ပေးရမလဲသာ ပြောပါ”
သခင်သိန်းက စိန်ဓါးမြှောင် နားသို့ တိုးကပ်လိုက်သည်။

“၁၈ ရက်နေ့မှာ ရန်ကုန်တစ်မြို့လုံးက မဲပုံးတွေဖောက်ပြီး ရေတွက်ကျလိမ့်မယ်....ကျုပ်တို့ ဝန်ကြီးချုပ်ကြီးက လမ်းမတော်မြို့နယ်မှာ ဝင်ပြိုင်ထားတယ်...သူနဲ့ပြိုင်ဘက်က ဗိုလ်ချုပ်အောင်ဆန်းရဲ့အကို ဦးအောင်သန်းပဲ... ကျုပ်တို့ ဝန်ကြီးချုပ် ဟာ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုက ဦးအောင်သန်းကို နှိုင်မှ ရမယ်...နိုင်တာမှ အပြတ်အသတ်နိုင်မှဖြစ်မယ်..ပွတ်သိပ်သိလေးလည်း နိုင်တာမလိုချင်ဘူး”

“အဲ့ဒီတော့”

“တစ်မြို့လုံးက မဲပုံးတွေကို ခင်ဗျားတို့အဖွဲ့ လိုက်ဖောက်ရမယ်၊ ဖောက်လို့ရအောင်လည်း ကျုပ်တို့က မဲရုံတာဝန်ခံတွေနဲ့ပေါင်းပြီး စီစဉ်ပေးထားမယ် ၊ ပြီးရင်.. ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုရဲ့ပုံးထဲက မဲတဝက်ကို ဖဆပလပုံးထဲ ကို လှယ်ထည့်ပေးရုံပါပဲ”

“ဒါပဲလား”

“ကျန်သေးတယ်..ရော့..ဒီမှာ ..နယ်ပေါင်းစုံမှာ လူကြိုက်များနေတဲ့ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုအမတ်စာရင်း.. သူတို့ကို နည်းမျိုးစုံနဲ့ ဒီရွေးကောက်ပွဲထဲကနေ ခင်ဗျားတို့ ရှင်းထုတ်ပေးပေတော့”

စိန်ခါးမြောင်က သခင်သိန်းပေးသော စာရွက်ကို ယူကြည့်လိုက်သည်။

“အများကြီးပါလား”

“ခင်ဗျား ကို လျော်ပေးခဲ့တဲ့ ထောင်နှစ်(၂၀) ကို တစ်နှစ်တစ်ယောက်နှုန်းနဲ့ပဲတွက်ကြည့် တန်ပါတယ်ဗျာ”

“အင်း..ဘယ်တတ်နိုင်ပါ့မလဲ..ကျွန်တော့် ကတိတည်ရတော့မှာပေါ့..ဒါပြီးရင်တော့ ခင်ဗျားတို့နဲ့ ကျွန်တော် လုပ်ထားတဲ့ အပေးအယူပြီးပြီနော်”

“ပြီးပါပြီ”

“အင်း..ပြီးမှပါပဲ...ခင်ဗျားတို့ထက် စာရင် ဓါးပြတိုက်တာကမှ အများကြီး သိက္ခာရှိပါသေးတယ်ဗျာ”

သခင်သိန်း က စိန်ခါးမြောင်ကို ခပ်တည်တည်ဖြင့် ပြန်စိုက်ကြည့်လိုက်သည်။

ထို့နောက်.....

“သြော်..ဒါနဲ့..သတင်းတစ်ခုပေးရဦးမယ်..နာဂျစ်အာရတ်လည်း ခင်ဗျားလိုပဲ အယူခံနိုင်သွားပြီဗျ... နောက်တစ်လ လောက်ဆို ထောင်ကထွက်လာတော့မှာ”

စိန်ခါးမြောင် မျက်မောင်ကြုံ့သွားသည်။

“ဂန္ဓမာသောင်းရီတို့ ရော”

“နာဂျစ်အယူခံနိုင်ပြီး နောက်ရက်မှာပဲ..ဂန္ဓမာသောင်းရီကို တိုက်ကထုတ်ပြီး တန်းစီးချုပ်နေရာပြန်ပေးလိုက်ပြီ... ဂန္ဓမာကြီးတပည့် ထွန်းရင်တို့အုပ်စုကတော့ သူတို့ကို လူလည်ကျသွားတဲ့ အတွက် ခင်ဗျား ထောင်ထဲပြန်ဝင်လာရင် သုံးပိုင်းပိုင်းပြီး ချက်စားမယ်လို့ ကြိမ်းနေလေရဲ့ဗျာ... နောက်တစ်ခေါက် ပြန်မဝင်ရအောင် ကြိုးစားပေါ့..နော့”

……

……

……

အခန်း(၂၁)

“ကိုအောင်သန်းရေ..ကျွန်တော်တို့ တော့ ဒီရွေးကောက်ပွဲမှာ အသေအချာရှုံးမှာ ပါပဲ..ညက မဲရုံတွေ အဖောက်ခံရတယ်။ တချို့မဲရုံတွေလည်း ဓါးပြဝင်တိုက်သလိုကို ဖြစ်တာ။ မျက်နှာအဝတ်စည်းထားပြီး သေနတ်ကိုင်ထားတဲ့သူတွေပဲ။ မဲရုံစောင့်တွေကို အပြင်ထွက်ထိုင်ခိုင်းထားပြီး အထဲမှာ ဘာတွေလုပ်နေမှန်းမသိဘူး။ ဒီအကြောင်းပြန်ပြောရင် အိမ်အထိ လာသတ်မယ်ဆိုလို့ မဲရုံကိုယ်စားလှယ်တွေလည်း တခွန်းတောင်မဟရဲတော့ဘူး။ ဖဆပလတော့ မဲတွေခိုးပြီထင်တယ်။ မဲရေတွက်ရင် ကျွန်တော့် သွားမကြည့်တော့ဘူး”

ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု မှ ရဲဘော်ဝါအမတ် ဗိုလ်ထွန်းအောင် ၏ ဖုန်းဖြင့် ပြောကြားမှုကြောင့် လမ်းမတော်အမတ်လောင်း ဦးအောင်သန်း တွေဝေသွားသည်။

“ကောလဟလတွေနေမှာပါ.ဗိုလ်ထွန်းအောင်..နိုင်ငံရေးသမားတွေအနေနဲ့ ဒီလောက်တော့ ညစ်ပတ်မယ်မထင်ဘူး။ ဖဆပလ ကို အဲ့ဒီလောက်အထင်မသေးပါနဲ့ဗျာ။ မဲရေတွက်တဲ့နေ့တော့ ကျွန်တော်တို့ သွားကြည့်ဖြစ်အောင် ကြည့်ရမယ်”

၁၉၅၁ ဇွန်လ ၁၈ ရက်နေ့တွင် မဲရေတွက်သည့် ကောလိတ်တော်ရုံသို့ ဦအောင်သန်းနှင့်အတူ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုမှ အမတ်လောင်းများသွားရောက်ကာ မဲရေတွက်သည်ကို ကြည့်ကြသည်။

အချို့သောမဲပုံးများမှာ ချည်ထားသောကြိုးများပြတ်လျက်၊ မဲပုံးတွင် ပိတ်သည့် ချိတ်များ ကွာလျက်ရှိသည်ကို တွေ့ရသည်။

မဲများရေတွက်ကြသောအခါ လမ်းမတော်မဲဆန္ဒနယ်တွင် သခင်နုက ပထမ၊ ဦးအောင်သန်းက ဒုတိယ၊ အော်မျိုးရှူးက တတိယ၊ ဦးဘသော်က စတုတ္ထနှင့် တီလာမာမက် ခန်း က (၁၁) မဲသာ ရရှိသည်။

မာမက် ခန်း မှာ မက်စတီးခန်း၏ ညီဝမ်းကွဲဖြစ်ပြီး မဂျစ်ခန်း၏ ဦးလေးတော်သူ ဖြစ်သည်။

အော်မျိုးရှူး ဘက်က ထည့်ထားသော မဲမှာ လူ (၈၀)တိတိရှိကြောင်း ထည့်သူများကိုယ်တိုင်က သက်သေပြခဲ့သော်လည်း အော်မျိုးရှူး၏ မဲပုံးတွင် (၁၆)မဲသာ တွေ့ရသဖြင့် မဲခိုးခံခဲ့ရကြောင်း ဦးအောင်သန်း လက်ခံသွားခဲ့သည်။

ရန်ကုန်မဲဆန္ဒနယ်တွင်သာမက နယ်များတွင်လည်း အခြေအနေက ပိုမိုဆိုးရွားခဲ့၏။

ပြဲည်သူ့ဒီမိုကရေစီတပ်ပေါင်းစုမှမော်လမြိုင်အမတ်လောင်း ကိုဘဆက် ဆိုသူ အား ရွေးကောက်ပွဲမဲမရေတွက်မီတွင် ယူနီဖောင်းဝတ်လက်နက်ကိုင်များက လာ ရောက်ခေါဆောင်သွားပြီးနောက် ပြန်မလာတော့ချေ။

မိတ္ထီလာခရိုင်တွင် ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစုံမှ အမတ်လောင်း သခင်ရွှေ မာ ဒုတိယအသုတ်ရွေးကောက်ပွဲမတိုင်မီ ခါးဖြင့် အပိုင်းပိုင်းခုတ်သတ်ခြင်း ခံခဲ့ရ ပြီး လက်သည်မပေါ် ခဲ့။

နတ်မောက်အရှေ့ပိုင်းမှ အမတ်လောင်းကိုကျော်ခေါင်မှာ မည်သည့်အကြောင်း ကြောင့်မသိ အမတ်လောင်းအဖြစ်မှ နှုတ်ထွက်လိုက်သဖြင့် ဒုတိယအသုတ် ရွေးကောက်ပွဲမဲဆန္ဒမပေးရမီတွင်ပင် ဖဆပလ က ပြိုင်ဘက်မရှိနိုင်သွားခဲ့သည်။

ရွေးကောက်ပွဲများကို ၁၉၅၁ ဇွန်လ မှ ၁၉၅၂ ဖေဖော်ဝါရီလအထိ (၃)သုတ်ခွဲ ကျင်းပခဲ့သည်။

၁၉၅၂ ဇန်နဝါရီ ၂၀ တွင် ရွေးကောက်ပွဲရလာဒ်များကို ထုတ်ပြန်ရာ ဖဆပလ အဖွဲ့ချုပ်က ၁၈၀ နေရာြဖင့် မဲအများဆုံးရရှိပြီး အစိုးရဖွဲ့နိုင်ခဲ့သည်။

ရွေးကောက်ပွဲအပြီး ၁၉၅၂ မတ်လ ၁၆ ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနု ဦးဆောင် သည့် အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

၁၉၅၂ မတ်လ ၂၀ ရက်။

ဆိုရှယ်လစ်ပါတီ ရုံးချုပ်ထဲသို့ စိန်ခါးမြောင်ဝင်လာသည်။

နံသာရောင်ခေါင်းပေါင်းနှင့် နံသာရောင်တိုက်ပုံကို ဝတ်ဆင်ထားပြီး ဆေးဆရာ များလွယ်တတ်သည့် လွယ်အိတ်ကြီးကိုလည်း လွယ်ထား၏။

“သခင်သိန်း နဲ့ တွေ့ချင်လို့ပါ..သမားတော် ဆရာသိန်း လာတယ်လို့ ပြောပေးပါ”

ရုံးစေလုလင် က အထဲသို့ ဝင်သွားသည်။

ခဏအကြာတွင် ပြန်ထွက်လာ၏။

“သခင်သိန်း အလုပ်တွေရှုပ်နေလို့..နောက်ရက်မှ လာတွေ့ပါတဲ့”

“..ဟုတ်ကဲ့လား..ဒါဆို..ဒီအဝတ်ထုတ်ထဲက ဟာလေး သွားပြလိုက်ပါ..ကျွန်တော် ဒီကပဲ ထိုင်စောင့်ပါ့မယ်”

ရုံးစေလုလင် ပြန်ဝင်သွားပြီးနောက် ပြာပြာသလဲဖြင့် ပြန်ထွက်လာသည်။

“သခင်သိန်းက ဝင်ခဲ့ပါတဲ့..ခင်ဗျ..ဒီဘက်က အခန်းပါ”

စိန်ခါးမြောင်က ပြုံးလိုက်ပြီး သခင်သိန်း၏ အခန်းတွင်း ဝင်လိုက်သည်။

“.ဆရာသိန်း..ထိုင်ပါ..ထိုင်ပါ”

သခင်သိန်းက စိန်ခါးမြောင်ကို ထိုင်ခိုင်းပြီးနောက် အခန်းတံခါးမကြီးကို ထပိတ်လိုက်သည်။
ထို့နောက်
“ဒါက ဘာသဘောလဲဗျ...ခင်ဗျားဘာသဘောနဲ့ ဒါတွေကို ယူထားတာတုန်း”
သခင်သိန်းက စားပွဲပေါ်တွင်တင်ထားသော စိန်ခါးမြောင်ပေးလိုက်သည့် အထုတ်ကို ပစ်ပေးလိုက်သည်။
အထုတ်ထဲတွင်ရှိသည်က ရွှေးကောက်ပွဲအတွင်း မဲပုံများထဲမှ ခိုးထားသည့် မဲဆန္ဒကဒ်ပြားတစ်ခု။
လမ်းမတော်မြို့နယ်ဆိုသည့် စည်းတံဆိပ်ရိုက်နှိပ်ထားသည်။
စိန်ခါးမြောင်က ပြုံးလိုက်သည်။
“ခင်ဗျားတို့ ခိုးခိုင်းထားတဲ့မဲတွေလေ...အဲဒါကို ကျွန်တော်က ပြန်ခိုးထားတာဘာဖြစ်တုန်း..သခင်သိန်းရ”
“အင်းလေ..ဒီမဲပြားတွေကို ခင်ဗျား ဘာသဘောနဲ့ သိမ်းထားတာလဲ”
“ဒါတောင် သဘောမပေါက်ဘူး..သခင်သိန်းရယ်...ဒီမယ် အခုတောင် ကျွန်တော်ဒီအခန်းထဲ ဘယ်လိုဝင်လာရသလဲ..ဒီ မဲလေးပြပြီး ဝင်လာရတာမဟုတ်လား”
“မင်းကွာ..မင်း”
“ကဲ..စိတ်ကိုလျှော့ဗျ..ကျွန်တော့်မှာ ဒါမျိုး မဲတွေ အများကြီးရှိသေးတယ်..ဒါမျိုးလေးတစ်ခု သတင်းစာဆရာတွေလက်ထဲ ရောက်သွားလို့ကတော့ဗျာ..ဟဲဟဲ”
“အဲ့ဒီကျ မင်းလည်း မဲပုံးဖောက္မွန့် ထောင်ကျမှာပဲကွ၊ အေးအဲ့ဒီမတိုင်ခင် ဦးကျော်သိန်းအိမ်ခါးပြမှုနဲ့ မင်းကို ပြန်ဖမ်းပစ်မယ်”
“ဩော်..သခင်သိန်းနှယ်..ကျွန်တော်က အစကတည်းက တောပုန်းခါးပြပဲ...အခုလို လက်နက်ကိုင်ပေါင်းစုံ ပတ်လည်ဝိုင်းနေတဲ့ကာလထဲ ကျွန်တော့်အတွက် ပြေးစရာမြေမရှားပါဘူး..ခင်ဗျားတို့သာ.ဒီမဲပြားလေးတစ်ပြား သတင်းစာတွေလက်ထဲရောက်သွားရင်.. အစိုးရအဖြစ်က ပြန်ပြုတ်သွားမယ်”
သခင်သိန်းက ထိုင်ခုံကို စောင့်ဆွဲကာ ထိုင်လိုက်သည်။
“ဒီမယ်..ခင်ဗျားနဲ့ ကျုပ်တို့ အပေးအယူက ပြီးပြီလေ..ခင်ဗျားဘာလို့ ဒီအထိလိုက်လာတာလဲ..ပြော”
“အကူအညီတစ်ခုတောင်းချင်လို့ပါဗျာ”
“ဘာကူညီရမှာလဲ.”

“ကျွန်တော် ဆေးလိပ်ခုံလေး တစ်ခုံလောက်ထောင်ချင်တာဗျာ..အဲ့ဒါ ဖဆပလက ထောက်ခံချက်လေးနဲ့ဆို ပိုကောင်းမလားလို့”

“ဘာဆိုင်လဲ...ဆေးလိပ်ခုံထောင်ချင်တာ ထောင်ပေါ့..ဘာကို ဖဆပလထောက်ခံချက်တောင်းနေတာလဲ”

“ဒီလိုပါ...ခုနေခါ ခင်ဗျားတို့ အစိုးရက ပြည်သူပိုင်တွေလိုက်လုပ်နေတယ်မဟုတ်လား..သနပ်ဖက်တင်ပို့ခွင့်တွေလည်း ကန်သတ်တဲ့အသံကြားတယ်..ဒီတော့.ခင်ဗျားတို့ ဖဆပလခပ်ကြီးကြီးတစ်ယောက်ဆီက သနပ်ဖက်ဝယ်ယူခွင့်နဲ့ သယ်ဆောင်ခွင့် လက်မှတ်လိုချင်တာ..အဲ့ဒါ”

“ခင်ဗျားဟာက ဘာလဲဗျ”

“အော်..ဘာမှမဟုတ်ဘူး..တရားဝင်စာထုတ်ဖို့လည်းမလိုပါဘူး...ယခု သနပ်ဖက်များသည် ဆေးလိပ်ခုံလုပ်ငန်း အတွက် တပိုင်တနိုင်သယ်ယူခြင်းဖြစ်သဖြင့် ခွင့်ပြုပေးပါရန် ပုံ ဘယ်သူ ဆိုပြီး ခင်ဗျားတို့ အစိုးရထဲက တစ်ယောက်ယောက်လက်မှတ်နဲ့ ဆို အဆင်ပြေတာပေါ့ဗျာ”

“ခက်တာပဲ...အစိုးရလူကြီးတွေ နာမည်ကို အလွဲသုံးစားလုပ်သလိုဖြစ်နေမှာပေါ့”

“အောင်မယ်..ခင်ဗျားတို့က ပြည်သူတွေထည့်တဲ့ မဲကျအလွဲသုံးစားလုပ်ခိုးခိုင်းတုန်းကတော့ ကောင်းတယ်ပေါ့...”

“တော်..တော်ဗျာ..အဲ့ကိစ္စကြီးကို စကားထဲ ထည့်မပြောပါနဲ့”

“ဒါဆိုလည်း လုပ်ပေးလိုက်လေ..ခင်ဗျားဆရာ ဦးကျော်ငြိမ်း လက်မှတ်လောက်နဲ့ဆို ပြီးပါတယ်ဗျ”

“ကျုပ်က အခု လယ်ယာပြည်သူပိုင်ပြုလုပ်ရေးမှာ အတွင်းဝန်ဖြစ်နေပြီ..ကျုပ်လက်မှတ်နဲ့ပဲ လုပ်ပေးလိုက်မယ်”

“အတွင်းဝန်တောင်ဖြစ်ပြီလား..အတွင်းဝန်မင်းလက်မှတ်နဲ့ဆိုရင်တော့...အဆင်ပြေလောက်ပါရဲ့ဗျာ”

သခင်သိန်းက စာရွက်တစ်ရွက်ယူလာပြီး စာတစ်စောင်ရေးသည်။

“ဒီမှာဖတ်ကြည့်..ပုဂ္ဂိုလ်ရေးသဘောနဲ့ပဲ ရေးပေးထားတယ်..အဆင်ပြေလား”

စိန်ခါးမြောင်က စာကို ယူဖတ်ကြည့်လိုက်သည်။

“ကျွန်ုပ်၏ မိတ်ဆွေ ဆိုတဲ့နေရာမှာ ကျွန်ုပ်၏ ကျေးဇူးရှင်ဆရာကြီး ဆရာသိန်းဆိုပြီး ရေးပါလား”

သခင်သိန်းက အံကို ကြိတ်လိုက်သည်။

“လုပ်ပါဗျ..ဟဲဟဲ..ခင်ဗျားအတွင်းဝန်ဖြစ်ဖို့အရေး၊ သခင်နုဝန်ကြီးချုပ်ဖြစ်ဖို့အရေး ကျွန်တော်အဖွဲ့တွေ ဘယ်လောက် ပင်ပန်းခဲ့တယ်မှတ်လဲ။ ကျွန်တော့် တပည့် ဝါဆိုနဲ့ ဝါပိုဆို မိတ္ထီလာမှာ ပါဏာတိပါတာကံကိုပါ ကျူးလွန်ရသေးတာ၊ ငရဲကြီးတယ်ဗျ”

သခင်သိန်းက စာရွက်ကို ဆုတ်ဖြဲပြီး အသစ်ပြန်ရေးပေးသည်။

ထို့နောက် တံဆိပ်တုံးထုကာလက္ခတ်ထိုးပေးလိုက်၏။

“ကဲ...သွားလိုက်ပါဦးမယ်..အတွင်းဝန်မင်း..နောက်လည်း ကိစ္စရှိရင် လာခဲ့ပါဦးမယ်”

စိန်ဓါးမြောင်က စာရွက်ကို သေချာခေါက်ကာအိတ်ထဲထည့်ပြီး ထရန်ပြင်လိုက်သည်။

“နေပါဦး..စိန်ဓါးမြောင်”

“ဘာများရှိသေးလို့တုန်း..သခင်သိန်း”

“ခင်ဗျား တကယ်ပဲ..ကောင်းရောင်းကောင်းဝယ်လုပ်တော့မယ်ပေါ့”

“ဘယ်သူပြောတုန်းဗျ”

“ခုနပဲဆေးလိပ်ခုံထောင်မယ်ဆို”

“ဟား..ဟား..ဖြစ်ရမယ်ဗျာ....ဓါးပြတိုက်လို့တောင်မဝသေးဘူး”

စိန်ဓါးမြောင်က သခင်သိန်းကို အားပါးတရပြုံးပြကာ ထွက်သွား၏။

.....

၁၉၅၂ ပြည်တော်သာခေတ်အစပိုင်းကာလများ။

ရွှေကောက်ပွဲများအပြီးတွင် ဦးနု သည် ဝန်ကြီးချုပ်ဖြစ်လာပြီး သူ၏အစိုးရအဖွဲ့ကို ဝန်ကြီး (၂၁)ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

ဦးနုအစိုးရသစ်က တည်တံ့ခိုင်မြဲရေးမှ ပြည်တော်သာသို့ ဟူသည့် ကြွေးကြော်သံကို ချမှတ်ခဲ့သည်။

ဦးနုက ပြည်တွင်းစစ်မဖြစ်ပဲ အလုပ်လုပ်ခွင့်ရမည်ဆိုလျှင် မိသားစုတိုင်း အိမ်တစ်ဆောင်၊ ကားတစီး၊ လစဉ်ဝင်ငွေ ၈၀၀ ကျပ်ရအောင်လုပ်ပေးနိုင်သည်အထိ ချမ်းသာသောနိုင်ငံဖြစ်စေမည်ဟု ကတိပေးခဲ့သည်။

စိန်ဓါးမြောင်သည်လည်း ရန်ကုန်သား ဝင်းမောင်၊ မောင်တင်တို့ အကူအညီဖြင့် ရန်ကုန်တွင် သူ့အဖွဲ့သစ်ကို စတင်ထူထောင်လာသည်။

စိန်ခါးမြောင်က ပိုလို ဆေးလိပ်ခုံတံဆိပ် ဆေးပေါ့လိပ်လုပ်ငန်းကို မောင်တင်၏ အိမ်တွင် ထူထောင်ပြီး သနပ်ဖက်များ သယ်ယူရေးတွင် ဝင်းမောင်နှင့် ခါလေးကို တာဝန်ပေးခဲ့သည်။

ဝင်းမောင်နှင့် ခါလေးသည် ပဲခူးဘက်မှ ငန်းနက်၊ ငရုတ်သီးဘရင်တိုဖြင့် ချိတ်ဆက်ကာ သနပ်ဖက်ခြင်းများထဲတွင် လက်နက်များ ခိုးဝှက်သယ်ဆောင်ကာ ရန်ကုန်တွင်းသို့ သွင်းကြသည်။

အတွင်းဝန်သခင်သိန်းလက်မှတ်ပါရှိသော စာကြောင့် စစ်ဆေးရေးများ မှ လွတ်ကင်းခွင့်ရရှိခဲ့သည်။

မကြာမီ ရန်ကုန်မြို့တွင်း ခါးပြမှုများပြန့်လည်ပေါ်ပေါက်လာခဲ့ပြီး အင်းစိန် ငွေတိုက်ခါးပြမှု၊ ရန်ကုန် ကျိုက္ကဆံ မြင်းလောင်းရုံအတွင်း ဝင်ရောက်ခါးပြတိုက်မှုများအထိ ဖြစ်ပေါ်လာကြသည်။

ရေနံချောင်းတွင်ရှိနေသော ထွန်းခင် သည် အလံနီဗိုလ်အဖြစ်မှ နောက်လိုက်(၃၀)ဦးနှင့်အတူ အလင်းဝင်လာခဲ့ပြီး ထွန်းခင် ၊ ရင်ရင် တို့မိသားစု သည် ရန်ကုန်သို့ လိုက်လာကာ ပူးပေါင်းကြသည်။

စိန်ခါးမြောင်က အောက်ပုဇွန်တောင်လမ်းတွင် လှသိဒ်ိအမည်ဖြင့် ဆံပင်ညှပ်ဆိုင် တစ်ဆိုင်ဖွင့်ပြီး ရင်ရင့်ကို ပို့ဆောင်အဖြစ် ဦးစီးစေသည်။

လှသိဒ်ိဆံပင်ညှပ်ဆိုင်သည် စိန်ခါးမြောင်၏ အမျိုးသမီးအဖွဲ့အခြေပြုရာနေရာ တစ်ခုဖြစ်လာပြီး တိုက်ရာပါပစ္စည်းများ သိုဝှက်၊ ထုခွဲရာနေရာလည်းဖြစ်လာသည်။

စိန်ခါးမြောင်ကား ဆေးဆရာကြီးဆရာသိန်းအဖြစ် တိုင်းရင်းဆေးဆရာများအဖွဲ့ ချုပ်တွင် ဗဟိုကော်မတီဝင် ဖြစ်လာသည်။

ဆေးဆရာကြီးဆရာသိန်းသည် ရန်ကုန်မြို့၊ ခုနှစ်မိုင်အနီးတွင် ခြံကျယ်ကြီးတစ်ခြံ ဝယ်ယူထားပြီး တစ်ခါတစ်ရံ ထိုခြံထဲတွင် လေးငါးရက်ခန့် တံခါးပိတ်ကာ တပည့်များနှင့်အတူ အဂိုရိတ်ထိုးနေလေ့ရှိသည်ဟု ဆရာသိန်းကို ကြည်ညို သူများကသိထားကြသည်။

ရန်ကုန်မြို့တွင် ခါးပြမှုကြီးကြီးမားများဖြစ်ပြီးသည့်ရက်များနှင့် ဆရာသိန်းအဂို ရိတ်ထားသည့်ရက် မှာတိုက်ဆိုင်နေတတ်သည်ကို ပုလိပ်အဖွဲ့က သတိမထားမိ ကြ။

အမှန်တကယ်တမ်းတွင် စိန်ခါးမြောင်မှာ အဂိုရိတ်ထိုးသည်ဟုဆိုကာ တိုက်ရာ ပါရွှေများကို ထိုခြံထဲတွင် အရည်ကြိုပစ်နေခြင်းသာဖြစ်သည်။

ဂန္ဓမာသောင်းရီကား ရန်ကုန်ထောင်ကြီးတွင် အကျဉ်းသားအရာရှိများထဲ အကြီး ဆုံးဖြစ်သည့် ခြောက်ထောင်ပိုင်သံဒေ ဖြစ်လာသည်။

ထွန်းရင်မှာ ၁၂ မှတ်ရ ဘာရာဖြစ်လာပြီး ကြိမ်တုတ်ကိုင်ခွင့်ရခဲ့သည်။
ဂန္ဓမာသောင်းရီအဖွဲ့သည် ထိုအာဏာများကို အသုံးချကာ ထောင်တွင်းတွင် နာဂျစ်အာရုတ်စည်းရုံးထားသူများ၊ ဦးမြကျင်စည်းရုံးထားသူများကို အမြစ်ဖြတ်ချေမှုန်းနိုင်ခဲ့သည်။
စိန်ခါးမြောင်ရှိစဉ်က သစ္စာခံခဲ့သူများမှာလည်း ဂန္ဓမာသောင်းရီ လက်အောက်တွင် ငြိမ်ဝပ်နေကြရ၏။
ထောင်မှလွတ်သွားသော နာဂျစ်အာရုတ်သည် ဖရေဇာကို အခြေပြုကာ ရန်ကုန်အရှေ့ပိုင်းလူမိုက်ဖြစ်လာသည်။
ဦးမြကျင်တပည့်ဖြစ်သော ယက္ခ နှင့် ကုလားလေးအုပ်စုတို့၏ ဗားကရာချောက်ရိုက်ပွဲကြီးအပြီးတွင် ကုလားလေးအုပ်စုအရေးနိမ့်သွားခဲ့သည်။
မကြာမီ ကုလားလေးသည် ဘိန်းမှောင်ခိုမှုနှင့် အဖမ်းခံရကာ ရန်ကုန်ထောင်ကြီးသို့ ရောက်လာသည်။
ဦးမြကျင်ကား ရန်ကုန်အနောက်ပိုင်းတွင် ပြိုင်ဘက်မရှိ လူမိုက်ခေါင်းဆောင်ဖြစ်လာ၏။
နာဂျစ်အာရုတ်နှင့် ဦးမြကျင်တို့၏ နောက်ကွယ်တွင် မဂျစ်ခန်း က ကြိုးကိုင်ထားသည်။
မဂျစ်ခန်းသည် ဦးလေးဖြစ်သူ တီလာမာမက်ခန် ကို ရွေးကောက်ပွဲဝင်ပြိုင်ကာ နိုင်ငံရေးသဏ္ဌာထူထောင် ခိုင်းသော်လည်း တီလာမာမက်ခန် မှာ ရွေးကောက်ပွဲရှုံးနိမ့်ခဲ့သည်။
မဂျစ်ခန်းကား ဖခင်ဖြစ်သူ လက်ထက်ကကဲ့သို့ နိုင်ငံရေးအသိုက်အဝန်းထဲတိုးဝင်ရန်ကြိုးစည်နေသော်လည်း လွတ်လပ်ရေးရကာစ အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်နေချိန်ဖြစ်သဖြင့် မြန်မာလူမျိုးအများစုပါဝင်သော အစိုးရအဖွဲ့က မဂျစ်ခန်းနှင့် ဆက်ဆံရမည်ကို ရှောင်ရှားနေကြသည်။
ထို့ကြောင့် မြန်မာလူမျိုးဖြစ်သည့် ဦးမြကျင်ကို အသုံးချရန်ကြံစည်သော်လည်း ဦးမြကျင်မှာ တချိန်က ဒေါက်တာဘမော်လူဖြစ်ခဲ့သဖြင့် နိုင်ငံရေးသမားများက အကပ်မခံကြ။
နယ်ဒေသများတွင် တိုက်ပွဲများဖြစ်ပွားနေခြင်း၊လက်နက်ကိုင်အမျိုးမျိုး၏ အခွန်အတုပ်များကြောင့် လူအများစုမှာ ရန်ကုန်သို့ ပြောင်းရွှေ့လာသဖြင့် ရန်ကုန်သည် လူဦးရေ ထူထပ်သည်ထက် ထူထပ်လာသည်။
နိုင်ငံရေးအပြိုင်အဆိုင်များ၊ စစ်ရေးကိစ္စများကိုသာ ဦးစားပေးနေရသည့်အတွက် အလွန်သန့်ရှင်းခဲ့သော ရန်ကုန်မြို့ကြီးသည် ကျူးကျော်တဲတန်းများ၊ အမှိုက်ပို

များ၊ ပြည်တွင်းစစ်ဒဏ်ခံခဲ့ရသည့်အဆောက်အဦးများ ဖြင့် ညစ်ပတ်သည့်မြို့ကြီး ဖြစ်စပြုလာသည်။

ထိုအခြေအနေတွင် မသောင်း၊ စံဘနှင့် ချောရင်တို့သည် ဂျပန်ခေတ်က မသောင်းစွဆောင်းထားသည်များနှင့် ကွယ်လွန်သူလမ်းမတော်ဦးဖိုးတုတ်ကတော် မသင်းမြထံမှ ငွေချေးကာ တရုတ်တန်း၊ (၁၈)လမ်းထိပ်တွင် "သောင်း" ပျော်ပွဲစားရုံကို ဖွင့်လှစ်လိုက်ကြသည်။

ဦးဖိုးတုတ်၏ ညီ ဦးဘသိန်းမှာမူ တစ်အိုးတစ်အိမ်ထူထောင်ပြီး လူမိုက်လောကနှင့် မပတ်သက်သည်မှာ ကြာခဲ့ပြီဖြစ်သည်။

.....

၁၉၅၂ ခုနှစ်၊ ဩဂုတ်လ ၅ ရက်။

ရန်ကုန်မြို့ ကန်တော်ကြီး ပုဏ္ဏားကုန်း ၊ ကျိုက္ကဆံလမ်းမထိပ်ရှိ အိုင်ဘီပီ ဓာတ်ဆီဆိုင် ကို လွင်းဦးက ခြောက်လုံးပြူးကိုယ်စီဖြင့် ဝင်ရောက်ကာ ငွေတစ်သိန်းကျော် ခါးပြတိုက်သွားသည့် သတင်းကား တရုတ်တန်းရှိ ညနေခင်း စားသောက်ဆိုင်များဆီသို့ပင် ပျံ့နှံ့နေသည်။

မည်သည့်သတင်းဆိုးများ ကြားရပါစေ တရုတ်တန်းကား အခြေအနေမပျက်။ ခေတ်အဆက်ဆက်ပြောင်းခဲ့သော်လည်း တရုတ်တန်းကား စည်ကားမြဲ။

"သောင်း"ဘား သည် ဖွင့်လှစ်လိုက်သည်မှာ မကြာသေးသော်လည်း လူစည်ကားလာသည်။

မသောင်းသည် တချိန်က နာမည်ကျော်ဟိုတယ်မယ်ဖြစ်ခဲ့သည့်အလျောက် သောင်းဘားတွင်လည်း နယ်မှ အမျိုးသမီးငယ်များကို စားပွဲထိုးခန့်ထားသည်။

ချက်ပြုတ်ရေးနှင့် ဆိုင်၏ စီမံခန့်ခွဲရေးကို စံဘနှင့် ချောရင် ကတာဝန်ယူသည်။ ခါလေး သည် မိတ်ဆွေဖြစ်သူ စံဘရှိသော သောင်းဘား သို့ ညနေတိုင်း ရောက်လာကာ ဝီစကီသောက်တတ်၏။

ခါလေး ကား ယခုအခါ သနပ်ဖက်ကုန်သည် ကျော်တင့် ဟု နာမည်ပြောင်းထားသည်။

တခါတရံ ခါလေး ခေါ် ကျော်တင့် နှင့်အတူ ထွန်းခင်၊ ဝင်းမောင်၊ မောင်တင်တို့ ပါလာတတ်သည်။

စံဘ၊မသောင်း၊ချောရင်တို့နှင့် ထိုအုပ်စုမှာ အချိန်တိုအတွင်း ရင်းနှီးသွားကြသည်။ ယနေ့ ည ညည့်နက်ချိန်တွင်လည်း ခါလေးတို့ အုပ်စု ရောက်လာကြသည်။

ထိုလူစုသည် နေ့လည်က နာမည်ကျော်ဓါတ်ဆီဆိုင်ဓါးပြမှုတွင် အဓိကပါဝင်လာကြသူများဟု စံဘတို့ မသိကြရှာ။
လုပ်ငန်းအစဉ်ပြေသဖြင့် ရှယ်ယာများခွဲဝေလာသည်ဟုဆိုကာ သောင်း ဘား၏ အပေါ်ထပ်တွင် အခန်းယူကာ စားသောက်ပွဲကျင်းပကြသည်။
ခါလေး၊ ထွန်းခင်၊ ဝင်းမောင်၊ မောင်တင်တို့ အပြင် အနှင်းနှင့် ဝင်းမောင်၏ ဇနီး မစိန်ရီတို့ လည်းပါလာကြ၏။
ထိုစားသောက်ပွဲပြီးလျှင် ခါလေးက စိန်ဓါးမြှောင်ခိုင်းလိုက်သည့်အတိုင်း ရင်ရင်၏ လှသိမ်ဆိုင်သို့ ရွှေထည်ပစ္စည်းအချို့ သွားပို့ရမည်ဖြစ်သည်။
ရင်ရင်ထံ အလည်သွားအိပ်ရန် အနှင်းနှင့် သုံးနှစ်သား ဇောလေးတို့ ပါလာကြခြင်းဖြစ်သည်။
စျေးအကြီးဆုံးဖြစ်သည့် ဟန်းတားဝီစကီနှင့် အစားအသောက်များ မှာယူစားသောက်ကြသည်။
မိန်းမသားများက ဘီယာကို စမ်းသပ်သောက်ကြည့်ကြ၏။
ထိုအချိန်တွင် “သောင်း”ဘားထဲသို့ လူငါးဦး ဝင်လာပြီး ကောင်တာတွင် ထိုင်နေသော ချောရင် ထံ လျှောက်သွားသည်။
ထို့နောက် လူငါးဦးထဲမှ အသားမဲမဲ ဂင်တိုတိုဖြင့် ပုဆိုးတိုတိုဝန်ထားသူတစ်ယောက်က ချောရင်ကို တီးတိုးစကားပြောလိုက်သည်။
ချောရင်က ခေါင်းခါရင်း ရှင်းပြသည်။
“ဟာ..ဒီဖေလိုးမကတော့..ကောင်းကောင်းပြောတာ..မရဘူးလား”
ထိုသူအသံကကျယ်သွားသဖြင့် အခြားဝိုင်းများပင် စကားသံရပ်သွားကြသည်။
စံဘက ခါလေးတို့နှင့် ထိုင်နေရာမှ အောက်သို့ ပြေးဆင်းသွား၏။
“ဘာများဖြစ်လို့လဲခင်ဗျ”
“မင်းက ဘာကောင်လဲ..ဒီဆိုင်က ဘာလဲ”
“ကျွန်တော် ဒီဆိုင်ပိုင်ရှင်ထဲက တစ်ယောက်ပါ...ဒါကျွန်တော့်မိန်းမပါ.ဘာများဖြစ်လို့လဲ”
“ငါကို ယက္ခအဖွဲ့ကပဲ..ငါ့နာမည် စိုးမြင့်လေး...မင်းတို့ ဆိုင်ကို ယက္ခ က အလှူခံခိုင်းလိုက်လို့..လာခံတာ”
“နေပါဦးဗျာ..ယက္ခအဖွဲ့ဆိုတာ ဦးမြကျင်လက်အောက်က မဟုတ်လား...ကျွန်တော်တို့ ဆိုင်က ဦးမြကျင်ကို လစဉ်ကြေးပေးထားတယ်လေ”

“ဟေ့ကောင်..လစဉ်ကြေးက သက်သက်ပဲကွ..အခုက ယက္ခကြီး ယောကျမအိမ်မှာ ရဟန်းခံရှင်ပြုရှိတယ်.. အဲ့ဒါ မင်းတို့ အရက်ဆိုင်တွေက ခွဲတမ်းထည့်ရမယ်လို့ ယက္ခကြီး မှာလိုက်လို့”
“ဟ..ဘာဆိုင်လဲကွ....သူ့ယောကျမရဟန်းခံတာ..ငါတို့နဲ့ ဘာဆိုင်လဲ..ပေးစရာရှိတာ မင်းတို့ကို ပေးထားပြီးပြီ.. လွန်မလာနဲ့လေကွာ..ငါလည်း တချိန်က မင်းတို့လောက ကလာတာ။ ဒါသက်သက် စည်းဖောက်တာပဲကွ”
“နေပါဦး.. ငါတို့ကို မင်းတွေ ငါတွေနဲ့ ပြောရအောင် မင်းက ဘာကောင်လဲ..နှမလိုးရဲ့”
စိုးမြင့်လေးက စံဘ ပါးကို ခပ်ဆတ်ဆတ်ရိုက်လိုက်သည်။
“ငါ့နာမည်..စံဘကွ”
စံဘက ပြောပြောဆိုဆိုနှင့် ဘေးနားမှ ဘီယာပုလင်းေဖာ့စို့ ဖောက်တံကို ကိုင်ကာ စိုးမြင့်လေး၏ ပါးကို ပြန်စိုက်ချလိုက်သည်။
ရုတ်တရက်မို့ စိုးမြင့်လေးမှာ ကြောင်သွား၏။
ဖောက်တံမှာ စိုးမြင့်လေး၏ ပါးကို ဖောက်ကာ စိုက်ဝင်နေသည်။ စိုးမြင့်လေးမှာ ပါးကို ကိုင်ကာ နာကြင်လွန်းသဖြင့် အော်ဟစ်နေသည်။
စံဘက ဖောက်တံကို မလွတ်ပဲ စိုးမြင့်လေး၏ လည်ပင်းကို ချုပ်ကာ ပါးချောင်ကို မွှေနေသည်။
ထိုအချိန်တွင် စိုးမြင့်လေးနှင့် ပါလာသူတစ်ယောက်မှာ သံတုတ်ဖြင့် စံဘကို ဝင်ရိုက်သည်။
စံဘ၏ ခေါင်းမှ သွေးများ ဖျာခနဲထွက်လာသည်။ စံဘက စိုးမြင့်လေးကို လွှတ်လိုက်ပြီး တုတ်ကိုင်ထားသည့် သူကို ဝင်လုံးလိုက်သည်။
ကျန်သူသုံးယောက်ကလည်း ခါးမြောင်ကိုယ်စီထုတ်လိုက်ကြသည်။ စံဘနှင့် တုတ်သမား လုံးထွေးနေသဖြင့် ဝင်ထိုးရန် အခွင့်မသာဖြစ်နေ၏။
ဆိုင်ထဲမှ လူအများထွက်ပြေးကုန်ပြီဖြစ်သည်။
ထိုအခြေအနေကို အပေါ်ထပ်မှ ခါလေးတို့ အုပ်စုက စောင့်ကြည့်နေကြသည်။
ခါလေး က ခါးကြားက သေနတ်ကို စမ်းလိုက်သဖြင့် ထွန်းခင်က ပေါင်ကို ဖိထားသည်။
“ငါတို့ဆီမှာ တိုက်ရာပါတွေပါတယ်နော်..ငါတို့ ဒီအချိန်မှာ ဘာပြဿနာမှဖြစ်လို့ မရဘူး...ခါလေး...”

ထိုအချိန်တွင်ပင် စံဘလက်ထဲသို့ တုတ်ရောက်သွားပြီး စံဘက အပေါ် စီးမှ ဖြစ်သွားသည်။
ဓားကိုင်ထားသူတစ်ဦးမှ စံဘကျောကုန်းကို နောက်မှ ကန်လိုက်ရာ စံဘမှာ ရှေ့သို့ ဟက်ထိုးကျသွား၏။
ခါးသမားများက စံဘအနီးအုံလာချိန်တွင်...
“ခွေးသူခိုးတွေ...ငါ့ယောကျ်ားကို ထိရဲထိကြည့်..နင်တို့ ဒီလောကမ္မိုက်နေလား”
နောက်မှ အသံကြောင့် လှည့်ကြည့်လိုက်ချိန်တွင်..ချောရင်က မီးဖိုမှ ထင်းချောင်းကြီးကို ကိုင်ကာ ပြေးဝင်လာသည်။
ထင်းချောင်းကြီးမှာ မီးထိုးလက်စဖြစ်သဖြင့် ထိပ်တွင် မီးခဲများ တရဲရဲနီနေသည်။
ရှေ့ဆုံးမှ လူ၏ မျက်နှာကို ထင်းချောင်းဖြင့် ရိုက်လိုက်ရာ ဖြောင်းခနဲ အသံထွက်လာပြီး မီးဖွာများ ဖွာခနဲထွက်သွားသည်။
စံဘနှင့်လုံးထွေးရင်း လဲကျနေသည့် တုတ်သမားက အနောက်မှ ထလာပြီး ချောရင် ၏ ကျောကုန်းကို အားဖြင့် ကန်ထည့်လိုက်ရာ ချောရင်မှာ ရှေ့သို့ လဲကျသွားသည်။
သို့သော် လက်ထဲမှ မီးတုတ်မှာ လွတ်မသွား။
ခါးသမားနှစ်ဦးက စံဘကို ခါးနဲ့ ထိုးရန် ဝိုင်းလိုက်ကြစဉ်၊ တုတ်သမားနှင့် ကျန်တစ်ဦးကလည်း ချောရင်ကို ဝိုင်းလိုက်ကြသည်။
ထိုအခြေအနေတွင် အနှင်းက ကလေးကို ကျောတွင် ပိုးလိုက်ပြီး သေချာတင်းတင်းချီလိုက်သည်။
ထို့နောက် မတ်တပ်ထရပ်လိုက်ပြီး ခါလေး၏ ခါးကြားမှ ခြောက်လုံးပြူးကို ရုတ်တရက်ဆွဲယူကာ အောက်သို့ ပြေးဆင်းသွား၏။
“ဟိတ်ကောင်တွေ.အခုရပ်စမ်း..နင်တို့လူခေါင်းပွင့်သွားမယ်”
လူမိုက်လေးဦးက နောက်မှအသံကြောင့် လှည့်ကြည့်လိုက်ကြသည်။
အမျိုးသမီးတစ်ဦး။
ထောင့်ကပ်ကာ လဲနေသော စိုးမြင့်လေး၏ နားထင်ကို ခြောက်လုံးပြူးဖြင့် ချိန်ထားသည်။
ကျောတွင်လည်း ကလေးတစ်ယောက်ကို စောင်ဖြင့် ပတ်သိုင်းထားသေး၏။
အနှင်း နောက်ကျောမှ ဧရာကလေးက တခစ်ခစ်ပင်ရယ်နေသေးသည်။
“ငါပြောနေတယ်..နင်တို့ လက်ထဲက ခါးတွေချလိုက်ဆို”

အနှင်းက ပြောပြောဆိုဆိုနှင့် ဘားကိုမှီကာထိုင်နေသော စိုးမြဲင့်လေးပုခုံးကို ကန်ထည့်လိုက်ရာ စိုးမြင့်လေးမှာ လဲကျသွားသည်။
ထိုအချိန်တွင် ထွန်းခင်နှင့် ခါလေးတို့ ဆင်းလာ၏။
ထွန်းခင်က အိတ်ထဲမှ ခြောက်လုံးပြူးကို ထုတ်လိုက်ကာ စိုးမြင့်လေး၏ ပါးတွင် စိုက်နေသော ဘီယာဖောက်တံကို ထပ်တက်နင်းလိုက်သဖြင့် စိုးမြင့်လေး၏ အော်သံမှာ ကျယ်လောင်သွားသည်။
“ကဲ..အနှင်း..ငါ့သေနတ်ပေးဟာ”
ခါလေးက က အနှင်းလက်ထဲမှ သေနတ်ကို ယူလိုက်သည်။
“သွားသွား..ကလေးတစ်ဖက်နဲ့...အနောက်ပေါက်မှာ ကိုဝင်းမောင်တို့ ကား စောင့်နေတယ်... မရင်ဆီ သွားတော့..ငါတို့ နောက်က လိုက်ခဲ့မယ်”
အနှင်းက ခါလေးကို သေနတ်ပေးပြီး ထွက်သွားသည်။
ထွန်းခင်က စိုးမြင့်လေးကို နင်းထားသည့် ခြေထောက်ကို ဖယ်လိုက်ပြီး
“ဟိတ်ကောင်...တောခိုပြီးပြန်လာတဲ့ ကွန်မြူနစ်ဗိုလ်က္က...မင်းတို့ တွေလောက်တော့ ဘယ်ဘက်မျက်လုံးတွေချည်း ကန်းအောင် ပစ်ပြလို့ရတယ်..သွားစမ်း..အခု ဒီဆိုင်ထဲကသွား..နောက်လည်း လာမနှောက်ယှက်နဲ့”
ခါလေးနှင့် ထွန်းခင် တွင် ခြောက်လုံးပြူးနှစ်လက်ပါနေသဖြင့် လူမိုက်များမှာ အားမတန်မာန်လျော့လိုက်ကြသည်။
သူတို့ဆရာဖြစ်သူ စိုးမြင့်လေးကို တွဲထူကာ ထသွားရန်ပြင်သည်။
ဆိုင်ပေါက်သို့ ရောက်ခါနီးတွင် စံဘက နောက်ကလိုက်သွား၏။
“ဟေ့ကောင်တွေ..ခဏနေကြဦး”
လူမိုကျား က စံဘကို မျက်မှောင်ကြုံ့ကြည့်လိုက်သည်။
ခါလေးနှင့် ထွန်းခင်က သေနတ်ကိုယ်စီကိုင်ကာ ရှေ့တိုးလာသဖြင့် ရပ်ပေးလိုက်ကြ၏။
စံဘက စိုးမြင့်လေးနားသို့ သွားကာ စိုးမြင့်လေးခေါင်းကို ဘယ်ဘက်ဖြင့်ကိုင်ပြီး ပါးတွင် စိုက်ဝင်နေသည့် ဘီယာဖောက်တန်ကို ညာလက်ဖြင့် အားစိုက်ကာ ဆွဲနှုတ်ယူလိုက်သည်။
“ဒါ ငါ့ဆိုင်က ဖောက်တံကွ...မင်းတို့ ယူသွားလို့မရဘူး”
စိုးမြင့်လေး၏ ပါးပြင်မှ သွေးများရွဲခနဲထွက်လာပြီး တအီးအီးအသံသာ ထွက်နိုင်တော့သည်။

.....
စိုးမြင့်လေးတို့အုပ်စု ထွက်သွားပြီးသည့်နောက် ရဲကားများရောက်လာကြသည်။
စံဘတို့ စတင်ပြဿနာဖြစ်စဉ်တွင်ပင် မသောင်းက လသာဌာနသို့ သွား အကြောင်းကြားခဲ့ခြင်းဖြစ်သည်။
“သေနတ်နဲ့လူတွေပါ ပါတယ်လို့ ကြားတယ်..အဲ့ဒါ ဘယ်သူတွေလဲ”
လသာဌာနအုပ် ကိုဘတင် က စံဘကို မေးသည်။
“စစ်ဗိုလ်တွေထင်ပါရဲ့..တခါမှတော့မမြင်ဖူးပါဘူး..ဒီအပေါ်ထပ်မှာ..ဒီနေ့မှ လာသောက်ကြတာ”
“သေနတ်ကိုင်တဲ့အထဲ အမျိုးသမီးလည်းပါတယ်တဲ့...ဒီစာပွဲထိုးမလေးက ပြောတာ”
“ဟုတ်တယ်..ဗိုလ်ကတော်ထင်ပါရဲ့ဗျာ..ပါလာတာ..ကျွန်တော်တို့ အချခံနေရတော့ မခံနိုင်တာနဲ့ ဝင်ရှင်းတာပါ..တကယ်သတ္တိကောင်းတဲ့ စစ်ဗိုလ်ကတော်ပေါ့”
စစ်တပ်က ဆိုသဖြင့် ရဲဌာနအုပ်မှာ ဆက်မေးမြန်းခြင်းမပြုတော့ပေ။
ထိုအချိန်တွင် အပေါ်ထပ် သီးသန့်အခန်းတွင် ခါလေးနှင့် ထွန်းခင်မှာ ခြောက်လုံးပြူးသေနတ်များကို ရှေ့ချလျှက် ကျန်သေးသော ဟန်းတားဝီစကီကို ငါးရံ့ဆံပြုတ်နှင့် မြည်းနေကြလေသည်။
သူတို့ဘေးတွင် ချောရင်က ထိုင်နေ၏။
“ကျေးဇူးတင်ပါတယ်..ကိုခါလေး...ကျွန်မတို့ကို ကူညီတာ နှစ်ခါရှိပြီ...ဒါနဲ့..ဟို အမက ဘယ်သူလဲဟင်”
“အနှင်းတဲ့..မချောရင်...”
“သူက သတ္တိရှိတယ်နော်..ကလေးကို ကျောပိုးပြီး သေနတ်တစ်လက်နဲ့ ဆင်းချလာတာ...ကျွန်မဖြင့် ရင်ကို တုန်သွားတာပဲ”
ခါလေးနှင့် ထွန်းခင် က ရယ်လိုက်သည်။
“ဒါနဲ့ အဲ့ဒီလူတွေက ဘယ်သူတွေလဲ မချောရင်”
“သူတို့က ဒီတရုတ်တန်းလူမိုက် အရှုပ် ရဲ့တပည့်တွေပေါ့။ အရှုပ်က သူကိုယ်သူ ယက္ခလို့လည်း ပေးထားသေးတာ”
“အင်း..ဒီတစ်ခါတော့ ဒီလူမိုက်တွေ နောင်ကြဉ်သွားလောက်ပါပြီ”
“မထင်ပါဘူး..ကိုခါလေးရယ်...သူတို့နောက်မှာ ဦးမြကျင်ဆိုတဲ့ လူမိုက်ကြီး လည်းရှိသေးတယ်”

“သူတို့ဟာ သူတို့မိုက်ကြဲပေါ့..ဘာကိစ္စ ဒီဆိုင်လာကြဲတာလဲ”

“မဟုတ်ဘူး..ဒီမှာက ထုံးစံအရ အပိုင်လူမိုက်တွေကို အရက်ဘားတွေ၊ ဆိုင်တွေက လစဉ်ကြေး ပေးကြရတယ်”

“ဟင်..ဘာလို့လဲ”

“မပေးရင် ဒီဆိုင်တွေမှာ သူတို့လူတွေက အမြဲပြဿနာလာရှာတယ်...စားသုံးသူတွေကို ပြဿနာရှာတော့..လူသိပ်မဝင် စီးပွားပျက်တာပေါ့.. သူတို့ပြောတာကတော့ စောင့်ရှောက်ပေးတယ်ပေါ့”

“သြော်..ဒီလိုလား..အဆန်းပဲဟ”

“ကိုခါလေးတို့ကတော့ နယ်ကလာတဲ့သူတွေ ဘယ်သိမှာလဲ..ကိုစံဘ လည်း တချိန်က လူမိုက်ပဲ”

“ဟင်..ဟုတ်လား”

“ဟုတ်တယ်...ကိုစံဘ အကိုက လမ်းမတော်ဖိုးတုတ်လေ..တချိန်က ဒီရန်ကုန်မှာ ထိပ်သီးပဲ”

“အင်း..ဒါကြောင့် ဟိုတုန်းက ဗားဂရာမှာ သူ့ကို သတ်ဖို့လုပ်ကြတာကိုး”

“ဟုတ်တယ်..ကိုခါလေး..အခုလည်း ယက္ခလူတွေ မကြာခင် ကျွန်မတို့ဆီ အနှေးနဲ့ အမြန်ပြန်လာကြတော့မှာပဲ၊ ဦးမြကျင်ပါ ပါလာရင်တော့ ရှင်းရခက်မယ်..ကိုစံဘနဲ့သူက နဂိုကတည်းက ရန်ညိုးရန်စရှိတယ်”

ထိုအချိန်တွင် ရဲများပြန်သွားသဖြင့် စံဘနှင့် မသောင်း အပေါ်ထပ်အခန်းသို့ ဝင်လာသည်။

“စံဘ ဘာဖြစ်သွားသေးလဲ”

“နည်းနည်းပါးပါး ထိတာပါ..ခါလေး..ကျေးဇူးပါကွာ”

“ငါတို့ ကိစ္စ ရဲတွေကို ဘယ်လိုဖြေလိုက်လဲ”

“စစ်တပ်ကထင်တယ်လို့ပြောလိုက်တယ်...အခုနေခါက စစ်တပ်နဲ့ပဲ ဖြဲချောက်ရတာပေါ့”

“အေး..တော်သေးတယ်ကွာ”

“ဒါနဲ့..ခါလေး..ပြည်သူ့အရံတပ်ဖွဲ့လည်း မရှိတော့တာကြာပါပြီ..မင်းတို့လက်ထက သေနတ်တွေက..ဘယ်ကရတာလဲ”

ခါလေးနှင့် ထွန်းခင်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

“ဒီလိုပဲ ငါတို့က သနပ်ဖက်ကိစ္စနဲ့ ခရီးတွေသွားရတော့ လိုရမယ်ရ ဆောင်ထားကြတာပါ”

“အေးကွာ..ငါလဲတစ်လက်လောက် လိုချင်လို့..သိပ်မကြာခင် ဦးမြကျင်နဲ့ ငါနဲ့ သူသေကိုယ်သေ သတ်ရတော့မှာ”

ချောရင် က စားပွဲပေါ်မှ ခြောက်လုံးပြူးနှစ်လက်ကို ကြည့်ကာ သက်ပြင်းချလိုက်သည်။

……..……

……..……

……..……

အခန်း(၂၂)

“မင်းတို့ ကိုယ်လုပ်တဲ့အလုပ်က ဘာအလုပ်ဆိုတာကို နားလည်တယ်မဟုတ်လား”

စိန်ခါးမြောင်လေသံ က တင်းမာနေသည်။

စိန်ခါးမြောင်ရှေ့ကြမ်းပြင်တွင် ခါလေး ၊ ထွန်းခင် နှင့် အနှင်းတို့က ခေါင်းငုံ့လျက်။

“ဖြေကြလေကွာ။ ခါးပြတိုက်နေကြတာက၊ နေရာတကာ သေနတ်တပြုပြုနဲ့ ဗိုလ်အောင်ဒင်ဂိုက်ဖမ်းစရာမလိုဘူး၊ မင်းတို့ကို ရဲဘက်က ခြေရာခံမိသွားရင် ဘယ့်နယ်လုပ်ကြမတုန်း၊ မန္တလေးမှာတုန်းက မင်းတို့ရှေ့တင် လှမောင်တို့ ကြင်အေးတို့ ဘယ်လိုသေသွားလဲ..ဟမ်”

လှမောင် နာမည်ပါလာသည့်အတွက် အနှင်းမျက်နှာ က သိသိသာသာ နွမ်းလျသွား၏။

စိန်ခါးမြောင်က သတိထားမိသွားသဖြင့် လေသံကို ပြန်လျှော့လိုက်သည်။

“ဒါရှန်ကွန်ကွ....ငါတို့ အလျှို့ဝှက်ဆုံးနေထိုင်ပြီး လုပ်ကိုင်မှု ငါတို့ ရေရှည်ခံမယ်။ တချို့ကိစ္စတွေ ကိုယ်က ကူညီချင်တယ်ဆိုရင်တောင် အခြေအနေကို ကြည့်ပေါ့ကွာ၊ နေရာတကာ သေနတ်ထုတ်မသုံးကြနဲ့”

“ဟုတ်ကဲ့ပါ..ဆရာကြီး..ကိုခါလေးတို့ ကိုထွန်းခင်တို့မှာ အပြစ်မရှိပါဘူး...အနှင်းအမှားပါ..အနှင်းရှေ့မှာ စားသောက်ဆိုင်က ဟိုမမကို သူတို့က ရိုက်ဖို့လုပ်နေလို့ ရုတ်တရက်စိတ်လွတ်သွားတာပါ”

“ကဲ..ဒီတစ်ခါတော့ ရှိစေတော့..နောက်တစ်ခါ ဒီလိုမျိုးကျရင် ဆင်ခြင်ကြဖို့ပဲ..မဟုတ်လို့ကတော့..ငါတို့တဖွဲ့လုံး အိုးဘိုကျောင်းတုန်းကလို မျိုးကန်းဖို့ပဲရှိတယ်ဆိုတာ နားလည်ထားကြ”

စိန်ခါးမြောင်က ထိုင်နေရာမှ ထပြီး အိမ်ပေါ်သို့ တက်သွားသည်။

ကျန်ရစ်ခဲ့သော မမြကြည်က

“ဒါနဲ့ ခုန..ခါလေးပြောတာ..အဲ့ဒီစားသောက်ဆိုင်တန်းတွေကို ပိုက်ဆံကောက်တယ်ဆိုတဲ့ လူမိုက်နာမည်က ဘယ်သူ”

“ဦးမြကျင်ပါ”

“အေး..သူ့အကြောင်း စုံစမ်းထား...သူပိုက်ဆံတွေ..ဘယ်မှာစုဆောင်းထားလဲ..အတိအကျသိချင်တယ်”
“ဟုတ်ကဲ့..မမကြည်”
ထိုအချိန်တွင် အိမ်ရှေ့မှ လူတစ်ယောက်ဝင်လာသည်။
“မမမြကြည်”
မမြကြည်က အိမ်ရှေ့သို့ ကြည့်လိုက်သည်။
“ဘယ်သူလဲ”
“ကျွန်တော်လေ..ယူန္ဓတ်ပါ..မမှတ်မိတော့ဘူးလား”
သန်းအောင် ခေါ် ယူန္ဓတ်။
ကုလားဗမာအရေးအခင်းကာလ မမြကြည်တို့ မန္တလေးအိမ်တွင် လာခိုနေစဉ် စိန်ပန်းပေါက်ကျော်တို့ အိမ်ကို လာဝိုင်းသည့်နေ့။
ထိုနေ့သည် မောင်ကလေးနှင့် မြကြည်တို့၏ ဆုံဆည်းမှုနိဒါန်း။
“သြော်...ယူန္ဓတ်...ငါ့မောင်..က တကယ့်လူကြီးကြီးကို ဖြစ်လို့..ကိုမောင်ကလေးကတော့ ထောင်ထဲမှာ မင်းနဲ့ တွေ့ခဲ့တာ ပြောတယ်...မင်းအခုလွတ်ပြီလား”
“ကဲ..လာ..လာ အိမ်ထဲဝင်”
ခါလေးတို့က ယခုမှ မြင်ဖူးသော လူစိမ်းယူန္ဓတ်ကို အကဲခတ်နေကြသည်။
“ဆရာကြီးရော..မမမြကြည်”
“ခုပဲ အပေါ်ထပ် တက်သွားတယ်”
“ကျွန်တော် ဆရာကြီးနဲ့ နှစ်ယောက်တည်း စကားပြောစရာရှိလို့”
“ယူန္ဓတ်..အပေါ်တက်ခဲ့”
စိန်ခါးမြောင် က အပေါ်ထပ်မှ လှမ်းပြောသည်။
ယူန္ဓတ်အပေါ်သို့တက်သွားသည်။
စိန်ခါးမြောင်က ဘုရားခန်းရှိ ပက်လက်ကုလားထိုင်တွင် ထိုင်လျက် သတင်းစာတစ်စောင်ကို ဖတ်နေ၏။
“ဒီနေ့ပဲ လွတ်တာလား”
“ဟုတ်ကဲ့..ဆရာကြီး”
“ငါနဲ့ နှစ်ယောက်ချင်းတွေ့ရအောင် ဘာကိစ္စလဲ”
“ကျွန်တော့်ကို ဂန္ဓမာကြီးက စကားလူကြုံပါးလိုက်တယ်”

စိန်ခေါ်မြောင်က ပက်လက်ကုလားထိုင်ကို မှီထိုင်ထားရာမှ ခါးကို ဆန့်လိုက်သည်။

“ဘာတဲ့လဲ”

“ဆရာကြီးလုပ်သွားတဲ့ဇယားတွေ သူအပြင်ရောက်ရင် တာဝန်ယူဖို့ပြင်ထားတဲ့”

“အေးပေါ့ကွာ...တွေ့ကြတာပေါ့..ဒါနဲ့ အထဲမှာ အခြေအနေရော ဘယ်လိုရှိလဲ”

“ဆရာကြီးက လွတ်သွားပေမယ့်..ဂန္ဓမာကြီး ခြောက်ထောင်ပိုင်တန်းစီးချုပ် ရာထူးရသွားတော့ ကျွန်တော်တို့ မချောင်ဘူးဗျ.. ထွန်းရင်ကလည်း တန်းစီဖြစ်လာတယ်..ဂန္ဓမာကြီးတို့က အရင်လို စားဖို့ဆောင်ထဲ ခပ်အေးအေးနေပြီး ကိုယ့်ထိမှ လုပ်တဲ့သူတွေမဟုတ်တော့ဘူး... တစ်ထောင်လုံးကို သူတို့လူတွေ စီးထားလိုက်ပြီ.. နာဂျစ်လူတွေလည်း လက်သည်မပေါ်တဲ့နည်းနဲ့ သေကုန်ကြတယ်..ကျွန်တော်တောင် ဆရာကြီးလူဖြစ်ခဲ့ပေမယ့် နေတတ်ထိုင်တတ်လို့သာ”

“အင်း.မင်းကရော..အခု ဒီကိုလာတာ ဒီကိစ္စပြောဖို့ပဲလား”

“မဟုတ်ပါဘူး..ဆရာကြီး...ကျွန်တော် ဆရာကြီးလက်အောက်မှာ အလုပ်လုပ်ချင်လို့ပါ”

“ဟာ..ငါက အခု ဆေးကုစားနေတာကွ...ဆေးလိပ်ခုံထောင်ပြီး ငါ့တပည့်တွေက ဦးစီးနေတာ..မင်းက ဘာလုပ်ချင်လို့လဲ”

သန်းအောင်က ပြုံးလိုက်သည်။

“ဆရာကြီး..ခိုင်းတာ ဘာမဆိုလုပ်ပါ့မယ်ဗျာ...ကျွန်တော့်မှာ ထောင်ကထွက်လာပြီး စားစရာမှမရှိတာ”

“ငါ့အိမ်တော့ နေလို့မရဘူးကွ”

“မနေပါဘူး..ဒလက ကျွန်တော့်အဖေအိမ်မှာပဲ ပြန်နေမှာပါ..အလုပ်ရရင်တော်ပါပြီ”

“ဟုတ်ပြီ..ငါတို့အလုပ်ကတော့ တစ်လတစ်ခေါက်၊ နှစ်ခေါက်လောက်ပဲရှိတာ... ငါလိုအပ်ရင် မင်းကို ခေါ် ခိုင်းလိုက်မယ်..မင်းလိပ်စာကို မြကြည်ဆီ ပေးထားခဲ့လိုက်..သွားတော့”

.....

“သောင်း” ပျော်ပွဲစားရုံ၊ တရုတ်တန်း။

“ဒီနေ့ ဘာအမြည်းစပါယ်ရှယ်လဲဟေ့”

ဘောင်းဘီရှည်နှင့် စွပ်ကျယ်လက်စကဖြင့် ရန်ကုန်သားဂိုက်ဖမ်းနိုင်ပြီဖြစ်သော ခါလေး က မီးဖိုခန်းထဲသို့ ဝင်လာသည်။

“မသောင်းလက်ရာ...ပုဇွန်မီးဖုတ်သုတ်ရှိတယ်...ခါလေး”
စံဘက အခေါက်ကင်ပွဲပြင်ဆင်နေသည့် စားဖိုမှူးတရုတ်ဘေးတွင် ထိုင်ရင်းက လှမ်းပြောသည်။
“မသောင်းတို့ရော..မတွေ့ပါလား”
“မသောင်းနဲ့ ချောရင် ရန်ကုန်ထောင်ကြီးကို သွားတယ်လေ”
“ဟင်..ဘာသွားလုပ်တာလဲ”
“မသောင်းယောကျ်ားကို ထောင်ဝင်စာသွားတွေ့တာ”
“သြော်..မသောင်းယောကျ်ားကထောင်ကျနေတာလား...ဘာမှုနဲ့လဲ”
“ဘာရယ်မဟုတ်ပါဘူးကွာ..ဒီလိုပါပဲ”
“မင်းတို့ ကိစ္စဘယ်လိုလဲကွ..မီးငြိမ်းသွားပြီလဲ”
“ဒီလတော့ ဦးမြကျင်တပည့်တွေ ငွေတောင် လာမတောင်းဘူးကွ”
“အင်း..သတိတော့ထား..စံဘ..ဒီကောင်တွေ တစ်ခုခုကြံနေတာဖြစ်မယ်”
“ငါလည်း အဲ့ဒီလိုပဲထင်တယ်...ငါ့ကိုခြောက်လုံးပြူးနှစ်လက်လောက်တော့ ဖန်တီးပေးပါဦး..ခါလေး..ဘယ်လောက်ဖြစ်ဖြစ်ဝယ်ပါ့မယ်”
“နှစ်လက်တောင် ဘာလုပ်မလို့လဲ”
“ချောရင်ကို တစ်လက်ပေးထားမယ်လေကွာ..ငါမရှိချိန် သူတို့မိန်းမသားတွေ ချည်း ကာကွယ်လို့ရအောင်”
“အင်း..တစ်လက်ကို တစ်ထောင်လောက်တော့ ကျမယ်ကွ...ကျည်ဆံကတော့ ပေါပါတယ်..ငါလည်း ပဲခူးဘက်က အလံနီတွေဆီက ယူပြီး သနပ်ဖက်ထဲ ထည့်သယ်ရမှာ”
“ရတယ်..ခါလေး..ပိုက်ဆံက ကိစ္စမရှိဘူး”
“ဒါနဲ့ မင်းတို့ကို ငွေတွေလိုက်လိုက်ကောက်တဲ့ ဦးမြကျင်က ဘယ်မှာနေတာ တုန်း”
“သူက နေရာအတည်တကျမရှိဘူးကွ..အလုံ၊ ချန်ဘာဘီဘက်မှာလည်းတိတ် တိတ်ပုံမယားအိမ်ရှိတယ်။ နောက် လတ္တာလမ်းမှာ တရုတ်နဲ့ယူထားတဲ့ သူ့အမ တစ်ယောက်ရှိတယ်၊ အဲ့ဒီအိမ်မှာလည်း နေတတ်တယ်”
“သူတလတလ ရတဲ့ပိုက်ဆံက နည်းမှာမဟုတ်ဘူးနော်”
“မနည်းပြီလားကွာ..ငါတို့တောင် သူ့တစ်လ ငါးဆယ်လောက် ပေးရတာ..တရုတ်တန်းမှာက ဆိုင်ပေါင်းသုံးလေးဆယ် ဆိုတော့ တစ်လထောင့်ငါးရာ

နှစ်ထောင်တော့.. အသာလေးမောင်..ဒါတောင် လောင်းကစားအိမ်တွေ၊ ဖာအိမ်တွေဆို တစ်လ ငါးရာလောက်ပေးရတာရှိသေး..မရှိဘူးဆို ဒီလူတွေ တစ်လ ငါးထောင်တော့ အောက်ထစ်တော့ ဝင်တယ်ကွ၊ ဒီကောင်ကြီး ရှာတဲ့ ပိုက်ဆံကို လတ္တာလမ်းက သူအမ ယောကျ်ားတရုတ်က အမွှေးတိုင်လုပ်ငန်းဘန်းပြပြီး ငွေဖြူလုပ်ပေးနေတာ”

“လတ္တာလမ်းက အဲ့ဒီအိမ်ကို မင်းသိလား”

“သိပါပြီလားကွာ..လတ္တာလမ်းရဲ့ဌာန နားက နှစ်ထပ်တိုက်ဝါကြီးပေါ့ကွ..ဒါနဲ့ မင်းက ဘာလုပ်မလို့လဲ”

“ဘာမှမဟုတ်ပါဘူးကွာ..သိချင်ရုံပါ..ဒါနဲ့ စံဘရာ..မင်းတို့က ဒီကောင်ကြီးကို တယ်ကြောက်ရတာပဲ..သူက တော်တော်ဆိုးမိုက်လို့လား”

စံဘ မျက်နှာတည်သွားသည်။

“ဟေ့ရောင်..ခါလေး..ဂျပန်ခေတ်က ဒေါက်တာဘမောင်ခြံထဲမှာ.အဲ့ဒီ လူမိုက်မြကျင်ဆိုတဲ့ကောင်ကြီးနဲ့ ငါ သူသေ ကိုယ်သေ သတ်ဖူးတယ်ကွ...ငါချီးတွင်းထဲကန်ချထားခဲ့တာကကောင်းလို့ ဒီကောင်ကြီးမသေတာ”

“ဒေါက်တာဘမော်ဆိုတာ အဓိပတိကို ပြောတာလား”

“အေးလေ”

“မင်းတို့က ဘယ်လိုဘယ်လို အဓိပတိခြံထဲမှာ ချကြတာလဲ”

“ထားလိုက်ပါကွာ....ဒီလိုပါပဲ..ငါပြောချင်တာက..ဒီကောင်ကြီးနဲ့ငါ့အကြားကျောင်းတော်က ရန်စရှိတယ်. ကိုကြီးဖိုးတုတ်ရှိတုန်းက ဆို ဒီကောင်တွေလောက် ငါတို့ စာမဖွဲ့ဘူးကွ....အခု ငါတို့က အင်အားနည်းနေတယ်...ကိုကြီးဖိုးတုတ်ညီ ကိုဘသိန်း ကလည်း သူမိသားစုနဲ့သူ ခပ်အေးအေးနေနေပြီ..အခုက..ငါ့နောက်မှာ ချောရင်နဲ့ မသောင်းတို့ မိန်းမသားတွေကရှိသေးတယ်..သူတို့ကို စောင့်ရှောက်ရမယ့်တာဝန်ငါ့မှာရှိတယ်... ..ဒီကောင်တွေနဲ့ ယှဉ်မတိုက်နိုင်သေးဘူး”

“အောင်မယ်...မင်းက စောင့်ရှောက်ထားတယ်သာပြောတာ.ဟိုနေ့က ချောရင် ကမင့်ကို သတ်မယ့်ကောင်တွေကို မီးတုတ်ကြီးနဲ့ ဝင်ဆော်တာ...မင့်ဟာမလည်း မခေဘူး..မောင်”

ခါလေးစကားကြောင့် စံဘက ရယ်မောလိုက်သည်။

ထိုအချိန်တွင် မသောင်းနှင့် ချောရင်တို့ ပြန်ရောက်လာ၏။

“ဟေး..မောင်ခါလေး..ရောက်နေတာကိုး”

“အင်း..မမသောင်းတော့ သူ့လူကြီးမျက်နှာ မြဲင်လာရလို့ထင်တယ်..ရွှင်လို့ ပြဲလို့ ပါလား”
စံဘက လှမ်းနောက်လိုက်သည်။
“ကိုစံဘ..ကိုခါလေးကို တစ်ခုခု တိုက်ဦးလေ..သူသောက်မလို့လာတာထင်တယ်”
“အော်..အေး..ဟုတ်တယ်..ဘီယာပဲ သောက်တော့မယ်..တစ်လုံးလောက်”
“မမသောင်း...လက်ရာအမြည်းနဲ့ ဘီယာလေး ရှေ့မှာ သွားလုပ်ပေးလိုက်ပါလား”
ချောရင်က မသောင်းကို မျက်လုံးချင်းဆုံပြီး ပြောလိုက်သည်။
မသောင်းက ခါလေးကို အပြင်သို့ ခေါ်ထုတ်သွား၏။
ထို့နောက် စံဘ ရှေ့တွင် ချောရင်က ဝင်ထိုင်လိုက်သည်။
“ကိုဂန္ဓမာကြီး ဘာတွေပြောသေးလဲ..ထွန်းရင်ရော နေကောင်းရဲ့လား”
“အားလုံး ကျန်းကျန်းမာမာပဲ...အခု ကိုကြီးဂန္ဓမာ နဲ့ ကျွန်မ သေချာစကားပြောခဲ့ရတယ်... သူက လူတစ်ယောက်နာမည်စုံစမ်းခိုင်းလိုက်တယ်...ကိုစံဘ”
“ဘယ်သူလဲ”
“စိန်ခါးမြောင်တဲ့”
“စိန်ခါးမြောင်”
“ဟုတ်တယ်..ထောင်ထဲက လူသတ်မှုမှာတုန်းက ကိုကြီးဂန္ဓမာတို့ကို တိုက်ထဲပိတ်ခံရအောင် အကွက်ဆင်သွားတဲ့ လူတဲ့..မန္တလေးက လာတာ.သူအခု ရန်ကုန်မှာပဲရှိနေတာသေချာတယ်တဲ့...အဲ့ဒါ သူ့သတင်းစုံစမ်းခိုင်းလိုက်တယ်”
“အင်း..နာမည်ကလည်း ခပ်ဆန်းဆန်းပဲ..မန္တလေးကလာတာဆိုတော့ ခါလေးတို့ သိလောက်တယ်..သူတို့လည်း မန္တလေးကပဲမဟုတ်လား”
ချောရင် က စံဘကို ခေါင်းခါပြလိုက်သည်။
“မဟုတ်သေးဘူး..ကိုစံဘ၊ ကိုခါလေးတို့ဆိုတာ ကျွန်မတို့ သိတာမကြာသေးဘူး.ကျွန်မတို့ တွေ့ချိန်တိုင်း သူတို့မှာ လက်နက်တွေကိုင်ကိုင်ထားတတ်ကြတာ မဟုတ်လား...စုံထောက်တွေဘာတွေလည်း ဖြစ်ချင်ဖြစ်နေနိုင်တယ်... ဒီကိစ္စမျိုးက လူတိုင်းကို လိုက်မေးလို့မဖြစ်ဘူး..ကျွန်မနည်း ကျွန်မဟန်နဲ့ စုံစမ်းပါ့မယ်”
“ဟော့..စံဘ..မိန်းမနဲ့အလွမ်းသယ်နေတာ မပြီးသေးဘူးလား..ဒီမှာ ငါ တစ်ယောက်တည်း သောက်ရတာ ပျင်းတယ်ဟ..လာတော့”
အပြင်ဘက်ဝိုင်းမှ ခါလေးက လှမ်းအော်သဖြင့် စံဘက အပြင်သို့ ထထွက်သွားသည်။

.....

၁၉၅၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်။ နံနက် ၉ နာရီ။

သောင်း ပျော်ပွဲစားရုံထဲသို့ လူသုံးယောက်ဝင်လာသည်။

“မင်းတို့ဆိုင် ဒီနေ့ကစပြီး ပိတ်ရမယ်”

ရွှေဆုံးမှ ဝင်လာသူက ကောင်တာတွင်ထိုင်နေသော မသောင်းကို အော်ပြောလိုက်၏။

အပေါ်ထပ်မှ စံဘက ခါးရှည်ကိုင်ကာ ဆင်းလာ၏။

“ဘယ်သူများလဲလို့...အရှုပ်ပါလားကွ....ဘယ်နှယ့်ယက္ခလို့ နာမည်ပြောင်းလိုက်တာနဲ့ပဲ ငါက မင်းကို ကြောက်ရမှာလား”

“စံဘ...မင်းတို့ခေတ်ကုန်ပြီကွ....မင်းတို့ကောင်တွေ ဒီချိုင်းနားတောင်းမှာရှိနေတာ ကျက်သရေယုတ်လို့.. ငါ လာနှင်ထုတ်တာ...ဒီဆိုင်ခန်းကို ဦးမြကျင်က ပိတ်ခိုင်းလိုက်တာ”

“ဟေ့ကောင်..အဲ့ဒီစောက်ပေါမြကျင် ပိတ်ခိုင်းတိုင်း ငါက ပိတ်ရမှာလား”

ထိုအချိန်တွင် အနောက်ဖက်မှ လူလေးယောက်ခန့် ထပ်ရောက်လာသည်။

ရွှေဆုံးတွင် တိုက်ပုံအင်္ကျီအနက်နှင့် ပလေကပ်ပုဆိုးဝတ်ထားသူ က ဦးမြကျင်။

“ငါကို စောက်ပေါတဲ့လား..ခွေးမသားလေး..ဟေ့ကောင်တွေ ဆိုင်တံခါးတွေ ပိတ်စမ်းကွာ”

ယက္ခ ခေါ်အရှုပ်က တံခါးကို ဆွဲပိတ်လိုက်သည်။ နံနက်စောစောမို့ ဆိုင်အတွင်း စားသုံးသူများမရှိသေး။

ဦးမြကျင်က အိပ်ကပ်ထဲမှ သေနတ်ကို ဆွဲထုတ်လိုက်သည်။

ချောရင်က နောက်ဖေးခန်းတွင် ထားသော သေနတ်ကို ထမီထဲထိုးထည့်ပြီး အပေါ်အင်္ကျီဖြင့် ဖုန်းကာ အပြင်သို့ ထွက်လာလိုက်သည်။

ဦးမြကျင် က စံဘ၏ နဖူးကို သေနတ်ဖြင့် တေ့ထား၏။စံဘက လက်ထဲက ခါးရှည်ကို တင်းတင်းဆုတ်ထားသည်။

ချောရင် ၏ ညာဘက်လက်ကလည်း အသင့်ဆွဲထုတ်ရန် သေနတ်ပေါ်တွင် တင်ထားပြီဖြစ်သည်။

ထိုအချိန်တွင် ဆိုင်ရှေ့မှ ကားသံကြားရပြီး လူတစ်ဦး ပြေးဝင်လာပြီး ပိတ်လက်စ တံခါးကို တွန်းဖယ်လိုက်သည်။

“အကိုကြီး..အကိုကြီး”

ဆိုင်ထဲဝင်လာသူကို ဦးမြဲကျင်က တချက်လှမ်းကြဲည့်လိုက်သည်။
“စိုးညွန့် ဘာဖြစ်လာတာလဲ”
“အကိုကြီး အမ မလှကျင်တို့ လတ္တာလမ်းအိမ်ကို ဓါးပြတွေ ဝင်စီးသွားတယ်....ရှိတာ အကုန်မသွားကြပြီ”
“ဟေ..ဟာ.....မဖြစ်ဘူး..ဟော့ကောင်တွေ...လတ္တာလမ်းကို သွားကြမယ်..ဓါးပြတွေ မိမှဖြစ်မယ်ကွ”
စိုးညွန့်စီးလာသော ဂျစ်ကားပေါ်သို့ ဦးမြကျင်က ပြေးတက်သွားသဖြင့် ကျန်သူများကလည်း ယောင်နနဖြစ်ကာ နောက်က လိုက်တက်ကြသည်။
ရုတ်တရက်ဝင်လာပြီး ရုတ်တရက်ပြန်ထွက်သွားသည့် ဦးမြကျင့်တို့ကို စံဘ မှာ အူတူတူနှင့် ငေးကျန်ရစ်သည်။ မသောင်းကတော့ ကောင်တာပေါ်တွင် အကြောက်မပြေသေး။
“ကောင်းလိုက်တာ..တိုက်တဲ့ဓါးပြ ကျန်းမာပါစေ..ချမ်းသာပါစေတော်”
ချောရင်က ခြောက်လုံးပြူးကို ကိုင်ထားရင်းမှ မေတ္တာပို့လိုက်၏။
တိုက်သည့်ဓါးပြများ။
လတ္တာလမ်း၊ ရဲဌာနနှင့် ကိုက်ငါးဆယ်သာဝေးသော အိမ်ကို
နေ့ခင်းကြောင်တောင် ဝင်တိုက်သောဓါးပြများ။
ဂျစ်ကားတစ်စီး၊ အင်အားကိုးယောက်။
မျက်နှာအဝတ်စီးထားသည့် အမျိုးသမီးတစ်ဦး ခေါင်းဆောင်သည်။
ရဲတပ်ဖွဲ့နှင့် ပစ်ခတ်မှုဖြစ်ပွားပြီး ခုနှစ်ဦးကို မိလိုက်သည်။
သို့သော် တိုက်ရာပါငွေနှစ်သောင်းနှင့် ခေါင်းဆောင်အမျိုးသမီးတစ်ဦး၊ အမျိုးသားတစ်ဦးလွတ်သွား၏။
ရဲတပ်ဖွဲ့က ဖမ်းမိသည့် ဓါးပြများကို စစ်မေးကြသည်။
ဓါးပြများထဲတွင် ထိုအိမ်သို့ ဝင်ထွက်နေသည့် ရေထမ်းသမားနှင့် ထိုအိမ်ရှေ့တွင် မုန့်ဟင်းခါးရောင်းသည့်ဈေးသည်တစ်ဦးပါဝင်သည်။
သူတို့နှစ်ဦးကို အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး က ထိုအိမ်သို့ ဓါးပြတိုက်ရန် ချဉ်းကပ်စည်းရုံးသည်။
ကြိုတင်ငွေအဖြစ် တစ်ယောက်လျှင် တစ်ထောင့်လေးရာကျပ်စီလည်း ပေးသည်။ ဓါးပြမှုပြီးလျှင် တိုက်ရာပါများထဲမှ ဝေစုထပ်ရဦးမည်ဆိုသဖြင့် သူတို့က သဘောတူလိုက်ကြသည်။

ဝေစုများများရမည်ဆိုသဖြင့် နောက်ထပ် လူငါးယောက်ကိုပါ အနီးအနားတွင် ထပ်စုခိုင်းထားသည်။
ထိုအမျိုးသားနှင့် အမျိုးသမီး စီးလာသောဂျစ်ကား လတ္တာလမ်းထိပ် ရောက်လာချိန်..သူတို့ခုနှစ်ဦး က အသင့်လိုက်ပါလာပြီး ရေထမ်းသမားက ဦးဆောင်ကာ အိမ်ထဲဝင်သည်။
အမျိုးသားနှင့် အမျိုးသမီးတွင် ခြောက်လုံးပြူးကိုယ်စီပါကြသည်။
ရွှေဆုံးမှ ဝင်မည့် ရေထမ်းသမားကိုလည်း ခြောက်လုံးပြူးတစ်လက်ပေးသည်။
မုန့်ဟင်းခါးသည်ကို လုပ်သေနတ်တစ်လက်ပေးသည်။
အိမ်ရှိလူများအားလုံးကို ကြိုးဖြင့်တုပ်၊ ပါးစပ်ကို စည်းသည်။
မြကျင်ကြီး အပ်ထားတဲ့ငွေတွေ ပေးဟု ပြောရာ တရုတ်သူဌေးချိန်ကွီး က ဘူးခံနေသဖြင့် အမျိုးသမီးက ခြောက်လုံးပြူးဒင်နှင့်ထုသည်။
နောက်ဆုံး ငွေနှစ်သောင်းနှင့် အခြားပစ္စည်းများလုယက်ယူဆောင်ကြသည်။
အိမ်ရှေ့သို့ လတ္တာလမ်း ရဲဌာနမှ ရဲများရောက်လာသောအခါ ပစ်ခတ်မှုများဖြစ်ကြပြီး အမျိုးသားနှင့်အမျိုးသမီးက ဘယ်အချိန်ဆုတ်ခွာသွားသည်မသိ။
ကျန်သည့်သူများက လက်နက်ချအဖမ်းခံလိုက်ကြသည်။
ထိုအစစ်ခံချက်ကို ရန်ကုန်အနောက်ပိုင်းခရိုင်ရဲမင်းကြီး ဦးစောထွန်း က မကျေနပ်။
မုန့်ဟင်းခါးသည်နှင့် ရေထမ်းသမားသည် ဘယ်ကမှန်းမသိသည့် လူနှစ်ဦးက ခါးပြတိုက်ဖို့ လာစည်းရုံးသည်ဆိုသည်မှာ ယုတ္တိမရှိဟု ယူဆသည်။
စီအိုင်ဒီသို့ ပို့ပြီး တရားခံများကို ဆက်လက်စစ်ဆေးကြသည်။
မုန့်ဟင်းခါးသည်က ခါးပြမှုခေါင်းဆောင်သူနှစ်ဦး ပြောစကားထဲတွင် ဦးလေးကြီး အမိန့်အတိုင်း ဆိုသည်ကို ခဏခဏ ပါနေသည်ဟု ထွက်ဆိုသည်။
ထိုအခြေအနေတွင် ရန်ကုန်ထောင်မှ လွတ်မြောက်သွားသော စိန်ခါးမြောင် လက်ချက် ဖြစ်နိုင်သည်ဟု ရဲက တွက်ဆလိုက်သည်။
ရန်ကုန်တိုင်းဒုရဲမင်းကြီး ဦးသန်း ထံ တင်ပြကြသည်။
ဦးသန်းက စိန်ခါးမြောင်ဂိုဏ်းရန်ကုန်တွင် အခြေပြုနေပြီဖြစ်ကြောင်း၊ ဖမ်းဆီးရမိရေးအတွက် အင်အားများလိုအပ်ကြောင်း ပြည်ထဲရေးဝန်ကြီးသို့ တင်ပြသည်။
သို့သော် ကက်ဘိနက်တွင် အဆိုပါကိစ္စက လေထဲပျောက်ပျက်သွားရ၏။

ဦးမြဲကျင် မှာ လူမိုက်လုပ်ရှာပြီး စုဆောင်းထားသည့် ငွေများ ပါသွားသဖြင့် ခါးပြဲအဖွဲ့နှင့် ပတ်သက်သူများကို တွေ့ရာသရိုင်းခါးမဆိုင်းသတ်ရန် ကြိမ်းဝါးခဲ့သာနေနေရရှာတော့သည်။

စံဘတို့ ဘက်သို့ပင် ပြန်မလှည့်နိုင်ရှာတော့။

ထိုအချိန်တွင် ခါလေးနှင့် အနှင်း တို့သည် စိန်ခါးမြောင်၏ အိမ်အပေါ်ထပ်တွင် တောင်ချမ်းသာရှင်မအား တိုက်ရာပါများ ပုံလျက် ပူဇော်ပွဲတွင် ရှိနေကြသည်။

“ဟိုခုနှစ်ယောက်မိသားစုကို အနှင်းသေချာစုံစမ်းထားတယ်နော်”

“ဟုတ်ကဲ့..ဆရာကြီး”

“သူတို့သေချာပေါက်ထောင်ကျလိမ့်မယ်..စီရင်ချက်ကျပြီးတာနဲ့ သူတို့မိသားစုတွေဆီ ဒီဝေစုတွေ ရအောင်ပို့ပေးဖို့က ဝင်းမောင်က တာဝန်ယူ”

“ဟုတ်ကဲ့...ဆရာကြီး”

“ ဝင်းမောင်နဲ့ မောင်တင် အင်းစိန်ငွေတိုက်ကားဖြတ်လုမယ့်ကိစ္စ စီစဉ်ပါ..ရှေ့မှာခံထားမယ့်လူကို သေချာရွေး...မင်းတို့နဲ့ အဲ့ဒီကောင်တွေကြားမှာ နောက်ထပ် တဆင့်လူခံထားဦး..မင်းတို့ကိုတိုက်ရိုက်မသိစေနဲ့... အခု အနှင်းတို့ လုပ်တာထက် အဆင့်တွေ ပိုခံထားမှဖြစ်မယ်..ဟုတ်ပြီလား”

“အေး..ဒါဆို...မနက်ဖြန်မနက် ငါ ခုနှစ်မိုင်က အဂိုရိတ်ခြံကိုသွားမယ်..ခါလေးအိမ်မှာနေခဲ့..သတိဝိရိယတော့ရှိပါစေ... မြကြည်က ရီရီ ကိုခေါ် ပြီး ဖရေဇာလမ်းက အပေါင်ဆိုင်ဆိုင်ကိုသွားပြီး ဝင်လမ်း၊ထွက်လမ်းတွေ ကြည့်တာဆက်လုပ်ပြီး သဘက်ခါလောက်အကိုဆီ လိုက်ခဲ့..အနှင်းကတော့ အိမ်မှာ ကလေးနဲ့အချိန်ပေးလိုက်ဦး.”

စိန်ခါးမြောင်သည် ၁၉၅၂ ခုနှစ်မှ ၁၉၅၃ ခုနှစ်အတွင် လုယက်မှုများ၊ ခါးပြမှုများကို နောက်ကွယ်မှ ကိုင်တွယ်ခဲ့သည်။

လူမမိသည့်အမှုများရှိသကဲ့သို့ လူမိသည့်အမှုများတွင်လည်း ကြားလူများအဆင့်ဆင့်ခံထားသဖြင့် ရဲတပ်ဖွဲ့မှာ မည်သို့ပင်ခြေရာခံခံ စိန်ခါးမြောင်ထံ မရောက်ခင် အမှုကွင်းဆက်ကား ပျောက်ပျောက်သွားခဲ့သည်။

ထို့ကြောင့် ရန်ကုန်တွင် စိန်ခါးမြောင်ဂိုဏ်းရှိနေသည်ဟူသော အယူအဆကိုပင် ရဲအရာရှိများကိုယ်တိုင် မယုံကြည်ကြတော့။

စိန်ခါးမြောင်၏ နာမည်ကလည်း တဖြည်းဖြည်းမှေးမှိန်သွားလေသည်။

ထိုအခြေအနေဖြစ်အောင် စိန်ခါးမြောင်က စနစ်တကျဖန်တီးခဲ့ခြင်းပင်။

မန္တလေးတွင် ကြုံခဲ့ရသည်များက သူ့အား သင်ခန်းစာများ များစွာပေးခဲ့ပြီမဟုတ်ပါလား။

ဖဆပလအစိုးရ အတွင်းရှိ စိန်ဓါးမြှောင်နှင့် ဆက်ဆံခဲ့ဖူးသည့် ဆိုရှယ်လစ် ခေါင်းဆောင်များသည် ရန်ကုန်၏ ဓါးပြမှု ခုနှစ်ဆယ်ရာခိုင်နှုန်းတွင် စိန်ဓါးမြှောင် နောက်ကွယ်ကရှိကြောင်း သိသော်လည်း ရဲတပ်ဖွဲ့ကို ဖိအားမပေးခဲ့ကြ။
ထိုသို့ဖြစ်ရခြင်း အကြောင်းအရင်းကလည်း ရှိနေသည်။
၁၉၅၂ တွင် ဝန်ကြီးချုပ်ဦးနု၏ ပြည်တော်သာစီမံကိန်းမှာ အရှိန်ရစပြုလာပြီ ဖြစ်သည်။ ပြည်တော်သာစီမံကိန်းအတွက် အမေရိကန် ကေတီအေအဖွဲ့၊ ဓာတ်သတ္တုတူးဖော်ရေးဆိုင်ရာကျွမ်းကျင်သော ပီးယဲစ်သတ္တုတူးဖော်ရေးလီမိတက်နှင့် စီးပွားရေးပညာရှင်ရောဘတ်နသန် တို့အဖွဲ့များကို ငှားရမ်းခဲ့သည်။
ပြည်တော်သာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သည့် ကာလမှာ ရှစ်နှစ်ဖြစ်ပြီး ကုန်ကျမည့်ငွေမှာ ကျပ်ငွေ ကုဋေ ၇၅၀ ဖြစ်သည်။
ဖဆပလသည် ကေတီအေအဖွဲ့ရေးဆွဲသည့် အစီရင်ခံစာပါအချက်များအတိုင်း အကောင်ထည်ဖော်ရန် အမေရိကန်ပြည်ထောင်စုမှ ပေးသော အီးစီအေ အကူအညီကို ရယူခဲ့သည်။
အီးစီအေအကူအညီသည် အရှေ့တောင်အာရှဒေသအတွက် အမေရိကန် ပြည်ထောင်စုမှ ဒေါ်လာ ၆၈ သန်း ကူညီသည့် အစီအစဉ်လည်းဖြစ်သည်။
တရုတ်ပြည်တွင် ကွန်မြူနစ်တို့ အာဏာရရှိသည့်သွားသည့်အတွက် အမေရိကန်က ကွန်မြူနစ်မဟုတ်သော အရှေ့တောင်အာရှနိုင်ငံများသို့ ပေးရန် စီစဉ်ထားသည့် အထောက်အပံ့ငွေလည်းဖြစ်သည်။
ဖဆပလအစိုးရသည့် ကမ္ဘာ့အဆင့်စီးပွားရေးပါရဂူများကို ငွေအမြောက်အများ ပေးကာ ငှားရမ်းပြီး ပြည်တော်သာ စီမံကိန်းကို အသေးစိတ်ရေးဆွဲခဲ့သည်။
ပြည်တော်သာစီမံကိန်းကာလ မြန်မာနိုင်ငံတွင် အမှုထမ်းနေကြသော နိုင်ငြခြားသားပညာရှင်အရေအတွက်မှာ အခြားအိမ်နီးချင်းနိုင်ငံများထက် ပိုများသဖြင့် မြန်မာနိုင်ငံသည် နောင်တခေတ်အရှေ့တောင်အာရှ၏ စီးပွားရေးကို ဦးဆောင်မည့်နိုင်ငံအဖြစ် ကမ္ဘာက ကောက်ချက်ချခဲ့ကြသည်။
ပြည်တော်သာစီမံကိန်းအဆင့်ဆင့်တွင် အာဏာရှိသော ပြည်တော်သာအဖွဲ့သားများကို အစိုးရက လုပ်ပိုင်ခွင့် အာဏာများအပြည့်အဝပေးထားသည်။
သို့သော် ပြည်တော်သာအဖွဲ့များတွင် အတိုက်အခံပါတီမှ ရွေးကောက်ခံအမတ်များ ပါဝင်ခွင့်မရခဲ့ကြ။
ထို့ကြောင့် အတိုက်အခံအမတ်များမှ ဖဆပလအစိုးရသည် အီးစီအေ အထောက်အပံ့ယူသဖြင့် အမေရိကန်နောက်လိုက်ဖြစ်သွားပြီဟုလည်းကောင်း၊ ပင်လယ်ကူးသင်္ဘောဆိပ်များ၊ လေဆိပ်များပြုပြင်နေခြင်း သည် အမေရိ

ကန်ရေတပ်နှင့်လေတပ်ကို အထောက်အကူပေးချင်သဖြင့်ဖြစ်ကြောင်း စသဖြင့် စွပ်စွဲတိုက်ခိုက် လာကြသည်။

အမေရိကန်ကလည်း အီးစီအေ(Economic Cooperation Administration) ဆိုသည့်အမည်ကို အမ်အက်စ်အေ (Mutual Seturity Administration) အဖြစ် အမည်ပြောင်းလိုက်ပြန်သည်။

နိုင်ငံတကာရေးရာများတွင် အမေရိကန်ပြည်ထောင်စုနှင့် သဘောထားထပ်တူရှိသော နိုင်ငံများကို ကူညီပေးသည့် အစီအစဉ်ဟု ခေါင်းစဉ်တပ်လိုက်သည်။

ဖဆပလအစိုးရက ယင်းကဲ့သို့နှောင်ကြိုးပါသောအကူအညီကို လက်မခံကြောင်း ပြန်ကြားလိုက်သည်။

နောက်ဆုံးတွင် အမေရိကန်က အမ်အက်စ်အေ ကို တီစီအေ (Technical Cooperation Administration)သို့ အမည်ပြောင်းကာ နှောင်ကြိုးမဲ့အကူအညီအဖြစ် ဆက်လက်ပေးသွားသည်။

ဖဆပလအစိုးရသည် ပြည်တော်သာစီမံကိန်းကို အကောင်ထည်ဖော်နေစဉ် ကူမင်တန် တရုတ်ဖြူ ကျူးကျော်မှုပေါ်ပေါက်လာခဲ့သည်။

မော်စီတုန်း၏ ကွန်မြူနစ်ပါတီအာဏာရလာသဖြင့် မြန်မာပြည်ဘက်ဆုတ်ခွာလာသော ကူမင်တန်များကို အမေရိကန်က ကူညီပေးနေသဖြင့် ဖဆပလအစိုးရက အမေရိကန်၏ အကူအညီကို ဆက်မယူရန် ဆုံးဖြတ်လိုက်သည်။

၁၉၅၃ တွင် အမေရိကန်မှ ပေးသည့်အကူအညီကို မြန်မာအစိုးရက ဆက်မယူတော့သဖြင့် ပြည်တော်သာစီမံကိန်းမှာ နှိမ်တန်သွားရ၏။

ထိုအချိန်တွင် ဖဆပလအဖွဲ့အတွင်း ဦးနုနှင့် ဆိုရှယ်လစ်ခေါင်းဆောင်များ၏ ပုဂ္ဂိုလ်ရေးအားပြိုင်မှုများက စတင်နေပြီဖြစ်သည်။

ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် ဖဆပလအာဏာရရေးအတွက် ဆိုရှယ်လစ်အုပ်စုများက အနုနည်းရော၊ အကြမ်းနည်းပါသုံးခဲ့ကြသည်။

ထိုအခြေအနေကို ဦးနုက သိသော်လည်း ကိုယ်တိုင်ကိုယ်ကျ မပါဝင်ခဲ့။

ယခုအာဏာရသောအခါမှ ကျောထောက်နောက်ခံအဖွဲ့အစည်းမရှိသော ဦးနု ကို ခေါင်းဆောင်အဖြစ် ထားရှိရခြင်းအတွက်လည်း ဆိုရှယ်လစ်ခေါင်းဆောင်များက မနှစ်မြို့ကြ။

သို့သော် မိမိတို့ ဆိုရှယ်လစ်အချင်းချင်း ခေါင်းဆောင်တင်ထားရသည်ထက်စာလျှင် ကြားလူ ဦးနုကို တင်ထားရသည်ကတော်သေးသည်ဆိုသည့်သဘာမျိုး ဦးနု အပေါ်ထားကြသည်။

ဦးနုကလည်း ဆို့ရှယ်လစ်ခေါင်းဆောင်ချင်း မညီညွတ်မှုအပေါ် ကျင်လည်စွာ အသုံးချနိုင်သည်။
ဆို့ရှယ်လစ်ခေါင်းဆောင်သုံးဦး ညီညွတ်မှုရနေသည့် လက္ခဏာပေါ်သည်နှင့် ဦးနု က ရာထူးမှ နှုတ်ထွက်မည်ဟု အသံပေးလိုက်သည်။
ထိုအခါ ထိုခေါင်းဆောင်သုံးဦး ထဲ မည်သူက ခေါင်းဆောင်လုပ်မည်နည်းဆိုသည့် မေးခွန်းနှင့်အတူ ညီညွတ်မှု ပြိုကွဲကြပြန်သည်။
ဒေးကာနယ်ဂျီရေးညှိ လူပေါ်လူဇော်လုပ်နည်းစာအုပ်ကို ကြေညက်ခဲ့သူ ဦးနု နှင့် နိုင်ငံရေးကစားကွက်များကို ပရိယာယ်ကြွယ်ဝစွာကစားတတ်သူ ဆို့ရှယ်လစ် ခေါင်းဆောင် ဦးကျော်ငြိမ်း၊ သခင်တင်၊ ဦးဘဆွေ တို့ကြား ဆက်ဆံရေးမှာ ကျင်လည်ပါးနပ်မှု၊ ပညာသားပါမှုတို့ဖြင့် အပေါ်ယံအခြေအနေဖြစ်နေခဲ့ပြီ ဖြစ်သည်။
ဦးနုသည် မကြာမီကာလတွင် ဆဋ္ဌမသင်္ဂါယနာတင်ပွဲကြီး ပြုလုပ်ရန်လည်း အကြီးအကျယ်ကြိုးပမ်းနေသည်။
ထိုအခြေအနေမျိုးတွင် မဲခိုးဇာတ်လမ်းကို သက်သေနှင့်တကွကိုင်ထားသည့် စိန်ခါးမြောင်ကြောင့် အစိုးရတစ်တစ်ရာအတိမ်းအစောင်းဖြစ်မည်ကို ဖဆပလထဲမှ ဆို့ရှယ်လစ်များက တွက်ဆမိထားသည်။
ယင်းကပင် စိန်ခါးမြောင်အတွက် အကာအကွယ်တစ်ခုဖြစ်နေတော့၏။

.....

၁၉၅၄ ခုနှစ်၊ မေလ ၁၆ ရက်၊ ည ၁၀ နာရီ။
ရန်ကုန်ထောင်ကြီး ၏ အဆောင်(၁)တွင်ရှိနေသော ဂန္ဓမာသောင်းရီနှင့် ထွန်းရင်တို့ ကို ထောင်မှူးများက တိတ်တဆိတ်လာခေါ်ထုတ်သွားကြသည်။
မေဦးမိုး က တဖွဲဖွဲကျနေသဖြင့် ပူစပ်ပူလောင်နိုင်လှသည်။
ထောင်ဗူးဝရောက်သည်နှင့် ဂန္ဓမာသောင်းရီ နှင့် ထွန်းရင်တို့၏ မျက်နှာကို အဝတ်များစွပ်လိုက်ကြသည်။
ထို့နောက် လက်ထိပ်များနောက်ပြန်ခတ်လိုက်ကြ၏။
“ကျွန်တော်တို့ ကို ဘယ်ခေါ်သွားကြမလို့လဲ”
“ငါတို့လည်းမသိဘူး..အထက်ကလူတွေ လာခေါ်မှာ”
မကြာမီလူတချို့ရောက်လာသံကြားရပြီး ဂန္ဓမာတို့အား ထောင်ဗူးဝအောက်မှ သံတံခါးမှ လှည့်ထွက်ရန် တွဲခေါ်သွားကြသည်။

ထို့နောက် ဂန္ဓမာသောင်းရီနှင့် ထွန်းရင်တို့ကို ကားတစ်စီးပေါ်သို့ တင်ခေါ်လိုက်သည်။
ထူးထူးခြားခြား ကားအတွင်း စံပယ်ပန်းရနံ့များ မွှေးနေ၏။
“ကျွန်တော်တို့ကို သတ်တော့မယ်ထင်တယ်..ကိုဂန္ဓမာ”
“အေး မသတ်ခင် စီးကရက်လေးတော့ သောက်ချင်တာ..ဒါနဲ့ ဆရာတို့..ကျွန်တော် စီကရက်လေးများ သောက်လို့ရမလား”
ဂန္ဓမာက သူတို့နှစ်ဦးဘေးတွင် ထိုင်လာသော လူကို ပုခုံးဖြင့် တိုက်ကာ မေးလိုက်၏။
တဖက်လူက ဘာမှ ပြန်မပြော။
“မတိုက်ရင် ကားပေါ်က ခုန်ချပစ်လိုက်မှာနော်..ဟေ့ကောင်..ထွန်းရင်..ခုန်ချကွာ”
“ဟာ..ဘယ်လိုလူတွေလဲဗျာ...”
ဘေးနားက လူက စိတ်ရှုပ်ဟန်ဖြင့် စီးကရက်ဗူးထဲမှ စီးကရက်ကို ထုတ်လိုက်ပြီး ဂန္ဓမာသောင်းရီခေါင်းကို စွပ်ထားသော အစွပ်ကို ပါးစပ်နားထိလှန်ကာ စီးကရက်တေ့ပေးလိုက်သည်။
ထို့နောက် မီးညှိပေး၏။
“ထွန်းရင်ရေ...လက်နှစ်ဖက်ကို လက်ထိပ်ခတ်၊ မျက်လုံးမှိတ်ပြီး စီးကရက်သောက်ရတာ..မိုက်သားဟ”
“ဟုတ်လား..ဒါဆို ကျွန်တော့်လည်း တိုက်ဗျာ..ဟိုဘက်ကလူကြီး”
“ငါတော့ ဘာကောင်တွေနဲ့ လာတွေ့နေတာလဲကွာ”
ထွန်းရင် ၏ ခေါင်းစွပ်ကို ပါးစပ်နားအထိလှန်ကာ စီးကရက်တပ်ပေးရပြန်သည်။
ကား သည် ရန်ကုန်လမ်းမပေါ်သို့ ပြေးလွှားနေဆဲ။
ဂန္ဓမာပါးစပ်တွင် ခဲထားသော စီးကရက်တစ်ဝက်မကျိုးမီပင် ကားက ထိုးရပ်သွားသည်။
“ကဲ..ဆင်းကြ”
“သတ်မယ်ဆိုလည်း စီးကရက်လေး ကုန်မှ သတ်ကြပါလား ဆရာတို့”
“ဟာကွာ..ဆင်းကြပါဟ..မင်းတို့ကို လက်ထိပ်ဖြုတ်ပေးမလို့”
……
……
……

အခန်း(၂၃)

“ကလောက်..ကလောက်”

ဂန္ဓမာသောင်းရီ နှင့် ထွန်းရင်တို့ကို ခေါ်ဆောင်လာသူများမှ လက်ထိပ်များ ဖြုတ်ပေးလိုက်သည်။

“ဒီခေါင်းစွပ်ကြီးရော..ဖယ်လို့ရပြီလား”

“ရပြီ..ဖယ်တော့”

ခေါင်းစွပ်ကို ဖယ်လိုက်သောအခါ သူ့ရှေ့တွင် ရပ်နေသော လူတစ်ယောက်ကို မြင်လိုက်သဖြင့် အံ့သြသင့်သွား၏။

“မောင်မောင်”

“ကိုဂန္ဓမာ..နေကောင်းတယ်နော်.”

“မောင်မောင်..ငါတို့ကို ခေါ်ထုတ်ခိုင်းလိုက်တာ မင်းလား...မင်းက ဘယ်တွေ ရောက်နေတာလဲ”

“နောက်မှပဲ သေချာရှင်းပြမယ်...ကိုဂန္ဓမာ..အခုလောလောဆယ်..အဘိုးကြီးနဲ့ သွားစော့်လိုက်ပါဦး..ဟေ့..အဘိုးကြီးအပေါ်မှာလား”

မောင်မောင်က စင်ဝင်အောက်တွင် ရပ်နေသော ရှပ်လက်တိုနှင့် လူကို မေးလိုက်သည်။

“ဘုရားဝတ်တက်နေတယ်....ကိုသောင်းရီဆိုတဲ့ တစ်ယောက်ကိုပဲ ဘုရားခန်းအဝကို ခေါ် ခဲ့ပါတဲ့”

“ကဲ..ကိုဂန္ဓမာ..သူနဲ့ လိုက်သွားတော့”

ရှပ်လက်တိုနှင့်လူက ဂန္ဓမာသောင်းရီကို အိမ်ပေါ်ထပ်သို့ ခေါ်သွား၏။

ထွန်းရင်မှာ အောက်ထပ်တွင် မောင်မောင်နှင့်အတူ ထိုင်ကျန်ခဲ့သည်။

အိမ်ပေါ်ထပ် ခေါင်းရင်းဘက်အခန်းတစ်ခုရှေ့တွင် ဂန္ဓမာသောင်းရီ ကို ထိုင်ခိုင်းသည်။

ထို့နောက် ရှပ်လက်တိုနှင့်လူက အခန်းထဲသို့ ဝင်သွား၏။

အခန်းထဲမှ ကြေးစည်သံကြားရသည်။

“အပြင်က ဂန္ဓမာသောင်းရီ ဆိုတာလား”

အခန်းထဲမှ အသံထွက်လာသည်။

“ဟုတ်ပါတယ်”

“မနက်ဖန်ဆို ကျုပ်တို့နိုင်ငံဟာ ကမ္ဘာဗုဒ္ဓဘာသာလောကမှာ သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူတော့မယ်။ ဆဋ္ဌမသင်္ဂါယနာတင်ပွဲကြီးစတင်တော့မယ်”

အထဲက အသံရှင်က လေသံခပ်အေးအေးဖြင့် ပြောနေသည်။

ဂန္ဓမာသောင်းရီ မှာ စိတ်ထဲ ဝေခွဲမရ။

ညည်သန်းခေါင် ထောင်မှ ထုတ်လာပြီး သံသရာဝဋ်ဆင်းရဲမှု လွတ်ကြောင်း တရားများ ဟောခံ ရတော့မည်လားဟု တွေးရင်း ရှုပ်ထွေးနေသည်။

“ဒီတော့ ခုနှစ်ရက်သားသမီးတွေနဲ့ သတ္တဝါတွေကို ကုသိုလ်အလိုငှာ အချုပ်အနှောင်က လွတ်ပေးဖို့ ကျုပ်တို့ စီမံထားတယ်။ မောင်ရင့်အနေနဲ့ ထောင်ထဲမှာတင် လူသတ်မှုနှစ်မှုဖြစ်ထားတယ်လို့ကြားတယ်။ အဲ့ဒါဟုတ်သလား”

“ဟုတ်ပါတယ်...မိတာတော့ နှစ်မှုပေါ့”

“အင်း..ခေသူတော့မဟုတ်ပါလား...ကဲပါလေ...မနက်ကျ လွတ်မယ့်စာရင်းမှာ မောင်ရင်နာမည်ကို ကျုပ်မှာရှိတဲ့ လုပ်ပိုင်ခွင့်နဲ့ ထည့်ပေးလို့ရတယ်”

“ဟုတ်ကဲ့”

“အဲ့ဒီကျေးဇူးတရားအတွက် မောင်ရင် ကျုပ်အပေါ်တော့ သစ္စာခံရလိမ့်မယ်..ခံနိုင်ပါ့မလား”

ဂန္ဓမာသောင်းရီက မျက္မောင်ကို ကြုံ့ရင်း စဉ်းစားနေသည်။

“ကျွန်တော် ဘာလုပ်ပေးရမှာလဲ”

“အဲ့ဒါက ကျုပ်လူတွေမောင်ရင့်ကို ရှင်းပြလိမ့်မယ်။ ကျုပ်လိုချင်တာက ဘယ်အခြေအနေဖြစ်ဖြစ် မောင်ရင်တို့အဖို့ ကျုပ်ဘက်က ရှိနေမယ်၊ ကျုပ်ကို ကာကွယ်ပေးမယ်ဆိုတဲ့ ကတိတော့လိုချင်တယ်။ ဘယ်လိုလဲ”

“ကျွန်တော် ကတိပေးပါတယ်”

“မောင်ရင်...ဒီညကစပြီး ရန်ကုန်ထောင်နဲ့ မသက်ဆိုင်ဘူးသာမှတ်...မောင်ရင် လုပ်ရမယ့်အလုပ်တွေကို မောင်ရင်သူငယ်ချင်း ရေတပ်ဗိုလ်လေးကတဆင့် ဆက်သွယ်ပေးမယ်”

ရုပ်လက်တို့နှင့်လူက မျက်ရိပ်ပြလိုက်သဖြင့် ဂန္ဓမာသောင်းရီက အောက်ထပ်သို့ ပြန်ဆင်းလာသည်။

အောက်ထပ်တွင် ထွန်းရင်ကို မတွေ့ရတော့။

ဂန္ဓမာတို့ကို ထောင်ထဲမှ ခေါ်ထုတ်လာခဲ့သော လူက ကားပေါ်သို့ တက်ရန် ညွှန်ပြသည်။

“ထွန်းရင်ရော”
“ကားပေါ်မှာ..အားလုံးစောင့်နေကြတယ်”
နောက်ထပ် ကားတစ်စီးက စင်ဝင်အောက်တွင် အသင့်ရပ်ထားသည်။
ဂန္ဓမာက ကားနောက်ခံတံခါးကို ဖွင့်ပြီး ထွန်းရင်ဘေးတွင် ဝင်ထိုင်လိုက်၏။
ဒရိုင်ဘာဘေးတွင် မောင်မောင်က ထိုင်နေသည်။
“ကဲ..မောင်မောင်...ခုန ငါတွေ့ခဲ့တာဘယ်သူလဲ..သူက မင်းနဲ့ ဘယ်လိုပတ်သတ်လဲ”
“ခုန ခင်ဗျားတွေ့ခဲ့တာ...ဝန်ကြီးချုပ်ပဲ”
“ဟင်”
“ဟုတ်တယ်...ကိုဂန္ဓမာ”
“မင်းက သူနဲ့ ဘယ်လိုပတ်သတ်တာလဲ”
“ကျွန်တော်နဲ့ ပတ်သက်တာမဟုတ်ဘူး။ ကျွန်တော့်အထက်အရာရှိနဲ့ ပတ်သက်တာ”
“သေချာရှင်းပြပါဦး..မောင်မောင်”
“ကျွန်တော် ထောင်ကြီးရှေ့က ဘိန်းခန်းမှာ တရုတ်အဖတ်ကို သတ်ပြီး ထောင်ကလွတ်တော့ ပုသိမ်ဘက်ရှောင်နေတာ။ စစ်ကြီးပြီးတော့ ရေတပ်အသစ်ဖွဲ့တာနဲ့ ကျွန်တော်ဝင်လိုက်တယ်။ အခု ရေတပ်မှာ ကျွန်တော်က ဒုဗိုလ်ဖြစ်နေပြီ..ကိုဂန္ဓမာ”
“အံမယ်..ဖာဂေါင်းတောင် ဗိုလ်ဖြစ်နေပြီဟ”
ထွန်းရင်က မောင်မောင်ပုခုံးကို ပုတ်ရင်း စလိုက်သည်။
“လီးလား..ဟေ့ကောင်..ငါက အင်္ဂလိပ် ကိုးတန်းအောင်ပြီးသားကွ...မင်းတို့နဲ့ ပေါင်းမိလို့ လူမိုက်ဖြစ်တာ”
“ထွန်းရင် ခဏနေစမ်းကွာ...မောင်မောင် ဆက်ပြော”
“အခု ကြည်းတပ်ထဲမှာက ဆိုရှယ်လစ်စစ်ဗိုလ်အုပ်စုကြီးစိုးနေတာ...ဗိုလ်အောင်ကြီးတို့၊ ဗိုလ်မောင်မောင်တို့ အုပ်စုတွေက အင်အားကောင်းနေတယ်..သူတို့နောက်မှာ ဖဆပလထဲက ဆိုရှယ်လစ်ခေါင်းဆောင်တွေရှိနေတယ် ...အခု ဖဆပလက နောက်နှစ်နှစ်အတွင်း ပြည်သူ့စစ်ဥပဒေတစ်ခု ပြဋ္ဌာန်းပြီး ပြုစောထီး တပ်ဆိုပြီးလက်နက်ကိုင်တပ်အသစ်တစ်ခု ဖွဲ့ဖို့ ပြင်နေတယ်.....ကျွန်တော့်တပ်မှူးက ဆိုရှယ်လစ်စစ်ဗိုလ်တွေနဲ့ အစေးမကပ်ဘူး..ပြီးတော့ ဝန်ကြီးချုပ်နဲ့က ကျောင်းနေဘက်...ပြုစောထီးဖွဲ့တဲ့ကိစ္စမှာ ဝန်ကြီးချုပ်က..ပြုစောထီးထဲကိုလည်း

ဆိုရှယ်လစ်တွေပဲ ကြီးစိုးသွားမှာကို မလိုချင်ဘူး.. သူကို သစ္စာခံမယ့်လူတွေကို လည်း ထည့်ဖွဲ့ချင်တယ်...အဲ့ဒီအတွက် ကျွန်တော့်တပ်မှူးကို လွှဲချခိုင်းတာ...တပ်မှူးကလည်း ကျွန်တော့်ကို တာဝန်ပေးတယ်... ဒါနဲ့ပြီးခဲ့တဲ့လက ကျွန်တော် ခင်ဗျားတို့နဲ့ ဆက်သွယ်လို့ ရလိုရငြား (၁၄)လမ်းကို သွားရှာတော့ ကိုဘသိန်းနဲ့တွေ့တယ်..ကိုဘသိန်းက ဆရာဖိုးတုတ်ဆုံးသွားပြီဆိုတဲ့ကြောင်းနဲ့ ခင်ဗျားမိန်းမ အသောင်းက သောင်းဘားဖွင့်ထားပြီး စံဘတို့နဲ့နေတယ်ပြောလို့ ကျွန်တော် “သောင်း”ဘားကို ရောက်သွားတယ်”

“မသောင်းနဲ့တွေ့ခဲ့တာပေါ့”

“မဟုတ်ဘူး..စံဘ မိန်းမ ချောရင်နဲ့..... ခင်ဗျားကလည်း ထောင်ကျနေတယ်ဆိုတော့...ကျွန်တော့်မှာ ဘာလုပ်ရမှန်းမသိဘူး....အဲ့ဒီမှာ ချောရင်ကို ပြောပြတော့ ချောရင်က ဆဋ္ဌမသင်္ဂါယနာတင်ပွဲအထိမ်းအမှတ် အကျဉ်းသားတွေလွှတ်ပေးမယ်ဆိုတဲ့ သတင်းကို ပြတယ်..ဒီအကွက်ရှေ့ဖို့ သူပဲ ကျွန်တော့်ကို အကြံပေးတာ.. ဒီကိစ္စက အထူးလျှို့ဝှက်မို့ မသောင်းနဲ့ စံဘကိုတောင် အသိမပေးဘဲ ကျုပ်တို့ စီမံနေကြတာ ကြာပြီ..ကိုဂန္ဓမာ”

“အံမယ်..ဒီကောင်မလေးက”

“ဟုတ်တယ်...ချောရင် အကြံအတိုင်း ကျွန်တော် တပ်မှူးကတဆင့် ဝန်ကြီးချုပ်ကို ပြောခိုင်းလိုက်တာ”

“အေးပါ..ဒါနဲ့ မင်းပြောတဲ့ ပြူစောထီးဆိုတဲ့အဖွဲ့က ဘယ်တော့ဖွဲ့မှာလဲ”

“ခုမှ ဥပဒေကြမ်းကိုအတည်ပြုဖို့လုပ်နေတာ..တစ်နှစ်ကျော် နှစ်နှစ်လောက်တော့ ကြာလိမ့်မယ်..ကိုဂန္ဓမာ”

“ဒါဆို နောက်နှစ်နှစ်လောက်မှ ငါ့အလုပ်ရှိမှာပေါ့”

“မဟုတ်ဘူးဗျ..ဒီကြားထဲမှာ ဝန်ကြီးချုပ်ကြီးက ခင်ဗျားကို ကူစေချင်တာရှိသေးတယ်”

“ဘာလဲ..ဘာကူရမှာလဲ”

“ခင်ဗျား စိန်ဓါးမြှောင်ဆိုတဲ့ ဓါးပြဗိုလ်ကိုသိတယ်မဟုတ်လား..ဆိုရှယ်လစ်ပါတီက သခင်သိန်းတို့ နဲ့ စိန်ဓါးမြှောင်အပေးအယူလုပ်တော့ ခင်ဗျားလည်းပါခဲ့တာလို့ ကျွန်တော်တို့ သိထားတာပဲ...အခု သူကို ခင်ဗျားက ထောင်ထဲပြန်သွင်းပေးရမယ်၊ ပြီးရင် သူ့ဆီက ပစ္စည်းတစ်ခုကို ယူပေးရမယ်”

“စိန်ဓါးမြှောင်...မန္တလေးက လာတဲ့ကောင်..ဒီကောင်လူလည်ကွ...ဒီကောင့်ကို ငါ့က သတ်ပါသတ်ချင်နေတာ”

“အဲ့ဒီလောက်တော့ မလိုသေးဘူးဗျ...ပြုံးစေထီးတပ်ဖွဲ့ပြီးရင် ခင်ဗျားမှာ ရွေ့ဆက်လုပ်စရာတွေက ရှိသေးတယ်မဟုတ်လား... ခင်ဗျား လူသတ်မှုထပ်ဖြစ်လို့မရဘူး...ဝန်ကြီးချုပ်ကလည်း စိန်ခါးမြောင်ကို သတ်တဲ့အထိတော့မလုပ်ချင်ဘူးပြောတယ်...အသေးစိတ်အစီအစဉ် ချောရင်မှာ ရှိမှာပါ”

“အေးကွာ...ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ်ကွာ..ဒါနဲ့ ငါတို့ အခု ထောင်ကို ပြန်မှာလား”

“မဟုတ်ဘူး..သောင်းဘားကို သွားမယ်..ဟိုမှာ မသောင်းနဲ့ စံဘတို့လင်မယား မအိပ်ပဲ...ခင်ဗျားတို့ကိုစောင့်နေကြတယ်”

“အေးကွာ....ငါတို့ ဒီလိုလူစုံတက်စုံဖြစ်နေတော့ ဖိုးတုတ်ကြီးကို ရှိစေချင်လိုက်တာ”

ဂန္ဓမာက သက်ပြင်းချလိုက်သည်။

ကားပေါ်တွင် ပါလာသူအားလုံး တိတ်ဆိတ်သွားကြ၏။

မောင်မောင်က စီးကရက်ဗူးနှင့် မီးခြစ်ကို အိပ်ကပ်ထဲမှ ထုတ်လိုက်ပြီး ဂန္ဓမာသောင်းရီထံ ကမ်းပေးလိုက်သည်။

ဂန္ဓမာက စီးကရက်တစ်လိပ်ကို ထုတ်ကာ နှုတ်ခမ်းတွင် တော့လိုက်သည်။

ထို့နောက်မီးခြစ်ကို ခြစ်လိုက်ပြီး မီးညှိကာ တစ်ဖွာဖွာလိုက်၏။

“မောင်မောင်....လမ်းမတော်ဘက်ဝင်ရင် ချိုင်းနားစတန်းရှိခဲ့တဲ့နေရာက ပတ်မောင်းပြီး သွားပေးစမ်းပါကွာ..”

မီးခိုးငွေ့ငွေ့များက ကားပြတင်းမှတဆင့် အပြင်ဘက်ဆီသို့ လွင့်ပါးကျန်ရစ်ကြလေပြီ။

.....

“ကိုဂန္ဓမာ..ကိုဂန္ဓမာ”

တံခါးကို လာထုသံကြောင့် မသောင်းက ပြေလျော့နေသော ဆံပင်များကို ဘီးစပတ်ဖြင့် စည်းလိုက်သည်။

ညတုန်းကလျော့ကျခဲ့သော ထမီကို သေချာပြန်ပြင်ဝတ်ပြီး သွားဖွင့်လိုက်၏။

“ဘာဖြစ်လို့လဲ..စံဘ”

“အောက္မာ..ကိုဘသိန်း ရောက်နေတယ်”

“အေး..အခု မမသောင်း သူ့ကို နှိုးပြီး အောက်ဆင်းခဲ့မယ်”

“အဲဒါဆို ကိုဘသိန်းကို အောက်မှာ ထိုင်ခိုင်းထားတယ်..ကျွန်တော်နဲ့ ချောရင် အပြင်သွားလိုက်ဦးမယ်..ထွန်းရင်လည်းပါမယ်”
ခဏအကြာတွင် ဂန္ဓမာသောင်းရီ ဆိုင်အပေါ်ထပ်မှ ဆင်းလာ၏။
ဘသိန်းက မတ်တပ်ထရပ်လိုက်သည်။
“ကိုဂန္ဓမာ....”
ဂန္ဓမာက ဘသိန်းကို စိုက်ကြည့်ကာ သူ့ရှေ့က ခုံကို ဆွဲယူကာ ဝင်ထိုင်လိုက်သည်။
“ဘသိန်း...ဖိုးတုတ် ကို နောက်ဆုံး မင်းတွေ့ခဲ့တော့ သူဘာပြောသွားသေးလဲ”
ဘသိန်းက သက်ပြင်းချလိုက်သည်။
“အကိုဖိုးတုတ် အလောင်းပဲ ကျွန်တော်မီလိုက်တယ်..ကိုဂန္ဓမာ”
သူတို့ ခေတ္တမျှ တိတ်ဆိတ်နေကြသည်။
“မသင်းမြရော”
“သူကတော့ တောင်ပြုန်းနဲ့ ရန်ကုန်သွားလိုက်လာလိုက်ပဲ....နတ်ကန္ဒားစီး ဟောခန်း ဖွင့်ထားတယ်..အေးအေးဆေးဆေးပါပဲ”
“မင်းရော..ဘာတွေလုပ်နေလဲ”
“အမေဆုံးသွားတော့ ကျွန်တော်တို့လင်မယား..ဘဲဥပွဲရုံပဲ ဆက်လုပ်နေတယ်”
“အေးကွာ..ကောင်းပါတယ်..ကလေးရော ရပြီလား”
“သုံးယောက်ရပြီဗျ”
“အော်..သုံးယောက်တောင်လား”
“ကိုဂန္ဓမာ..ကျွန်တော် တစ်ခု ပြောလို့ရမလား”
“ဘာလဲ.ဘသိန်း”
“အခု ထောင်ကလွတ်ပြီဆိုတော့..အရင် အလုပ်တွေ ဆက်လုပ်မှာလား”
“ဘာဖြစ်လို့ မေးတာလဲ...ဘသိန်း”
“အခုက အင်္ဂလိပ်ခေတ်လိုမဟုတ်တော့ဘူး..ကိုဂန္ဓမာ”
“ငါသိပါတယ်ကွာ..ထောင်ထဲနေပေမယ့်..အပြင်က အခြေအနေတွေ အမြဲ ကြားနေတာပဲ”
“မဟုတ်ဘူး..အကို..ကျွန်တော် အကိုဖိုးတုတ် လို ကိုဂန္ဓမာကို ထပ်မဖြစ်စေချင်တော့ဘူး... ကိုဖိုးတုတ်မရှိလည်း ခင်ဗျားက ကျွန်တော့်အကိုပဲမဟုတ်လား”

“ဟူး...ခက်တယ်..ဘသိန်းရာ....ဒါနဲ့ မင်းအရက်သောက်မလား”
“ကျွန်တော် မသောက်တော့တာကြာပြီ အကို..ပြီးတော့ မနက်စောစောကြီး”
“ငါတော့ သောက်မှရမယ်ကွာ..မင်းကိုမြင်တော့ ငါ့သူငယ်ချင်းဖိုးတုတ်ကို သတိရတယ်..”
“အသောင်းရေ...မောင့်ကို.ဝီစကီတစ်ခွက်နဲ့ ရမ်တစ်ခွက်လောက် တစ်ပက်စီထည့်ခဲ့ပေးပါလား”
ခဏအကြာတွင် မသောင်းက ဝီစကီတစ်ဖန်ခွက်နှင့် ရမ်တစ်ဖန်ခွက်ကို ရေခဲတုံးလေးများ ထည့်ကာ အမြည်းမြေပဲဆားလှော်နှင့်အတူ လာချပေး၏။
“ကျွန်တော် မသောက်ဖူးနော်..အကို”
“အေးပါ...မင်းအတွက်လည်းမဟုတ်ပါဘူး..ငါ့သူငယ်ချင်းဖိုးတုတ်အတွက်ပါ”
ဂန္ဓမာသောင်းရီက ဝီစကီခွက်ကို ခုံလွတ်နေရာတွင် တင်ထားလိုက်ပြီး ရမ်ကို တစ်ငုံငုံလိုက်သည်။
“ဘသိန်း..မင်းသိလား..ဂျပန်ခေတ်တုန်းက မင်းအကိုကို ကင်ပေတိုင်ကဖမ်းသွားတာ..သူ့ကို ငါပြန်ကယ်ထုတ်လာခဲ့ဖူးတယ်.... ငါတို့လောကမှာ ကတိကဝတ်တွေ ကျေးဇူးတရားတွေ များလာလေ...ရှုန်းမရပြုမရဖြစ်လေပဲကွ..အခုလည်း ငါ အပြင်ထွက်လာတာ..အဲ့ဒီ ကြိုးတွေနဲ့ ထွက်လာရတာ.. ငါ ဆက်လုပ်ရဦးမယ်ကွာ....ဖိုးတုတ်ရှိရင်လည်း သူနားလည်မှာပါ”
“ဟုတ်ပါတယ်ဗျာ..ခင်ဗျားတို့ သူငယ်ချင်းနှစ်ယောက် ဟာ ငယ်ငယ်ကတည်းက ဒီလိုအချိုးတွေဆိုတာ ကျွန်တော်သိပါတယ်..ကျွန်တော်ကလည်း စိုးရိမ်လို့ပါ...ကျွန်တော် ပြန်လိုက်ခဲ့မယ်..ဆိုင်က ဖွင့်ရဦးမှာမို့.. မသင်းမြ တောင်ပြုန်းက ပြန်ရောက်ရင်လည်း ကျွန်တော်ပြောလိုက်ပါ့မယ်”
ဘသိန်းက ဂန္ဓမာသောင်းရီကို နှုတ်ဆက်ကာ ထပြန်သွားသည်။
ဂန္ဓမာက ဖိုးတုတ်အတွက် ငှဲ့ထားသော ဝီစကီခွက်ကိုပါ တရှိန်ထိုး မော့ပစ်လိုက်သည်။
“ရော့..အကိုကြီး ရဲ့ထောင်ထွက်လက္ခဏာ”
စံဘ၊ ထွန်းရင်နှင့် ချောရင် ပြန်ရောက်လာပြီး ချောရင် က ဂန္ဓမာသောင်းရီ၏ ရှေ့တွင် ဝင်ထိုင်လိုက်သည်။
“ချောရင်..နင်တို့ ဘယ်ကလာတာလဲ”
“ရန်ကုန်ထောင်ကြီးက ပြန်လာတာပါ....အကိုကြီးတို့အတွက် ထောင်ထွက်လက္ခဏာတွေ သွားယူပေးတာ..ပြီးတော့ ဒီနေ့ လွတ်တဲ့အထဲ အကိုကြီးလူတွေ ပါလာ

တယ်..အဲ့ဒါ သူတို့ကိုပါ အကိုကြီးနဲ့ တွေ့ပေးချင်လို့”
“ဘယ်သူတွေလဲ”
“ကိုထွန်းရင်..အကို့လူတွေ သွားခေါ်လိုက်ပါဦး”
ခဏအကြာတွင် ထွန်းရင်နှင့်အတူ လူနှစ်ဦး ဆိုင်တွင်း ဝင်လာသည်။
“...ချစ်ညိ နဲ့ ဇော်မိုက် ”
“ဟုတ်တယ်...ကိုဂန္ဓမာကြီး....ကျွန်တော်တို့လည်း လွတ်လွတ်ချင်း ကိုထွန်းရင်တို့ လာစောင့်နေတာနဲ့ အကိုကြီးက အလုပ်ပေးမယ်လို့ပြောလို့ တွေ့ရအောင် လိုက်လာကြတာ”
“ဟေ..ငါလည်း မင်းတို့လို အခုမှ လွတ်တာလေကွာ..ဘယ်ကနေ အလုပ်ပေးရမှာလဲ”
“ဟော့ဒီ..မမလေးက ပြောလို့ပါ”
“ဟင်...ချောရင်..နင်က ဘာအလုပ်ပေးမှာလဲ”
“အကိုကြီးအထဲမှာရှိနေတုန်း..ကျွန်မတို့ အနောက်ပိုင်းလူမိုက် မြကျင် အဖွဲ့တွေနဲ့ ပြဿနာတက်ကြတယ်... သူတို့ ကိုစံဘကို သတ်ဖို့ လာလုပ်သေးတယ်..ကျွန်မတို့ ကိုယ်ကျွန်မတို့ ကာကွယ်ဖို့ အင်အားလိုတယ်...အကိုကြီး”
ဂန္ဓမာက မသောင်းကို ကြည့်လိုက်သည်။ မသောင်းက ချောရင်စကားမှန်ကြောင်း ခေါင်းညိမ့်ပြလိုက်၏။
“အေးလေ..အဲ့ဒါတော့ ဟုတ်ပြီ..လောလောဆယ်..နင်က သူတို့ကို ဘယ်က လစာပေးပြီး ဘာအလုပ်ခန့်မှာလဲ ချောရင်”
“ကဲ..ကိုထွန်းရင် ရှင့်လူတွေ ဘာမှမစားရသေးဘူးထင်တယ်..ဆိုင်မှာရှိတာတွေသာ မမသောင်း ကို မေးပြီး ချက်ျွေးထားလိုက်..အကိုကြီးနဲ့ ညီမ စကားပြောစရာရှိတယ်..အပေါ်ထပ်သွားကြရအောင်”
စံဘ၊ ချောရင်နှင့် ဂန္ဓမာတို့ အပေါ်ထပ်သို့ တက်လိုက်ကြသည်။
“စိန်ခါးမြောင်ကို ထောင်ထဲပြန်သွင်းဖို့နဲ့ ပြုစောထီးအဖွဲ့တွက် လူစုထားဖို့ ဗိုလ်မောင်မောင်ကတဆင့် ငွေရှစ်သောင်း ပေးလိုက်တာကို ညီမလက်ခံထားတယ်..အကိုကြီး”
ဂန္ဓမာက ချောရင်ကို တအံတသြစိုက်ကြည့်သည်။
“ဟ ငွေက များလှချည်လား..ဒါတွေကို ငါလည်း ဘာမှ မသိရပါလား..ချောရင်”
“သြော်...အကိုကြီးတို့ က ထောင်ထဲနေနေရတာ..ဘယ်သိမလဲ..ညီမပဲ ဗိုလ်မောင်မောင်နဲ့တွေ့ပြီး အားလုံးစီမံထားရတာ”

“အဲ့ဒါတော့ မောင်မောင် ငါ့ကို ပြောပါတယ်...ပိုက်ဆံကိစ္စတော့မပါဘူး”
“ပိုက်ဆံရော ထောင်ထွက်လက်မှတ်ပါ..ဒီမနက်မှရတာလေ...ဗိုလ်မောင်မောင်ကတော့ တပ်ပြန်သွားပြီ...ဆက်သွယ်စရာရှိတာနဲ့ ပြန်လာလိမ့်မယ်”
“ဒါနဲ့ စိန်ခါးမြောင်က ခုနေ ဘယ်မှာနေမှန်းတောင်ငါမသိဘူး..သူ့ကို ဘယ်လိုငါတို့က လုပ်မှာလဲ”
“စိန်ခါးမြောင် ရုန်ကုန်မှာ သေချာပေါက်ရှိတယ်လို့ အစိုးရပိုင်းက သေချာသိနေတယ်...သူ တစ်နေရာရာမှ အသွင်ပြောင်းနေတာပဲ...အကိုကြီးနဲ့ သူလည်း ထောင်ထဲမှာ ပြဿနာတွေရှိခဲ့တယ်ဆို...ညီမမှာ သူ့ကို ထွက်လာအောင်လုပ်ဖို့ အကြံရှိတယ်..အကိုကြီး... ညီမက အကြံပေးမယ်.အကိုကြီးက အခု ထောင်က ထွက်လာတဲ့ အကိုကြီးတပည့်တွေကို ခိုင်းပေးဖို့ပဲ..”
“အင်း..ချောရင်..နင်မလွယ်ဘူးပဲဟ”
“ညီမတို့ ရပ်တည်ရေးအတွက် လုပ်စရာရှိတာတော့ လုပ်ရမှာပဲ..အကိုကြီး..အခုဆို အကိုကြီးနဲ့ ကိုထွန်းရင်လည်း ရောက်လာပြီ။ ညီမတို့ အစိုးရပိုင်းနဲ့လည်း အဆက်အသွယ်ရှိပြီ..ငွေအားလည်းရှိနေပြီ...လုပ်စရာရှိတာလုပ်ပေးပြီး ကိုယ်လိုချင်တာ တည်ဆောက်ရမှာပဲမဟုတ်လား”

.....

၁၉၅၄ ဩဂုတ်လ ၃ ရက်။ ည ၈ နာရီခွဲ။
ရန်ကုန်မြို့ ကန်တော်လေးရပ်၊ ၈၈ လမ် အိမ်အမှတ်(၃၉) ရှိ ဦးသာချစ် ၏ နေအိမ်သို့ ပစ္စတိုတစ်လက်နှင့် ခါးကိုင်ထားသော လူငါးဦး အိမ်တံခါးကို ခေါက်လိုက်သည်။
ဦးသာချစ်မိန်းမ ဒေါ် စိန်ရင်က တံခါးကို သွားဖွင့်သောအခါ နဖူးကို ပစ္စတိုဖြင့် ထောက်ထားလိုက်၏။
ထို့နောက် လူငါးယောက်လုံး အိမ်တွင်း ဝင်လာကြကာ ဒေါ် စိန်ရင်ကို ခါးဖြင့် ထောက်လိုက်ပြီး “ကျုပ်တို့ စိန်ခါးမြောင်တပည့်တွေပဲ...ရှိတာ အကုန်ထုတ်စမ်း”
ခါးပြများက ဒေါ် စိန်ရင် နှင့် အိမ်သားများကို အိမ်နောက်ခန်းသို့ခေါ်သွင်းသွားပြီး တစ်ရာတန် ငါးရွက်၊ ကျပ်တန်တစ်ရာအုပ် လေးအုပ်နှင့် စုစုပေါင်း ငွေ (၉၀၀)ကို ယူငင်ကြသည်။
ဦးသာချစ်သားထိမှလည်း ရွှေကြယ်သီးကြိုး၊ နာရီ၊ လက်စွပ်များ ချွတ်ယူကြသည်။
ထို့နောက် အခြားပစ္စည်းများအား ထပ်မံရှာဖွေနေစဉ် ဒေါ် စိန်ရင်က အိမ်ရှေ့ ရုတ်တရက်ပြေးထွက်သွားသည်။

“ခါးပြဲတိုက်နေပါတယ်..ခါးပြဲ..ခါးပြဲ”
ရပ်ကွက်မှ လူများက မီးကင်းသံချောင်းကို ခေါက်လိုက်ရာ မကြာမီ လူအုပ်ကြီးက အိမ်ကို ဝိုင်းထားပြီး ရဲတပ်ဖွဲ့ ရောက်လာလေသည်။
ထိုအမှုတွင် စိန်ခါးမြောင်တပည့်ဆိုသူ ငမဲ၊ တင်မောင်၊ မောင်အေးတို့ကို မှခင်းလက်ထောက်ရဲမင်းကြီး ဦးသီးဦးဆောင်သည့် ရဲတပ်ဖွဲ့က ဖမ်းဆီးရမိလိုက်သည်။
သေနတ်ကိုင်သူအပါအဝင် ကျန်နှစ်ယောကျ်ား ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။
.....
“ခါလေး..ထွန်းခင်..အနှင်းတို့ လာကြစမ်း..လာကြစမ်း”
အိမ်ပေါ်ထပ်မှ စိန်ခါးမြောင်၏ အသံကြောင့် ခါလေးနှင့် ထွန်းခင်တို့ အိမ်ပေါ်ပြေးတက်သွားကြသည်။
စိန်ခါးမြောင်က ဗမာ့ခေတ်သတင်းစာကို ကိုင်ထား၏။
“ဒီမှာ ဖတ်ကြည့်စမ်း..ငါတပည့်တွေတဲ့..ကန်တော်လေးမှာ ခါးပြတိုက်သွားတာ..ဒီကောင်တွေ ဘယ်ကကောင်တွေလဲ..မင်းတို့သိလား”
ခါလေးက သတင်းစာကို ယူကြည့်လိုက်သည်။
“ငမဲ၊ တင်မောင် ၊ မောင်အေး တဲ့...ကျွန်တော်တော့ ဒီကောင်တွေကို နာမည်လည်းမသိဘူး လူလည်း တစ်ခါမှ မမြင်ဖူးဘူး..ဆရာကြီး”
“ဒလသန်းအောင်ကို ခုချက်ချင်းသွားခေါ်၊ နောက် လှည်းကူးက ဆရာတင်တို့၊ အင်းစိန်က ငထွေးတို့အဖွဲတွေ အကုန်စုစမ်း။ ဒီကောင်တွေဘယ်အဖွဲ့ကလဲ မေးစမ်း။ ငါမသိပဲ ငါ့နာမည်သုံးရင် အကုန်သတ်ခံရမယ်လို့ ပြောလိုက်..တောက်..ဘယ့်နှယ့်ကွာ..လူးပါးဝလို့”
ကန်တော်လေးခါးပြမှုတွင် တိမ်မြုပ်နေသော စိန်ခါးမြောင်နာမည်သည် သတင်းစာများတွင် ပြန်လည် ပေါ်ပေါက်လာခဲ့သည်။
ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်း(ပမတဆ)၏ အထွေထွေအတွင်းရေးမှူးဖြစ်နေပြီဖြစ်သော ဆရာသိန်း ခေါ် စိန်ခါးမြောင်သည် သူမသိလိုက်ရပဲ သူနာမည်ထွက် ပေါ်လာသော ခါးပြမှုအတွက် အလွန်ပင် ဒေါသထွက်နေခဲ့သည်။
စိန်ခါးမြောင်၏ အုပ်ချုပ်မှုအောက်တွင်ရှိသော နယ်မြေအလိုက်ခါးပြဂိုဏ်းများကလည်း သူတို့လက်ချက်မဟုတ်ကြောင်း အသီးသီး ငြင်းဆိုကြသည်။

စိန်ခါးမြောင် အကြပ်ရိုက်လေပြီ။
စိန်ခါးမြောင်၊ မမြကြည်၊ ခါလေး၊ ထွန်းခင်၊ အနှင်း တို့ သီးသန့်အစည်းအဝေး ပြုလုပ်ကြသည်။
ထိုအစည်းအဝေးတွင် လူသစ်အဖြစ် ဆေးဆရာဆရာတင်လည်း ပါဝင်လာသည်။
“ကန်တော်လေးအမှုကကောင်တွေက ငါ့နာမည်ကို အာချောင်ပြီး ပြောတာ မဟုတ်ရင်...ဒီအမှုနောက်ကွယ်မှာ တစ်ခုခုရှိနေပြီလို့ ငါထင်တယ်..ငါ့ကို ထောင်ချောက်ဆင်တဲ့အကွက်ပဲကွ..လက်သည်ဖြစ်နိုင်တာတော့ သခင်သိန်းပဲ”
“ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ..အကို”
“ဘာမှ ဆက်မလုပ်နဲ့..မြကြည်...လောလောဆယ်...ဒီကောင်တွေ ဘယ်သူတွေလဲဆိုတာ စုံစမ်းဖို့ နီးစပ်ရာအမှုနဲ့ ထောင်ထဲကိုတစ်ယောက်လိုက်သွားမှဖြစ်မယ်”
“ကျွန်တော်လိုက်သွားမယ်..ဆရာကြီး”
ခါလေးက ထပြောသည်။
“ခါလေး..မင်းက ငါ့ဘေးနားမှာ ရှိနေမှဖြစ်မှာလေ..”
“ကျွန်တော်က တကောင်ကြွက်ပါ..ဆရာကြီး...ကျွန်တော်ထောင်ကျလို့ လွတ်မယ်သူ၊ ငိုမယ့်သူမရှိပါဘူး”
အနှင်းက ခါလေး၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။
“အေးလေ....မင်းဆိုရင်တော့ ငါစိတ်ချပါတယ်..ဒါပေမယ့်..အမှုကြီးနဲ့တော့ အကြာကြီးမဝင်နဲ့လေကွာ..တလတန်လောက် အမှုနဲ့ဝင်ပေါ့”
“အနည်းဆုံးလူရိုက်မှုလောက်နဲ့တော့ ဝင်မှ ဖြစ်မယ်ဆရာကြီး..ထောင် အကြောင်းလဲသိသားနဲ့..အမှုသေးရင် လူကို အထင်သေးချင်ကြတာ”
“အေးကွာ..ကိစ္စသိရပြီဆိုတာနဲ့ မင်းလွတ်ဖို့ ငါစီစဉ်ပေးမယ်..ဘာမှမပူနဲ့..ခါလေး မရှိတော့ ခါလေးအလုပ်တွေကို ဝင်းမောင်ပဲ ကြည့်လုပ်ထားလိုက်”
“ဟုတ်ကဲ့ပါ..ဆရာကြီး”
“ဆရာတင် ဟိုတလောက ၂၈ လမ်းက ကုလားသူဌေးသားလေးကို ပြန်ပေးဆွဲတာ ရတဲ့ငွေ တစ်သိန်း ကျုပ်ဆီ နတ်မတင်ရသေးဘူးနော်”
“ကျွန်တော် ဆရာကြီးဆီ နတ်တင်ဖို့ ငွေနှစ်သောင်းကို တလောက လှည်းကူးဖက်ကို သန်းအောင်လာတော့ သူနဲ့ပေးခိုင်းလိုက်ပါတယ်လေ”
“ဟာ..ခေါလေး..ညနေ ဒီကောင့်ကို သွားခေါ်စမ်းကွာ..ကြားထဲက မလည်ရှုပ်လုပ်နေတယ်”

.

.....

ချောရင် က သတင်းစာကို ဂန္ဓမာသောင်းရီ ရှေ့သို့ ဖြန့်ပြလိုက်သည်။

“ဘယ်လိုလဲ..အကိုကြီး..တွင်းအောင်းနေတဲ့ စိန်ခါးမြောင်ကြီး အခုဆို ကလိ ကလိဖြစ်နေလောက်ပြီ”

ဂန္ဓမာက သတင်းစာကို သေချာဖတ်ကြည့်လိုက်သည်။

“လောလောဆယ်တော့...ငါတို့လူသုံးယောက်...ရင်းလိုက်ရတာပဲ”

“ရင်းသင့်တာတော့ ရင်းရမှာပေါ့..သူတို့ကိုလည်း ထိုက်သင့်သလောက်ပေးထားတာပဲကို...မကြာခင်..စိန်ခါးမြောင် ညီမတို့ဆီ သူ့ဟာသူရောက်လာလိမ့်မယ်..အကိုကြီး..ညီမတို့က ထိုင်စောင့်ရုံပဲ”

ထိုအချိန်တွင် စံဘနှင့်ထွန်းရင်က ဆိုင်အပေါ်ထပ်သို့ တက်လာသည်။

“ကိုဂန္ဓမာ..သတင်းထူးပါတယ်”

“ဘာများလဲကွ”

“ကိုဂန္ဓမာလွတ်လာတာနဲ့ပတ်သက်ပြီး မနေ့ညက ဖရေဇာက နာဂျစ်အာရတ်အိမ်မှာ နာဂျစ်နဲ့ ဦးမြကျင် စည်းဝေးကြတယ်...မဂျစ်ခန်းလည်းပါတယ်တဲ့”

“မင်း..ဘယ်ကကြားတာလဲ”

“ဇော်မိုက်ဆီက သတင်းပဲ။ ဇော်မိုက် သူငယ်ချင်းတစ်ချို့က ဦးမြကျင်ဆီမှာ လုပ်နေကြတာ။ အဓိကက လမ်းမတော်မှာ ကျွန်တော်တို့အဖွဲ့တွေ ခြေကုပ်ပြန်မယူနိုင်ရေးအတွက် ခင်ဗျားကို သတ်ကြဖို့ ဆုံးဖြတ်ထားကြတယ်တဲ့”

“ဟား..ဒီစောက်ရူးတွေနဲ့တော့ကွာ...ကဲ..စံဘ ငါ့ကို ချိန်းကြိုးကောင်းကောင်းတစ်ချောင်းလောက် လုပ်ပေးထားစမ်းပါဦး”

“ချိန်းကြိုးထက်အရေးကြီးတာရှိတယ်.....ကိုချစ်ညိုနဲ့ ကိုဇော်မိုက်တို့ကို ဒီဆိုင်မှာလာအပ်ခိုင်းလိုက်တော့...ကိုစံဘ .သူတို့ကို ရသလောက်လူတွေစုခိုင်းထား. ပီကဆံလိုသလောက်ပေးမယ်ပြော..ခြောက်လုံးပြူးနှစ်လက်ကိုလည်း ကျည်အပြည့်ထိုးထား.. ....သိပ်မကြာခင် သူတို့ ဒီဆိုင်ကို ရောက်လာကြမှာအသေအချာပဲ”

ချောရင်ကို ဂန္ဓမာက မျက်မှောင်ကြုံ့ကာ ကြည့်လိုက်သည်။

တစ်စုံတစ်ခု ပြောရန် ပြင်လိုက်ပြီးမှ အံကို ကြိတ်ကာ ထထွက်သွား၏။

ထွန်းရင်က ဂန္ဓမာသောင်းရီ၏ ကျောပြင်ကို ကြည့်ပြီးနောက် နှမဖြစ်သူ ချောရင်ကို ကြည့်ကာ ခေါင်းကို ခပ်ဖြည်းဖြည်းခါလိုက်သည်။

……..……
…….……
……..……

အခန်း(၂၄)

“ချောရင်....နင် ကိုဂန္ဓမာကြီးကို ဘယ်လိုလေသံနဲ့ ပြောလိုက်တာလဲ”
“ဘယ်လိုပြောလို့လဲ...အစ်ကိုထွန်းရင်ရဲ့”
“နင်သိထားဖို့က ဂန္ဓမာသောင်းရီ ဆိုတာ ကိုဖိုးတုတ်မရှိတော့ကတည်းက ငါတို့ ရဲ့ အကိုကြီးပဲ...ငါလည်း ထောင်ထဲမှာ သူ့အရိပ်အာဝါသအောက်နေလာတာ”
“ညီမ..သိပါတယ်...ဒါပေမယ့်...အခု ညီမတို့ ရင်ဆိုင်နေရတာက ဒီနေရာမှာ ရပ်တည်နိုင်ဖို့အရေး လုပ်နေကြရတာ.တချို့ကိစ္စတွေက မိုက်ရဲသတ်ရဲ ရုံနဲ့လည်း မပြီးဘူးဆိုတာလည်း အစ်ကိုတို့ သိစေချင်တာ”
ထိုအချိန်တွင် ခါလေး၊ အနှင်းနှင့် သန်းအောင်တို့ ဆိုင်ထဲဝင်လာသဖြင့် သူတို့ စကားစပြတ်သွားသည်။
“မချောရင်ရေ....ဘီယာနှစ်ပုလင်းနဲ့ ဘဲကင်တစ်ခြမ်းပေးပါ”
ချောရင်က အောက်သို့ ဆင်းသွား၏။
“.မမနှင်းလည်း..ပါတာကို...ဘာသောက်မလဲ...မမ”
“ဆိုဒါပဲသောက်တော့မယ်..ချောရင်”
ချောရင်က ဆိုင်နောက်ဖေးသို့ ပြန်ဝင်သွားသည်။
“ကိုခါလေးတို့ ဆရာကြီးကို ကူပြောပေးပါဦးဗျာ..ကျွန်တော့်ရည်းစားရဲ့ အကို တစ်ယောက် ဗတလစ ရဲ့ အမတော်ကြေးတွေ စာရင်းကွာနေလို့ ခဏစိုက်ထား ပေးရလို့ပါ..ကျွန်တော်ပြန်ပေးမှာပါ”
သန်းအောင်က ခါလေးကို ခပ်တိုးတိုးပြောသည်။
“ဦးလေးကြီး..အကြောင်း..မင်းသိအောင် ငါပြောထားမယ်..သန်းအောင်..ဦးလေး ကြီးဟာ အခက်အခဲရှိရင် နားလည်ပေးတယ်..မင်းဘက်က ပွင့်ပွင့်လင်းလင်း ပြောဖို့သာပဲ..အခုတော့ မင်းက ဆရာတင်နဲ့ ဦးလေးကြီး ကြားမှာ လူလည်ကျ သလိုဖြစ်နေတာ.”
“ဟုတ်ပါတယ်...စိန်ခါးမြောင်ရယ်လို့ မဖြစ်လာခင် ဘုန်းကြီးဘဝကတည်းက သူ ကျွန်တော့်ကို မမမြကြည်တို့ အိမ်မှာ ကယ်ခဲ့တဲ့ကျေးဇူးရှိပါတယ်..ကျွန်တော်က ကျေးဇူးရှင်ကို လူလည်ကျပါ့မလားဗျာ”
ထိုအချိန်တွင် ချောရင်က ဘီယာနှစ်လုံး၊ဖန်ခွက်နှစ်ခွက်နှင့် ဖောက်တံကို ဗန်း ယူလာပြီး ချပေးသဖြင့် သူတို့ စကားစရပ်သွားသည်။

ချောရင်ထွက်သွားပြီးနောက် သန်းအောင်က ဘီယာပုလင်းကိုဖောက်လိုက်ပြီး ဖန်ခွက်ထဲထည့်ကာ ခါလေးရှိရာ တိုးပေးလိုက်သည်။
ထို့နောက်သူ့ရှေ့မှဖန်ခွက်ထဲသို့ ဘီယာကိုဖောက်ထည့်လိုက်ပြီး မော့ချလိုက်၏။
ထိုအချိန်တွင် ဂန္ဓမာသောင်းရီက အပေါ်ထပ်မှ ဆင်းလာသည်။
သန်းအောင်က ဂန္ဓမာသောင်းရီကို မြင်သဖြင့် မျက်စိမျက်နှာပျက်သွား၏။
“ကိုခါလေး...ကျွန်တော်ကိစ္စတစ်ခုရှိတာ မေ့နေလို့...ပြန်တော့မယ်”
သန်းအောင်က ရုတ်တရက် ထကာ ဆိုင်ထဲမှ ထွက်သွားသောကြောင့် ခါလေးနှင့် အနှင်းမှာ အံ့သြနေကြသည်။
“ဒီကောင်ဘာဖြစ်တာလဲ”
အနှင်း က ခေါင်းခါပြပြီး ချောရင် လာချပေးသောဆိုဒါကို ဖန်ခွက်ထဲထည့်ကာ တစ်ငုံသောက်လိုက်၏။
“ခါလေး..နင် တကယ် ထောင်ထဲဝင်မှာလား”
ခါလေးက ရယ်လိုက်သည်။
“...မနှင်းရယ်...ဝင်ပါမယ်ဆိုမှ”
“တခြားလူ ဝင်ခိုင်းပါလားဟာ..ကိုငန်းနက်ကို ဆက်သွယ်ပြီး သူ့လူထဲက တစ်ယောက်ယောက်ကို ဝင်ခိုင်းလည်း ရရဲ့သားနဲ့”
“နေပါစေဗျာ..ကျွန်တော်က..”
“ဘာလဲ..နင်ထောင်ထဲဝင်ရင်..ငိုမယ့်သူမရှိတဲ့ တစ်ကောင်ကြွက်လို့ ပြောဦးမလို့လား”
ခါလေးက အနှင်းကို ပြုံးပြပြီး ဘီယာတစ်ခွက် ထပ်ငဲ့လိုက်သည်။
"နင် မသိပါဘူး..ခါလေးရာ..နင်ေထာင်ထဲသွားရင် ဝမ်းနည်းမယ့်သူ ရှိပါတယ်...အဲ့ဒါ နင်သိလား”
အနှင်းစကားကြောင့် ခါလေး ရုတ်တရက်ငိုင်သွား၏။ ခေါင်းငိုက်စိုက်ကျသွား၏။
အသက်ကို ခပ်ပြင်းပြင်းရှူကာ ခေါင်းပြန်မော့လိုက်ပြီး အနှင်းကို စိုက်ကြည့်လိုက်သည်။
ထို့နောက် ခါလေးက စကားကို တစ်လုံးချင်း ပြောချလိုက်သည်။
“ဘဲကင်ကလည်း မရသေးဘူးလားမသိဘူး.... ကြာလိုက်တာနော်..မနှင်း”
“စောက်ရူး...အရေးထဲ စောက်ငတ်ထနေတယ်..ငါ့မှာ သေနတ်ပါရင်..နင်ခေါင်းပွင့်တယ်..ခါေလး”

အိန္ဒိုးက ခါလေးကို ကြိမ်းဝါးပြီး ထထွက်သွား၏။
ခါလေး တစ်ယောက်တည်း စားပွဲတွင် ကျန်ရစ်ခဲ့သည်။

.....

ဦးမြကျင်။
အသက် (၆၂)နှစ် ဟု ထင်စရာမရှိ။
တောင့်တင်းသောခန္ဓာကိုယ်၊ အသားညိုညိုနှင့်။
ကာကီဘောင်းဘီကိုဝတ်ထားပြီး ဘောင်းဘီနောက်တွင် ခြောက်လုံးပြူးသေနတ်တစ်လက်ကို ထိုးထား၏။
ပင်သောင်ဆိုင်၏ အပေါ်ထပ်သီးသန့်စားပွဲထိပ်တွင် ထိုင်ကာ လမ်းမတော်လူမိုက်ယက္ခ ခေါ် အရှုပ်တိုအဖွဲ့နှင့် အစည်းအဝေးထိုင်နေခြင်းဖြစ်သည်။
အရှေ့ပိုင်းလူမိုက် နာဂျစ်အာရတ် ထံမှ လူများနှင့် ပေါင်းကာ အရှုပ်၏ နယ်မြေအတွင်း ဆိုင်လာဖွင့်ထားကြသော လမ်းမတော်ဖိုးတုတ်အုပ်စုမှ လက်ကျန်လူဂန္ဓမာသောင်းရီ၊ ထွန်းရင်နှင့် စံဘတို့ကို လက်စတုံးရန် အစီအစဉ်ဆွဲနေကြခြင်းပင်။
ထိုအချိန်တွင် သီးသန့်အခန်းအတွင်းသို့ ပင်သောင်ဆိုင်၏ မန်နေဂျာတရုတ် ကမတ်တပ်လာရပ်သည်။
“ဟေ့.ထောင်ကဲ..ဘာကိစ္စလဲ..ငါတို့မခေါ်ဘဲ..ဝင်မလာနဲ့လို့ ပြောထားတယ် မဟုတ်လား”
“ဆရာကီးဦးမြကျင်ကို တွေ့ချင်တဲ့ ည့ီသည်အောက်မှာ ရောက်နေလို့ပါ”
“ဘယ်သူတဲ့လဲကွ”
“ဂန္ဓမာသောင်းရီတဲ့”
“ဟမ်”
ဦးမြကျင် က ခါးကြားမှ သေနတ်ကို ဆွဲထုတ်ကာ အောက်သို့ဆင်းရန် မန်နေဂျာကို တွန်းဖယ်လိုက်သည်။
သို့သော် ဦးမြကျင်မျက်နှာကို တစ်စုံတစ်ခုဖြင့် ကန့်လန့်ဖြတ် အရှိန်ဖြင့် ဝင်ရိုက်ခြင်းခံလိုက်ရသည်။
ဖြောင်းခနဲ့ အသံနှင့်အတူ ဦးမြကျင် လက်ထဲမှ သေနတ်လွင့်ထွက်သွားပြီး မျက်နှာကို အုပ်ကာ လဲကျသွား၏။

ဂန္ဓမာသောင်းရီက ပင်သောင်ဆိုင်၏ ဘုရားစင်ဘေးတွင် အလှူချိတ်ထားသော ကြေးပုတီးကုံးကြီးဖြင့် ဦးမြကျင် မျက်နှာအား ဖျက်ရိုက်လိုက်ခြင်းဖြစ်သည်။
အရှုပ်မှာ ဂန္ဓမာကြီးကို ရုတ်တရက်မြင်လိုက်ရသဖြင့် မှင်သက်နေမိသည်။
ဂန္ဓမာက ကြေးပုတီးဖြင့် အရှုပ်၏ မျက်နှာကို ထပ်မံဖြတ်ရိုက်လိုက်သော်လည်း အရှုပ်က သတိရှိသဖြင့် ခေါင်းငုံ့ ရှောင်လိုက်သည်။
အရှုပ်တပည့်တစ်ဦးက ဂန္ဓမာကို ဘီယာပုလင်းဖြင့် ပစ်ပေါက်သည်။
ဂန္ဓမာက ရှောင်လိုက်သဖြင့် ပုလင်းမှာ နံရံနှင့်ထိပြီး ခွမ်းခနဲကွဲသွား၏။
ဂန္ဓမာက အောက်တွင် လဲနေသော ဦးမြကျင်ကို ဖြတ်ကန်လိုက်ချိန်တွင် အရှုပ်က ခါးမြောင်ဖြင့် ဝင်လုံးတော့သည်။
ဦးမြကျင် က ဂန္ဓမာလက်ချက်ကြောင့် ပြုတ်ကျသွားသော ခြောက်လုံးပြူးကို လိုက်ရှာနေသည်။
အရှုပ်၏ လူသုံးယောက်က ဂန္ဓမာကို ပုလင်းများဖြင့် ဝိုင်းရိုက်ကြသည်။
“မအေလိုးတွေ..အကုန်သတ်ကွာ”
ဆိုင်ထဲသို့ စံဘနှင့် ထွန်းရင်တို့ ပြေးဝင်လာကြသည်။
အောက်ထပ်တွင် ရှိသော အရှုပ်တပည့်များကလည်း တုတ်များဖြင့် ဝင်ရိုက်ကြသဖြင့် ရှုပ်ထွေးကုန်သည်။
ထွန်းရင်က ဆိုင်ရှေ့အခေါက်ကင်မှန်ပုံးရှေ့မှ ခါးမကို ဆွဲကာ လိုက်ခုတ်သည်။
အရှုပ်တပည့်များနှင့် ထွန်းရင် ရှုပ်ထွေးနေချိန်တွင် စံဘက အပေါ်ထပ်သို့ တက်ရန် ကြိုးပမ်းနေ၏။
ဂန္ဓမာက ကြေးပုတီးကို လက်တွင်ပတ်ကာ အရှုပ်၏ မျက်နှာကို အဆက်မပြတ် ထိုးနေ၏။
အရှုပ်တပည့်များကလည်း သူတို့ဆရာအား ဂန္ဓမာလက်မှလွတ်ရန် ဂန္ဓမာခေါင်းကို ပုလင်းများဖြင့် ဝိုင်းရိုက်ကြသည်။
သို့သော် ဂန္ဓမာကား မလွတ်။
အရှုပ်မျက်နှာက မြင်မကောင်းအောင် သွေးများဖြင့် ရွဲစိုနေသည်။
ဦးမြကျင်က စားပွဲခုံအောက္မ သေနတ်ကို ရသွားသည်။
“ဟေ့ကောင်တွေ..ဖယ်”
အရှုပ်တပည့်နှစ်ယောက်က ဖယ်လိုက်ချိန်တွင် ဦးမြကျင် က ဂန္ဓမာသောင်းရီ၏ ကျောပြင်ကို ချိန်ပြီး သေနတ်ကို မောင်းတင်လိုက်သည်။

“ဟေ့..နှမလိုးကြီး”
ဦးမြကျင်နောက္မ အသံကြားသဖြင့် လှည့်လိုက်ချိန်တွင် စံဘက ခက်ရင်းဖြင့် လည်ပင်းကို စိုက်ချလိုက်ပြီဖြစ်သည်။
သွေးများ ဗွက်ခနဲ ထွက်လာ၏။ ဦးမြကျင်က အားခနဲအော်ရင်း သေနတ်မောင်းကိုဆွဲချလိုက်သည်။
ဒိုင်းခနဲ အသံနှင့်အတူ စံဘ လွင့်ထွက်သွား၏။
ဦးမြကျင်က စံဘကို နောက်တစ်ချက် ပစ်ရန် ချိန်လိုက်သည့်အချိန်တွင် ခါလေး ရောက်လာပြီး သူ့ခေါင်းပေါ်သို့ ဖန်ခွက်ဖြင့် ထုလိုက်သဖြင့် ရှေ့သို့ လဲကျသွားသည်။
ခါလေးက ဖန်ခွက်ကို ကိုင်လျက် ဦးမြကျင် အနီးမှ အရှုပ်တပည့်တစ်ဦးကို လိုက်ထုပြန်သည်။
ဂန္ဓမာသောင်းရီက သူ့လက်ထဲတွင် ပျော့ခွေနေသော အရှုပ်ကို လွှတ်ကာ ဘီယာပုလင်းအကွဲတစ်ခုကို ကောက်ယူပြီး သေနတ်ကိုင်လျက် ပြန်ကုန်းထနေသော ဦးမြကျင်ကို ဝင်လုံးကာ လည်ပင်းကို စိုက်ချလိုက်သည်။
ဦးမြကျင် ငြိမ်သက်သွားသည်။
အရှုပ်တပည့်များလည်း အောက်သို့ ဆင့်းပြေးကြ၏။
ခါလေးက တဖက်ခန်းမှ အရက်ပုလင်းတစ်လုံး သွားယူပြီး စံဘ၏ ကျည်ထိထားသော ပုခုံးပေါ်သို့ လောင်းချပေးသည်။
စံဘက နာလွန်းသဖြင့် အံကြိတ်နေ၏။
“ဟေ့ကောင်..အဲ့ဒါ ရမ်ပုလင်းကြီးကွ...နှမြောစရာကြီး..တဝက်ပဲလောင်းပြီး..ဒီဘက်ကိုပေး”
လဲကျနေသော ဦးမြကျင် ပေါ်တွင် ထိုင်နေသော ဂန္ဓမာသောင်းရီက ခါလေးထံမှ ပုလင်းကို တောင်းသဖြင့် ခါလေးက ကမ်းပေးလိုက်သည်။
ဂန္ဓမာက ခါလေး ဘေးနားမှ ဖန်ခွက်ကို ကောက်ယူကာ ရမ်နည်းနည်းထည့်ကျင်းကာ ဦးမြကျင် မျက်နှာကို ပက်လိုက်သည်။
ထို့နောက် ရမ်နှစ်ပက်ခန့်ထပ်ထည့်ပြီး မော့ချလိုက်၏။
ခါလေးမှာ ဂန္ဓမာသောင်းရီကို မသောင်းယောက်ျား အဖြစ်သာ သိထားသော်လည်း ယခုကဲ့သို့ လူသတ်ပြီး အလောင်းပေါ်ထိုင်ကာ အေးအေးဆေးဆေး ရမ်ထိုင်သောက်နေသည်ကိုမြင်ရသည့်အခါ တအံ့တသြဖြစ်နေ၏။

ထိုအချိန်တွင် ဆိုင်ရှေ့ဘက်ဆီမှ ရဲကားသံများ၊ ဝီစီမှုတ်သံများ ကြားလိုက်ရသည်။
ထွန်းရင်က ခါးမကို ကိုင်ကာ ဆိုင်ပေါ်ထပ်သို့ ပြေးတက်လာ၏။
“ရဲတွေလာနေပြီကွ”
“ထွန်းရင်.နဲ့ ခါလေး.မင်းတို့ ကိုဂန္ဓမာကို ခေါ် ပြီး အနောက်ဘက် ကနေ ခုန်ချပြေးကွာ..ငါနေခဲ့မယ်”
“စံဘ.မင်းရူးနေလား....အတူတူပြေးမယ်လေ”
“ဟေ့ကောင်..မြို့လည်ခေါင် လူသတ်မှုကွ..မြကျင်ကြီးကတော့သေပြီ..ဟိုတရုတ်လည်း သေမှာပဲ...မင်းနဲ့ ကိုဂန္ဓမာက ထောင်ထဲအကြာကြီးနေခဲ့တာ..ပြန်မဝင်နဲ့တော့..ငါလည်း တစ်ခေါက်လောက်ဝင်ဖူးတယ်ရှိအောင်.ဝင်မလို့ကွ”
“စံဘ..ငါတို့နဲ့လိုက်ခဲ့”
“မလိုက်ဘူး..ကိုဂန္ဓမာ..ခင်ဗျားလုပ်စရာတွေအများကြီးကျန်သေးတယ်..ဒီတခါအထဲပြန်ဝင်ရင် အစိုးရက ခင်ဗျားကို သတ်ပစ်မှာသေချာတယ်...သွားပါဗျာ...သွား”
ထိုအချိန်တွင် နောက်ဖေးပေါက်တံခါးမှ ချစ်ညို ဝင်ချလာသည်။
“ဟေ့လူတွေ..ရှေ့မှာ ရဲတွေရောက်နေပြီ....မြန်မြန်လာကြတော့”
“ဟ..ချစ်ညို မင်း ဘယ်လိုရောက်လာတာလဲ”
“နောက်လမ်းမှာ မချောရင်လည်း စောင့်နေတယ်..မြန်မြန်လာကြတော့”
“ကဲ..သွားကြပါတော့ဗျာ..သွားကြ”
ထွန်းရင်က ဂန္ဓမာသောင်းရီကို တွဲကာ ခေါ်ထုတ်သွားသည်။
ဂန္ဓမာက စံဘကို တစ်ချက်ကြည့်ကာ
“အေး..ဒါဆိုလည်း ငါသွားပြီ..ေရာ့...ဒီမှာ ဘုရားစင်နားက ငါဖြုတ်လာတဲ့ကြေးပုတီး..မင်းထွက်ရင် ပြန်ချိတ်ပေးခဲ့ပါဦး”
ဂန္ဓမာက သူ့လက်ထဲမှ ကြေးပုတီးကို စံဘ ထံ ပေးကာ ထွက်သွား၏။
ခါလေးက ထိုလူစုကို အံ့သြတကြီးဖြစ်နေသည်။
“မင်းတို့ကောင်တွေ ဘယ်လိုကောင်တွေလဲဟ..စံဘ..မသောင်းယောက်ျားကြီးကလည်း လူသတ်ပြီး ရမ်တောင်သောက်နေသေး”
“ဟေ့ကောင်..ခါလေး..မင်းက ဘာထိုင်လုပ်နေတာလဲ...မင်းလည်းသွားလေ”

“ငါလည်း ရန်ကုန်ထောင်ကို မရောက်ဖူးလို့..စံဘ..အဖော်ရှိတုန်း အတူဝင်ကြဲ့ မယ်လေ”

“ဒါနဲ့ မင်းက ဘယ်က ဘယ်လို ရောက်လာတာလဲ..ခါလေး”

“မနှင်း ထွက်သွားတော့ မင်းတို့ဆိုင်မှာ ငါတစ်ယောက်တည်းကျန်ခဲ့တယ်ကွ..မင်း တို့ကို မတွေ့တော့ မသောင်းကို မေးကြည့်တယ်..မသောင်းမျက်နှာကလည်း တစ်ခုခုကို စိုးရိမ်နေပုံပဲ..အစ်အောက်မေးတော့မှ သူ့ယောကျ်ား တစ်ယောက်တည်း ဦးမြကျင်ကို သတ်ဖို့ထွက်သွားတာ..မင်းတို့က နောက်က လိုက်သွားတယ်ဆိုလို့..ငါလည်း နောက်က လိုက်လာတာပဲ”

“မင်းကွာ..မင်းနဲ့ လည်း မဆိုင်ပဲနဲ့”

“ငါနဲ့ မဆိုင်ဘူးဆိုပြီး နေရင်..ဟိုတခါ ဗားကရာမှာထဲက မင်းသေနေပြီ..စံဘ..ပြီး တော့ ငါ့လည်း ရန်ကုန်ထောင်ထဲ ဝင်စရာကိစ္စလေး နည်းနည်းရှိလို့ပါကွာ”

သေနတ်သံများကြားသည်ဆို့သဖြင့် ရဲဝန်ထောက်ဦးဘဟန် ဦးဆောင်သော အဖွဲ့ သည် ပင်သောင် စားသောက်ဆိုင် ထဲသို့ စနစ်တကျနေရာယူကာ ဝင်လာကြသည်။

ဆိုင်အတွင်း မားဒဏ်ရာအလူးလူးဖြင့်လဲကျနေသော အရွယ်တပည့်လူမိုက်များကို တွေ့ကြရသည်။

ဆိုင်အပေါ်ထပ်သို့ မန်နေဂျာက လက်ညှိုးထိုးပြသည်။

ရဲများတက်သွားကြသည့်အခါ စားပွဲဝိုင်းဘေး ထိုင်ခုံပေါ်တွင် လူနှစ်ဦး ထိုင်ကာ စကားလက်ဆုံကြနေသည်။

တစ်ဦးက ပုခုံးတွင် ရထားသော သေနတ်ဒဏ်ရာကို လက်ဖြင့် အုပ်ထားသည်။

သူတို့ခြေရင်းတွင်တော့ ခြောက်လုံးပြူးသေနတ်ကိုကိုင်လျက် အသက်ပြောက် နေသော ရန်ကုန်အရှေ့ပိုင်းလူမိုက်ဂိုဏ်းချုပ်ကြီးဆိုသည့် ဦးမြကျင်။

နဘေးနားသွေးအိုင်ထဲတွင် အသက်ငင်နေသူမှာ လမ်းမတော်လူမိုက် ယက္ခခေါ် အရှုပ်။

.....

သောင်းဘား။

ဂန္ဓမာ၏မျက်နှာမှ ဒဏ်ရာများကို မသောင်းက ဆေးထည့်ပေးနေသည်။

ထွန်းရင်၏ လက်မှ ဓါးဒဏ်ရာကို ချစ်ညိုနှင့် ဇော်မိုက်က ပက်တီးစည်းပေး နေ၏။

ချောရင် က ခြောက်လုံးပြူးသေနတ်ကို စားပွဲပေါ်တင်ကာ ထိုင်နေသည်။

“အဲ့ဒါနဲ့ပဲ..ရှင်တို့က ကျွန်မယောကျ်ားကို ထားခဲ့ကြတယ်ပေါ့”
ဂန္ဓမာကဘာမှ မပြော။
“စံဘက သူနေခဲ့မယ်ပြောလို့ပါ.....သူပြောသလို ကိုဂန္ဓမာမှာ လုပ်စရာတွေရှိသေးတယ်လေ..ချောရင်.နင်လဲ သိသားနဲ့”
ချောရင်က ဂန္ဓမာကို စူးစိုက်ကြည့်လိုက်သည်။
“သွားမယ်ဆို ကျွန်မကို နည်းနည်းပါးပါးတိုင်ပင်ကြပါလား.... အခု ကျွန်မဆွဲထားတဲ့ အစီအစဉ်တွေ အားလုံး ကပေါက်တိကပေါက်ချာဖြစ်ကုန်ပြီ...ကိုဇော်မိုက်နဲ့ ကိုချစ်ညို လူတွေ ကို ကျွန်မ အသင့်စုထားပြီးမှ လူအင်အားနဲ့ သွားကြရင်တောင် ဒီလောက် ဖြစ်စရာမရှိဘူး..ရှင်တို့ကြောင့် ကျွန်မယောကျ်ားသေသွားရင် ဘယ်လို လုပ်မလဲ..ပြောလေ..ပြော”
ဂန္ဓမာသောင်းရီက မသောင်း၏ လက်ကို ဖယ်လိုက်ပြီး ချောရင်ရှေ့တွင် မတ်တပ်ရပ်လိုက်သည်။
ထို့နောက် ချောရင်၏ ပုခုံးကို ကိုင်ကာ
“ညီမလေး..အကိုတောင်းပန်ပါတယ်..စံဘက အကိုညီပါ...ထွန်းရင်ကလည်း အကိုညီပါ.ချောရင်ကလည်း အကိုညီမလေးပါပဲ”
ချောရင် က စားပွဲပေါ် ရှိ ခြောက်လုံးပြူးကို ယူလိုက်သည်။
“ဟော့ဒီ သေနတ်က ပစ်ရင်တော့ ကျည်ထွက်တာပဲ..ဒါပေမယ့်..သွေးဆူပြီး ထစ်ခနဲဆို ထ မောင်းဆွဲတာနဲ့ ပစ်မှတ်ကို သေချာချိန်ပြီး မောင်းဆွဲတာ တော့ မတူဘူးဆိုတာ အကိုကြီး နားလည်မှာပါ... မလိုအပ်ပဲ ကိုယ့်ကျည်ဆံတွေကို မဖြုန်းပစ်သင့်ဘူး..လောလောဆယ်တော့ ကျွန်မတို့ဆီမှာ ကိုစံဘ လျော့သွားပြီ... ဒီကြားထဲ ကိုခါလေးက ပါသွားသေးတယ်”
“စံဘလျော့သွားပေမယ့်..မြကျင်ကြီးလည်းသေပြီလေ..ချောရင်...ငါတို့ ဒီလောကမှာ တိုက်ခဲ့ခိုက်ခဲ့ကြတာ အရတော့ တစ်ခုခုကို နိုင်ချင်ရင် တစ်ခုခုတော့ ရင်းရတာပဲ..အဲ့ဒါကိုလည်း နင်နားလည်ထား”
ထွန်းရင်က ဝင်ပြောလိုက်သည်။
“မြကျင်သေတာနဲ့ ဒီကိစ္စပြီးမယ်လို့ ထင်လား...နာဂျစ်အာရတ်က မြကျင်တပည့်တွေကို စုပြီး ကျွန်မတို့ကို မီးကုန်ရမ်းကုန် တိုက်လိမ့်မယ်..အဲ့ဒါကို ရော့ အကို ထွန်းရင် တွေးမိလား..ရှေ့ဘာဆက်ဖြစ်မယ်ဆိုတာ ရှင်တို့အားလုံး နည်းနည်းလေးတောင် တွေးကြရဲ့လား”
“ချောရင်...ဒီမှာ နင့်ထက် အားလုံးအကြီးတွေချည်းပဲ..နင်စကားပြောတာ လွန်မလာနဲ့”

ဂန္ဓမာက ထွန်းရင်ကို လက်ကာပြဲလိုက်ရင်း...
“ကဲ..ထွန်းရင်..မင်း မပြောနဲ့တော့..ကဲ..ငါနှမ ချောရင်...နောက်ဆို အကိုကြီးတို့ တိုင်တိုင်ပင်ပင်လုပ်ပါ့မယ်လို့ ကတိပေးပါတယ်...အကိုကြီးအထဲရောက်နေချိန်က မသောင်းကို ချောရင်တို့ လင်မယားစောင့်ရှောက်ပေးထားတဲ့ ကျေးဇူးတွေရှိနေတာပဲ...စိတ်ချပါ..အကိုကြီးတို့ နောက်ကိစ္စတွေအကောင်းဆုံးဖြစ်အောင်လုပ်ကြမယ်... အကိုကြီးတို့ သူ့အမှုအတွက် အကောင်းဆုံး စီစဉ်ကြတာပေါ့”
“လောလောဆယ်..ညီမ ကိုစံဘကိုတွေ့ရမှဖြစ်မယ်..ဘယ်မှာသွားတွေ့ကြမလဲ”
“လောလောဆယ်တော့ သွားမတွေ့နဲ့ဦး..ချောရင်...ဒီကိစ္စ မောင်မောင့်ကို ငါတို့ အသိပေးပြီးမှ လုပ်စရာရှိတာ ဆက်လုပ်ရမယ်.နာဂျစ်အာရတ်လူတွေရော၊ ဦးမြကျင်လူတွေရော၊ ရဲဘက်ကပါ တို့တွေကို သေချာစောင့်ကြည့်နေမှာ..ဦးမြကျင်ကို သတ်လိုက်တဲ့ကိစ္စ လက်တုံ့ပြန်လာမှာ စိုးရတယ်”
“အကိုကြီးဂန္ဓမာ ရှင် ဘာမှမသိဘူး...ကိုစံဘ ကို ကျွန်မတို့ အမြန်ဆုံးတွေ့ရမှတော့ဖြစ်မယ်..နို့မဟုတ်ရင်..ဟူး”
ချောရင်က သက်ပြင်းချကာ ခေါင်းကိုခါယမ်းလိုက်သည်။
အပြင်ဘက်ရှိ ညကား နက်သည်ထက် နက်လာနေတော့သည်။
.....
“ခါလေးနဲ့အတူ ဖမ်းခံရတာ ဘယ်သူတွေလဲ”
“ကျွန်မတို့ ထိုင်ေနကျ တရုတ်တန်း သောင်း ဘားက စံဘဆိုတဲ့ တစ်ယောက်ပါ..ဆရာကြီး”
“ဘယ်လိုဖြစ်ကြတာတဲ့လဲ”
“ကျွန်မလည်း သူ့ကို ထားခဲ့ပြီး ဆိုင်ကာ ထွက်လာတာ။ နောက်ပိုင်း ဘာတွေဆက်ဖြစ်ကြတယ်မသိဘူး။ ပင်သောင်ဘားမှာ လူသတ်မှုနဲ့ ဖမ်းခံရတယ်ဆိုပြီး ပုလိပ်က လာအကြောင်းကြားမှ သိတာပဲ”
“ဟုတ်ပြီ..အနှင်း...ခါလေးကတော့ သူ့အလုပ်သူ တာဝန်ကျေကျေလုပ်သွားပြီပဲ...သူ့အမှုကိစ္စကို လျော့ပေါ့အောင် လုပ်ပေးဖို့ လုပ်စရာရှိတာလုပ်ရမယ်..တင့်ဆွေကို ကြေးနန်းရိုက်..ဒီမှာ ဘယ်ရှေ့နေနဲ့ ဆက်သွယ်ရမလဲဆိုတာ မေး... ခါလေး ထောင်ကြီးချုပ်ရောက်တာနဲ့ သူ့ဆီ ထောင်ဝင်စာတွေ့ရင်း သတင်းတွေမှန်မှန်ယူဖို့ ရင်ရင် ကို တာဝန်ပေးမယ်”
“ကျွန်မကိုပဲ တာဝန်ပေးစေချင်ပါတယ်...ဆရာကြီး”
အနှင်းက ထပြောသည်။

စိန်ခါးမြောင်က အနှင်းကို ကြဲည့်ရင်း ပြုံးလိုက်သည်။
“အင်း..နေပါဦး...ညည်းက အဲ့ဒီနေ့က ခါလေးနဲ့အတူ အဲ့ဒီဆိုင်ကို နှစ်ယောက်တည်းဘာသွားလုပ်ကြတာတုန်း”
“ကိုသန်းအောင်က ဆရာကြီးကို ဟိုပိုက်ဆံကိစ္စ ဖြောင့်ဖြပေးဖို့ ပြောကြရင်း ထိုင်ဖြစ်ကြတာပါ”
“အင်း..သန်းအောင်က အဲ့ဒီနေ့ ညကပဲ ငါ့ကို ပေးစရာရှိတဲ့ ပိုက်ဆံလာပေးသွားတယ်လေ...ညည်းက ဘာလို့ ခါလေးကို ထားပြီး ထပြန်လာရတာတုန်း”
အနှင်းက ခေါင်းငုံ့သွားသည်။
“ကဲ..ဆက်မမေးတော့ပါဘူး...အနှင်းပဲ ခါလေးကို တွေ့ဖို့လုပ်တော့..သူ့ကို ဘယ်စခန်းက ဖမ်းတာလဲသိလား”
“ညက လမ်းမတော်စခန်းမှာ သွားမေးပြီးပြီ...လူဆိုးဂိုဏ်းချုင်းတိုက်ပွဲလို့ ယူဆလို့ အလယ်ပိုင်းခရိုင်၊ ဒုစရိုက်နှိမ်နင်းရေးကို လွှဲပေးလိုက်တယ်တဲ့၊ ကမ်းနားလမ်း ပုလိပ်ရုံးကြီးမှာ စစ်နေပြီး ဘယ်သူမှ တွေ့ခွင့်မပေးသေးဘူးတဲ့”
“ခါလေး..နဲ့ အတူ ရန်ဖြစ်ကြတဲ့လူတွေက လူဆိုးဂိုဏ်းသားတွေလား”
“ဟုတ်တယ်....အနောက်ပိုင်းက နာမည်ကြီးလူမိုက် ဦးမြကျင်လေ...ဆရာကြီးသိပါတယ်..ဟိုတခါ ကျွန်မတို့ သူ့အမအိမ်ကို ဝင်တိုက်ပြီး သူ့ငွေတွေယူခဲ့ကြသေးတယ်လေ”
“ငါသိပြီ..အနှင်း....တခါလည်း သောင်းဘား လား အဲ့ဒီမှာ မိုက်ကြေးခွဲနေလို့ ညည်း သေနတ်နဲ့ ဝင်ချိန်ရတယ်ဆိုတာ”
မမြကြည်က ဝင်ပြောသည်။
“အင်း...ဟုတ်တယ်..အဲ့ဒီကိစ္စ ရန်ညိုးတွေနေမယ်...ပြီးတော့...အခု ခါလေးနဲ့ အတူ ဖမ်းခံရတာ အရင် လမ်းမတော်ဖိုးတုတ်ဆိုလား လူမိုက်ကြီးရဲ့ညီတဲ့...သူတို့အဖွဲ့က ထောင်ထွက်တွေလည်းပါနေတယ်တဲ့.. ဂန္ဓမာပန်းဆိုလား... ဂန္ဓမာကြီးဆိုလား...နာမည်ကြီးလူမိုက်ဟောင်းတစ်ယောက်လည်း ပါတယ်လို့ လူတွေပြောတာ ကြားတာပဲ”
“ဂန္ဓမာ.....ဟုတ်လား”
စိန်ခါးမြောင် က ပက်လက်ကုလားထိုင်တွင် ထိုင်နေရာမှ ရုတ်တရက်ခါးကို ဆန့်ကာ မတ်လိုက်သည်။
……
……
……

အခန်း(၂၅)

“မမနှင်း”

“ဘယ်တုန်းကတည်းကရောက်နေတာလဲ..ချောရင်..ဘယ်လိုလဲ..ကိုစံဘကို တွေ့လို့ရလား”

“မရပါဘူး...မမနှင်းရယ်....စုံထောက်ဘက်က စစ်ဆေးရေးဆက်လုပ်နေလို့ဆိုလား..ရမှန်တောင် ဘယ်အချိန်ယူလိုက်ကြမှန်းမသိဘူး..ရုံးတင်တရားစွဲမှပဲ တွေ့ခွင့်ရမယ်တဲ့”

ရန်ကုန်ပုလိပ်ရုံးကြီးရှေ့မှ ချောရင်နှင့် အနှင်း။

“အထဲမှာ သူတို့အဆင်ရော ပြေကြပါ့မလားမသိဘူး”

“ဟုတ်တယ်..မမနှင်း..ကိုထွန်းရင်တို့ ပြောတာတော့ ကိုစံဘမှာလည်း ဒဏ်ရာတွေရထားတယ်တဲ့...ရဲဘက်က သေချာမကုပေးရင်တော့ ဒုက္ခပါပဲ...ဩော်..ဒါနဲ့..မမနှင်း..ကိုခါလေးက ဆေးဆရာကြီးဆရာသမီးရဲ့တပည့်ဆို...ဆေးပညာတတ်မှာပေါ့”

ချောရင်စကားကြောင့် အနှင်းမျက်နှာ ရုတ်တရက်တည်သွားသည်။

ထို့နောက် ပြန်ပြုံးပြလိုက်ပြီး

“ဟုတ်တယ်....ကိုခါလေးက ဆရာကြီးရဲ့တပည့်ရင်းလေ...ဆေးတော့ နည်းနည်းပါးပါးကုတတ်ပါတယ်”

“ဟူး..တော်ပါသေးရဲ့...မမနှင်းရယ်...ဒီလိုဆိုတော့ ကိုစံဘအတွက် စိတ်နည်းနည်းအေးရတာပေါ့”

“ကဲ..ချောရင်..မမနှင်း ပြန်တော့မယ်”

“ညီမဌားလာတဲ့ တက္ကစီပါတယ်..ညီမ လိုက်ပို့ပေးမယ်လေ”

“ရပါတယ်..ညီမရဲ့...အမဟာ အမ တက္ကစီဌားသွားလိုက်မယ်”

“မမနှင်းက ဘယ်ပြန်မှာလဲ”

“ပုဇွန်တောင်ဘက် ပြန်မှာ.ချောရင်ရဲ့”

“အို..နီးနီးလေးပဲ...ချောရင်လည်း ကိုစံဘကိစ္စစိတ်ညစ်နေတာ..စိတ်ပြေလက်ပျောက် မမနှင်းအိမ်လိုက်လည်မယ်နော်..ကလေးလေးလည်းမတွေ့ရတာကြာပြီမို့လား”

အနှင်းက ရုတ်တရက်ငြိမ်သွားသည်။
“ဘယ်လိုလဲ..မမနှင်း.ချောရင်ကို အိမ်အလည်မခေါ်ချင်ဘူးပေါ့”
“မဟုတ်ပါဘူး..ချောရင်ရယ်..မမနှင်းက ဆရာကြီးတို့လင်မယားနဲ့ ကပ်နေရတာ..သူတို့ အိမ်အောက်ထပ်မှာ နေတာလေ..အဲ့ဒီတော့ဟိုမှာက ဆေးကုလူနာတွေဘာတွေနဲ့ ချောရင် အနေရကြပ်မှာစိုးလို့”
“အို..ရပါတယ်..မမနှင်းရဲ့...ချောရင်လည်း နောက် နေထိုင်မကောင်းရင်.ဆရာကြီးကို လာပြလို့ရတာပေါ့”
“အင်းလေ..ချောရင်လည်း ဒီအချိန်စိတ်ညစ်နေမှာပေါ့..စိတ်ပြေလက်ပျောက်လိုက်ချင် လိုက်ခဲ့ပါ”
ချောရင်က အနှင်းလက်ကို ဆွဲကာ ကားပေါ်သို့ တက်လိုက်သည်။
ကားကလေးက ကမ်းနားလမ်းမှ ပုဇွန်တောင်ဘက်ဆီသို့ မောင်းထွက်သွားတော့သည်။
.....
“မမတို့ ဆရာကြီးက ဘယ်မှာ ဆေးကုတာလဲ”
“ဆေးခန်းက ဒီအောက်ထပ်မှာပဲ..အနှင်းရဲ့..ဒီနေ့က ဆေးကုရက်မဟုတ်တော့ အပေါ်မှာ ဆရာကြီးအဓိဌာန်ပုတီးစိပ်နေမယ်ထင်တယ်”
“ဩော်..အမတို့ ဆရာကြီးက သူတော်ကောင်းကြီးပဲနော်..ချောရင် တွေ့ဖူးချင်လိုက်တာ”
“တွေ့လို့ရပါတယ်..ချောရင်ရဲ့..လာအပေါ်ထပ်သွားမယ်”
အနှင်းက ချောရင်ကို အိမ်ပေါ်ထပ်သို့ ခေါ်သွားသည်။
ကြီးမားလှသောဘုရားစင်ကြီးရှေ့တွင် အုန်းပွဲငှက်ပျောပွဲများထိုးထား၏။
ဘုရားစင်ရှေ့တွင် တပ်လင်ခွေထိုင်နေသည့် အသက် ၄၀ ခန့်ရှိ လူကြီးတစ်ဦး။
“အနှင်း..ဧည့်သည်လည်းပါတာကိုး...မောင်ခါလေးကိုရော အချုပ်မှ တွေ့ခဲ့လား”
“မတွေ့ခဲ့ရပါဘူး...ဆရာကြီး..ဒါ ကိုခါလေး နဲ့ ရန်ဖြစ်တဲ့အမှုမှာ ပါခဲ့တဲ့ ကိုစံဘရဲ့ ဇနီးလေ..ဆရာကြီးကို တွေ့ချင်တယ်ဆိုလို့ ခေါ်လာတာ”
“ဩော်..ကလေးမ..ငယ်သေးတာကိုးကွယ်..အင်း..လူငယ်တွေ တယ်မိုက်ကြတာပဲ...သူတို့ သိသလောက်လေးနဲ့ မိုက်ကြတာကိုး..ခက်သားကွယ်”
“ဆရာကြီးအဓိဌာန်ပုတီးပြီးသွားပြီလား”
“ပြီးသွားပြီ..တရားဆက်ထိုင်မလားလို့လေ”

“သြော်..ဟုတ်ကဲ့...ဒါဆို အနှင်းတို့ကို ခွင့်ပြုပါဦးနော်”
“အေး..အေး..ကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒတွေ ပြီးမြောက်ပါစေကွယ်”
.....
၁၉၅၄ အောက်တိုဘာလ ၁ ရက်နေ့တွင် စံဘနှင့် ခါလေးတို့ကို လသာတရားရုံးတွင် တရားစွဲဆိုခဲ့သည်။
တရားရုံးအချုပ်တွင် ခေတ္တချုပ်ထားစဉ် အနှင်းနှင့် ချောရင်တို့ ရောက်လာကြသည်။
“နင် အဆင်ပြေရဲ့လား..ခါလေး”
ခါလေးက ပြန်မဖြေ။ အနှင်းကိုသာ စိုက်ကြည့်နေသည်။
“ဟဲ့..နင်အဆင်ပြေရဲ့လားလို့..ငါမေးနေတယ်လေ”
“ဟုတ်..ပြေပါတယ်..ဒါနဲ့ ဆရာကြီးရော”
“ဆရာကြီးက နောက်ရက်လာတွေ့လိမ့်မယ်..ရော့..ဒီမှာ နင့်အတွက် ဘဲကင်..သေချာကြည်စားနော်”
အနှင်းက ဘဲကင်ကို ထိုးပေးပြီး ထွက်သွားရန် ပြင်လိုက်သည်။
“မနှင်း....”
ခါလေး ခေါ်သံကြောင့် အနှင်းက လှည့်ကြည့်လိုက်သည်။
“ဟို..ဘဲကင်က အချဉ်ရည်မပါဘူးလားလို့”
“ကမန်းကတန်းဝယ်လာရလို့ တောင်းဖို့ မေ့လာတယ်ဟေ့”
အနှင်းက ခါလေးကို မျက်စောင်းထိုးကာ လှည့်ထွက်သွား၏။
“မနှင်း...”
အနှင်း ဒုတိယမြိုလှည့်ကြည့်မိပြန်လေပြီ။
“ဘာလဲဟာ”
“မနှင်းကို ကျွန်တော် ချစ်တယ်”
အနှင်းမျက်နှာ နီရဲသွားသည်။
ခါလေးအသံက ကျယ်သွားသဖြင့် မလှမ်းမကမ်းတွင် တိုးတိုးတိုးတိုးဖြင့် စကားပြောနေကြသော စံဘနှင့် ချောရင် ပါ သူတို့ထံ အာရုံရောက်သွား၏။
အခြားလာတွေ့နေသူများကလည်း သူတို့နှစ်ယောက်ကို ကြောင်ကြည့်နေကြသည်။

ခါလေးက ဘဲကင်ထုပ်ကလေးကိုင်ကာ အနှင်းမျက်နှာကို ငေးနေသည်။
“ဒီမသာကတော့..သေတော့မယ်.ဒါရည်းစားစကားပြောရမယ့်နေရာလားဟဲ့”
အနှင်းက အောက်နှုတ်ခမ်းကိုကိုက်ပြီး လှည့်ထွက်သွားသည်။
စံဘနှင့် ချောရင်က သူတို့ကို ကြည့်ရင်း ပြုံးလိုက်ကြသည်။
ထိုအပြုံးများတွင် အဓိပ္ပါယ်များစွာဖြင့်။
.....
“ညီမ မှာ ပြောစရာရှိတယ်..ကိုဂန္ဓမာ.”
ဂန္ဓမာသောင်းရီ၊ မသောင်းနှင့် တရုတ်ပုံစံဖြင့် အသားဖြူဖြူလူတစ်ဦး စကားထိုင်ပြောနေရာမှ ခေတ္တရပ်သွားသည်။
“အေး..အပေါ်ကစောင့်နေ..ချောရင်.ဒီမှာ ဧည့်သည်နဲ့ ငါ့စကားပြောနေလို့.ခဏနေ တက်လာခဲ့မယ်”
ချောရင်က အပေါ်ထပ်သို့ တက်သွားသည်။
“အဲ့ဒါ..ဘယ်သူတုန်းဗျ”
“ကိုဖိုးတုတ် ညီဝမ်းကွဲလေး စံဘကို သိတယ်မဟုတ်လား...အလိန်”
“အင်း..ဘိုးထင်နဲ့တခါတခါတွဲပါလာတတ်တဲ့..ကောင်လေးမဟုတ်လား”
“ဟုတ်တယ်..အဲ့ဒါ သူ့မိန်းမပဲ..ထွန်းရင်ရဲ့ညီမအရင်း”
“အင်း..ပုံစံကြည့်ရတာတော့ အကြောခပ်တင်းတင်းပဲ”
ဂန္ဓမာသောင်းရီက ရယ်လိုက်သည်။
“လူငယ်တွေဆိုတော့လည်း..ဒီလိုပါပဲဗျာ...ကျွန်တော်တို့တုန်းကလည်း ဒီလိုပဲမဟုတ်လား..ခင်ဗျားကို တွေ့တော့ ကိုမိုးကိုတောင်သတိရမိတယ်”
“အင်း..ဟုတ်တယ်..ငမိုးရော ဖိုးတုတ်ရောကတော့ အေးချမ်းသွားပါပြီကွာ.ကျန်ခဲ့တဲ့ ငါတို့သာ ရှုန်းနေကန်နေကြရသေးတာ..ကဲ..ငါပြန်ဦးမယ် သောင်းရီ..မင်းတို့မှာလည်း ကိစ္စရှိသေးတယ်မဟုတ်လား..ငါပြောထားတဲ့ကိစ္စသာ ခေါင်းထဲထည့်ထား...နောက်ရက် ငါပြန်လာခဲ့မယ်”
အလိန်က ဂန္ဓမာနှင့် မသောင်းတို့ကို နှုတ်ဆက်ကာ ထပြန်သွားသည်။
အလိန်သည် နာမည်ကျော်လူမိုက်ကြီး ဗိုလ်တစ်ထောင်ငမိုးနှင့် ဆိုးဖော်ဆိုးဖက် ငယ်သူငယ်ချင်းဖြစ်သည်။
ဒုတိယကမ္ဘာစစ်ကြီးစတင်ချိန်တွင် အလိန်သည် စင်ကာပူသို့ ရောက်ရှိနေခဲ့သည်။

ဂျပန်ခေတ်တစ်လျှောက် စင်ကာပူတွင် အခြေပြုကာ ဆေးပြင်းလိပ်လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ပြီး မလေးရှား၊ ပီနန်းတစ်လျှောက်ဆေးရွက်ကြီး ကုန်ကူးခြင်းကို လည်း လုပ်ကိုင်ခဲ့သည်။

ထိုမျှမက အလိန်သည် အင်္ဂလိပ်အစိုးရနှင့် ဂျပန်အစိုးရတို့နှင့် တည့်အောင်ပေါင်း တတ်ပြီး စီးပွားရေးအကွက်မြင် သည့် လုပ်ငန်းရှင်တစ်ဦးဖြစ်လာခဲ့သည်။

ဂန္ဓမာသောင်းရီ၊ မသောင်းနှင့် ချိုက်ဟုန်တို့ ပီနန်းကျွန်းသို့ ရောက်ရှိနေထိုင်ချိန် တွင် အလိန် နှင့် ဆုံတွေ့ပြီး အလိန်က အကူအညီများစွာပေးခဲ့သည်။

အလိန်ထွက်သွားပြီးနောက် ဂန္ဓမာသောင်းရီနှင့် မသောင်းတို့ အပေါ်ထပ်သို့ တက် လိုက်ကြသည်။

“ညီမ စိန်ခါးမြောင် နေတဲ့နေရာကိုသိခဲ့ပြီ။ စိန်ခါးမြောင်ကိုလည်း တွေ့ခဲ့ပြီ..အကို ကြီး”

ဂန္ဓမာသောင်းရီက ခုံကို ဆွဲယူကာ ထိုင်လိုက်သည်။

“သေချာရဲ့လား...ချောရင်”

“သေချာတယ်..အကိုကြီး...ဒီဆိုင်ကိုလာလာနေတဲ့ အနှင်း ဆိုတာ သူ့အိမ်မှာနေ တာ..အခု ကိုစံဘနဲ့ အတူတူထောင်ကျနေတဲ့ ခါလေးဆိုတာလည်း သူ့တပည့် ပဲ..ညီမ အကုန်သိပြီးပြီ”

“ညည်းက ဘယ်ကနေ ဘယ်လိုသိရတာလဲ”

“ညီမ မှာ သေချာတဲ့သတင်းတွေရှိတယ်..အကိုကြီး...လောလောဆယ် အဲဒီလူ ကိစ္စ အရင်ဖြတ်လိုက်ကြရင်ကောင်းမယ်ထင်တယ်..သူ့ကို အစိုးရက မြန်မြန်ဖမ်း လိုက်ရင် ကျွန်မတို့ ကိစ္စတစ်ခု ပြီးပြီ”

“အဲဒီလောက်လွယ်ပါ့မလား..ချောရင်”

“ချောရင်က သေချာအကွက်ချစီစဉ်ပြီးမှ လုပ်တာပါ..အကိုကြီး...ဒီနေ့ သူ့အိမ် ပေါ်ထိတက်ပြီး သူနဲ့ စကားပြောပြီးပြီ...ဟင်းဟင်း”

“သူကဘယ်မှာနေတာလဲ”

“သူက သူ့ကိုယ်သူဆရာသိန်းဆိုပြီး ပုဇွန်တောင်ဘက်မှာ ဆေးကုနေတာ..ခါးပြ က သူတော်ကောင်းဂိုက်အပြည့်နော်..အဟက်..ကဲ..ညီမ ဗိုလ်မောင်မောင်ကို ဆက်သွယ်လိုက်တော့မယ်..သူ့ကိုဖမ်းမိဖို့ အရေးကြီးတယ်”

“ဒါနဲ့ စံဘတို့နဲ့ ဒီနေ့ တွေ့ခဲ့လား”

“တွေ့ခဲ့တယ်..အဆင်ပြေသွားမှာပါ... ခါလေးဟာ စိန်ခါးမြောင်တပည့်မှန်း ကိုစံ ဘကို ကျွန်မ ပြောခဲ့လိုက်တယ်.. ညီမတို့က သူတို့ထက် ခြေတစ်လှမ်းသာနေ

ပြီ..အကိုကြီးရေ.."
ဂန္ဓမာနှင့် မသောင်းက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။
.....
အောက်တိုဘာလ ၄ ရက်၊ တနင်္ဂနွေနေ့။
နေ့လည် ၂ နာရီ။
ဖဆပလလက်အောက်ခံ ဗမာနိုင်ငံတောင်သူလယ်သမားအစည်းအရုံး(ဗတလစ)၏ အင်းစိန်ရုံးခွဲသို့ မျက်နှာဖုံးစွပ် လူငါးဦး သေနတ်များဖြင့် ဝင်ရောက်လာပြီး စိုက်ပျိုးစရိတ်ချေးငွေ ငါးသောင်းခုနှစ်ထောင်ကို လုယူသွားခဲ့သည်။
ထိုလူစုသည် ဂျစ်ကားပေါ်တက်ခါနီးတွင် "စိန်ခါးမြောင်တဲ့ဟေ့" ဟု အော်ဟစ်ကာ သေနတ်ဖောက်သွားကြ၏။
ထိုသတင်းကား ရန်ကုန်မြို့တွင် ဟိုးလေးတကျော်ဖြစ်သွားကြသည်။
ညနေခင်းသတင်းစာများတွင် စက်ရပ်သတင်းအဖြစ် "စိန်ခါးမြောင် ပြန်လာပြီ" ဟူသော အချပ်ပိုကို မျက်နှာဖုံးတွင် အုပ်ကာ ဖော်ပြကြတော့သည်။
ထိုညနေခင်းတွင် ဗိုလ်မောင်မောင်နှင့်အတူ ရန်ကုန်တိုင်းရဲမင်းကြီး ဦးဘို ၊ ရန်ကုန်စုံထောက်အဖွဲ့ ဒုတိယ မင်းကြီး ဦးသန်း တို့ သည် သောင်းဘား အပေါ်ထပ်သို့ ရောက်ရှိလာကြသည်။
ချောရင် မျက်နှာကား ပြုံးရွှင်နေသည်။
"ရဲမင်းကြီးတို့ဘက်က တစ်မြို့လုံးကို ပိတ်ထားတယ်မဟုတ်လား.. သေချာတယ်...သူတို့ အဲ့ဒီအိမ်မှာပဲ ဒီည ဝေစုခွဲကြမှာပဲ"
"ဒီက နှမ...တကယ်ပဲ..စိန်ခါးမြောင်ကို တွေ့ခဲ့တာလား"
"ဟုတ်တယ်...ကျွန်မတွေ့ခဲ့တယ်"
"အင်း..ခက်တော့တာပဲ...စိန်ခါးမြောင်ပုံကို ရုန်ကုန်ထောင်မှာ လှမ်းတောင်းတော့လည်း..မန္တလေးထောင်မှာ သူအမှုတွဲက ကျန်ရစ်တယ်တဲ့..မန္တလေးထောင်လှမ်းမေးတော့လည်း ကရင်ဝင်တုန်းက အမှုတွဲတွေ ဖျက်ဆီးခံရတဲ့အထဲပါသွားလားမသိဘူးတဲ့....ဘယ့်နယ့်လုပ်ကြမလဲ"
"ကျွန်တော် ထောင်ထဲမှာတုန်းက စိန်ခါးမြောင်နဲ့အတူ နေခဲ့တာပါ...ဝဝ အရပ်ခပ်ပြတ်ပြတ်နဲ့ ..နှာခေါင်းက လုံးလုံးခွန်ခွန်၊ နှုတ်ခမ်းပါးပါးနဲ့ ခပ်ပြုံးပြုံးပုံစံပါပဲ"
"သူပြောတဲ့ပုံမျိုးလား..ချောရင်"
"ဟုတ်တယ်..ကိုမောင်မောင်..ညီမတွေ့ခဲ့တဲ့..ဆရာသိန်းဆိုတာ..စိန်ခါးမြောင်ပဲ"

“အင်း..ခက်တော့ခက်တယ်..ဆရာသိန်းဆိုတာက တိုင်းရင်းဆေးဆရာအသင်းမှာ အတွင်းရေးမှူးချုပ်၊ အင်မတန် သမာဓိရှိတဲ့ လူကြီးလူကောင်းလို့သိရတယ်..ကျုပ်တို့ ဝင်ဖမ်းပြီးမှ မသေချာရင် ကွဲမှာ... သတင်းစာတွေသိသွားလို့ကတော့ ကျုပ် အလုပ်ပြုတ်ပြီပဲ..တနည်းပဲရှိတော့တယ်..စိန်ခါးမြောင်ကို တွေ့ဖူးတဲ့ ရန်ကုန်ထောင်က ထောင်မှူးတစ်ယောက်ယောက်ကိုခေါ်သွားပြီး ဆရာသိန်းဟာ စိန်ခါးမြောင် ဟုတ်မဟုတ် အတည်ပြုခိုင်းရမှာပဲ”

“သေချာပါတယ်ရှင်...ကျွန်မမှာ ခိုင်လုံတဲ့ သတင်းပေးတွေရှိပါတယ်..ဆရာသိန်းဟာ စိန်ခါးမြောင်ပါ”

“ဟုတ်ပြီလေ...ဒါဆို..ကျုပ်တို့ အခုညပဲ ဒီက ညီမ ပြောတဲ့အိမ်ကို သွားဝိုင်းပါမယ်...စိန်ခါးမြောင်ဖြစ်ကြောင်းအတည်ပြုဖို့ ရန်ကုန်ထောင်ပိုင်ကြီးဟောင်း ဦးဘို ကိုသက်သေအဖြစ် ခေါ်သွားမယ်.ဗိုလ်မောင်မောင်လည်း ဝန်ကြီးချုပ်ကို ပြောပေးပါ..စိန်ခါးမြောင်အိမ်ကို ဒီညဝိုင်းပြီလို့..မအိပ်ပဲသတင်းစောင့်ပေးပါလို့”

“ဟုတ်ကဲ့..အောင်မြင်ပါစေ..ရဲမင်းကြီး”

.....

ပုဇွန်တောင်၊ ညောင်တန်းလမ်း သို့ ရဲကားများ ရုတ်တရက်ဝင်လာကြသည်။

အိမ်အမှတ်(၃၈) ရှေ့အရောက်တွင် ရုပ်တန့်သွားပြီး ကားပေါ်မှ ရဲသားများ ဆင်းလာပြီး အိမ်ကို ပတ်လည်ဝိုင်းလိုက်ကြ၏။

ထို့နောက် ရဲအရာရှိများက ခြောက်လုံးပြူးကိုယ်စီကိုင်ကာ အိမ်အောက်သို့ ဝင်လိုက်ကြသည်။

“ဟေ့.တစ်ယောက်မှ မလှုပ်နဲ့”

အိမ်အောက်မှ လူများအားလုံး လန့်သွားကြသည်။

“ဆရာသိန်း ဆိုတာ ဘယ်သူလဲ”

“ကျုပ်ပါ”

ခြေထောက်ကြီး ယောင်ကိုင်းလျက် အမောဖောက်နေသော လူနာတစ်ဦးဘေးတွင် လိမ်းဆေးဗူးကို ကိုင်ထားသည့် လူကြီးတစ်ဦးက ပြောလိုက်သည်။

“ခင်ဗျား..စိန်ခါးမြောင်မဟုတ်လား..ခင်ဗျားကို ရဲတပ်ဖွဲ့က ဖမ်းလိုက်ပြီ..ဒီမှာ ဝရမ်းပါတယ်”

“နေပါဦး..စိန်ခါးမြောင်ဆိုတာ ဘယ်သူလဲ..ကျုပ်မသိဘူး..ကျုပ် ဆရာသိန်းပါ..ဒီမှာ ကျုပ်ဆီ ဆေးလာကုပေးနေတဲ့သူတွေအားလုံး သိပါတယ်”

“ဟေ့..ခင်ဗျားဓာတ်ပုံမရှိဘူးဆိုပြီး လာမဖြီးနဲ့....ထောင်မှူးလေး..ဒီလူ စိန်ခါးမြောင်မဟုတ်လား”
ရဲဝန်ထောက် ဦးကျော်ဖေ က အတူပါလာသော ထောင်မှူးလေးကို လှမ်းမေးလိုက်သည်။
ထောင်မှူးလေးက ဆရာသိန်းကို သေချာပြူးကြည့်သည်။
“.စိန်ခါးမြောင်ဆိုတာ သူမဟုတ်လား..ထောင်မှူးလေး”
“မဟုတ်ဘူးဗျ”
“ဟင်”
“ကျွန်တော်ထောင်ထဲမှာ တွေ့ခဲ့တဲ့ စိန်ခါးမြောင်က ဒီထက်ငယ်တယ်..ရုပ်ချင်းလဲမတူဘူး”
“ဟာ..ဒုက္ခပါပဲ.ထောင်ပိုင်ကြီး ဦးဘိုကြည်လည်း ပါလာတယ်မဟုတ်လား..သူ့ခေါ်ပြပါဦး”
ခဏအကြာ ထောင်ပိုင်ကြီး ဦးဘိုကြည် ရောက်လာသည်။
“ပေါက်တက်ကရဗျာ..စိန်ခါးမြောင် ကျုပ်ထောင်ထဲ အကြာကြီးနေသွားတာ..ဒီလူမဟုတ်ပါဘူး”
“ကဲ..ရဲကြီးတို့..ကျုပ်က ခုနှစ်ရက်သားသမီးကို ဆေးကုပေးနေတဲ့ ဆေးဆရာပါ..ဘာများ အထိတ်တလန့်တွေ့ လာဖြစ်ကြတာလဲ..ဒီမယ် ကျုပ်လူနာတွေ့ လန့်ဖြန့်ကုန်ကြပြီ..လာမနှောက်ယှက်ကြပါနဲ့”
ရဲဝန်ထောက် ဦးကျော်ဖေ မျက်စိမျက်နှာပျက်နေသည်။
“ကျုပ်က ဗမာနိုင်ငံတိုင်းရင်းဆေးဆရာများအဖွဲ့ချုပ်က အတွင်းရေးမှူးတစ်ယောက်ပါ။ ဘာပြစ်မှုမှလဲ မကျူးလွန်ထားပါဘူးကွယ်၊အခုလို လာနှောင်ယှက်တာ ကျုပ် မနည်းသည်းခံပေးနေတာနော်”
ဦးကျော်ဖေက လက်အုပ်ကလေးချီလိုက်သည်။
“တောင်းပန်ပါတယ်..ဆရာကြီးခင်ဗျာ..ကျွန်တော်တို့ လူမှားမိတာပါ...တောင်းပန်ပါတယ်”
ရဲများ ပြန်လည်ထွက်ခွာသွားကြသည်။
.....
ထိုအချိန်တွင် ရှန်ကုန်မြစ်ဝရှိ စက်တပ်မော်တော်တစ်စင်းပေါ်တွင် စိန်ခါးမြောင်၊ ငန်းနက်၊ ငရုတ်သီးဘရင်၊ ဝင်းမောင်၊ မောင်တင်တို့သည် ခါးပြတိုက်လာသောငွေများကို ဝေစုခွဲပြီးနောက် အကောင်းစားဝီစကီတစ်လုံးဖြင့် ငြိမ့်နေကြ၏။

သီတင်းကျွတ်ပြီးကာစမို့ လရောင်က မြစ်ပြင်ကို ငွေရောင်သမ်းနေသည်။
“အခုလောက်ဆို ပုဇွန်တောင်အိမ်မှာ ဆရာတင် ကတော့ ဆရာသိန်းအဖြစ်နဲ့ ဇာတ်ကောင်းကောင်းကနေလောက်ပြီထင်ရဲ့”
ကြက်ကြော်ပန်းကန်ကိုကိုင်ရင်း အနှင်းက ပြောလိုက်သည်။
စိန်ခါးမြောင်က ကြက်ကြော်ပန်းကန်ကို ငန်းနက်ဘက်တိုးပေးလိုက်၏။
“ဖဆပလ က လူတွေ အတော်ရယ်ရတာပဲ...သူတို့နဲ့ အလုပ်တွဲမလုပ်တော့တာနဲ့ စိန်ခါးမြောင်ကို ပြန်ဖမ်းဖို့လုပ်သတဲ့...အနှင်း..ညည်းခေါ်လာတဲ့ ဟိုကလေးမက လေးက ဘယ်သူ”
“ချောရင်လေ”
“သူ့ကိုယ်သူတော့ လူလည်မလေးပေါ့လေ..ငန်းနက်ရာ မင်းအဲ့ဒါမျိုးလေးတွေ ရှာယူရမှာကွ...”
“နေပါစေ..အကိုကြီးရာ..လူပျိုကြီးဘဝပဲကောင်းပါတယ်”
“ကဲ..မနက်ကျ ဝင်းမောင်နဲ့ မောင်တင် အနှင်းနဲ့ကလေးကို ခေါ် ပြီး ထွန်းခင်တို့ ရီရီတို့ ဆိုင်ကို ပို့ပေးလိုက်...အနှင်းက ဟိုကောင်မလေးတွေဆီ ဟန်မပျက် ပြန်သွားနေလိုက်ဦး..ကိုဂန္ဓမာကြီးနဲ့လူလည်မလေး ဘာတွေများဖြစ်နေကြမလဲ စောင့်သာကြည့်နေ”
“ဆရာကြီးက ဘယ်သွားမလို့လဲ”
“ဝင်းမောင် ...ဆရာတင်ကို အဓိဌာန်ခရီးဆိုပြီး ခြေရာဖျောက်ခိုင်းလိုက်တော့..အိမ်ကို ဆေးလာကုတဲ့လူတွေကိုလည်း ဆရာသိန်းအဂ္ဂရိတ်စခန်းဝင်တယ်လို့သာ ပြောလိုက်ချေ...ငါနဲ့ မြကြည် ငန်းနက်တို့နဲ့ မော်လမြိုင်ဘက် ခဏသွားနေလိုက်ဦးမယ်”
“ကိုခါလေး ကိစ္စရော ဘယ်လိုလုပ်ရမလဲ..ဆရာကြီး”
“မပူနဲ့အနှင်း....ခါလေး က ဖန်ခွက်နဲ့ပဲ ထုတာဆိုတာ ဦးမြကျင်တပည့် မျက်မြင်သက်သေတွေ ရှေ့နေဦးချစ်က ရှာထားပြီးပြီ..ငါအားလုံးစီစဉ်ပေးထားတယ်.ခါလေး အလွန်ဆုံးကျ ခြောက်လပဲ...ဂန္ဓမာလူကတော့ လူသတ်မှုနဲ့ နှစ်ရှည်ကျလိမ့်မယ်..သူတို့ဘက်ကရှေ့နေကောင်းရင်တော့ တမျိုးပေါ့”
အနှင်း က စိန်ခါးမြောင်ကို ပြုံးပြလိုက်သည်။
.....
“အကိုကြီး မပြောဘူးလား..ငါ့နှမ..စိန်ခါးမြောင်ကို ဒီလို လွယ်လွယ်နဲ့ မိပါ့မလားဆိုတာ”

ချောရင်မျက်နှာကား မခံချင်စိတ်၊ အံသြစိတ်တို့ဖြင့် ရောထွေးနေ၏။

“ဆရာသိန်းဟာ စိန်ခါးမြောင်ဆိုတာ သေချာတယ်အကိုကြီး....အကိုကြီးတို့ မြကျင်လူတွေဆီသွားတဲ့နေ့က ခါလေးရယ်၊သန်းအောင်ဆိုတဲ့ကောင်ရယ်၊ မနှင်းရယ်ပြောနေကြတာ ညီမ ကြားလိုက်တယ်။ အကိုကြီးကို တွေ့တော့ သန်းအောင်က မျက်စိမျက်နှာပျက်နဲ့ထပြေးတယ်။ ဒါနဲ့ ညီမလည်း သူ့နောက်ကို ထလိုက်သွားတာ။ သန်းအောင်ကို ညီမစည်းရုံးလိုက်တယ်။ သူလိုနေတဲ့ ငွေနှစ်သောင်းပေးပြီး စိန်ခါးမြောင်ဘယ်သူလဲဆိုတာ သေချာမေးလိုက်တယ်။ ခါလေးနဲ့ မနှင်းဟာစိန်ခါးမြောင်လူတွေပဲ”

“ညီမက သူတို့ ဘယ်သူဆိုတာ သိသလို....သူတို့က ငါတို့ကိုရော မသိဘူးလို့ ငါ့ညီမ ထင်နေတာလား”

ချောရင် တိတ်ဆိတ်သွားသည်။

“စိန်ခါးမြောင်ကို လျော့မတွက်နဲ့ ငါ့ညီမ..အကိုကြီးတို့က ဖိုးတုတ်ရှိစဉ်မှာ ဉာဏ်များတဲ့လူမိုက်တွေအများကြီး ကြဲဖူးခဲ့တယ်..အင်း..စိန်ခါးမြောင်ဆိုတဲ့ကောင်ကတော့ သူတို့အားလုံးထက်ပိုတယ်ဆိုတာ အကိုကြီး ထောင်ထဲမှာ ကတည်းက သိတာ”

“အင်း...ညီမ မှားသွားတယ်..တောင်းပန်ပါတယ်..အကိုကြီး”

ချောရင်က ဂန္ဓမာရှေ့တွင် လက်အုပ်ကလေးချီလိုက်သည်။

“ရတယ်..ချောရင်..စိတ်ဓာတ်တော့မကျပါနဲ့..ငါညီမမှာလည်း အကိုကြီးတို့ထက် သာတဲ့ ဉာဏ်ရည်မျိုးရှိပါတယ်.. အခု စိန်ခါးမြောင်မကလို ဘယ်လိုကောင်မျိုးကို ဖြစ်ဖြစ် ရင်ဆိုင်နိုင်မယ့် အနေအထားရဖို့ အကိုကြီးတို့ကို အခြေအနေပေးလာပြီ”

“ဟင်..ဘာများလဲ..အကိုကြီး”

“သူ နဲ့သာ စီးပွားရေးတစ်ခု အတူလုပ်နိုင်ရင်.အကိုကြီးတို့လမ်းမတော်ဖိုးတုတ်ကြီးတုန်းကလို အင်ပါယာမျိုး ပြန်ထူထောင်နိုင်မယ့်..အာဏာ၊ ငွေကြေး၊ လူအင်အားအကူအညီတွေရလာမယ်။ နာဂျစ်လို စိန်ခါးမြောင်လို လူတွေကို အသာလေး ချေမွပစ်လိုက်လို့ရမယ်”

“ဘယ်သူနဲ့လဲ”

“ညနေက ညီမဝင်လာချိန် အကို့တို့နဲ့စကားပြောနေတဲ့လူက အလိန်တဲ့။ သူက စင်ကာပူမှာနေတာ၊ သူက 14K ဆိုတဲ့ တရုတ်ဂိုဏ်းကပဲ”

"14k ဟုတ်လား"

14 K ဂိုဏ်းကို ၁၉၄၅ ခုနှစ်တွင် ကူမင်တန်ဗိုလ်ချုပ်ကြီး ကော့ဆွေဝေါင် (Kot Siu Wong) က ကွန်မြူနစ်ဆန့်ကျင်ရေးအဖွဲ့အဖြစ် စတင်ဖွဲ့စည်းခဲ့သည်။

တရုတ်ပြည်တွင်းစစ်အပြီး ၁၉၄၉ တွင် ထိုအဖွဲ့ကို ဟောင်ကောင်သို့ ပြောင်းရွှေ့ခဲ့ပြီး 14 K ဟု စတင်ခေါ်ဝေါ်ကာ ဒုစရိုက်လုပ်ငန်းများစတင်လုပ်ကိုင်လာခဲ့သည်။

K ဆိုသည်မှာ ဌာနချုပ်တည်ရှိရာ ဟောင်ကောင် Kowloon ရပ်ကွက်ကို ကိုယ်စားပြုပြီး (၁၄)မှာ မူလ14 K ဂိုဏ်းကို တည်ထောင်သူ (၁၄)ဦးကို ကိုယ်စားပြုသည်။

14 K ဂိုဏ်းသည် တရုတ်ရိုးရာအစဉ်အလာအတိုင်း အဆင့်ဆင့်သစ္စာရှိမှုများဖြင့် ဖွဲ့စည်းထားသည့်အတွက် ဟောင်ကောင်ကျွန်းမှတဆင့် ကမ္ဘာအရပ်ရပ်ရှိ တရုတ်တန်းများသို့ ဖြန့်ကျက်လာနိုင်ခဲ့သည်။

၁၉၅၀ ကျော်ကာလများတွင် အာရှ၊အာဖရိက၊ဥရောပနှင့် အမေရိကမြို့ကြီးများရှိ တရုတ်ဂိုဏ်းအများ အပြားမှာ 14 K ဂိုဏ်း၏ လက်အောက်ခံများ ဖြစ်ကုန်ကြ၏။

အလိန်သည် စက််ာပူနိုင်ငံ၏ ပထမဆုံး 14 K ဂိုဏ်းကိုစတင်ထူထောင်သူများထဲမှ တစ်ဦးဖြစ်ခဲ့သည်။

ထိုကာလများတွင် တရုတ်ကူမင်တန်တပ်များနှင့် မြန်မာနိုင်ငံကြားပြဿနာ ပေါပေါက်လာသည်။

တရုတ်ပြည်သူ့တပ်မတော်(တရုတ်နီ)တို့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ဖရိုဖရဲဖြစ်လာသည့် ကူမင်တန် အမှတ် ၈ တပ်မတော်၊ အမှတ် ၂၆ တပ်မတော် နှင့် အမှတ် ၉၃ တပ်မတော်မှ တပ်ဖွဲ့အချို့သည် ၁၉၅၀ ပြည့်နှစ်အစောပိုင်းတွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံဒေသမြောက်ဘက်ပိုင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ကနဦးတွင် အင်အား ၂၀၀ သို့ ၈၀၀ ခန့်သာဖြစ်ပြီး မကြာမီမှာပင် အင်အား ၁၅၀၀ ခန့်သည် နောက်ပါ မိသားစု ၅၀၀ ခန့်နှင့်အတူ ထပ်မံဝင်ရောက်ခဲ့သည်။ ခေါင်းဆောင်မှာ ဗိုလ်ချုပ်ကြီး လီမီ ဖြစ်သည်။

ခြောက်လခန့်ကြာလာသည့်အခါ ကျိုင်းတုံဒေသရှိ မြန်မာတပ်မတော်က တရုတ်ဖြူတပ်များကို လက်နက်ချရန် သို့မဟုတ် မြန်မာ့ပိုင်နက်အတွင်းမှ ထွက်သွားရန် ရာဇသံပေးသည်။ လက်နက်ချမည်မဟုတ်ဘဲ မြန်မာတပ်မတော်က တိုက်ခိုက်လာလျှင် ပြန်လည်တိုက်ခိုက်ရန် အသင့်ရှိကြောင်း ၎င်းတို့က အကြောင်းပြန်ခဲ့သည်။

တစ်ချိန်တည်းမှာပင် ထိုင်းနှင့် မြန်မာနယ်စပ်၊ ကျိုင်းတုံ-တာချီလိတ်လမ်း၊ မိုင်တိုင်အမှတ် ၈၁ မှ တာချီလိတ်မြို့အထိ သိမ်းပိုက်လိုက်သည်။

ထိုအတောအတွင်းမှာပင် မြန်မာတပ်မတော်အနေနှင့် ကျိုင်းတုံမြို့အတွင်းသို့ ရုပ်ဖျက်ဝင်ရောက်လာသည့် တရုတ်ဖြူ ထောက်လှမ်းရေးသမားနှင့် တပ်ဖွဲ့ဝင် ၂၀၀ ခန့်ကို ဖမ်းဆီးနိုင်ခဲ့ပြီး မိတ္ထီလာနှင့် မန္တလေးမြို့တို့သို့ ပို့ဆောင်ချုပ်နှောင်လိုက်သည်။ မြန်မာတပ်မတော်သည် တရုတ်ဖြူတပ်မှူးကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး တစ်လအကြာတွင် တာချီလိတ်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

တရုတ်ဖြူတပ်မှူးသည် ကျိုင်းတုံ-တာချီလိတ်ကားလမ်းမှ ပြန်လည်ဆုတ်ခွာသွားခဲ့ကြပြီး မြန်မာ-ထိုင်းနယ်စပ်၊ မိုင်းဆတ်မြို့တွင် ပြန်လည်စုရုံးခဲ့ကြသည်
။

ထိုင်ဝမ်ကျွန်းနှင့် မြန်မာပြည်ရောက်တရုတ်ဖြူတပ်မှူး အပြုန်အလှန်ဆက်သွယ်ရေးအတွက် မိုင်းဆတ်တွင် လေယာဉ်ကွင်းတစ်ခု အရေးပေါ်ဆောက်လုပ်ရန် တရုတ်ဖြူများကအစီအစဉ်ဆွဲကြသည်။

လေယာဉ်ကွင်းဆောက်လုပ်ရာတွင် အမေရိကန် လက်နက်သယ်လေယာဉ်ကြီးများနှင့်လူအင်အားများစွာသယ်ဆောင်နိုင်သည့် လေယာဉ်များဆင်းနိုင်ရန် အဆင့်မြင့်လေယာဉ်ကွင်းဖောက်ရန် ရည်ရွယ်ခဲ့သည်။

ထို့ကြောင့်ယာဉ်ယန္တယားများစွာ လိုအပ်လာသည်။

ထိုင်းနယ်စပ်မှတဆင့် သွင်းယူရာတွင်လည်း အခက်အခဲများပေါ်ပေါက်လာသည်။

ထိုအချိန်တွင် K14 ဂိုဏ်းက မြန်မာနိုင်ငံတွင်းမှတဆင့် စစ်ကျန်ယန္တယားအဟောင်းများကို မိုင်းဆတ်သို့ ခိုးပို့မည့် စီးပွားရေးစီမံကိန်းတစ်ခုကို ထိုင်ဝမ်အစိုးရထံ တင်ပြကြသည်။

ထိုင်ဝမ်အစိုးရကလည်း အပေးအယူများစွာဖြင့် လျှို့ဝှက်စွာသဘောတူလိုက်၏။ ယင်းစီမံကိန်းအတွက် အဓိက လာရောက်ရသူမှာ မြန်မာပြည်ဖွား အလိန် ပင်ဖြစ်သည်။

“ညီမတို့က ဘာလုပ်ပေးရမှာလဲ....သူတို့က ညီမတို့ကို ဘာပြန်ပေးမှာလဲ”

“ရွှေတိဂုံဘုရားခြေရင်း က သံပုံချိုင့်ကို သိလား..ချောရင်”

“ကြားတော့ကြားဖူးပါတယ်”

“အေး..စစ်ကြီးပြီးတော့ အင်္ဂလိပ်တွေဟာ မြန်မာတစ်နိုင်ငံလုံးကစစ်ကားအပျက်အစီးတွေ၊ ယန္တယားတပ်ကကား အပျက်အစီးတွေကို စစ်ရုံးချုပ်မှာစာရင်းသွင်းပြီး အဲ့ဒီချိုင့်ထဲမှာ ပုံသွားခဲ့တာ။ အဲ့ဒါကြောင့် သံပုံချိုင့်လို့ခေါ်တာ။ အခု

အဲ့ဒီစစ်ကျန်ကား၊ ယန္တယားကားတွေက ပစ္စည်းတွေကို သွားသွားဖြုတ်ယူပြီး ရောင်းနေကြတယ်။မြေနီကုန်းကြက်တန်းမှာဆို စျေးတန်းကြီးကို ဖြစ်နေပြီ”
“အဲ့ဒီတော့”
“အဲ့ဒီထဲက လိုအပ်တဲ့ပစ္စည်းတွေကို အလိန်က စုမယ်၊ ငါတို့က ရန်ကုန်ကနေ မိုင်း ဆတ်အထိ ရအောင် ထုတ်ပေးရမယ်တဲ့”
“မလွယ်တော့မလွယ်ဘူး”
“အဲ့ဒီအတွက် အမေရိကန်ဒေါ်လာ တစ်သိန်းရမှာ..ချောရင်”
“ဒေါ်လာတစ်သိန်း..ဟုတ်လား”
……..
…….
……

အခန်း(၂၆)

“ဒီသံတိုသံစပုံကို ပို့ဖို့အတွက် ဒေါ်လာတစ်သိန်းတောင် ပေးတယ်ဆိုတာ ဟုတ်ပါ့မလား...အကိုကြီး..နောက်ပြီး ဒီကိစ္စက အစိုးရဘက်က သိသွားရင် နိုင်ငံတော်သစ္စာဖောက်မှုပဲ..သေဒဏ်နော်”

ချောရင်စကားကြောင့် ဂန္ဓမာခေါင်းညိမ့်ရင်း စဉ်းစားလိုက်သည်။

“ဘာပဲဖြစ်ဖြစ် အခုချိန်မှာ ငါတို့ ကျဉ်းထဲကြပ်ထဲရောက်နေပြီ...ချောရင်..ဖိုးတုတ်တုန်းကလည်း ဒီနိုင်ငံရေးသမားတွေက ငါတို့ကို အသုံးချကြတယ်။ အညာကိုင်ကြတယ်၊အပေးအယူလုပ်ကြတယ်။ ငါတို့တွေ သေကြေကြေကြတော့ဘယ် သူမမသိကြဘူး..အဖက်လည်းမလုပ်ကြဘူး..သူတို့ကတော့ နိုင်ငံ့ခေါင်းဆောင်ကြီးတွေအနေနဲ့ တောက်ပသွားကြတာပဲ။ ဒီကြားထဲအခု ငါတို့အခြေအနေက စိန်ခါးမြောင်နဲ့ နာဂျစ်အာရုတ် ကြား ရန်မီးနှစ်ဖက်ညပ်နေပြီ... ငါလည်း အသက်ရလာပြီ..သတ်နိုင်ဖြတ်နိုင်တယ်ဆိုတဲ့ အခြေအနေက ကာလတစ်ခုအထိပဲ ရှိမှာ..အခုချိန်မှာ သေမလား၊သတ်မလားတစ်ခုခုရွေးရတော့မယ်”

“စိန်ခါးမြောင် က ညီမကို သိသွားတာတော့သေချာတယ်...အကိုကြီးတို့ကို ထောင်ဝင်စာလာတွေ့တော့ သူနဲ့ခဏလေးပဲတွေ့ကြတာဆိုပေမယ့်..ညီမကို သူမှတ်မိသွားပုံပဲ...သူအိမ်ကို ဟိုနေ့က ဝိုင်းတာ ညီမတို့လက်ချက်ဆိုတာ သူသိနေလောက်ပြီ..ဒီတိုင်းတော့ ငြိမ်နေမယ်မထင်ဘူး”

“ဟုတ်တယ်..စိန်ခါးမြောင်က ဒီတိုင်းနေမယ့်ကောင်တော့မဟုတ်ဘူး”

“တရုတ်တွေအလုပ်ကို ညီမတို့လက်ခံပြီဆိုပါစို့..သူတို့ဆီက ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာအကူအညီမျိုး ရနိုင်မလဲ..သူတို့ဂိုဏ်းတွေဆိုတာ ကမ္ဘာအနှံ့ဖြန့်ကျက်ထားတာဆိုတော့လေ”

“အလိန်နဲ့ ငါတို့ထပ်တွေ့ကြည့်ပြီး သေချာစကားပြောကြတာပေါ့”

.....

၁၉၅၄ အောက်တိုဘာ ၂၀ ရက်။

စိန်ခါးမြောင်နှင့် မမြကြည်တို့သည် မော်လမြိုင်ဘက်တွင် သွားရောက် ရှောင်တိမ်းနေရာမှ ရန်ကုန်၊ ပုဇွန်တောင်နေအိမ်သို့ ပြန်လည်ရောက်ရှိလာကြသည်။

နေအိမ်တွင် အိမ်စောင့်အဖြစ် အနှင်းတို့ သားအမိ ရှိနေသည်။

“အနှင်း..အခြေအနေ ဘာထူးသေးလဲ”

“ပြီးခဲ့တဲ့ ဆယ့်ငါးရက်နေ့က ခါလေးရုံးထုတ်ကို ကျွန်မသွားခဲ့သေးတယ်..ဆရာကြီး..ချောရင်နဲ့ သူ့အကို ထွန်းရင် ဆိုတဲ့လူကိုပါ တွေ့ခဲ့ရတယ်”
“နင့်ကို ဘာတွေပြောသေးလဲ...သူတို့ရှေ့မှာ ဘာမှမသိသလို မှင်မပျက်နေနော်”
“ချောရင်ကတော့ စကားတွေပုံမှန်လာပြောနေတာပဲ..ဟိုလူကြီးကတော့ ကျွန်မကို တချက်တချက်သေချာစိုက်ကြည့်နေတယ်”
“ထွန်းရင်ဖြစ်လိမ့်မယ်ထင်တယ်...အင်း..ကြည့်ကြသေးတာပေါ့လေ”
“သြော်..ဆရာကြီးသွားနေတုန်းက သခင်သိန်းဆိုတဲ့ လူ လာသေးတယ်။ ဆရာကြီး ပြန်ရောက်ရင် သူ့ရုံးကို လာခဲ့ပါ။ အရေးကြီးကိစ္စလေး တိုင်ပင်စရာလည်းရှိလို့တဲ့”
“ဒီလူ က လာပြန်ပြီလား”
“နှစ်ခေါက်တောင်လာတာ..ဆရာကြီး”
“အင်း..ဒီကောင်တွေနဲ့ မဆက်ဆံချင်ပါဘူးဆိုမှကွာ”
“သူက ပြောသွားသေးတယ်...ဗတလစအမတော်ကြေးငွေကိစ္စ လေးလည်း ဆွေးနွေးချင်လို့တဲ့..လာတွေ့ရမယ့် လိပ်စာလည်း ပေးသွားတယ်”
“အင်း..နိုင်ငံရေးသမားများတော့ ပန်ကာတွေချည်းပါလား..နိုင်ကွက်နဲ့ ခေါ်တာကိုး..အေးလေ..ဘာပြောမလဲ သွားကြည့်ရတာပေါ့”
.....
ပန်းဆိုးတန်း၊ ဆိုရှယ်နီပါတီဌာနချုပ်။
ဆိုရှယ်နီပါတီသည် ၁၉၅၀တွင် ဆိုရှယ်လစ်ပါတီမှ ခွဲထွက်ခဲ့ပြီးဖြစ်သည်။
ဗမာပြည်အလုပ်သမား၊ လယ်သမားပါတီ (BWPP – Burma Worker and Pesant Party) ဟု အရှည်ကောက်ခေါ် ကြသည်။
သတင်းစာများကမူBWPP ဘွဲ့ပါတီဟု သရော်ကြ၏။ ဆိုရှယ်နီပေါလစ်ဗြူရိုအဖွဲ့မှာ သခင်ချစ်မောင်၊ သခင်လှကြော်၊ သခင်လွင်၊ ဦးဘငြိမ်တို့ဖြစ်ကြသည်။
ပါတီရုံးခန်းထဲသို့ စိန်ခါးမြှောင် ဝင်လိုက်သည်နှင့် သတင်းစာထိုင်ဖတ်နေသော သခင်သိန်းကို တွေ့လိုက်ရသည်။
“ဟာ...ဆရာသိန်း..မတွေ့တာတောင်ကြာပါပေါ့လား..ဘယ့်နှယ့်..ဒီတလောက အချီကြီးတွေမိပြီး တစ်နေရာမှာ သွားနှက်နေတယ်ကြားတယ်”
စိန်ခါးမြှောင်က သခင်သိန်းကို ပြုံးသား ပြုံးပြနေလိုက်သည်။

“ကဲ..လာဗျာ...ကျုပ်တော့ အတွင်းဝန်ရာထူးက ပြုတ်ပြီဆိုတော့ ရုံးခန်းဘာညာမ ရှိတော့ဘူးဗျာ...လာလာ အပေါ်ထပ် ထပ်ခိုးပေါ်မှာ နားအေးပါးအေး ပြောကြာ တာပေါ့..ပန်ကာလည်းရှိပါတယ်”

သခင်သိန်းက စိန်ဓါးမြှောင်ကို ထပ်ခိုးပေါ် ရှိ အခန်းသို့ ခေါ်သွားသည်။

“ကဲ...ကိုယ့်လူရေ...တလောက ကိုယ့်လူတို့ ဗတလစ ငွေတွေ ကို လှလိုက်ကြ တာ ဖဆပလကတော့ တော်တော် နာကြည်းနေတယ်။ လယ်ယာစိုက်ပျိုးရေးဝန် ဗိုလ်ခင်မောင်ကလေးက ခင်ဗျားကို အသေသတ်မယ်ချည်းလုပ်နေတယ်။ ဒါပေ မယ့်လည်း ကျုပ်တို့ ရှိပါသေးတယ်ဗျာ။ ဟိုရဲမင်းကြီး ဦးဘိုတို့တောင် ခင်ဗျား အကွက်ထဲ ဝင်သွားတာ ကျုပ်တို့ မသိချင်ယောင်ဆောင်ပေးနေလို့ပေါ့”

“နေပါဦးသခင်သိန်းရ....ခုနခါ ရန်ကုန်မြို့ထဲမှာ အားအားရှိဓါးပြလုပ်ပြီး တိုက်နေ ကြတာ။ တိုက်တဲ့ကောင်တိုင်းကလည်း စိန်ဓါးမြှောင်ကွလို့ အော်အော်သွားရုံနဲ့ စိန်ဓါးမြှောင်က တရားခံဖြစ်ရော့လား”

“ဟင်း..ဟင်း...ကျုပ်ကတော့ သိပါတယ်..ဆရာသိန်းရယ်....လက်စလက်နတွေ လေ့လိုက်တာနဲ့ စိန်ဓါးမြှောင်လား၊ ရွှေဓါးမြှောင်လား၊ ဘော်ဓါးမြှောင်လား၊ ဒန် ဓါးမြှောင်လား အသိသာကြီးပါ”

“ကဲ..ထားပါလေ...အခု ဘာကိစ္စလဲ..ကျွန်တော့်ကိုခေါ်ရတာ”

“အင်း..ပြောပြမယ်ဗျ..မကြာခင်မှ အနှေးနဲ့အမြန် ဖဆပလက ကွဲမှာပဲ။ဖဆပလ မကွဲခင် ကျုပ်တို့ ဆိုရှယ်လစ်တွေက အရင်ကွဲပစ်လိုက်တာ။ ဒါကလည်း အကြောင်းရှိပါတယ်။ ပါလီမန်ထဲမှာ နိုင်ငံရေးနဲ့တိုက်မယ့်ဆိုရှယ်လစ်တွေက ဖဆ ပလနဲ့အတူ ရှိမယ်။ ဆိုရှယ်နီထဲမှာလက်နက်ကိုင်တိုက်မယ့်၊ တောခိုမယ့် ဆိုရှယ်လစ်တွေရှိမယ်။ မြေပေါ်မြေအောက်ခွဲပြီး အာပတ်လွတ်နေလိုက်တဲ့ သဘောပေါ့”

“အင်း..ခင်ဗျားတို့ ကလိန်ဉာဏ်တွေက ကျွန်တော့်အဖွဲ့တွေတောင် သင်တန်းလာ တက်ရမလို့ပဲ”

“ထားပါတော့..ဒီကိစ္စ...ကျုပ်ပြောချင်တာက..မကြာခင်မှာ ပြည်သူ့စစ်ဥပဒေတစ် ခုပြဋ္ဌာန်းတော့မယ်၊ အဲ့ဒီမှာ သောင်းကျန်းသူနှိမ်နင်းရေးခေါင်းစဉ်နဲ့ ပြူစောထီး တပ်ဖွဲ့ကို ဖွဲ့လိမ့်မယ်။ဆိုရှယ်လစ်အများစု ပါနေမှာပဲ။ ဒါပေမယ့် ဦးနုကလည်း သူလူတွေထည့်ထားဖို့စီစဉ်ထားပြီးပြီ၊ ဦးနုဘက်မှာ ဆိုရှယ်လစ်မဟုတ်တဲ့ စစ်ဗိုလ်တွေရှိနေလိမ့်မယ်။ ခင်ဗျားအလုပ်က ပြူစောထီးထဲက ဦးနုလူတွေကို ရှင်းပေးဖို့ပဲ၊ ပြူစောထီးဟာ ဆိုရှယ်လစ်လက်နက်ကိုင်တပ်ပဲဖြစ်ရမယ်”

“အရင်တစ်ခါကတော့ ဦးနု မဲရအောင်ခင်ဗျားပဲ ကျွန်တော်တို့ကို မဲပုံးတွေ ဖောက် ခိုင်းတယ်၊ အခုတစ်ခေါက်ကျ ဦးနု လူတွေကို သတ်ခိုင်းပြန်တယ်။ ခင်ဗျားက

ဘယ်ဘက်ကလဲ”

“ကျုပ်ကမကြာခင်မှာ ဦးဧမောင်တို့ ဖွဲ့မယ့် အတိုက်အခံ ပမညတတပ်ပေါင်စုရဲ့ ဆိုရှယ်နီအမတ်လောင်း ထဲမှာ ပါလာလိမ့်မယ်”

“ဒါဆို ကျွန်တော်က ပမညတ အတွက် လုပ်ပေးရမှာလား”

“မဟုတ်ဘူး..ခင်ဗျားက ဖဆပလထဲ ဆိုရှယ်လစ်တွေ ဩဇာလွှမ်းမိုးရေးအတွက် ကူညီရမှာ”

“ဒါဆိုခင်ဗျားတို့ ဆိုရှယ်လစ်တွေက အစိုးရထဲလည်းတစ်ဖွဲ့၊ အတိုက်အခံထဲလည်း တစ်ဖွဲ့၊ နောက်ကွယ်မှာတော့ တစ်ဖွဲ့တည်းပဲပေါ့..အဲ့ဒီလိုလား”

“အင်း..ခင်ဗျားနားလည်ချင်သလို နားလည်လိုက်ပါ။ အခု လာမယ့် ၁၉၅၆ ရွေးကောက်ပွဲမှာ ဖဆပလနိုင်ရမယ်၊ တပြိုင်နက်တည်း ပမညတကလည်း အတိုက်အခံအင်အားစုအနေနဲ့ လွတ်တော်ထဲရောက်ရမယ်၊ ဖဆပလအစိုးရထဲမှာမှ ဆိုရှယ်လစ်ပါတီက ဝန်ကြီးချုပ်ဖြစ်ရမယ်၊ ဆိုရှယ်လစ်ဩဇာလွှမ်းမိုးရမယ်၊ ဘုရားဒကာသခင်နုကို ဖယ်ထုတ်ပစ်မယ်။ အဲ့ဒါပဲ”

“နေပါဦး..ခုထိ ခင်ဗျားတို့ဘက်ကနေ ကူပေးမလားမကူပေးဘူးလားဆိုတဲ့ ကျွန်တော့်သဘောကို တစ်ခွန်းမှ မမေးသေးဘူးနော်”

“ခင်ဗျား ကျုပ်တို့ကို ကူညီမှာပါ စိန်ဓါးမြောင်၊ ဘာလို့လဲဆိုတော့ ဒီတစ်ခေါက် ခင်ဗျားကူညီပြီးရင် စိန်ဓါးမြောင်ဆိုတာကို အစိုးရရဲ့မှတ်တမ်းထဲက ဖျောက်ပစ်မယ်၊ အဲ့ဒီနေရာမှာ အစိုးရစီးပွားရေးကော်မရှင်ရဲ့ ချည်ထည်သွင်းကုန်လိုင်စင်တစ်ခု ခင်ဗျားကို ပေးဖို့စီစဉ်ထားတယ်၊ သွင်းကုန်လိုင်စင်တစ်ခုဘယ်လောက်ဆိုတာ ခင်ဗျားသိပါတယ်၊ ကိုယ်တိုင်မလုပ်ပဲ..နိုင်ငံခြားကုမ္ပဏီကြီးတစ်ခုကို ရောင်းစားရင်တောင် ခင်ဗျား တစ်သက်လုံး ဓါးပြတိုက်ထားတာတွေရဲ့ ဆယ်ဆလောက် တစ်ခါတည်းရမှာ...အဲ့ဒါပြီးတော့ ၁၉၆၀ ရွေးကောက်ပွဲကျ ခင်ဗျားဟာ ဖဆပလ အမတ် ဆေးဆရာကြီး ဆရာသိန်း ဖြစ်စေရမယ်။ ကဲ..ဒါ ခင်ဗျားရဲ့ ဘဝသစ်ဆီသွားတဲ့ အခွင့်အရေးပဲ..ဆရာသိန်း”

စိန်ဓါးမြောင် က သခင်သိန်းကို စိုက်ကြည့်ရင်း ခေါင်းကိုတဆတ်ဆတ်ညိတ်နေသည်။

“ခင်ဗျားစဉ်းစားပါ....ဓါးပြတိုက်စားရင်တော့ တစ်ချိန်ချိန်မှာ သေရင်သေ..မသေရင်ထောင်ထဲ ဘဝဆုံးမှာပဲ..ဧမ်ကျကျအမတ်လုပ်စမ်းပါဗျာ”

“ဟုတ်ပြီ....ကဲ..လုပ်ရမယ့်ဟာ အသေးစိတ်သာ ကျွန်တော့်ကိုပြော”"

“ဩော်..တစ်ခုရှိသေးတယ်..ဦးနုက ခင်ဗျားကျုပ်တို့အတွက် အလုပ်လုပ်ပေးခဲ့တာကိုသိတယ်၊ ပြီးတော့ခင်ဗျား ဓါးပြမှုတွေကိုလည်း သူကြားတယ်၊ ခင်ဗျားကို

ထောင်ထဲတစ်သက်လုံးထည့်ဖို့...သူ့လူတွေကို တာဝန်ပေးထားသတဲ့ဗျ.....အဲ့ဒါသိတယ်မဟုတ်လား"

"သိပါဗျာ...ဂန္ဓမာသောင်းရီ ရဲ့လူတွေ ကျူပ်အိမ်ကိုတောင် ဝင်ထွက်နေကြသေးတယ်..ကျွန်တော်က မသိဘူးထင်နေတယ်..အဟက်"

"ဟုတ်တယ်..ရော့..ဒီမှာ...ခင်ဗျားဖြစ်တဲ့နည်းနဲ့ရှင်းပေးရမယ့်..ဦးနု ကို နောက်ကွယ်က ကူညီပေးနေတဲ့ လူတွေ နဲ့ စစ်ဗိုလ်စာရင်း.....၅၆ ရွေးကောက်ပွဲ မတိုင်ခင်မှာ အဲ့ဒီလူတွေ အကုန်လုံးနည်းမျိုးစုံနဲ့ ပျောက်သွားတာလိုချင်တယ်ဗျာ..သေတာပဲဖြစ်ဖြစ်..ထောင်ထဲထည့်တာပဲဖြစ်ဖြစ်ပေါ့"

"ကျွန်တော့်မှာ လက်နက်လိုတယ်ဗျ"

"ဒီအတွက်မပူပါနဲ့..အခု အစိုးရက နီပေါက ကွိုင်လာရာညီအစ်ကိုတွေရဲ့ တော်လှန်ရေးအတွက် လက်နက်တွေ ပို့ပေးနေတဲ့စီမံကိန်းရှိတယ်၊ ဆိုရှယ်လစ်ပါတီအနေနဲ့ ဗီယက်နမ်တော်လှန်ရေးအတွက် လက်နက်ထောက်ပံ့နေတာတွေလည်းရှိတယ်။ အဲ့ဒီစီမံကိန်းတွေအားလုံးနီးပါးကို ဆိုရှယ်လစ်စစ်ဗိုလ်တွေ ကိုင်ထားတာ၊ ခင်ဗျားလို့ချင်တဲ့လက်နက်စာရင်းသာပြော။ ခင်ဗျားချိတ်ဆက်ရမယ့် ဆိုရှယ်လစ်စစ်ဗိုလ်တွေ နာမည်နဲ့ ဆက်သွယ်ရမယ့်နေရာတွေကို ကျူပ် ထပ်ရေးပေးလိုက်မယ်"

"ကောင်းပြီလေ....ဒီလိုဆို ကျူပ်အတွက် အများကြီးမခက်ခဲပါဘူး..ခင်ဗျားကတိတည်ဖို့ပါပဲ"

"သြော်..ခင်ဗျား မဖြစ်မနေရှင်းရမှာတော့ ဂန္ဓမာသောင်းရီနော်....ဟိုနေ့က တရုတ်တန်းလူမိုက်ကို သူသတ်လိုက်တယ်ကြားတယ်..အဲ့ဒီသတင်းကြောင့် သူ့ဩဇာက ကြီးလာပြီး ဒုတိယလမ်းမတော်ဖိုးတုတ်ဖြစ်လာရင်တော့ ခင်ဗျား ရှင်းရခက်သွားလိမ့်မယ်"

စိန်ဓါးမြှောင်က သခင်သိန်းကို အပြုံးဖြင့်သာ တုန့်ပြန်လိုက်သည်။

ထို့နောက် သခင်သိန်းပေးသည့် စာရွက်နှစ်ရွက်ကို ယူကာ ပြန်လည်ထွက်ခွာသွား၏။

.....

"အဲ့ဒါပဲ..အလိန်...ကျွန်တော်က အစိုးရနဲ့အပေးအယူလုပ်ပြီးထွက်လာတာ..အခုကျ အစိုးရအတွက် ဘာမှ မလုပ်ရသေးဘူး..ရန်မီးက နှစ်ဖက်ညှပ်သလိုဖြစ်နေပြီ.....ခင်ဗျားတို့ ဂိုဏ်းအနေနဲ့ ဘာကူညီပေးနိုင်မလဲပဲ သိချင်တာ"

"ငါတို့က မြန်မာပြည်ကို အခုမှ အခြေတည်မလို့လုပ်နေတာ..သောင်းရီ..အခုဒီမှာလည်း ငါတစ်ယောက်တည်းတောင် အစိုးရဆီက သွင်းကုန်လိုင်စင်တစ်ခုဟန်ပြဝယ်ပြီး မနည်းအသွင်ယူနေရတာ.. စီအိုင်အေတွေနဲ့ချိတ်ဆက်လုပ်ရတာရှိပေ

မယ့်...မင်းတို့ ပြဲသဖနာလောက်ထိတော့ သူတို့ဆီက ဘာမှ အကူအညီတောင်းလို့ ရမှာမဟုတ်ဘူး..နောက်ပြီး k14 အနေနဲ့လည်း..သူ့စီးပွားရေးကို မထိခိုက်သေးပဲ နဲ့ဒေသခံတွေရဲ့ဂိုဏ်းစစ်ပွဲမှာ ကူညီပေးရိုးထုံးစံမရှိဘူး..အခုချိန်မှာ ငါတို့ လုပ်ပေးနိုင်တာက...မင်း ငါ့အလုပ်ကို သစ္စာရှိရှိကူညီမလား..ဒေါ်လာတစ်သိန်းရမယ်..ဒါပဲ”

“ညီမဝင်ပြောရမလား...အကိုကြီး”

ချောရင်ကို ဂန္ဓမာသောင်းရီက ခေါင်းညိမ့်ပြလိုက်သည်။

“သံတိုသံစတွေ ရှမ်းပြည်ဘက်ပို့ပေးရုံနဲ့ ဒေါ်လာတစ်သိန်းဆိုတာ တော်တော်များတယ်နော်”

“ဒါ..မင်းကိစ္စမဟုတ်ပါဘူးလေ..ငါတို့ဘက်က ကမ်းလှမ်းတဲ့ အမောက်ပဲ...မင်းတို့ မလုပ်လည်း လုပ်နိုင်တဲ့သူကို ငါရှာရမယ်..ဒါပေမယ့်...ဒီကိစ္စကို မင်းတို့ကို အသိပေးထားပြီးပြီဆိုတော့...မင်းတို့ပါးစပ်ပေါက်တွေကို ငါကယုံပေမယ့် ဟောင်ကောင်မှာရှိတဲ့ K14 က ယုံချင်မှယုံမှာ..အဲ့ဒီကျ ငါလည်း မတတ်နိုင်ဘူး”

“ခင်ဗျား စကားက ဘာလဲ..အလိန်”

ဂန္ဓမာကလက်သီးကို ဆုပ်ပြီး အလိန်ကို မေးလိုက်သည်။

အလိန်က ပြုံးလျက် ပုခုံးကိုတွန့်ပြလိုက်၏။

“မင်းကဖိုးတုတ်မဟုတ်ဘူး..ဂန္ဓမာသောင်းရီ..ငါကလည်း ဗိုလ်တစ်ထောင်မမှီးမဟုတ်ဘူး...ငါတို့ ဒီလိုခေတ်ဆိုးကြီးတွေထဲ...ရှင်သန်ကျန်နေရစ်ကြတာ..ငါတို့က ငါတို့ဖြစ်နေလို့ပဲကွ... မင်းတို့ သေချာစဉ်းစားပါ.. မင်းတို့လုပ်နိုင်တာတစ်ခုတော့ရှိတယ်...ငါတို့ ပရောဂျက်ကို လက်ခံပြီး အောင်မြင်အောင်လုပ်...ပြီးရင် အဲ့ဒီငွေတွေပိုက်ပြီး ဟောင်ကောင်ဖြစ်ဖြစ်၊ မကာအိုဖြစ်ဖြစ်၊ တိုင်ပေဖြစ်ဖြစ် ကြိုက်တဲ့နေရာကို ထွက်သွားပြီး ချမ်းချမ်းသာသာနေကြ...ဒါတော့ ငါကူညီပေးနိုင်တယ်၊ မဟုတ်ရင်တော့ K14 ရဲ့လျှို့ဝှက်ပရောဂျက်ကို မကူညီပေးပဲ သိနေတဲ့ လူတွေဖြစ်နေတဲ့ မင်းတို့အတွက် မကောင်းနိုင်ဘူး”

ဂန္ဓမာသောင်းရီ၏ အသက်ရှူသံများမြန်လာသည်။ အလိန်ကို စူးစူးစိုက်စိုက် ကြည့်နေ၏။

လက်တစ်ဖက်က ခုံဘေးတွင်ချထားသော အသစ်စက်စက် ချိန်းကြိုးဆီ ဦးတည်နေသည်။

အလိန်က ပြုံးနေ၏။ သို့သော်လည်း လက်တစ်ဖက်က ကုတ်အင်္ကျီအောက္ခမှ ခါးမြှောင်ဆီတွင် အသင့်အနေအထား။

ထွန်းရင် က ကြေးအိုးပြုတ်အိုးဘေးမှ ခါးမကို အသာဆွဲယူလိုက်သည်။

ကောင်တာတွင်ထိုင်ကာ ရေဒီယိုနားထောင်နေသော မသောင်းက ရေဒီယိုသံကို လျော့ရင်း ငြိမ်သက်သွားသည့် သူတို့ကို စောင့်ကြည့်နေကြသည်။
ထိုအချိန်တွင် ချိန်းကြိုးထံ ရွေ့နေသော ဂန္ဓမာ၏ လက်ကောက်ဝတ်ကို ချောရင်က ဆုပ်ကိုင်လိုက်သည်။
“ဟုတ်ပြီ...ကိုဂန္ဓမာက ရှင့်ရဲ့ကမ်းလှမ်းချက်ကို လက်ခံတယ်..ဦးအလိန်”
ချောရင်စကားသံကြားမှ အခြေအနေက ပုံမှန်ပြန်ဖြစ်သွားကြသည်။
“ပို့ရမယ့်မြေပုံအသေးစိတ်ကို လိုချင်တယ်...ဘယ်တော့စမယ်ဆိုတာလည်း သိချင်တယ်”
“ပို့ရမှာက မိုင်းဆတ်အထိ မဟုတ်ပါဘူး...မန္တလေးအထက်ဘက် နောင်ချိုအထိပါပဲလေ..အချိန်ကတော့ ပြောလို့မရဘူး...အခု ငါက အစိုးရဆီက သွင်းကုန်လိုင်စင် ဝယ်ထားတယ်..ဗာဂျီးနီးယားအကောင်းစားတွေ သွင်းမယ်ဆိုပြီး ကမ်းနားမှာ ဂိုထောင်တွေဌားဖို့လုပ်တုန်း..ဒါပြီးမှ ပစ္စည်းတွေ စုဖို့ လုပ်ရဦးမယ်...ဆုံပြီဆိုမှ စကြမှာပါ”
“အကြမ်းဖျဉ်းဘယ်လောက်ကြာနိုင်လဲ”
“တစ်နှစ်ခွဲလောက် ကြာလိမ့်မယ်..မင်းတို့အတွက် လမ်းကြောင်းဆွဲဖို့ စီစဉ်ဖို့ အချိန်အများကြီးရပါတယ်”
“ဟုတ်ပြီလေ..ဒီကြားထဲရှင့်ကိုဆက်သွယ်ချင်ရင်..ဘယ်ကိုဆက်သွယ်ရမလဲ”
“လွစ်လမ်းမှာ ငါအခန်းဌားနေတယ်....ဒီမှာ လိပ်စာကဒ်”
“အကိုကြီး ဂန္ဓမာကိုသာ ပေးလိုက်ပါ”
အလိန်က ချောရင်ထံ ကမ်းပေးနေသောလိပ်စာကဒ်ကို ဂန္ဓမာထံသို့ ပြန်ကမ်းပေးလိုက်သည်။
“စိတ်လျော့ပါ..သောင်းရင်ရာ....ငါကမင်းကို လက်ခံစေချင်လို့ ပြောမိတာပါ”
ဂန္ဓမာသောင်းရီ က အလိန် ထံမှ လိပ်စာကဒ်ကို ယူပြီး ခေါင်းငြိမ့်လိုက်သည်။
“ရော့..ဒီမှာ လုပ်ငန်းသဘောတူခြင်းအတွက် စရံငွေ ဒေါ်လာ နှစ်သောင်းပေးခဲ့မယ်”
အလိန်က တရုတ်မှိုင်းကိုင်စက္ကူဖြင့် ပတ်ထားသော အထုတ်တစ်ထုတ်ကို ကမ်းပေးလိုက်သည်။
“ဩော်...ရော့..ဒီမှိုင်းကိုင်စက္ကူပေါ်မှာတော့ မင်းနာမည်နဲ့ လက်မှတ်ထိုးလိုက် ဂန္ဓမာ...ဒါ K14 နဲ့ မင်းနဲ့ ကြားက သဘောတူစာချုပ်ပဲ”

အလိန်က ဘောပင်ကို ထိုးပေးလိုက်သည်။ ဂန္ဓမာက ဘောပင်ကို ယူပြီး မြှင်းကိုင်စက္ကူကို ဖြန့်ကာ နာမည်နှင့် လက်မှတ်ထိုးပေးလိုက်၏။
ထို့နောက် ပိုက်ဆံကို ယူထားပြီး မြှင်းကိုင်စက္ကူကို အလိန်ထံ ပြန်ပေးလိုက်သည်။
“ကဲ...အောင်မြင်ပြီပေါ့ကွာ...အောင်မြင်ခြင်းအထိမ်းအမှတ် တစ်ခွက်တစ်ဖလား သောက်ကြဦးမလား”
“ကျုပ်..မသောက်ချင်ဘူး..အလိန်”
“အေးပါကွာ..ဒါဆိုလည်းပြီးတာပဲ....ငါသွားပြီဟေ့”
အလိန်က သောင်းရီကို ပုခုံးတွန့်ပြပြီး ထွက်သွားသည်။
“အကိုကြီး..ညီမ လက်ခံလိုက်တဲ့အတွက် စိတ်မဆိုးစေချင်ဘူး....အခုက ညီမတို့မှာ ရန်မီးနှစ်ဖက်ညှပ်နေလို့ သူ့အားကိုးရမလားမှတ်တယ်..သူကပါ ခြိမ်းခြောက်တာခံနေရတယ်”
“အေး..အရင်တုန်းကလိုဆို ဒီကောင်မျိုးကို လည်ပင်းညှစ်ပြီး ပုလင်းကွဲကျွေးသတ်ပစ်တယ်”
“စိတ်အေးအေးထား..အကိုကြီး..ညီမတို့ စုစုစည်းစည်းရှိမှ ဖြစ်တော့မယ်...နောက်ထပ် ခြေလှမ်းတွေ ထပ်မှားလို့မဖြစ်တော့ဘူး”
ဂန္ဓမာအနီးတွင် မသောင်းက ရောက်လာပြီး ထိုင်လိုက်သည်။
ထို့နောက် အသင့်စပ်ထားသော ရမ်ဖန်ခွက်ကို လက်ထဲ ထည့်ပေးလိုက်၏။
“မောင်....သောက်လိုက်နော်”
ဂန္ဓမာက အသောင်းထိုးပေးသည့် ရမ်ခွက်ကို ယူကာ တရှိန်ထိုး မော့ချလိုက်သည်။
“ချောရင်...ညီမမှာဘယ်လို အစီအစဉ်တွေရှိလဲ”
မသောင်းက ချောရင် ကို မေးလိုက်၏။
“ညီမတို့ အရင်ဆုံး ဗိုလ်မောင်မောင်နဲ့ သွားတွေ့ဖို့လိုလိမ့်မယ်”
နောက်တစ်နေ့တွင် ဂန္ဓမာသောင်းရီနှင့် ချောရင်တို့သည် ဗိုလ်မောင်မောင် အားတွေ့ဆုံရန် ပေးထားသည့်တပ်လိပ်စာအတိုင်း လိုက်လာကြသည်။
သို့သော် ဗိုလ်မောင်မောင် ကားမရှိ။
ဗိုလ်မောင်မောင်သည် စစ်လျှော်ကြေးကော်မရှင်ကိစ္စတွင် တပ်ဘက်အရာရှိငယ်တစ်ဦးအနေဖြင့် ဂျပန်သို့ သွားနေသည်။

စစ်ရှုံးနိုင်ငံများမှ စစ်လက်နက်ထုတ်သည့်စက်ရုံများကို စစ်နိုင်သည့် နိုင်ငံများက ဖြုတ်ယူရန် ပေါ်လစီအရ မြန်မာနိုင်ငံသည့် ဗြိတိသျှကိုလိုနီအနေဖြင့် စစ်နိုင်နိုင်ငံ စာရင်းတွင် ပါဝင်ခဲ့သဖြင့် ဝေစုရရှိသည်။

ထို့အတွက် မြန်မာပြည်မှ အရပ်ဘက်၊စစ်ဘက်အရာရှိများ ကော်မရှင်တစ်ခုဖွဲ့ကာ ဂျပန်သို့သွားရောက်ပြီး ဖြုတ်ယူရမည့်စက်ရုံများတွင် ဝေပုံကျ သွားရောက်ဖြုတ်ယူရသည်။

ပြည်တွင်းလက်နက်ကိုင်များရော၊ ပြည်ပတရုတ်ဖြူကျူးကျော်မှုများကိုပါ ရင်ဆိုင်နေရသည့်အတွက် မြန်မာပြည်သည် ကျည်ဆံနှင့် လက်နက်များလိုအပ်လျက်ရှိသည်။

ထိုမနိုင်မီက စစ်ရှုံးနိုင်ငံဖြစ်သော အီတလီနိုင်ငံသို့လည်း ဗိုလ်ချုပ်နေဝင်း ဦးဆောင်သည့်အဖွဲ့က သွားရောက်ကာ မဟာမိတ်များရသည့် ဝေပုံကျများထဲမှ မြေမြုပ်ထားသည့် စတင်းဂန်းစက်ရုံတစ်ရုံကို ဝယ်ယူနိုင်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် စတင်းများ ထုတ်လုပ်လာနိုင်သည်။

ရိုင်ဖယ်နှင့် ကျည်ဆံလုပ်သည့်စက်များလည်း ရရှိလာဖူးသည်။

သို့သော်..ဂျပန်နိုင်ငံတွင်ကားမှန်းချက်နှင့် နှမ်းထွက်မကိုက်ခဲ့။

တကယ်တမ်းလက်နက်ထုတ်လုပ်နိုင်မည့် အဓိကပစ္စည်းများကို အမေရိကန်တို့က ဖြုတ်ယူပြီး ဖြစ်သဖြင့် ကျန်နိုင်ငံများမှာ အရေးမပါသည့်ပစ္စည်းများသာရလိုက်သည်။

ဗိုလ်မောင်မောင်ပါဝင်သည့် ဂျပန်သွားအဖွဲ့ကား ဂျပန်တွင် ဟိုပစ္စည်းရနိုးနိုး၊ ဒီပစ္စည်းရနိုးနိုးဖြင့် လိုက်လံရှာဖွေရင်း သော သို့သော်တကယ်တမ်းလက်နက်ထုတ်လုပ်နိုင်မည့် အဓိကပစ္စည်းများကို အမေရိကန်တို့က ဖြုတ်ယူပြီး ဖြစ်သဖြင့် ကျန်နိုင်ငံများမှာ အရေးမပါသည့်ပစ္စည်းများသာရလိုက်သည်။

မည်သည့်ရက္ခ ပြန်လာကြမည်ကိုလည်း တပ်မှ အတိအကျမပြောနိုင်သဖြင့် ဂန္ဓမာသောင်းရိန်နှင့် ချောရင်တို့ မှာ စိတ်ပျက်လက်ပျက်ဖြင့် ပြန်ထွက်လာကြသည်။

ထို့အချိန်တွင် ဂန္ဓမာသောင်းရီတို့သည် ဖဆပလမှ ကြိုထုတ်ပေးသောငွေ၊ အလိန်ထံမှ စရံငွေတို့ထံမှ ဂျစ်ကားတစ်စီးဝယ်ယူထားခဲ့ပြီဖြစ်သည်။

ထွန်းရင်က ဂျစ်ကားကိုမောင်းလာပြီး ဂန္ဓမာသောင်းရီက ဘေးမှ ထိုင်လိုက်လာသည်။

ချောရင်က ဂျစ်ကားအနောက်တွင် ထိုင်သည်။

“ကဲ..ဘာဆက်လုပ်ကြမလဲ”

“ဒီတိုင်းဆိုရင်တော့ ညီမ ရဲ့ဒုတိယအစီအစဉ်ကို ဆက်လုပ်ကြဲတာပေါ့..အကိုကြီး”
“ဒုတိယအစီအစဉ်ကြ ဘာလဲ”
“လူတစ်ယောက်ကို သွားတွေ့ရမယ်”
“ဘယ်သူလဲ”
“စိန်ဓါးမြှောင်”
“အဲ့ဒီကောင်ဆိုရင်တော့ ငါက အိမ်ပြန်ပြီး ဒူးလေးပြန်ယူလိုက်ဦးမယ်...မအေပေး..ကလိန်ကကျစ်...ဖင်ဝကိုချည်း ဒူးလေးနဲ့ မသေမချင်း ပစ်သတ်ပစ်မယ်”
ထွန်းရင်က ဒေါသတကြီးကြိမ်းမောင်လိုက်သဖြင့် ဂန္ဓမာက ပြုံးလိုက်သည်။
“နေပါဦး..ထွန်းရင်..ချောရင် ပြောတာဆုံးအောင် နားထောင်ပါဦး..ကဲ..ငါတို့က ဘာလို့ စိန်ဓါးမြှောင်နဲ့ တွေ့ရမှာလဲ”
“အကိုကြီးစဉ်းစားကြည့်...ညီမတို့ အခု ပစ္စည်းပို့ရမယ့်လမ်းကြောင်းက နောင်ချို့မန္တလေးအထက်နားလေးတင်ပဲ။ အဲ့ဒီတစ်လျှောက် ဗကပ၊ရဲဘော်ဖြူ၊ ကေအင်ဒီအို သူပုန်ပေါင်းစုံကိုကျော်သွားရမှာ...တကယ်တမ်းက အဲ့ဒီဘက်မှာ ကျမ်းကျင်တဲ့သူလို့တယ်...ညီမ စိန်ဓါးမြှောင်အကြောင်းကို သေချာလေ့လာပြီးပြီ...သူ့တပည့်တွေက အဲ့ဒီဘက်မှာ ဖြန့်ကျက်ထားတာပဲ..အဲ့ဒီဘက်တင်မကပါဘူး...မော်လမြိုင်ကနေ ထားဝယ်ထိတောင် သူ့ဩဇာခံအဖွဲ့တွေ ရှိနေတယ်”
“ဒီကောင်က ဒီလောက်တောင် စွမ်းလား”
“အင်း...ဒါကြောင့်မို့လည်း ရန်ကုန်မြို့လည်ကောင်မှာ အိမ်တစ်ဆောင်မီတစ်ပြောင်နဲ့ ဓါးပြလာလုပ်နေတာပေါ့..အကိုကြီးရယ်”
“အင်း...”
“အခု ညီမတို့ သူနဲ့ ယာယီမဟာမိတ်ဖွဲ့မယ်....သူ့ကို စည်းရုံးပြီး ဒီလမ်းကြောင်းကို သူ့လူတွေ့ ကို သုံးလို့ရအောင် ပြောရမယ်...ဒါဆို အခု လောလောဆယ်ညီမတို့ ညပ်နေတဲ့ ရန်မီးနှစ်ဖက်မှာ တစ်ဖက်လည်း လောလောဆယ် အေးမယ်..ကိုယ့်အလုပ်လည်း အောင်မြင်မယ်”
သောင်းရီက ဂျစ်ကားလေကာမှန်ရှေ့တွင် တင်ထားသော စီးကရက်ဗူးကို ယူလိုက်သည်။
“ထွန်းရင်..ကားခဏရပ်ဦး..ငါစီးကရက်သောက်မလို့”
ထွန်းရင်က ကားကို လမ်းဘေးထိုးရပ်လိုက်သည်။
“ချောရင်...ငါတော့ ဒီကောင်နဲ့အလုပ်တွဲလုပ်ရမယ်ဆို သတ်မိမှာနော်”

ထွန်းရင် က ဝင်ပြောပြန်သည်။

"ကဲ..ထွန်းရင်..ခဏလေးစိတ်လျော့ပါကွာ..ချောရင်ပြောတာကို ငါသဘောပေါက်တယ်..ဒီလိုဆို ငါနဲ့ ဝန်ကြီးချုပ် အပေးအယူလုပ်ခဲ့တဲ့အတိုင်း စိန်ခါးမြောင်ကို ထောင်ထဲထည့်ဖို့နဲ့ သူသိမ်းထားတဲ့မဲပြားတွေ ရဖို့ အတွက်လည်း အချိန်ရသွားမယ်၊ အဲ့ဒီအချိန်သူ့ပျော့ကွက်ကို အနိုင်ကပ်ရှာရမယ်.အဲ့ဒီလိုမဟုတ်လား..ချောရင်"

"ဟုတ်တယ်..အကိုကြီး...လောလောဆယ်...ညီမတို့ နဲ့ စိန်ခါးမြောင်ပေါင်းလာအောင်လုပ်ရမယ်"

"လွယ်ပါ့မလား..ဟိုနေ့က သူ့အိမ်ကိုရဲတွေဝိုင်းတာ ငါတို့လက်ချက်ဆိုတာ သူသိနေလောက်ပြီလေ"

ချောရင်က လက်ညှိုးနှင့် လက္ခကို ဝိုင်းပြလိုက်ပြီး

"ရန်သူကိုမိတ်ဆွေဖြစ်အောင်လုပ်နိုင်တာလည်း ငွေပဲ၊ မိတ်ဆွေကို ရန်သူဖြစ်အောင်လုပ်နိုင်တာလည်း ငွေပဲ အကိုကြီးရေ..ငွေသုံးရင် စစ်ပွဲရော ငြိမ်းချမ်းရေးပါ ဘာမဆိုဖြစ်နိုင်တယ်... စိန်ခါးမြောင်ဆိုတာ ငွေလိုချင်လို့ ခါးပြတိုက်နေတာမဟုတ်လား..အကိုကြီးရဲ့"

"အင်း..ကိုဖိုးတုတ်ကြီးရှိတုန်းက နင်ရွာမှာပဲ နေခဲ့တာ..နာတယ်..ချောရင်.နင်သာရှိရင် နင်တို့ နှစ်ယောက်ပေါင်းပြီး.. ဘာတွေများလုပ်ကြမလဲ..ငါ့မင်ယောင်တယ်"

ထွန်းရင်က ဝင်ပြောသည်။

ဂန္ဓမာက စီကရက်ကို ရင်ခေါင်းထဲသို့ အငွေ့ပျောက်ရှိုက်သွင်းလိုက်ပြီး ကားလမ်းမဘက်ဆီသို့ ငေးနေသည်။

ထို့နောက်..

"ကဲ..စိန်ခါးမြောင်အိမ်...သွားကြစို့"

……
……
……

အခန်း(၂၇)

ပုဇွန်တောင်၊ညောင်တန်းလမ်းရှိ စိန်ခါးမြောင်၏ အိမ်ရှေ့တွင် ကားထိုးရပ်လိုက်သည်။
“ဒီအိမ်ပဲ..ရပ်လိုက်တော့”
ချောရင် စကားကြောင့် ထွန်းရင်က ကားကို ရပ်လိုက်သည်။
ဂန္ဓမာသောင်းရီက အိမ်အတွင်းဘက်သို့ တစ်ချက်ကြည့်လိုက်သည်။
“ရတနာပုံဆေးတိုက် ၊ဗမာနိုင်ငံတိုင်းရင်းဆေးသမားတော်များအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဆရာကြီးဦးသိန်း” ဆိုသည့် ဆိုင်းဘုတ်ကို အရင်မြင်ရ၏။
“ထွန်းရင်..မင်း အပြင်မှာပဲ စောင့်နေခဲ့..အထဲက အသံကိုတော့ နားစွင့်ထားနော်”
“ဟုတ်ကဲ့..ကိုဂန္ဓမာ”
ဂန္ဓမာသောင်းရီက ဘယ်ဘက်ပုခုံးတွင် လွယ်ထားသော ခြိန်းကြိုးကို ညာဘက်လက်ဖြင့် အသာစမ်းကြည့်လိုက်ပြီး အိမ်ထဲသို့လှမ်းဝင်လိုက်သည်။
ချောရင် က နောက်မှ ပါလာ၏။
“ဆရာသိန်း..ဆရာသိန်း...မမနှင်း..မမနှင်းရှင့်”
ချောရင်က ခေါ်လိုက်သည်။
“အပေါ်ထပ်မှာ တက်ခဲ့ကြ”
အသံကြားရာ အိမ်ပေါ်ထပ်ဆီသို့ သူတို့ တက်လိုက်ကြသည်။
အိမ်အရှေ့ဘက် ဘုရားစင်ရှေ့တွင် အညိုရောင်ယောဂီအင်္ကျီဖြင့် လူတစ်ယောက် ထိုင်နေ၏။
ရှေ့တွင် ကြေးကွမ်းအစ်ကြီးကို ချကာကွမ်းသီးများကို ကွမ်းညှပ်ဖြင့် ညှပ်နေသည်။
“ကျွန်မတို့ စိန်ခါးမြောင်နဲ့ တွေ့ချင်လို့လာတာ”
“ဘယ်ကစိန်ခါးမြောင်တုန်းကွဲ့”
“ကဲ..ရှင်..ဟန်ဆောင်မနေပါနဲ့တော့..ဆရာသိန်းနဲ့တွေ့ချင်လို့လာတာ”
“ဆရာသိန်းဆိုတာ ကျုပ်ပဲလေ..ကလေးမ”

ဂန္ဓမာသောင်းရီက ရယ်လိုက်သည်။
“ဟုတ်ပြီ..အဲ့ဒါဆို စိန်ခါးမြောင်က ဘယ်မှာလဲ”
“ခင်ဗျားအနောက်မှာလေ..ကိုဂန္ဓမာရဲ့”
ဂန္ဓမာက နောက်သို့ လှည့်ကြည့်လိုက်သည်။
စိန်ခါးမြောင်က လက်ထဲတွင် ပစ္စတိုသေနတ်တစ်လက်ကို ကိုင်ထားသည်။
“ဒီအထိ လိုက်လာတာက ပစ်ရခတ်ရမယ့်ကိစ္စလား..သတ်ရပုတ်ရမယ့်ကိစ္စလား..ပစ်ရခတ်ရမယ့်ကိစ္စဆိုရင်တော့ ခင်ဗျားတို့ နှစ်လောင်းပြုင်ဖြစ်ပြီသာ မှတ်ဗျာ..နော့”
ဂန္ဓမာက စိန်ခါးမြောင်ဘက်လှည့်ကာ ပြုံးလိုက်သည်။
“အလုပ်ကိစ္စ စကားပြောဖို့လာတာ..စိန်ခါးမြောင်..ထောင်ထဲမှာတုန်းက မင်းကို ငါ နာဂျစ်အာရတ်တို့ လက်ထဲက ကယ်ထားပေးတာကို မင်းက ကျေးဇူး အကြိမ်ကြိမ်ဆက်နေတာပဲကွ”
စိန်ခါးမြောင်က ရယ်လိုက်သည်။
“ကဲ..ဆရာတင်...ခင်ဗျားကိစ္စပြီးပြီ..အောက်ဆင်းတော့..သြော်..မဆင်းခင်..ကျွန်တော့်ကို ကွမ်းတစ်ယာလောက် ယာသွားပေးပါဦးဗျ”
အစောပိုင်းက ဆရာသိန်းဟု ပြောနေသော ယောဂီဝတ်ဆရာတင်က ကွမ်းတစ်ယာယာပေးပြီး စိန်ခါးမြောင်အား ပေးကာ ထထွက်သွားသည်။
“သြော်..ဟိုနေ့ကရဲတွေ လာဝိုင်းတဲ့အချိန် ဦးလေးက ဒီလူနဲ့ လဲလိုက်တာထင်တယ်..ဒါကြောင့် ရဲတွေ မျက်စိလည်ကုန်တာပဲ”
“အေး..ဟုတ်တယ်..ငါ့မ..မင်းကဘယ်ခေလို့တုန်း..ထားပါ...ကဲ..ကိုဂန္ဓမာရဲ့...ထောင်ထဲမှာ ခင်ဗျားက ခင်ဗျား ဆရာသိန်းတို့ ခိုင်းလို့ ကျွန်တော်ကို ကယ်ခဲ့တာ ကျွန်တော်သိပါတယ်...အားလုံးဟာ ကိုယ့်အကျိုးအတွက် မျော်ကိုးပြီးလုပ်ခဲ့ကြတာမဟုတ်လားဗျ....အဲ့ဒီနေရာမှာ ကျွန်တော်က စိန်ခါးမြောင် ဆိုတဲ့ ဓါးပြဗိုလ်မဟုတ်ပဲ..လမ်းဘေးက မော်တော်ကားဘီးဖြုတ်ခိုးတဲ့သူခိုးလေးဆို ဆရာသိန်းက ကယ်ခိုင်းပါမလား..ခင်ဗျားကရော ကယ်ပါမလား...ကျေးဇူးတင်ချင်းတင် ကျွန်တော့်ကိုယ် ကျွန်တော် စိန်ခါးမြောင် ဖြစ်နေတဲ့အတွက် တင်ရမှာပါပဲ..ထားပါလေ..ဘယ်လိုပြောပြော..ခင်ဗျားဆီ ကျွန်တော်အတူနေခဲ့တဲ့ကာလမှာ ခင်ဗျားတို့၊ ကိုအုန်းဖေတို့၊ ထွန်းရင်တို့ နဲ့မိတ်ဆွေဖြစ်ခဲ့ကြတာပဲမဟုတ်လား...နာဂျစ်လူတွေ အကြောင်းကို ကျွန်တော် ကြိုသိနေလို့ ခင်ဗျားကို တိုက်ထဲပိတ်ဖြစ်အောင်လုပ်ခဲ့တာ..အင်း ပြောရရင်တော့ ခင်ဗျားသေမှာ ကြောက်တာထက်...ကျွန်တော့်အကျိုးစီးပွားအတွက် ခင်ဗျားနဲ့ နာဂျစ်နှစ်ယောက်လုံးကို

တိုက်ပိတ်ခံရအောင် လုပ်ခဲ့တာကိုလို့ ဝန်ခံပါတယ်...ဒါပေမယ့်..နာဂျစ်ထက်စာရင် ခင်ဗျားကိုတော့ ကျွန်တော်က စေတနာလေး ရှိတယ်ဗျ...ခင်ဗျားရဲ့တစ်ချို့ စိတ်ရင်းလေးတွေကို သဘောကျတယ်..မသေစေချင်ဘူး..ဘာလို့လဲဆိုတော့ ခင်ဗျားက ရိုးသားတာကိုးဗျ..ကျွန်တော့်ထက်စာရင် ခင်ဗျားက အများကြီး ရိုးသားတယ်..ခင်ဗျားလိုလူက ကျွန်တော့်ပြိုင်ဘက်မဟုတ်ဘူး..ကျွန်တော်တို့ လျှောက်တဲ့လမ်းချင်းကလည်းမတူပဲကိုးဗျ..နော့"

ချောရင်က စိန်ခါးမြောင်စကားကို လှောင်ပြုံးပြုံးလိုက်သည်။

"ကျွန်မတို့ အခုလာတာ...ပြီးခဲ့တဲ့ကိစ္စတွေကို ရှင်းတမ်းထုတ်ဖို့မဟုတ်ဘူး..ဦးလေး...ဦးလေးရော ကျွန်မတို့ပါ အကျိုးစီးပွားဖြစ်မယ့် အလုပ်ကိစ္စတစ်ခု ဆွေးနွေးဖို့လာတာ"

"ဟုတ်လား..ကိုဂန္ဓမာ"

"ဟုတ်တယ်...စိန်ခါးမြောင်"

"ခင်ဗျား..ပါးစပ်က ပြောတာဆိုရင်တော့ ကျွန်တော်ယုံပါတယ်..ကဲ...မြကြည်တို့ အနှင်းတို့ ထွက်လာခဲ့ကြတော့ဟော့"

စိန်ခါးမြောင်စကားအဆုံးတွင် ဂန္ဓမာတို့၏ ဘေးဖက် အခန်းမှ မြကြည်က ခြောက်လုံးပြူးတစ်လက်ကို ကိုင်လျက်ထွက်လာသည်။

အနှင်းက ဂန္ဓမာတို့ ထိုင်နေသည့် အနောက်ဖက် မှ စတင်းဂန်းတစ်လက်ကို ကိုင်ကာထွက်လာ၏။

"ကဲ..မြကြည်ရေ..ဒီကွမ်းအစ်ကြီးထဲက ဟာ လာသိမ်းလိုက်ပါဦး..ဧည့်သည်တွေနဲ့ စကားပြောမလို့"

မြကြည်က ကွမ်းအစ်ထဲမှ နောက်ထပ် ခြောက်လုံးပြူးတစ်လက်ကို လာယူကာ သိမ်းလိုက်သည်။

"ကိုဂန္ဓမာရေ..အားနာလိုက်တာ..လိုရမယ်ရတော့ လုပ်ထားရတာဗျ..ခင်ဗျားကို ယုံပေမယ့်..ခင်ဗျားနဲ့ ပါလာတဲ့ ဟာလေးက မယုံရဘူးဗျ..သူကျွန်တော့်အိမ်လာပြီး နောက်ရက် အိမ်ကို ရဲတွေလာဝိုင်းသကိုးဗျ..ဟားဟား"

စိန်ခါးမြောင်က ကွမ်းတံတွေးထွေးရန် ထွေးခံကို ယူလိုက်ပြီး ရယ်နေသည်။

"ကဲ..ကဲ...အလကားစတာပါ..လာရင်းကိစ္စပြောကြပါ"

"ညီမ ပြောပြလိုက်မယ်...အကိုကြီး"

.....

"ဒီတော့ ကျွန်တော့်အတွက်က ဘာရမှာလဲ"

“တဝက်တိတိရမယ်”

“ဒေါ်လာငါးသောင်းပေါ့လေ”

ဂန္ဓမာသောင်းရီက ခေါင်းညိတ်ပြလိုက်သည်။

“အင်း..ဒေါ်လာငါးသောင်း...အင်း..ဂျက်လေယာဉ်တစ်စီးတောင်ဝယ်လို့ရ တယ်..ဂျက်လေယာဉ်နဲ့ ကမ္ဘာပတ်ခါးပြတိုက်လိုက်ရရင်တော့လား”

“ပေါက်ကရတွေလျှောက်ပြောမနေပါနဲ့..ဦလေး...ဘယ်လိုလဲ...ကျွန်မတို့မေးတာ သာဖြေစမ်းပါ”

ချောရင်၏လေသံက မာသွားသဖြင့် အနှင်းက ချောရင်၏ မျက်နှာကို စူးစိုက် ကြည့်ရင်း စတင်းဂန်းသေနတ်၏ လုံခြုံရေးခလုတ်မောင်းကို ဆွဲတင်လိုက်သည်။

“ဒီမယ်..ငါ့တူမ...စကားကို ငြင်ငြင်သာသာပြောကွယ့်...ဦးလေးက သဘောကောင်းပေမယ့်..ဦးလေးလူတွေက မြန်မာပြည်အနှံ့ ဓါးပြတိုက်လာကြ တာ..ပြီးတော့ သူတို့က ဦးလေးကို ခေါင်းဆောင်အဖြစ် ကြည်ညိုကြတာ..သူတို့ လက်ညှိုးတွေ သေနတ်မောင်းခလုတ်ပေါ်ရောက်ကုန်အောင် မပြောရ ဘူး..အင်း..မတော်တာတွေဖြစ်ကုန်မယ်..ဟော့.မြကြည်..အနှင်းဆီက စတင်းဂန်း လာယူပြီး အောက်ထပ်ကထွန်းရင်ဆီ သွားပေးထားစမ်းပါကွယ်..”

ထိုအခါမှ ချောရင်က ဘေးတွင်ရပ်နေသော အနှင်းကို ကြည့်လိုက်မိသည်။

မျက်လုံးချင်းအဆုံတွင် အနှင်းက ချောရင်ကို စူးစူးစိုက်စိုက်ကြည့်နေ၏။

“ကဲ..မြကြည်ရေ..အနှင်းကိုပါအောက်ခေါ်သွားကွဲ့..အကို ဒီမှာ စကားပြောလိုက် ဦးမယ်..ဒီလူတွေ ဘာအန္တရာယ်မှ မရှိတော့ပါဘူး..ကဲ..ကိုဂန္ဓမာလည်း ချိန်းကြိုး တွေဘာတွေ ဆောင်လာရင် ကျွန်တော့်မိန်းမဆီ အပ်ထားလိုက်ပါ..လက်နက်တွေ မပါပဲ စကားပြောကြတော့ ပိုစိတ်ချရတာပေါ့”

ဂန္ဓမာက အင်္ကျီအောက်သို့ လည်လျှိုပြီး ချိန်းကြိုးကို ယူကာ မမြကြည်ထံသို့ ပေးလိုက်သည်။

“ကွမ်းစားတတ်ရင် စားကြပါ”

ဂန္ဓမာက ကြေးကွမ်းအစ်ကြီးကို ရှေ့သို့ တိုးပေးလိုက်သည်။

“ခုန ခင်ဗျားတို့ ကမ်းလှမ်းတာကိုကျွန်တော်လက်ခံတယ်....ခင်ဗျားတို့ကအဲ့ဒီ သံတိုသံစတွေကို ဘယ်အထိ ပို့ပေးနိုင်တာလဲ..ကျွန်တော်က ဘယ်အပိုင်းကနေ စသယ်သွားပေးရမလဲ”

“အဓိကကတော့ အစိုးရစစ်တပ်တွေ ရှိတဲ့ဘက်ကို ရှောင်သွားရမှာ... ကျွန်မတို့ ဘယ်လောက်ထိ ပို့ပေးနိုင်မလဲဆိုတာ ဦးလေး စဉ်းစားပေး”

“မြဲကြဲညည်ရေ....အိပ်ခန်းထဲက မြေပုံယူခဲ့ပေးပါဦး”
မမြကြည်က မြေပုံလိပ်တစ်လိပ်ကို စိန်ခါးမြောင်အား လားပေးသည်။
စိန်ခါးမြောင်က မြေပုံကို ဖြန့်ခင်းလိုက်၏။
“သြော်..ဒါနဲ့ တကယ်အလုပ်လုပ်ကြတော့မယ်ဆိုရင်တော့..ကျွန်တာတွေမေ့ထားပြီး ဒီအလုပ်ထဲပဲ အာရုံစိုက်ဖို့ နဲ့ အလုပ်ပြီးသွားရင် ကတိတည်ဖို့ပဲ လိုမယ်နော်”
“အဲ့ဒါ ငါက မင်းကို ပြောရမှာ..စိန်ခါးမြောင်”
ဂန္ဓမာစကားကြောင့် စိန်ခါးမြောင်က အသံထွက်အောင် ရယ်လိုက်သည်။
“ကဲ..ဒီမှာ...တောင်ကြီးဘက်က နေ သွားတဲ့လမ်းကတော့ သွားလို့မဖြစ်ဘူး..တောင်ကြီးက အစိုးရတပ်တွေ ရှိနေတာ..ကျွန်တော်တို့ ရွေးချယ်ရင် တိုက်ပွဲဖြစ်နေတဲ့ ဒေသတွေကရွေးသွားမှဖြစ်မယ်။ ရန်ကုန်မန္တလေးလမ်းအတိုင်းသွားရင်လည်း သေချာပေါက် အစိုးရတပ်တွေက မိမှာပဲ”
“ဒါဆို မန္တလေးကို ဘယ်လိုရောက်အောင်ပို့ရမလဲ”
“မဟုတ်ဘူး..မန္တလေးကို မဝင်ဘူး..မန္တလေးကလည်း အစိုးရတပ်တွေစိုးမိုးထားပြီလေ..ဒီဘက် ပခုက္ကူ၊ မုံရွာကနေ မိုးကုတ်ကိုသွားမယ်။ မိုးကုတ်ကနေဆို နောင်ချုကျော်ပြီး ကျောက်မဆိတောင် ရောက်သွားပြီ..နောက်ပြီး အဲ့ဒီ ပခုက္ကူ၊ မုံရွာ၊ ရွှေဘို လမ်းတစ်လျှောက် က ကျွန်တော့်လူတွေရှိတယ်။ အဲ့ဒီဘက်က အလံနီတွေကြီးစိုးထားတာ။ အလံနီထဲဗိုလ်ဖြစ်ခဲ့တဲ့ ကျွန်တော့်လူ ငရုတ်သီးဘရင်၊ ထွန်းခင်တို့ ရှိတယ်။ သူတို့ကိုအဲ့ဒီဘက် ကြုံလွှတ်ပြီး ဒီလမ်းကြောင်းအတွက် အလံနီတွေကို အလှူငွေထည့်ပြီး ညှိနှိုင်းမယ်။ အဆင်ပြေပြီဆိုရင်..ခင်ဗျားတို့က ပစ္စည်းတင်လာတဲ့ကားတွေကို မကွေးလမ်းဘက်ကနေ ပခုက္ကူအထိ သယ်ပေးရုံပဲ...ရေနံချောင်းကျော်တာနဲ့ ကျွန်တော့်လူတွေက ခင်ဗျားတို့ ကားတွေကို စောင့်ရှောက်ပေးလိမ့်မယ် ခင်ဗျားတို့ဘက်က ပစ္စည်းပို့ဖို့ အဆင်သင့်ပြီဆိုတာနဲ့ ကျွန်တော် အဲ့ဒီဘက် တက်ပြီး..လမ်းကြောင်းဆွဲမယ်...”
ဒေါ်လာတစ်သိန်းတန်စီမံကိန်းကို စိန်ခါးမြောင်က မြေပုံရှေ့ချပြီး ငါးမိနစ်အတွင်း အစီအစဉ်ဆွဲပြသွားသည်။
“ကဲ..ဘယ်လိုလဲဗျ..ကျွန်တော်ပြောတာ သဘောတူလား”
“နေဦး..ကျွန်မတို့ကိစ္စက ဟိုလူပစ္စည်းစုတာ တစ်နှစ်ကျော်လောက်ကြာနိုင်တယ် ပြောတယ်..ကြားထဲမှာ နိုင်ငံရေးအခြေအနေကတစ်မျိုးပြောင်းသွားနိုင်တယ်..အဲ့ဒါကိုလည်း ထည့်စဉ်းစားဦ”
ချောရင်စကားကို စိန်ခါးမြောင်က ခေါင်းညိတ်လိုက်သည်။

“မကြာခင်မှာ ရဲဘော်ဖြူတွေကတော့ အလင်းဝင်ဖို့များတယ်။ နောက်တစ်ခုက သတိထားရမှာကစစ်တပ်ပဲ..ပြည်တွင်းစစ်ဖြစ်နေသမျှ အစိုးရက စစ်တပ်ကို မှီခို နေကြရတယ်...စစ်တပ်ကို ဖဆပလထဲ အုပ်စုအတောင့်ဆုံးဖြစ်တဲ့ ဆိုရှယ်လစ် အုပ်စုက ကြိုးကိုင်ဖို့ကြိုးစားရင်း နိုင်ငံရေးထဲ ဆွဲသွင်း ပစားပေးနေကြတယ်။ အခုက ဗိုလ်ချုပ်နေဝင်းနဲ့ ဦးနုကတော့ ပလဲနံပသင့်နေသေးတယ်။ မကြာခင်မှာ စစ်တပ်က အစွယ်ပေါက်လာမှာအသေအချာပဲ။ အစွယ်ရှိတဲ့သတ္တဝါက သွေးသောက်ဖူးရင် သွေးအရသာကို စွဲလမ်းသွားတတ်ကြတဲ့။ လက်နက်ရှိထားတဲ့လူကလည်း အာဏာရဲ့အရသာကို သိသွားရင် ဘာဖြစ်မယ်ဆိုတာ ကျွန်တော် ခါးပြတိုက်စားခဲ့တဲ့သက်တမ်းတစ်လျှောက်ကိုယ်တွေ့ပဲ။ စစ်တပ်ကိုကိုင်တွယ်ဖို့က အခုလက်ရှိ နိုင်ငံရေးသမားတွေရဲ့ ပါးနပ်မှုပေါ်မှာ မူတည်နေတယ်ဗျ”

“မင်းကနိုင်ငံရေးသမားလုပ်စားရမှာ စိန်ခါးမြောင်ရဲ့”

ဂန္ဓမာသောင်းရီက ဝင်ပြောလိုက်သည်။

“ခါးပြတိုက်နေရတယ်..အဲ့ဒီလောက်မအားဘူးဗျ”

ဂန္ဓမာသောင်းရီနှင့် ချောရင်တို့က စိန်ခါးမြောင်အား စရံအဖြစ် ဒေါ်လာတစ်သောင်းပေးကာ ပြန်ခဲ့ကြသည်။

အိမ်ရှေ့တွင်ရှိသော ထွန်းရင်၏ ကားနဘေးတွင် အနှင်းနှင့် ထွန်းခင်၏ ဇနီး ရင်ရင်တို့ ရပ်နေကြသည်။

ထွန်းရင်နှင့် ရယ်ရယ်မောမောစကားပြောနေကြ၏။

“သွားပြီနော်..မမနှင်း”

ချောရင်က အနှင်းကို နှုတ်ဆက်လိုက်သည်။

“အင်း.ချောရင်..ခုန တို့အလုပ်တို့လုပ်တာနော်”

“ဟုတ်ကဲ့ပါ..ညီမနားလည်ပါတယ်..ကိုစံဘတို့ ရုံးချိန်းကျ တွေ့ကြဦးစို့”

ထွန်းရင်က ကားကို စက်နှိုးလိုက်သည်။

“မနှင်း...ကျွန်တော်သွားလိုက်ပါဦးမယ်”

ထွန်းရင်မျက်နှာက စပ်ဖြဲဖြဲနှင့်။

ကားက စိန်ခါးမြောင်အိမ်ရှေ့မှ ထွက်သည်နှင့် ချောရင်က

“ကိုကြီးထွန်းရင်..က စိန်ခါးမြောင် တပည့်မတွေနဲ့လေပေးဖောင့်နေကြပါလား”

“မဟုတ်ဘူးဟဲ့...အဲ့နှစ်ယောက်ကငါ့ဘေး လာပြီး မြောက်နဲ့ ထောက်ထားကြတာ..နင်တို့ အပေါ်မှာ ရုတ်ရုတ်ရုတ်ရုတ်ဖြစ်ရင် ငါတော့သေပြီပဲ..ဒါကြောင့်

စကားတွေလျှောက်ပြောနေတာ...တကယ့်အာဂဟာမလေးတွေပဲ..သြော် မနှင်း..မနှင်း...ခြောက်လုံးပြူးလေးကိုင်ပြီး တစ်မျိုးလေးပဲ”
ဂန္ဓမာသောင်းရီက ထွန်းရင်စကားကြောင့် ရယ်လိုက်သည်။
ချောရင်က သက်ပြင်းချရင်း ခေါင်းခါလိုက်တော့၏။
.....
“ဘာ..ဦးမြကျင် သေပြီတဲ့လား..နာဂျစ်”
မဂျစ်ခန်း၏ စကားကို နာဂျစ်အာရတ်က ခေါင်းငြိမ့်ပြလိုက်သည်။
အိန္ဒိယသို့ သုံးလကြာသွားနေသော မဂျစ်ခန်း ရန်ကုန်သို့ ပြန်ရောက်လာခဲ့ပြီဖြစ်သည်။
“မင်တို့က ဘာမှ မလုပ်ကြဘူးလား”
“ကျွန်တော်တို့မှာ ဘိုင်လည်းမရှိဘူး။ ဦးမြကျင်ကလည်း ရုတ်တရက်အသတ်ခံလိုက်ရတော့ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေတာ..ဘိုင်”
“မင်းလူတွေရော၊ ဦးမြကျင်လူတွေရော...က ဒီကောင်ကြီးကို ဒီအတိုင်းလွှတ်ပေးထားတယ်ပေါ့..အဲ့ဒီလိုလား”
“သူတို့လည်း အရင် လမ်းမတော်ဖိုးတုတ်အဖွဲ့က လူဟောင်းတွေ ကို ပြန်စုနေကြတယ်ကြားတယ်။ အစိုးရပိုင်း၊စစ်တပ်က လူတွေကလည်း သူတို့ဆီ အဝင်အထွက်လုပ်နေကြတာ..အခုလည်း ဦးမြကျင်အမှုမှာ ဂန္ဓမာကြီးသတ်တာ သိသိကြီးနဲ့ ရဲဘက်က မသိချင်ယောင်ဆောင်ထားသလိုပဲ..စံဘနဲ့ တခြား တစ်ယောက်ကိုပဲ ဖမ်းထားကြတယ်..ကျွန်တော်တို့လည်း ရှေ့မတိုးရဲဘူး...ဘိုင်ရှိရင်တော့ တစ်မျိုးပေါ့”
မဂျစ်ခန်းက ဆီလိမ်းထားသဖြင့် ကော့နေသော နှူတ်ခမ်းမွှေးကို သပ်ရင်း တစ်စုံတစ်ခုကို စဉ်းစားနေသည်။
“ဒီကောင်တွေ ဦးမြကျင်ရဲ့နယ်မြေကို အခုလုယူထားတာလား”
“အဲ့ဒီလိုလည်း မဟုတ်ဘူး...ဆိုင်တွေကို လစဉ်ကြေးတောင်းတာတွေ ဘာတွေလေ မလုပ်ဘူး...အဲ့ဒီနယ်မြေ ကို ကျွန်တော်တို့လည်း လွှတ်ထားရတယ်..ဦးမြကျင်ရော သူ့လူ အရှုပ်ပါ သေပြီး ဂန္ဓမာကြီး ဆိုင်လည်းရှိနေတော့ အဲ့ဒီနယ်မြေကို ကျွန်တော့်လူတွေလည်း ငွေ ဝင်မတောင်းရဲဘူး..သူတို့က လူမိုက်ဂိုဏ်းပုံစံမျိုးလည်း မလုပ်ဘူး..သူတို့ဆိုင်ပဲ ဖွင့်ထားတယ်”
“အင်း..အခုက လူစုနေတုန်းမို့ဖြစ်မယ်..မကြာခင် ဒီကောင်တွေအင်အားတောင့်လာတာနဲ့ ဖိုးတုတ်ကြီးတုန်းကလို နယ်မြေတွေသိမ်းလိမ့်မယ်..ငါတို့ဘက်ကလည်း ကြိုပြီး ပြင်ဆင်ထားရတော့မယ်”

“ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ..ဘိုင်”
“မင်းလူတွေက မသိမသာနဲ့ ဂန္ဓမာသောင်းရီဆိုင်ကို စောင့်ကြည့်ထား၊ ဒီကောင့် နောက်မှာ ဘယ်သူရှိနေတယ်ဆိုတာ ငါသိချင်တယ်။ နောက် ဒီကောင့်ဘေးမှာနေပြီး ဒီကောင့်ကို အကြံပေးနေတဲ့ ဒီကောင့် လက်ရုံးတစ်ယောက်တော့ ရှိရမယ်..သူ ဘယ်သူဆိုတာ အောင်လုပ်ပြီး..အဲ့ဒီကောင်ကို အရင်သတ်ရမယ်”
“ဟုတ်ကဲ့ပါ...အဘိုင်”
“ကဲ..မင်းပြန်တော့”
နာဂျစ်ထပြန်သွားချိန်တွင် အခန်းထဲမှ အဘိုးအိုတစ်ဦးထွက်လာသည်။
သူကားမကွေတီးခန်း။
“မဂျစ်.....မင်းကို ငါပြောစရာရှိတယ်”
“ဟုတ်ကဲ့..ပြောပါ..အပါ”
“ငါ ဘာသာရေးပဲလုပ်နေတာကြာပြီ....ငါ့သားသမီးတွေကိုလည်း အလွှာအလိုတော်အတိုင်း ကိုရမ်နဲ့အညီ ငါထိန်းကျောင်းခဲ့တယ်.....ဒါပေမယ့်မင်းကိုတော့ ငါပြောစရာရှိလာပြီ....အခုက..မြန်မာတွေမို့ူးချစ်စိတ် အရမ်းတက်ကြွနေကြတဲ့ကာလပဲ..အစိုးရကလည်း အင်္ဂလိပ်မဟုတ်ဘူး..မြန်မာအစိုးရ..ဒီအချိန်မှာ မင်းအနေနဲ့ ငါတို့မိသားစုအရင်ကရခဲ့တဲ့ ပလွင်ကို စိတ်ကူးယဉ်နေတာ ငါသိတယ်...ဒါပေမယ့် အိန္ဒိယမှာ မင်းလုပ်စရာရှိတဲ့ စီးပွားရေး ကိုပဲ ပြန်လုပ်စေချင်တယ်....ဒီနေရာမှာ ဒါဟာ မင်းရဲ့အချိန်အခါမဟုတ်သေးဘူး..ငါ့သား”
“ဒါပေမယ့်..အပါ..”
“ခုနပြန်သွားတာ..ဖရေဆာက ကျူလီယာ လုပ်တဲ့ အာမက် ရဲ့သား အလတ်ကောင်လေးမဟုတ်လား...မင်းတို့ပြောတာ ငါကြားပြီးပြီ...သူ့အဖေလည်း တချိန်က ငါ့တပည့်ပါ.. ဒီကောင်လေး ကြည့်ရတာ ဖြစ်လာမယ်မထင်ဘူး.....မင်းသိပ်အားထားမနေနဲ့..နောက်တစ်ခုက ဖိုးတုတ်လူတွေအကြောင်း ငါအသိဆုံး..အထူးသဖြင့် ဂန္ဓမာသောင်းရီပေါ့ကွာ”
မက်စတီးခန်းက မဂျစ်ခန်း၏ ပုခုံးကို ပုတ်လိုက်ပြီး အခန်းတွင်သို့ ပြန်ဝင်သွားသည်။
.....
၁၉၅၄ ဒီဇင်ဘာလ ၁၈ ရက်။ သောကြာနေ့။ နံနက် ၁၁ နာရီ။
ထွန်းရင်နှင့် ချောရင်တို့ ဂျစ်ကားတစ်စီးနှင့်အတူ ရန်ကုန်ထောင်ကြီးသို့ ရောက်လာကြသည်။

ထောင်ကြီးရှေ့တွင် ဘုန်းကြီးများ၊ လူများပါဝင်သော လူအုပ်ကြီးက ရှုပ်ယှက်နေသည်။
“ကိုကြီးထွန်းရင် ဒီကပဲစောင့်တော့...ထောင်ရှေ့မှာ ဘာဖြစ်နေလဲမသိဘူး..ညီမတို့ပဲ ဝင်တွေ့လိုက်မယ်”
ချောရင်က ထောင်ဝင်စာထုတ်နှင့်အတူ ကားပေါ်မှာ ဆင်းသွား၏။ထွန်းရင်က စီးကရက်ဖွာကာ ကျန်ရစ်သည်။
ထောင်ဘူးဝတံခါးကြီးရှေ့တွင် ဘုန်းကြီးများ၊ လူများဝိုင်းအုံနေကြသည်။ လူအုပ်ကြီးနှင့် မလှမ်းမကမ်းတွင် ရပ်နေသော မနှင်းကို တွေ့လိုက်ရသည်။
ချောရင်က မနှင်းရှိရာသို့ လျှောက်သွားလိုက်၏။
“မမနှင်း..ဘာတွေဖြစ်နေတာလဲ..ထောင်ဝင်စာတွေ့လို့မရလို့လား”
“ထောင်ထဲပေးမဝင်သေးဘူး...ဘကြီးဘဖေ တို့ကို ဒီနေ့ ဆေးစစ်ဖို့ အပြင်ခေါ်ထုတ်မှာမို့ ဘကြီးဘဖေကို ထောက်ခံတဲ့လူတွေ လာဝိုင်းနေကြလို့တဲ့လေ”
ထောင်ဘူးဝတံခါးကြီးကို ဘုန်းကြီးများနှင့် လူများက ဝိုင်းအုံထားကြသည်။ ထောင်ပတ်ချာလည်တွင် ရဲကားအများအပြားလည်း ချထားကြ၏။
ဘကြီးဘဖေ သည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် သက်တမ်းအရှည်ကြာဆုံးနှင့် အထင်ရှားဆုံး နိုင်ငံရေးသမားကြီးဖြစ်သည်။
၁၉၀၆ မေလ(၁၀)ရက်နေ့တွင် YMBA အသင်းကြီးကို စတင်ထူထောင်ခဲ့သူများထဲမှ တစ်ဦးဖြစ်သည်။
၁၉၁၉ ဘိလပ်သွား ဖေးပုံရှိန်အဖွဲ့တွင် ပါဝင်ခဲ့သူလည်းဖြစ်သည်။
၉၁ ဌာနအုပ်ချုပ်ရေးခေတ်တွင် သစ်တောဝန်ကြီးဖြစ်ခဲ့သည်။ ဘကြီး ဘဖေသည် မြန်မာနိုင်ငံရေး နိုးကြားစမှ လွတ်လပ်ရေး ရသည်အထိ နေရာအသီးသီး၊ ကဏ္ဍအသီးသီး၊ အခန်းအသီးသီး ဆောင်ရွက်မှု အသီးသီးများဖြင့် ပါဝင်ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ကြီး တဦးလည်း ဖြစ်သည်။
သို့သော်လည်း ငွေရေး ကြေးရေး မသမာမှုများ၊လာဘ်စားမှုများဖြင့် အတိုင်ခံရသောကြောင့်လွတ်လပ်ရေး မရမီ ဗိုလ်ချုပ် အောင်ဆန်း ရှိစဉ်ကတည်းက ဖဆပလ ထဲမှရော၊ ဘုရင်ခံ အမှုဆောင် ကောင်စီဝင် ဝန်ကြီး တဦး အဖြစ်ကပါ ထုတ်ပယ်ခြင်း ခံခဲ့ရသည်။
ဘကြီးဘဖေနေရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အကို ဦးဘဝင်း ကို အစားထိုးခန့်အပ်လိုက်ပြီးနောက် မကြာမီတွင်ပင် နိုင်ငံတော်လုပ်ကြံမှုဖြစ်ပြီး ဘကြီးဘဖေနေရာတွင် တာဝန်ယူသူ ဦးဘဝင်း ပါ ကျဆုံးသွားခဲ့သည်။

ဘကြီးဘဖေ လာဘ်စားကောင်းသဖြင့် အသက်ဘေးမှ လွတ်ခဲ့သည်ကို အကြောင်းပြုလျက် နောင်ခေတ် အဆက်ဆက်ဝန်ကြီးများ အသက်ဘေးမှလွတ်ရန် လာဘ်စားကြသည်လားဟုပင် စာရေးဆရာတစ်ဦးက သရော်ခဲ့ကြသည်။

ယခု ၁၉၅၄ တွင် ဘကြီးဘဖေ ကား နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ဖမ်းဆီးခံနေရခြင်းဖြစ်သည်။

၁၉၄၉ ခုနှစ် မတ်လအတွင်းက ရဲဘော်ြဖူမျှားနှင့် တောခိုတပ်မတော်သားများသည် ပြည်၊သရက်၊မင်းဘူး၊မကွေး ခရိုင်တို့ကိုသိမ်းပိုက်ခဲ့ကြသည်။

ထိုဒေသများတွင်ဘီအိုစီကုမ္ပဏီ၏ ရေနံတွင်းများ ရှိနေရာ ဘီအိုစီက ၎င်းတို့၏ အကျိုးစီးပွားထိုးခိုက်ဆုံးရှုံးမှု မရှိစေရန် ဘကြီးဘဖေထံ ချဉ်းကပ်ပြီး ဘီအိုစီကုမ္ပဏီပိုင် ရေနံမြေများကို အစိုးရတပ်မှ ပြန်လည် သိမ်းပိုက် ပေးရန် အကူအညီတောင်းခဲ့သည်။

ဘကြီးဘဖေ က ဘီအိုစီဘက်ကမှ ငွေသိန်း ၃၀ ကို ဘဏ္ဍာရေးအကူအညီပေးလျှင် စစ်တပ်နှင့် ညှိနှိုင်း အာဏာသိမ်းပြီး ဘီအိုစီက တောင်းဆိုသည့်အတိုင်းလုပ်ပေးမည်ဟု ဆိုသည်။

ဘကြီးဘဖေ၊သာယာဝတီဦးမောင်မောင်(ခါးမပါတီဝင်)၊ ဦးလွန်း(ဂဠုန်ဦးစော၏မိုးချစ်ပါတီဝင်) ၊ဦစန်းမောင်တို့ သည် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းထံ သွားရောက်ကာ ထိုကိစ္စကို ငွေကြေးညှိနှိုင်းပြီး တိုင်ပင်ကြသည်။

အာဏာသိမ်းချင်းသိမ်း သူသာ သိမ်းမည်ဟု ကြံရွယ်ထားဟန်ရှိသော ကာချုပ် ဗိုလ်ချုပ်နေဝင်းက အကြံတူရန်သူဖြစ်နေသော ထိုကိစ္စကို ဓာတ်ပြားဖြင့် အသံဖမ်းထားခဲ့သည်။

၁၉၅၂ တွင် ဖဆပလအဖွဲ့ကို အတိုက်အခံပြုမည့်ပါတီများစုပေါင်းကာ ပြည်ချစ်မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။

ထိုအဖွဲ့တွင် ဆိုရှယ်နီပါတီ၊ ဦးအောင်သန်း၏ ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစုံ၊ ဒေါက်တာဘမော်၏ မဟာဗမာပါတီ၊ဦးဘဖေအုပ်စုတို့ ပါဝင်လာကြသည်။

ပြည်ချစ်မဟာမိတ်အဖွဲ့အတွင်းလည်း နိုင်ငံရေးအရ အတွေ့အကြုံရင့်ကျက်နေသော ဘကြီးဘဖေ အုပ်စုက အသာစီးရလာသည်။

ထို့ကြောင့် ၁၉၅၆ ရွေးကောက်ပွဲတွင် ပြည်ချစ်မဟာမိတ်အဖွဲ့ကို အတိုက်အခံတပ်ပေါင်းစုအဖြစ်အသွင်ပြောင်းပြီး ဝင်ပြိုင်မည် ပမညတ(ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးတပ်ပေါင်းစု)တွင် ဘကြီးဘဖေ တို့ မပါဝင်နိုင်စေရန် ဆိုရှယ်လစ်အုပ်စု၏ ဩဇာခံဖြစ်နေသေးသော ဗိုလ်ချုပ်နေဝင်းက ထိုအသံဖိုင်ကို ဦးနုလက်သို့ အပ်လိုက်တော့သည်။

ထို့ကြောင့် ၁၉၅၄ ဒီဇင်ဘာ ၄ တွင် ဘကြီးဘဖေတို့ အုပ်စုကို အစိုးရက နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ဖမ်းဆီးလိုက် ခြင်းဖြစ်သည်။

ဘကြီးဘဖေ အား သခင်ကိုယ်တော်မှိုင်းအစပြုသော နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် ဟောင်းများ၊ လွှိုင်ကော်ဆရာတော်အပါအဝင် နာမည်ကျော်ဆရာတော်များက ဝန်းရံခဲ့ကြသည်။

ယနေ့တွင်လည်း ထောင်ထဲတွင် ဆန်ပြုတ်ရေကြေနှင့် ဂျင်ဂျာဘီယာကိုသာ စားနိုင် ပြီး မကျန်းမာသည့် ဘကြီးဘဖေအား ဆေးကျောင်းတွင် ဆေးသွားစစ်ရန် ခေါ် ထုတ်လာမည်ဖြစ်သည်။

ထို့ကြောင့် လူအုပ်ကြီးနှင့် ဘုန်းကြီးများက ထောင်ရှေ့တွင် တိုးဝှေ့စောင့်ဆိုင်းနေ ကြခြင်းပင်။

ချောရင်နှင့် အနှင်းတို့သည် လူအုပ်ကြီးအနီးသို့သွားပြီး ထောင်ဝင်စာဖွင့်ပေးမည့် အခြေအနေကို အကဲခတ်နေကြသည်။

ထိုအချိန်တွင် ရဲအရာရှိတစ်ယောက်နှင့် ရဲသားတစ်ယောက်က သူတို့နား ကပ် လာ၏။

“ကဲ...ဘကြီးဘဖေအမှုမှာ မသက်ာမှုနဲ့ မင်းကိုဖမ်းဖို့ အမိန့်ပါလာ တယ်..အသာတကြည်လိုက်ခဲ့ပါ”

“ဘာလဲ..ကျွန်မက..ဘာဖြစ်တယ်”

ချောရင်မှာ သူ့နောက်မှ ရဲအရာရှိကိုကြည့်ကာ တအံ့တသြဖြစ်သွားသည်။

ရဲအရာရှိက ချောရင်၏ နောက်ကြောကို သေနတ်ဖြင့် ထောက်လိုက်သည်။

“လူအုပ်ကြားမှာ လှုပ်လှုပ်ရှားရှားမလုပ်နဲ့..ပစ်မိန့်ရထားတယ်နော်..လာလိုက်ခဲ့”

နောက်ထပ်ရဲသားတစ်ယောက်က ချောရင်လက်နှင့် သူ့လက်ကို လက်ထိပ်တွဲ ခတ်ကာ သေနတ်ဖြင့်ချိန်လျက် ဆွဲခေါ်သွားသည့်အခါမှ လူအုပ်ကို ငေးနေသော အနှင်းက သတိထားမိသွား၏။

“ဒါဘာလုပ်ကြတာလဲ”

“ငါတို့စုံထောက်အဖွဲ့ကပဲ...သူနိုင်ငံရေးလှုပ်နေလို့ဖမ်းတာ..နင်ပါ..ပါသွားချင် သလား..အော်မယ်မကြံနဲ့ ငါတို့မှာ ပစ်မိန့်ရထားတယ်”

ရဲအုပ်က အနှင်းအား သေနတ်ဖြင့် ချိန်ကာ နောက်ဆုတ်ရင်း လူအုပ်ထဲသို့ ပြေး ဝင်သွားသည်။

အနှင်းက ရဲအုပ်နောက်သို့ ထပ်ချပ်မကွာလိုက်သည်။

ထိုသူက ထောင်ကြီးဝန်း ထောင့် သစ်ပင်ရိပ်တွင် ရပ်ထားသော ကားပေါ်သို့ တက်သွားသည်။
ကားပေါ်တွင် ချောရင်နှင့် ရဲသားကို မြင်လိုက်ရသည်။
ကားကချက်ချင်းစက်နှိုးကာ မောင်းထွက်သွား၏။
သို့သော် ရှေ့ခပ်လှမ်းလှမ်းအရောက်တွင် နောက်ထပ်ရောက်လာသော လူအုပ်နှင့် ရဲများအကြားပြဿနာဖြစ်ကာ ပိတ်နေသဖြင့် ဟွန်းတီးကာ လမ်းတောင်းနေရသည်။
အနှင်း က အကူအညီတောင်းရန် ကြည့်လိုက်စဉ် ထိုကားနှင့် မလှမ်းမကမ်းတွင် ရပ်ထားသော ချောရင်တို့ ဂျစ်ကားကို တွေ့လိုက်ရသည်။
ဂျစ်ကားပေါ်တွင် ထွန်းရင်က ဦးထုတ်ကို မျက်နှာအုပ်လျက် အိပ်နေ၏။
“ဟဲ့..ဟဲ့..ထစမ်းပါ..ထစမ်း..ဟိုမှာချောရင်ကို ဖမ်းသွားကြပြီ”
အနှင်းအသံကြောင့် ကားထိုင်ခုံကို မှီရင်း အိပ်ပျော်စပြုနေသော ထွန်းရင် အလန့်တကြားထလာသည်။
……..……
……..……
……..……

အခန်း(၂၈)

“ဟိုမှာ ချောရင်ကို ရဲတွေခေါ်သွားကြပြီ”
“ဘယ်မှာလဲ...ဘာဖြစ်လို့လဲ”
“မသိဘူး..သေနတ်နဲ့ ထောက်ပြီး လက်ထိပ်ခတ်သွားတာပဲ...ဟိုးမှာ ဟိုးမှာ အဲ့ဒီရဲကားပဲ..”
ထွန်းရင် က ကားစက်နှိုးပြီး လိုက်သည်။
ချောရင်ကို တင်လာသည့် ရဲကားက လူအုပ်ကိုကျော်ပြီး မကြာမီ ရန်ကုန်မြို့ထဲဘက်သို့ ကွေ့သွား၏။
ထွန်းရင်က နောက္မ လိုက်သည်။
“မနှင်း..ကားနံပါတ်ကို မှတ်ထား..မှတ်ထား”
အနှင်းက ကားနံပါတ်ကို စိတ်ထဲမှလိုက်မှတ်သည်။
ရှေ့မှ ကားက ရန်ကုန်ဆေးရုံကြီးဘက်သို့ ကွေ့ဝင်သွားသည်။
ထွန်းရင်က အရှိန်တင်ပြီး လိုက်အကွေ့တွင် ရှေ့မှ ကားတစ်စီး ဘွားခနဲ ပေါ်လာသဖြင့် ဘရိတ်အုပ်ကာ လမ်းဘေးသို့ ဆွဲချလိုက်သည်။
“စောက်ရေးထဲ...ဘာလဲကွာ”
ထိုအချိန်တွင် ကားပေါ်မှ လူသုံးဦး ဆင်းလာသည်ကိုတွေ့လိုက်ရသည်။
ရှေ့ဆုံးမှ ဆင်းလာသူက နာဂျစ်အာရတ်။
လက်ထဲတွင် ပုဆိန်ငယ်တစ်ခုကို ကိုင်ထားသည်။
“မနှင်း နောက်ဆုတ်နေ”
ထွန်းရင်က ဂျစ်ကားပေါ်မှ လွှားခနဲ ဆင်းလိုက်သည်။
ထို့နောက် လမ်းဘေးသစ်ပင်ရိပ်တွင် နားနေသော ခုံဖိနပ်အထမ်းသယ်၏ အထမ်းမှ ထမ်းပိုးကို ပြေးဖြုတ်ယူလိုက်သည်။
ခုံဖိနပ်သည်က ထွန်းရင်ကို ကြောင်ပြီးကြည့်နေသည်။
ထိုအချိန်တွင် နာဂျစ်အာရတ် က ပြေးဝင်လာပြီး ထွန်းရင်ကို ပုဆိန်ဖြင့် ဝင်ခုတ်သည်။
သို့သော် ထွန်းရင်ဆီ မရောက်လိုက်။

ခုံဖိနပ်တစ်ဖက်က အရှိန်ဖြဲ့ နာဂျစ်မျက်နှာကို လာမှန်သောကြောင့် နာဂျစ်ဟန်ချက်ပျက်သွားသည်။
မနှင်း။
ခုံဖိနပ်တောင်းဘေးတွင် နေရာယူလျက် လက်ထဲတွင်လည်း ခုံဖိနပ်တစ်ဖက်ကို ကိုင်ထားပြန်သည်။
နာဂျစ်ဟန်ချက်ပျက်သွားသဖြင့် ထွန်းရင်က ထမ်းပိုးဖြင့် ဝင်ရိုက်သည်။
ဖြောင်းခနဲအသံနှင့်အတူ နာဂျစ် လည်ထွက်သွား၏။
နာဂျစ်တပည့်တစ်ဦးက သံတုတ်ဖြင့် ထွန်းရင်ကို ဝင်ရိုက်သည်။
ထွန်းရင် ၏ ကျောကိုသာ ထိသွားပြီး ဂုတ်ခနဲ အသံကြီးထွက်လာသည်။
မနှင်းလက်ထဲမှ ခုံဖိနပ်တစ်ဖက်က ထပ်ပျံထွက်လာ၏။ ထွန်းရင်ကို တုတ်ဖြင့် ဝင်ရိုက်သည့် လူကို မှန်သွားသည်။
ထွန်းရင်က ထိုသူကို စောင့်ကန်လိုက်ပြီးနောက်တွင် ကျန်ရစ်တော့ တစ်ယောက်ကို ရိုက်ရန်ပြေးသွားစဉ် နာဂျစ်ထလာ၏။
နာဂျစ်က ပုဆိန်ကို ကောက်ကာထရန်ပြင်လိုက်စဉ် သူ့ကျောကုန်းကို မနှင်းက ဝင်လုံးပြီး တက်ခွလိုက်သည်။
လက်တစ်ဖက်က နာဂျစ်လည်ပင်းကို ဖက်ကာ တစ်ဖက်က ခုံဖိနပ်ကို လက်တွင် စွပ်လျက် ခေါင်းကို အဆက်မပြတ်ရိုက်နေသည်။
ထွန်းရင်က နာဂျစ်လူနှစ်ယောက်နှင့် ရင်ဆိုင်နေရသည်။
သို့သော်လည်း ထွန်းရင်၏ ကမူးရှူးထိုး လိုက်ရိုက်မှုကြောင့် နာဂျစ်လူနှစ်ယောက်လုံး အထိနာကြသည်။
တစ်ဦးကလက်ဖျံရိုး ကျိုးထွက်သွားသည်။
နောက်တစ်ဦးကား ပြေးလေပြီ။
ထွန်းရင် နောက်သို့ လှည့်ကြည့်ချိန်တွင် မြောင်းထဲ လုံးထွေးနေကြသော နာဂျစ်နှင့် မနှင်းကို မြင်ရသည်။
နာဂျစ်က လက်ထဲတွင် ပုဆိန်ကို ကိုင်ပြီး သူ့ကို နောက်မှ ခွထားသော မနှင်းကို ခါချနေသည်။
မနှင်း၏ လက်ထဲမှ ခုံဖိနပ်နှင့် နာဂျစ်၏နားထင်ကို အဆက်မပြတ်ရိုက်သည်။
နာဂျစ်က နောက်သို့ လှန်ချလိုက်သောအခါ အနှင်း ပိသွားသည်။

နာဂျစ်အာရတ်သည် အရပ်ခြောက်ပေနီးပါးရှိပြီး သန်မာသူဖြစ်သဖြင့် အနှင်းမှာ မစားသာလှ။
ထွန်းရင်က နာဂျစ်၏ ခေါင်းတည့်တည့်ကို ရိုက်ချလိုက်သည်။ ခေါင်းကို ထိသော်လည်း ထမီးပိုးမှာ ပထမရိုက်ထားသော အရှိန်များကြောင့် ထပ်ပိုင်းကျိုးထွက်သွားခဲ့၏။
အနှင်းမှာ နာဂျစ်၏ ခန္ဓာကိုယ်ကြီးအောက်တွင် ပိနေဆဲပင်။
ပက်လက်အနေအထားဖြစ်နေသော နာဂျစ်ကို ထွန်းရင်က ဝင်လုံးလိုက်ပြီး အနှင်းနှင့် ဆွဲခွာရန် ကြိုးစားသည်။
နာဂျစ်လက်က ပုဆိန်ကို မလွတ်ပဲ ရသလောက်ခုတ်၏။
ထွန်းရင်ရှောင်လိုက်သဖြင့် နာဂျစ်နှင့် အနှင်း ဘေးမြေကြီးသို့ လဲကျသွားသည်။
ထွန်းရင်က နာဂျစ်လည်ပင်းနားတွင် ကြိုးအမဲတစ်ချောင်းကို တွေ့သဖြင့် လက်ပင်းကို ကောက်ပတ်ကာ လက်နှစ်ဖက်ဖြင့် ခပ်တင်းတင်းလိမ်ဆွဲလိုက်သည်။
နာဂျစ်မျက်လုံးကြီး ပြူးထွက်လာသည်။
“အား..နာတယ်..နာနေပြီ..လွှတ်..လွှတ်”
နာဂျစ်အသံမဟုတ်။
အနှင်းဆီမှ ထွက်လာသောအသံ။
ထိုအခါမှ နာဂျစ်လည်ပင်းကို ပတ်ဆွဲထားသည့် သူ့လက်ထဲမှ ကြိုးကို ထွန်းရင် သတိထားမိသွားသည်။
ကြိုးမဟုတ်။
အနှင်း၏ ကျစ်ဆံမြီးကြီး။ နက်မှောင်ရှည်လျားသော ဆံပင်ရှည်ကြီး ကို အမြဲတမ်း ကျစ်ထားတတ်သည့် အနှင်း၏ အလှအပများထဲမှ တစ်ခု။
အနှင်း၏ အော်သံကြောင့် ထွန်းရင်က ကျစ်ဆံမြီးကို လွှတ်ပေးလိုက်သည်။
လက်မှလွတ်ထွက်သွားသည်နှင့် နာဂျစ်က ကုန်းထပြီး လက်ထဲမှ ရဲဒင်းဖြင့် ထွန်းရင်ကို ခုတ်ချလိုက်ရာ ထွန်းရင်၏ ပုခုံးတွင် စိုက်ဝင်သွားသည်။
နောက်တစ်ချက် ခုတ်ရန်အပြင်တွင် အနှင်းက ခုံဖိနပ်ဖြင့် နာဂျစ်၏ မျက်နှာကို ပစ်ထည့်လိုက်သည်။
ထိုအချိန်တွင် ဆေးရုံအတွင်းမှလူများထွက်လာသဖြင့် နာဂျစ်က သူ့လူများကို ခေါ်ကာ ကားပေါ်ပြေးတက် မောင်းထွက်သွားသည်။
“ရဲခေါ်ပါဟော့..ရဲခေါ်”

ထွန်းရင်က ဒဏ်ရာရထားသော်လည်း လူးလဲထလိုက်သည်။
“မနှင်း..လာ...ရဲတွေရောက်လာလို့မဖြစ်ဘူး..ကျွန်တော်တို့ ချောရင် နောက်လိုက်ရဦးမယ်”
ထွန်းရင်ရော မနှင်းပါ ဂျစ်ကားပေါ်ပြေးတက်ကာ မောင်းထွက်သွားကြသည်။
ချောရင်ကိုခေါ်ဆောင်သွားသည့် ရဲကားကို မတွေ့တော့။
ထွန်းရင် စိတ်လှုပ်ရှားနေသည်။
“အခု ဘယ်တွေလျှောက်မောင်းနေတာလဲ..ကိုထွန်းရင်”
“ချောရင်ကိုလိုက်ရှာနေတာ”
“ရှင့်ကျောကုန်းက သွေးတွေ မတရားထွက်နေတယ်....သွေးတိတ်အောင် တစ်ခုခု လုပ်မှ ရမယ်...သောင်း ဘားကို သာ မောင်းပါရှင်”
ထွန်းရင်က ကားကိုတရုတ်တန်းဘက် ပြန်ဦးတည်လိုက်တော့သည်။
.....
“သောင်း”ဘားတွင် တိုက်တိုက်ဆိုင်ဆိုင် ဗိုလ်မောင်မောင် ပါရောက်နေသည်။
ဂျပန်မှ ပြန်လာပြီး ဂန္ဓမာတို့ထံလာတွေ့ခြင်းဖြစ်သည်။
ဂျစ်ကားကိုဆိုင်ရှေ့ရပ်လိုက်ပြီး ထွန်းရင် ကားပေါ်မှ ဆင်းလိုက်သည်နှင့် လဲကျသွားသည်။
ကျောကုန်းတွင် သွေးများ စိုရွဲနေ၏။
အနှင်းက ထွန်းရင်ကို ကူတွဲလိုက်သည်။
“ဘာဖြစ်လာတာလဲ..ဘာဖြစ်လာတာလဲ”
ဆိုင်အတွင်းမှ မသောင်း ပြေးထွက်လာသည်။
နောက်မှ ဂန္ဓမာသောင်းရိန္ဒ့် ဗိုလ်မောင်မောင်တို့ ပါ ပါလာ၏။
ဗိုလ်မောင်မောင်မှာ ဂျပန်မှ ပြန်ရောက်ပြီး ဂန္ဓမာသောင်းရီထံသို့ အခြေအနေစုံစမ်းရန် လာခြင်းဖြစ်သည်။
“လမ်းမှာ ရန်ဖြစ်လာတာ..အခုတ်ခံလိုက်ရတယ်..ကျောကုန်းမှာ”
ဂန္ဓမာသောင်းရီက ဆိုင်ထဲ ပြန်ဝင်သွားပြီး တရုတ်အရက်တစ်လုံးနှင့် စားပွဲခင်းစတစ်ခု ဆွဲလာသည်။
ထို့နောက် ထွန်းရင်၏ ကျောကုန်းဒဏ်ရာကို အရက် လောင်းချလိုက်သည်။
“အ..အား..”

စားပွဲခင်းကို နှစ်စဖြဲစ်အောင် ကိုက်ဖြဲလိုက်ပြီး ထွန်းရင်၏ ကျောကုန်းမှ ဒဏ်ရာပေါ် တွင် တစ်စကို လိပ်တင်ကာ တစ်စကို ကျောကုန်းအတိုင်း စလွယ်သိုင်း ချည်ပေးလိုက်သည်။

“သူ့ကို အထဲခေါ်သွားတော့..ရပြီ”

စားပွဲထိုးမလေးများ အကူအညီဖြင့် ထွန်းရင်ကို ဆိုင်အပေါ်ထပ်သို့ တင်သွားနိုင်လိုက်သည်။

ထွန်းရင် ကား သွေးထွက်များသဖြင့် နုန်းခွေနေပြီဖြစ်သည်။

ဂန္ဓမာသောင်းရီက အနှင်း၏ လက်ကို ဆွဲကာ ဆိုင်နောက်ဖက်သို့ ခေါ်သွားသည်။

“ပြောစမ်း..နင်တို့ ထွန်းရင်ကို ဘာလုပ်လိုက်တာလဲ”

“ဘာပြောတယ်..ဦးလေး”

“ချောရင်ရော..ချောရင်..ဘယ်မှာလဲ..ဒါစိန်ခါးမြှောင် ခိုင်းတာမဟုတ်လား...နင်တို့ ဘာတွေကြံစည်နေလဲ...မှန်မှန်ပြော”

“ဒီမယ်...ကျွန်မက ထောင်ဝင်စာသွားတွေ့ရင် ချောရှင်ကို ရဲနှစ်ကောင်လက်ထိပ်ခတ် ခေါ်သွားတာတွေ့လို့ ဦးလေးလူ ထွန်းရင်ကို ခေါ် ပြီး နောက်ကလိုက်ကြတာ....လမ်းမှာ ကားတစ်စီးက ဝင်တားပြီး ကုလားကြီးတစ်ယောက်နဲ့ သူ့လူတွေ ပုဆိန်နဲ့ ဝိုင်းခုတ်ကြတာ..ကျွန်မနဲ့ ဘာဆိုင်လို့လဲ..ကျွန်မတောင် ရှင့်လူကို ကူချေပေးရင်း ကံကောင်းလို့မသေတာ”

မသောင်းက ရေတစ်ခွက်ယူလာပြီး အနှင်းကို ကမ်းပေးလိုက်သည်။

ဗိုလ်မောင်မောင်က ဂန္ဓမာ၏ နောက်မှ ရောက်လာ၏။

“စိတ်ကိုလျော့ထား..ကိုဂန္ဓမာ...သူ့ကို သေချာမေးကြတာပေါ့...”

“ဆောရီ...ငါ စိတ်ပူသွားလို့ပါ..ဆောရီး..ညီမ”

“လောလောဆယ်...ထွန်းရင်အခြေအနေကလည်း သွေးအရမ်းထွက်နေတယ်...အပြင်ဆရာဝန်ပြရင်ဇာတ်လမ်းတွေ ရှုပ်နေမယ်.. ငါ့တပ်ကဆေးမှူး သွားခေါ်လိုက်မယ်”

ဗိုလ်မောင်မောင်က ထွက်သွားပြီးနောက် ဇော်မိုက်နှင့် ချစ်ညိုတို့ရောက်လာသည်။

“ဆေးရုံကြီးရှေ့မှာ နာဂျစ်တို့ ခုတ်ကြတယ်ကြားလို့..ကျွန်တော်တို့ လိုက်လာတာ”

“သြော်....နာဂျစ်အာရတ်လက်ချက်ကိုး...ချောရင်ကိုဒီကောင်တွေကဘာကိစ္စခေါ်သွားတာလဲ...ဟေ့..ချစ်ညို..ငါတို့ရနိုင်သလောက် လူစု...ဇော်မိုက် မင်းက ဒီ

ကောင်တွေ အခုဘယ်မှာရှိလဲ ချက်ချင်းစုံစမ်း..နာဂျစ်ရော သူ့ဆရာမဂျစ်ခန်းကိုပါ ဒီနေ့ သတ်ပစ်မယ်”
“ခဏနေကြဦး..အရမ်းမလုပ်ကြနဲ့နော်...ချောရင်က သူတို့လက်ထဲမှာ”
အနှင်းက ဝင်ပြောသည်။
“ဟုတ်တယ်..ချောရင်က ပိုအရေးကြီးပါတယ်”
မသောင်းကလည်း ထောက်ခံ၏။
“ဘာပဲဖြစ်ဖြစ် ဒီကောင်တွေနဲ့ ထိပ်တိုက်တော့ တွေ့မှဖြစ်မှာပဲ”
“ချောရင်ကို ဖမ်းသွားတာ...ရဲကားနော်..ဦးလေး..ကားနံပါတ်လည်း ကျွန်မ မှတ်မိတယ်..ဘယ်ဌာနကဘယ်သူ့ ကားဆိုတာကို ဆရာကြီးဆီသွားရင်သိနိုင်တယ်..ကျွန်မတို့ အဲ့ဒီကို အရင်သွားကြည့်မလား”
“ဘယ်ကဆရာကြီးလဲ”
“ကျွန်မတို့ ဆရာကြီး စိန်ဓါးမြှောင်”
“ဒီကောင်က ငါတို့ကို ဘာကူနိုင်မှာမို့လို့လဲ”
“ကျွန်မကိုသာ လိုက်ပို့ပေးပါ..ရှင်တို့ အကျိုးမယုတ်ပါဘူး”
“လောလောဆယ် သူပြောတာ..နားထောင်လိုက်ပါ..မောင်...ချောရင်က အရေးကြီးတယ်”
မသောင်းဝင်ပြောမှ ဂန္ဓမာက ခေါင်းညိတ်တော့၏။
ခဏအကြာတွင် ဂန္ဓမာနှင့် အနှင်းတို့ ပုဇွန်တောင်ရှိ စိန်ဓါးမြှောင်၏ အိမ်သို့ ဂျစ်ကားဖြင့် ထွက်ခဲ့သည်။
စိန်ဓါးမြှောင်က အိမ်တွင် သန်းမောင်နှင့် ဝင်းမောင်တို့ ရောက်နေကြသည်။
“အနှင်း..ခါလေး အဆင်ပြေရဲ့လားဟေ့”
“ဒီနေ့ ထောင်ဝင်စာတွေ့ခွင့်မရဘူး..ဆရာကြီး.ေထာင်ေရှ့မှာ.ဘကြီးဘဘောကိစ္စ ဆူနေလို့”
ထိုအချိန်တွင် နောက်မှ တက်လာသော ဂန္ဓမာကို မြင်သဖြင့် စိန်ဓါးမြှောင် မျက်ခုံးကို ပင့်ကြည့်လိုက်သည်။
“သြော်..ကိုဂန္ဓမာကြီးပါ ပါလာတာကိုး...ဘာများဖြစ်ပြန်ပြီတုန်း”
မနှင်းက ဖြစ်သမျှကို အတိုချုံးပြောပြလိုက်သည်။
“ဟုတ်ပြီ..မြကြည်ရေ....ရဲကားစာအုပ်ယူခဲ့ပါဦးကွယ်”

ခဏအကြာတွင် မြဲကြဲည်က စာအုပ်တစ်အုပ်ကိုင်ကာထွက်လာ၏။
“ကဲ..အနှင်း...ကားနံပါတ်ပြော”
အနှင်းက ကားနံပါတ်တစ်ခု ရွတ်ပြလိုက်သည်။
မြကြည်ကာ စာအုပ်ဖွင့်ကာ ရှာသည်။
“တွေ့ပြီ...သဃ်နိးကျွန်းဌာနက ကားပဲ...ကားကို ဌာနကပေးထားတဲ့အရာရှိက ရဲအုပ်ေစာထွန်းလှမောင်တဲ့”
မြကြည်က ပြောလိုက်သည်။
“ေစာထွန်းလှမောင်ဆိုတဲ့ ရဲကို ရှာရမယ်။ ဟေ့...ဝင်းမောင်...မင်းနယ်ထဲကပဲ မဟုတ်လား”
“ရဲအုပ်ေစာထွန်းလှမောင်က မနှစ်က ခြောက်လပိုင်းကတည်းက ပြုတ်သွားပြီ...ဆရာကြီး..အခုလောလောဆယ်..အဲ့ဒီကားကို ဌာနက ပြန်သိမ်းထားတယ်..အင်း..ခဏနေဦး..သဃ်နိးကျွန်းဌာန က ကျွန်တော့်ချိတ်တွေဆီ တယ်လီဖုန်းခေါ်ကြည့်လိုက်မယ်”
ဝင်းမောင်က သန်းအောင်ကို ခေါ်ကာ ထထွက်သွားသည်။
“အင်း..ဟော့ဒီက မြကြည်ကျေးဇူးပဲဗျ...သူ့ဆီမှာ ရုန်ကုန်တစ်မြို့လုံးက ရဲဌာနတွေ၊ ရဲကားတွေ စာရင်း ပြုစုထားတာရှိတယ်။ နည်းနည်းတော့ ငွေကုန်ခံလုပ်ရတာပေါ့ဗျာ။ဘယ်ကားက ဘယ်အချိန် ဘယ်နားရှိတယ်ဆိုတာ သိရထားဖို့က ကျွန်တော်တို့ အလုပ်အတွက် အရေးကြီးတယ်..ကိုဂန္ဓမာ...ခု ခင်ဗျားဟာမလေး ပြန်တွေ့ဖို့ မကြာခင် သဲလွန်စရမှာပါ..မပူပါနဲ့..ဟဲဟဲ..တကယ့်အာဂမလေးတော့ ခံရပြီပေါ့လေ”
ဂန္ဓမာက ဘာမှ ပြန်မပြော။
မမြကြည်က အနှင်း၏ ဒဏ်ရာများကို ဆေးထည့်ပေးရန် အောက်ထပ်သို့ ခေါ်သွားသည်။
ခဏအကြာ ဝင်းမောင် ပြန်ရောက်လာ၏။
“ဒီမနက် ကားကို ယူထုတ်သွားတာ ရဲသားကျော်အုန်းတဲ့...သူအမေဆေးရုံတင်စရာရှိလို့ ခဏငှားပါဆိုပြီး ဂါတ်စာရေးဆီ အပူကပ်ပြီးထုတ်သွားတာပဲ....ကျော်အုန်းဆိုတာ ထွန်းလှမောင် တပည့်အရင်းပဲ..ဆရာကြီး”
“ထွန်းလှမောင်ကရော ရဲက ပြုတ်ပြီး ဘာလုပ်နေလဲ...သိခဲ့လား”
“တာမွေဘက်ကကုလားသူဌေးကြီးတစ်ယောက်ဆီမှာ အလုပ်ဝင်လုပ်နေတယ်ကြားတယ်..ခန်းဖန်မလီ အင်ပို့ ကုမ္ပဏီမှာဆိုလား”

“ကဲ..မဂျစ်ခန်းဆိုတာ သေချာပြီ..ကိုဂန္ဓမာ..ဒီလောက်ဆို ချောရင်ကို ဘယ်မှာ ရှာရမယ်ဆိုတာ ခင်ဗျား သိပြီပေါ့”
ဂန္ဓမာက စိန်ခါးမြောင်ကို နှုတ်မဆက်ပဲချက်ချင်း ထထွက်သွားသည်။
စိန်ခါးမြောင်က ပက်လက်ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း အလောတကြီး ကားမောင်းထွက်သွားသော ဂန္ဓမာသောင်းရီကို ကြည့်ကာနေသည်။
.....
ည ၇ နာရီ။
“တစ်၊ နှစ်၊သုံး၊လေး၊ငါး၊ခြောက်၊ ခုနှစ်၊ ရှစ်”
ဆိုင်ထဲတွင် ထိုင်နေသောလက်နက်ကိုယ်စီနှင့်လူများကို ဗိုလ်မောင်မောင်က ရေတွက်လိုက်သည်။
“ကိုဂန္ဓမာခင်ဗျားလူတွေက စုလို့ရသလောက် ဒါအကုန်ပဲလား”
“ချစ်ညီ ပြန်လာရင် ဘယ်နှစ်ယောက်ပါလာနိုင်မလဲမသိဘူး...ချစ်ညီနဲ့ ငါနဲ့ဆို ဆယ်ယောက်တော့ သေချာတယ်”
ဗိုလ်မောင်မောင်က ခေါင်းကို ခါရမ်းလိုက်သည်။
“ဒီလူအင်အားလောက်နဲ့ မဂျစ်ခန်းရော၊ နာဂျစ်အာရုတ်ကိုပါ ရင်ဆိုင်ဖို့မလွယ်ဘူး ဗျ.ဒီကောင်တွေက သေချာစနစ်တကျပြင်ဆင်ထားကြတာ..ဦးမြကျင် သေပြီး နောက်ပိုင်း ပိုပြီးတောင် သတိထားနေကြသေးတယ်...ပြီးတော့ ကျွန်တော်တို့ အဓိကလူ တစ်ယောက်မှ မရှိဘူး..စံဘကထောင်ထဲမှာ..ထွန်းရင်က ဒဏ်ရာနဲ့... ကျွန်တော်ကလည်း တပ်ကဖြစ်နေတော့ လိုက်လို့မဖြစ်ဘူး။ ပြီးတော့”
“ဒါဆို ချောရင်ကိုငါတို့ က ဒီတိုင်းလက်လွတ်လိုက်ရမှာလား..မောင်မောင်..အချိန် မရဘူးကွ..ငါတို့မှာ..မင်းတို့မပါလည်း ငါတစ်ယောက်တည်း ရှိတဲ့လူနဲ့သွားမယ် ကွာ”
ထိုအချိန်တွင် ဆိုင်၏လှုပ်ထားသော တံခါးတစ်ချပ်မှ လူနှစ်ဦး ဝင်လာသည်။
စိန်ခါးမြောင်နှင့် အနှင်း။
“ဘာကိစ္စလဲ..စိန်ခါးမြောင်”
“ကျွန်တော့်မှာ လူအင်အားသုံးဆယ်ရှိတယ်။ လက်နက်အပြည့်အစုံရှိတယ်။ဟို ကောင်တွေ လူဘယ်လောက်များမလဲ..လက်ပစ်ဗုံးသုံးလုံးဆို လောက်တယ် မဟုတ်လား... ချောရင်ကို ခင်ဗျားတို့ မပါပဲ သွားကယ်ထုတ်ပေးလို့ရပါတယ်”
မောင်မောင်က စိန်ခါးမြောင်ကို အကဲခတ်နေသည်။
“မင်းနဲ့ မဆိုင်ပါဘူး..ဒီကိစ္စ”

ဂန္ဓမာက အသံပြတ်ဖြင့် ပြောလိုက်သည်။
“ဘာမဆိုင်ရမှာလဲဗျ.. ခင်ဗျားပြန်မှ ကျွန်တော်စဉ်းစားမိတာ.. ချောရင် မရှိရင် ခင်ဗျားတို့ သိတိုသံစကိစ္စက ဖြစ်လာတော့မှမဟုတ်ဘူး..ချောရင်မရှိပဲ ခင်ဗျားတို့ မလုပ်နိုင်ဘူးဆိုတာ. သေချာတယ်..ဒီတော့.ဒေါ်လာငါးသောင်း မျက်နှာနဲ့ ခင်ဗျားကို ကူဖို့ ကျွန်တော်ဆုံးဖြတ်လိုက်တာပဲ.. ခင်ဗျားကိုရော ဟိုဟာမလေးကိုပါ စေတနာရှိလွန်းလို့လာတယ်မထင်နဲ့..ကိုယ့်လူ”
စိန်ခါးမြောင် စကားကို ဗိုလ်မောင်မောင်က နားမလည်စွာဖြင့် ကြည့်နေသည်။
“သူက ဘယ်သူလဲ...ကိုဂန္ဓမာ”
“ဒီကိစ္စကို ငါနောက္မ ရှင်းပြမယ်..မောင်မောင်”
ဂန္ဓမာက မောင်မောင့်ကို ပြောပြီး စိန်ခါးမြောင်ရှေ့သို့ လျှောက်သွားလိုက်သည်။
“ချောရင်က ငါ့ညီမလေးကွ...ထွန်းရင်က ငါ့ညီ....ငါ့လူတွေကိုထိရင် ငါ့လက်နဲ့ ငါကိုယ်တိုင်သတ်ရမှာဆိုတာ..မင်းနားလည်လား”
“အဟက်..ခင်ဗျားအိုနေပြီ..ကိုဂန္ဓမာ..အဘိုးကြီးဖြစ်နေပြီ...ဟိုကောင်တွေ အကြောင်း ကျွန်တော်သိသလောက် ခင်ဗျားတို့ကို ရင်ဆိုင်ဖို့ သေချာလုပ်ထားပြီးပြီ..မဂျစ်ခန်းက က ငွေအားရော၊လူအားရော သုံးမှာ..ခင်ဗျား သေတာ ကိစ္စမရှိဘူး....ချောရင် တစ်ခုခုဖြစ်ရင်တော့ ကျွန်တော်ရမယ့် ဒေါ်လာငါးသောင်းက နှမြောစရာဗျ”
သူတို့စကားပြောနေချိန်တွင် အနှင်းက အပေါ်ထပ်သို့ တက်သွား၏။
အပေါ်ထပ် အခန်းတွင် ထွန်းရင်က ခေါင်းအုံးကို မှီကာထိုင်နေသည်။
မသောင်းက ဘေးမှာထိုင်လျက် တပ်မှဆေးမှူး ပေးခဲ့သည့် ဆေးများကို နေ့ည ခွဲထုတ်နေ၏။
အခန်းဝတွင် အနှင်းကို မြင်လိုက်ရသဖြင့် ထွန်းရင် မျက်နှာကြီး ပြုံးသွားသည်။
"ကျစ်ဆံမြီး သက်သာလား.....မနှင်း"
"ကျွန်မ..ကျစ်ဆံမြီးက ဘာဖြစ်ရမှာလဲ..သက်သာလားက ကျွန်မက ရှင်းကို မေးမလို့ တက်လာတာ"
သူတို့နှစ်ဦးကို ကြည့်ကာ မသောင်းက ရယ်သည်။
ထိုအချိန်တွင် ဆိုင်ရှေ့မှ ကားတစ်စီး ရပ်သံကြားလိုက်ရ၏။
“စိန်ခါးမြောင်..မင်းလူတွေလား”
“မဟုတ်ဘူး..ကျွန်တော့်လူတွေက ညောင်တန်းအိမ်မှာပဲ စောင့်ခိုင်းခဲ့တာ”

ဂန္ဓမာသောင်းရီက ကောင်တာအံဆွဲထဲမှ ခြောက်လုံးပြူးကို ထုတ်လိုက်သည်။
ဗိုလ်မောင်မောင်က ခါးကြားမှ ပစ္စတိုကို ထုတ်ကာ ဆိုင်ရှေ့သို့ အရင်ထွက်သွား၏။
ဆိုင်ထဲမှ လူရိုပ်မြင်သည်နှင့် ကားက ဝူးခနဲ မောင်းထွက်သွားသည်။
“ဟာ..ချောရင်”
ဗိုလ်မောင်မောင်၏ အသံကြောင့် အားလုံးဆိုင်ထဲမှ ပြေးထွက်လာကြသည်။
အိမ်ပေါ်ထပ် ထွန်းရင်၏ နဘေးတွင်ရှိနေသော အသောင်းနှင့် မနှင်းတို့ပါ ပြေးဆင်းလာကြသည်။
မြေကြီးပေါ်တွင် ပုံလျက်သားလေး လဲကျနေသည့် ချောရင်။
လက်နှစ်ဖက် ကို လက်ထိပ်နောက်ပြန်ခတ်လျက် အနေအထားနှင့်။
……
……
……

အခန်း(၂၉)

ဂန္ဓမာသောင်းရီက ချောရင်ကို ပွေ့လိုက်သည်။
“ချောရင်....ချောရင်”
“ကျွန်မ အဆင်ပြေပါတယ်”
“ဘာဖြစ်သွားသေးလဲ..ဒီကောင်တွေ ဘာလုပ်လိုက်သေးလဲ”
“ဘာမှ မလုပ်ဘူး...ကားပတ်မောင်းပြီး..ဒီရှေ့လာပြန်ချပေးသွားတာပဲ..ဟော့ဒီ စာလည်း ထည့်ပေးသွားတယ်”
ချောရင်က လက်ထိပ်နောက်ပြန်ခတ်ထားသော သူ့လက်ကြားတွင် ညှပ်ပေးသည့် စာကို ပြသည်။
မသောင်းက စာကို ဆွဲယူပြီးဖွင့်ဖတ်လိုက်သည်။
“သို့
ဂန္ဓမာသောင်းရီ
ရှေ့ကို ဆက်မတိုးနဲ့တော့။
မင်းဘေးကလူတွေ အခုလို တစ်ယောက်ချင်း ပျောက်သွားလိမ့်မယ်
မင်းတို့ခေတ်ကို ကျေကျေနပ်နပ် ကုန်ပစ်လိုက်ပါတော့”
ဂန္ဓမာသောင်းရီက မသောင်းလက်ထဲမှ စာကို ဆွဲယူကာ လုံးချေပစ်လိုက်သည်။
“လက်ထိပ်ဖြုတ်ဖို့လုပ်ကြပါဦးဟ..ဆိုင်ထဲကနေ လက်ထိပ်ဖြုတ်လို့ရမယ့်ဟာ တစ်ခုခုယူခဲ့ကြပါ”
ဗိုလ်မောင်မောင်က အော်သည်။
“မလိုပါဘူးဗျ...ရတယ်..ကျွန်တော်ဖြုတ်ပေးမယ်”
စိန်ခါးမြောင်က ဆိုင်ရှေ့တွင် ချိတ်ဆွဲထားသော မီးလုံးသို့ သွယ်ထားသည့် မီးကြိုးများကို ကပ်ချည်ထားသည့် ကြေးနန်းကြိုးကို သွားလှည့်ဖြုတ်လိုက်သည်။
ထို့နောက် ချောရင် ကို ခတ်ထားသည့် လက်ထိပ်၏ သော့ပေါက်ထဲသို့ ကြေးနန်းကြိုးကို ထိုးထည့်ကာ သုံးလေးချက် ကလန့်လိုက်သည်။
“ထောက်” ခနဲ အသံနှင့် အတူ လက်ထိပ် ပြုတ်သွား၏။

“ကဲ..တော်ပါသေးရဲ့...ငါ့ဒေါ်လာငါးသောင်းလေး”
စိန်ခါးမြောင်က ပွင့်သွားသောလက်ထိပ်ကို ဂန္ဓမာသောင်းရီ လက်ထဲသို့ ထည့်ပေးရင်း ခပ်နောက်နောက်ပြောလိုက်သည်။
ချောရင်ကို မသောင်း က အိမ်ထဲသို့ ခေါ်သွားသည်။
“ကဲ..အနှင်းရေ..ပြန်ကြစို့ဟော့...ဒီမှာ တို့ကိစ္စမရှိတော့ဘူး”
စိန်ခါးမြောင်က အနှင်း ကို ခေါ်ကာပြန်ထွက်သွားသည်။
ဆိုင်ရှေ့အရောက်တွင် ဆိုင်တွင်းသို့ ဝင်လာသော အသက် (၆၀)ကျော်အရွယ် တရုတ်လူမျိုးတစ်ဦးနှင့် မျက်နှာချင်းဆိုင်မိကြသည်။
စိန်ခါးမြောင်က ထိုသူကို အကဲခတ်သည်။
အလိန် က စိန်ခါးမြောင်ကို သေချာကြည့်နေသည်။
စိန်ခါးမြောင်က ကားတံခါးကို ဖွင့်ကာ ဝင်ထိုင်လိုက်ပြီး အနှင်းကို ပြောလိုက်သည်။
“ဇာတ်ကတော့ ဒီထက်ပိုရှုပ်ဖို့ပဲရှိတယ်...ငါတို့လည်း သတိထားမှဖြစ်တော့မယ်"
"ဟုတ်တယ်..ဆရာကြီး..သူတို့မှာ ရန်သူကဝိုင်းနေတာပဲ..ရှေ့ဆက်လက်တွဲဖို့ အဆင်ပြေပါ့မလား"
"ငါလည်း မပြောတတ်တော့ဘူး...လောလောဆယ်တော့ အိမ်မှာ လူတွေစုထားပြီး ဘာမှမလုပ်ဖြစ်မယ့်အတူတူ ခေါင်းဆေးတဲ့အနေနဲ့ နောက်လမှ တိုက်မှုလို့ လုပ်ထားတဲ့ ဟိုအိမ်ကို ဒီညပဲ ဝင်စီးလိုက်ကြရအောင်..အနှင်း"
.....
“ချောရင် ရယ်..စိတ်ပူလိုက်ရတာ..သူတို့နှင့်ကို တစ်ခုခုပဲ လုပ်လိုက်ပြီလားလို့..နင်သာ တစ်ခုခုဖြစ်ရင် စံဘ ကို ငါတို့ မျက်နှာပြရမှာမဟုတ်ဘူး”
မသောင်းက စိုးရိမ်တကြီး။
“ညီမ ဘာမှမဖြစ်ပါဘူး..သူတို့က သတိပေးတဲ့အနေနဲ့ လုပ်လိုက်တာ”
“ထွန်းရင်လည်း ကံကောင်းလို့...မနှင်းနဲ့သူနဲ့ကို နာဂျစ်တို့တွေ ဝိုင်းလုပ်ကြတာ”
“အကိုထွန်းရင်ရော..ဘာဖြစ်သွားလဲ”
“ပုဆိန်နဲ့အခုတ်ခံရတယ်...အပေါ်ထပ်မှာ...”
ချောရင်က ဂန္ဓမာသောင်းရီဘေးတွင်ထိုင်နေသော အလိန်ဘက်သို့လှည့်လိုက်သည်။

“ဦးအလိန်...ဒီတိုင်းဆို ဦးကိစ္စကို ကျွန်မတို့လုပ်ပေးနေချိန် သူတို့က ဒီလိုပဲ နှောင့်ယှက်နေမှာပဲ..သူတို့ကို ရှင်းဖို့ ရှင်တို့ဘက်က ဘာမှ မကူနိုင်တော့ဘူးလား”

“ငါလုပ်ပေးနိုင်တာတစ်ခုရှိတယ်..အဲ့ဒါကတော့ ပိုက်ဆံပဲ...အခု ကမ်းနားက ငါ့ဂို ထောင်တွေထဲ ပစ္စည်းတွေ စသွင်းနေပြီ...သဘက်ခါမှာ ငါဟောင်ကောင်ကို ပြန်မယ်...နှစ်ပတ်လောက်ကြာမယ်..ပြန်လာရင် နင်တို့ ကို ငွေထပ်ပေးနိုင်မယ်..နောက်ထပ် ဒေါ်လာနှစ်သောင်းပေါ့..ကျန်တဲ့ဆောက်သောင်းကတော့ ကိစ္စပြီးမှရမယ်.အဲ့ဒီ ငွေနဲ့ဆို နင်တို့ လူကောင်းကောင်းစုလို့ ရပါတယ်..သေနတ်လေးဘာလေးလည်း ဝယ်ကြပေါ့”

ချောရင်က မသောင်းယူလာပေးသော ဂျင်ဂျာအေး ကို သောက်ရင်း ဂန္ဓမာသောင်းရီကိုလှမ်းကြည့်လိုက်သည်။

ဂန္ဓမာက ဗိုလ်မောင်မောင်နှင့် အတူထိုင်ရင်း ရမ်သောက်နေ၏။

“အကိုကြီးရော.....ဘယ်လိုသဘောရလဲ”

ဂန္ဓမာကသောက်လက်စ ရမ်ခွက်ကို ချလိုက်သည်။

“ဒီညတော့ နာဂျစ်အာရတ်ဖြစ်ဖြစ်၊ မဂျစ်ခန်းဖြစ်ဖြစ် တစ်ယောက်ယောက်ကို ငါ တစ်ခုခု လုပ်ရမှ ဖြစ်မယ်..ချောရင်”

“အကိုကြီး ခဏလောက် စိတ်ကို အေးအောင်ထားလိုက်ပါ..ညီမလည်း ဒီကောင်တွေကို သတ်ပစ်ချင်တာပါပဲ..ဒါပေမယ့် သူတို့ကို.အကိုကြီး ကပဲ သတ်သတ်၊ သူတို့က အကိုကြီးကိုပဲ သတ်သတ် ညီမတို့ အားလုံး စီမံထားသမျှ ကပြောင်းကပြန် ဖြစ်ကုန်လိမ့်မယ်..အကိုကြီး ရှိနေမှ ဖြစ်မယ်လေ”

“ငါတို့စိတ်တွေကို နင်နားမလည်ပါဘူး...ချောရင်ရယ်”

ချောရင်က သက်ပြင်းချလိုက်သည်။

“မမသောင်း...ကိုထွန်းရင် အိပ်နေပြီလား”

“ဆေးမှူးက အကိုက်အခဲပျောက်ဆေးထိုးပေးသွားတော့ မှိန်းနေတယ်ထင်တယ်”

ချောရင်က အသောင်းနှင့်အတူ အပေါ်ထပ်သို့တက်သွားပြီး ထွန်းရင်ကို သွားကြည့်ကြသည်။

ခဏအကြာတွင် ဗိုလ်မောင်မောင်က အပေါ်ထပ်သို့ တက်လာ၏။

“မသောင်း...ခင်ဗျားလူကို သွားပြောဦး.. ဖရေဇာဘက်ကို သွားမယ်လုပ်နေတယ်”

မသောင်းက ကမန်းကတန်းအောက်သို့ ပြေးဆင်းသွားသည်။

“ငါ လိုက်သွားမှဖြစ်မယ်..ချောရင်..နောက်ဖေးက ငါ့ဒူးလေးသွားယူပေးစမ်းပါ”

ထွန်းရင် နိုးလာပြီဖြစ်သည်။
“ထွန်းရင်..မင်းက ဒဏ်ရာကြီးနဲ့...နေစမ်းပါကွာ”
ဗိုလ်မောင်မောင်က ထွန်းရင် နားသို့ သွားထိုင်ကာ ထွန်းရင်ကို အသာပြန်လှဲအိပ်ခိုင်းလိုက်သည်။
အောက်ဘက်တွင် ဂန္ဓမာသောင်းရီနှင့် မသောင်းတို့၏ စကားပြောသံများ အပြန်အလှန်ကြားနေရသည်။
ချောရင်လည်း အောက်သို့ ဆင်းသွားသည်။
ထိုအချိန်တွင် ဂန္ဓမာသောင်းရီက ဇော်မိုက်၊ ချစ်ညို့ နှင့် နောက်ထပ် လူသုံးဦးတင်ကာ ဂျစ်ကားကို မောင်းထွက်သွားပြီဖြစ်သည်။
ဗိုလ်မောင်မောင်က နောက်ကလိုက်ဆင်းလာသည်။
“မသောင်း...အမယောက်ျားကို သွားတားတာမဟုတ်ဘူးလား..အမ တားရင် ရပါတယ်”
“မဟုတ်ဘူး”
“ဒါဆို အောက်ကို အပြေးအလွှားဆင်းသွားပြီး ဘာသွားလုပ်တာလဲ”
“အံဆွဲထဲက ခြောက်လုံးပြူး မယူသွားမှာစိုးလို့ သွားလိုက်ပေးတာလေ”
“ဟာ..ခင်ဗျားတို့ လင်မယားကလဲဗျာ”
ချောရင်က ဗိုလ်မောင်မောင် အဖြစ်ကို ကြည့်ကာ ရယ်နေသည်။
အပေါ်ထပ်မှ ထွန်းရင်၏ ဂယောင်ဂတမ်းအသံများ ကြားသဖြင့် မသောင်းက အပေါ်သို့ ပြန်တက်သွားသည်။
“ငါလိုက်သွားလိုက်ဦးမယ်..ချောရင်...ကိုဂန္ဓမာကြီးအကြောင်း ငါသိတယ်”
“ခဏလေး..ဗိုလ်မောင်မောင်...ကျွန်မတို့ စကားခဏပြောလို့ရမလား..မကြာပါဘူး”
ဗိုလ်မောင်မောင်က ချောရင်ကို ခေါင်းညိတ်ပြလိုက်သည်။
.....
နာဂျစ်အာရုတ် လက်ရှိနေထိုင်သော ဖရေဇာလမ်းမ၊ ၃၉လမ်းထိပ်အိမ်သို့ ဂန္ဓမာသောင်းရီတို့ လိုက်သွားချိန်တွင် အိမ်တံခါးသော့ခတ်ထားသည်ကိုသာ တွေ့ကြရသည်။
ဂန္ဓမာတို့ အိမ်ပေါ်ထပ်မှ ပြန်အဆင်းတွင် မလှမ်းမကမ်းရှိ ဂရင်းဘား ရှေ့တွင် ရပ်ထားသော ရဲကားကို သတိထားမိလိုက်သည်။

အဆိုပါရဲကားမှာ ချောရင်ကို ဖမ်းဆီးသွားခဲ့သည့် နံပါတ်ဖြစ်ကြောင်း ဂန္ဓမာသောင်းရီ မှတ်မိလိုက်၏။
ဘားအတွင်း ယူနီဖောင်းဝတ်ထားသော ရဲတပ်သားကျော်အုန်းနှင့် လူတစ်ယောက်ထိုင်ကာ အရက်သောက်နေကြသည်။
“မင်းတို့ဆိုင်အပြင်က စောင့်..ဇော်မိုက် ငါနဲ့ လိုက်ခဲ့”
ဂန္ဓမာသောင်းရီ က ထိုဝိုင်းသို့ တည့်တည့်လျှောက်သွားလိုက်သည်။
“ထိုင်ခွင့်ပြုပါ”
“ဘာကိစ္စလဲ..ဦး”
“အပြင်က ရပ်ထားတဲ့ ရဲကားက ဆရာတို့ကားလား”
“ဟုတ်တယ်...ဘာကိစ္စရှိလို့လဲ..ဦးလေး”
“မင်းက ရဲသားကျော်အုန်းထင်တယ်”
“ခင်ဗျားက ဘာလဲ..ကျုပ်ကျော်အုန်းပဲ ဘာဖြစ်လဲ”
“ဒါဆို ဒီဘက်က..”
“ကျုပ်ဆရာ ရဲအုပ်စောထွန်းလှအောင်ဗျ..ခင်ဗျားက စစ်လားဆေးလားနဲ့..ဘာလဲ”
“ဝုန်း” ခနဲ အသံနှင့်အတူ စောထွန်းလှအောင် အနောက်သို့ လန်ကျသွားသည်။
“မင်းတို့ ဘယ်သူတွေလဲ..ဘာတွေလဲ”
“ဟေ့ကောင်..ပုလိပ်ပြုတ်...ခုမှ မသိချင်ယောင်ဆောင်နေတာလား”
ဇော်မိုက်က စောထွန်းလှအောင်၏ လည်ပင်းကို တက်နင်းရင်း ပြောလိုက်သည်။
ရဲသားကျော်အုန်းက နံပါတ်တုတ်ကို ထုတ်ရန်ပြင်လိုက်သည်။
သို့သော် နောက်ကျသွားချေပြီ။
ဂန္ဓမာသောင်းရီက ချောရင်ကို ခတ်ခဲ့သော လက်ထိပ်ဖြင့် ကျော်အုန်း၏ မျက်နှာကို ဖြတ်ရိုက်ချလိုက်သည်။
ကျော်အုန်းက မျက်နှာကို အုပ်လျက် လဲကျသွားသည်။
ဘားဆိုင်ထဲမှလူအများက သူတို့ကို ဝိုင်းကြည့်နေကြသည်။
“ကျွန်တော်တို့ စုံထောက်တွေပါ..ပုလိပ်ယောင်ဆောင်နေတဲ့ ဒီနှစ်ကောင်ကိုလာဖမ်းတာပါ..အပြင်က ရဲဘော်တွေ ဒီကောင်တွေကို ကားပေါ်တင်ဟေ့”

ချစ်ထွန်းက ဟန်ကိုယ့်ဖို့နှင့် ဝင်ပြောလိုက်သည်။ ဂန္ဓမာက ခြောက်လုံးပြူးကို အားလုံးမြင်သာအောင် ထုတ်ပြလိုက်၏။

အပြင်ဘက်သို့ အရောက်တွင် ဗိုလ်မောင်မောင်၏ ကားကလည်း ထိုးဆိုက်လာသည်။

“ကိုဂန္ဓမာ..အဲ့ဒါဘယ်သူတွေလဲ”

“ချောရင်ကို ကားနဲ့ ဖမ်းသွားတဲ့နှစ်ကောင်”

“ဘယ်ခေါ်သွားမလို့လဲ”

“ငါ့ကျစ်ကားက လူမြင်တယ်..မင်းကားပေါ်တင်ခဲ့ကွာ...ရန်ကုန်မြစ်ထဲ သွားပစ်ချမယ်”

လက်ထိပ်ခတ်ခံထားရသည့် နှစ်ယောက်မှာ တုန်ရီသွားကြသည်။

“ကျွန်တော်တို့ ရဲအစစ်တွေပါဗျို့”

ကျော်အုန်းက အော်လိုက်သော်လည်း ဇော်မိုက်က နံကြားသို့ လက်သီး တစ်လုံး ပစ်သွင်းလိုက်သဖြင့်ခွေကျသွားခြင်းဖြစ်သည်။

“ကိုဂန္ဓမာ...စွတ်မလုပ်ပါနဲ့ဗျာ....လူမြင်ကွင်းကြီးမှာ..လာလာ..ဒီကောင်တွေ ကျွန်တော့်ကားပေါ်တင်”

အရာရှိပုံပေါက်နေသော ဗိုလ်မောင်မောင်နှင့်အတူ ရေတပ်တံဆိပ်တပ်ထားသောကားပေါ်သို့ တင်သွားသဖြင့် ဆိုင်ထဲရှိလူများကလည်း သံသယကင်းသွားကြသည်။

ဗိုလ်တစ်ထောင်ဆိပ်ကမ်းက ညဘက်မို့ ရှင်းလင်းနေ၏။

ဂျစ်ကားတစ်စီးနှင့် ရေတပ်တံဆိပ်ကပ်ထားသောကား တစ်စီး ထိုးဆိုက်လာသည်။

“ကိုဂန္ဓမာ..ကျွန်တော်တော့ မနက်အလုပ်ရှိသေးလို့ တပ်ပြန်ရဦးမယ်..ဒီကောင်တွေကို မသတ်နဲ့နော်..မေးစရာရှိတာမေးပြီး ပြန်လွှတ်ပေးလိုက်..ဒီကောင်က နာဂျစ်တို့ ရှေ့က ထားတဲ့ ကျားစာတွေပဲ..ဒီကောင်တွေကို သတ်ရင် သူတို့ ထောင်ချောက်ထဲ ခင်ဗျားဝင်တာပဲ..ခင်ဗျားထောင်ကျအောင်..အကွက်ဆင်တာလို့ ချောရင်က မှာလိုက်တယ်”

“ငါသဘောပေါက်တယ်..ငါ့ကို စိတ်ချ..မောင်မောင်..နည်းနည်းပါးပါး မေးရုံပဲ”

လက်ထိပ်ခတ်ထားသော နှစ်ယောက်ကို ချပေးပြီး မောင်မောင်က ကားမောင်းထွက်သွားသည်။

“ကဲ....ပြောစမ်း...မိန်းမတစ်ယောက်ကို လက်ထပ်နောက်ပြန်ခတ်ပြီးဖမ်းရဲတဲ့ သတ္တိခဲကြီးတွေ..မင်းတို့ ကို ဘယ်သူခိုင်းတာလဲ”
“ကျွန်တော်တို့ ကို မဂျစ်ခန်းက ငါးထောင်ပေးလို့ လုပ်ရတာပါ..အဲ့ဒီကောင်မလေး ဘယ်သူမှန်းလဲတကယ်မသိပါဘူး”
“မဂျစ်ခန်း ကလား”
“ဟုတ်ပါတယ်..တောင်းပန်ပါတယ်ဗျာ..ကျွန်တော်တို့ မှားပါတယ်..ကျွန်တော်တို့ကို မသတ်ပါနဲ့”
“ဒါဆို မဂျစ်ခန်း ဘယ်မှာလဲ..နာဂျစ်အာရတ်ဘယ်မှာလဲ..မင်းတို့သိလား”
“ကျွန်တော်တို့ မသိပါဘူး..သူတို့အိမ်တွေမှာ ရှိမှာပေါ့”
“မဂျစ်ခန်း အခု ဘယ်မှာနေလဲ”
“တာမွေမှာ နေနေပါတယ်”
“ဇော်မိုက်”
“ဗျာ..အစ်ကိုကြီး”
“မင်း..အရင်က ဝက်သတ်ရုံမှာ လုပ်တာဆို”
“ဟုတ်ကဲ့”
“ဒီကောင်တွေ နားရွက်တွေကိုတစ်ယောက်တစ်ဖက်ဆီ သေသေသပ်သပ်လေးလှီးစမ်းကွာ”
ဇော်မိုက်က လက်ထဲတွင် သင်တုန်းဓားတစ်ချောင်းထွက်လာသည်။
“မလုပ်ပါနဲ့..မလုပ်ကြပါနဲ့ဗျာ”
နောက်တစ်နေ့ နံနက်လေးနာရီ ကန်တော်ကြီးဘက်သို့ လမ်းလျှောက်ရန် ထွက်လာသည့် မဂျစ်ခန်းသည် သူ့အိမ်ရှေ့တွင် လက်ထိပ်တွဲအခတ်ခံထားရလျက် သတိလစ်နေသော လူနှစ်ဦးကို တွေ့လိုက်ရလေသည်။
သူ့ထံတွင် အလုပ်လုပ်သော စောထွန်းလှမောင် နှင့် ရဲယူနီဖောင်းဝတ်ထားသူ လူငယ်တစ်ဦး။
သူတို့နှစ်ဦးဘေးတွင် စာအိတ်တစ်အိတ်။
သို့
မဂျစ်ခန်း ဟု အမည်ပေးထားသဖြင့် မဂျစ်ခန်းက စာအိတ်ကို ဖွင့်လိုက်သည်။
စာအိတ်ထဲမှ သေချာရေဖြင့် ဆေးထားသောနားရွက်နှစ်ဖက် ထွက်ကျလာ၏။

မဂျစ်ခန်းက အလန့်တကြားနောက်ဆုတ်လိုက်ပြီး လဲကျနေသူနှစ်ဦးကို ကြည့်လိုက်သည်။

နှစ်ယောက်လုံးတွင် နားရွက်တစ်ဖက်ဆီ မရှိတော့။

နားရွက်ပြတ်ဆီမှ သွေးများက ပြည်တော်သာစီမံကိန်း၏ ကတ္တရာလမ်းပေါ်တွင် ရဲရဲနီအောင် အိုင်ထွန်းနေသည်။

မဂျစ်ခန်း၏ အိပ်ရာစောစောထ လမ်းလျှောက်တတ်သည့် အကျင့်ကြောင့်သာ သူတို့ သွေးထွက်လွန်ကာ မသေခဲ့ကြခြင်းပင်။

.....

မဂျစ်ခန်းအိမ်ရှေ့တွင် နားရွက်ပြတ်နှင့် လာပစ်ချခံထားရသော လူတစ်ဦးနှင့် ရဲသားတစ်ဦးအကြောင်း အစီရင်ခံစာသတင်းကို ရန်ကုန်မူခင်းဆိုင်ရာ လက်ထောက်ရဲမင်းကြီး ဦးဘကွန်း စိတ်မဝင်စားအား။

ထိုနေ့ညတွင်ပင် အလုံသမ္မတအိမ်တော်ဝန်းအနီး ဖိုက်ချ်လမ်း ၊ အမှတ်(၁၇)မှ ရေကြောင်းသွားလာရေးဌာန အင်ဂျင်နီယာချုပ် မစ္စတာဗဋ္ဌနားအိမ်အား လူတစ်စုက ခါးပြင်တိုက်သွားသည့် ကိစ္စ ကိုသာ အာရုံစိုက်နေရသည်။

သမ္မတအိမ်တော်နှင့် အနီးဆုံးတွင်ဖြစ်နေသဖြင့် အစိုးရရုံးမှလည်း ရဲတပ်ဖွဲ့ကို ဖိအားပေးနေသည်။

ထိုအမှုတွင် အလုံသိပ္ပံလမ်းမှ မောင်သိန်းထွန်းဆိုသူကိုသာ မသက်မှုဖြင့် ဖမ်းဆီးထားပြီး သူ့သိရှိသည်မှာ မောင်တင်ဆိုသည့် ခါးပြခေါင်းဆောင်တစ်ဦးနှင့် မောင်တင်၏ဆရာ ဦးလေးကြီးဆိုသူ၏ အစီအမံများ ဖြစ်ကြောင်းဖော်ထုတ်ထားသည်။

ဦးလေးကြီး ဆိုသည့် နာမည်ပါသည်နှင့် ရဲတပ်ဖွဲ့မှာ မျက်ခုံးလှုပ်သွားကြသည်။

“ဒီအမှုမှာ စိန်ခါးမြောင်ပါတယ်လို့ ကျွန်တော်တို့ ယူဆပါတယ်...စိန်ခါးမြောင်ဟာ ရန်ကုန်မှာပဲ ရှိနေတာအသေအချာပါပဲ.စိန်ခါးမြောင်ကို ဖော်ထုတ်ဖမ်းဆီးဖို့ ကော်မရှင်တစ်ရပ် သီးသန့်ဖွဲ့ပြီး လုပ်သွားဖို့ ပြည်ထဲရေးဝန်ကြီးကို တင်ပြပေးပါ”

လက်ထောက်ရဲမင်းကြီး ဦးဘကွန်းက ဒုတိယရဲမင်းကြီး ဦးမောင်ရှင်း ထံ ဖုန်းဆက်ကာတင်ပြသည်။

“အားအားရှိ..ဓားပြမှု မမိရင် စိန်ခါးမြောင်နာမည်တပ်နေတာလား.. ဦးလေးကြီးဆိုတာနဲ့စိန်ခါးမြောင်ဖြစ်ရောလားဆိုပြီး ..ဒီတစ်ခါလည်း ဝန်ကြီးက ကျုပ်တို့ကို ကြိတ်နေဦးမယ်..ကိုဘကွန်းရေ....သူတို့ကို အသိပေးမနေနဲ့..ကိုယ့်လူနဲ့ကိုယ် ကြိတ်ဖွဲ့ပြီးသာလိုက်ဖို့လုပ်တော့ဗျာ... သေချာပြီဆိုမှ ဖမ်းမယ်”

ရဲများအလုပ်ရှုပ်နေချိန် ပုဇွန်တောင်ညောင်တန်းလမ်းနေအိမ်တွင်တော့ တောင်ချမ်းသာရှင်မ ကို ပူဇော်ပသသည့် ဆရာသိန်း၏ အသံက လွင်နေသည်။
မကြာမီ သူတို့ ဝေစုခွဲကြမည်။ ပြီးလျှင် လူစုခွဲကြတော့မည်။

.....

၁၉၅၄ခုနှစ် ကုန်ဆုံးခဲ့ပြီဖြစ်သည်။
ဂန္ဓမာသောင်းရီ နှင့် ဗိုလ်မောင်မောင်တို့သည် ဝန်ကြီးချုပ်ဘက်တော်သား အတွင်းဝန်တစ်ဦးနှင့် နောက်တကြိမ်တွေ့ဆုံကြသည်။
ပျူစောထီးတပ်ဖွဲ့များကို တရားဝင်မဟုတ်သော်လည်း စတင်စုဆောင်းဖွဲ့စည်းနေပြီဖြစ်သည်။
ပျူစောထီးအဖွဲ့များထဲမှ ဝန်ကြီးချုပ်၏ ဘက်တော်သားလက်နက်ကိုင်များအတွက် ဂန္ဓမာသောင်းရီကို နောက်ကွယ်မှ နေရသည့် ခေါင်းဆောင်နေရာပေးထားသည်။
ထွန်းရင်သည့် ပျူစောထီးဗိုလ်မှူး ထွန်းရင်ဖြစ်လာသည်။ ချစ်ညို၊ ဇော်မိုက် တို့သည်လည်း ဗိုလ်ချစ်ညို၊ ဗိုလ်ဇော်မိုက် ဆိုသော အမည်ဖြင့် ပျူစောထီးဗိုလ်များဖြစ်လာသည်။
အစိုးရ၏ ကျောထောက်နောက်ခံရှိလာပြီဖြစ်သဖြင့် ဂန္ဓမာသောင်းရီ၊ ဗိုလ်ထွန်းရင်တို့ နောက်တွင် နောက်လိုက်များစွာ ရှိလာခဲ့သည်။
ထွန်းရင်၏ ပျူစောထီးအဖွဲသည် ၁၉၅၆ ရွေးကောက်ပွဲတွင် ဖဆပလနှင့် အတိုက်အခံအရွေးခံပြီး အနိုင်ရချေရှိသော အမတ်လောင်းများကို ရှင်းလင်းပေးခဲ့ရသည်။
စျေးဦးပေါက်အနေဖြင့်
အင်းစိန်မြို့ အရှေ့စျေးကုန်းရပ်ကွက်မှ ဆို့ရှယ်လစ်ပါတီဝင်၊ အတိုက်အခံအမတ်လောင်းဖြစ်သကဲ့သို့ သတင်းထောက်တစ်ဦးလည်းဖြစ်သော ကို့စံရှားကို လူစည်ကားလှသော မိုဒန်ရုပ်ရှင်ရုံရှေ့တွင် ဓါးဖြင့် ထိုးသတ်ခြင်းခံလိုက်ရသည်။
ထိုကိစ္စသည် ဖဆပလအတွင်းရှိ ဆို့ရှယ်လစ်အုပ်စုနှင့် အတိုက်အခံဘက်တွင်ရှိနေသော ဆို့ရှယ်နီတို့ အတွင်းတွင် ဂယက်ရိုက်သွားသည်။
သခင်သိန်းသည် စိန်ဓါးမြှောင်နှင့် နောက်တကြိမ်လာရောက်တွေ့ဆုံကာ သခင်နု ဘက်တော်သားများ စတင်လှုပ်ရှား နေကြပြီဖြစ်သဖြင့် စိန်ဓါးမြှောင်ကို ပေးထားသည့် စာရင်းထဲမှ လူများကို စရှင်းရန် အချက်ပြလိုက်သည်။
စိန်ဓါးမြှောင်၏ ကွန်ရက်များကလည်း နေရာအနှံ့ရှိ ပျူစောထီးဗိုလ်အချို့ကို ဓါးပြတိုက်သည့်အသွင်ဖြင့် လုပ်ကြံသတ်ဖြတ်ခြင်းစတင်ကြသည်။

တခါတရံ စိန်ခါးမြောင်၏ အဖွဲ့သားများမှာ ပျူစောထီးအဖွဲ့ဝင်များပင်ဖြစ်ပြီး ဆိုရှယ်လစ်မဟုတ်သည့် ပျူစောထီးများကို သတ်ဖြတ်ကြသည်။
သခင်နုဘက်တော်သားပျူစောထီးများကလည်း ဆိုရှယ်လစ်ပျူစောထီးများကို အပြန်အလှန် သတ်ဖြတ်ကြပြန်သည်။
သူတို့နှစ်ဖွဲ့ပေါင်းပြီး အတိုက်အခံ ပမည်တများကို သတ်သည့်အခါလည်းရှိသည်။
အချို့ ပျူစောထီးတပ်များမှာ သောင်းကျန်းသူနှိမ်နင်းရေးလုပ်ဆောင်နေသကဲ့သို့ အချို့ကလည်း ရပ်ရွာထဲ ခါးပြတိုက်ကြသည်။
ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်း အတွက်ကား မျက်ဖြူဆိုက်လေ ဆရာကြိုက်လေအခြေအနေဖြစ်နေ၏။
ယင်းမှာ ဖဆပလအတွင်းရှိ သခင်နု အုပ်စုနှင့် ဦးကျော်ငြိမ်းဆိုရှယ်လစ်အုပ်စု အကွဲအပြဲ ၏ အကျိုးဆက်များပင်ဖြစ်သည်။
ယခင်က ဖဆပလအတွင်း ဆိုရှယ်လစ်ခေါင်းဆောင် ဦးကျော်ငြိမ်း၊ဦးဘဆွေ၊ သခင်တင်၊ သခင်ကျော်ထွန်းတို့ ၏ ဂိုဏ်းဂဏအုပ်စုတိုက်ပွဲများအကြားတွင် သခင်နုသည် မဏ္ဍာပ်တိုင်အဖြစ် ကစားခဲ့သည်။
သို့သော် ၁၉၅၄ တွင် ဖြစ်ပွားသည့် ဆန်ပြဿနာက သခင်နု နှင့် ဦးကျော်ငြိမ်းကြား ပုဂ္ဂိုလ်ရေးပဋိပက္ခကို ကြီးထွားစေခဲ့သည်။
၁၉၅၄ နိုဝင်ဘာ ၂၉ မှ ဒီဇင်ဘာ ၁၉ အထိ ဝန်ကြီးချုပ်သခင်နုသည် တရုတ်နိုင်ငံသို့ သွားရောက်ကာ ဝန်ကြီးချုပ် ချူအင်လိုင်းနှင့်တွေ့ဆုံခဲ့သည်။
သခင်နုက တရုတ်နိုင်ငံသို့ရောက်နေစဉ်အတွင်း တရုတ်သို့ ဆန်ဟောင်းများ ရောင်းချရန်ကမ်းလှမ်းသည်။
တရုတ်ဘက်က သဘောတူသည်။
ထို့ကြောင့် သခင်နုက မြန်မာနိုင်ငံတွင် ဆန်ဟောင်း တန်ချိန်မည်မျှရှိသည်၊မည်သည့်အမျိုးအစားများရှိသည်ကို ကြေးနန်းရိုက်ကာ လှမ်းမေးခဲ့သည်။
ထိုမေးမြန်းချက်ကို မြန်မာပြည်မှ ပြန်လည်ဖြေကြားခြင်းမပြုခဲ့။ ဦးကျော်ငြိမ်းကလည်း မသိဟုဆိုသည်။
ထိုအတောအတွင်း မြန်မာပြည်ရှိ ဆန်ကက်ဘိနက်ဆပ်ကော်မတီက ဦးကျော်ငြိမ်း၏ ဆုံးဖြတ်ချက်ဖြင့် ပင်လုံဒေါ်နှယဉ်နှင့် ပင်လုံဒေါ် ကြည်ကြည်တို့အား ဆန်ဟောင်းတန်ချိန် နှစ်သိန်းရောင်းချပစ်ခဲ့သည်။
သခင်နု မြန်မာပြည်သို့ ပြန်ရောက်သည့်အခါ ယင်းဆန်ရောင်းချမှုတွင် ဦးကျော်ငြိမ်းက အထူးလျော့ပေါ့ခွင့်များ ပေးခဲ့ပြီး သူ့သဘောနှင့်သူရောင်းချခဲ့သည့်အတွက် မရိုးသားဟု စွပ်စွဲခဲ့သည်။

ဦးကျော်ငြိမ်းကလည်း မိမိ၏သိက္ခာနှင့် ဆိုရှယ်လစ်ပါတီသိက္ခာကို သခင်နုက နှိုင်ဝံရေးအရ ချနင်းသည်ဟု ပြန်လည်စွပ်စွဲခဲ့သည်။

ထို့နောက်ပိုင်းတွင်

အစိုးရနှင့် အတိုက်အခံများအတွင်းသာမက တပ်မတော်အတွင်းတွင်ပါ အင်အား ကောင်းနေသည့် ဆိုရှယ်လစ်များသည် တစ်နေ့နေ့တွင် သခင်နု အားဖဆပလမှ ထုတ်ပယ်ကာ ဖဆပလဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်ရာထူးကို ရယူလိမ့်မည်ဟု သခင်နု ဘက်တော်သားများက ယုံကြည်ခဲ့ကြသည်။

၁၉၅၆ ခုနှစ် မြို့တော်ခန်းမတွင် ဘုရင်ခံဟောင်းဆာဟူးဘတ်ရန့်စ် အား ဧည့်ခံပွဲ ကျင်းပရာတွင် ဝန်ကြီးချုပ်သခင်နုရောက်ရှိလာသောအခါ ဆိုရှယ်လစ်ဝန်ကြီး များက ထ၍ ကြိုဆိုနှုတ်ဆက်ခြင်းမပြုခဲ့ကြ။

ဆာဟူးဘတ်ရန်စ်ရောလာသည့်အခါမှ မတ်တပ်ရပ်နှုတ်ဆက်ကြသည့်အတွက် ဆိုရှယ်လစ်များ၏ မထီမဲ့မြင် ပြုမှုကို သခင်နုဘက်တော်သားများက သတိပြုမိခဲ့ ကြသည်။

နိုင်ငံတကာခေါင်းဆောင်များကလည်း အစိုးရအဖွဲ့အတွင်း သခင်နုသည် ဆိုရှယ်လစ်တို့၏ ရုပ်ပြဝန်ကြီးချုပ် အနေဖြင့် သဘောထားကြသည်ကို သခင်နု က ခံပြင်းနေခဲ့သည်။

ထို့ကြောင့် သခင်နုသည် ဖဆပလအတွင်းတွင် ဆိုရှယ်လစ်များ၏ ဩဇာကို လျော့ချပြီး မိမိ၏ဩဇာလွှမ်းမိုး ရန် စတင်ကြိုးပမ်းလာတော့၏။

မကြာမီ သခင်နုသည် ဖဆပလသန့်ရှင်းရေးဟု ကြေငြာကာ ဆိုရှယ်လစ် ခေါင်းဆောင် ဦးကျော်ငြိမ်းအား ဖဆပလအထွေထွေအတွင်းရေးမှူး ရာထူးမှ နှုတ်ထွက်စေပြီး နောက်ထပ် ဆိုရှယ်လစ်ခေါင်းဆောင်တစ်ဦးဖြစ်သည့် သခင် ကျော်ထွန်းကို ခန့်အပ်လိုက်သည်။

ထိုကိစ္စသည် ဆိုရှယ်လစ်ပါတီဝင်အချင်းချင်းတွင်ပင် သဘောထားကွဲလွဲမှုများ ဖြစ်လာပြီး ဆိုရှယ်လစ်တို့၏ စည်းလုံးမှုကို စတင်ပြိုကွဲလာတော့သည်။

စိန်ဓါးမြှောင်နှင့် ဂန္ဓမာသောင်းရီတို့မှာ ထိုအကွဲအပြဲဇာတ်ရုပ်များ၏ အောက်ဆုံး အဆင့်တွင် နယ်ရုပ်လေးများ အဖြစ် အသုံးတော်ခံနေကြသည်။

အပြင်ဘက်တွင် အရှုပ်အထွေးများစွာ ဖြစ်နေကြသော်လည်း ထောင်ထဲတွင် ရောက်နေသည့် စံဘနှင့် ခါလေး ကတော့ မိတ်ဆွေအရင်းများ ဖြစ်နေကြပြီ ဖြစ်သည်။

လမ်းမတော်ဖိုးတုတ်ညီ၊ ဂန္ဓမာသောင်းရီလူ ဆိုသော အရှိန်အဝါဖြင့် စံဘ၊ တန်း စီးချုပ်စိန်ဓါးမြှောင်၏ တပည့်ရင်း ခါလေးဟူသော ဂုဏ်ဖြင့် ခါလေး။

ရန်ကုန်ထောင်တွင်း သူတို့ကို မည်သူမှ ထိဝံ့သူမရှိကြ၊
အကျဆောင်များတွင် တန်းစီးချုပ်ဖြစ်နေသည့် ကြည့်မြင်တိုင်ကုလားလေးပင်
သူတို့ကို တလေးတစားဆက်ဆံကြသည်။
မကြာမီ ၁၉၅၆ ဇန်နဝါရီလ ၇ ရက်နေ့။
သူတို့ အမှုစီရင်ချက်ချတော့မည်ဖြစ်သည်။
ဂန္ဓမာသောင်းရီ၊မသောင်း၊ချောရင်၊ ထွန်းရင် တို့က ပျူစောထီးအစောင့်များ ခြံရံ
လျက် တရားရုံးသို့ ရောက်လာသည်။
ချောရင်သည် ပန်းနုရောင်နိုင်လွန်လက်ပြတ်၊ အနီရောင်ထမီကို ဝတ်ထားသည်။
အနှင်း၊ မမြကြည်၊ ထွန်းခင်၊ ရီရီ ၊ ဝင်းမောင်တို့ လည်း တရားရုံးသို့ လာကြ
သည်။
အနှင်းက လည်းတိုက်တိုက်ဆိုင်ဆိုင်ပင် အနီရောင်ထမီနှင့်။
တရားခံ စံဘနှင့် ခါလေးကို လက်ထိပ်တွဲခတ်လျက် ရုံးတော်သို့ ခေါ်သွားလာ
သည်။
ခါလေးက အနှင်းကို ကြည့်ပြီး ပြုံးပြ၏။ အနှင်းကလည်း ပြန်ပြုံးပြလိုက်သည်။
ထွန်းရင်က သူတို့နှစ်ဦးကို ကြည့်နေသဖြင့် စံဘလှမ်းနှုတ်ဆက်သည်ကိုပင် မ
ကြားနိုင်ခဲ့။
တရားသူကြီး ဦးပါစီမြမောင် ရောက်လာပြီဖြစ်သည်။
အမှုအခြေအနေများကို စာရေးက ဖတ်ကြားပြီးနောက် အပြီးသတ်စီရင်ချက် ချ
တော့မည်။
“တရားခံ ကျော်တင့် ခေါ် ခါလေး ခေါ် မောင်လှသည် သေဆုံးသူများအား
သတ်ဖြတ်ရာတွင်မပါဝင်ခဲ့ဘဲ မိတ်ဆွေဖြစ်သူများ၏ ရန်ပွဲတွင်ဝင်ရောက်ကူညီ
ခြင်းသာဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ပုဒ်မ (၃၀၂)လူသတ်မှုမှ တရားသေ
လွှတ်လိုက်သည်။ မိမိအလိုအလျောက်နာကြင်စေမှု ရာဇသတ်ကြီးပုဒ်မ ၃၂၃
အရ ထောင်ဒဏ် တစ်နှစ် ချမှတ်လိုက်သည်။ ပြစ်ဒဏ်များကို ချုပ်ရက်မှ ထုတ်
နှုတ်ခံစားစေ”
အနှင်းက ဝမ်းသာအားရဖြင့် မတ်တပ်ထရပ်လိုက်သည်။
ခါလေးက ပြုံးရွှင်သွားပြီးမှ ဘေးနားမှ စံဘကို ကြည့်ကာ ရုတ်တရက်
သက်ပြင်းချလိုက်သည်။
“တရားခံ စံဘ (ဘ) ဦးဖိုးတင် သည် သေဆုံးသူ မြကျင်၊ မောင်စိမ်း ခေါ် အရှုပ်
ခေါ် ယက္ခ တို့အား သတ်မှုအတွက် စစ်ဆေးပေါ်ပေါက်သဖြင့် မသေမချင်း

လည်ပင်းကြိုးကွင်းစွပ်သတ်ရန် အမိန့် ချမှတ်လိုက်သည်။ အထက်ရုံးအဆင့်ဆင့်သို့ အယူခံဝင်နိုင်ခွင့်ပြုသည်”
တရားရုံတစ်ခုလုံး ငြိမ်ကျသွား၏။
မသောင်းက ဂန္ဓမာသောင်းရိ၏ ရင်ခွင်ထဲဝင်ကာ အိခနဲငိုချလိုက်သည်။
စံဘက ချောရင်ရှိရာသို့ လှည့်ကြည့်လိုက်သည်။
ချောရင် က စံဘ ကို မျက်တောင်မခတ်တမ်းပြန်ကြည့်နေသည်။
ရဲသားက စံဘ၏ လက်ထိပ်ကြိုးကို ဆွဲကာခေါ်သွား၏။
ထွန်းရင်က ချောရင်နဘေးသို့ ရောက်လာကာ ပုခုံးကို ဖက်ထားပေးသည်။
စံဘ ချောရင်အနားသို့ ရောက်လာ၏။ ချောရင်က ထိုင်ရာမှ မထပဲ စံဘကို ကြည့်နေသည်။
“ချောရင်..အကို သွားမယ်နော်..ပြန်လာရင် ဟိုဖက်ကမ်းပြန်ကြမယ်..အဲ့ဒီကျ အကိုကို သရက်သီးခူးကျွေးပါဦး"
ချောရင်က ဘာမှမပြော။
မျက်ရည်များက ပါးပြင်ပေါ် တလိမ့်ချင်းစီးလာသည်။
စံဘက အံကို ကြိတ်ကာ ခေါင်းငုံ့လိုက်သည်။
“ယောက်ဖ...မင်း ငါ့နှမကို ဒီတိုင်း ထားသွားလို့မရဘူးကွ..ဟော့ကောင်..”
ထွန်းရင်က စံဘပုခုံးကိုကိုင်ကာ အံကြိတ်ပြီး ပြောလိုက်သည်။
“အေးပါကွာ..ကိုဂန္ဓမာ..မမသောင်းကို ဂရုစိုက်ပါဦး”
“ဘာမှမပူနဲ့..စံဘ..ငါတို့ ဟိုက်ကုပ်အထိ အယူခံထပ်တက်မယ်..ပြီးတော့ ဒီကောင်တွေကို ငါသတ်တာကွ..မင်းအစား ငါ ခံမယ်..ငါရှိနေသမျှ မင်းကို ဘယ်ကောင်မှ သတ်လို့မရစေရဘူး”
ဂန္ဓမာက မသောင်းကို ထွေးပွေ့ထားရင်းမှ ပြန်ပြောသည်။
"တော်ပြီ ကိုဂန္ဓမာ..ကျွန်တော်တစ်ယောက်ခံရုံနဲ့ လုံလောက်တယ်..ခင်ဗျားသာ ချောရင်ကို စောင့်ရှောက်ပေး"
ခါလေးက စံဘဘေးတွင်ရပ်ရင်း ငေးကြောင်နေသည်။
သူ့အတွက် ဝမ်းသာရမည်လား၊ သူငယ်ချင်းစံဘအတွက် ဝမ်းနည်းရမည်လား သူမဝေခွဲတတ်တော့။
ရဲများက ဆွဲခေါ်သွားသဖြင့် သူတို့နှစ်ဦးလုံး သွားကြပြီဖြစ်သည်။

တရားရုံးအတွင်းမှ လူများ ထွက်ခွာသွားကြပြီ။
ချောရင်ကား ကျောက်ရုပ်တစ်ရုပ်နှယ် ထိုင်လျက်။
……..……
…..……..……
……..……

အခန်း(၃၀)

“ငါဝန်ကြီးချုပ်နဲ့ တွေ့လို့ရမလား..မောင်မောင်”

မောင်မောင်က ခေါင်းခါလိုက်သည်။

“ကျွန်တော်ပုံခုံးပေါ်မှာ နှစ်ဘားပဲရှိတာ..ကိုဂန္ဓမာ..ဗိုလ်ချုပ်နေဝင်းတောင် ဝန်ကြီးချုပ်ကို တွေ့ချင်တိုင်း တွေ့လို့မရဘူး”

“အခုဆို သူ့ကို ငါတို့ ကူညီထားတာပဲ..စံဘကိစ္စ သူ့ကို ပြောကြည့်မှဖြစ်မယ် ကွာ..ဘယ်လိုလုပ်လို့ရနိုင်လဲ”

“ပထမတရားသူကြီးတုန်းက ကျွန်တော်သေချာအောင်လုပ်ထားတာပဲ..ငွေလည်း ပေးပြီးသားပဲ...ဒါပေမယ့် ရုတ်တရက်ကြီး တရာသူကြီးက ဦးပါစီမြမောင် ဖြစ်သွားတယ်..ဦးပါစီမြမောင် ဆိုတာ ငွေကြေးနဲ့ လာဘ်ထိုးလို့ မရတဲ့ တရားသူကြီးမျိုးဗျ....ဒီလိုဖြစ်အောင် ပထမတရားသူကြီးကို တစ်ယောက်ယောက် နောက်ကွယ်ကနေ တိုင်လိုက်တာမျိုး...ပြောင်းရအောင်လုပ်လိုက်တာမျိုး ဖြစ်လိမ့်မယ်..မဂျစ်ခန်းတို့ အကွက်ပဲ နေလိမ့်မယ်ဗျ”

“ဒါဆိုဘယ်လိုလုပ်ကြမလဲ”

“ကိုဂန္ဓမာလည်း သိတာပဲ..သေဒဏ်ဆိုတာ ချက်ချင်းကြီးပေးတာမျိုးမှမဟုတ်တာ..အယူခံအဆင့်ဆင့်တွေ ရှိပါသေးတယ်..ဒီကြားထဲ စံဘအတွက် ကျွန်တော်တို့မှာ နှစ်နှစ်လောက်အချိန်ရပါတယ်..”

“အဲ့ဒီလူသတ်မှုမှာ ငါကအဓိကလေကွာ..အခု စံဘက ငါ့အစားခံသလိုကြီးဖြစ်နေတော့ ငါလိပ်ပြာမလုံဘူးကွ..ပြီးတော့ ချောရင်...သူတော်တော်စိတ်ထိခိုက်နေမှာ”

“ကိုဂန္ဓမာ...ဒီလူသတ်မှုမှာခင်ဗျား ပါတယ်လို့ပြောတာနဲ့ ထွန်းရင်ပါ ပါလာပြီပဲ..အဲ့ဒီကျ သတင်းစာတွေက ဘယ်လိုရေးကြမလဲ...ပျူစောထီးတပ်ကိုအုပ်ချုပ်တဲ့ အကြီးဆုံးဗိုလ်(၃)ယောက်ထဲတစ်ယောက်ဖြစ်တဲ့ ဗိုလ်ထွန်းရင်က လူသတ်သမားပါဆိုပြီး စားလုံးမည်းကြီးနဲ့ထွက်လာလိမ့်မယ်...အစိုးရ က အကြပ်အတည်းဖြစ်လာတဲ့အခါ ခင်ဗျားကို ဒီတိုင်း ထားမယ်ထင်သလား..တရားရုံးတောင် မရောက်လိုက်ပဲ ကျွန်တော်တို့ အားလုံး သေဒဏ်တန်းကျကုန်မယ်ဗျ”

“စံဘလွတ်ဖို့ဆို ငါဘာမဆိုလုပ်မယ်ကွာ..အသက်လည်းကြီးပြီ သေရမှာလည်း မကြောက်ပါဘူး”

ထိုအချိန်တွင် သူတို့ စကားဝိုင်းတွင်းသို့ ချောရင် ဝင်လာသည်။

“ကျွန်မတို့ အသက်တွေကို..ကျွန်မတို့ပဲ စောင့်ရှောက်မှဖြစ်မှာ.....ခုလို အခြေအနေမှာ ကိုယ်ကျိုးစီးပွားနဲ့ယှဉ် လာရင် ဘယ်သူကမှ ကျွန်မတို့ အသက်တွေကိုတန်ဖိုးထားနေမှာမဟုတ်ဘူးဆိုတာ ကျွန်မတို့ ပိုသိလာသင့်ပြီ”

“နင့်မှာ ဘယ်လိုအကြံတွေရှိလို့လဲ...ချောရင်”

ချောရင်က ခေါင်းကိုဖြည်းဖြည်းချင်းခါလိုက်သည်။

“လောလောဆယ် ညီမစိတ်တွေအရမ်းညစ်နေတယ်...ဒီအရူပ်အထွေးတွေကြားလည်းမနေချင်ဘူး....ကိုစံဘ ကို အယူခံကိစ္စ ဒီတစ်လအတွင်း တင်ပြီးရင် ရွာမှာခဏလောက်ပြန်နေမလားလို့”

“မမသောင်းကိုထည့်ပေးလိုက်မယ်လေ..ချောရင်”

“ရတယ်..ညီမက ဘယ်လောက်ကြာမလဲမသိဘူး..မမသောင်းက ဒီမှာဆိုင်တစ်ဖက်ရှိသေးတယ်...ညီမတစ်ယောက်တည်းသွားမှာပါ”

“စံဘစိတ်နဲ့ နင့်ကိုယ်နင်တစ်ခုခုတော့ မလုပ်လိုက်နဲ့တော့ ချောရင်”

“ညီမအဖေက ဦးမြတ်လှတဲ့။ ရန်ကုန်ကနေ တဖက်ကမ်းကူးတာနဲ့ အဲ့ဒီနာမည်ကို မေးကြည့်လိုက်..အဖေသေသွားပေမယ့် နာမည်က ကျန်နေသေးတယ်...မြတ်လှကြီးသမီးပါ...ချောရင်ပါ..အဲ့ဒီလောက်မပျော့ပါဘူး”

.....

“ဟယ်...ကိုထွန်းရင်ကြီး..ဘယ်ကဘယ်လိုပေါ်လာတာလဲ”

“ဘာရယ်မဟုတ်ပါဘူး...ထောင်ဝင်စာတွေ ဘာတွေ တွေ့ဖို့ရှိသေးလားလို့..လာမေးတာ..အဟဲ”

မနှင်းက အဝတ်လျှော်နေသည်။

ရေစိုနေသော ထမီအနက်ရောင်က အသားနှင့် တစ်ထပ်တည်း ကပ်နေသော အနှင်း၏ အလှကို လူပျိုကြီး ထွန်းရင်ငေးသည်။

ထိုစဉ် ဓါးမကြီး က ထွန်းရင် ခြေမဘေး ဒုတ်ခနဲ ဝဲသွားသည်။ထွန်းရင်က အလန့်တကြားခုန်ရှောင်လိုက်သည်။

အနှင်းဘေးတွင် ဆော့နေသော အနှင်း၏ သား ဧရာလေး။ ဧရာလေးကား ခြောက်နှစ်အရွယ်သို့ပင် ရောက်ခဲ့ပြီဖြစ်သည်။

“ဟဲ့..ဒီကလေး..ဓါးမကြီး ယူဆော့ပြန်ပြီ...သွား..သွား..ဒီမှာ ညည့်သည်ရောက်နေ..”

စကားမဆုံးလိုက် ဓါးမကြီးကို ထွန်းရင် ခွကြားဆီသို့ ပစ်ထုတ်လိုက်ရာ သတိရှိသဖြင့်သာ ထွန်းရင်ခမြာ ခေါင်းလောင်းမြေခကိန်းမှ သီသီလေး လွဲသွားလေ

သည်။
ရောလေးက ခါးမကို ပစ်ချပြီး ထွန်းရင်ကို တစ်ချက်မိုက်ကြည့်ကြည်ကာ အိမ်ထဲ ပြေးဝင်သွား၏။
ထိုအခါမှ ထွန်းရင်လည်း စိတ်အေးလက်အေးဖြင့် မနှင်း ရှေ့တွင် ဆောင့်ကြောင့်ထိုင်လိုက်သည်။
“ထောင်ဝင်စာက မရသေးဘူးလေ..ကိုထွန်းရင်ရဲ့..ချောရင်မပြောဘူးလား..အခု က အမိန့်ကျပြီးပြီဆိုတော့ သူတို့ကို အကျဆောင်တွေထဲပြောင်းပြီ..ကိုစံဘက ကြိုးသမားဆိုတော့ ဘယ်လိုနေမယ်မသိဘူး...ကိုခါလေးက တော့ အချုပ်နဲ့တင် ခြောက်လကျော်ပြီဆိုတော့ မကြာခင်လွတ်တော့မှာ”
“သြော်..အင်း..ဟိုလေ..ခါလေး ကို မနှင်းက သိပ်ဂရုစိုက်တာပဲနော်..အမျိုးများ တော်ကြလား”
“ဘာမှမတော်ပါဘူး..ကိုထွန်းရင်ရယ်...ဒီလိုပဲပေါ့..ကျွန်မတို့က ကျွန်မယောက်ျား ဆုံးပြီးကတည်းက ဆရာကြီးဆီနေခဲ့ကြတာ..ခါလေးကလည်း တစ်အိမ်တည်း သားလိုဖြစ်နေပြီမဟုတ်လား.. ဆရာကြီး ထောင်ကျနေတုန်း မမြကြည်နဲ့ ကျွန်မ တို့ ရန်ကုန်တက်လာတော့ ရောလေးက နှစ်နှစ်လားရှိဦးမယ်..သူ့ကို ကိုခါလေး အစ်မမရင်တို့နဲ့ အညာမှာ ထားခဲ့ရတာ”
“မနှင်းက ကွန်းဗင်းကျောင်းတက်ခဲ့တာဆို”
“ဟုတ်တယ်...စစ်ကိုင်းမှာ တက်တာ..အဲ့ဒီမှာပဲ ရောလေးအဖေ ကိုလှမောင်နဲ့ တွေ့ကြတာပေါ့”
“သြော်”
အနှင်းက အဝတ်ကို ဆက်လျှော်နေသည်။
ထွန်းရင်က အနှင်းကို ငေးနေပြန်သည်။
အနှင်း က ရောလေးဝတ်သည့် အင်္ကျီနှင့် ဘောင်းဘီသုံးစုံလျှော်ပြီးခဲ့ပြီ။
ထွန်းရင် မပြန်သေး။
“ကိုထွန်းရင်..ဘာကိစ္စရှိသေးလို့လဲ..ကျွန်မလည်း အဝတ်လျှော်စရာတွေရှိနေလို့ ညည့်မခံနိုင်တာ အားနာပါတယ်ရှင်”
“ဟာ..ရပါတယ်....ကျွန်တော်က ညည့်သည်မှမဟုတ်တာ..ရတယ်”
အနှင်းက ကျန်နေသေးသည့် သူ့ထမီငါးထည်ကို ဆက်လျှော်သည်။
ထွန်းရင်က ငုတ်တုတ်။
အနှင်းက ထမီများကို ရေညှစ်နေရင်း..

“ကိုထွန်းရင်...အိမ်ထဲသွားထိုင်ပါလားတော်..မညောင်းဘူးလား”
“ဟဲ..ရပါတယ်”
“ချောရင်ရော နေကောင်းရဲ့လား...ကျွန်မဖြင့် သူ့ကို စိတ်မကောင်းလိုက်တာ”
အနှင်းက လျှောက်ပြီးသား အဝတ်ဇလုံထဲမှ အဝတ်များကို တန်းတွင်လှန်းရန် မတ်တပ်ရပ်ရင်း မေးလိုက်သည်။
“ပေးပေး..အဝတ်ဇလုံတွေ လှမ်းမလို့လား..ကျွန်တော်လှမ်းပေးမယ်..မနှင်း”
“အိုရပါတယ်..ထမီတွေပါတယ်..ကိုထွန်းရင်ရဲ့...အောင်မယ်လေး..ကိုယ့်အထက် အကြီးလည်းဖြစ် ယောကျ်ားသားလည်းဖြစ်တဲ့သူကို ငရဲငအုံတွေကြီးကုန်ပါ့မယ်ရှင်..မလုပ်ပါနဲ့”
အနှင်းက အဝတ်ဇလုံကို မပြီး ကြိုးတန်းဆီသို့ လျှောက်သွားသည်။
ထွန်းရင် အနောက်က လိုက်သည်။
အဝတ်တန်းပေါ်တွင် အနှင်းက အဝတ်လှန်းနေသည်။
ထွန်းရင်က တောင်ပေါ်ခရီးသွားရာတွင် အရှေ့ဘက်မှ တောင်တန်းစိမ်းစိမ်းစိုစို များကို ငါဘယ်တော့များ ဒီအပေါ်ရောက်မလဲဟု လှမ်းမျှော်ငေးသလိုမျိုး ငေးသည်။
ထိုအချိန်တွင် ထွန်းရင်၏ ဖင်ဝကို တစ်စုံတစ်ခု က လာထောက်သည်။
“ကလစ်”
မောင်းတင်သံကြောင့် ထွန်းရင် အလန့်တကြား လှည့်ကြည့်လိုက်၏။
“မနှင်းရေ....မနှင်း.လုပ်ပါဦးဗျ”
ရောလေး။
အနှင်းကိုင်နေကျ ခြောက်လုံးပြူးကို လက်နှစ်ဖက်ဖြင့် စုံကိုင်လျက်။
အနှင်းက အလန့်တကြားလှည့်ကြည့်လိုက်သည်။
“ဟဲ့..ဒီကောင်လေး..သြော်...သေတော့မှာပဲ..ဒီသေနတ်ကိုပဲ ယူယူဆော့နေ..”
အနှင်းက ရောလေးလက်ထဲမှ သေနတ်ကို လုကာ သူ့ထမီခါးကြားတွင် ထိုးထား လိုက်သည်။
ရေစိုကပိုကရိုတွင် ခြောက်လုံးပြူးခါးထိုးထားသည့် အနှင်းပုံစံကို ထွန်းရင် ငေးရ ပြန်ပါသည်။
“ဒီကောင်လေး မလွယ်ဘူး...သူမမြင်အောင် ဝှက်ထားလဲ ဒီသေနတ်ပဲ ရှာရှာပြီး ဆော့တယ်..ဒါကြောင့် ကျွန်မက ကျည်အမြဲထုတ်ထားတာ..ကိုထွန်းရင်

ရေ...ဘေးအိမ်တွေတွေ့သွားရင်လည်း တမျိုးတမည်ထင်ကုန်မှာမို့ ကစားစရာ သေနတ်လို့ပဲ ပြောထားရတယ်..ဒီကောင်လေးတော့လားကွယ်..ခက်ပါရဲ့"

"အင်း..အဲ..တော်သေးတာပေါ့ဗျာ.....ဒီကောင်က သူ့အားလေးနဲ့ မောင်းပါဆွဲတတ်တာနော်"

"လူကြီးတွေ လုပ်တာကိုင်တာကို ဘယ်ကတည်းကခိုးမှတ်ထားလဲမသိဘူး..ခါလေးတို့ ရှိတုန်းကလည်း ကလေးကို သင်သင်ပေးထားကြတာလေ..သူကဆော့စရာလိုဖြစ်နေတာ..မောင်းတင်ရုံတက်မကဘူး..ခလုတ်ပါဆွဲတတ်တယ်"

"အောင်မယ်လေး..တော်သေးတယ်...ကျည်ဆံသာပါရင်.ကျွန်တော် ဖင်ပွင့်တယ်..ပြန်လိုက်ဦးမယ်...မနှင်းရယ်..ပြန်လိုက်ဦးမယ်"

ထွန်းရင်က စကားကြောင့် အနှင်းက တခစ်ခစ်ရယ်သည်။

ထွန်းရင်က အနှင်းကို နှုတ်ဆက်ပြီး ခြံထဲမှ ပြန်ထွက်ချိန်တွင် စိန်ခါးမြောင်နှင့် မြကြည် က ဝင်းမောင် မောင်းသည့် ကားပေါ်မှ ဆင်းလာသည်။

စိန်ခါးမြောင်က ထွန်းရင်ကို တစ်ချက်ကြည့်လိုက်သည်။

ထွန်းရင်သည် တစ်ချိန်က စိန်ခါးမြောင်ကိုသတ်ပစ်ချင် လောက်အောင် မုန်းတီးခဲ့သော်လည်း မနှင်း၏ ရေစိုထမီအောက်မှ ပေါင်တံတို့၏ ဘုန်းတန်ခိုးကြောင့် မျက်နှာကို အတတ်နိုင်ဆုံး ချိုသာကာ ပြုံးပြလိုက်သည်။

စိန်ခါးမြောင်က ခပ်တည်တည်ပြန်ကြည့်နေသော်လည်း မမြကြည်က အားတုံ့အားနာဖြင့် ပြန်ပြုံးပြသည်။

"ဒီကောင်..ဘာလာလုပ်တာလဲ..အနှင်း"

"ထောင်ဝင်စာကိစ္စလာမေးတာတဲ့..ဆရာကြီး"

"နောက်တပတ် ဇန်နဝါရီ ၂၀မှာ အစည်းအဝေးရှိတယ်"

"ဆရာကြီးခြောက်လပတ်အစည်းအဝေးက ဖေဖော်ဝါရီလမှ မဟုတ်ဘူးလား"

"အေး..အခုက စောလုပ်လိုက်တာ.....ငန်းနက်နဲ့ ဘရင်လာမယ်၊ ဝါဆိုဝါပိုလာမယ်၊ ပခုက္ကူက အလံနီကရွှေ့နေ တင့်ဆွေလည်း ဒီတစ်ခေါက်ပါလာမယ်။ ရန်ကုန်ကလူဆိုရင် ထွန်းခင်၊ ဆရာတင်၊ ဝင်းမောင်၊ မောင်တင်တို့ပဲ ခေါ်မယ်။ ခုနှစ်မိုင်က အဂ္ဂရီတ်ခြံမှာလုပ်ကြမယ်။ ငါးရက်ကြာမယ်။ လုပ်နေကျ ခြောက်လပတ်အစည်းအဝေးဆိုပေမယ့် ဒေါ်လာငါးသောင်းကိစ္စ ကြုံပြီး စီစဉ်စရာရှိတွေရှိလို့။ အရေးကြီး ဧည့်သည်တွေလာစရာလည်းရှိတယ်။ ဖေဖော်ဝါရီ ၂၀ မှာ က ဒေါ်လာကိစ္စလူကြီးတွေနဲ့တွေ့မှာ...ငန်းနက်တို့အားလုံးက ၂၁ မှာရောက်မယ်။ ၂၄ မှာ အဂ္ဂရိတ်အပြီး ထိုးမှာ။ အနှင်း နဲ့ ရင်ရင်က လှသိဂီဆိုင်မှာပဲ အထိုင်ချပြီး မူလာဒါဝတ်နဲ့ အရောင်းအဝယ်ကိစ္စစကားပြောရမယ်။ ပစ္စည်းပေး ငွေပေးလည်း အဲ့ဒီမှာ

ပဲ လုပ်မယ်။ ပစ္စည်းအသယ်အပို့ကိုတော့ သန်းအောင်နဲ့ သူ့အဖွဲ့လုပ်ပေးလိမ့်မယ်။ မြကြည် က ဝင်းမောင်မိန်းမ စိန်ရီ တို့ မိန်းမအုပ်စု ချက်ပြုတ်ကျွေးမွေးရေးမှာ ကြီးကြပ်လိမ့်မယ်”

“ဟုတ်ကဲ့..ဆရာကြီး”

“ဒါနဲ့ နင့်ခါးက ခြောက်လုံးပြူးက ဘာလဲ”

“ရောလေးယူဆော့နေလို့ သိမ်းထားတာ..ဆရာကြီး”

“သတိထားပါ..အနှင်းရယ်...ဒါ ကလေးတွေ ဆော့စရာမဟုတ်ဘူး..သူများမြင်သွားရင်လည်း အကုန်ခက်ကုန်ပါ့မယ်.ပေးပေး..နင့်သေနတ်ကြီး”

မမြကြည်က အနှင်းထံမှ သေနတ်ကို လှမ်းယူလိုက်သည်။

.....

အလိန်သည် ပစ္စည်းတချို့တဝက်ကို ဂိုထောင်တွင် စတင်ထည့်သွင်းနေပြီဖြစ်သည့်အတွက် စက်ာပူသို့ ခေတ္တပြန်သွား၏။

စက်ာပူမှတဆင့် ဟောင်ကောင်သို့ ပြန်ထွက်ခွာကာ K14 အဖွဲ့ထံ အသေးစိတ်အစီအမံတစ်ချို့ တင်ပြပြီး ငွေထပ်မံယူခဲ့မည်ဖြစ်သည်။

ထိုကိစ္စအတွက် ချောရင်က အစီအစဉ်အသေးစိတ်ကို ပြောပြပြီး မသောင်းက အင်္ဂလိပ်ဘာသာဖြင့် ရေးသားပေးလိုက်၏။

မသောင်းသည် အင်္ဂလိပ်ခေတ် ဆယ်တန်းအောင်ဖြစ်ပြီး ဂျပန်စာရော၊ အင်္ဂလိပ်စာအရေးအသားပါ ကျွမ်းကျင်သူဖြစ်သည်။

ဂျပန်ခေတ်တွင် ဂန္ဓမာသောင်းရီနှင့်အတူ မေဂျာဆာတိုး၏ စကားပြန်လုပ်ဖူးသဖြင့် စီမံချက်အချို့ကိုပင် ရေးနိုင်ခဲ့သူဖြစ်သည်။

အလိန်မှာ ရက်နှစ်ဆယ်ခန့်ကြာမြင့်ခဲ့သည်။

ထိုအတောအတွင်း စံဘ၏ အယူခံကိစ္စအတွက ရှေ့နေများနှင့်အသေးစိတ်တိုင်ပင်ကြသည်။

စံဘကို တရားရုံးအယူခံတင်ပြီးသည်နှင့် ချောရင်မှာ ရွာသို့ တစ်ဦးတည်းပြန်သွားတော့သည်။

ထွန်းရင်က စိန်ခါးမြောင်နေအိမ်ရှိရာ ပုဇွန်တောင်သို့ ချောင်းပေါက်မတတ် ရောက်ရောက်လာတတ်သည်။

ပြုစောထီးဗိုလ်အဆောင်အယောင်များ၊ တပည့်တပန်းများနှင့် လာရောက်ဟန်ရေးပြတတ်သလို တစ်ကိုယ်တည်းလည်း လာတတ်သည်။

မနှင်းက အလိုက်အထိုက်ညှဉ့်ခံသည်။ သို့သော် ဧရာလေးကမူ ထွန်းရင်လာပြီ ဆိုသည်နှင့် လက်နက်တစ်ခုခု ယူထုတ်လာစမြဲ။

၁၉၅၆ရွေးကောက်ပွဲကျင်းပရန် တစ်နှစ်သာလိုတော့သဖြင့် နိုင်ငံရေး ခြေပုန်းခုတ်မှုများကလည်း ထင်ထင်ပေါ်ပေါ် စိမ့်ပျိုး၊ လျှို့လျှို့ဝှက်ဝှက်တစ်မျိုး ဖြစ်လာသည်။

ထူးခြားချက်မှာ သခင်နု အုပ်စုနှင့် ယခင်က အတိုက်အခံဖြစ်ခဲ့သော ဆိုရှယ်လစ် ပါတီမှ သခင်တင် အုပ်စုသည် ယခုအခါ ဦးကျော်ငြိမ်းတို့နှင့်သဘောထားကွဲလွဲ ပြီး သခင်နုနှင့် သိသိသာသာပူးပေါင်းလာကြခြင်းပင်ဖြစ်သည်။

ထိုအခြေအနေမှာ နောင်တချိန် ဖဆပလအကွဲတွင် သခင်နု၊ သခင်တင် ၏ သန့်ရှင်းဖဆပလ(နုတင်) နှင့် ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့၏ တည်မြဲဖဆပလ(ဆွေ ငြိမ်း) ဟု ဖြစ်လာမည့် အစပင်ဖြစ်သည်။

ဗမာ့တပ်မတော်အတွင်းတွင်လည်း ဂိုဏ်းအုပ်စုများ သိသိသာသာကွဲပြားလာကြ သည်။

ဗမာပြည်ကွန်မြူနစ်ပါတီနှင့် လျှို့ဝှက်အဆက်အသွယ်ရှိသော ဗိုလ်မှူးချုပ်ကျော် ဇောအုပ်စု၊ ကွန်မြူနစ်များ တောခိုသွားပြီးနောက် ဗမာတပ်မတော်အတွင်းတန်ခိုး ထွားလာသည့် ဗိုလ်မှူးချုပ်အောင်ကြီး၊ ဗိုလ်မှူးကြီးမောင်မောင်တို့၏ ဆိုရှယ်လစ် အုပ်စု၊ ကွန်မြူနစ်လည်းမကြိုက်၊ ဆိုရှယ်လစ်နောက်ကိုလည်းမလိုက်ပဲ စစ်သား အလုပ်စစ်သားလုပ်နေကြသည့် အုပ်စုဟု သုံးစုရှိနေသည်။

ဆိုရှယ်လစ်တပ်မှူးအများစုမှာ စစ်ရုံးချုပ်ကို အုပ်စီးထားကြပြီး ဗိုလ်ချုပ်နေ ဝင်း၏ အနီးဆုံးနေရာတွင် ရှိနေကြသည်။

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်း ကား ဖဆပလအတွင်းနိုင်ငံရေး အကွဲအပြဲတွင် အသာစီးမည်သူရမည်ကို စောင့်ရင်း နှစ်ဖက်ခွချက်ထား၏။

တပ်တွင်း စစ်ဗိုလ်များအခြေအနေကိုလည်း ဖာသိဖာသာနေကာ စောင့်ကြည့် နေသည်။

ပြူစောထီးလက်စောင်းထက်နေချိန်ကာလများဖြစ်သဖြင့် ဂန္ဓမာသောင်းရီတို့မှာ အင်အားတောင့်တင်းနေသည်။

မဂျစ်ခန်းနှင့် နာဂျစ်အာရုတ်ကား ခြေရာပျောက်နေခဲ့သဖြင့် အခြေအနေမှာ ငြိမ် သက်နေ၏။

ထိုလေပြည်းသည့်နေ့ရက်များတွင် သောင်းဘား သည် ပုံမှန်ပြန်ဖြစ်လာခဲ့ပေ ပြီ။

ဂန္ဓမာသောင်းရီ နှင့် မသောင်းတို့၏ ဘဝတွင် အအေးချမ်းဆုံးကာလများဟုပင် ဆိုရမည်ဖြစ်၏။

တချိန်တည်းတွင်ပင် သူတို့ဘဝထဲရောက်လာမည့်မုန်တိုင်းတစ်ခုကို ခုနှစ်မိုင်ရှိ ခြံတစ်ခြံထဲတွင် အစပျိုးနေပေပြီ။

ထိုမုန်တိုင်းအတွက် စတင် အတောင်ပံခတ်မည့် လိပ်ပြာကား..။

.....

စိန်ခါးမြောင်ဂိုဏ်းသည် ခြောက်လတကြိမ်အစည်းအဝေး လုပ်လေ့ရှိသည်။

တစ်ခါတစ်ရံ ဆေးဆရာများစည်းဝေးဟန်ဖြင့် ပုဇွန်တောင်တွင်လုပ်တတ်ပြီး တခါတရံတွင် ခုနှစ်မိုင်ရှိ အဂ်ိရိတ်ခြံတွင် လုပ်တတ်ကြသည်။

ထိုအစည်းအဝေးတွင် မြန်မာပြည်အထက်အောက်တလွှားရှိ စိန်ခါးမြောင့် ဩဇာခံများက ခြောက်လစာ ခါးပြတိုက်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး အခြေအနေများ၊ တိုက်မည့်အစီအစဉ်၊ နေရာများကို အသေးစိတ်ရေးဆွဲပြီး စိန်ခါးမြောင်က အတည်ပြုပေးသည်။

ထို့ပြင် နယ်တွင် ထုခွဲမရသည့် တိုက်ရာပါရွှေငွေများကို ယူလာကြရသည်။

အဂ်ိရိတ်ခြံတွင် စိန်ခါးမြောင်က ထိုရွှေများကို အဂ်ိရိတ်ထိုးသည်ဆိုကာ စနစ်တကျတည်ဆောက်ထားသော အဂ်ိရိတ်ရုံကြီးတွင် အရည်ကြိုကြသည်။

ကြိုပြီးသော ထိုရွှေသန့်များကို ရွှေမှောင်ခိုကုန်သည်ကြီး မူလာဒါဝတ်နှင့် ရောင်ဝယ်ကြသည်။

ယခုခြောက်လပတ်အစည်းအဝေးကို တစ်လစောကျင်းပသည်မှာ ဂန္ဓမာသောင်းရီတို့နှင့် အပေးအယူလုပ်မည့် ဒေါ်လာငါးသောင်းကိစ္စအတွက် အထူးခေါ်ယူလိုက်ခြင်းပင်။

ထိုအစည်းအဝေး၏ ပထမဆုံးနေ့တွင် စိန်ခါးမြောင် ထံသို့ လာရောက်မည့် ဧည့်သည်များလည်းရှိနေသည်။

နောက်ရက်များတွင် စိန်ခါးမြောင်ဂိုဏ်းအတွက် အရေးအကြီးဆုံး ဆုံးဖြတ်ချက်များအတွက် သစ္စာရှိလူယုံများကို သာ ရွေးချယ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီလ ၂၀ ရက်။ ညနေ ၆ နာရီ။

ထိုစဉ်က ရန်ကုန်၏ ဖေဖော်ဝါရီသည် ညနေခင်းပင် မြူများဆိုင်းသေး၏။

အင်းယားကန်အကျော်ရှိ ခုနှစ်မိုင်သည် ရွာတန်းရှည်ကလေးများ စုစည်းရာသာဖြစ်သည်။

စိန်ခါးမြောင်၏ အဂိုရိတ်ခြံပတ်လည်တွင် သစ်ပင်အုပ်များ၊ ရေကန်များနှင့် ငှက်သံ၊ ဝမ်းဘဲသံများ တစ်ချက်တစ်ချက် ကြားရသဖြင့် သာယာလှသည်။
ထိုခြံသည် မြန်မာတပြည်လုံးရှိ နာမည်ကျော်ခါးပြတိုက်မှုအများစု အစပြုရာ၊ တိုက်ရာပါရွှေများကို အရည်ကြိုပေးရာ ဌာနချုပ်ကြီး ဖြစ်သည်ကိုတော့ မည်သူမျှ မသိခဲ့ကြ။
ခြံထဲသို့ ကားတစ်စီး ဝင်လာသည်။
စိန်ခါးမြောင်က သူနေထိုင်သည့် သစ်သားအိမ်ကလေးရှေ့မှ ထွက်လာပြီး ကြိုနေ၏။
ကားပေါ်မှ သခင်သိန်းနှင့်အတူ လူနှစ်ယောက်ဆင်းလာသည်။
စိန်ခါးမြောင်က အိမ်ပေါ်တွင် ပြင်ဆင်ထားသော စားသောက်ဝိုင်းထံ ဖိတ်ခေါ်လိုက်သည်။
စားပွဲဝိုင်းတွင် သူတို့ လေးယောက်သာရှိ၏။
“မြကြည်ရေ..အပြင်က တံခါးကိုပိတ်ခဲ့ကွယ်..ကောင်လေးတွေကို ခြံဝမှာသေချာစောင့်ခိုင်းထားနော်..လူစိမ်းမဝင်စေနဲ့”
စိန်ခါးမြောင်က အကောင်းစားဝိစကီကိုခွက်လေးခွက်နဲ့ ငှဲ့ထည့်ပေးလိုက်၏။
“ကဲ..ဗိုလ်မှူးကြီးတို့.ဒါ ကျွန်တော်ပြောတဲ့ သူပဲ”
ဗိုလ်မှူးကြီးတို့ဟု ဆိုသူများက စိန်ဓားမြောင်ကို အကဲခတ်လိုက်သည်။
“ဒီလိုကျတော့လည်း ဂေါပကလူကြီးလိုလို ပါလား..ဗျ”
ဗိုလ်မှူးကြီးဆိုသူ တစ်ယောက်က စိန်ခါးမြောင်ကို ကြည့်ကာ ခပ်ပြုံးပြုံးဆိုသည်။
“ကဲ.ဒါကတော့ကျုပ်တို့ ဆို့ရှယ်လစ်ပါတီကို ထောက်ခံတဲ့ လက်ရှိစစ်ရုံးချုပ်က ဗိုလ်မှူးကြီးတွေပဲ.သူတို့ကို ခင်ဗျားပြောသလောက် အကြမ်းဖျဉ်းပြောပြထားပြီးပြီ... ခင်ဗျားက လူချင်းတွေ့မှ သေချာရှင်းပြမယ်ဆိုတော့ ပြောပေရော့ဗျာ”
သခင်သိန်းက ဆိုသည်။
စိန်ခါးမြောင်က ဖန်ခွက်ထဲမှ အရက်ကို တငုံမော့လိုက်၏။
“တရုတ်ဖြူတွေရဲ့ မိုင်းဆတ်လေယာဉ်ကွင်းက ၁၉၅၃ ကတည်းက ပြီးနေတာဆိုခင်ဗျ”
ဗိုလ်မှူးကြီး နှစ်ဦးက ခေါင်းညိမ့်ပြသည်။
“ဒါဆို ကျွန်တော့်ကို ဂန္ဓမာသောင်းရီတို့ ပြောတာက ဒီသံတိုသံစတွေကို မိုင်းဆတ်လေယာဉ်ကွင်းအတွက်တဲ့ဗျ.. အဲ့ဒါမဖြစ်နိုင်ဘူးလို့ ကျွန်တော်ထင်တယ်”

“ဟုတ်တယ်..ခင်ဗျားပြောတာမှန်တယ်..စိန်..အဲ”
“ကိုညွန့်လို့ပဲ ခေါ်ပေးပါ..ရပါတယ်”
စိန်ခါးမြောင်က သခင်သိန်းနှင့် သူစတွေ့စ နာမည်ကိုပင် ဗိုလ်မှူးကြီးများအား ပြောလိုက်သည်။
“အင်း..ကိုညွန့်...ကျွန်တော်တို့ သိချင်တာကလည်း အဲ့ဒါက ဘာပစ္စည်းတွေလဲဆိုတာပဲ”
“သူတို့ဘက်ကလည်း ကျွန်တော့်ကို အဲ့ဒါပေးမသိဘူး..အဲ့ဒီပစ္စည်းတွေ ဘယ်မှားထားတယ်..သူတို့ကို ဆက်သွယ်အလုပ်ပေးတဲ့ တရုတ်ဖြူစုပိုင်က ဘယ်သူလဲဆိုတာတောင် ပေးမသိဘူး..ကျွန်တော့်အလုပ်က ပခုက္ကူဘက်ကနေ နောင်ချိုကို မန္တလေးကို ဝိုက်ပြီး ရောက်အောင်သယ်ပေးဖို့ပဲတဲ့”
“အဲ့ဒါကို ဒေါ်လာငါးသောင်းတောင် ပေးတယ်ပေါ့”
အသားဖြူဖြူ၊ ကျွဲကော်ကိုင်းမျက္ခနှင့် ဗိုလ်မှူးကြီးတစ်ဦးက မေးလိုက်သည်။
“ဟုတ်တယ်”
“ဒေါ်လာတစ်သိန်းဆို ဂျက်လေယာဉ်တစ်စင်းတောင်ရနေပြီ..သံတိုသံစပုံလေးသယ်ပေးရုံနဲ့ ပေးစရာလား”
“ကျွန်တော်လည်း ဒါကြောင့် ဗိုလ်မှူးကြီးတို့နဲ့ တွေ့ပေးဖို့ သခင်သိန်းကို ပြောရတာပါ...ကျွန်တော့်မှာ အကြီရှိပါတယ်”
“သခင်သိန်းက တော့ ခင်ဗျားဟာ အင်မတန်ကြံရည်ဖန်ရည်ကောင်းတယ်လို့ပြောတယ်..ကျုပ်တို့လည်း ခင်ဗျားသတင်းကို အထိုက်အလျောက်ကြားပါတယ်..လုပ်ပါဦး”
“သူတို့ ပစ္စည်းတွေအားလုံးစုပြီး ပို့မယ်ဆိုတဲ့ အချိန်အထိ ကျွန်တော်တို့စောင့်မယ်။ သူတို့ပစ္စည်းပို့ခိုင်းတဲ့အခါကျရင်လည်း ကျွန်တော်က ပခုက္ကူကနေ စောင့်ပြီး ကျွန်တော့်လူတွေနဲ့ သယ်ပေးမယ်။ အဲ့ဒီအခါ သူတို့စပိုင်လုပ်တဲ့လူက သေချာပေါက်ပါလာမှာပဲ.....စပိုင်မပါရင်တောင် ဂန္ဓမာလူတွေပါလာမှာ...အဲ့ဒီကျခင်ဗျားစစ်တပ်က ကျုပ်လူတွေအသွင်ယူထား ကားတွေကို လက်လွှဲယူလိုက်ရုံပဲ..ပြီးတာနဲ့ ဂန္ဓမာ့လူတွေကို အသာဖမ်းလိုက်ရုံပဲ..ပြီးရင် ဂန္ဓမာသောင်းရှိ နဲ့ ပျူစောထီးဗိုလ်ထွန်းရင်ဆိုတာ သခင်နုလူတွေဖြစ်ကြောင်း၊ အမေရိကန်နဲ့ပင်းပြီးတရုတ်ဖြူအတွက် ထောက်ပံ့မယ့်ပစ္စည်းတွေကိုခိုးသယ်ယူလာတာကို တပ်မတော်က ဖမ်းမိလိုက်ကြောင်း၊ ဒီတော့ သခင်နုအုပ်စု နောက်ကွယ်က မွေးထားတဲ့လူတွေဟာ တိုင်းပြည်ကို သစ္စာဖောက်ပြီး တရုတ်ဖြူစုပိုင်၊ အမေရိကန်လူတွေဖြစ်ကြောင်း ချပြလိုက်၊ သခင်နုအစိုးရကို မြန်မာ့နိုင်ငံရေးထဲက အပြီးထွက်သွားအောင်လုပ်လိုက်လို့ရပြီမဟုတ်လား”

သခင်သိန်းရော..ဗိုလ်မှူးကြီးဆိုသူနှစ်ဦးပါ စိန်ခါးမြှောင်ကို တအံ့တသြကြည့်လိုက်ကြသည်။
“အင်း..ကျုပ်တို့နိုင်ငံကံကောင်းတယ်ဗျ...ခင်ဗျား နိုင်ငံရေးသမားမဖြစ်လာလို့”
အရပ်ပုပု၊ အသားဖြူဖြူ ဖြင့် ဗိုလ်မှူးကြီးဆိုသူက စိန်ခါးမြှောင်ကို ကြည့်ကာ ပြောလိုက်သည်။
……..
…….
……..

အခန်း(၃၁)

၁၉၅၅ ဧပြီလ။

နိုင်ငံတော်သမ္မတ ဒေါက်တာဘဦး က မြန်မာနိုင်ငံတဝန်းလုံး ဒုတိယအကြိမ် မြောက် ပါလီမန်အထွေထွေရွေးကောက်ပွဲကို ၁၉၅၆ ဧပြီ ၂ ရက်နေ့တွင်ကျင်းပရန် အမိန့်ပြန်တမ်းကို ထုတ်ပြန်ခဲ့သည်။

ဖဆပလနှင့် အတိုက်အခံပါတီတို့အကြား မဲရရရေးကြိုးပမ်းမှုများမှာ တရားဝင်တစ်မျိုး၊ တရားမဝင်တမျိုး အပြိုင်အဆိုင်ဖြစ်လာကြသည်။

အာဏာရဖဆပအဖွဲ့ချုပ်သည် တစ်ပြည်လုံးရှိ ပါတီခွဲများအား ဗဟိုချုပ်ကိုင်မှုအားနည်းသဖြင့် ဖဆပလအဖွဲ့ဝင် တို့သည် သက်ဆိုင်ရာဒေသအလိုက် တစ်ဗိုလ်တစ်မင်းကြီးစိုးခြင်း၊ အာဏာအလွဲသုံးစားလုပ်ခြင်းများ ဖြစ်ပေါ်လာကြသည်။

အတိုက်အခံများထဲ အင်အားအကြီးဆုံးဖြစ်သည့် ပမည်တအဖွဲ့သည်လည်း တောတွင်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ အချို့ဒေသများတွင် မဲရရှိရေးအတွက် နည်းမျိုးစုံကြိုးပမ်းလာသည်။

ထိုသို့နိုင်ငံရေးသမားများအားပြိုင်နေချိန်တွင် စစ်တပ်ကလည်း နိုင်ငံရပ်ခြားသို့ ပညာတော်သင်များစေလွှတ်နေသည်။

ဗိုလ်မှူးကြီးမောင်မောင်၊ ဗိုလ်မှူးကြီးလွင် (နှုတ်ခမ်းမွေး) တို့ဦးဆောင်ကာ တပ်မတော်ထောက်လှမ်းရေး ကို ဖွဲ့စည်းပြီး ထောက်လှမ်းရေးကွန်ယက်ဖြင့် အာဏာတည်ဆောက်ရန် စနစ်တကျကြိုးပမ်းလာနေသည်။

ဖဆပလ၏ ကိုယ်ပိုင်တပ်ဖွဲ့အဖြစ်ရှိနေသော ပျူစောထီးအဖွဲ့သည်လည်း မြန်မာပြည်အနှံ့ လှုပ်ရှားလာသည်။

ဂန္ဓမာသောင်းရိမှာ ပျူစောထီးအဖွဲ့အတွင်းမှ သခင်နုဘက်တော်သားများကို လူစုခြင်း၊ စည်းရုံးခြင်းနှင့် ဆိုရှယ်လစ်လူမျိုးအန္တရာယ်မှ ကာကွယ်ခြင်းများလုပ်ရသကဲ့သို့ ဖဆပလအမတ်များ မဲဆွယ်ခရီးတွင် လုံခြုံရေးလိုက်ပါရန်အတွက် ထွန်းရင်က ဦးဆောင်ရသည်။

၁၉၅၆ ရွေးကောက်ပွဲတွင် ဖဆပလအနိုင်ရရေးအတွက် ဂန္ဓမာသောင်းရိရော၊ ထွန်းရင်ပါ ခရီးများ တဆက်တည်း ထွက်နေရသည်။

ထိုအချိန်တွင် ချောရင် ပြန်လည်ရောက်ရှိလာခဲ့သည်။

ချောရင် မှာ ရွာမှပြန်ရောက်ပြီးနောက် ပိုမိုတည်ငြိမ်လာဟန်ရှိခဲ့သည်။

စံဘအမှုကိစ္စများကို တစ်ကိုယ်တည်း လိုက်ပါဆောင်ရွက်သည်။

မသောင်းကား သောင်းဘားတွင် နောက်ထပ် အလုပ်သမလေးများငှားကာ ဦးစီးလျက်ရှိသဖြင့် တစ်ခါတစ်ရံ ဗိုလ်မောင်မောင် က အဖော်အဖြစ် လိုက်ပါပေးသည်။

စိန်ခါးမြောင် သည် ဆိုရှယ်လစ်ဗိုလ်မှူးကြီးများနှင့် တွေ့ဆုံပြီးသည့်အခါ ဆိုရှယ်လစ်များမှသူ့အား မူလပေးထားသည့် တာဝန်ကို လျော့ပေါ့ပေးလိုက်ပြီး တရုတ်ဖြူစပိုင်ကိစ္စအတွက် အရေးစိုက်ရန် ဖြစ်လာခဲ့သည်။

ဂန္ဓမာသောင်းရီတို့နှင့် အဓိကဆက်သွယ်နေသည့် တရုတ်ဖြူစပိုင်သည် မည်သူဖြစ်သည်ကို စိန်ခါးမြောင်၏ အဖွဲ့များက ခြေရာခံကြသည်။

သို့သော် ဂန္ဓမာသောင်းရီမှ ပျူစောထီးအဖွဲ့နှင့်အတူ ခရီးဆက်တိုက်ထွက်နေသဖြင့် မည်သည့်အချိန်တွင် တရုတ်ဖြူစပိုင်နှင့်တွေ့ဆုံသည်ကို မလိုက်နိုင်သည့် အခြေအနေဖြစ်နေ၏။

အလိန် သည် လည်း သူ၏ လုပ်ငန်းကို ပိပိရိရိနှင့် ပုံမှန်လှုပ်ရှားလျက်ပြီး ဂန္ဓမာသောင်းရီတို့နှင့်လည်း သောင်းဘားတွင် တွေ့ဆုံလေ့မရှိပ ပျူစောထီးအဖွဲ့ရှိုးချုပ်နှင့် နယ်များတွင်သာလာရောက်တွေ့ဆုံလေ့ရှိသည်။

ဒုတိယအကြိမ် စက််ပူမှ ပြန်လာပြီးနောက် ဂန္ဓမာသောင်းရီတို့အား နောက်ထပ် ဒေါ်လာတစ်သောင်း ထပ်မံပေးအပ်ခဲ့သည်။

.....

၁၉၅၅ ဇွန်လ ၂၇ ရက်၊ ပထမဝါဆိုလဆန်း ၈ ရက်နေ့။ နေ့လည်(၁)နာရီ။

ကောင်းကင်တစ်ခွင် အမှုန်မောင်က မရွာဘဲနှင့် ညို့မဲကာနေသည်။

ပုဇွန်တောင် ညောင်တန်းလမ်းရှိ စိန်ခါးမြောင်၏ အိမ်ရှေ့သို့ ဂျစ်ကားတစ်စီး ထိုးဆိုက်လာသည်။

ကားနောက်ခန်းမှ ရိုင်ဖယ်သေနတ်လွယ်ထားသည့် လူသုံးဦးဆင်းလာသည်။

“မင်းတို့ ဒီကပဲစောင့်”

ကားရှေ့ခန်းမှ ဆင်းလာသူက အမိန့်ပေးလိုက်သည်။

သူက ပုခုံးတစ်ဖက်တွင် စတင်းဂန်းတစ်လက်ကို လွယ်လျက်။

လက်တစ်ဖက်တွင်သော စိမ်းမြသောဖက်ရွက်ကလေးဖြင့် လိပ်ထားသည့် သစ်ခွအခက်ကလေး သုံးခက်။

ထွန်းရင်။ ပျူစောထီးဗိုလ်ထွန်းရင်။

အိမ်ထဲသို့ သူလှမ်းဝင်လိုက်သည်။

ချစ်ရပါသောအနုင်း။

ရေချိုးဆိပ်တွင် ကျောပေးကာ မတ်တပ်ရပ်လျက်။
အနက်ရောင်ထမီစကိုပေါင်နှစ်ချောင်းကြားညှပ်ထားသဖြင့် ပေါ်လွင်နေသော အနှင်း၏ ပြိုးပျက်သောခြေသလုံးဝင်းဝင်းလေးသည် မိုးသားမှောင်မှောင်ထဲ လက်နေသည့် လျှပ်စီးကြောင်းလေးများသဖွယ်။
“မနှင်း”
အနှင်းက ထွန်းရင်ကို လှည့်ကြည့်လိုက်သည်။
အနှင်းရှေ့တွင် ငုတ်တုပ်ထိုင်လျက် ခေါင်းငုံ့ပေးထားသော သူတစ်ဦးကို ထွန်းရင် တွေ့လိုက်ရသည်။
ထိုသူ၏ ခေါင်းပေါ်တွင် အနှင်း၏ ညာဘက်လက်။ ဘယ်ဘက်လက်က ရေခွက်ကိုကိုင်ထား၏။
“ဩော်..ကိုထွန်းရင်...ဘယ်ကလှည့်လာတာလဲ”
အနှင်းက ထိုသို့ပြောပြီး တဖက်ပြန်လှည့်သွားသည်။
“မေမြို့ဘက်မှာ သုံးရက်လောက်ကြာသွားတယ်..အဲ့ဒါအနှင်းအတွက် သစ်ခွတွေ ယူလာပေးတာ”
“ဩော်.အတော်ပဲ..ကိုထွန်းရင်ရယ်..ကျေးဇူးတင်လိုက်တာ..မနက်ဖြန် ကျွန်မ တို့ မင်္ဂလာဆွမ်းကပ်ကြမလို့...ကိုထွန်းရင်ရဲ့သစ်ခွလေးပန်ရမယ်..ပေးပေး..ရေစိမ်ထားရအောင်”
အနှင်းက ထွန်းရင်၏ လက်ထဲမှ သစ်ခွပန်းကို လှမ်းယူရန် ပြင်လိုက်သည်။
သို့သော် ထွန်းရင်က နောက်သို့ တစ်လှမ်းဆုတ်သွား၏။
“ဘာ..ခုန ဘာပြောတာလဲ..မနှင်း”
“ဩော်..ကိုထွန်းရင်ရယ်..ဒီမှာလေ..ခါလေး ဒီမနက်ပဲ လွတ်တယ်...အခုတောင် သူ့ကို တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်ပေးနေတာ....ဝါကလည်းဝင်တော့မှာဆိုတော့ သူနဲ့ ကျွန်မ မနက်ဖြန်ပဲ ဘုန်းကြီးဆွမ်းလေးကပ်ပြီး ယူကြတော့မလို့...ရှင့်ကိုလည်း ဖိတ်ပါတယ်နော်”
အနှင်းက ထွန်းရင်လက်ထဲမှ သစ်ခွကို လှမ်းယူသည်။ထို့နောက် သစ်ခွပန်းများကို စဉ့်အိုးထဲ သွားစိမ်လိုက်သည်။
“ကိုထွန်းရင်..မနက်ဖန်လာရမယ်နော်..စံဘကြီးကတော့ အထဲမှာ ကျန်ခဲ့တယ် ဗျာ”
ခါလေးက ခေါင်းလျှော်ပေးနေသဖြင့် ခေါင်းငုံ့လျက် လှမ်းပြောသည်။
ထွန်းရင် က စတင်းဂန်းသေနတ်ပေါ်လက်ရောက်သွားသည်။

ထို့နောက် သေနတ်ကို နောက်ပို့လိုက်ပြီး အနီးရှိ ရေပုံးကို လက်တစ်ဖက်ဖြင့် ယူကာ ခါလေး၏ ခေါင်းပေါ်သို့ လောင်းချလိုက်သည်။

“ဗွမ်း”

“ဖလူး..ဖလူး”

ထို့နောက် ချက်ချင်းနောက်သို့ ပြန်လှည့်ထွက်သွား၏။

ခါလေးမှာ ရေမွန်းလျက်ကျန်ရစ်သည်။

အနှင်းက ထွန်းရင်ကို တအံတသြဖြင့် ကြည့်ကာ ကျန်ရစ်တော့သည်။

.....

“ခါလေး..စံဘဆီက မင်း ဘာသတင်းတွေများနှိုက်လို့ရသေးလဲ”

“သူနဲ့ကျွန်တော်က ထောင်ထဲအတူတူဝင်ကြတာဆိုတော့ တခြားဘာမှ မရပါဘူး..ဒါပေမယ့် စံဘပြောတာ တစ်ခုရှိတယ်”

“ဘာများလဲ”

“ချောရင်က သူသေဒဏ်ကျပြီးနောက်ပိုင်း အရင်လိုမဟုတ်တော့ဘူးတဲ့..စကားလည်းသိပ်မပြောဘူး..ပြီးတော့ ထောင်ဝင်စာလာရင်လည်း တစ်ယောက်တည်းလာတယ်...ဂန္ဓမာသောင်းရိတို့ အကြောင်းလည်း သိပ်မပြောဘူးတဲ့. မေးရင်လည်း အဆင်ပြေပါတယ်ပဲပြောတယ်တဲ့..သူ့အကိုထွန်းရင်အကြောင်းတောင် မပြောဘူးတဲ့”

“သူတို့ကြားမှာ ကိုစံဘကိစ္စအတွက် ပြဿနာတစ်ခုခုရှိနေပြီဖြစ်မယ်...သေချာတာတော့ ချောရင်မရှိပဲ..ဟိုအလုပ်ကိစ္စ ဘာမှ ဖြစ်မလာဘူးထင်တယ်ဆရာကြီး”

အနှင်းက ဝင်ပြောသည်။

စိန်ခါးမြောင်က ဖွာလက်စ နဂါးဆေးပေါ့လိပ်ကို မီးသတ်လိုက်သည်။

“အင်း..ဂန္ဓမာသောင်းရိကိုလည်း လျော့တော့တွက်ထားလို့မဖြစ်ဘူး... အခုဆို ပျူစောထီးတွေနဲ့အတူ ပါဝါက ကြီးလာနေပြီ..ဒါပေမယ့် ငါ့ အစီအစဉ်ပြီးရင်တော့ ဒီလူလည်း သေဒဏ်ကျမှာပါပဲ...သခင်သိန်းတို့က ငါတို့ကိုလည်း ဒီတိုင်းတော့ ထားမှာမဟုတ်ဘူး.တနည်းနည်းနဲ့ ရှင်းဖို့အစီအစဉ်ရှိမှာပဲ..ဘယ်သူကိုမှ ငါမယုံဘူးကွ....ငါကြံစည်ထားတာတစ်ခုရှိတယ်..အခု မင်းနဲ့ အနှင်းနဲ့ လက်ထပ်ဖို့ အစီအစဉ်ကို ခဏချွေထားပါလား”

“ဟင်..ဘာဖြစ်လို့လဲ..ဆရာကြီး”

“နေ့လည်က ထွန်းရင်လာတယ်..မဟုတ်လား”

“ဟုတ်ကဲ့”

“မင်းတို့လည်း အကဲခတ်မိမှာပါ..ဒီကောင်ကြီး အနှင်းကို ကြိုက်နေတာ”
“ဟုတ်..ကျွန်မသိပါတယ်”
“အေးလေ..နင်အသိဆုံးပဲနေမှာပေါ့”
စိန်ခါးမြောင်စကားကြောင့် ခါလေးက အနှင်းကို ကြည့်လိုက်သည်။
“အနှင်းကို မကြည့်နဲ့..ခါလေး....အနှင်းသာ အဲ့ဒီကောင်ကို စိတ်ပါရင်...မင်းတောင် ထောင်ကမထွက်သေးဘူး..ယူပြီးလောက်ပြီ..ဟိုက ချောင်းပေါက်မတတ်ငါ့အိမ်ကို လာနေတာ”
“ဟုတ်ကဲ့ပါ..ဆရာကြီး”
“ဂန္ဓမာသောင်းရီကို တရုတ်ဖြူစပို့ငင်ကိစ္စနဲ့ ဖမ်းမိပြီဆိုတာနဲ့...သခင်သိန်းတို့အကွက်ဆိုက်ပြီပဲ...သူတို့အတွက်တော့ သခင်နုကိုရော ဂန္ဓမာကိုပါ အပြုတ်ဖြုတ်ပြီးသားဖြစ်သွားမယ်...အဲ့ဒီကျ ဒီကိစ္စတွေသိနေတဲ့ ငါ့ကို လည်း စစ်တပ်ကို သုံးပြီး တနည်းနည်းနဲ့ရှင်းမှာပဲ...အနည်းဆုံးတော့ မရရအောင်ဖမ်းပြီး ထောင်ထဲပြန်ထည့်ထားလိမ့်မယ်.ဒီတော့ ပစ္စည်းတွေသာရပြီး ဂန္ဓမာကို လွတ်သွားအောင် တစ်ဖက်လှည့်နဲ့ ငါတို့ လုပ်ရမယ်...ဂန္ဓမာဝရမ်းပြေးဖြစ်နေသမျှ ဂန္ဓမာဟာ ဦးနုလူပါဆိုတဲ့ သက်သေကို ဆိုရှယ်လစ်တွေရမှာမဟုတ်ဘူး..သူတို့ ဂန္ဓမာဖမ်းမိရေးပဲ အသည်းအသန်လုပ်နေရလိမ့်မယ်.အဲ့ဒီအခါကျ..ဂန္ဓမာဘယ်မှာလဲဆိုတဲ့ အချက်ကို ငါက သိထားဖို့လိုတယ်..ဒီတော့ သူတို့ ငါ့ကို မဖြစ်မနေလိုအပ်နေဦးမှာပဲ...သူတို့ငါ့ကိုလိုအပ်နေသမျှ ငါ့အတွက် ဘေးကင်းနေမှာပဲ..အဲ့ဒီအတောအတွင်း ဆိုရှယ်လစ်တွေဟာ ဒီပစ္စည်းတွေကို အစိုးရသိအောင် ဖော်ထုတ်ဦးမယ်မထင်ဘူး..အဲ့ဒီကျမှ တခါ သခင်နုအုပ်စုနဲ့ ငါပြန်ချိတ်ဆက်ပြီး ဆိုရှယ်လစ်တွေကို သူတို့အကွက်နဲ့သူတို့ ချောက်ထဲပြုတ်ကျအောင်လုပ်ဖို့ ငါစဉ်းစားထားတယ်..ဆိုရှယ်လစ်လူညစ်တွေထက်စာရင် သခင်နုတို့နဲ့က အလုပ်လုပ်ရတာ ပိုကောင်းလိမ့်မယ်၊ ပြီးတော့ ဂန္ဓမာသောင်းရီ ဘယ်မှာပုန်းနေတယ် ဆိုတာ ငါသိထားရင် သခင်နုအုပ်စုကို နှိုင်ကွက်ပဲမဟုတ်လားလို့ ....ဒီတော့ ဂန္ဓမာသောင်းရီတို့ကို သူတို့ဖမ်းမမိအောင် လမ်းကြောင်းလွှဲဖို့အဓိကပဲ..အဲ့ဒီအတွက် ထွန်းရင်ကို အနှင်းက ချုပ်ကိုင်ထားဖို့လိုလိမ့်မယ်”
“ကျွန်မ ဘာလုပ်ပေးရမလဲ..ဆရာကြီး”
“အနှင်းက ထွန်းရင်ဆီ ပြန်သွားရမယ်....ခါလေးကို ငါက ပေးစားလို့ မယူချင်ပဲ ယူရတာပါလို့ပြော..အခု ခါလေးကို မချစ်နှိုင်မှန်းသေချာလို့ ငြင်းလိုက်ပြီ..စိန်ခါးမြောင်က ခါလေးဆရာရင်းဆိုတော့ သူတို့တစ်ခုခုလုပ်ရင် ကိုထွန်းရင်က ကူညီပေးပါလို့ပြောပြီး..သူတို့လူဖြစ်အောင်လုပ်...ပြီးရင် ရသလောက်သတင်းတွေနှိုက်ထား... ပြီးတော့ ညည်းပေးတဲ့အကြံအစည်တွေ ထွန်းရင်နားထဲ ရောက်ဖို့လည်းလိုတယ်....နောက်ဆုံး ဂန္ဓမာနဲ့အတူ ထွန်းရင်တို့ ပုန်းနေခဲ့ရင်တောင် ထွန်း

ရင်ဟာ အနှင်းကို သူဘယ်မှာဆိုတာ အမြဲဆက်သွယ်နေရမယ်....ယောကျ်ားတစ်ယောက်ရဲ့ အပျော်ညံ့ဆုံးအချိန်က သူချစ်တဲ့မိန်းမနဲ့ပတ်သက်လာတဲ့အခါပဲ...သဘောပေါက်လား..အနှင်း"

"သဘောပေါက်တယ်..ဆရာကြီး"

"ခါလေး..မင်းလည်း ပူမနေနဲ့..ဝါမဝင်ခွင် မင်းနဲ့အနှင်းကို တရားရုံးမှာ တိတ်တိတ်လေးငါလက်ထပ်ပေးထားမယ်.. လောလောဆယ် ဒီစောက်အာဏာလုပွဲထဲ ငါတို့အားလုံးမသေဖို့ပဲအရေးကြီးတယ်..ခါလေးက အနှင်းနဲ့ လက်ထပ်ပြီးတာနဲ့ လူမြင်ကွင်းကနေ အသာလေးဖျောက်ထား...ပခုက္ကူဘက်တက်တယ်ပဲ သတင်းလွှင့်ထား...မင်းတို့ နှစ်ယောက်နေဖို့ကိုလည်း အဂိုရိတ်ခြံထဲမှာ ငါအိမ်တစ်လုံးဆောက်ပေးထားမယ်..ဟုတ်ပြီလား"

နောက်တစ်နေ့။

အနှင်း သောင်းဘား သို့ ရောက်လာသည်။

မသောင်းက မေးငေါ့ပြသဖြင့် ထွန်းရင်ရှိရာ အပေါ်ထပ်အခန်းသို့ အနှင်းတက်သွားသည်။

ရေဒီယိုကို အကျယ်ကြီးဖွင့်ထားပြီး ရိုင်ဖယ်သေနတ်ကြီးတစ်လက်ကို ဖက်ကာ ထွန်းရင်က ခွေခွေကလေး။

"ကိုထွန်းရင်"

ထွန်းရင်မကြား။

"ကိုထွန်းရင်..ဒီသေနတ်ကြီးက အန္တရာယ်များလိုက်တာရှင်..ဖယ်ထားပါဦး"

အနှင်းက ထွန်းရင် ပေါင်ကြားမှ ထွက်နေသော ရိုင်ဖယ်သေနတ်ဒင်ကို ဆွဲထုတ်လိုက်မှ ထွန်းရင် သတိဝင်လာသည်။

ပြေလျော့သွားသော ပုဆိုးကို ကမန်းကတန်းပြင်ဝင်လိုက်ပြီး သေချာကြည့်လိုက်၏။

"ဟာ..မနှင်း"

"ဟုတ်တယ်..ကျွန်မ လက္ခဏာဖြစ်တော့ဘူး..ကိုထွန်းရင်"

.....

၁၉၅၆ ခုနှစ်ရွေးကောက်ပွဲကြီးစတင်ပြိုဖြစ်သည်။

နိုင်ငံရေးပါတီပေါင်း (၃၀)ခန့်ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဓိကပြိုင်ဘက်ပါတီနှစ်ခုမှာ ဖဆပလအဖွဲ့ချုပ်နှင့် ပမညတတို့ဖြစ်၏။

မဲပေးသည့်နေ့တွင် ဆိုက်ကားဂိတ်၊ မြေင်လှည်းဂိတ်များတွင် ဖဆပလ၏ အလံနီနှင့် ပမည၏ အလံပြာ ကို အပြိုင်အဆိုင်ထိုးကြသည်။

တချို့မြင်းလှည်းများတွင် မြင်းက ပါးချိတ်ကြိုးတွင် အနီရောင်အလံဖြစ်နေပြီး လှည်းတွင် အလံပြာဖြစ်နေသည်။

အိမ်ထဲတွင်လဲနေသော နာတာရှည်ရောဂါသည်များ၊ သက်ကြီးရွယ်အိုများ၊ မျက်မမြင်များ ကို ပါတီဝင်များက အလုအယက်လာရောက်တွဲခေါ်ကာ မဲရုံဆီ ပို့ကြသည်။

မဲရုံအနီးတဝိုက်တွင် သက်ဆိုင်ရာအမတ်လောင်းများက မဏ္ဍပ်များထိုးကာ အအေးတိုက်ခြင်း၊ ထမင်းထုတ်ဝေခြင်းများ ပြုလုပ်ကြသည်။

ဖဆပလက အနီရောင်အလံစိုက်ထားသော ကားကြီးများဖြင့် မဲပေးမည့်သူများကို ကြိုပို့လုပ်ပေးကြသည်။

ရွေးကောက်ပွဲအပြီးတွင် ဖဆပလ က ၁၇၄၃၈၆ မဲရရှိပြီး ပမည်တက ၁၁၃၉၂၈၆ မဲ ရရှိခဲ့သည်။

အမတ်နေရာတွင် ဖဆပလက ၁၄၄နေရာ၊ ပမည်တက ၄၆ နေရာရရှိပြီး ဖဆပလက အစိုးရဖွဲ့နိုင်ခဲ့သည်။

သို့သော် နယ်အချို့တွင် ရွေးကောက်ခံအမတ်များကို အပြန်အလှန် လုပ်ကြံသတ်ဖြတ်ကြခြင်းဖြင့် နေရာအပြောင်းအလဲများ ရှိလာခဲ့သည်။

၁၉၅၆ ဇွန်လ ၁၂ ရက်နေ့တွင် ဦးဗဆွေဦးဆောင်သည့် ဖဆပလအစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးဗဆွေခေါင်းဆောင်သော အစိုးရအဖွဲ့သစ်ဝန်ကြီးများက နိုင်ငံတော်သမ္မတကြီး ဒေါက်တာဘဦး ရှေ့တွင် ကျမ်းသစ္စာကျိန်ဆိုကြသည်။

အစိုးရအဖွဲ့သစ်တွင် သခင်နု ပါမလာတော့။

သခင်နုသည် ဖဆပလအဖွဲ့ပြင်ဆင်ဖွဲ့စည်းရန် နှင့် လုပ်ဖော်ကိုင်ဖက်များ ဝန်ကြီးချုပ်အဖြစ် အလှည့်ကျ ဆောင်ရွက်နိုင်ရန်ဟု ဆိုကာ ဝန်ကြီးချုပ်ရာထူးမှ နှုတ်ထွက်ခဲ့သည်။

တစ်နှစ်အတွင်း ဖဆပလကို ပြင်ဆင်ဖွဲ့စည်းပြီးနောက်မှ ဝန်ကြီးချုပ်ရာထူး ပြန်လည်ရယူရန် ရည်ရွယ်ခဲ့သည်။

ဦးဗဆွေဝန်ကြီးချုပ်ဖြစ်လာပြီး ဒုတိယဝန်ကြီးချုပ်များအဖြစ် ဦးကျော်ငြိမ်း၊ သခင်တင်နှင့် စဝ်ခွန်ချို တို့ တာဝန်ယူခဲ့ကြသည်။

ဦးနုသည် ဖဆပလအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆက်လက်တည်ရှိနေပြီး ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ထားစဉ်တွင် အဖွဲ့အတွင်း စည်းရုံးရေးကို လုပ်ဆောင်ခဲ့သည်။

အထူးသဖြင့် ဦးကျော်ငြိမ်းနှင့် အဆင်မပြေဖြစ်နေသော ဆိုရှယ်လစ်ခေါင်းဆောင်သခင်တင်နှင့် ဆိုရှယ်လစ်ပါတီ၏ ဒုတိယတန်းခေါင်းဆောင်များဖြစ်သောသခင်ကျော်ထွန်းတို့ကို စည်းရုံးနိုင်ခဲ့သည်။

ရွေးကောက်ပွဲတွင် အတိုက်အခံ ပမည်တက မဲအရေအတွက်များလာခြင်းမှာ ကွန်မြူနစ်များက လက်နက်ဖြင့် အဓမ္မခြိမ်းခြောက်မဲပေးခိုင်းခြင်းကြောင့် ဖြစ်သည်ဟု ဖဆပလအတွင်းရှိ ဦးကျော်ငြိမ်းဦးဆောင်သည့် ဆိုရှယ်လစ်များ ကယူဆသည်။

သခင်နုကမူ ဖဆပလမဲလျော့နည်းသွားခြင်းမှာ ကွန်မြူနစ်များထက် နယ်များရှိ ဖဆပလအဖွဲ့များ၏ လူထုစည်းရုံးရေး ကျဆင်းမှု၊ အာဏာအလွဲသုံးစားမှု၊ ခြစားမှု၊ လူထုအပေါ် ဗိုလ်ကျမှု၊ ခေါင်းပုံဖြတ်မှုတို့ကြောင့် ဖြစ်ရသည်ဟု ယူဆသည်။ ထို့ကြောင့် ဖဆပလသန့်ရှင်းရေးလုပ်ရမည်ဟု ကြွေးကြော်ကာ ဖဆပလထဲမှာ အကျင့်ပျက်သူများ၊ အာဏာယစ်မူးသူများကို တိုက်ဖျက်ရမည့်မူဝါဒချမှတ်သည်။

နယ်များတွင် ရှိသည့် ဖဆပလအာဏာပိုင်များမှာ ဆိုရှယ်လစ်များဖြစ်သည့်အတွက် ဆိုရှယ်လစ်များကို ဦးတည် တိုက်ရန်ဖြစ်ကြောင်းကို ဦးကျော်ငြိမ်းတို့ကလည်း နားလည်သည်။

၁၉၅၆ ဒီဇင်ဘာ ၁၅ တွင် သခင်နုသည် သီရိလင်္ကာတွင်ကျင်းပမည့် ဗုဒ္ဓဓယန္တိပွဲတော်သို့တက်ရောက်ရန် ထွက်ခွာသွားခဲ့သည်။

ထိုသို့သွားရောက်နေစဉ်အတွင်း အောင်မာဃစစ်ဆင်ရေးမှ ဖမ်းဆီးရမိသည့် စာရွက်စာတမ်းများအရ ဗိုလ်မှူးချုပ်ကျော်ဇော သည် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်ရှိကြောင်း သိခဲ့ရသည်။

ထို့ကြောင့် ဗိုလ်မှူးချုပ်ကျော်ဇော အားတပ်မတော်မှ အနားပေးရေးကိစ္စနှင့် ပတ်သက်၍ ဦးကျော်ငြိမ်း၊ ဗိုလ်ချုပ်နေဝင်း၊သခင်ကျော်ထွန်းနှင့် တရုတ်ပြည် ဆိုင်ရာမြန်မာသံအမတ်ကြီး ဦးလှေမောင်တို့သည် ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးချုပ်ဖြစ်သူ ဦးဗဆွေ အိမ်တွင် ဆွေးနွေးကြသည်။

ထိုဆွေးနွေးပွဲတွင် ဗိုလ်မှူးကြီးအောင်ကြီး၊ဗိုလ်မှူးကြီးမောင်မောင် ၊ ဗိုလ်မှူးကြီးကြည်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး ချစ်ခိုင်တို့လည်း ရှိနေခဲ့သည်။

သခင်တင်မှာမူ ဆေးရုံတက်နေသဖြင့် အစည်းအဝေးတွင် မပါဝင်ခဲ့။

အစည်းအဝေးတွင် ဦးလှမောင်က ဖဆပလဥက္ကဋ္ဌကြီး သခင်နုအား တရုတ်ပြည်မှ ဥက္ကဋ္ဌကြီးမော်စီတုန်းကဲ့သို့ ပါတီဥက္ကဋ္ဌ၊နိုင်ငံ့သွေ့ျာင်နေရာတွင်ထားပြီး အုပ်ချုပ်ရေးအဖွဲ့မှ နှုတ်ထွက်ရန် အကြံပေးသင့်ကြောင်း၊ ထိုအခါမှသာ ဖဆပလ

ကို ပိုမိုကြဲပ်မတ်ပြီး အင်အားကောင်းအောင်ဆောင်ရွက်နိုင်မည်ဟု အကြံပြုသည်။

ထိုအချက်ကို အားလုံးက သဘောတူကြသော်လည်း ဝန်ကြီးချုပ် ဦးဗဆွေကမူ သခင်နု၏ ဆုံးဖြတ်ချက်ကို မေးပြီးမှသာ ဖြစ်သင့်သည်ဟု အကြံပေးခဲ့သည်။

ထိုကိစ္စကို ဆေးရုံတက်နေသော သခင်တင်ကို သွားရောက်အသိပေးခဲ့ကြသည်။

၁၉၅၆ ဒီဇင်ဘာ ၂၄ တွင် သခင်နုသည် မင်္ဂလာဒုံလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

သခင်နု လေယာဉ်ပျံပေါ်မှ မဆင်မခြင်ပင် သခင်ကျော်ထွန်းသည် ဆေးရုံပေါ်မှ သခင်တင်က အရေးကြီးသတင်းပါးခိုင်းသဖြင့်ဟုဆိုကာ လေယာဉ်ပေါ်တက်လာခဲ့သည်။

ထို့နောက် သခင်နုအား အစိုးရအဖွဲ့မှ ပထုတ်ရန် အစည်းအဝေးတွင် ပြောခဲ့ကြကြောင်း သတင်းပေးခဲ့သည်။

ထိုအခြေအနေတွင် သခင်နုက ဦးဗဆွေ၊ဦးကျော်ငြိမ်းတို့ ဆိုရှယ်လစ်အုပ်စုသည် မိမိအား အစိုးရအဖွဲ့မှ အပြီးထုတ်ရန် ခြေလှမ်းနေသည်မှာ သေချာပြီဟုဆိုကာ ဖဆပလအဖွဲ့အလုပ်အမှုဆောင်အစည်းအဝေးကို ချက်ချင်းခေါ်ရန် ဆုံးဖြတ်ခဲ့သည်။

.....

၁၉၅၆၊ ဒီဇင်ဘာ ၂၈။

“မင်းတို့ သစ္စာတည်ဖို့ အချိန်ရောက်ပြီ”

ပျူစောထီးရုံးချုပ်တွင် ထိုင်နေသော ဂန္ဓမာသောင်းရီက သူ့လက်ထဲမှ စာတိုလေးကို ဖတ်လိုက်သည်။

“ကျုပ်တို့နာမည်တွေကိုတော့မသိချင်ပါနဲ့..သခင်နုရဲ့လူယုံများလို့ပဲ..မှတ်ပါ”

အနောက်တိုင်းဝတ်စုံကို ကျွန်သပ်ရုပ်စွာဝတ်ဆင်ထားသည့် လူငယ်က ဂန္ဓမာသောင်းရီ ကို ပြောပြီး..စာတိုလေးကို ပြန်ယူလိုက်သည်။

ဂန္ဓမာသောင်းရီရှေ့တွင် လူသုံးယောက်ထိုင်နေကြ၏။

“မကြာခင် ဖဆပလက ကွဲဖို့ပဲရှိတော့တယ်။ အဲဒီအခါ အစိုးရလည်းနှစ်ခြမ်းကွဲသွားနိုင်တယ်။ ပျူစောထီးလည်း နှစ်ခြမ်းကွဲနိုင်တယ်။ အခန့်မသင်ရင် လုပ်ကြံမှုတွေဖြစ်လာနိုင်တယ်... ဒီတော့...ခင်ဗျားတို့ရဲ့ သစ္စာတရား လိုအပ်နေပြီ..ကျွန်တော်တို့လူကြီးတွေနားမှာ ခင်ဗျားတို့ ရှိနေဖို့လိုပြီ”

“ကျွန်တော် သစ္စာရှိပါတယ်..တတ်နိုင်သမျှ ကူညီဖို့အသင့်ပါပဲ”

“ကောင်းပြီ..ခင်ဗျားကို ယုံပါတယ်.အခု ဒီဇင်ဘာ ဖဆပလအစည်းအဝေးမှာ သခင်နုက ဝန်ကြီးချုပ်ရာထူးကို ပြန်ယူလိမ့်မယ်..အဲ့ဒီကျ ခင်ဗျားနဲ့ ခင်ဗျားလူတွေအတွက် အလုပ်တွေအများကြီးရှိနေသေးတယ်”

“ကျွန်တော် သခင်နုကို တိုက်ရိုက်တွေ့ခွင့်ရမလား”

“ခင်ဗျားမှာ ပြောစရာရှိရင်..ကျုပ်တို့နဲ့ ပြောပါ...ကျွန်တော်တို့ ပြန်ပြောပေးနိုင်ပါတယ်”

“ကျွန်တော့်မှာ သခင်နုကို စကားပါးစရာရှိလိုပါ..အရမ်းအရေးကြီးတယ်”

“ကျုပ်တို့ကို ယုံကြည်လို့ရပါတယ်..ချက်ချင်းပြန်တင်ပြပေးပါ့မယ်”

“ထွန်းရင်..အပြင်မှာ ဘယ်သူရှိလဲ..တချက်သွားစောင့်ကြည့်ပေးထား”

ဘေးနားတွင်ရပ်နေသော ထွန်းရင်က အပြင်ဘက်သို့ထွက်သွားသည်။

“ဒီလိုပါ..တရုတ်ဖြူတွေအတွက် အရေးပါတဲ့ ကုန်ပစ္စည်းတွေကို ပခုက္ကူဘက်ကနေ တဆင့် မိုင်းဆတ်ကို ပို့မယ့် အစီအစဉ်တစ်ခုရှိနေပါတယ်”

“ဟင်..ဘယ်လို”

“ဟုတ်တယ်..အဓိက လုပ်မှာက ဓါးပြဗိုလ်စိန်ဓါးမြောင်ပဲ... အဲ့ဒီပစ္စည်းတွေလမ်းတဝက် ရောက်မယ့်အချိန်နဲ့ စိန်ဓါးမြောင် ဘယ်မှာရှိနေမလဲဆိုတာ ကျွန်တော် ပြောပြနိုင်တယ်”

“ခင်ဗျား တကယ်ပြောတာလား”

“ဒီကိစ္စမှာ ကျွန်တော်လည်း ပါဝင်ပတ်သက်နေပါတယ်..ဒါပေမယ့်..ကျွန်တော်က ခင်ဗျားတို့လူမဟုတ်လား..ခင်ဗျားတို့ကို ပေးသိဖို့တာဝန်ရှိတယ်လေ”

“အင်း..ဟုတ်တာပေါ့”

“စိန်ဓါးမြောင်ကိုရော၊ အဲ့ဒီပစ္စည်းတွေကိုရော ခင်ဗျားတို့ မိအောင် ကျွန်တော် ကူညီမယ်လို့ သခင်နုကို ပြောပေးပါ..ပြီးတော့ သခင်နုဆီကနေ ကျွန်တော် တောင်းဆိုချင်တာကိုလည်း ပြောပြပေးပါ”

“ဘာများလဲ”

“ဒီကိစ္စပြီးသွားရင်တော့ ကျွန်တော်နဲ့ အစိုးရလုပ်ထားသမျှ အပေးအယူအားလုံးပြီးပြီ....ကျွန်တော် အသက်ကြီးပြီ..ဒီအရွယ်အထွေးတွေထဲ တစ်သက်လုံးနေလာရတာ ပင်ပန်းလှပြီ..ကျွန်တော့် ကျန်တဲ့သက်တမ်းမှာ...ကျွန်တော်ဇနီးနဲ့ ကျွန်တော် ခပ်အေးအေးပဲနေချင်တော့တယ်...သူ့ကိုလည်း ကျွန်တော်သနားတယ်.ဒီကိစ္စ ပြီးရင် ခင်ဗျားတို့ ကျွန်တော့်ကို ဆွဲမထည့်ရဘူး... ကျွန်တော်တို့ တခြားနိုင်ငံတစ်ခုခုမှာ ဇာတ်မြုပ်သွားနေတော့မယ်.. အစိုးရက ကျွန်တော်တို့

လင်မယား ဒီနှိုင်ငံက အေးအေးဆေးဆေးထွက်သွားဖို့စီစဉ်ပေးရုံပါပဲ..ငွေကြေးကိစ္စက မလိုပါဘူး”
“အင်း..သခင်နုကို ကျုပ်တို့ သေချာပြန်ပြောပြီး အကြောင်းပြန်ပါ့မယ်..ခင်ဗျားသတင်းသာ မှန်ကန်ပါစေ”
သခင်နုလွတ်လိုက်သောလူများ ထပြန်သွားကြသည်။ ထွန်းရင်က အခန်းထဲ ပြန်ဝင်လာသည်။
“ဘာတွေပြောကြတာလဲ..ကိုဂန္ဓမာ”
“ဘာမှမဟုတ်ဘူး...ငါတို့ဒီပြဿနာတွေပြီးရင် နိုင်ငံခြားကို အပြီးအပိုင်ထွက်ဖို့ သူတို့ စီစဉ်ပေးဖို့ရယ် ညှိနှိုင်းတာ”
“ကိုဂန္ဓမာ..တကယ်ပဲ..သွားတော့မှာလား”
“မင်းရော..ငါနဲ့လိုက်မှာမဟုတ်လား”
“စံဘ ကိစ္စရှိသေးတယ်လေဗျာ”
“စံဘ အယူခံနိုင်တဲ့အထိ ငါတို့စောင့်မယ်.ပြီးရင် သူတို့လင်မယားကိုပါ ခေါ်သွားတာပေါ့.အခုတောင် ဝန်ကြီးချုပ်ကို ငါပြောလို့ရနေပြီမဟုတ်လားကွ”
ထွန်းရင်က ဂန္ဓမာကို ကြည့်ပြီး စိတ်ရှုပ်ထွေးနေသည်။
“ခင်ဗျား ဘယ်လိုတွေဖြစ်ကုန်တာလဲ..ကိုဂန္ဓမာ..ခင်ဗျား ကျွန်တော်သိတဲ့ ကိုဂန္ဓမာမဟုတ်တော့ဘူး..ဘာတွေ ဖြစ်နေတာလဲ”
“အကောင်းဆုံးအတွက် ငါလုပ်နေတာ..ထွန်းရင်...ငါလုပ်နိုင်တာငါလုပ်နေတာ..ဒီတိုင်းဆက်သွားရင် တကွေ့မဟုတ် တကွေ့ ငါတို့ သေမယ့်အလှည့် ရောက်လာမှာ..ငါရှိနေသမျှတော့ ငါ့လူတွေ သေတာမမြင်ချင်ဘူး..ငါသေတာကိုလည်း သူတို့မမြင်စေချင်ဘူး”
“ဘာလဲဗျာ”
“မင်းက မလိုက်ချင်ဘူးလား”
“ကျွန်တော့်မှာလည်း...မနှင်း..မနှင်း ရှိသေးတယ်ဗျ”
“မင်းက စိန်ခါးမြောင် ကို ယုံသေးတာပဲနော်”
“အခုက စိန်ခါးမြောင်မဟုတ်ဘူးဗျ..မနှင်း..မနှင်း..ကျွန်တော် မနှင်းကို ယုံတယ်”
“ဩော်”
ဂန္ဓမာသောင်းရီက ထွန်းရင်ကို ကြည့်ရင်း သက်ပြင်းချလိုက်သည်။

……..……
…….……
……..……

အခန်း(၃၂)

၁၉၅၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် သခင်နုသည် ဝန်ကြီးချုပ်ရာထူးကို ပြန်လည်ရယူလိုက်သည်။
သုံးရက်အကြာ မတ်လ ၄ ရက်နေ့တွင် သောင်းကျန်းသူများလက်နက်ချကြပါ၊ ဒီမိုကရေစီဘောင်အတွင်း ဝင်ကြပါဟု မိန့်ခွန်းပြောသည်။
မတ်လ ၁၁ ရက်နေ့တွင် ကရင်အမျိုးသားမန်းဝင်းမောင် သမ္မတဖြစ်လာ၏။
မတ်လ ၁၂ ရက်နေ့တွင် ပမည်တဦးဆောင်သည့် အတိုက်အခံအမတ်များက ဖဆပလအား အယုံအကြည်မရှိကြောင်း အဆိုတင်သွင်းကြသည်။
အဆိုကိုမဲခွဲရာ အင်အားနည်းသည့် ပမည်တရုံးနိမ့်ခဲ့သည်။
သို့သော်လည်း ပမည်တ၏ စွပ်စွဲချက်များသည် ဖဆပလ၏ အားနည်းချက်များကို ထိမှန်ခြင်းဖြစ်သဖြင့် သခင်နု နှင့် ဦးကျော်ငြိမ်းည် တဖက်နှင့်တဖက် အပြစ်တင်ကြရင်း ဖဆပလတွင်း ပဋိပက္ခမှာ ပိုမိုပြင်းထန်လာသည်။
မတ်လ ၁၃ ရက်နေ့ ၊ နံနက် ၁၀ နာရီ။
“ကိုသောင်းရီ..ခရီးမထွက်ဘူးမို့လား”
“ရှိတယ်..ဦးလေး..ကိစ္စထူးပြီလား”
ချောရင်က အလိန်ကို ခပ်တိုးတိုးပြောလိုက်သည်။
“ကိုသောင်းရီ နဲ့ တွေ့ရင် ပြောမယ်”
ချောရင်က အော်ခေါ်လိုက်သဖြင့် အပေါ်ထပ်မှ ဂန္ဓမာသောင်းရီ ဆင်းလာသည်။
မနက်အစောပိုင်းဖြစ်သဖြင့် ဆိုင်အတွင်း လူမရှိသေး။
စားပွဲတစ်လုံးတွင် သူတို့ဝင်ထိုင်လိုက်ကြသည်။
“ဒီလ ၃၀ ရက်နေ့ မှာ ပထမအသုတ် ပစ္စည်းပို့မယ်..သောင်းရီ..အဆင်ပြေနိုင်မလား”
“ကျွန်တော်တို့ဘက်က အဆင်သင့်ပဲ..အလိန်”
“အဲ့ဒါဆို ၃၀ ရက်နေ့ ညဆယ်နာရီမှာ ကမ်းနားလမ်းက ဂိုထောင်အမှတ်(၁၃)ရှေ့မှာ လောရီကားတစ်စီးကို သော့တန်းလန်းနဲ့ထားခဲ့မယ်။ ငါက ၂၆ ရက်နေ့ ကတည်းက ကျိုင်းတုံကနေတဆင့် နောင်ချိုမှာ ကြိုရောက်နေမယ်။ ဒါက နောင်ချိုမှာ မင်းတို့ပို့ပေးရမယ့်လိပ်စာပဲ”

“ဟုတ်ပြီလေ....ကျန်တဲ့ငွေကိစ္စကရော”
“အဲ့ဒီအတွက် စိတ်မပူပါနဲ့..သောင်းရီ..K14 တွေက အလုပ်နဲ့ပတ်သက်ရင် ကတိတည်ပါတယ်..မင်းတို့သာ ပစ္စည်းကို ရောက်အောင်ပို့၊ နောက်တစ်ခုက လမ်းမှာ ကားနောက်ပါတဲ့ ပစ္စည်းကိုဘာဆိုတာ လှန်တောင့် မကြည့်မိဖို့ပဲ..ခြေရာလက်ရာပျက်တာနဲ့ မင်းတို့ပေါ်ထားတဲ့ ငါတိုယုံကြည်မှုက ပြီးသွားပြီပဲ”
ထိုအချိန်တွင် အပြင်ဘက်မှ ထွန်းရင်နှင့် အနှင်းတို့ ဝင်လာသဖြင့် ပြောလက်စ စကားကို ရပ်လိုက်ကြသည်။
“ကဲ..ငါသွားမယ်”
အလိန်က ဆိုင်အပြင်သို့ ပြန်ထွက်ပြီး ရှေ့တွင်ရပ်ထားသည့် ကားပေါ်တက်သွားသည်။ အနှင်းက အလိန် ကားပေါတက်သွားသည်အထိ မသိမသာလိုက် အကဲခတ်နေ၏။
“မနှင်း...ဆရာသိန်း အိမ်မှာ ရှိလား”
“ရှိပါတယ်..ကိုဂန္ဓမာ”
“ငါတို့ ဒီညနေ အိမ်ကိုလာခဲ့မယ်..အလုပ်စတော့မယ်လို့ပြောလိုက်”
“ဟုတ်ကဲ့”
.....
ထို့နေ့ညနေ တွင် ဂန္ဓမာသောင်းရီ၊ ထွန်းရင်နှင့် ချောရင်တို့ စိန်ခါးမြောင်၏ အိမ်သို့ ရောက်လာကြသည်။
စိန်ခါးမြောင်နှင့်ချောရင်တို့က အပေါ်ထပ်တွင် ဂန္ဓမာသောင်းရီနှင့် စကားပြောနေကြသည်။
အောက်ထပ်တွင် ထိုင်နေသော အနှင်းနားသို့ ထွန်းရင်က ကပ်ထိုင်လိုက်သည်။
“အနှင်း..မနက်ဖြန်အားလား...အကိုလာခေါ်မယ်လေ”
“မနက်ဖြန်တော့မအားဘူး...ကိုထွန်းရင်..ဆရာကြီးခိုင်းထားတာတွေရှိသေးတယ်”
“အကိုက..မနက်ဖြန်ဆို ပျဉ်းမနားအမတ်နဲ့ ပျဉ်းမနားလိုက်သွားရတော့မှာ...လကုန်ခါနီးမှ ပြန်လာမှာ..အနှင်းကို လွမ်းနေတော့မှာပဲ”
အနှင်းက ပြုံးနေလိုက်သည်။
“အနှင်း....တကယ်လို့လေ..အကိုက ဒီနိုင်ငံက ထွက်သွားမယ်ဆို..အနှင်းလိုက်မှာလား”

“ဟင်”
အနှင်း ဆတ်ခနဲဖြစ်သွားသည်။
“အကိုက ဘယ်သွားမှာလဲ..ဘယ်ကိုသွားမှာလဲ”
ထွန်းရင်ကသက်ပြင်းချသည်။
“ဒီလိုပါပဲ...လျှောက်တွေးကြည့်နေတာ..အနှင်းမပါရင် အကိုဘယ်ကိုမှမသွားချင်ဘူးကွယ်..အ..အ..အားလား”
ထွန်းရင်က ရုတ်တရက်ကျောကုန်းကို တွန့်ပြီး ရှေ့သို့ ခုန်ထွက်လိုက်သည်။
အနောက်ဘက်တွင် ဧရာလေးက မီးရှို့ထားသော အမွှေးတိုင်ကို ကိုင်လျက် ထွန်းရင်၏ ကျောကုန်းကို ထိုးလိုက်ခြင်းဖြစ်သည်။
ထွန်းရင်၏ အင်္ကျီတွင် အငွေ့များထွက်နေသည်။
“ဟယ်တော်”
အနှင်းက ထွန်းရင်၏ အင်္ကျီမှမီးပေါက်ကိုလက်ဖြင့် ဖိသတ်ပေးလိုက်သည်။
“ဒီကလေးကတော့..လုပ်ပြန်ပြီ..ကိုထွန်းရင်ရယ် ကျွန်မတောင်းပန်ပါတယ်..ပေးပေး..အင်္ကျီချွတ်လိုက်..ပေါက်သွားတဲ့ နေရာကို ကျွန်မ ပြန်သီပေးမယ်”
အနှင်းက ထွန်းရင်၏ အင်္ကျီကို ချွတ်ရန် တောင်းသည်။
ထွန်းရင်က ကြယ်သီးကို ဖြုတ်ပြီး အနှင်းထံပေးလိုက်သည်။
“ဒါက ဘယ်လိုဖြစ်နေကြတာလဲ..အိမ်အောက်ကြီးမှာ”
စက်ဘီးဖြင့် ရောက်လာသူ ခါလေး။
ခါလေးက ထွန်းရင်နှင့် အနှင်းကို အံ့ကြိတ်လျက်ကြည့်နေသည်။
အနှင်းက ခါလေးကို မျက်ရိပ်ပြကာ ခေါင်းခါပြလိုက်သည်။
“ငါတို့ချင်း ဘာဖြစ်ဖြစ်ပေါ့..ခါလေးရာ..မင်းနဲ့ ဘာဆိုင်တာမှတ်လို့”
ခါလေးက စက်ဘီးကို ဒေါက်ထောက်လိုက်ပြီး ထွန်းရင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။
ထွန်းရင်နှင့် ခါလေးကြားသို့ အနှင်းက ဝင်ရပ်လိုက်သည်။ လက်ထဲတွင်လည်း ထွန်းရင်၏ မီးပေါက် အင်္ကျီကို ကိုင်လျက်။။
“ခါလေး..နင်ဘာဖြစ်နေတာလဲ..ကိုထွန်းရင် အင်္ကျီကို ဧရာလေးက အမွှေးတိုင်မီးစနဲ့ထိုးလိုက်လို့ ငါပြန်ချုပ်ပေးမလို့..ဒီသေနာလေး မွှေတာ မွှေတာ”
“မနှင်း..ကလေးကို အဲ့ဒီလိုမပြောနဲ့ ကျွန်တော်မကြိုက်ဘူး”

ခါလေးက ရောလေးကို ချီပြီး အိမ်ပေါ်ထပ်သို့ တက်သွားသည်။
“အင်း..ကလေးအပြစ်မဟုတ်ပါဘူး..မနှင်းရယ်..ကလေးဆိုတော့ ဆော့မှာပဲ..ကျွန်တော်ကလည်း သိသိကြီးနဲ့ သူ့ကို ကျောပေးထိုင်နေမိတာကိုး..ဟဲဟဲ”
“အားနာလို့ပါ..ကိုထွန်းရင်ရယ်...ကျွန်မသားလေးက ဆိုးတယ်...ခုန ကိုထွန်းရင် ပြောတယ်လေ..ဒီနှင်ငံက ထွက်သွားမှာဆို...ကျွန်မက ကလေးတစ်ဖက်နဲ့ဆိုတော့”
“အို..သွားရင်..ကျွန်တော်တို့ချည်းမဟုတ်ပါဘူးဗျ...ကိုဂန္ဓမာတို့..စံဘတို့..”
“ကိုထွန်းရင်...ပြန်ကြမယ်...ကားစက်နှိုးတော့”
ထိုအချိန်တွင် ချောရင်က အိမ်ပေါ်ထပ်မှ ဆင်းလာပြီး အော်ပြောလိုက်သဖြင့် ထွန်းရင် ပြောလက်စ ရပ်သွားသည်။
“အကိုပြန်တော့မယ်နော်...မနှင်း”
ထွန်းရင်က ဂျစ်ကားဆီ ထွက်သွားသည်။
ချောရင်က မနှင်း ကို ပြုံးပြကာ ကားထံသို့ ထွက်သွား၏။ ဂန္ဓမာသောင်းရိုက နောက်မှလိုက်ဆင်းလာသည်။
ထွန်းရင်တို့ ကားထွက်သွားပြီးနောက် အနှင်းက အိမ်ပေါ်သို့ တက်သွားသည်။ အပေါ်ထပ်တွင် စိန်ခါးမြောင်၊ မမြကြည် ၊ ခါလေးနှင့် ရောလေးတို့ ရှိနေကြသည်။
မမြကြည်က ရောလေးကို ချီပိုးကာ ကစားနေ၏။
“ခါလေး....အခြေအနေဘယ်လိုလဲဟေ့”
“မနှင်းပေးလိုက်တဲ့ ကားနံပါတ်က အရင်ဘီအို့စီက အရာရှိတစ်ယောက်ကားပါ။ ဒါပေမယ့်သူက အခု စက်ပူက သွင်းကုန်လိုင်စင်ရထားတဲ့တရုတ်တစ်ယောက်ကို နှစ်ချုပ်နဲ့ ငှားထားတာတဲ့။ အဲ့ဒီတရုတ် တည်းတဲ့နေရာနဲ့ သူ့ဂိုထောင်လိပ်စာလည်း ရလာပါတယ်”
“ဝင်းမောင်နဲ့ သန်းအောင်ကို ခေါ်..ဒီတရုတ်ပို့မှာ ဘာပစ္စည်းတွေလဲဆိုတာ သူတို့လူတွေကိုခွဲလိုက်ခိုင်းကွာ”
“ဟုတ်ကဲ့..ဆရာကြီး”
“ဆရာကြီး...ကျွန်မဒီနေ့ ထူးခြားတာတစ်ခု ထွန်းရင်ဆီက သိခဲ့ရတယ်”
“ဘာများလဲ အနှင်း”

“ကျွန်မကို နိုင်ငံခြားကို သွားရင်လိုက်မလားလို့မေးတယ်..ကိုဂန္ဓမာတို့လည်း ပါမှာလို့ စကားထွက်သွားသေးတယ်..ချောရင်က ဝင်ဟန့်သွားလို့ ဒီလောက်ပဲ သိလိုက်ရတယ်”
မမြကြည်က ရောလေးကို အနှင်း၏ လက်ထဲသို့ ထည့်လိုက်ပြီး..
“ဂန္ဓမာသောင်းရီကြီးနဲ့ အကိုနဲ့တော့ အကြံတူနေကြပြီထင်တယ်...အကို”
“အင်း..သိပ်သေချာတာပေါ့...မြကြည်..ဒီတစ်ခေါက်အလုပ်ဆိုတာလည်း ဂန္ဓမာသောင်းရီရဲ့လှည့်ကွက်ဖြစ်ချင်ဖြစ်နေမှာ..ခါလေး..ဝင်းမောင်နဲ့ သန်းအောင်ကို ငါက..၂၅ ရက်နေ့မတိုင်ခင် အဲ့ဒီတရုတ်ဘာတွေလုပ်တယ်ဆိုတာ ငါသိချင်တယ် လို့ပြောလိုက်..ပြီးတော့...သဘက်ခါကျရင် ငရုတ်သီးဘရင်ကို ရှန်ကုန် တက်ခဲ့ဖို့ သံကြိုးရိုက်လိုက်...တစ်ပတ်အတွင်း ထွန်းခင် နဲ့ ငရုတ်သီးဘရင် အညာကို တက်ရမယ်..လမ်းကြောင်းကိစ္စ စီစဉ်စရာတွေရှိတယ်”
ခါလေးက မတ်တပ်ထရပ်လိုက်သည်။
ထို့နောက်
“ဆရာကြီး..ဒီကိစ္စတွေ ဘယ်တော့ပြီးမှာလဲ”
“မကြာခင် အဆုံးသတ်သွားမှာပါ..ခါလေး”
“မြန့်မြန်ပြီးမှပဲ..မဟုတ်ရင်..ထွန်းရင်ဆိုတဲ့ကောင်ကို ကျွန်တော် သွားပစ်သတ်မိမယ်”
ခါလေးက အနှင်းကိုပါ ဘုကြည့်ကြည့်သည်။
အနှင်းက ထလာပြီး ခါလေး ပါးကို လိမ်ဆွဲလိုက်သည်။
“ကဲ..ဆရာလေး..သဝန်တိုနေပြီလား..မနှင်းက ပြီးရင် ဓာတ်ရှင်မင်းသမီးလုပ်တော့မှာနော်”
ခါလေးက မနှင်းကို ဘုကြည့်ကြည့်ပြီး လှည့်ထွက်သွားသည်။
စိန်ခါးမြှောင်နှင့် မမြကြည်က သူတို့ကိုကြည့်ကာ ရယ်နေ၏။
.....
မတ်လ ၂၇ ရက်။
ဂန္ဓမာသောင်းရီက မသောင်းစပ်ပေးသည့် ရမ်ခွက်ကို သောက်ရင်း ဆိုင်တွင်ဖွင့်သည့် ဓာတ်ပြားကို နားထောင်နေသည်။
ချောရင်က အပြင်မှ ဝင်လာပြီး သောင်းရီဘေးတွင် ဝင်ထိုင်လိုက်သည်။
“အကိုကြီး...ဟိုနေ့ညအလိန်က ဘာတွေပို့မယ်လို့ထင်လဲ”

“နင်သိပြီးသားပဲ ..ချောရင်”
ချောရင်က ခေါင်းခါလိုက်သည်။
“ညီမအထင်တော့...အခုတစ်ခေါက်က ကျွန်မတို့ကို အလိန် စာမေးပွဲစစ်တာထင်တယ်”
“ဘယ်လို”
“သူပစ္စည်းတွေက လေယာဉ်ကွင်းဖောက်ဖို့ယန္တယားစက်အပိုပစ္စည်းတွေဆို..လော်ရီကားသေးသေးလေးတစ်စီးထဲနဲ့ အသုတ်ခွဲပို့တာဘာကြောင့်လဲ..အဲ့ဒါအကိုကြီး စဉ်းစားမိလား”
ဂန္ဓမာသောင်းရီက ခေါင်းညိတ်လိုက်သည်။
“အကိုကြီး ဟိုနေ့က ပျူစောထီးရုံးမှာ လူနှစ်ယောက်နဲ့တွေ့တာ ညီမသိပြီးပြီ”
“ထွန်းရင် ဆီက မဟုတ်လား”
“ဟုတ်တယ်..အကိုကြီး နိုင်ငံခြားထွက်ဖို့အထိ စီစဉ်နေတာ ညီမသိတယ်..ညီမကတော့ ကိုစံဘကီစ္စ မပြတ်သေးပဲ ဘာမှ မလုပ်စေချင်ဘူး”
“ငါတို့အားလုံး ကောင်းဖို့အတွက် ငါလုပ်နေတာ ချောရင်”
“ဟုတ်ပါပြီ..အဲ့ဒါဆိုလည်း ဒီတစ်ခေါက် အလိန်ကိစ္စမှာ ဟိုလူတွေနဲ့ တစ်ခုခုအပေးအယူရှိတယ်ဆို မလုပ်နဲ့ဦး..အဲဒီတရုတ်ကြီးကိုလည်းသိပ်မယုံနဲ့....တကယ်လို့ ပစ္စည်းတွေပါတယ်ဆိုလည်း အရေးမပါသေးတာတွေပဲဖြစ်လိမ့်မယ်...အကိုကြီးသူ့ထောင်ချောက်ထဲရောက်သွားလိမ့်မယ်.နောက်တစ်ခေါက်ကျမှ ကျွန်မတို့ကို ယုံရပြီဆိုမှ သူအချီကြီးသယ်လိမ့်မယ်..”
ဂန္ဓမာကချောရင်ကို မျက်မှောင်ကြုံ့ကြည့်လိုက်၏။
“ဒီတစ်ခါပဲ ညီမကို ယုံပေးပါ..အကိုကြီး”
.....
မတ်လ ၃၀ ရက်နေ့ည။
ကမ်းနားလမ်းအတိုင်း လော်ရီကားတစ်စီးထွက်လာသည်။
ထိုကား၏ ရှေ့တွင် ဂျစ်ကားတစ်စီး။
ကားပေါ်တွင် ဂန္ဓမာသောင်းရီနှင့် ထွန်းရင် ပါလာသည်။
ထွန်းရင်က ခရီးဝေးမှ ပြန်လာရသဖြင့် ကားမမောင်းနိုင်။
ပြည်ဘက်သို့ရောက်သည်အထိ ဂန္ဓမာတစ်ယောက်တည်း မောင်းလာသည်။
ပြည့်မှတဆင့် မကွေးသို့ ထွန်းရင်ကဆက်မောင်းသည်။

ထိုလမ်းသည် နယ်စပ်များနှင့်ဆက်သယ်ထားသည့်လမ်းမဟုတ်သည့်အပြင် လက်နက်ကိုင်များ စိုးမိုးထားသည့်နေရာအချို့ ရှိနေသေးသဖြင့် အစစ်အဆေး အမေးအမြန်းနည်းပါးသည်။
ရေနံချောင်းမြို့အဝင် စိန်ခါးမြောင်နှင့် အချိန်းအချက်ပြုထားသော ထမင်းဆိုင်ရှေ့တွင် ကားကို ရပ်လိုက်သည်။
ဂန္ဓမာသောင်းရီနှင့် ထွန်းရင်တို့ က ကားပေါ်မှဆင်းလိုက်သည်။
လော်ရီကားကို မောင်းလာသည့် ဇော်မိုက်နှင့် ချစ်ညို တို့လည်း ဆင်းလာ၏။
အားလုံးကိုယ်စီ၏ ခါးကြားတွင် ခြောက်လုံးပြူးများကို အသင့်ကျည်ထိုး မောင်းတင်ထားကြသည်။
ဆိုင်ထဲသို့ ဝင်လိုက်သည်နှင့် စိန်ခါးမြောင်ကို တွေ့လိုက်ရသည်။
“ကဲ..ရောက်လာကြပြီကိုး..ကြွပါ..ကြွပါ”
ဆိုင်ထဲတွင် စိန်ခါးမြောင်တစ်ယောက်တည်းထိုင်နေသည်။
ထမင်းဟင်းများတင်ထားသည့်စားပွဲတွင် အမျိုးသမီးငယ်တစ်ဦးသာ ထိုင်နေ၏။
“မြန့်စ်ရေ...ဒီမှာ ဧည့်သည်တွေ ဗိုက်ဆာနေကြရော့မယ်..ထမင်းဟင်းတွေ ချပေးလိုက်ပါဦး”
ဂန္ဓမာက စီးကရက်ကို မီးညှိလိုက်ပြီး စိန်ခါးမြောင်ဘေးတွင် ဝင်ထိုင်သည်။
“မင်းတစ်ယောက်တည်းပါလား..စိန်ခါးမြောင်”
“ကျွန်တော်တို့က ခါးပြ တွေဗျ.....မလိုအပ်ပဲ လူမြင်ကွင်းမှာ အင်အားပြမနေဘူး..”
ထွန်းရင် က ခါးကြားမှ သေနတ်ထံ လက်တင်ထားပြီး အခြေအနေကို အကဲခတ်နေသည်။
ထမင်းဆိုင်အဝတွင်ရပ်နေကြသော ဇော်မိုက်နှင့် ချစ်ညိုကလည်း သေနတ်များကို ကိုင်လျက် အသင့်အနေအထား။
“ကဲ..လာကြပါဗျာ..ခင်ဗျားတို့ကို ကျွန်တော်ဘာမှ အကောက်မကြံထားပါဘူး..လာပါ..လယ်ကြက်လေးတွေ ရထားလို့ ကြပ်နေအောင်ကြော်ထားတယ်..ဝီစကီကောင်းကောင်းလည်းပါလာပါတယ်..မကွေးကနေ ရေခဲတောင် တကူးတကမှာထားသေး..လာ..လာ ကိုယ့်လူတို့”
ထွန်းရင်က သတိထားနေသည့်ပုံစံဖြင့် လာဝင်ထိုင်သည်။
ဂန္ဓမာက မီးခိုးငွေ့များကို စိန်ခါးမြောင်ဘက်သို့ မှုတ်ထုတ်လိုက်ပြီး

“ကဲ..ဆရာကြီး..ဒီတစ်ခါရော ဘယ်လိုအကွက်တွေ ခင်းထားပြန်သေးတာ တုန်း..အခန်းနောက်မှာ ပုန်းပြီး သေနတ်တွေဘာတွေနဲ့ ချိန်ထားတာရှိရင်လည်း ခေါ်ထုတ်လိုက်လေဗျာ”

“ဟား ဟား ဟား”

စိန်ခါးမြောင်က တဟားဟားရယ်သည်။

“ကဲ..တကယ်ဘယ်သူမှမရှိပါဘူးဆိုဗျာ..ဒီဆိုင်မှာ မြန္နစ်နဲ့ ကျွန်တော်ပဲရှိတာ ပါ..ကဲ..ခင်ဗျားတို့ ကားသော့ပေး...မိုးမလင်းခင် မောင်းမှဖြစ်မယ်”

“ခင်ဗျား မောင်းမှာလား”

“မဟုတ်ပါဘူး.....မြန္နစ် မောင်းသွားမှာ”

“ဟမ်..ဒီကောင်မလေး မောင်းမှာ”

“ဟုတ်တယ်လေ..ဘာဖြစ်လို့လဲ”

“ဖြစ်ရောဖြစ်လို့လား”

“ဘာမဖြစ်ရမှာလဲ...မြန္နစ်က ဒီလမ်းဒီခရီးမှာ ဒီလိုကားတွေ လောက်တော့ ခါး ပြတိုက်ပြီးလုမောင်းနေကျ..ပြီးတော့ ရှေ့နှစ်ရွာကျော်မှာ ကျွန်တော့်လူတွေ ထပ် စောင့်နေဦးမှာ”

“ချစ်ညို...ကားသော့ပေးလိုက်ကွာ..ငါစိတ်ချမယ်နော်..စိန်ခါးမြောင်”

“သောက်စမ်းပါဗျာ..ပင်ပန်းလာတယ်မဟုတ်လား..ဘာမှမဟုတ်တဲ့ ပစ္စည်းလေး တွေကို”

“ဘာလဲကွ.မင်းစကားက”

စိန်ခါးမြောင်က ရယ်ရင်း နောက်တစ်ခွက်ငဲ့ကာ ထွန်းရင်ဆီ ကမ်းပေးလိုက် သည်။

မြန္နစ်ဆိုသည့် အမျိုးသမီးငယ်က ချစ်ညိုဆီမှ ကားသော့ကို ယူသည်။

ထို့နောက် ဆိုင်ကောင်တာအောက်မှ ရိုင်ဖယ်တစ်လက်ကို လွယ်ပြီးထွက်လာ သဖြင့် ထွန်းရင်မှာ မျက်လုံးပြူးကြီးဖြင့်လိုက်ကြည့်နေ၏။

“ဆရာကြီး ကျွန်မသွားပြီနော်”

“အေး..မြန္နစ်....နင့်အကိုန္နစ်ကောင်ကို ပြောလိုက်ဦး..မနက်ဖြန် ငါ ပခုက္ကူဘက် တက်ပြီး ရန်ကုန်ပြန်ဆင်းပြီလို့”

“ဟုတ်”

မြန္နစ်က လော်ရီကားတံခါးကို ဆွဲဖွင့်ပြီး ခုန်တက်ကာ မောင်းထွက်သွားသည်။

“ကဲ..လာကြဲပါဗျာ..တိုက်ချင်လွန်းလို့ကိုယ့်ဆရာတွေကို စောင့်နေတာ...”
ထွန်းရင်က မြန့စ်ကားမောင်းသွားရာလမ်းကို လိုက်ကြည့်နေသည်။
“စိုးရိမ်မနေနဲ့ ထွန်းရင်...မြန့စ် က ကားမောင်းကျွမ်းပြီးသား..ကားမောင်းကျွမ်း ရုံတင်မကဘူး..ရိုင်ဖယ်ကို ဘယ်ဘက်လက်နဲ့ ပစ်ရင် ပျံနေတဲ့ ငှက်တောင်ထိ တယ်ကွ..ဒီနယ်မှာ တန်ခိုးအကြီးဆုံး ခါးပြဗိုလ် ဝါဆို ဝါပို ဆိုတာ သူ့အကိုတွေ ပေါ့...သူလည်း ဆယ့်ခြောက်နှစ်သမီးထဲက မန္တလေးမှာ ငါတို့နဲ့ခါးပြလိုက် တိုက်နေတာ”
ချစ်ညီနှင့် ဇော်မိုက်က တစ်ယောကျ်ားနှာတစ်ယောက်ကြည့်ပြီး ပခုံးတွန့်လိုက် ကြတော့သည်။
.....
“ရော့..ဒီမှာ..ကျွန်တော်တို့ ရွန်ကုန်ကနေ နောင်ချိုအထိ တပင်တပန်းပို့ခဲ့ကြရတဲ့ လော်ရီကားထဲက အရေးကြီးပစ္စည်းတွေ..ခင်ဗျားအတွက်လက်ဆောင်တစ်ခုနှုတ် လာခဲ့တယ်”
စိန်ခါးမြောင်က ဆိုင်ထဲဝင်ဝင်လာချင်း ဂန္ဓမာကို ပစ်ပေးလိုက်သဖြင့် ဂန္ဓမာက ဖမ်းယူလိုက်သည်။
ထို့နောက် စက္ကူပတ်ကိုခွာကြည့်လိုက်၏။
“ဟင်”
အထဲက ပစ္စည်းကြောင့် ဘေးနားတွင်ထိုင်နေသော မသောင်းပါ ပြုံးစိစိဖြစ်သွား သည်။
“ဆပ်ပြာတောင့်ကြီးပါလား”
“ခင်ဗျားလူတွေက ကျွန်တော်တို့ကို ဆပ်ပြာတောင့်တွေပို့ခိုင်းပြီး...ဒေါ်လာတစ် သိန်းပေးနေတာပါလား..ကိုဂန္ဓမာရဲ့..ဘယ့်နှယ့်တုန်း”
ချောရင် ဂန္ဓမာသောင်းရီ လက်မှဆပ်ပြာတောင့်ကို ယူလိုက်သည်။
ထို့နောက် ဆိုင်ရှေ့ရှိ မြောင်းပေါက်သို့ ပစ်ချလိုက်သည်။
“ဟုတ်တယ်..ဦးလေး..ကျွန်မတို့ရဲ့ သစ္စာရှိမှုကို ဟိုဘက်က စာမေးပွဲစစ်တာ ပဲ..ရှင် ဘာလို့ သူတို့ ကုန်ပစ္စည်းကိုလှန်ကြည့်ရတာလဲ”
“ကြည့်စရာမလိုပါဘူး..ဘာတွေတင်ခဲ့လဲဆိုတာ ငါကြိုသိပြီးသားပဲ..ကလေးမ ရဲ့..အခုက နင်တို့ ကိုဂန္ဓမာကြီးကို ယူလာပြတာ.အဟေး..ဟွ့ ဘယ်လိုလဲ ကို ဂန္ဓမာ ကျွန်တော်မပြောခဲ့ဖူးလား..ဘာမှ တန်ဖိုးမရှိတဲ့ ပစ္စည်းတွေပို့ခိုင်းလိုက်ပါ တယ်ဆိုတာ”

ချောရင်က ဂန္ဓမာသောင်းရီကို ကြဲည့်ကာ ခေါင်းညိတ်ပြဲလိုက်သည်။
“ဦးလေး..ဒီကိစ္စဒီမှာတင် ပြီးလိုက်တော့..သူတို့ဘက်က ကျွန်မတို့ကို စာမေးပွဲစစ်တာ..ဘာပဲဖြစ်ဖြစ် ကျွန်မတို့ စာမေးပွဲအောင်သွားပြီ...ဒီဆပ်ပြာတုံးကိစ္စလည်း မသိချင်ယောင်ဆောင်ပေးနေလိုက်ပါ..မကြာခင် လုပ်ငန်းသေချာပေါက်စတော့မှာပဲ”
“ဟုတ်ပါတယ်လေ...နင်တို့နဲ့အလုပ်လုပ်တဲ့လူကလူတော်ပါပဲ...ဘာလို့လဲဆိုတော့ သူလည်း ဘယ်သူ့ကိုမှ မယုံတတ်လို့ပဲ..ငါကလည်း အဲ့ဒီလိုမျိုးမှ သဘောကျသဟော့”
စိန်ခါးမြောင်က ခေါက်ဆွဲကြော်တစ်ပွဲ ပါဆယ်မှာပြီးနောက် ဂျစ်ကားဖြင့် ပြန်ထွက်သွားသည်။
နောက်တစ်နေ့တွင် အလိန် “သောင်း”ဘားသို့ ရောက်လာသည်။
ပစ္စည်းများချောမွေ့စွာရောက်သဖြင့် နောက်ထပ်စရံငွေ ဒေါ်လာတစ်သောင်းထပ်မံပေးသွားသည်။
“မင်းတို့ အောင်မြင်တယ်...ဂန္ဓမာ...ငါ ဟောင်ကောင်ကိုကြေးနန်းရိုက်လိုက်ပြီးပြီ...ဇွန်လ ၇ ရက်နေ့ညမှာ လောရီကား သုံးစီးစာပစ္စည်းတွေအပြီးပို့မယ်..အဲ့ဒီညမှာပဲ မင်းတို့ကို ငါငွေအပြတ်ချေမယ်..ဒါပြီးရင်မင်းတို့နဲ့ ငါတို့ကိစ္စပြီးပြီ”
အလိန်၏ ကားက သောင်းဘားရှေ့မှ မောင်းထွက်သွားသည်။
မရှေ့မနှောင်းပင် အလိန်၏ ကားနောက် မလှမ်းမကမ်းမှ ကားတစ်စီးက လိုက်လာ၏။
ကားပေါ်တွင် ပါလာသူကား ဝင်းမောင်နှင့် မောင်တင်။
အလိန်၏ ကားက သူငှားရမ်းနေထိုင်သည့် အခန်းရှေ့တွင် ရပ်သွားသည်။
ထို့နောက် မကြာမီ အလိန်ပြန်ဆင်းလာပြီး ကားပေါ်တက်ကာ ထွက်သွားသည်။
“ဒီညတော့အဘိုးကြီး မာကျောက်ဝိုင်းကိုသွားဆော့တာပဲ..မိုးလင်းလောက်တယ်...သူ့ဂိုထောင်ထဲ ငါတို့ ဝင်ကြမယ် မောင်တင်”
.....
စိန်ခါးမြောင်က လက်ထဲတွင်ရှိသော လေးထောင့်ရှည်မျောမျောအတုံးကို ကိုင်ကြည့်သည်။
“ဂိုထောင်ထဲမှာ ဒါတွေချည်းပဲလား....ဝင်းမောင်”
“ဟုတ်တယ်..ဆရာကြီး...ကျွန်တော်လည်း ဂိုထောင်ထဲက သေတ္တာတစ်ခုကို လက်ရာမပျက်အသာနှိုက်ကြည့်တာ..ဆပ်ပြာတောင့်ပဲထွက်လာတယ်..အများ

ကြီးယူလာရင်လည်း သိသာသွားမှာစိုးလို့”
စိန်ခါးမြောင်က လက်ထဲမှ ဆပ်ပြာတုံးကိုနမ်းကြည့်လိုက်သည်။
“အင်း.တရုတ်ဖြူကောင်တွေ ချေးတွန်းဖို့ ဆပ်ပြာတောင့်တွေပို့ပေးရုံနဲ့ေတာ့
ဒေါ်လာတစ်သိန်း ဘယ်သူမှမပေးဘူး..တခုခုတော့ လွဲနေပြီ”
……
……
……

အခန်း(၃၃)

၁၉၅၇ ဇွန်လ ၄ ရက်။ နာရီပြန် ၂ ချက်။

မိုးတဖွဲဖွဲအောက်တွင် ရန်ကုန်လမ်းမများအားလုံး တိတ်ဆိတ်ငြိမ်သက်လျက်။

ရေကျော်ရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂၀၄)တွင်ရှိသော မစိန်ညွန့်ဆေးလိပ်ခုံတိုက်နဘေးသို့ လူသုံးဦးချဉ်းကပ်လာသည်။

မစိန်ညွန့်ဆေးလိပ်ခုံသည် ရန်ကုန်မြို့၏ နာမည်ကျော်ဆေးလိပ်ခုံလုပ်ငန်းကြီးတစ်ခုဖြစ်သည်။

ဆေးလိပ်သမပေါင်းထောင်ချီရှိပြီး လွတ်လပ်ရေးကာလသပိတ်တိုက်ပွဲများတွင် အရေးပါသည့်နေရာမှလည်း အကြိမ်ကြိမ်ပါဝင်ခဲ့သည့်လုပ်ငန်းကြီးဖြစ်သည်။

ဆေးလိပ်ခုံပိုင်ရှင်ဖြစ်သူ မစိန်ညွန့်၏ နေအိမ်မှာ လေးပင်သုံးခန်းသွပ်မိုးပျဉ်ထောင်နှစ်ထပ်အိမ်ဖြစ်သည်။

မစိန်ညွန့်နှင့် ညီမဖြစ်သူမသန်းတင်၊ မိခင်ဖြစ်သူ ဒေါ်အေးဆင့်တို့ မိန်းမသားများသာနေထိုင်သည့်အတွက် ဆေးလိပ်ခုံအလုပ်သမားများ၊ အလုပ်သမများကို အစောင့်အဖြစ်ခေါ်ထားသည်။

သို့သော်ငြား နာရီပြန် ၂ ချက်မို့ မိုးကလေးအေးအေးတွင် အားလုံး ကွေးနေကြ၏။

အိမ်နားသို့ လူသုံးယောက်ကပ်လာသော်လည်း မည်သူမျှ သတိမထားမိကြ။

ယခင်က အိမ်စောင့်ခွေးကြီးတစ်ကောင်ရှိခဲ့သော်လည်း လွန်ခဲ့သော တပတ်ကပင် ထိုခွေးကြီးမှာ အဆိပ်မိပြီး သေသွားပြီဖြစ်သည်။

အိမ်အနီးသရက်ပင်မှတဆင့် မိုးရေဆင်းပိုက်လုံးအတိုင်း လူသုံးဦး တွယ်ဖက်ကာ အိမ်အပေါ်ထပ်သို့ တက်ကြသည်။

ထို့နောက် အပေါ်ထပ်ဝရံတာသို့ ရောက်သောအခါ တံခါးမကြီးသုံးပေါက်အနက် ညာဘက်အစွန်ဆုံးမှ ပျဉ်တံခါးအား သံတူးရွင်းဖွင့် ကလပ်ဖွင့်လိုက်၏။

အပေါ်ထပ်အိမ်ရှေ့ခန်းတွင် မစိန်ညွန့်၏ ဆွေမျိုးနီးစပ်များဖြစ်သော ဒေါ်ပု၊ ဒေါ်ငယ်၊ အိမ်ဖော်မထွေးရီ တို့ အိပ်နေကြသည်။

မျက်နှာတွင် လက်ကိုင်ပုဝါအဖြူစည်းထားပြီး ငွေရောင်ခြောက်လုံးပြူးကို ကိုင်ထားသောသူက အိမ်ရှေ့တွင် အိပ်နေကြသော မိန်းမတစ်သိုက်ကို နှိုးလိုက်သည်။

ထို့နောက် အသံမထွက်ရန် ပါးစပ်များတွင် အဝတ်များစို့လိုက်ပြီး အသင့်ပါလာသည့် လေထီးကြိုးနှင့် တုပ်နှောင်လိုက်သည်။
ထို့နောက်အိပ်ခန်းများအတွင်းသို့ ဝင်ပြီး မစိန်ညွန့်၏ မိခင် ဒေါ်အေးဆင့် နှင့် ညီမဖြစ်သူ မသန်းတင်တို့ကို ခေါ်ထုတ်ကာ လေထီးကြိုးဖြင့် တုပ်လိုက်၏။
ထို့နောက် ဓါးမြောင်ကိုင်ထားသူက အမျိုးသမီးများအား စောင့်ကြပ်နေစဉ် သေနတ်ကိုင်ထားသူနှင့် ဓါးရှည်ကိုင်ထားသူတို့က အောက်ထပ်သို့ ဆင်းသွားကြသည်။
အောက်ထပ်တွင် အလုပ်သမား မောင်သိန်းမောင်၊မောင်လှငွေ၊မောင်လေးမောင်တို့ အိပ်နေကြသည်။
ထိုသူများကိုလည်း သေနတ်ဖြင့် ချိန်နှိုးပြီး ကြိုးဖြင့်တုပ်ကာ အပေါ်ထပ်သို့ ခေါ်ခဲ့သည်။
ထို့နောက် အားလုံးကို ခြင်ထောင်ဖြင့် အုပ်လိုက်သည်။
“အခု ဓါးပြတိုက်နေတာနော်..တစ်ယောကျ်မှ မလှုပ်နဲ့ လှုပ်တဲ့သူပစ်မှာ..ဘယ်မလဲမီးခံသေတ္တာသော့..ပေး”
ဓါးပြတစ်ဦးက မစိန်ညွန့်၏ မိခင် ပါးစပ်မှ အဝတ်ကို ထုတ်ပေးပြီး ပြောလိုက်သည်။
“ကျွန်မသမီး မစိန်ညွန့်ဆီမှာပါ...ကျွန်မတို့မှာ မရှိပါဘူး”
“မစိန်ညွန့် ဘယ်မှာလဲ”
“မသိပါဘူးရှင်”
ဓါးပြသုံးဦး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။
ဓါးမြောင်ကိုင်ထားသူက အနောက်ဖေးဘက်သို့ အသာဝင်သွားသည်။
အိမ်သာကား မှောင်နေ၏။
အိမ်သာတံခါးကို အသာဆွဲဖွင့်ကြည့်သည်။ အထဲမှ ဂျက်ထိုးထား၏။
“အစ်မကြီး...အိမ်သာတက်ချင်တယ်ဆိုလည်း တက်ပါ....တဆိတ်လောက် ကျေးဇူးပြုပြီး မီးခံသေတ္တာသော့လေး ပေးပါလား”
တံခါးကို သုံးချက်ခေါက်လိုက်သည်။အိမ်သာက ငြိမ်သက်လျက်။
“အချိန်တွေကြာတယ်..အမကြီး..အပြင်ကလူတွေ..တစ်ခုခုဖြစ်ကုန်မယ်နော်”
ဂျက်ဖွင့်သံနှင့်အတူ အိမ်သာတံခါးပွင့်လာသည်။
မစိန်ညွန့်၏ လည်ပင်းကို ဓါးမြောင်က ထောက်ထားပြီးသားဖြစ်သွား၏။

မစိန်ညွန့်က အတွင်းခံအင်္ကျီအိတ်ထဲမှ မီးခံသေတ္တာသော့ကို ထုတ်ပေးလိုက်သည်။

အပြင်သို့ရောက်လာပြီးနောက် မစိန်ညွန့်ကို လက်ပြန်ကြိုးတုပ်လိုက်၏။

မီးခံသေတ္တာကို ဖွင့်ကာ ငွေသားနှင့် ရွှေထည်ပစ္စည်းများကို အမျိုးအစားစိတ်ရှည်လက်ရှည်ခွဲကာ အိတ်များထဲသို့ ထည့်ကြသည်။

အိတ်များကို အမတွင် ဓါးရှည်ကိုင်ဓါးပြ၏ မျက်နှာမှ ပဝါအဖြူစမှာ လျော့ကနဲ အောက်သို့ ပြေကျသွား၏။

“ဟေ့ကောင်..ဂရုစိုက်လေကွာ..”

ခေါင်းဆောင်ဖြစ်သူက ဟန့်လိုက်သည်။

ထို့နောက် ဓါးပြသုံးဦးမှာ အိမ်အောက်ထပ် တံခါးမှ ဂျက်ကို ဖွင့်ကာ အေးအေးဆေးဆေးပင် ထွက်ခွာသွားကြတော့သည်။

မစိန်ညွန့်ဆေးလိပ်ခုံမှ စိန်အလုံးရေ ၁၀၀ ပါရှိသော စိန်ဘယက်တစ်ကုံး၊ စိန်၁၅ လုံးပါ စိန်လည်ကပ်နှစ်ကုံး၊ စိန် ၅၀ ပါ စိန်ဆွဲကြိုးတစ်ကုံး၊ ၁၂ ရတီရှိ စိန်နားကပ်တစ်ရံ၊ ၅ ရတီရှိ စိန်နားကပ်တစ်ရံ၊ စိန်လက်ကောက်လေးကွင်း၊ စိန်အလုံး ၅၀ နှင့် မြ ၁၆ လုံးပါလက်ကောက်တစ်ကွင်း၊ စိန် ၆၁လုံးပါ စိန်လက်ပတ်ကြိုးတစ်ခု၊ ၄၅ ရတီရှိ စိန်ကြယ်သီး ငါးလုံး၊ စိန်လက်စွပ်နှစ်ကွင်း၊ စိန်ဘီးကုပ်၊ စိန်ကြယ်သီးကွင်းငါးခု၊ သုံးကျပ်သားရွှေဘီး၊ ဒေါ်သန်းတင်တွင်ဝတ်ဆင်ထားသော စိန်ဆွဲကြိုး၊ စိန်လက်ကောက်၊ စိန်နားကပ်၊စိန်လက်စွပ်နှင့် ငွေကျပ်တစ်သိန်းကျော်ပါရှိသည်။

စုစုပေါင်း ငွေကျပ်ခုနှစ်သိန်းဖို့ လုယက်မှုသည် ထိုခေတ်ကာလက အများဆုံးပမာဏဖြစ်သည်။

(ထိုခေတ်က ငွေတစ်သိန်းလျှင် ပြည်လမ်းပေါ်တွင် ခြံကျယ်ကြီးနှင့် တိုက်အိမ်သစ်တစ်လုံး ဝယ်ယူနိုင်သဖြင့် ပြည်လမ်းမပေါ်မှ အိမ်ခြံခုနှစ်လုံးစာတန်ဖိုးခါးပြတိုက်ယူသွားခြင်းဖြစ်သည်)

နောက်တနေ့တွင် မစိန်ညွန့်အိမ် ဓါးပြတိုက်ခံရသည့်သတင်းကား သတင်းစာများတွင် ခေါင်းကြီးစာလုံမကြီးများ ဖြင့် အပြိုင်အဆိုင်ပါရှိလာကြသည်။

ထိုစဉ်က ဒုတိယဝန်ကြီးချုပ်ဖြစ်သော ဦးကျော်ငြိမ်း၏ ဇနီးဒေါ်နွဲ့နွဲ့ရီ၊ ဝန်ကြီးသခင်သာခင် နှင့် အစိုးရအဖွဲ့ဝင်များ ပင် မစိန်ညွန့်အိမ်သို့ ရောက်ရှိလာကာ သတင်းမေးကြသည်။

ရဲတပ်ဖွဲ့ဝင်များအတွက်လည်း မစိန်ညွန့်ဆေးလိပ်ခုံဓါးပြမှုသည် အကြီးမားဆုံးဖိအားကြီးဖြစ်လာခဲ့သည်။

.....

မစိန်ညွန့်ဆေးလိပ်ခုံခါးပြမှုမဖြစ်ပွားမီ တစ်လအလို ၁၉၅၇ မေလ ၂ ရက်နေ့တွင် ရန်ကုန်မြို့၏ အကြီးကျယ်ဆုံး မြို့လယ်ခေါင်ခါးပြမှုကြီးကို စိန်ခါးမြောင်မှ ဦးဆောင်ကာ အစီအစဉ်ချခဲ့ခြင်းဖြစ်သည်။

ဇွန်လ ၇ ရက်နေ့တွင် အလိန်၏ပစ္စည်းများအား အပြီးသတ်ပို့ဆောင်တော့မည်ဟု ဂန္ဓမာသောင်းရိုက စိန်ခါးမြောင်ထံ အကြောင်းကြားခဲ့သည်။

နောက်ထပ် ဒေါ်လာငါးေထာင်ကိုပါ ထပ်မံပေးခဲ့သည်။ ကျန်ငွေကို ပစ္စည်းပို့ပြီးမှ ပေးမည်ဟု ဆိုသည်။

ထိုညနေတွင် စိန်ခါးမြောင်က ရန်ကုန်မြို့ပေါ် ရှိ သူလက်ရွေးစင်လူများကို အစည်းအဝေးခေါ်လိုက်သည်။

“မကြာခင်မှာ ငါအလုပ်ကြီးကြီးတစ်ခုလုပ်ပြီး လူမြင်ကွင်းကနေ နှစ်နှစ်လောက် ကိုယ်ယောင်ဖျောက်နေမယ်၊ ငါဘယ်မှာ ရှိနေမယ်ဆိုတာ မင်းတို့ လူရင်းတွေကိုပဲ ငါပြောခဲ့မယ်၊ဒီကြားထဲမှာ မင်းတို့အဆင်ပြေအောင် ငါ အစီအစဉ်တစ်ခုဆွဲထားတယ်”

အားလုံးက စိန်ခါးမြောင်ထံမှ စကားကို နားထောင်နေကြသည်။

“အနှင်း ရောလေးအိပ်တဲ့ ခေါင်းအုံး သွားယူခဲ့”

အနှင်းက အောက်ထပ်သို့ ဆင်းသွားပြီး ရောလေးအိပ်သည့်ခေါင်းအုံးကို ယူခဲ့သည်။

ကလေးအိပ်သည့်ခေါင်းအုံးဖြစ်သဖြင့် ခေါင်းအုံးမှာ ချေးအထပ်ထပ်ညစ်ပတ်နေသည်။

စိန်ခါးမြောင်က ခါးမြောင်တစ်ချောင်းကိုထုတ်လိုက်ပြီး ခေါင်းအုံးကို ခွဲချလိုက်သည်။

ခေါင်းအုံးထဲမှ ရွှေထည်များထွက်လာ၏။

“ခါလေး..ဒီအစည်းအဝေးမှာ တက်တဲ့လူစာရင်းအတိုင်း ဒီရွှေတွေကို ပုံလိုက်”

ဆရာတင်၊ အနှင်း၊ ဝင်းမောင်၊ မောင်တင်၊ သန်းအောင်၊ ထွန်းခင် ဟု အမည်များရွတ်ကာ ခါလေးက ခြောက်ပုံပုံလိုက်သည်။

“ခါလေး..မင်းကရော”

“ကျွန်တော်က ဆရာကြီးဘယ်သွားသွားလိုက်မှာပါ..မလိုပါဘူး”

စိန်ခါးမြောင်က ခါလေးကို ကြည့်ပြီးရယ်လိုက်သည်။

“ဘာလဲမင်းက အနှင်းကို ငါက ထွန်းရင်ဆီ သွားသွားခိုင်းနေလို့ စိတ်ခုတယ် ပေါ့.အလုပ်သဘောပါကွာ..ဒါလည်း ပြီးပါပြီ...ကဲ..မမြကြည်...မနက်ဖြန်ကျရင် ခါလေးနဲ့ အနှင်းကို မန္တလေးမှာ ဝယ်ပေးထားတဲ့ အိမ်သော့ပေးလိုက်တော့...မင်း တို့ကို ငါလက်ဖွဲ့တာ”

“ဗျာ..ဆရာကြီး”

“ကဲ..မင်းကိစ္စ ခဏထားကွာ...ကဲ ခါလေး..တစ်ယောက်တစ်ပုံစီ ဝေပေးလိုက်”

ရွှေထည်များကို ဝေပေးလိုက်သည်။

“ငါတို့ နှစ်နှစ်လောက် ကိုယ်ယောင်ဖျောက်မှုဖြစ်တဲ့အတွက် ဒီလောက်ပစ္စည်းနဲ့ တော့ မလုံလောက်ဘူး...ပြီးတော့ ငါ့အတွက်လည်း ငွေလိုတယ်...အခု ငါလက်ခံ ထားတဲ့အလုပ်ကို မင်းတို့သိသင့်သလောက်တော့သိမှာပါ..အဲ့ဒီအလုပ် က သူတို့ ပြောတဲ့ငွေအမောင့်ရဖို့ထက် ငါ့ကိုသတ်ချင်လို့ မှားတာလို့ပဲ ငါမြင် တယ်...အစိုးရရဲ့ထောင်ချောက်လား..ဂန္ဓမာသောင်းရီရဲ့ ထောင်ချောက်လားတော့ ငါမသိဘူး.ဒီပဲက သူသေကိုယ်သေအကောက်ကြံကြမယ့်ပွဲ.သေမြေကြီးရှင် ရွှေထီးပဲ..ဒီပွဲမှာ နိုင်နိုင်ရှုံးရှုံး ငါတို့ဆက်နေလည်း ငါတို့ကို သခင်နုဘက်ကရော ဆိုရှယ်လစ်တွေကရော ဒီအတိုင်းထားမယ်မထင်ဘူး..သတ်ရင်သတ် မသတ်ရင် ထောင်ထဲပို့မှာပဲ..ဒီတော့ ငါက အားလုံးနဲ့ဝေးရာကို သွားပြီး ခဏခြေရာဖျောက် နေမယ်..ငါမသွားခင်...ငါတို့ နောက်ဆုံးဘိတ် အချိုကြီးတစ်ပွဲနဲ့ကြမယ်”

စိန်ခါးမြောင်က သတင်းစာတစ်စောင်ကို ယူကာ ဝင်းမောင်ရှေ့သို့ ပစ်ချပေးလိုက် သည်။

“ဝင်းမောင်..မင်း မစိန်ညွန့်ဆေးလိပ်ခုံကိုသိလား”

“သိပါတယ်..ဆရာကြီး”

“ဒီထဲမှာ မစိန်ညွန့်ဆေးပေါ့လိပ်အတု လုပ်တဲ့လူတွေကို စုံစမ်းပေးရင် ဆုငွေပေး မယ်လို့ ကြေညာထားတယ်”

“ဟုတ်ကဲ့..အတုလုပ်တဲ့အိမ်တွေကိုတော့ သန်းအောင်သိပါတယ်..သူတို့တွံေတး ဘက္မာလုပ်တာ”

“အေး..ဟုတ်ပြီ..မင်းနဲ့သန်းအောင်က မစိန်ညွန့်အိမ်ကိုဝင် အတုလုပ်တဲ့အိမ်တွေ ကို သတင်းပေးပြီး ရင်းနှီးအောင်လုပ်..ပြီးရင် အိမ်အဝင်အထွက်လမ်းတွေ သေချာမှတ်....အိမ်မှာနေတဲ့ လူဦးရေ သေချာမှတ်...ခွေးတွေဘာတွေရှိရင်လည်း ဘယ်နှစ်ကောင်လဲသေချာစာရင်းလုပ်ကြ”

“ဟုတ်ကဲ့..ဆရာကြီး”

“ဇွန်လ ၄ ရက်နေ့ည ၈ နာရီမှာ ဝင်းမောင်၊ မောင်တင်၊ သန်းအောင်က ငါ့အိမ်ကို လာခဲ့..အိမ်မှာ နတ်ပြကြမယ်..ငါက ခြောက်လုံးပြူးတစ်လက်ပေးလိုက်မယ်..ပြီးရင် မင်းတို့ ရေကျောက် .ဇော် ရုပ်ရှင်ရုံမှာ ညကိုးနာရီခွဲပဲကို မင်းတို့သုံးယောက် ဝင်ကြည့်နေ...ရုပ်ရှင်က ဆယ့်တစ်နာရီခွဲလောက်ပြီးလိမ့်မယ်..ပြီးတာနဲ့ မစိန်ညွန့်အိမ်နားကို ညနှစ်နာရီမထိုးခင်အရောက်သွား...ငါအစီအစဉ်ဆွဲပေးတဲ့အတိုင်း ဝင်တိုက်ရမယ်။ ပြီးရင် ငါ့အိမ်ကိုတန်းလာကြ။ မင်းတို့ကို ရသင့်တဲ့ဝေစုခွဲပေးမယ်။ ပြီးရင် နောက်နေ့မှာ ပခုက္ကူကို ငါတန်းတက်တော့မှာ...ဒီကိစ္စပြီးရင်..မင်းတို့အားလုံးလည်း လူစုခွဲတော့”

“ဆရာကြီး ကျွန်တော်လည်းလိုက်မယ်လေ”

“မင်းအတွက်ကအလုပ်ရှိတယ်ခါလေး....ငါက ဆရာတင်နဲ့သွားမှာ..ပခုက္ကူက ဆေးဆရာတွေဖိတ်ထားတဲ့ပွဲကိုလည်းသွားရမယ်..ပြီးတော့ ငါ့ညီမဝမ်းကွဲ မရွှေသန်းအလှူအိမ်မှာ ငါတည်းနေမယ်..ဇွန် ၈ ရက်နေ့မှာ ငါတို့အလုပ်က အဖြေထွက်မှာပဲ...ငါက ပခုက္ကူကနေပြီး ဂန္ဓမာသောင်းရိုးတို့ကို ဆိုရှယ်လစ်စစ်ဗိုလ်တွေလမ်းမှာ ဘယ်လိုဖမ်းလဲဆိုတာ အခြေအနေစောင့်နေမယ်..မင်းက ဒီမှာပဲ ဟန်မပျက်နေပြီး မြကြည်နှင့် အနှင်းကို စောင့်ရှောက်ထား. ငါ့အိမ်မှာရှိတဲ့လက်နက်တွေအကုန်လုံးကို ငန်းနက်ဆီ ပြန်ပို့ဖို့ ထွန်းခင်နဲ့ မရင် က မနက်ဖန်ကစပြီးလုပ်တော့..ဇွန် ၉ ရက် မှာ ငါသံကြိုးရိုက်လိုက်တာနဲ့ မင်းတို့ မန္တလေးက ငါဝယ်ပေးထားတဲ့ အိမ်ကို တက်လာကြ..ပြီးရင် ငါတို့ ဘယ်ဆက်သွားကြမယ်ဆိုတာ ဟိုရောက်မှပြောမယ်”

“ဟုတ်ကဲ့..ဆရာကြီး”

.....

ရဲတပ်ဖွဲ့သည် ထိုအမှုကို ကျစ်ကျစ်လျစ်လျစ် ဖိဖိစီစီးလိုက်သည်။

မြို့လယ်ခေါင်တွင် သိန်းပေါင်းများစွာတို့က်သွားသော ဓါးပြမှုဖြစ်သဖြင့် ရန်ကုန်ရဲအဖွဲ့အတွက် သိက္ခာကျစရာဖြစ်ခဲ့သည်။

မြို့မစုံထောက်အဖွဲ့ကပါ အမှုပေါ်ပေါက်ရန် အသည်းအသန်းကြိုးစားလာသည်။

ရဲတပ်ဖွဲ့ကား ရန်ကုန်နှင့် အနီးတဝိုက်ပဲခူး၊ သန်လျင်စသောမြို့များသို့ပင် လိုက်လံစုံစမ်းကြ၏။

သို့သော်သတင်းအစနပင်မရ။

ဓါးပြမှုကြီးအား အစီအစဉ်ချမှတ်ခဲ့သူ စိန်ဓါးမြောင်ကား ပခုက္ကူသို့ပင် ထွက်ခွာသွားပြီဖြစ်သည်။

ဓါးပြမှုဖြစ်ပြီး နှစ်ရက်အကြာ ဇွန်လ ၆ ရက်။

ရန်ကုန်မြို့ အလယ်ပိုင်း ရဲဝန်ထောက်ဦးဘဟန် ၏ အိမ်သို့ စာတစ်စောင် ရောက်လာသည်။

ထိုစာအား ဦးဘဟန်ဇနီးက စုံထောက်ရုံးသို့ လိုက်ပေး၏။

စာကိုဖွင့်ဖောက်ဖတ်ပြီးသည့်အခါ ဦးဘဟန်က ရဲမင်းကြီးဦးဘိုထံ ချက်ချင်းဖုန်း ခေါ်လိုက်သည်။

ထို့နောက်မကြာမီ ရဲဝန်ထောက်ဦးဘဟန်၊ ဗိုလ်တစ်ထောင်ရဲဌာနအုပ်ဦးကျော်ဖေ၊ ကျောက်တံတားရဲဌာနအုပ် ဦးမြမောင်၊ အလယ်ပိုင်းရဲတပ်ဖွဲ့ဒုစုရဲကန့်မိန်နင်း ရေးအဖွဲ့ခေါင်းဆောင်ဦးဘကျင်တို့ ဦးဆောင်သော ရဲအင်အားများသည် မော်တော်များဖြင် တံတေားဘက်သို့ ထွက်ခွာသွားကြတော့သည်။

မကြာမီ ရဲတပ်ဖွဲ့ဝင်များသည် မစိန်ည့ွန့်ခါးပြမှုတွင် ပါဝင်သော ယူနွတ်ခေါ် သန်းအောင်ကို တုံတေးမြို့၊ အုန်းတောရပ်၊ ကုလားတန်း ရှိ သူ၏ ဇနီးလောင်း မသန်းကြည်အိမ်တွင် ဖမ်းဆီးမိခဲ့ကြသည်။

သန်းအောင်နှင့် ဇနီးမသန်းကြည်တို့ကို ရဲတပ်ဖွဲ့မှ ဖမ်းဆီးလာပြီးနောက် ရန်ကုန်သို့ ခေါ်မလာပဲ ရန်ကုန်မြစ်ထဲရှိ မော်တော်တစ်စင်းပေါ်တွင် ချုပ်နှောင်ကာ ရန်ကုန်ဒုတိယရဲမင်းကြီး ဦးသန်းကိုယ်တိုင် စစ်ကြောမေးမြန်းလေသည်။

ည ၇ နာရီခွဲတွင် ရန်ကုန်တိုင်းရဲမင်းကြီးဦးဘို ကိုယ်တိုင် အမှုစစ်မော်တော်ရှိရာသို့ သီးသန့်မော်တော်တစ်စင်းဖြင့် ထပ်ရောက်လာတော့သည်။

သူတို့အဓိကသိချင်သည်ကား ခါးပြမှု ဆိုသည်ထက် စိန်ခါးမြောင် မည်သည့် နေရာတွင်ရှိသည်ဆိုသည့် သတင်းစကားပင်တည်း။

.....

ထိုနေ့ည နေတွင်ပင် “သောင်း”ဘားအပေါ်ထပ်တွင် ဂန္ဓမာသောင်းရီ၊ မသောင်း၊ ချောရင်၊ထွန်းရင်၊ ချစ်ညို၊ ဇော်မိုက်တို့ ဆိုင်ပိတ်ပြီး အစည်းအဝေးလုပ်ကြသည်။

“လော်ရီကားတွေ သုံးစီးကို မောင်းဖို့ မင်းစီစဉ်ထားပြီးပြီလား ထွန်းရင်”

“ဟုတ်ကဲ့..ကျွန်တော်နဲ့ချစ်ညို၊ ဇော်မိုက်တို့ မောင်းမှာပါ”

“ဟိုထမင်းဆိုင်မှာ စိန်ခါးမြောင်ကို လက်ထဲကို ကားတွေလွဲပြီးတာနဲ့ မင်းတို့က နောက်ကလိုက်လာမယ့် ပျူစောထီးတပ်တွေကိုစောင့်၊ ရွှေရွာတွေမှာ စစ်ရန်နဲ့ပျူစောထီးပူးပေါင်းအဖွဲ့တွေက အဲဒီကားတွေကို တားထားလိမ့်မယ်၊ ပျူစောထီးအဖွဲ့တွေ ထမင်းဆိုင်ကို လာဝိုင်းပြီးတာနဲ့ မင်းတို့က စိန်ခါးမြောင်ကို အဲဒီမှာတင် အသေပစ်သတ်လိုက်တော့..ဟုတ်ပြီလား..ဂရုစိုက်ရမယ်နော်”

“ဟုတ်ကဲ့.ကိုဂန္ဓမာ”

“ချောရင် သဘော်ဘားပြီးပြီလား”

“သဘော်လည်း အဆင်သင့်ပါပဲ... ဗိုလ်မောင်မောင်နဲ့ အတူတူ မြစ်ဝက စစ်သဘော်ကိုလည်း ပိုက်ဆံပေးပြီး ညှိပြီးပါပြီ..အဲ့ဒီညတန်းတက်ရုံပါပဲ”
“ဟုတ်ပြီ..ငါနဲ့ မသောင်းက အလိန်ဆီက ငွေရှိုးတာနဲ့..သဘော်နဲ့ မြိတ်ဘက် ဘက် ထွက်မယ်..ဗိုလ်မောင်မောင်က ကမ်းခြေစောင့်ရေတပ်ကို ငွေပေးပြီး ညှိထားပြီးသားပဲ....စံဘ အယူခံအမိန့်က နောက်တစ်လ စီရင်ချက်ကျမယ်..ချောရင့်ကို ငါ ဒေါ်လာတစ်သောင်းပေးခဲ့မယ်..သခင်နှလုံးတွေကိုလည်း ငါသေချာပြောခဲ့ပြီးပြီ..အဲ့ဒီငွေတွေသုံးလိုက်ရင် စံဘသေချာပေါက်လွတ်ပြီ..ချောရင်...စံဘ လွတ်တာနဲ့ နင်နဲ့ထွန်းရင်က မြိတ်ကို လိုက်လာကြ...ငါတို့ ပီနန်းဘက် တန်းထွက်တော့မယ်”
“မသောင်းက ပီနန်းက ဟူစိန်ကြီးဆီ သံကြိုးရိုက်ပြီးပြီလား”
“သူ့ဆီက သံကြိုးစာတောင် ပြန်ရပြီးပြီ..အားလုံးအဆင်သင့်လုပ်ပေးထားမယ် တဲ့...အကို”
ထိုအချိန်တွင် ဆိုင်ရှေ့မှ ကားတစ်စီးဆိုက်လာသံကြားရသည်။
“ဇော်မိုက်..တံခါးသွားဖွင့်ပြီး..အသာကြည့်..လူစိမ်းဆို အဝင်မခံနဲ့..ရဲတို့ဘာတို့ဆို ပစ်သာပစ်”
ထွန်းရင်က ဇော်မိုက်ကို ခြောက်လုံးပြူးပေးလိုက်သည်။
ခဏအကြာဇော်မိုက် ပြန်တက်လာသည်။
“ဟိုတရုတ်အဘိုးကြီး..ကိုထွန်းရင်”
“အေး...ငါတို့ဆင်းလာခဲ့မယ်..အထဲခေါ်ထားလိုက်”
ဂန္ဓမာသောင်းရီ ၊ ချောရင်နှင့် ထွန်းရင်တို့ အိမ်အောက်သို့ဆင်းလိုက်ကြသည်။
“မနက်ဖြန် ညအတွက် အဆင်သင့်ဖြစ်ကြပြီလား..သောင်းရီ”
အလိန်က ခုံတစ်လုံးတွင်ဝင်ထိုင်ရင်း မေးလိုက်သည်။
ဂန္ဓမာသောင်းရီက စီးကရက်တစ်လိပ် ကမ်းပေးလိုက်၏။
“နို့..ဒါငါ ဘိန်းရှူချိန်ကွ”
“ဘိန်းတော့ မရဘူး..ကိုအလိန်”
“အေးပါ...လောလောဆယ်..မနက်ဖန်ကိစ္စ ပြောနေတာ”
“ဟိုတခါလမ်းကြောင်းအတိုင်း ကျွန်တော်တို့ သေချာလုပ်ထားပြီးပြီ..ခင်ဗျားဘက် ကျန်တဲ့ငွေသာ”

“ငါမင်းကို ယုံတယ်..ဂန္ဓမာ...ကျန်တဲ့ငွေကို မနက်ဖန်ည မင်းတို့ ဆိပ်ကမ်းက ငါ့ဂို ထောင်ရှေ့ ရောက်တာနဲ့ ငါခိုင်းထားတဲ့ တရုတ်တစ်ယောက်က မင်းတို့လက်အပ် လိမ့်မယ်...မနက်ဖြန်မနက်ဆို ငါမြန်မာနိုင်ငံမှာ မရှိတော့ဘူး..ဟိုကို ငါတို့ ပစ္စည်း တွေချောမောစွာရောက်လိမ့်မယ်လို့ ငါယုံကြည်ပါတယ်...မဟုတ်ရင်တော့...K14 တွေ သတ်လို့မရတဲ့လူ ကမ္ဘာမှာ မရှိသေးဘူး..အင်း..သတ်ရုံတင်မဟုတ်ဘူး..မ သတ်ခင်ခံရမယ့်ငရဲတွေပါဖန်တီးပေးသေးတာ.. ဒီတော့... မင်းမသေခင်မှာ ငရဲ ဆိုတာ ဘယ်လိုလဲဆိုတဲ့ အရသာကို ဒေါ်လာတစ်သိန်းနဲ့ လဲလိုက်တယ်လို့ပဲ ငါ သတိပေးပါရစေ”

ဂန္ဓမာသောင်းရီက အလိန်ကို ပခုံးတွန့်ပြလိုက်သည်။

.....

ဇွန်လ ၇ ရက်နေ့ နံနက်လေးနာရီ။

ပုဇွန်တောင်၊ညောင်တန်လမ်း၊ အမှတ်(၃၈)နေအိမ်သို့ ရဲများရုတ်တရက်ဝင် ရောက်စီးနင်းလိုက်ကြသည်။

လက်နက်များအားလုံးကိုလည်း ငန်းနက်ဆီ အပြီးသတ်ပို့ကာ ဖျောက်ဖျက်ထား ပြီမို့ ရဲတပ်ဖွဲ့ဝင်များ အလွယ်တကူပင် ဝင်ရောက်နိုင်ခဲ့ကြသည်။

မမြကြည်၊ အနှင်းနှင့် ခါလေးတို့ကို ဖမ်းဆီးနိုင်ခဲ့သည်။

အိမ်အားရှာဖွေရာ ငွေအနည်းငယ်မျှလွဲပြီး တိုက်ရာပါမည်သည့်ပစ္စည်းမျှမတွေ့ခဲ့ ကြရသဖြင့် ရဲတပ်ဖွဲ့အကြပ်ရိုက်သွားကြသည်။

တစ်ချိန်တည်းတွင်ပင် အောက်ပုဇွန်တောင်လမ်းရှိ လှသိဂီဆံပင်ညှပ်ဆိုင်အား ဝင်ရောက်ဖမ်ဆီးရာ ရင်ရင်ကိုသာဖမ်းဆီးရမိခဲ့သည်။

ခင်ပွန်းဖြစ်သူထွန်းခင်မှာ မော်လမြိုင်ဘက်သို့ ခရီးသွားနေသဖြင့် လွတ်မြောက် သွားခဲ့သည်။

ကမ်းနားလမ်းရှိ ဝင်းမောင်၏ အိမ်သို့ ဝင်ရောက်ရှာဖွေသောအခါ ဝင်းမောင် မှာ ရဲများအား သေနတ်ဖြင့် ပစ်ခတ်ကာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ဇနီးမစိန်ရီကိုမူ ငွေတစ်သောင်းခွဲ၊ စိန်လက်ကောက်တစ်ရံ ၊ စိန်ဘယက်တစ်ကုံး နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလုံမြို့နယ်၊လွတ်လပ်ရေးကွက်သစ်အတွင်းမှ မောင်တင်နေထိုင်ရာအိမ်သို့ ဝင် ရောက်စီးနင်းရာတွင် မောင်တင်အား ဖမ်းမမိပဲ မောင်တင်၏ ညီ မောင်ကြည်နှင့် မရီတို့ကိုသာ ဖမ်းဆီးရမိခဲ့သည်။

ရဲတပ်ဖွဲ့ကား ညတွင်းချင်းပင် စိန်ခါးမြောင်ဂိုဏ်း၏ ရန်ကုန်မြို့ပေါ် ပင်မလက်တံ များကို ဖိုက်စိပ်တိုက်ရာဖွေကာ ဖမ်းဆီးပစ်ခဲ့သည်။

ထိုသတင်းကို သတင်းစာများတွင်မပါစေရန် အထူးလျှို့ဝှက်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။
သို့မဟုတ်ပါက သတင်းများကို စိန်ခါးမြောင်ဖတ်မိပြီး ခြေရာမဖျောက်သွားစေ ရန်အတွက် လျှို့ဝှက်စစ်ဆင်ရေးလုပ်ခဲ့ခြင်းဖြစ်သည်။
သခင်နုအစိုးရကလည်း စိန်ခါးမြောင်ကို ဖမ်းဆီးမိရေး အတွက် ရဲတပ်ဖွဲ့အပေါ် ဖိအားများပေးနေခဲ့သည်။
ရန်ကုန်မြို့ပေါ် ရှိ သူ၏ မိသားစုနှင့်စိန်ခါးမြောင်ဂိုဏ်းခေါင်းဆောင်များ ဖမ်းဆီးခံ ရသည့်သတင်းကို ပခုက္ကူမှ စိန်ခါးမြောင် သည် လုံးဝမသိရှိခဲ့။
ထိုအချိန်တွင် စိန်ခါးမြောင်သည် ဂန္ဓမာသောင်းရီ တို့နှင့် အချိန်းအချက်လုပ်ထား သော ထမင်းဆိုင်တွင် ဆိုရှယ်လစ်စစ်ဗိုလ်များ၏တပ်မှ စစ်သားများက ကင်းပုန်း ဝပ်ကာစောင့်မည့် အစီအစဉ်ကို ဆွဲပေးနေသည်။
တရုတ်ဖြူတိုထံပို့မည့် ပစ္စည်းကားနှင့်အတူ ဂန္ဓမာသောင်းရီကို လက်ရဖမ်းရန် အတွက် မြန်စ် နှင့် အတူ ဝါဆို၊ ဝါပို့ ညီအစ်ကိုအဖွဲ့က တပ်နှင့် ပူးပေါင်းကာ ထမင်းဆိုင်ပတ်လည်တွင် ဇွန်လ ၇ ရက်နေ့ နေ့လည်ပိုင်းကတည်းက ကြိုတင် နေရာယူထားကြပြီဖြစ်သည်။
စိန်ခါးမြောင်ကား ထမင်းဆိုင်တွင်မနေပဲ သူ့အား အလွယ်တကူဝင်ရောက် လုပ်ကြံ၊ ဖမ်းဆီးရန် မလွယ်ကူနိုင်သည့် ပခုက္ကူရှိ အလှူမဏ္ဍာပ်ထဲတွင် ရှိနေကာ ဝါဆိုဝါပိုတို့ထံမှ သတင်းစကားကို စောင့်နေမည်ဖြစ်သည်။
ဇွန်လ ၇ ရက်နေ့တွင် အားလုံးကား ပရိယာယ်ကိုယ်စီဖြင့်။
.....
ဇွန်လ ၇ ရက်။
ည ၈ နာရီ။
ဂန္ဓမာသောင်းရီ၊ မသောင်း၊ ချောရင်၊ ထွန်းရင်၊ ချစ်ညိုဇော်မိုက် တို့ ဂျစ်ကားဖြင့် ဆိပ်ကမ်းရှိ အလိန်၏ ဂိုထောင်ရှိရာသို့ ထွက်ခဲ့ကြသည်။
ဆိပ်ကမ်းကား ဂိုထောင်အချို့ဆီမှ မီးရောင်အချို့မှ လွဲပြီး မှောင်မိုက်နေသည်။
ဂိုထောင်ရှေ့တွင် ပက်လက်ကုလားထိုင်ဖြင့် လူတစ်ဦးဆေးလိပ်ဖွာနေ၏။
ဂန္ဓမာသောင်းရီတို့ ကားက ဂိုထောင်ရှေ့တွင် ရပ်လိုက်သောအခါ ထိုသူက ထလာ သည်။
“ကိုသောင်းရီဆိုတာလား”
“အေး..ဟုတ်တယ်..ပို့ရမယ့်ကားတွေရော”

“တကယ်ပို့ရမယ့်ပစ္စည်းတွေက ဒီဂိုထောင်မှာမထားပါဘူး..တစ်နေရာမှာထားတာပါ..လာပါလိမ့်မယ်”
ဆယ့်ငါးမိနစ်ခန့်အကြာတွင် ကားသုံးစီး မီးပိတ်လျက် ဝင်လာသည်။
ဂိုထောင်ရှေ့တွင် ရပ်လိုက်သည်။
ကားပေါ်မှ လူသုံးဦးက ဆင်းကာ မှောင်ရိပ်ထဲ ပျောက်ကွယ်သွားကြသည်။
ဆေးလိပ်ဖွာနေသည့်လူက ဂန္ဓမာသောင်းရီဆီသို့ လျှောက်လာပြီး အထုတ်တစ်ထုတ်ကို လက်ထဲ ထည့်ပေးလိုက်သည်။
“ဒါဦးလိန် ပေးခဲ့တဲ့ အထုတ်ပဲ....ကျွန်တော်သွားပြီ”
ထိုသူထွက်သွားပြီးနောက် ဂန္ဓမာက မှောင်ရိပ်ထဲတွင် အထုတ်အား ဖြည်ကြည့်သည်။
ချောရင်က လက်နှိပ်ဓာတ်မီးကို ထုတ်ကာ ထိုးပြလိုက်၏။
“ချောရင်..ရော့..သေချာရေကြည့်လိုက်..ကဲထွန်းရင် ကားပေါ်တက်ပြီးသွားကြတော့ဟော့...ချောရင် သဘောဘယ်နားမှာလဲ”
ထိုအချိန်တွင် ချောရင်၏ လှုပ်ရှားမှုကြောင့် ဂန္ဓမာသောင်းရီ ကြောင်သွားသည်။
“ဟင်..ချောရင်..ဘာလုပ်တာလဲ”
ချောရင်ကလက်တစ်ဖက်က ငွေထုတ်ကို ကိုင်ပြီး တစ်ဖက်က ခြောက်လုံးပြူးဖြင့် ဂန္ဓမာသောင်းရီ၏ နားထင်ကို ချိန်ထားခြင်းဖြစ်သည်။
“ညီမတို့ ဒီပစ္စည်းတွေကို ဘယ်ကိုမှ မပို့ဘူး..အကိုကြီး”
“နင်ဘာလုပ်တာလဲ..နင်ဘာလုပ်တာလဲ..ဟော့ကောင်..ထွန်းရင်..မင်း.ညီမ..မင်းညီမ”
ထွန်းရင်က က ခါးကြားမှ သေနတ်ကိုထုတ်လိုက်ပြီး
“အခုချိန်မှာ ချောရင်ပြောတာ..နားထောင်လိုက်ပါ...ကိုဂန္ဓမာ”
မသောင်းကား အခြေအနေကို နားမလည်နိုင်အောင် ဖြစ်နေသည်။
ဇော်မိုက်နှင့် ချစ်ညိုတို့က မသောင်းဘေးတွင် ရပ်ကာ သေနတ်ကိုယ်စီဖြင့် မတ်တပ်ရပ်နေကြသည်။
ချောရင်၏ ကြိုတင်စီစဉ်မှုမှန်း ဂန္ဓမာသောင်းရီ သိလိုက်ရသည်။
ထိုစဉ် ရှေ့မှ ကားတစ်စီးက သူတို့လူအုပ်ကို မီးထိုးထားလိုက်သည်။
ကားပေါ်မှ လူငါးဦးဆင်းလာသည်။

အလယ်မှ ပုဂ္ဂိုလ်က ရွှေရောင်ဦးထုတ်ကြီး လိုးလိုးလက်လက်ဖြင့်။
ဂန္ဓမာသောင်းရီက သေချာစိုက်ကြည့်ပြီး တအံ့တသြရေရွတ်လိုက်သည်။
“မဂျစ်ခန်း”
“ကျုပ်တို့ ပြန်တွေ့ကြပြီနော် ကိုဂန္ဓမာသောင်းရီ”
မဂျစ်ခန်းဘေးမှ အသံထွက်လာသူက နာဂျစ်အာရုတ်။
ဂန္ဓမာသောင်းရီက အံကိုကြိတ်ထားသည်။
မဂျစ်ခန်းက ကားဘောနက်ဖုံးတွင် မှီလိုက်ရင်း
“ချောရင်...နင့်ကတိအတွက် နင့်ကိုလေးစားပါတယ်..ကဲ..အခု ဒီကိစ္စပြီးရင် ငါ့ကို တဝက်ခွဲပေးမယ်ဆိုတဲ့ ဒေါ်လာငါးသောင်း ဘယ်မှာလဲ”
ချောရင်က လက်ထဲမှ ပိုက်ဆံထုတ်ကို မြှောက်ပြလိုက်သည်။
“နာဂျစ် သွားယူ”
နာဂျစ်အာရုတ်က ချောရင်ရှိရာသို့ လျှောက်လာသည်။
ချောရင်ထံမှ ငွေထုတ်ကို ယူရန်ပြင်လိုက်စဉ် ချောရင်ထံမှ သေနတ်သံဒိုင်းခနဲ ထွက်လာသည်။
နာဂျစ်ကား ဗိုက်ကို နှိပ်လျက် ခွေလဲကျသွား၏။
မဂျစ်ခန်းက သေနတ်ကို ထုတ်ချိန်လိုက်သည်။ သူနှင့်အတူပါလာသူများကလည်း စတင်းဂန်းကိုယ်စီဖြင့် ချောရင်တို့ကို ချိန်ထား၏။
ဇော်မိုက်နှင့် ချစ်ညို ကလည်း သေနတ်များဖြင့် သူတို့ကို ပြန်ချိန်ထားလိုက်သည်။
နာဂျစ်ကား ချောရင် ခြေရင်းတွင် တအီးအီးညည်းညူနေသည်။
“နင်က ငါ့အကို ကျောကုန်းကို ဓါးနဲ့ ခုတ်တယ် ဟုတ်လား နာဂျစ်..ကဲ..အကိုထွန်းရင်”
ထွန်းရင်က ဓားမြှောင်ကို ထွတ်ကာ နာဂျစ်၏ ကျောကုန်းအဆုတ်ရှိရာတည့်တည့်သို့ တစ်ချက်တည်း ထိုးစိုက်ချလိုက်၏။
နာဂျစ်အသက်ပျောက်သွားခဲ့ပြီ။
“နင် ကတိမတည်ဘူး..ချောရင်..အဲ့ဒီအတွက် နင်တို့ အားလုံးသေရမယ်”
မဂျစ်ခန်းက လှမ်းအော်သည်။

“ကျွန်မ ဘာမှ မရှင်းပြဲချင်တော့ဘူး..မဂျစ်..ရှင့်ကို ကျွန်မရဲ့စီးပွားဖက်ပါတနာက ရှင်းပြလိမ့်မယ်..ဟိုမှာ သူတို့လာနေပြီ”

“ဘာ”

ထိုအချိန်တွင် ဆိပ်ကမ်းဘက်တွင် ရပ်ထားသော သင်္ဘောတစ်စီးပေါ်မှ သူတို့ထံသို့ဆလိုက်မီးများ ထိုးလိုက်သည်။

သင်္ဘောဆိပ်မှ သူတို့ထံလာနေကြသော လူနှစ်ယောက်။

ရွှေဆုံးမှ လူက ဥရောပဝတ်စုံကို သေသေသပ်သပ်ဝတ်ထားပထန် ခေါင်းပေါင်းကို ပေါင်းထားသည်။

ထိုသူက သူတို့နှစ်ဖွဲ့၏ အလယ်သို့ ရပ်လိုက်ပြီး ပထန်စကားဖြင့် ပြောလိုက်သည်။

“မဂျစ်ခန်း....ဒီမဒမ်ဟာ ငါ့ရဲ့စီးပွားရေးမိတ်ဆွေပဲ.....မင်း ဒီကနေ လှည့်ပြန်သွားတော့”

မဂျစ်ခန်းကား မီးရောင်အောက်မှ လူ၏ မျက်နှာကိုကြည့်ပြီး အလွန်အမင်း ထိတ်လန့်သွားသည်။

……
……
……

အခန်း(၃၄)

“ကာရင်လာလာ”

မဂျစ်ခန်းက တအံ့တသြရေရွတ်လိုက်သည်။

“အေး.....မွန်ဘိုင်းက မင်းလုပ်ငန်းတွေနဲ့မင်းမိသားစုရော အခြေအနေကောင်းတယ်မဟုတ်လား”

မဂျစ်ခန်း မျက်စိမျက်နှာပျက်နေသည်။

“ဟုတ်ကဲ့..လာလာတို့ စောင့်ရှောက်ပေးလို့ အဆင်ပြေပါတယ်ခင်ဗျ...ကျွန်တော့်ကို ခွင့်ပြုပါဦး..လာလာ”

မဂျစ်က ဆလံပေးပြီး ကားပေါ်သို့ တက်ရန်ပြင်လိုက်သည်။

“ဟေ့..နေဦး”

မဂျစ် တုန့်ခနဲရပ်သွား၏။

“ဒါ ငါနဲ့ဟာဂျီမာစတန် ရဲ့ ရန်ကုန်က စီပွားဖက်တွေနော်...မင်း ရန်ကုန်မှာ ရှိနေမယ်ဆို ငါစီးပွားဘက်တွေကို စိတ်အနှောက်အယှက်ဖြစ်အောင်မလုပ်မိစေနဲ့...သူတို့ကို စိတ်အနှောက်အယှက်ပေးတာဟာ ငါနဲ့ ဟာဂျီမာစတန်ကို စိတ်အနှောက်အယှက်ဖြစ်အောင် လုပ်တာနဲ့ အတူတူပဲဆိုတာ မင်းမှတ်သွားဦး”

“ဟုတ်ကဲ့ပါ...မဖြစ်စေရပါဘူး.လာလာ”

မဂျစ်ခန်း က ကားကို အမြန်မောင်းထွက်သွားသည်။

ပထန်ခေါင်းပေါင်းနှင့် ပုဂ္ဂိုလ်က ချောရင် ရှေ့တွင် ရပ်ပြီး ပထန်စကားဖြင့် ပြောလိုက်သည်။

ဘေးနားတွင်ပါသည့် သူက မြန်မာဘာသာဖြင့် ပြန်ပြောပေး၏။

“လာလာက ပစ္စည်းတွေကြည့်ချင်တယ်တဲ့”

“ကိုထွန်းရင်..ကားပေါ်က တစ်သေတ္တာ မချခဲ့ပါ”

ထွန်းရင်က ကားပေါ်ခုန်တက်သွားသည်။

ကားအောက္မ ထွန်းရင်နှင့် ဇော်မိုက်က ထွန်းရင် မပေးသော သေတ္တာကို ထမ်းပြီး ချောရင်နှင့် ကာရင်လာလာ ဆိုသည့် ပထန်ကြီး၏ ကြားတွင် ချလိုက်သည်။

ထွန်းရင်က ခါးမြောင်ဖြင့် သေတ္တာကို ကလန့်ဖွင့်လိုက်သည်။

သေတ္တာအတွင်း စက္ကူများဖြင့် ပတ်ထားသည့် အမဲရောင်ဆပ်ပြာတောင့်သဏ္ဌာန် အချောင်းများ။
ကာရင်လာလာ က ထိုအချောင်းတစ်ချောင်းကို ယူကာ နမ်းရှုံ့ကြည့်သည်။
ချောရင်ကလည်း တစ်ခုကို ယူက ဂန္ဓမာသောင်းရီ ထံ ပစ်ပေးလိုက်သည်။
“အကိုကြီး..ဒါဘာတွေလို့ ထင်လဲ”
“ဘာတွေလဲ..ချောရင်”
“အဲ့ဒါ C4 လို့ခေါ်တဲ့ ဓာတုပေါက်ကွဲရေးပစ္စည်းတွေပဲ..အကိုကြီး..ဒီပမာဏဆို ဗမာပြည်တစ်ဝက်လောက်ကို ပြာကျအောင် ဖောက်ခွဲလို့ရတယ်..အဲ့ဒါတွေကို ဗမာပြည်ထဲက တရုတ်ဖြူတွေဆီ ပို့ပြီး ဘာလုပ်ဖို့လို့ အကိုကြီးထင်လဲ...”
ဂန္ဓမာသောင်းရီ က သူ့လက်ထဲမှ ဆပ်ပြာတောင့်သဏ္ဌာန်ပစ္စည်းကို သေချာ ကြည့်နေသည်။
ချောရင်က ကာရင်လာလာ၏ စကားပြန်ဘက်သို့ လှည့်လိုက်သည်။
“ဗမာပြည်ရေပိုင်နက်ထဲကနေ သဘော်မထွက်သွားခင်မှာ သူတို့ကိုပေးထားတဲ့ ဆွစ်ဘဏ်အကောင့်ထဲကို ငွေလွှဲပေးပါလို့ မေဂျာဂလက်စ်ကမှာလိုက်တယ်”
စကားပြန်က ကာရင်လာလာတို့ အပြန်အလှန်စကားပြောကြသည်။
“လာလာက ခဏနေတာနဲ့ မွန်ဘိုင်းကို ကြေးနန်းရိုက်ပြီး လွှဲခိုင်းလိုက်ပါမယ်တဲ့”
“ကဲ..ဒါဆိုသယ်လို့ရပြီ”
ကာရင်လာလာ က ပြုံးရွှင်စွာဖြင့် ချောရင်ကို လက်ဆွဲနှုတ်ဆက်သည်။
ထို့နောက် သဘော်ရှိရာသို့ ပြန်ထွက်သွားလေသည်။
ခဏအကြာ အမှောင်ရိပ်ထဲမှ လူများထွက်လာကာ ကားကို သဘော်နားဆီသို့ မောင်းယူသွားပြီး ပစ္စည်းများ တင်နေကြလေသည်။
“အကိုကြီး ညီမကို ခွင့်လွှတ်ပါ..ဒါတွေအားလုံး.ကိုစံဘအတွက် ညီမလုပ်ခဲ့ရတာ တွေပါပဲ”
“ငါဘာမှ နားမလည်ဘူး..ချောရင်..နင် ငါတို့အားလုံးကို သစ္စာဖောက်လိုက်တာ လား..ငါ့အစီအစဉ်တွေ အားလုံးသွားပြီ...စိန်ခါးမြောင်ကို ရှင်းမယ့်ကိစ္စပါ ပျက်ပြီ ပေါ့”
“မပျက်ပါဘူး.အကိုကြီး..မနက်ဖြန်မနက်ဆို ရန်ကုန်ရဲတွေ ပခုက္ကူမှာစိန်ခါး မြောင်ကို ဖမ်းပြီးလောက်ရောပေါ့..နောက်ပြီးတော့ အကိုကြီးသာ အဲ့ဒီခရီးမှာ ပါလာရင် အကိုကြီးကို ဆိုရှယ်လစ်စစ်ဗိုလ်တွေက တန်းပစ်သတ်ဖို့လုပ်ပြီးသား”

“ဘာ..”

“ဟုတ်တယ်..မစိန်ညွန့်ခါးပြမှုမှာပါတဲ့ သန်းအောင် ဟာ ညီမလူပဲ...သူ့ကို ညီမတို့ ရတဲ့ဝေစုထဲက ဒေါ်လာတစ်သောင်း ပေးဖို့ ညိုထားတယ်...သူရှိတဲ့နေရာကို ရဲမင်းကြီးဆီ ညီမစာလှမ်းရေးထားလို့ မနက်ကပဲ စိန်ခါးမြောင်လူတွေအကုန်လုံးကို ဖမ်းလိုက်ကြပြီ...တရားရုံးရောက်ရင်လည်း သန်းအောင်ကပဲ ခါးပြမှုကို ဖော်ကောင်လုပ်လိမ့်မယ်..စိန်ခါးမြောင်တော့ ထောင်ထဲပြန်ဝင်ဖို့သေချာသွားပါပြီ..အကိုကြီး”

“အလိန် ကရော..အလိန်ကို ငါတို့ ဘယ်လိုရှင်းမလဲ”

“အလိန်ကို မနက်ကတည်းက စစ်ထောက်လှမ်းရေးက လေဆိပ်မှာ ဖမ်းလိုက်ပြီ အကိုကြီး..အခုလောက်ဆို အမှောင်ခန်းထဲမှာ စစ်ဆေးရေးလုပ်ခံနေရပြီပေါ့”

“နင်ဘာတွေလုပ်ခဲ့တာလဲ..ခုန ကရော ဘယ်သူလဲ..ချောရင်”

“ညီမ က စစ်ထောက်လှမ်းရေးကိုယ်စားအလုပ်လုပ်ပေးလိုက်တာပါ....မကြာခင်မှာ စစ်တပ်က ဖဆပလဆီက အာဏာယူဖို့သေချာသလောက်ဖြစ်နေပြီ..အကိုကြီး..ဒီအပေးအယူအတွက် စစ်တပ်အာဏာရလာတဲ့အခါ ကိုစံဘကို သူတို့ထောင်ကနေ ကင်းလုံးကျွတ်လွတ်ပေးလိမ့်မယ်..ခုန လူတွေက မွန်ဘိုင်းရဲ့ပထန်ဂိုဏ်းခေါင်းဆောင် ကာရင်လာလာပဲ.”

“ဘာ”

“ကဲ..အကိုကြီးနဲ့ မသောင်း အတွက် စက်လှေစီစဉ်ထားပါတယ်..စက်လှေပေါ်မှာ ဗိုလ်မောင်မောင်စောင့်နေတယ်..သူသေချာရှင်းပြပါလိမ့်မယ်”

“သြော်.မောင်မောင်လည်း ပါတာကိုး..ထွန်းရင်..မင်းတို့လည်း ငါ့အပေါ် သစ္စာမရှိကြဘူး”

ချောရင်က ရယ်လိုက်သည်။

“အကိုကြီး....ကိုစံဘနဲ့ ညီမ ဟာ မမသောင်းကို အကိုကြီးထောင်ကျနေတဲ့ တစ်လျှောက်လုံးစောင့်ရှောက်ပေးခဲ့ကြတာပါ။ ဒါပေမယ့် အကိုကြီးတို့ထောင်က ထွက်လာပြီးကတည်းက ညီမတို့ ဘဝတွေ လူးခါနေခဲ့တာသတိထားမိလား။ အခု.. ညီမယောကျ်ား လည်ပင်းတောင် ကြိုးကွင်းစွပ်ခံရခါနီးနေပြီမဟုတ်လား..အဲ့ဒါ..တရားလား..အကိုကြီး...ညီမတို့ လင်မယားအတွက် ပြန်ရလိုက်တာက ဒါလားအကိုကြီး”

“ငါစံဘကို စောင့်ပြီးမှ သွားမယ်လို့ ပြောပြီးပြီလေ”

“ညီမ မယုံဘူးအကိုကြီး..တကယ်လို့ မတော်တဆ ကိုစံဘ သေဒဏ်ကျသွားခဲ့ရင် ဘယ်လိုလုပ်မလဲ..မဂျစ်ခန်းတို့ နာဂျစ်တို့လိုလူတွေရဲ့ရန်ညိုးတွေကိုရော အကို

ကြီးဘယ်လိုရင်ဆိုင်မှာလဲ..ပြဿနာထီးတွေကို ဖျက်သိမ်းဖို့လည်း လွတ်တော်မှာ ဝန်ကြီးချုပ်က ဝန်ခံလိုက်ပြီဆိုတာ အကိုကြီးသိတယ်မဟုတ်လား..ဒီတော့...နိုင်မှာ သေချာတဲ့ ကစားပွဲကိုပဲ ညီမ ကစားခဲ့ဖို့ ဆုံးဖြတ်လိုက်တာ...အခုဆို နာဂျစ် အာရတ်ကိုရှင်းပြီးပြီ..မဂျစ်ခန်းလည်း ညီမတို့ကို ဘယ်တော့မှ ထိရဲမှာ မဟုတ်တော့ဘူး”

ဂန္ဓမာ က အံကိုကြိတ်ကာ လက်သီးကို ဆုပ်ထား၏။

ချောရင်က ဒေါ်လာငါးသောင်းကို မသောင်း၏ လက်ထဲသို့ထည့်ပေးလိုက်သည်။

“ကဲ..ကိုထွန်းရင်..အကိုကြီးတို့လင်မယားကို စက်လှေဆီ ခေါ်သွားပေးလိုက်ပါဦး”

.....

ချောရင်။

ဂန္ဓမာသောင်းရီ နှင့် စံဘတို့ ဦးမြကျင်အား သွားမသတ်မီ အချိန်ပိုင်းကလေးတွင် ဖြစ်သည်။

“သောင်း”ဘားတွင် ထိုင်နေကြသော ခါလေး၊ အနှင်း နှင့် သန်းအောင်တို့ ကို ချောရင်က ဘီယာလာချပေးသည်။

ခါလေးနှင့် အနှင်းကို သန်းအောင်က ငွေနှစ်သောင်းကိစ္စ၊ စိန်ခါးမြှောင်ဆိုသည့် နာမည်များပြောနေသည်ကို ချောရင် သတိထားမိသည်။

ထိုအချိန်တွင် အပေါ်ထပ်မှ ဆင်းလာသော ဂန္ဓမာသောင်းရီကို မြင်သည်နှင့် သန်းအောင်က မျက်စိမျက်နှာပျက်ဖြင့် ထထွက်သွားသည်ကို ချောရင် သတိထားမိသွားသည်။

သန်းအောင် အနောက်မှ လိုက်သွားပြီး ငွေကြေးကိစ္စအခက်အခဲရှိလျှင် ကူညီမည်ဟုပြောကာစည်းရုံးသည်။

သန်းအောင်လိုအပ်နေသည့် ငွေနှစ်သောင်းကိုလည်း သခင်နုထံမှ ရထားသောငွေဖြင့် ချက်ချင်းထုတ်ပေးလိုက်သည်။

အလိန်၏ ကိစ္စကို လက်ခံကြပြီးနောက် သန်းအောင်သည် ချောရင်၏ လူဖြစ်သွားသည်။

စိန်ခါးမြှောင်အကြောင်း၊ စိန်ခါးမြှောင်၏ အကွက်

်များအားလုံးကို သန်းအောင်ထံမှ ချောရင် ကြိုတင်သိနေရသည်။

ထို့အတွက်လည်း ချောရင်က သန်းအောင်ကို ဒေါ်လာတစ်သောင်းပေးမည်ဟု ကမ်းလှမ်းခဲ့သည်။

စံဘ သေဒဏ်ကျပြီးနောက်ပိုင်းတွင် ချောရင်၏ စိတ်များ ပြောင်းလဲသွားသည်။

သူချစ်သော ကိုစံဘ လွတ်မြောက်ရေးအတွက်သာ အရာရာကို ဦးတည်ခဲ့သည်။
ချောရင်ကို နာဂျစ်အာရတ်တို့က ရန်ကုန်ထောင်ရှေ့တွင် ဖမ်းခေါ်သွားခဲ့သည်။
မဂျစ်ခန်း က ချောရင်ကို သတ်ပြီး အလောင်းဖျောက်ရန် မှော်ဘီဘက်တွင် ကျင်းတူးထားပြီးဖြစ်သည်။
သို့သော် အသတ်ခံရနီးဆဲဆဲတွင် ချောရင်က အလိန်နှင့် လုပ်ထားသည့် ကိစ္စကို ရှင်းပြပြီး အသက်အားလွတ်ပေးလျှင် ဒေါ်လာတစ်သိန်းအား တစ်ယောက်တစ်ဝက်ယူကြမည်ဖြစ်ပြီး ဂန္ဓမာသောင်းရီကိုပါ ရှင်းပေးမည်ဟု အပေးအယူလုပ်ခဲ့သည်။
ထိုနည်းဖြင့် ချောရင်သည် မဂျစ်ခန်းတို့အုပ်စု၏ ရန် ခေတ္တအေးအောင် စီမံခဲ့သည်။
ဂျပန်မှ ပြန်လာသော ဗိုလ်မောင်မောင်နှင့် ချောရင် စကားပြောဖြစ်ခဲ့သည်။
တရုတ်ဖြူတို့၏ မိုင်းဆတ်လေယာဉ်ကွင်းမှာ တည်ဆောက်ပြီးဖြစ်ကြောင်း တပ်ဘက်မှ သတင်းများသေချာနေသဖြင့် အလိန်ပို့မည့်အရာများမှာ လေယာဉ်ကွင်းဖောက်မည့် ယန္တယားများ မဟုတ်နိုင်ကြောင်း ချောရင်က သံသယဖြစ်ခဲ့သည်။
ဗိုလ်မောင်မောင်သည် ဂျပန်သွားစဉ်က ရင်းနှီးခဲ့သော စစ်ထောက်လှမ်းရေးစစ်ဗိုလ် နှင့် ချောရင်ကို တွေ့ဆုံပေးခဲ့သည်။
ထိုအချိန်တွင် ဗီယက်နမ်စစ်ပွဲအတွက် CIA မှ တင်ပို့ပေးသည့် ၁၉၅၆ ထုတ် နောက်ဆုံးပေါ် C4 TDX ဓာတုဖောက်ခွဲရေးပစ္စည်းသဘော်တစ်စီးစာသည် ရန်ကုန်ဆိပ်ကမ်းသို့ လမ်းကြောင်းပြောင်း ဝင်လာကြောင်း စစ်ထောက်လှမ်းရေးမှ သတင်းရရှိထားသည်။
သို့သော် မည်သို့ဝင်လာသည်ကို ထောက်လှမ်းရေးမှ ခြေရာခံမရဖြစ်နေချိန်ဖြစ်သည်။
ချောရင်ထံမှ လာသော သတင်းအရ အလိန်ပို့ခိုင်းသောအရာများမှာ C4 များဖြစ်ကြောင်း သေချာသွားခဲ့ပြီဖြစ်သည်။
ဗိုလ်မောင်မောင်၏ မိတ်ဆွေ ထောက်လှမ်းရေးစစ်ဗိုလ်သည် ချောရင် အား သူ၏ဆရာဖြစ်သူ ဗိုလ်မှူးမျက်မှန်ကြီး ဆိုသောသူနှင့် တွေ့ဆုံပေးခဲ့သည်။
ဗိုလ်မှူးမျက်မှန်ကြီးသည် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်း၏ အထူးယုံကြည်ခြင်းခံရသူဖြစ်သည်။
စံဘအား သေဒဏ်အပြင် ထောင်မှကွင်းလုံးကျွတ်လွတ်ရေး ချောရင်၏ တောင်းဆိုချက်ကို ဗိုလ်မှူးမျက်မှန်ကြီးက သဘောတူသည်။

ထို့ပြင် အစိုးရနှင့် ကျန်သည့်စစ်ဘက်အရာရှိများမသိစေပဲ.တပ်မတော်အာဏာသိမ်းပြီးပါက ဘတ်ဂျတ်ငွေများရှိစေရန် အဆိုပါဖောက်ခဲ့ရေးပစ္စည်းများကို သိမ်းဆည်းပြီး အခြားနိုင်ငံသို့ ရောင်းရန် ဗိုလ်မှူးမျက်မှန်ကြီးဆီ အမိန့်ကျလာ၏။

လက်နက်နိုင်ငံထူထောင်ရန်ကြိုးစားနေသော ပါကစ္စတန်ထောက်လှမ်းရေးနှင့် ဗိုလ်မှူးမျက်မှန်ကြီးတို့ ချိတ်ဆက်မိခဲ့ကြသည်။

သို့သော် နှစ်ဖက်ထောက်လှမ်းရေးများက တိုက်ရိုက်မဆက်သွယ်ပဲ ကြားခံလူများအသုံးပြုရန် စီမံခဲ့ကြသည်။

မြန်မာဘက်မှ ချောရင်နှင့်ဗိုလ်မောင်မောင်တို့ကို ကိုယ်စားလှယ်အဖြစ်ရွေးချယ်ခဲ့သည်။

ပါကစ္စတန်အနေဖြင့် ရန်ကုန်မှ ကရာချိုဆိပ်ကမ်းသို့ သယ်ယူရာတွင် အိန္ဒိယရေပိုင်နက်ကို ဖြတ်ကျော်ရမည်ဖြစ်သဖြင့် အိန္ဒိယမှန်ဘိုင်းမြို့၏ အကြီးဆုံးဒုစရိုက်ဂိုဏ်းဖြစ်သည့် ပထန်ဂိုဏ်းခေါင်းဆောင် ကာရင်လာလာ နှင့် မိတ်ဖက်ဂိုဏ်းခေါင်းဆောင် ဟာဂျီမာစတန် တို့ကို ရွေးချယ်ခဲ့သည်။

ချောရင်သည် ရွာသို့ တစ်လပြန်မည်ဟု အကြောင်းပြကာ ဗိုလ်မောင်မောင်နှင့် အတူ မွန်ဘိုင်းသို့ ထွက်ခွာသွားခဲ့သည်။

.....

ကာရင်လာလာ(KarimLa La) ခေါ် Abdul Karim Sher Khan

အိန္ဒိယ၏ ဆယ်စုနှစ်များစွာကို သိမ်းပိုက်နိုင်ခဲ့သူ အအောင်မြင်ဆုံးသော ဒုစရိုက်ဘုရင်။

ကာရင်လာလာ သည် အာဖဂန်နစ္စတန်မှ မွန်ဘိုင်းမြို့ တောင်ပိုင်းသို့ ပြောင်းရွှေ့လာသည့်မိသားစုတစ်စုမှဖြစ်သည်။

မွန်ဘိုင်းဆိပ်ကမ်းရှိ သာမန်အလုပ်သမားလူငယ်လေးဘဝမှ ပထန်အလုပ်သမားများ၏ခေါင်းဆောင်ဖြစ်လာပြီး ပထန်ဂိုဏ်းကို ထူထောင်သူဖြစ်လာသည်။

မာဝါရီ၊ ဂူဂျာရတီ စီးပွားရေးလုပ်ငန်းရှင်များ၏ တရားမဝင်လုပ်ငန်းများကို အကာအကွယ်ပေးကာ ဆက်ကြေးတောင်းရာမှ ကိုယ်ပိုင်ဒုစရိုက်လုပ်ငန်းများ ပိုင်ဆိုင်လာခဲ့သည်။

မွန်ဘိုင်း၏ တရားမဝင်လောင်းကစားနှင့် အရက်စျေးကွက်ကို ချုပ်ကိုင်လာသည်။

ဒုတိယကမ္ဘာစစ်အပြီးကာလတွင် ကာရင်လာလာ သည် မွန်ဘိုင်း၏ အဓိကဒုစရိုက်ဂိုဏ်းခေါင်းဆောင်ဖြစ်လာပြီး ဆိပ်ကမ်းမှောင်ခိုပစ္စည်းများသယ်ယူခြင်း၊

တရားမဝင်မြေယာကိစ္စများတွင်ခေါင်းပုံဖြတ်ခြင်း၊ ငွေကြေးခဝါချမှု နှင့် မူးယစ်ဆေးဝါးစျေးကွက်ကို ချုပ်ကိုင်ထားသူ ပြိုင်ဘက်ဂိုဏ်းခေါင်းဆောင် ဟာဂျီမူစတန် နှင့် မဟာမိတ်ပြုခဲ့သည်။

မကြာမီပင် မွန်ဘိုင်း၏ နောက်ထပ်အင်အားကြီး တမီလ်ဂိုဏ်းခေါင်းဆောင် ဗာရာဒရာဂျန် Varadrajan Mudaliar နှင့် မဟာမိတ်ပြုကာ မွန်ဘိုင်းမြို့ ဒုစရိုက်လောကကို သုံးပိုင်းခွဲကာ အုပ်ချုပ်ခဲ့ကြသည်။

ကာရင်လာလာခေါင်းဆောင်သော မွန်ဘိုင်း၏ ဘုရင်ကြီးသုံးဦးသည် အိန္ဒိယဘောလိဝုဒ်ရုပ်ရှင်လောက နှင့် နိုင်ငံရေးလောကအတွင်း ဩဇာအာဏာများ ထူထောင်နိုင်ခဲ့ကြသည်။

အိန္ဒိယ၏ အာဏာရကွန်ဂရက်ပါတီ၏ အကြီးအကဲဖြစ်သော အင်ဒီရာဂန္ဒီ ပင် ကာရင်လာလာနှင့် တွေ့ဆုံခဲ့ရသည်။

၁၉၅၇ ခုနှစ်တွင် ကာရင်လာလာအား ပါကစ္စတန်ထောက်လှမ်းရေးမှ လျှို့ဝှက်ဆက်သွယ်လာခဲ့သည်။

ပါကစ္စတန်သည် C4 TDX များကို ရန်ကွန်ဆိပ်ကမ်းမှ ဘင်္ဂလားပင်လယ်အော်၊ အိန္ဒိယသမုဒ္ဒရာတို့ကိုဖြတ်ကျော်ကာ အိန္ဒိယရေပိုင်နက်နှင့် ပါကစ္စတန်ရေပိုက်နက် အာရေဗျပင်လယ်ရှိ ကရာချိဆိပ်ကမ်းအထိ ပို့ပေးရမည်ဖြစ်သည်။

ထို့အတွက် အရောင်းအဝယ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို ရမည်ဟုကမ်းလှမ်းလာသည်။

ကာရင်လာလာသည် ထိုကိစ္စအတွက် အိန္ဒိယဆိပ်ကမ်းများနှင့်ပင်လယ်ပြင်မှောင်ခိုလှုပ်ငန်းကို ပိုင်ဆိုင်သူ ဟာဂျီမာစတန်ကို ထပ်မံညှိနှိုင်းခဲ့ပြီး ပူးတွဲလုပ်ကိုင်ခဲ့ကြသည်။

ဗိုလ်မောင်မောင်နှင့် ချောရင် သည် မွန်ဘိုင်းသို့ ရောက်ပြီးနောက် ကာရင်လာလာ၊ ဟာဂျီမာစတန်တို့နှင့် တွေ့ဆုံကြသည်။

ထို့နောက် အိန္ဒိယမှ ရန်ကွန်ဆိပ်ကမ်းတွင် ဆန်လာတင်သည့် သင်္ဘောများအနက်မှ ဟာဂျီမာစတန်၏ သင်္ဘောကြီးများလည်းပါဝင်သည်။

ပစ္စည်းများသယ်ယူရေးတွင် ထိုသင်္ဘောကြီးများကို အသုံးချမည်ဖြစ်သည်။

ဒေါ်လာငါးသန်းတန်အရောင်းအဝယ်ကြီးတွင် ပါကစ္စတန်ဘက်မှ ကာရင်လာလာအား ဝယ်ယူသည့်စျေး၏ ဆယ်ရာခိုင်နှုန်းပေးရမည်ဖြစ်သည်။

မြန်မာစစ်ထောက်လှမ်းရေးဘက်မှလည်း ချောရင်နှင့် ဗိုလ်မောင်မောင် အားငါးရာခိုင်နှုန်းပေးမည်ဟု အာမခံထားသည်။

မွန်ဘိုင်းတွင် ဆယ်ငါးရက်တာ နေထိုင်သည့်ကာလအတွင်း ချောရင်သည် ကာရင်လာလာ၊ ဟာဂျီမာစတန်တို့နှင့် ရန်ကုန်တွင် ဖြစ်နိုင်ချေရှိသည့် စီးပွားရေးလုပ်ငန်းကိစ္စများ ဆွေးနွေးခဲ့ကြသည်။

ရန်ကုန်တွင် အခြေချနေသည့် မဂျစ်ခန်းသည် မိမိတို့ စီးပွားရေးလုပ်ငန်းများကို နှောင့်ယှက်လာနိုင်ချေရှိကြောင်း ပြောကြားခဲ့သည်။

မဂျစ်ခန်းသည် မွန်ဘိုင်းမြို့တွင် အိမ်ထောင်ကျပြီး စီးပွားရေးအချို့ထူထောင်ထားသည်။ထို့ကြောင့် မဂျစ်ခန်းမှာ ကာရင်လာလာအား အလွန်အမင်းကြောက်ရွံ့နေခဲ့ခြင်းဖြစ်သည်။

အလိန်သည် ဟန်ပြဂိုထောင်ထဲတွင် ဆပ်ပြာတောင့်များသာထည့်ထားပြီး C4 များထားသောနေရာကို အထူးလျှို့ဝှက်ထားခဲ့သဖြင့် စိန်ခေါ်မြောင်လူများ၊ ချောရင်လူများနှင့် စစ်ထောက်လှမ်းရေးများပင် ခြေရာမခံနိုင်ခဲ့။

ယခုညတွင်မူ ဆိပ်ကမ်းသို့ ပစ္စည်းများရောက်လာခဲ့သည်။

အလိန်သည်လည်း စစ်ထောက်လှမ်းရေး၏လျှို့ဝှက်ဖမ်းဆီးခြင်းခံခဲ့ရသည်။

C4 များသယ်ဆောင်လာသည့် ကာရင်လာလာတို့ သဘော်ကြီးသည် ကရာချိဆိပ်ကမ်းသို့ အောင်မြင်စွာရောက်ရှိခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် ကရင်လာလာ၏ အရိုက်အရာကိုတူဖြစ်သူ ဆာမက်ခန်းက ဆက်ခံခဲ့သည်။

၁၉၈၀ ကျော်နှင်းများအတွင်းအင်အားကြီးလာသော ရှာဘာအီဘရာဟမ်၊ ဒါဝတ်အီဘရာဟမ် ညီနောင်၏ D Company နှင့် စျေးကွက်လှုပ်ရှားမှုများဖြစ်ပေါ်ပြီး ဆာမက်ခန်းက ရှာဘာအီဘရာဟမ်အား လုပ်ကြံသတ်ဖြတ်ခဲ့သည်။

၁၉၈၄ အောက်တိုဘာ ၃၁ တွင် ဆာမက်ခန်းအား ဒါဝတ်အီဘရာဟမ်အဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံပြီးနောက် မွန်ဘိုင်းတွင် ဒါဝတ်အီဘရာဟမ်သည် ဘုရင်ဘွဲ့ကို ခံယူခဲ့သည်။

အဓိကမိတ်ဆွေကြီးနှစ်ဦးဖြစ်သော ဟာဂျီမာစတန်နှင့် ဗာရာဒရာဂျန်လည်း ကွယ်လွန်သွားပြီဖြစ်သည့်အတွက် ကရင်လာလာသည် မွန်ဘိုင်း၏ ဒုစရိုက်လောကတွင်း ဝင်မပါတော့ပဲ မီလျံနာသူဌေးကြီးအဖြစ်သာ နေထိုင်နေတော့သည်။

၁၉၉၇ ဘုံဘေဗုံးပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့သည်။ထိုပေါက်ကွဲမှုတွင် သုံးခဲ့သည့် C4 RDX ပေါက်ကွဲရေးပစ္စည်းအများအပြားမှာ ပါကစ္စတန်ဘက်မှ ဝင်လာသည်ဟု ယူဆခဲ့ကြသည်။

ယင်းကိစ္စတွင် ဒါဝတ်အီဘရာဟင်ပါဝင်နေသည်ဟု အိန္ဒိယထောက်လှမ်းရေးက ဖော်ထုတ်နိုင်ခဲ့ပြီး နောက် ဒါဝတ်အီဘရာဟင်မှာ ယခုအချိန်အထိ ဒူဘိုင်းတွင် ထွက်ပြေးတိမ်းရှောင်နေခဲ့သည်။

ထို ဖောက်ခွဲရေးပစ္စည်းအများအပြား ပါကစ္စတန်သို့ မည်သို့ရောက်လာသည် မည်သည့်အချိန်ကတည်းက ရှိနေသည်ဆိုသည့် မေးခွန်းကိုတော့ မည်သူမျှ မ ခန့်မှန်းတတ်ခဲ့ကြ။

.....

၁၉၅၇ ဇွန်လ ၇ ရက်နေ့တွင် ရန်ကုန်ရဲတပ်ဖွဲ့မှ ရဲမင်းကြီးဦးဘိုက သယ်ယူ ပို့ဆောင်ရေးဝန်ကြီးဗိုလ်မင်းခေါင်ထံသို့ ပခုက္ကူနှင့် အနီးတဝိုက်သို့ ထွက်ခွာမည့် လေယာဉ်များအား လုံးပေါ်မှ သတင်းစာထုတ်များအား လုံးကို ဆွဲချပေးထားရန် မေတ္တာရပ်ခံသည်။

စိန်ခါးမြောင် ထံသို့ သတင်းရောက်သွားပါက ထွက်ပြေးလွတ်မြောက်သွားမည်စိုး သဖြင့် ထိုသို့ စီမံခြင်းပင်။

ထို့နောက် ဇွန်လ ၈ ရက်နေ့တွင် ရန်ကုန် - မန္တလေး - ဟဲဟိုးလေယာဉ်ခရီးစဉ်ကို ဖျက်သိမ်းပြီး ရဲတပ်ဖွဲ့ဝင်များကို တင်ဆောင်ကာ ပခုက္ကူသို့ ထွက်လာခဲ့ကြသည်။

ပခုက္ကူမြို့၊ ပေါင်းလောင်းရပ်၊ ဒေါ်ရွှေသန်း၏ အလှူတော်မင်္ဂလာ။

အလှူဗျာအဖွဲ့က အဖွင့်သီချင်းကို တီးမှုတ်သီဆိုနေကြသည်။

မဏ္ဍပ်၏ ရှေ့ဆုံးတန်းတွင် အလှူရှင်များနှင့်အတူ ရန်ကုန်မှ ဗမာနိုင်ငံတိုင်းရင်း ဆေးဆရာများဆိုင်ရာအသင်း၏ အတွင်းရေးမှူး ဆရာသန်း၊ ဆရာတင် တို့သည် ပက်လက်ကုလားထိုင်ကိုယ်စီဖြင့် ပွဲကို အားပေးနေကြသည်။

ထိုအချိန်တွင် စိန်ခါးမြောင်၏ နဘေးသို့ အလှူရှင်၏ တူဖြစ်သူက ရောက်လာပြီး တစ်စုံတစ်ခုပြောသည်။

စိန်ခါးမြောင်နှင့် ဆရာတင်တို့ တစ်စုံတစ်ခုပြောဆိုပြီး ပြုံင်တူထလိုက်ကြသည်။

မဏ္ဍပ်ရှေသို့ ရောက်သောအခါ ကုပ်အင်္ကျီအနက်နှင့် ဦးထုပ်ဆောင်းထားသော လူနှစ်ဦးကို တွေ့လိုက်ရသည်။

“စိန်ခါးမြောင်...လုံးဝမလှုပ်ပါနဲ့..ငါ ပခုက္ကူရဲစခန်းက မစ္စတာအာချတ်ပဲ..ရန်ကုန်က ရဲတွေလည်းပါလာတယ်..မင်းကို ဖမ်းလိုက်ပြီ”

ထို့နောက် ရဲတပ်ဖွဲ့က စိန်ခါးမြောင်၏ ကိုယ်ပေါ်သို့ ရှာဖွေလိုက်ကြသည်။

စိန်ခါးမြောင်ထံမှ ရာတန်အသစ်စက်စက် ၁၈ ရွက်ကို သိမ်းဆည်းမိကြ၏။

ထို့နောက် စိန်ခါးမြောင်အား ပခုက္ကူရဲစခန်းသို့ ခေါ်လာခဲ့ကြသည်။

.....

၁၉၅၇ ဇွန်လ ၁၂ ရက်နေ့။

မစိန်ညွန့်ဆေးလိပ်ခုံခါးပြမှုတွင် ပါဝင်သော တရားခံ နာမည်ကျော် စိန်ခါးမြောင်ကို ဖမ်းဆီးခေါ်ဆောင်လာပြီဆိုသည့် သတင်းကြောင့် သတင်းထောက်များ လေဆိပ်တွင် ဝိုင်းအုံနေကြသည်။

မြို့မစုံထောက်အဖွဲ့ရဲမှူး ဦးတင်ညွန့်နှင့်စုံထောက်များ၊ ရဲများနှင့် အချုပ်ကားတစ်စီးကလည်း အသင့်စောင့်ဆိုင်းနေသည်။

ညနေ ၄ နာရီထိုးသည့်အချိန်တွင် ယူဘီေအလေယာဉ်ပျံသည် မင်္ဂလာဒုံလေဆိပ်သို့ ဆိုက်ရောက်လာသည်။

သတင်းထောက်များကလည်း ဓာတ်ပုံရိုက်ရန် ကင်မရာများဖြင့် အသင့်ပြင်ကြသကဲ့သို့ ရဲများကလည်း တရားခံဆင်းလာသည်နှင့် ဆွဲချပြီး အချုပ်ကားပေါ်တင်ရန် စောင့်နေကြသည်။

ထိုအချိန်တွင် မိုးကာအမဲကို ခြံုလျက် လက်ထိပ်ခတ်ခံထားရသော လူတစ်ဦး ဆင်းလာသည်။

မိုးကာအမဲကြီးခြံုထားသဖြင့် မျက်နှာကို မမြင်ကြရ။

ရဲများက စိန်ခါးမြောင်ကို အချုပ်ကားပေါ်တင်ပြီးနောက် မောင်းထွက်သွားကြသည်။

ရဲအချုပ်ကားများနောက်မှ ဗမာခေတ်၊ကြေးမုံ၊ အထောက်တော်၊ မိုးကြိုး စသော သတင်းထောက်ကားများ၊ မော်တော်ဆိုင်ကယ်များက တသီကြီးလိုက်ပါလာကြသည်။

စိန်ခါးမြောင်ကို တင်ဆောင်လာသည့် အချုပ်ကားသည် ရှေးဦးစွာ မင်္ဂလာဒုံရဲဌာနသို့ ဝင်သည်။

သတင်းထောကများ စခန်းတွင်းဝင်ခွင့်မပေး။

မကြာမီ မင်္ဂလာဒုံစခန်းမှ ပုံစံတူ အချုပ်ကားနှစ်စီး ပြန်ထွက်လာသည်။ ထို့နောက် ရန်ကုန်မြို့တွင်းရှိ ရဲစခန်းခြောက်ခုဆီသို့ လှည့်ပတ်သွားပြီးနောက် အချုပ်ကားလေးစီးအထီးဖြစ်သွားပြီး ဗိုလ်တစ်ထောင်ရဲစခန်းတွင် အဆုံးသတ်သွား၏။

စိန်ခါမြောင်ကား မည်သည့် အချုပ်ကားတွင်ပါလာပြီး မည်သည့်စခန်းတွင် ကျန်ခဲ့မှန်း သတင်းထောက်များ မသိရတော့။

ရဲတပ်ဖွဲ့သည် သတင်းထောကများအား လှည့်စားထားခဲ့ခြင်းဖြစ်သည်။

သာမန်ခါးပြဲမှုတစ်ခု၏ တရားခံကို ခေါ်ဆောင်ရာတွင် အဘယ့်ကြောင့်ထိုသို့ အဆင့်ဆင့်လှည့်စားခဲ့ကြသနည်းဆိုသည်ကို သတင်းထောက်များလည်း မဝေခွဲနိုင်ခဲ့ကြ။

.....

ထိုည။
မိုးတဖွဲဖွဲ မြစ်ပြင်မှောင်မှောင်တွင် စက်ရပ်ထားသော ရဲမော်တော်တစ်စီးရှိနေသည်။
ထိုရဲမော်တော်ပေါ် ရှိ မီးမှိန်မှိန်လင်းနေသည့် အခန်းအတွင်းဝယ် တရားခံစိန်ခါးမြောင် ထိုင်နေသည်။
သူ့မျက်နှာအား အဝတ်မဲတစ်ခု အုပ်ထား၏။
မကြာမီ ရဲမော်တော်ရှိရာသို့ မော်တော်ဘုတ်တစ်စင်း ဆိုက်လာသည်။
မော်တော်ဘုတ်ပေါ်မှ ဆင်းလာသူများကား သခင်သိန်း၊ ဆိုရှယ်လစ်စစ်ဗိုလ်တစ်ဦး နှင့် အသားညိုညို ပိန်ပိန်ပါးပါး မျက်မှန်ထူထူ ခေါင်းဆောင်တစ်ဦး။
“ဘယ်မလဲဟေ့”
“အထဲမှာပါ..ဗိုလ်မှူးကြီး”
လက်ထောက်ရဲမင်းကြီးက စိန်ခါးမြောင်အား ချုပ်ထားသည့် အခန်းသို့ ခေါ်သွားသည်။
စိန်ခါးမြောင်ကို လက်ထိပ်နောက်ပြန်ခတ်ထားပြီး ကုလားထိုင်တစ်ခုပေါ်တွင် ထိုင်ခိုင်းထားသည်။
“ခေါင်းစွပ်ချွတ်လိုက်ပါလား”
အရပ်ပုပု ဆိုရှယ်လစ်ဗိုလ်မှူးကြီးက ပြောသဖြင့် ရဲတပ်သားတစ်ဦးက ခေါင်းစွပ်ကို ချွတ်ပေးလိုက်သည်။
ဆိုရှယ်လစ်ဗိုလ်မှူးကြီး နှစ်ဦးက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။
သခင်သိန်းက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းဆောင်လူကြီးဘက်သို့ လှည့်ပြောလိုက်သည်။
“ဒါ စိန်ခါးမြောင်မဟုတ်ဘူး”

.....
.....
.....

အခန်း(၃၅)

“ကျွန်တော် စိန်ခါးမြောင်ပါ”
ရဲမင်းကြီးဦးဘို က သခင်သိန်းကို မေးဆတ်ပြသည်။
“ဘယ့်နှယ့်တုန်း..သခင်သိန်း..သူက သူ့ကိုယ်သူ စိန်ခါးမြောင်ပါလို့ ပြောနေတာ”
“ဒုက္ခပါပဲဗျာ..ရန်ကုန်ထောင်ထဲကလူတွေခေါ် ခဲ့ရမလိုဖြစ်နေပြီ..ဒါစိန်ခါးမြောင် မဟုတ်ဘူးဗျ..ခင်ဗျား ဘယ်သူလဲ ..အဘိုးကြီး”
ဆိုရှယ်လစ်ဗိုလ်မှူးကြီးတစ်ဦးက စိန်ခါးမြောင်ဆိုသူအား ကုပ်ပိုးမှ ဆွဲကာ မော်တော်ကုန်းပတ်သို့ခေါသွားသည်။
“ခင်ဗျား ရေကူးတတ်လား”
“ကူးတတ်တယ်”
“လက်ထိပ်ခတ်လျက်နဲ့ရေကူးဖူးလား”
“ဟင်အင်း”
“အခု ကူးကြည့်မလား...ကန်ချပေးမယ်”
“ဟာ..မလုပ်ပါနဲ့ဗျာ”
“ဒါဆို ခင်ဗျားဘယ်သူလဲ..စိန်ခါးမြောင် ရော ဘယ်မှာလဲ”
“ကျွန်တော် ဆရာတင်ပါ..စိန်ခါးမြောင်က ရန်ကုန်ကို ပြန်ဆင်းလာပါပြီ”
ဗိုလ်မှူးကြီးက ရဲမင်းကြီး ဦးဘိုဘက်သို့ လှည့်လိုက်သည်။
“ခင်ဗျားတို့ကို စိန်ခါးမြောင်က တပတ်ရိုက်သွားပြီဗျ..ဘယ်နှယ့်လုပ်ကြမလဲ”
ရဲမင်းကြီးက ခေါင်းကုပ်လိုက်ရင်း
“ဒုက္ခပါပဲဗျာ..သတင်းစာတွေမှာပါ စိန်ခါးမြောင်ကိုမိလာပြီဆိုပြီး ပါပြီးနေပြီ..မတတ်နိုင်ဘူး...စိန်ခါးမြောင်အစစ်ကို မမီမချင်း ဒီလူကို စိန်ခါးမြောင် ခဏလုပ်ခိုင်းထားရမှာပဲ”
“ခင်ဗျားတို့ ဇာတ် ခင်ဗျားတို့နိုင်အောင်က ကြတော့ဗျာ..စိန်ခါးမြောင်က ရန်ကုန်ကို ပြန်ဝင်လာပြီတဲ့”
“စိတ်ချပါ..သူ့မယားကို ကျွန်တော်တို့ ဖမ်းထားတာပဲ..သူထွက်လာမှာပါ”
.....

ဇွန်လ ၂၃ ရက်နေ့။
မစိန်ညွန့်ဆေးလိပ်ခုံ လုယက္ကုန့်ပတ်သက်ပြီး တရားခံစိန်ခါးမြောင် (ခ) ဆရာသိန်း၊ ယူန္ဒတ်(ခ)သန်းအောင်၊ စိန်ခါးမြောင်ဇနီးမမြကြည်၊ တရားခံပြေးဝင်းမောင် ၏ ဇနီး မစိန်ရီ၊ မနှင်း တို့ကို ဗိုလ်တစ်ထောင်ရဌာနမှ ပုဒ်မ ၃၉၂-၁၂ (ခ)၄၁၁ တို့ဖြင့် အမှုဖွင့်ကာ တရားရုံးစွဲတင်ခဲ့သည်။
ထိုရုံးချိန်းတွင် ထူးထူးခြားခြားစိန်ခါးမြောင်(ခေါ်)ဆရာသိန်းသည် ပင်နီအင်္ကျီမရမ်းစေ့ရောင်၊ ဘန်ကောက်လုံချည်ဝတ်ဆင်လာပြီး ခေါင်းနှင့်မျက်နှာတစ်ခုလုံးကို မျက်နှာသုတ်ပုဝါအုပ်ကာ မျက်လုံးသာဖော်ထားပြီး ရဲတို့အကြားမှ လိုက်လာသည်။
ရုံးတော်တွင် မျက်နှာသုတ်ပုဝါခြုံပြီး အစစ်ခံခြင်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးတွေ့ကြုံရသည့် ထူးခြားသည့် အဖြစ်အပျက်ဖြစ်ကြောင်း သတင်းစာများက ဖော်ပြကြသည်။
မြကြည်နှင့် အနှင်းမှာ မျက်နှာသုတ်ပုဝါအုပ်လာသည့် စိန်ခါးမြောင်ကို ကြည့်ကာ ပြုံးနေကြသည်။
ရုံးထုတ်ရာတွင် ခါလေး မပါဝင်လာခဲ့။
ခါလေးကို အချုပ်ကားတစ်စီးဖြင့် တင်ကာ ရဲရုံးချုပ်သို့ ခေါ်ဆောင်သွားခဲ့သည်။
ရဲမင်းကြီးဦးဘို၏ လက်ထောက်အရာရှိရုံးခန်းတွင် ထိုင်ခိုင်းထား၏။
မကြာမီ ရဲမင်းကြီးဦးဘို ဝင်လာသည်။
“ခါလေး (ခေါ်)မောင်လှ..ထောင်ကလွတ်တာမကြာသေးတဲ့ တစ်ယောက်ပဲ”
ခါလေးက ခေါင်းညိမ့်ပြလိုက်သည်။
“လမ်းမတော်ဖိုးတုတ်ရဲ့တပည့်တွေနဲ့ ပတ်သက်တဲ့အမှု၊ လူမိုက်မြကျင်ကို သတ်တဲ့အမှု..အင်း..မင်းလည်း ခေတဲ့သူတော့မဟုတ်ဘူးပဲ”
ဦးဘိုက ခါလေးရှေ့စာပွဲပေါ်တွင် တက်ထိုင်ပြီး စီးကရက်တစ်လိပ်ထုတ်ကာ မီးညှိလိုက်သည်။
“ကဲ..ပြောစမ်းပါဦး..ကိုယ့်လူ...မင်းဆရာ စိန်ခါးမြောင် ဘယ်မှာလဲ”
ခါလေးက ဦးဘိုကို မော့ကြည့်လိုက်သည်။
“ဆရာတို့ပဲ ဖမ်းထားတယ်လေ”
“အဟက်..အဲ့ဒါ စိန်ခါးမြောင်မဟုတ်တာ..မင်းလည်းသိပါတယ်”
“ကျွန်တော်မသိဘူး..စိန်ခါးမြောင်ဆိုတာ ဘယ်သူလဲ...ကျွန်တော်ကဆရာသိန်းပဲသိတာ”

“အောင်မယ်..ဆရာတပည့်တွေတယ်လဲလိုက်ကြဲပါလားဟ...ကဲ..ငါရှင်းရှင်းပဲ ပြောတော့မယ်.မင်းကို အမှုနဲ့မသက်ဆိုင်ပါဘူးဆိုပြီး.အခု ငါတို့ ပြန်လွတ်လိုက်မယ်..နောက်တစ်ပတ်ထဲမှာ မန္တလေးတောင်ခြေက ဦးကျော်သိန်းအိမ်ခါးပြမှုကိုပါ ပြန်စွဲထုတ်ပြီး ရုံးတင်မယ်..အဲ့ဒီအခါကျ စိန်ခါးမြောင်မယားး မြကြည်ရော၊ မင်းမယားမနှင်းကိုပါ ထောင်ထဲကနေ နှစ်ရှည် ထွက်မရအောင်လုပ်လို့ရတယ်...သူတို့ဆီမှာ တိုက်ရာပါလက်ခံထားကြောင်း အထောက်အထားတွေလည်းရှိနေပြီ”

ခါလေး အလန့်တကြားဖြစ်သွားသည်။

“မင်းတို့ကွာ....မင်းတို့ဆရာ ယောကျ်ားကြီးဖြစ်ပြီး ရှောင်နေရလား..မိန်းမခမြာတော့..အချုပ်ထဲမှာ ဒုက္ခများနေချိန်မှာ..ထို့”

“ခင်ဗျား အဲ့ဒီလိုမပြောနဲ့”

“အေး..အဲ့ဒီလိုအပြောမခံချင်ရင်...မင်းတို့ဆရာကို သုံးရက်အတွင်း ငါ့ဆီ အလာအဖမ်းခံပါလို့ ပြောလိုက်...မင်းတို့မယားတွေကိုလည်း ထောင်မကျအောင် ငါလုပ်ပေးလို့ရတယ်...မန္တလေးတောင်အမှုလည်း ပြန်မတင်စေရဘူးလို့ ငါအာမခံတယ်..ကဲ..ဒီကောင့်ကိုလွှတ်လိုက်တော့ဟော့”

ရဲအရာရှိနှစ်ဦးဝင်လာကာ ခါလေးအား လက်ထိပ်ဖြုတ်ပေးလိုက်သည်။

ထို့နောက် အောက်ထပ်ရှိ ရဲကားရှိရာသို့ ခေါ်သွားကြလေတော့သည်။

ဇွန်လ ၂၃ ရက်နေ့ည ၁၁ နာရီ။

အလုံ ဆင်းမင်းရပ်ကွက်၊ သိပ္ပံလမ်းနှင့် ကွင်းကျောင်းလမ်းထောင့် မှောင်ရိပ်ထဲတွင်ဖြစ်သည်။

“ခါလေး....မင်း ဘယ်လိုလွတ်လာတာလဲ”

“အမှုနဲ့ မသက်ဆိုင်ဘူး ဆိုပြီး လွှတ်လိုက်တာပဲ..ဝင်းမောင်..ဒါနဲ့ ဆရာကြီးရော”

“ရှိပါတယ်..မင်းကို ဆရာကြီးက အခုလောလောဆယ်တော့ လာမတွေ့နိုင်ဘူးပြောလိုက်တယ်”

“ရဲမင်းကြီးက အရေးကြီးတဲ့ စကားတစ်ခု ငါ့ကို ပြောခိုင်းလိုက်တယ်..ဝင်းမောင်..ဆရာကြီးနဲ့ ငါတွေ့မှ ဖြစ်မယ်”

“ငါ့ကို ပြောလိုက်လို့ရပါတယ်”

“မမမြကြည်နဲ့ အနှင်းတို့အားလုံးကို ဒီအမှုအပြင်၊ မန္တလေးတောင်အမှုပါစွဲတင်ပြီး ထောင်နှစ်ရှည်ကျအောင် လုပ်ပစ်မယ်တဲ့...မလုပ်စေချင်ရင် ဆရာကြီးကိုယ်တိုင် လာအဖမ်းခံပေးပါတဲ့”

“ငါ့မိန်းမ .မစိန်ရီရောလား”
“အေး..ဟုတ်တယ်”
“ငါပြောလိုက်မယ်..ခါလေး...မင်းပြန်တော့”
“ဟေ့..နှစ်ယောက်လုံး လက္ကြောက်ထားစမ်း..ငါတို့ရဲတွေပဲ”
အမှောင်ထဲမှ အသံကြားသည်နှင့် ဝင်းမောင်က ခြောက်လုံးပြူးကို ဆွဲထုတ်ကာ ပစ်ချလိုက်သည်။
“ဒိုင်း”ခနဲ အသံက ညဉ့်နက်နက်ထဲ ဟိန်းထွက်သွား၏။
အမှောင်ထဲမှ သေနတ်ပစ်သံများ ဆက်တိုက်ကြားရသည်။
ခါလေး ကျောပူခနဲဖြစ်သွားပြီး မှောက်လျက်လဲကျသွား၏။
ဝင်းမောင် ပုခုံးသို့လည်း ကျည်ဆံက ရှပ်မှန်သွားသည်။
ဝင်မောင်က ခြောက်လုံးပြူးကို သုံးချက်ဆင့် ပစ်ပြီး အမှောင်ထဲသို့ ထွက်ပြေးသွားသည်။
သွေအိုင်ထဲတွင် ခါလေး ညည်းညူနေသည်။
ခါလေးလွတ်သည်နှင့် စိန်ခါးမြှောင်နှင့် သွားရောက်တွေ့ဆုံမည်ဟု ယူဆကာ ရဲမင်းကြီးဦးဘိုက ခါလေးနောက်သို့ ရဲများကို နောက်ယောင်ခံလိုက်ခိုင်းထားခြင်းဖြစ်သည်။
ခါလေးနှင့်တွေ့ဆုံသူမှာ စိန်ခါးမြှောင်ဖြစ်ရမည်ဟု တထစ်ချတွက်ကာ ဝင်ဖမ်းခဲ့သော်လည်း သေနတ်ဖြင့် စတင်ပစ်ခတ်သဖြင့် ရဲများက ပြန်ပစ်ခဲ့ရသည်။
ထိုဖြစ်စဉ်တွင် ခါလေးနှင့် အတူရှိနေသူကို မမိပဲ ခါလေးကိုသာ ကျည်ဆံထိမှန်ခဲ့သည်။
ရဲတစ်ဦးက ရေအိုင်နဘေးမှောက်ခုံဖြစ်နေသော ခါလေးကို ဆွဲလှန်လိုက်သည်။
ခါလေး၏ သွေးတို့က ရေအိုင်ထဲမှ ရေများဖြင့် ရောကာ အနီရောင်ဖြစ်ကုန်ကြသည်။
ခါလေး၏ မျက်လုံးတို့ကား ညအမှောင်ကမ္ဘာကြီးကို ငေးကြည့်လျက် အသက်မဲ့နေကြသည်။
သူချစ်သော မမနှင်း ၏ အမည်ကို နောက်ဆုံးထွက်သက်တွင် ရေရွတ်ခဲ့သည့် အလား ခါလေး၏ ပါးစပ်မှာ ပွင့်ဟလျက်။
.....

စိန်ခါးမြောင်အမှုတွင် သခင်နု၏ ဖဆပလအစိုးရမှာ အကြပ်အတည်းတစ်ခု ထပ်မံကြုံတွေ့ရပြန်သည်။
၁၉၄၈ ခုနှစ်တွင် မန္တလေးတောင်ခြေတွင် ခါးပြတိုက်ခံခဲ့ရသည့် ဦးကျော်သိန်း၊ ဒေါ် ခြံတို့ကစိန်ခါးမြောင်အမှုကို ပြန်လည်စစ်ဆေးပေးရန် လျှောက်လွှာတင်လာသည်။
ထိုအမှုတွင်စိန်ခါးမြောင်သည် ၁၉၄၉ ခုနှစ်တွင် စိန်ခါးမြောင်အား ထောင်ပြောင်းပြီးနောက် အစိုးရမှ တစ်ခါမှ မစစ်ဆေးခဲ့ကြောင်း သတင်းစာများမှ ဖော်ထုတ်တွေ့ရှိကာ ရေးသားလာကြသည်။
ဝန်ကြီးချုပ်သခင်နုသည် စိန်ခါးမြောင်အမှုနှင့် ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ရသည်အထိ ဖြစ်လာခဲ့သည်။
ရဲတပ်ဖွဲ့မှာလည်း ဖမ်းဆီးထားသူမှာ စိန်ခါးမြောင်အစစ်မဟုတ်သဖြင့် စိန်ခါးမြောင်အား လျှို့ဝှက်ကာလိုက်လံ ဖမ်းဆီးနေကြသည်။
စိန်ခါးမြောင်၏ တပည့်ရင်း ဝင်းမောင် လွတ်မြောက်သွားပြီးနောက် ကြည်မြင့်တိုင် ဦးကြွယ်ဟိုးလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ တရုတ်သူဌေးမစ္စတာစွန်မုတ်၏ တိုက်နောက်ဖေးဘက် ဘိန်းခန်းတွင် စိန်ခါးမြောင် ခိုအောင်းနေသည်ဟု သတင်းရပြီး ဝင်ရောက်စီးနင်းခဲ့သည်။
ထိုအခါတွင်လည်း စိန်ခါးမြောင်၏ တပည့် မောင်တင် သာ တွေ့ရှိရပြီး မောင်တင်က ပစ်ခတ်ကာ ရဲလက်မှ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြန်သည်။
စိန်ခါးမြောင်ကား ပျောက်ဆုံးလျက်ပင်။

.....

ဇွန်လ ၂၅ ရက်နေ့ နေ့လည် ၁ နာရီ။
မင်္ဂလာဒုံရှိ ခြံကျယ်ကြီးတစ်ခုအတွင်းသို့ ကားတစ်စီး ထိုးဆိုက်လာသည်။
ကားပေါ်မှ ဆင်းလာသူက ဗိုလ်မောင်မောင်။နဘေးနားတွင်ပါလာသူက ချောရင်။
တပ်ကြပ်ကြီးတစ်ဦးက ဗိုလ်မောင်မောင် ၏ ကားကို တံခါးဖွင့်ပေးသည်။
“အထဲမှာ ဗိုလ်မှူးရောက်ပြီလား”
“ရောက်ပါပြီ”
ဗိုလ်မောင်မောင် နောက်မှ ချောရင်က လိုက်ဆင်းလာသည်။
အခန်းကျယ်ကြီးထဲတွင် စားပွဲတစ်လုံး ချထား၏။
စားပွဲနောက်တွင် မေဂျာဂလက်စ်ဟုလည်းကောင်း၊ လန်ဘားကြီးဟုလည်းကောင်း၊ မျက္ခနဲကြီးဟု လည်းကောင်း သုံးမည်ရသည့် ဗိုလ်မှူးအဆင့်

တံဆိပ်တပ် အရာရှိတစ်ဦး ထိုင်နေသည်။
“ထိုင်ကြပါ...ထိုင်ကြပါ”
ဗိုလ်မောင်မောင်နှင့် ချောရင်တို့ က ဝင်ထိုင်လိုက်သည်။
ဗိုလ်မှူးမျက်မှန်က စာလိပ်တစ်လိပ်ကို ချောရင်ရှေ့သို့ ပစ်ချပေးလိုက်၏။
“စံဘ ရဲ့ အယူခံအမှု အနိုင်ဒီဂရီပေးပြီး ကွင်းလုံးကျွတ်လွတ်လိုက်တယ်ဆိုတဲ့ အမိန့်ပါ။ တရားသူကြီးချုပ် လက်မှတ်ထိုးပြီးသား..ဖတ်ကြည့်ပါဦး”
ချောရင်က စာလိပ်ကို ဖြန့်ကာ ဖတ်ကြည့်ပြီး မျက်လုံးများ ဝင်းလဲ့လာသည်။
“ဗိုလ်ချုပ်ကြီးကိုယ်တိုင် တရားသူကြီးချုပ်ကို လက်မှတ်ထိုးခိုင်းခဲ့တာပဲ... ရက်စွဲ နေရာမှာ အလွတ်ထားထားတယ်...၁၉၅၈ စက်တင်ဘာလထဲမှာ ဖဆပလဟာ ဗိုလ်ချုပ်ကြီးကို အာဏာမဖြစ်မနေ လွှဲရလိမ့်မယ်...အဲဒီအခါကျ ဗိုလ်ချုပ်ကြီး အစိုးရ ပထမဆုံး ထောင်ကလွတ်ပေးမယ့်သူဟာ စံဘပဲ...ဘယ့်နှယ့်လဲ ကျုပ် တာဝန်ကျေပါတယ်နော်..အမိ”
ချောရင်က ပြုံးလိုက်သည်။
“နောက်ထပ် တစ်ခုကျန်သေးတယ်ထင်တယ်..ဗိုလ်မှူး”
ချောရင် စကားကို ဗိုလ်မှူးမျက်မှန်က ပြုံးလိုက်သည်။
“သြော်..ငါးရာခိုင်နှုန်းကိစ္စလား”
“ဟုတ်ပါတယ်..ဗိုလ်မှူးကတိပေးထားတယ်လေ”
“C4 တွေကိစ္စက အတော်ကြီးတဲ့ ပြဿနာပဲ....ကျုပ်တို့ လူကြီးတွေက စဉ်းစားတယ်.အမေရိကန်အနေနဲ့ တရုတ်ဖြူတွေဆီ ဒီပစ္စည်းတွေပို့မယ်ဆို ထိုင်းကနေပို့လို့ရနေတယ်..လေယာဉ်ကွင်းတွေလည်း သူတို့မှာ ရှိနေပြီပဲ..ဘာလို့ ရန်ကုန်ဆိပ်ကမ်းကို သုံးတာလဲဆိုတာ ဘယ်လိုမှမဖြေမတွေ့ဘူး...နောက်တော့ မင်းကျေးဇူးနဲ့ အလိန်ကို ကျုပ်တို့ ဖမ်းမိလိုက်တယ်...ပြဿနာကရှင်းရှင်းလေးပဲ..တရုတ်ဖြူက ဒီပစ္စည်းတွေကို တရုတ်ပြည်မထဲမှာ ဖောက်ခွဲရေးအတွက်သုံးမယ်...ဒီပစ္စည်းတွေ ဟာ မြန်မာပြည်ကို ဖြတ်ပြီးသယ်ယူခဲ့တာပါဆိုတဲ့ အထောက်အထားတွေချန်ထားမယ်..အဲ့ဒီအတွက် တရုတ်ကွန်မြူနစ်ပါတီအစိုးရ နဲ့ဆက်ဆံရေးတည်ဆောက်နေတဲ့ မြန်မာအစိုးရအကြား ပြဿနာတက်ကြမယ်..မြန်မာနဲ့ တရုတ် ဆက်ဆံရေးအဆင်မပြေရင် စီအိုင်အေက ဒီမှာ လွယ်လွယ်ဝင်ကစားမယ်...ဒါပဲ..သိပ်လှတဲ့ ကစားကွက်လေးပေါ့....ဒါပေမယ့်..အခု အဲ့ဒီ ပစ္စည်းတွေက လမ်းကြောင်းပြောင်းသွားပြီ.... အိန္ဒိယနဲ့ စစ်ဖြစ်ဖို့ အမြဲပြင်နေတဲ့နိုင်ငံတစ်ခုဆီ ရောက်သွားပြီ..ပါကစ္စတန်ဟာ.ဒီပစ္စည်းတွေနဲ့ အိန္ဒိယကို တိုက်ခဲ့မယ်ဆို

.ဒီပစ္စည်းတွေ ကျုပ်တို့ဆီကို မတော်တဆရောက်လာပြီး ကျုပ်တို့ဆီကနေ ကရာဝိကို ရောက်သွားတယ်ဆိုတာ ဘယ်သူမှ သိလိုမဖြစ်ဘူး....ဒီေတာ့...မင်းတို့ ဝေစုရပြီးရင် နှုတ်လုံဖို့တော့လိုတယ်...မင်းတို့ကို ငါဘယ်လောက်ယုံရမလဲ”

“ကျွန်မတို့ကို စိတ်ချပါ”

“ဗိုလ်မောင်မောင်ကရော..စစ်တပ်က ထွက်စာတင်ထားတယ်ဆို”

“ဟုတ်ပါတယ်...ဗိုလ်မှူး..ကျွန်တော်ဆက္ခမလုပ်ချင်တော့လို့ပါ”

“ကောင်းပါတယ်ဗျာ...ကောင်းပါတယ်..ကဲ..ဆရာကြီးရေ...သူတို့နှစ်ယောက်ကို ရသင့်တဲ့ ဝေစုလေး ပေးလိုက်ပါဦး”

“ဒို့ငှ်း”

“ဒို့ငှ်း”

ထောက်လှမ်းရေးတပ်ကြပ်ကြီး၏ လက်ထဲမှ သေနတ်သံနှစ်ချက်ဆက်တိုက် ထွက်လာသည်။

မျက္ခမ်းကြီးက စစ်ယူနီဖောင်းပေါ်စွန်းထင်လာသော သွေးစများကို လက်ကိုင်ပုဝါဖြင့်သုပ်ပြီး မတ်တပ်ရပ်လိုက်သည်။

“စိတ်မကောင်းပါဘူး..ကောင်မလေး..မင်းယောကျ်ားကိုတော့ ငါတို့ကတိအတိုင်း ပြန်လွှတ်ပေးမှာပါ..မင်းကို လွှတ်ပေးဖို့တော့ ငါအမိန့်မရခဲ့ဘူး”

အုတ်ကျွတ်နီနီများမိုးထားသည့် အဆောက်အဦသည် အေးစက်တိတ်ဆိတ်နေ၏။

တချက်တချက် ပြည်လမ်းမဘက်ဆီမှ ကားသံများကို ကြားနေရသည်။

ထိုင်ခုံပေါ်တွင် ဘေးတစ်စောင်းလဲကျနေသော ချောရင်၏ ခေါင်းမှ သွေးများက တစက်စက်ယိုစီးကျကာ

တမံသလင်းကြမ်းပြင်တွင် အိုင်ထွန်းနေတော့သည်။

စားပွဲပေါ်တွင် ခေါင်းငိုက်စိုက်ကျနေသော ဗိုလ်မောင်ေမာင် ၏ အလောင်းကို တပ်သားနှစ်ဦးက ဂုန်နီအိတ်ထဲ ထည့်လိုက်သည်။

နောက်ထပ် တပ်သားနှစ်ဦးက ဂုန်နီအိတ်ကို ကိုင်လျက် ချောရင် ၏ အသက်မဲ့နေသော ခန္ဓာကိုယ်ထံသို့ ဦးတည်လိုက်သည်။

.....

ဇူလိုင်လ ၁၆ ရက်နေ့။ နံနက်စောစော။

ရဲမင်းကြီး ဦးဘို သည် ဗိုလ်ချုပ်စျေးဆုံသဆိုင်ထဲမှ ဆုံပင်ညှပ်ပြီးနောက် စိန်ခါးမြောင်ရုံးချိန်းရှိရာသို့ သွားရန် ကားပေါ်တက်လိုက်သည်။

“မင်းကြီး...ကျွန်တော်စိန်ခါးမြောင်ပါ”

ရုတ်တရက် သူ့ကားနောက်ခန်းမှ အသံကြောင့် ဦးဘို အလန့်တကြားဖြစ်သွားသည်။

လက်မောင်းချိုင်းအောက်တွင် ချိတ်ထားသော သေနတ်ကို ထုတ်ရန် ပြင်လိုက်၏။

“စိတ်အေးအေးထားပါဗျာ..ခါလေးနဲ့ ပြောခိုင်းလိုက်တဲ့ သတင်းစကားရပါတယ်..ကျွန်တော် လာအဖမ်းခံတာပါ”

ဦးဘိုက သူ့ကားပေါ် မည်သို့ ရောက်နေမှန်းမသိသော စိန်ခါးမြောင်ကို တအံတသြကြည့်နေသည်။

စိန်ခါးမြောင်က ခြောက်လုံးပြူးသေနတ်နှင့် ခါးမြောင်တစ်ချောင်းကို ဦးဘိုထံ ကမ်းပေးလိုက်သည်။

စိန်ခါးမြောင်သည် နေကာမျက်မှန်အမဲကိုတပ်ထားသည်။ ဘယ်ရီကတ်ဦးထုတ်ကို ဆောင်းထား၏။

တိုက်ပုံအနက်ရောင်နှင့် ပုဆိုးအပြာကွက်ကျဲကို ဝတ်ကာ ခါးပတ်ပတ်ထားသည်။

“ကျွန်တော့်လူတွေကို ရဲက လိုက်သတ်နေတာတွေ့ရပ်ပေးပါ။ နောက်ပြီး ခါးပြမှုတွေအားလုံးဟာ ကျွန်တော် နဲ့ပဲ ဆိုင်ပါတယ်...မြင်ကြည်တို့ အနှင်းတို့ နဲ့ လုံးဝမဆိုင်ပါဘူး...သူတို့ကို လွှတ်ပေးပါ..ကျွန်တော် အဖမ်းခံပါတယ်”

“ခင်ဗျားကို သခင်သိန်း၊ ဗိုလ်မှူးကြီး အောင်ကြီးတို့ကလည်း တွေ့ချင်နေကြသေးတယ်..စိန်ခါးမြောင်..ဘယ်ကို အရင်ခေါ်သွားပေးရမလဲ”

“ဒီနေ့ ရုံးချိန်းရှိတယ်မဟုတ်လား...တရားရုံးရှေ့ကိုပဲ ကျွန်တော့်ကို ခေါ်သွားပေးပါ..အဲ့ဒီလူနဲ့ တွေ့ရမှာထက် ကျွန်တော် ထောင်ထဲပဲ ဝင်နေတော့မယ်..မင်းကြီး..ကျွန်တော်ဘဝမှာ ဘယ်သူနဲ့မှ အပေးအယူမလုပ်တော့ဘူး..အထူးသဖြင့် နိုင်ငံရေးသမားတွေနဲ့ပေါ့”

ရဲမင်းကြီးဦးဘိုက ပြုံးလိုက်သည်။

ထို့နောက် ကားကို ဗိုလ်တစ်ထောင်အချုပ်ခန်းဘက်သို့ မောင်းထွက်သွားတော့၏။

နောက်တစ်နာရီအကြာ ရုံးချိန်းတွင် မျက်နှာကို အဝတ်မအုပ်တော့ပဲ ဘယ်ရီကပ်ဦးထုတ်၊နေကာမျက်မှန်နှင့် ရုံးထွက်လာသော စိန်ခါးမြောင်ကို သတင်းထောက်များ အံသြသင့်စွာ တွေ့လိုက်ရတော့သည်။

.....

၁၉၅၈ ဧပြီလ ၂၇ နေ့ညတွင် ဝန်ကြီးချုပ်သခင်နုက ဖဆပလအဖွဲ့ကြီးကို နှစ်ဖွဲ့ခွဲရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ဖဆပလကို အတိအလင်းနှစ်ခြမ်းခွဲလိုက်ပြီးနောက် ဦးနုနှင့်သခင်တင်ခေါင်းဆောင်သော အုပ်စုက သန့်ရှင်းဖဆပလဟု အမည်ခံကာ၊ ဦးဗဆွေ၊ဦးကျော်ငြိမ်းဦးဆောင်သော အုပ်စုက တည်မြဲဖဆပလဟု အမည်ခံခဲ့သည်။

အတိုက်အခံပမည်တ အဖွဲ့က ဦးနု၏ သန့်ရှင်းဖဆပလဘက်မှ ရပ်တည်ခဲ့ကြသည်။

၁၉၅၈ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနုသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ဖြလအတွင်းကျင်းပရန်ဟူသော အကြောင်းပြချက်ဖြင့် အစိုးရအဖွဲ့ကို ဖျက်သိမ်းပြီး ဗိုလ်ချုပ်နေဝင်းဦးဆောင်သည့် အစိုးရကို ဖွဲ့စည်းရန် အာဏာထိုးအပ်ခဲ့သည်။

၁၉၅၈ ဩဂုတ်လ ၁၂ ရက်။

ရန်ကုန်ထောင်ကြီး ဘူးဝတွင် လူတစ်ယောက်ရပ်နေသည်။

မကြာမီ ဂျစ်ကားတစ်စီးထိုးဆိုက်လာ၏။

“စံဘ”

ထွန်းရင်က ဂျစ်ကားပေါ်မှ ဆင်းလာသည်။

“ထွန်းရင်....မင်းတစ်ယောက်တည်းလား..ချောရင်ရော...ချောရင်..ကိုဂန္ဓမာကြီးတို့ရော...”

“လာကွာ..ကားပေါ်တက်....ကိုဘသိန်းနဲ့ မမသင်းမြ တို့၁၄ လမ်းအိမ်မှာ မင်းကိုစောင့်နေကြတယ်”

“ဟင်..သောင်းဘားကို မပြန်ဘူးလား”

“သောင်းဘား မရှိတော့ဘူး...စံဘ”

“ချောရင်ရော..ချောရင်..ဘယ်မှာလဲ”

ထွန်းရင် က တိတ်ဆိတ်နေသည်။ ဂျစ်ကားစက်နှိုးသံသာ ထွက်လာခဲ့သည်။

.....

၁၉၅၉ မတ်လ ၂၆ ရက်။

မစိန်ညွန့်ဆေးလိပ်ခုံ ခါးပြမှုအတွက် စိန်ခါးမြောင်(ခ)ဆရာသိန်း အားထောင်ဒဏ် (၃)နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ဖော်ကောင်ယူနွတ်(ခ)သန်းအောင်အား ထောင်ဒဏ် တစ်နှစ်ခွဲ ချမှတ်ခဲ့သည်။
မမြကြည် အား ထောင်ဒဏ်(၉)လချမှတ်ခဲ့ရာ ချုပ်ရက်နှင့် ပြီးပြတ်ခဲ့သည်။
တရားခံ ဆရာတင်(စိန်ခါးမြောင်အမှတ်ဖြင့်ပထမဆုံးဖမ်းခံရသူ)၊ မနှင်း၊ မရင်ရင်နှင့် မစိန်ရီတို့အား အမှုမှ တရားသေလွှတ်ပေးခဲ့သည်။
ရုံးတော်မှ အမိန့်ချပြီးသည့်နောက် စိန်ခါးမြောင်သည် မြကြည်ရှိရာသို့ လက်ထိပ်တန်းလန်းဖြင့် လမ်းလျှောက်လာသည်။
စိန်ခါးမြောင် ပြုံးနေသည်။
မျက်ဝန်းတွင် မျက်ရည်များလည်း ဝေ့ဝဲနေ၏။
“အကို့ကြောင့် မြကြည် ဒုက္ခတွေခံခဲ့ရတာ တောင်းပန်ပါတယ်”
မြကြည်က စိန်ခါးမြောင်၏ လက်ကို ဆုပ်ကိုင်လိုက်သည်။
“အကို အထဲမှာ အေးအေးဆေးဆေးနားလိုက်ပါဦး..အပြင်ရောက်တာနဲ့ အလုပ်တွေ ပြန်စဖို့ ညီမ လူ ပြန်စုထားလိုက်မယ်”
မြကြည်နဘေးတွင် ရပ်နေသော အနှင်းသည် ဧရာလေးကို ချီလျက် တရားရုံးဝဆီသို့ .မျှော်ကြည့်ရင်း ငေးရီနေသည်။
သူမ မျှော်နေသော ခါလေးက သူမထံ ဘယ်သောအခါမှ မလာနိုင်တော့မှန်း သိပါလျက်နှင့်..။

.....

၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်။
ပီနန်းမြို့ကလေးသည် နှစ်သစ်ကူးပွဲတော်ကို ဆင်နွှဲရန် အသင့်ဖြစ်နေကြသည်။
ပီနန်းမြို့စွန်ရှိ သစ်သားအိမ်ကလေးရှေ့တွင် မြန်မာပြည်မှ ပြောင်းရွှေ့အခြေချလာကြသော အဘိုးအိုလင်မယားနှင့် အိမ်မိန်ချင်းတသိုက် နှစ်သစ်ကူးပါတီပွဲကျင်းပရန် ပြင်ဆင်နေခဲ့ကြသည်။
အဘိုးအိုသည် ရမ်ပုလင်းထဲမှ ရမ်အရက်ကိုတစ်ပက်ကို ဖန်ခွက်ထဲ ငဲ့ထည့်ကာ ဧနီးဖြစ်သူနှင့် ကလေးတသိုက် စားစရာများပြင်ဆင်နေသည်ကို ရယ်မောရင်းကြည့်နေ၏။
ထိုအချိန်တွင် ကလေးငယ်တစ်ဦးက အဘိုးအိုထံ ပြေးလာပြီး စာအိတ်တစ်ခုကမ်းပေးသည်။
“မနက်က ဘဘတို့မရှိချိန် စာလာသွားလို့”
ကလေးငယ်က မလေးစကားဖြင့် ပြောကာ စာအိတ်ကို ပေးသွားသည်။

စာအိတ်ပေါ်တွင် သို့ မစ္စတာသောင်းရီ ဟု အင်္ဂလိပ်ဘာသာဖြင့် ရေးထား၏။
အဘိုးအိုက စာအိတ်ကိုအလျင်အမြဲဖြဲကာ အထဲမှ စာရွက်ကို ထုတ်လိုက်သည်။
မိုင်းကိုင်စက္ကူစလေး တစ်ရွက်။
တရုတ်စာများအောက်တွင် ဂန္ဓမာသောင်းရီဟူသော သူ၏လက္ခဏာကို ထိုး ထားသည်။
အဘိုးအိုက ကမန်းကတန်းထကာ အိမ်ထဲသို့ ဝင်သွား၏။
အဘွားအိုက အဘိုးအိုနောက်မှ လိုက်လာသည်။
“ဘာဖြစ်တာလဲ..မောင်”
“14Kတွေ ရောက်လာကြပြီ..အသောင်း”
.....
The Guys From Mandalay 1950s ပြီးပါပြီ။
ခက်ဇော်
(The Guys From Mandalay,1950 အတွက် မုဒိတာအပြည့်ဖြင့် သမိုင်း ဆိုင်ရာ အချက်အလက်များ ကူညီပေးခဲ့သော ဆရာရဲရင့်ရန်နိုင် အား ကျေးဇူး ဂါရဝတင်ရှိပါသည်ခင်ဗျား)

နောက်ဆက်တွဲဖြစ်ရပ်များ

- ၁၉၆၂ ဇန်နဝါရီလ နံနက်ခင်းတွင် ဂန္ဓမာသောင်းရီ ကို 14K အဖွဲ့မှ မလေးရှားနိုင်ငံ၊ ပီနန်းကျွန်းပေါ်တွင် လုပ်ကြံသတ်ဖြတ်ခဲ့သည်။ ကွယ်လွန်ချိန်တွင် အသက် (၆၃)နှစ်ရှိပြီဖြစ်သည်။

-

- ၁၉၆၀ ခုနှစ်တွင် စိန်ခါးမြောင်သည် ထောင်မှ လွတ်မြောက်လာခဲ့သည်။တောင်ဥက္ကလာပမြို့သစ်တွင် တိုင်းရင်းဆေးကုရင်းနှောထိုင်ခဲ့သည်။ ရန်ကုန်မြို့တွင်းရှိ အချို့သောခါးပြမှုများကို ဆက်လက်ကြိုးကိုင်ထားဆဲဟု ရဲတပ်ဖွဲ့က ယူဆခဲ့သော်လည်း မည်သည့်အမှုတွင်မျှ လက်ဆုပ်လက်ကိုင် မပြနိုင်ခဲ့ပေ။
- ၁၉၈၀ ခုနှစ်တွင် မမြကြည်ကွယ်လွန်ပြီးနောက် စိန်ခါးမြောင် သည် ရန်ကုန်မြို့မှ ပျောက်ဆုံးသွားခဲ့သည်။ ၁၉၈၉ခုနှစ် အိန္ဒိယနယ်စပ်တွင် ကွယ်လွန်ခဲ့ကြောင်း သတင်းများထွက်ပေါ် ခဲ့သော်လည်း အတည်ပြုနိုင်ခြင်းမရှိပေ။

ကျမ်းကိုးများ

- ရင်ကိုထိမှန်လာသောမှုခင်းများ ရဲရင့်ရန်နိုင်
- နှစ်တစ်ရာပြည့်မန္တလေး ရွှေကိုင်းသား
- မန္တလေးသူ၊မန္တလေးသားများ လူထုဒေါ်အမာ
- ကျွန်တော်ဂျာနယ်လစ် သာဂဒိုး၊ စိန်ခင်မောင်ရီ
- ကဖိုးဉာဏ်၏မဂ္ဂဇင်းဝတ္ထုတိုများ ဖိုးဉာဏ်
- ဗမာခေတ်မှသည် ကြေးမုံဆီသို့ ကြေးမုံဦးသောင်း
- ၁၉၅၃ မှ ၁၉၅၇ ထုတ် ဗမာ့ခေတ်၊ကြေးမုံ၊ အထောက်တော်၊ မိုးကြိုး သတင်းစာများ
- အကွဲအပြဲဇာတ်လမ်း ဂါးဒီးယန်းဦးစိန်ဝင်း
- လုံးဝလွတ်လပ်ရေးသို့ စစ်ကိုင်းဟန်တင်
- တပ်မတော်မှဆင်နွှဲခဲ့သောစစ်ဆင်ရေးများ(၁၉၅၀-၁၉၆၂) တပ်မတော် မော်ကွန်းတိုက်
- နု-အက်တလီမှ ပြည်တော်သာခရီး တိုင်းချစ်ပုံနှိပ်တိုက်
- ပြည်တော်သာညွန်ကြားချက်များ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ချုပ်စာစဉ်

- မြန်မာနိုင်ငံတွင်ထုတ်ပြန်ခဲ့သောလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဦးစန်းလွင်
- ဦးဘညိမ့်၏ဦးဘညိမ် ဦးဘညိမ်
- Banks,MoneyLenders and Microfinancein Burma Sean Turnell
- Dongri to Dubai S.Hussain Zaidi
- မြန်မာ့ရက်စဉ်သမိုင်း ပထမတွဲ၊ စာပေဗိမာန်
- တိုင်းရင်းမြန်မာဆေးနည်းပဒေသာ ဦးမင်းထက်